www.burmeseclassic.com

ရှုပြည့်စုံထွန်းစာပေ

၂၅ နှစ်မြောက် ငွေရတု အထူးထုတ်

# ဂမ္ဘီရလောက



ရွှေဥဒေါင်း ၊ ဒဂုန်ရွှေမျှား
ဝေယံလင်းခေါင် ၊ ကြူးနစ်
မောင်ညိုမှိုင်း(သန့်လျင်)
ထောင်မှူးကြီးသိန်းဝင်း ၊ လေးမောင်
ဆောင်းလူလင် ၊ မင်းဘုန်းသိဒ္ဓိသူ
ရှစ်ခွင်ကျော်(ဖောင်တော်သီ)
ဂမ္ဘီရဆရာလုမျိုး (ဗ.နှ.၊) ၊ ဇေယျမင်းသျှင်
မျှာပုံစိုးသား ၊ သိဒ္ဓိသူ ၊ ဝင်းနိုင်(ရွှေပြည်သာ)
မြမြလှိုင်၊ ထားဥသံ၊ နတ်မိမယ်
ဒါဦးနွန်းကို

www.burmeseclassic.com

www.burmeseclassic.com

Quality Publishing Group

-၅၀၈/၅၁၂ (၂-ခ)၊ ပထမထပ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၇၃




ဘူမိဘောအဒူယာဒက်
ဘဝတစ်သက်တာ
လုပ်ဆောင်မှုများ

မောင်မြတ်မိုး

တန်ဖိုး - ၆၀၀၀




နိုင်ငံတော်အား ဖွံ့ဖြိုးတိုးတက်စေသူ
ထယ်ဝန်ကြီးချုပ် ကျူရောင်ကျီး

အောင်ချိန်ဘွား

တန်ဖိုး - ၈၀၀၀




အဲလိဇဘက်(၂)ဘုရင်
ကျွန်ုပ်တို့၏ ခေတ်အတွင်းမှ သူမ၏

မောင်မြတ်မိုး

တန်ဖိုး - ၆၀၀၀

သို့ ..............................

..............................

မှ ..............................

..............................

ကမ္ဘာ့ရေးလောက
မဂ္ဂဇင်း

ဆုပြည့်စုံထွန်းစာပေ

အမှတ်-၅၀၈/၅၁၂၊ ၂(ခ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၃၆၆၄၊ ၃၈၆၇၃၃

www.burmeseclassic.com

www.burmeseclassic.com


ဗိုလ်ချုပ်အောင်ဆန်း၏
စစ်သားဘဝနှင့်ပတ်သက်သော
အကြောင်းအရာများကို
ပြည့်စုံစွာဖော်ပြထားသော
ဝစ်သားကြီးဗိုလ်တေဇ
Quality စာတည်းအဖွဲ့








ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
ဂျပန်ပြည်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့
စွန့်လွှတ်စွန့်စားမှု အကြောင်းများပါဝင်သည်
ဗိုလ်ချုပ်အောင်ဆန်း
နှင့်
ရဲဘော်သုံးကျိပ်
ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)

ဗိုလ်တေဇ
ဘဝကမ္ဘာ
ရှုသဟန်အတ္တုပ္ပတ္တိ
Quality စာတည်းအဖွဲ့





# ဂမ္ဘီရလောက

ငွေဝင်း


ဆုပြည့်စုံထွန်းစာပေ

အမှတ်(၅၀၈/၅၁၂)၊၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃



http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အမှတ်(၇၅)၊ ဩဂုတ်လ၊ ၂၀၁၃ ခုနှစ်

၇၅ အုပ်မြောက်

စိန်ရတုအထိမ်းအမှတ်

August 75 2013


| | | |
|---|---|---|
| သူယောင်ရှုပ် | နဝင်းမြေများ | ၆ |
| မိုးညာတစ္ဆေကိမ် | ကြူးနှစ် | ၁၈ |
| ထူးခြားလှသည့် ဘဝဝင်ငွေကြေး | ဝင်းနိုင်(ရွှေပြည်သာ) | ၃၈ |
| လောဘလောင်မီး | ရှမ်ခွင်ကျော်(ဖောင်တော်ဦး) | ၆၇ |
| ပညာသည် | မောင်ဦးမြိုင်(သန်လျင်) | ၈၂ |
| ဘဝအမှောင်များကြားမှ အပန်းဖြေရာဆီ | လေးမောင် | ၉၉ |
| ဝိဉာဉ်တောလား | စေယျမင်းသျှင် | ၁၂၈ |
| ကျွန်တော်၊ မြစိမ်းဘုရားနှင့် ချစ်ကြီးတိုက်ဂါဝါကြီးများ | တောင်မှူးကြီးအိန်းဝင်း | ၁၄၂ |
| ကျိန်းတောင်က ကျောက်ဆစ်သမား | ဝေယံလင်းခေါင် | ၁၇၂ |
| မြတ်သောသူရှိးသာ ထွန်းပါစေ | မြမြလှိုင် | ၁၈၀ |
| မိုးလေတောကျိုးတောင်ကျွန်း | ရွှေဒေါင်း | ၁၉၀ |
| [illegible] | မျှော်ပုံစိုးသား | ၂၁၁ |
| [illegible] ထူးခြားသော [illegible] | ဂျို့ရဲဆရာလှမျိုး(B.Sc) | ၂၂၇ |
| [illegible] | ဂါဦးနွန်းဂို | ၂၃၆ |
| [illegible] | အိမ်သူ | ၂၄၁ |
| [illegible] | ခေါင်းလုလင် | ၂၇၂ |
| [illegible] | နတ်မိမယ် | [illegible] |
| [illegible] | တေးဥသံ | [illegible] |
| [illegible] | ဇင်းသန်းအိမ်သူ | [illegible] |


www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရလောက
မဂ္ဂဇင်း

**အယ်ဒီတာချုပ်**
[illegible] (Quality)
**တာဝန်ခံအယ်ဒီတာ**
[illegible]မြင့်မောင်
**အုပ်ချုပ်မှုအယ်ဒီတာ**
မောင်မာရွှေ
**အယ်ဒီတာအဖွဲ့**
ဉာဏ်လင်းထက်
**ရုံးအဖွဲ့**
ကိုကိုးသိန်း၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ မင်းထွဋ်၊
နေဇင်လတ်၊ ရှိုင်းကိုကိုနိုင်၊ ကျော်ဇင်လတ်။
မျိုးနုမာ၊ ပိုပိုဇင်၊ မီမီဇင်၊ ဖြူဖြူသင်း၊ သဥ္ဇာဝေ၊ နှင်းသက်ဝေ။
**ထုတ်ဝေသူ**
ဒေါ်ခင်မာရွှေ (ဆုပြည့်စုံထွန်းစာပေ) [ဝ၃၉ဝ၅] (မြဲ)၊ အမှတ် ၅ဝ၈ / ၅၁၂ [၂၈] လွှာ၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့]
**မျက်နှာဖုံး**
ဉာဏ်လင်းထက်
**အတွင်းသရုပ်ဖော်**
ဂံကောင်း၊ အောင်စံမြင့်၊ မြတ်မင်းဟန်၊ အောင်နိုင်လတ်၊ ကျော်နိုးညိန်း
လှသမိန်အောင် [အင်းလျား]၊ ရန်နိုင်ဦး၊ ကိုကိုကြီး၊ မောင်စနကြည်၊ ချမ်းသူ။
**တွန်းပူးစာနှင့်ပလင်**
Quality
**ပုံနှိပ်သူ**
ဦးဝေလျှံပုံနှိပ်တိုက်
ဒေါ်ယဉ်ယဉ်မွန်
[illegible] ၊ အထက်ပုဇွန်တောင်လမ်း၊ ခက်ဆန်း၊
[illegible]လာတောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
**[illegible]ချုပ်**
[illegible]မေထွန်း
[illegible] - ၅ဝဝ
[illegible] - ၁၅ဝဝ
**စာတည်းအဖွဲ့နှင့်ဖြန့်ချိရေးရုံးခန်း**
[illegible] လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊

## အယ်ဒီတာ့စကား



စာချစ်သူတို့လက်ဝယ်သို့ ဂမ္ဘီရလောကမဂ္ဂဇင်း ၇၅-အုပ်မြောက် နှိုးရတု အထူးထုတ်ကို ပို့ဆောင်ပေးလိုက်ပါပြီ။ ဂမ္ဘီရလောကမဂ္ဂဇင်း၏ ထူးခြားသော ဝိသေသလက္ခဏာများဖြစ်ကြသည့် ဖြစ်ရပ်ဆန်းကြယ်များ၊ အိပ်မက်ထူးများ၊ ဝိဇ္ဇာဉ်ဆိုင်ရာများ၊ သိဒ္ဓိဝင်ပစ္စည်းဆန်းများနှင့်ပတ်သက်၍ ကဏ္ဍစုံလင်သောဝတ္ထုများကို လှပသေသပ်သော အဆင်အပြင်များဖြင့် ကြိုးစား၍ ဖော်ပြလိုက်ပါသည်။

ဂမ္ဘီရလောကမဂ္ဂဇင်းကို ဝတ္ထုတို၊ ဝတ္ထုရှည်ချည်းသက်သက် ကိုယ်ပိုင်ဟန်နှင့် ကြိုးစားခဲ့ခြင်းဖြစ်ရာ စာချစ်သူများ၏ နွေးထွေးလှိုက်လှဲသော တုန့်ပြန်မှုကို ရရှိခဲ့ပေပြီ။ ယခုတစ်ဖန် အထူးထုတ်ဖြင့် စာချစ်သူတို့ရင်ထဲ အရောက် ပို့ဆောင်လိုက်ခြင်းဖြစ်ပါသည်။

ဂမ္ဘီရလောကမဂ္ဂဇင်း အထူးထုတ်ကို ကလောင်ရှင်ပေါင်း မြောက်မြားစွာဖြင့် အားဖြည့်ထားပါသည်။ နောက်လာမည့်လများတွင်လည်း ဆထက်ထမ်းပိုး ထူးခြားစွာ ဆက်လက်ဖော်ပြသွားပါမည်။ ဂမ္ဘီရလောကမဂ္ဂဇင်းအား ချီးမြှင့်ပံ့ပိုးပေးနေကြသော စာဖတ်ပရိသတ်ကြီးနှင့်အတူ စာရေးဆရာများ၊ ပန်းချီဆရာများ၊ ဒီဇိုင်းနှင့် ကွန်ပျူတာ၊ ဖြန့်ချိရေးဆိုင်ရာ အလွှာအသီးသီးဆိုင်ရာတို့အား ကျေးဇူးဥပကာရတင်ရှိပါကြောင်း နှလုံးသားတွင် အမှတ်သင်ထင် ကမ္ဗည်းထိုးအပ်ပါသည်။

**အယ်ဒီတာအဖွဲ့**
**ဂမ္ဘီရလောကမဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com




ထိုအခါ ကျွန်တော်လည်း
မိမိ၏မျက်လုံးကို ပွတ်၍ကြည့်ရာ
အရုပ်၏ လက်ယာဘက်လက်မှာ
ယခင်ကကဲ့သို့ ခပ်ကွေးကွေးမဟုတ်တော့ဘဲ
ခပ်ဖြောင့်ဖြောင့်ရှိနေပြီးလျှင်...

www.burmeseclassic.com

www.burmeseclassic.com

# သူယောင်ရှပ်

ဒဂုန်ရွှေမျှား

ဆရာများသည်တပည့်အမျိုးမျိုးနှင့်သူတို့၏အကျင့်စာရိတ္တကိုလည်းကောင်း၊ ဆရာဝန်များသည် လူနာအမျိုးမျိုးနှင့်ရောဂါဘယများကိုလည်းကောင်း၊ တရားသူကြီးများသည် မိမိရုံးသို့ ရောက်လာသော အမှုအမျိုးမျိုးကိုလည်းကောင်းတွေ့ကြရသည်ဖြစ်ရာ အသက်ရွယ်ကြီး၍ထိုအလုပ်များမှအနားယူကြသော အခါ စိတ်ထဲတွင် အမှတ်တရစွဲ၍ ကျန်ရစ်ခဲ့သော အရာများ အလွန်နည်းပါးလေသည်။

ဆရာဝန်တစ်ယောက်အား မည်သည့်အချိန်က မည်သည့် လူနာကို မှတ်မိပါသလောဟု မေးရာ မမှတ်မိသကဲ့သို့ တရားသူကြီးတစ်ယောက်အား မည်သည့်နှစ် မည်သည့်နေ့ရက်က အပြစ်ပေးလိုက်သော မည်သည့်တရားခံကို မှတ်မိပါသလောဟု မေးလျှင် မှတ်မိလိမ့်မည်မဟုတ်ပေ။



ဆရာဝန်များသည်လည်းကောင်း၊ တရားသူကြီးများသည်လည်းကောင်း မိမိတို့အလုပ်ဝတ္တရားများအတိုင်းဆောင်ရွက်သွားခြင်းမျှသာဖြစ်၍ ပုဂ္ဂိုလ်စွဲအားဖြင့် မည်သူ့ကိုမျှ မသိချေ။

ဆရာဝန်တစ်ယောက်သည်လူနာ၏အသားကိုကိုင်တွယ်စမ်းသပ်ရာ၌ သောက်ချား၊ မိန်းမဟူသော အသိဉာဏ်ဖြင့်တွေ့ထိခံစားမှုပင်မရှိချေ။ ထို့အတူ တရားသူကြီးသည်လည်း မည်သည့်တရားလိုသည် မည်သူဖြစ်သည်၊ မည်သည့် တရားခံသည် မည်သူဖြစ်သည်၊ မည်သူ့ကိုချစ်သည်၊ မည်သူ့ကို မုန်းသည် ဟူ၍မရှိချေ။

ဆရာဝန်တစ်ယောက်သည် ဆေးခန်းမှ ထွက်လာသောအခါ မည်သည့်အရာကိုမျှ အမှတ်မထား၊ မည်သည့်လူနာကိုမျှ သတိမရတော့ဘဲ ရှိသကဲ့သို့ တရားသူကြီးတစ်ယောက်သည်လည်း တရားခွင်မှ ဆင်းလာသည်နှင့်တစ်ပြိုင်နက်တရားလိုများ၊ တရားခံများ၊ သက်သေများ၊ အမှုတွဲများ၊ ဥပဒေများသည် အိမ်သို့မပါဘဲ ရုံးခန်း၌ ကျန်ရစ်ခဲ့လေသည်။ အလုပ်မှ ထွက်သွားသောအခါ၌မူ ပြောစရာမရှိတော့ချေ။

အစဉ်အလာအရဤသို့ပင်ဖြစ်ရမည်ဖြစ်သော်လည်းကျွန်ုပ်မှာမူအလုပ်မှ အနားယူပြီးသည့်နောက် ယခုအချိန်တွင်ဆယ်နှစ်မျှ ရှိပြီဖြစ်သော်လည်း ယခုအချိန်ထိ ကျွန်ုပ်၏စိတ်ထဲတွင် မမေ့ပျောက်ဘဲ စွဲမြဲကျန်ရစ်ခဲ့သော အမှု တစ်ခုရှိလေသည်။

ကျွန်ုပ်မှာ ထိုအခါက ကျောက်ဖြူမြို့တွင် အထူးအာဏာရနယ်ပိုင်တရားသူကြီးတစ်ယောက်ဖြစ်၍ ကျွန်ုပ်နယ်ပယ်အတွင်း ဖြစ်ပွားသောလူသတ်မှုများကို "မူလမှု" အဖြစ် စစ်ဆေးရ၏။ ရဲဘက်မှ အမှုတွဲပြုလုပ်တင်ပြရသော မူလမှုများကို ကျွန်ုပ်က အောက်ရုံးတရားသူကြီးအဖြစ် စစ်ဆေးရ၍ အကယ်၍ သက်သေခံအထောက်အထား ယုတ္တိရှိ၍ နိုင်လုံလောက်သည်ဟု ယူဆက ဆက်ရှင်ရုံးသို့ တင်ပို့ရ၏။ သို့သော် တရားလိုအစိုးရဘက်မှ သက်သေခံချက်များ မလုံလောက်ခဲ့သော်လည်းကောင်း၊ ယုတ္တိယုတ္တာ မရှိခဲ့သော်လည်း၊ အရိုက်အဆက်မညီညွတ်ဘဲ ယိမ်းယိုင်ပြိုပျက်ခဲ့သော်လည်းကောင်း ကျွန်ုပ်သဘောအတိုင်း လွှတ်ပစ်နိုင်လေသည်။

www.burmeseclassic.com

သို့သော် ကျွန်ုပ်ရုံးမှ လွှတ်ပစ်ခဲ့သော် သက်သေမလုံလောက်သဖြင့် လွှတ်ပစ်ရသော "တရားရှင်" လွှတ်ခြင်းမျှသာဖြစ်၍ အကယ်၍ ရဲဘက်က နောက်ထပ်မံသက်သေခံများရရှိခဲ့ပါက ထပ်မံအမှုဖွင့်နိုင်လေသည်။ စက်ရှင်ရုံးသို့ရောက်၍ "တရားသေ" လွှတ်ပြီးသောအခါမှသာ အမှုကိုရဲဘက်က ထပ်မံမဖွင့်နိုင်တော့ဘဲ တစ်ခါတည်းပိတ်ရလေသည်။

ကျွန်ုပ်မှာ တရားသူကြီး တစ်ယောက်ဖြစ်သည့်အတွက် နေ့စဉ်နှင့်အမှုကြီးငယ်တို့ကို စစ်ဆေးလျက်အပြစ်ပေးတန်လျှင် ပေး၊ လွှတ်တန်လျှင် လွှတ်ပြုလုပ်နေရသော်လည်း၊ မည်သူ့အား မုန်းတီး၍ အပြစ်ပေးလိုက်သည် ဟူ၍လည်းကောင်း၊ မည်သူ့အား သနားသဖြင့် လွှတ်ပေးလိုက်သည်ဟူ၍ လည်းကောင်းမရှိချေ။ ရတနာသုံးပါးမိဘဆရာသမားစသည့်အနန္တောအနန္တ ငါးပါးကို ကိုင်းရှိုင်းရိုသေလေးစားခြင်း၊ ကဝိလေးပါးမလိုက်စားခြင်း၊ ဖြောင့်မတ်တည်ကြည်ခြင်းစသော ဂုဏ်ကျေးဇူးတို့ကြောင့်လည်းကောင်း ကျွန်ုပ်မှာ စာရေးကြီးဘဝမှ မြို့အုပ်ရာထူးကိုရပြီးနောက် ငါးနှစ်အကြာတွင် ဝန်ထောက် ဖြစ်၍ လာခဲ့လေသည်။

တစ်နေ့တွင် ကျွန်ုပ်ရုံးသို့ လူသတ်မှုတစ်ခုရောက်ရှိလာရာ သတ်သည် ဟု စွပ်စွဲခြင်းခံရသော တရားခံမှာ မွန်မွန်ရည်ရည်ရှိ၍ ရုပ်ရည်သန့်ပြန့်သော အသက် ၄၀ ခန့်ရှိလူတစ်ယောက်ဖြစ်၏။ အမှုမှာ သူ၏ယောက်ဖ (မိန်းမ၏ မောင်ဝမ်းကွဲ)ကို သတ်သောအမှုဖြစ်လေသည်။

အမှုတွင်မျက်မြင်သက်သေဟူ၍တစ်ယောက်သာရှိ၏။ ထိုသက်သေမှာလည်း အခြားသူမဟုတ်၊ သူ၏ဇနီးပင်ဖြစ်လေသည်။ အခြားသက်သေတစ်ယောက်မှာ အခင်းဖြစ်ပွားပြီးစတွင် ရောက်လာသော အသက် ၁၂ နှစ်အရွယ်ရှိ မိန်းကလေးတစ်ယောက်ဖြစ်၏။ သို့ဖြစ်၍ ယင်းအမှုကိုစီရင်ရန်မှာ ထိုသက်သေများ၏ထွက်ချက်၊ တရားခံထွက်ချက်၊ ပတ်ဝန်းကျင်ဖြစ်ပျက်မှုအခြေအနေများကိုပေါင်းစပ်ကာကျွန်ုပ်ကိုယ်တိုင်ယုံမယုံဟူသောပြဿနာပေါ်တွင် တည်ရှိလေသည်။

ပထမဦးစွာ အမှုလိုက်ရဲအရာရှိကို စစ်ဆေးပြီးနောက် မျက်မြင်သက်သေဖြစ်သော တရားခံ၏ဇနီးကို စစ်ရ၏။ ပြီးသောအခါ ထမင်းချက် မိန်းကလေးကိုစစ်၏။ ထို့နောက် ဆရာဝန်ကိုစစ်၏။ နောက်ဆုံးတွင် တရားခံအား စစ်ရန် အလှည့်ရောက်သောအခါ တရားခံက မိမိအမှုမှာ ရှုပ်ထွေးနက်နဲသော အချက်အလက်များပါရှိသဖြင့် တစ်ကြောင်း၊ အမှုနှင့်ပတ်သက်၍ဖြစ်ပွားရပုံများမှာလည်း အတော်ပင် ရှည်လျားသဖြင့် တစ်ကြောင်း မိမိဘက်မှ တင်ပြမည့်သက်သေမှာလည်း လူသက်သေမဟုတ်ဘဲ အသက်မရှိသော အရုပ်ကြီးတစ်ရုပ်ဖြစ်သဖြင့် တစ်ကြောင်း၊ ထို့ကြောင့် နှုတ်ဖြင့် အစစ်မခံဘဲ စာဖြင့်ရေး၍ အစစ်ခံရန် ခွင့်တောင်းသဖြင့် ကျွန်ုပ်လည်း ဥပဒေရှိသည့်အတိုင်း ခွင့်ပြုလိုက်ပြီးလျှင် ရက်ချိန်းပေးလိုက်လေသည်။

ရက်ချိန်းစေ့သောနေ့တွင် တရားခံသည် လျှောက်လွှာစက္ကူနှင့် ၁၀ မျက်နှာခန့်ရှိသော အစစ်ခံချက်များကို တင်ပြ၍ ၎င်းနှင့်အတူ ၂ ပေခွဲခန့်ရှိသော သစ်နက်သားတစ်မျိုးဖြင့် ထုလုပ်ထားသည့် အရုပ်ကြီးတစ်ရုပ်ကို တင်ပြလေသည်။ ယင်းကဲ့သို့ ထူးခြားခြားတင်ပြသော သက်သေခံချက်များကို တစ်ကြိမ်မျှ ကျွန်ုပ် မတွေ့ဖူးချေ။

အောက်တွင် ကျွန်ုပ်ရေးသားဖော်ပြအံ့သော စာများမှာ ကျွန်ုပ်မှတ်မိသလောက် တရားခံတင်ပြသော အစစ်ခံချက်များဖြစ်၍ ကျွန်ုပ်ကိုယ်တိုင် အစအဆုံး ၃ – ၄ ခေါက်မျှ ဖတ်မိလေသည်။ ဤကဲ့သို့ စိတ်ဝင်စားသဖြင့်လည်း သခုတိုင် ကျွန်ုပ်မှတ်သားမိခြင်းဖြစ်ရာ ကျွန်ုပ်၏ တင်ပြချက်မှာ ထိုအခါက တရားခံရေးသား တင်ပြချက်နှင့် ထပ်တူထပ်မျှပင် မဟုတ်စေကာမူ တတ်နိုင်သမျှ အနီးကပ်ဆုံးဖြစ်၍ အဓိပ္ပာယ်သဘော သက်ရောက်ပုံမှာမူ ထပ်တူထပ်မျှ တိကျမှန်ကန်ပါကြောင်း။

══◈══

## တရားခံအစစ်ခံချက်

မောင်အောင်ဘန်း၊ အသက် ၄၂

မြန်မာ/ရခိုင်၊ ဗုဒ္ဓဘာသာ။

ကျွန်တော်သည်သည်ကုန်သည်ပွဲစားအလုပ်ကိုလုပ်ကိုင်၍လွန်ခဲ့သော ၅ နှစ်ခန့်က မဝါနဆိုသူနှင့် အိမ်ထောင်ကျခဲ့ပါသည်။ လူကြီးများ၏စေ့စပ်

www.burmeseclassic.com

ထိမ်းမြားအကြောင်းပါခဲ့ရသော်လည်း ကျွန်တော်တို့ချင်းမှာ အလွန်ချစ်ခင်သင့်မြတ်ပါသည်။

ထိုအခါ ကျွန်တော့်အသက် ၃၄ နှစ်၊ မဝါန အသက်မှာ (၂၂)နှစ်ဖြစ်ပါသည်။ မဝါနမှာ အချက်အပြုတ်၌လည်းကောင်း၊ အိမ်ထောင်သိမ်းဆည်းရေး၌လည်းကောင်း၊ လင်သားအပေါ်ပြုစုရာ၌လည်းကောင်း၊ အလွန်တော်၍ ကျေနပ်နှစ်သိမ့်ဖွယ် ဖြစ်ပါသည်။

အထူးသဖြင့် အိမ်ရှေ့ဧည့်ခန်းကို အလှအပပြင်ဆင်ခြင်း၊ အိမ်ရှေ့မျက်နှာစာကို ပြုပြင်ခြင်းတို့တွင် များစွာဝါသနာပါသည်။ ကျွန်တော့်အိမ်ခန်းမှာ အတော်ပင်ကျယ်၍ ဧည့်ခန်းအလယ်၌ စားပွဲနှင့် ကုလားထိုင်စုံကို ချထားသည့်ပြင် အခန်းထောင့်များတွင် ရုပ်လုံးတစ်ခုစုသော်လည်းကောင်း၊ အလှစိုက်ပျိုးထားသော ပန်းအိုးသော်လည်းကောင်း ထားရှိပါသည်။ ခေါင်းရင်းခန်းတွင် အရုပ်များထည့်သော မှန်ဗီရိုတစ်လုံးရှိရာ အထဲတွင် သစ်သားရုပ်၊ ကြွေရုပ်၊ ကြေးရုပ်၊ သံရုပ်၊ ရွှံ့စေးရုပ်မှမကျန် စုဆောင်းထည့်သွင်းထားသဖြင့် အလွန်ပင် "ကလေး" ဆန်ကြောင်းဖြင့် တစ်ခါတစ်ရံ ကျွန်တော်က ပြောမြပါသည်။ မဝါနသည် ငယ်စဉ်က ကစားခဲ့သော အိုးကလေး၊ ခွက်ကလေး၊ သမင်းရုပ်နှင့် အခြားကလေးကစားစရာများပါ တရိုတသေ သိမ်းဆည်းထားတတ်သဖြင့် ကျွန်တော်က ဤကဲ့သို့ပြောခြင်းဖြစ်ပါသည်။ ဧည့်ခန်းရှိ အလှထားသော အရုပ်များ၊ ကြွေနှင့် ကြေးပန်းအိုးများ၊ ပန်းများကိုလည်း မကြာခဏ ပြောင်းလဲပြင်ဆင်လေ့ရှိရာ ကျွန်တော်ကလည်း လှူဝါသနာဆိုသည်မှာ စွန့်ပစ်ရန် ခဲယဉ်းကြောင်း ကျွန်တော် သိပါသည်။

သို့ဖြစ်၍ ကျွန်တော်တို့ နေထိုင်သည့်အိမ်ကလေးမှာ တောရွာနှင့် မလိုက်အောင် အဆင်အပြင်လှပ၍ ကျွန်တော်တို့အိမ်ထောင်ရေးမှာလည်း အလွန်ပင် ပြေပြစ်သာယာခဲ့ပါသည်။

တစ်နေ့သောတနင်္ဂနွေနေ့တွင် ကျွန်တော်တို့သည် ရမ်းဗြဲကမ်းခြေစကု ကျွန်း၊ "စံလက်မော်" ရွာသို့အိမ်နီးချင်းမိန်းမဖော်များနှင့်အတူ ပျော်ပွဲစားထွက်ကြပါသည်။ ကမ်းခြေမှာ အလွန်သာယာ၍တစ်ခါတစ်ရံကမ်းခြေသဲပြင်များ၌ ထူးဆန်းသောငါးသေများ၊ အရိုးစုများပင်လယ်လှိုင်းပုတ်သဖြင့်မျောပါလာပြီး



လျက် ဒီရေအတက်အကျ၌ တင်၍ကျန်ရစ်ခဲ့သော သစ်ကိုင်းခြောက်များ၊ သစ်တုံးတိုတုံးစမှစ၍ ဒိုက်သရောများကို အများအပြားတွေ့ရတတ်ပါသည်။

ထိုနေ့မှာ နံနက်ခင်းတွင်လေထန်သဖြင့် ပင်လယ်လှိုင်းများ ပို၍ကြီးပြီးလျှင် ထိုနေ့မျိုး၌ ဒိုက်သရောများလည်း အချို့မြေနိမ့်သောနေရာတွင် စုပုံကျန်ရစ်ခဲ့တတ်ပါသည်။

လေငြိမ်သက်သွားသည်နှင့်တစ်ပြိုင်နက် ကျွန်တော်တို့နံနက်စာစားပြီး နောက်နေ့လယ်လက်ဖက်ရည်သောက်ရန် လက်ဖက်ရည်နှင့်မုန့်ချိုင့်များကို ယူပြီးလျှင် "ရေမျောကမ်းတင်" ပစ္စည်းများ၊ ဒိုက်သရောများကိုအပျော်ရှာဖွေကောက်ယူရန် သွားကြပါသည်။

---



'ဝှန်း' ခနဲ အသံ
ကြားရသဖြင့်
ကျွန်တော်သည်
အလုပ်ခန်းမှ
ဧည့်ခန်းအတွင်းသို့ ကူးလာခဲ့ရာ
ပေါ်နှမှာ သူအမြတ်တနိုးထားသော
ရှိုင်းရုပ်ကလေး
ကျိုးသွားသည်ကို
ယူကျုံးမရဖြစ်ကာ
သစ်သားစများကို
ကြမ်းပေါ်မှ
ကောက်ယူလျက်ရှိသည်ကို
တွေ့ရလေ၏



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ထင်သည့်အတိုင်း မြေနိမ့်ရာ ချိုင့်ဝှမ်းဒေသ သဲမြေသောင်ခုံများပေါ်တွင် ပင်လယ်လှိုင်းပုတ်သဖြင့်တင်၍ ကျန်ရစ်သော သစ်တိုသစ်စများ၊ အမှိုက်သရိုက်များ၊ ငါးသေများ၊ ငါးရိုးများ၊ ကနုမာခွံ ခုံးခွံများကို ရှာဖွေကြရာ အတော်များများပင်တွေ့၍ မိမိကြိုက်နှစ်သက်ရာ အလုအယက် ကောက်ယူကြပါသည်။

ကျွန်တော်၏ ဇနီးမှာ ပင်လယ်ခရုကြီးခွံများကို ရှာဖွေကောက်ယူလျက်ရှိစဉ် ကျွန်တော်လည်း သူတို့ရှာဖွေနေသောနေရာနှင့် ခပ်လှမ်းလှမ်း ပင်လယ်ရေစပ်နှင့် မနီးမဝေး ချိုင့်ဝှမ်းတစ်ခုတွင် အမြင့် ၂ ပေခွဲ လုံးပတ် ၄ ထွာဆိုင်ခန့်ရှိသည့် အရုပ်တစ်ခုနှင့် ခပ်ဆင်ဆင်တူသည့်သစ်တုံးလိုတစ်ခုကို တွေ့ရပါသည်။ အနီးသို့ ကပ်၍ကြည့်ရှုရာ အကြမ်းဖျင်းထုလုပ်ထားဟန်တူသော လူရုပ်လိုလို၊ မျောက်ရုပ်လိုလို ရုပ်လုံးတစ်ခုကို တွေ့ရသဖြင့် ၎င်းသို့ငြိတွယ်နေသည့် အမှိုက်သရိုက်များ၊ နွယ်ပင်များနှင့် ဒိုက်သရောများကိုဖယ်ရှားပြီးလျှင် ရှင်းလင်းသော သဲသောင်ပြင်တစ်နေရာသို့ ဆွဲယူခဲ့ပါသည်။ ရုပ်လုံး၏အသားမှာ ရင်းတိုက်နှစ်သားလည်းမဟုတ်၊ ရခိုင်ပြည်နှင့်ရိုးမတောင်ပေါ်တွင် ပေါက်လေ့ရှိသော ရေအုန်းသားလည်းမဟုတ်၊ ကျွန်တော့်စိတ်အထင်အားဖြင့် ရခိုင်များက "စေဟုန်း" ဟုခေါ်လေ့ရှိသော အသားမျိုးဟု ထင်ပါသည်။ ကျွန်တော်ထင်သည့်အတိုင်းလည်း မှန်ကန်ကြောင်း နောင်အခါတွေ့ရှိပါသည်။ သစ်သားမှာညိုပုပ်ပုပ် အရောင်ရှိ၏။ မျက်နှာပုံသဏ္ဌာန်မှာ ကုလားအဘိုးကြီးတစ်ယောက်နှင့်လည်းကောင်း၊ မျောက်ဝံတစ်ကောင်နှင့် လည်းကောင်း တူပါသည်။ ဦးခေါင်းထိပ်မှာ အပေါ်သို့ ခပ်ချွန်းချွန်း တက်လျက် မျက်နှာနေရာတွင်မူ အမှိုက်သရိုက်များ သစ်စသစ်နများ ရေညှိများ ရှိပါသည်။ မည်သို့ပင်ဖြစ်စေ သစ်ကိုင်းတစ်ခုမဟုတ်ဘဲ လူတို့လက်ဖြင့် ထုလုပ်ထားသော ရုပ်လုံးတစ်ခုဖြစ်ကြောင်းကား ထင်ရှားပါသည်။

ကျွန်တော့်မှာ အနုပညာကို ဝါသနာပါသော ဇနီးသည်၏ စိတ်ဓာတ်များကူးဝင်နေပြီဖြစ်သဖြင့် ဤအရုပ်ကို ဆေးကြောသုတ်သင်အရောင်တင်ပြီး



နောက် တစ်နေရာရာ၌ ထားမည်ဟု စိတ်ကူးကာ သစ်သားစများနှင့် အမှိုက်သရိုက်များကို တတ်နိုင်သမျှ သုတ်သင်ဖယ်ရှား၍ ဇနီးသည်ရှိရာသို့ ထမ်းယူခဲ့ပါသည်။

ကျွန်တော်၏ ဇနီးသည် အရုပ်ကိုကြည့်ပြီးလျှင် ဟက်ဟက်ပက်ပက် ရယ်မောလျက်...

"ကုလားအိုရုပ်ကြီးနဲ့ တူပါတယ် မောင်ရယ်၊ ဘာလုပ်ဖို့လဲ"

"ဘာရုပ်ပဲဖြစ်ဖြစ် – အဆန်းပေါ့ မဝါနုရဲ့"

"မောင်၊ အိမ်ယူလာမလို့လား"

"ယူမယ်လေ"

"ကျက်သရေမရှိပါဘူး မောင်ရယ်၊ အရုပ်ကြီးက လှလှပပလည်းမဟုတ်ဘူး၊ အရုပ်က ဆိုးသန့်"

"ကောင်းပါတယ် မဝါနုရယ်၊ အိမ်ကျတော့ သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်ပေးမယ်"

"ဘယ်က မျောပါလာသလဲ – မသိဘူးနော်မောင်"

"လှေကြီးဖြစ်ဖြစ်၊ သင်္ဘောဖြစ်ဖြစ်ပျက်လို့ အဲဒီက အရုပ်ဖြစ်မှာပေါ့၊ လှေဦးမှာတပ်ထားတဲ့ အရုပ်မျိုးလည်း ဖြစ်နိုင်တယ်"

"ဟုတ်ချင်ဟုတ်မှာပဲ၊ တချို့ပင်လယ်ကူးလှေကြီးတွေမှာ အရုပ်တပ်ထားတာ မြင်ဖူးတယ်"

သို့နှင့် ကျွန်တော်သည် မဝါနုက များစွာ သဘောမကျသော်လည်း အရုပ်ကို အိမ်သို့ရောက်အောင် ခဲယဉ်းစွာ ယူခဲ့ပါသည်။

နောက်တစ်နေ့ ၌ ကျွန်တော်သည် အလုပ်မှပြန်လာလျှင် ပြန်လာခြင်း အရုပ်ကြီးကို ပြုပြင်ပါတော့သည်။ မျက်နှာတွင်ဖုံးနေသော ရွှံ့စေးများ၊ ကြေးညှော်များကို အလွန်သေးငယ်သော လက်သည်းစောင်းကလေးဖြင့် မူလမျက်နှာပြင်ကို မထိခိုက်စေဘဲ ခြစ်၍ပစ်ပါသည်။ ထို့နောက် ကော်ဖတ်နနဖြင့် တိုက်ပါသည်။ ကိုယ်နှင့် အောက်ပိုင်းကိုလည်း ဤနည်းအတိုင်း အချိန်ကုန်ခံ၍ လုပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၃ ရက်မျှ လုပ်မိသောအခါ အတော်ပင် ရုပ်လုံးပေါ်လာပါသည်။ မျက်နှာတွင် ချိုင့်ဝင်နေသော ပါးများ၊ မေးရိုးအထက်တွင် မို့မောက်နေသော အဖုကြီးများ၊ ခပ်ပေါက်ပေါက်ရှိနေသော မျက်လုံးအိမ်များ ပေါ်လာပါသည်၊ သေးငယ်သော မျက်လုံး၊ ချွန်ထွက်နေသော နှာတံမှာလည်း မျက်နှာပေါက်ကို ပို၍ ဆိုးစေသကဲ့သို့ ရှိနေပါသည်၊ နောက်ဆုံး၌ ကျွန်တော်သည် သစ်စေးအနည်းငယ်ကို အောက်ခံဆေးအဖြစ် သုတ်ပေးပြီးလျှင် အပေါ်မှ "ဟားနစ်" ခေါ် အရောင်တင်ဆီကို သုတ်ပေးပါသည်၊ ရုပ်လုံးကြီးမှာ အရောင်ထွက်လာလျက် အတော်ပင် ကြည့်ပျော်ရှုပျော် ဖြစ်လာပါသည်၊ မျက်လုံးနှင့် အတွင်းမျက်ဆံများကိုလည်း ဆေးနက်ထဲတွင် အဖြူစက်ကလေးဖြင့် ခြယ်မှုန်းပေးရာ မျက်နှာအနေအထားပင် ပေါ်လွင်လာပါတော့သည်၊ ထို့နောက် ကျွန်တော်လည်း တစ်ပေသာသာ ခန့်မြင့်သော အောက်ခံခုံတစ်ခုကို ကျွန်းသားဖြင့် ပြုလုပ်ပြီးလျှင် ရုပ်လုံးကြီးကို တင်ထားလိုက်ပါသည်၊

"မောင်ကလည်း သူ့အရုပ်ကြီးက လှလွန်းလို့ - ကျွန်မဖြင့် သူ့မျက်နှာကြီး ကြည့်ရတာ ကြောက်တောင်ကြောက်သေးတယ်"

ဟု မဝါနုက မကြာခဏ ပြောလေ့ရှိပါသည်။ ပထမအဝတ်ကြမ်းဖြင့်လည်းကောင်း၊ ထို့နောက် ပွမ်းဖတ်များ၊ ပိုးထည်စုတ်များဖြင့်လည်းကောင်း ပွတ်တိုက်ပေးသောအခါ အရောင်တလက်လက်ထွက်လာလျက် မျက်နှာထားပုံမှာလည်း ယခင်ကထက် အသက်ဝင်လာပါသည်။ မျက်နှာကို အသေအချာကြည့်သောအခါ အရေများတွန့်လိမ်နေသော မျောက်အိုကြီးတစ်ကောင်သည် သွားများကို ဖြီးကာ ကျွန်တော်၏ မျက်လုံးများကို စူးစိုက်ကြည့်နေသကဲ့သို့ ထင်မိပါသည်။ သို့နှင့် အရုပ်ကြီးကို အလင်းရောင်များစွာ မရှိလှသော ထောင့်တစ်ထောင့်တွင် နေရာချထားပေးလိုက်ပါသည်၊ ဝါနုမှာ ဧည့်ခန်းအတွင်း၌ အရုပ်ကြီးထားသည်ကိုပင် မကျေနပ်ဘဲ တဗျစ်တောက်တောက် ပြောနေပါသည် ၊

အရုပ်ကြီး၏ မျက်နှာချင်းဆိုင်ဘက်တွင် ပေါ့ပါးသော သစ်သားဖြင့် ပြုလုပ်ပြီးသော ဗျိုင်းရုပ်တစ်ခုရှိ၏၊ အောက်ခံခုံမှာ ငွေကွပ်ထားသည့် ကြာဖူး



၄ ပွင့်သဏ္ဌာန် ရေအုန်းသားဖြင့် ပြုလုပ်ထားသော ခုံတစ်ခုဖြစ်လေသည်၊ ဗျိုင်းရုပ်မှာ ကိုင်းပင်များကြားမှ ခြေတစ်ဖက်လှမ်း၍ ထွက်လာဟန်ဖြစ်ပြီးလျှင် လွန်စွာလှပစွာ ဆေးခြယ်ထား၏၊ ပခုက္ကူမြို့ရှိ မိတ်ဆွေတစ်ဦးက မဝါနုအား လက်ဆောင်ပေးသော အရုပ်ဖြစ်သဖြင့် ကျွန်တော်၏ ဇနီးကိုယ်တိုင် အရိပ်တကြည့်ကြည့်နေသော အရုပ် ဖြစ်လေသည်၊

တစ်နေ့သောနံနက်ခင်း၌ မဝါနုသည် ဗျိုင်းရုပ်ကို ဖုန်များသုတ်ပြီးနောက် အခြားခေါင်းရင်းဘက်ထောင့်သို့ ပြောင်းရွှေ့ရန် အောက်ခြေကို ချွတ်၍ "မ" ယူလာ၏၊ ခေါင်းရင်းဘက် သို့လာစဉ် လမ်း၌ ကုလားထိုင်တစ်ခု ဆီး၍နေသဖြင့် ထရံဘက်သို့ ခပ်ကပ်ကပ်လာခဲ့ရာ ကျွန်တော်ယူခဲ့သော "ကုလားအဘိုးကြီး" ရုပ်ရှေ့သို့ ရောက်သောအခါ မဝါနု၏ လက်ဝဲဘက်ပခုံးနောက် ခပ်မှီမှီထား၍ ယူလာသော ဗျိုင်း၏ လည်တံသည် အဘိုးကြီး၏ လက်ဝဲဘက်လက်နှင့် ငြိပြီးနောက် အရုပ်သည် မဝါနုလက်မှ လွတ်ကျကာ လည်တံရော ခြေထောက်ပါ ကျိုး၍ သွားလေသည်၊

"ဝုန်း" ခနဲ အသံကြားရသဖြင့် ကျွန်တော်သည် အလုပ်ခန်းမှ ဧည့်ခန်းဘက်သို့ ကူးလာခဲ့ရာ မဝါနုမှာ သူ့အမြတ်တနိုးထားသော ဗျိုင်းရုပ်ကလေး ကျိုးသွားသည်ကို ယူကျုံးမရဖြစ်ကာ သစ်သားစများကို ကြမ်းပေါ်မှ ကောက်ယူလျက် ရှိသည်ကို တွေ့ရလေ၏၊ သူ့ပြောပုံမှာ ဗျိုင်းရုပ်ကို ပခုံးနှင့် မှေး၍ ယူလာစဉ် ကုလားအဘိုးကြီးလက်က ဗျိုင်းလည်ပင်းကို လှမ်းဆွဲလိုက်သကဲ့သို့ပင် ထင်ရကြောင်းဖြင့် ကျွန်တော့်အား ပြောပြပါသည်၊

ကျွန်တော်၊ "မဟုတ်နိုင်တာပဲ နုရယ် - အရုပ်က ဘယ့်နှယ်လုပ်ပြီး လှမ်းဆွဲနိုင်မလဲ"

နု၊ "ကျွန်မယူလာတာ အရုပ်နဲ့လွတ်ပါတယ်မောင်ရယ်၊ ကျွန်မစိတ်ထဲမှာ ဒီအရုပ်ကြီး မကြည့်ချင်ဘူးမောင်၊ မျက်နှာကြည့်ရတာ လူကိုခြောက်ပြသလိုပဲ၊ နုတော့ ကြည့်ရင်းကြည့်ရင်း ကြောက်လာတယ်"

"နုကလည်းကွယ် - ကလေးမဟုတ် သူငယ်မဟုတ် စိတ်ထင်တာတွေ လျှောက်ပြောမနေစမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com

"စိတ်ထင်တာမဟုတ်ပါဘူး မောင်၊ ရှေ့နား နည်းနည်းလွန်မှ လှမ်းဆွဲသလို တင်းခနဲဖြစ်သွားတယ်"

"ဒါက ဖျိုင်းလည်ပင်းနဲ့ သွားငြိလို့ ဖြစ်မှာပေါ့နရဲ့"

" ဟင့်အင်း၊ ဘာပဲဖြစ်ဖြစ် နတော့ ဒီအရုပ်ကြီးကို အိမ်ထဲမှာတောင် မထားချင်တော့ဘူး၊ ပြီးတော့ ဖုန်တွေဘာတွေ နမသုတ်ဘူးနော်"

"န မသုတ်ချင်ရင် မိအေးအသုတ်ခိုင်းပေါ့နရဲ့"

"မိအေးကလည်း မသုတ်ချင်ဘူး၊ သူလည်းကြောက်တယ်တဲ့"

" ဒါဖြင့် မောင့်အရုပ်ကြီးကို တစ်အိမ်လုံးကြောက်နေကြတာပေါ့"

" ဟုတ်တယ် မောင် "

အရုပ်ကြီး၏မျက်နှာကို အနီးသို့ကပ်၍ကြည့်မိသောအခါ အဘိုးကြီးသည် ကျွန်တော့်အား ပြောင်ဖြီးဖြီး ပြုံးစိစိ ကြည့်နေသကဲ့သို့ ထင်ရပါသည်၊

ထို့နောက် ကျွန်တော်သည် မဝါနအား ယနကဲ့သို့ မပြောပလောက်သည့် မတော်တဆဖြစ်ပွားမှုကလေးကို အယူမသည်းသင့်ကြောင်းဖြင့် ချော့မော့ပြောဆိုကာ သုံးပိုင်းပြတ်လျက်ရှိသော ဖျိုင်းရုပ်ကလေးကို ကျွန်တော်ကိုယ်တိုင် တတ်နိုင်သမျှ နေသားတကျဖြစ်အောင် ပြန်၍ ဆက်ပေးလိုက်ပါသည်၊ ကျွန်တော်၏ "ကုလားအဘိုးကြီး" ရုပ်ကိုလည်း ချောင်ကျသော နေရာတစ်ခုသို့ ရွှေ့ပြောင်းထားလိုက်ပါသည်၊

နံနက်လင်းလျှင် ကျွန်တော်၏ဇနီးသည် ဘုရားကျောင်းဆောင်ရှိ ညောင်ရေအိုးများနှင့်တကွ အိမ်ဝရန်တာရှိ ပန်းအိုးများဧည့်ခန်းတွင် အလှထားသည့် ပစ္စည်းများကို လိုက်လံကြည့်ရှုလျက် တစ်ခါတစ်ရံ အစေခံမကလေး မိအေးကို မခိုင်းဘဲ သူကိုယ်တိုင်ဖုများသုတ်လေ့ရှိပါသည်၊ ကျွန်တော်၏ အရုပ်ကြီးကိုမူ မသုတ်ဘဲ ချန်ထားလေ့ရှိပါသည်၊

ထမင်းချက်ရန်နှင့် အိမ်ဝေယျာဝစ္စလုပ်ရန် ငှားထားသော မိအေးကလည်း ကြောက်ရွံ့သည်ဆိုကာ အရုပ်ကြီးအနီးသို့ပင်မကပ်ပါ၊ ကျွန်တော်တစ်ယောက်တည်းသာ အားလပ်သည့်အခါများ၌ သုတ်သင်ပွတ်တိုက်ရပါသည်၊



နောက်တစ်နေ့ ကျွန်တော်အလုပ်မှပြန်လာသောအခါ အရုပ်ကြီးရှေ့တွင် ကုလားထိုင်တစ်လုံး ရောက်နေသည်ကို တွေ့ရသဖြင့် မဝါနအား ဤနေရာသို့ ကုလားထိုင်မည်သည့်အတွက် ရောက်နေကြောင်း မေးမြန်းရာ ထိုနေ့နံနက် ၁၀ နာရီလောက်က သူရေချိုးခန်းသို့ အလာ၌ အရုပ်ကြီးရှေ့မှ ဖြတ်သွားစဉ် ပခုံးပေါ်၌တင်လာသော မျက်နှာသုတ်ပဝါသည် အရုပ်ကြီးလက်နှင့်ငြိ၍ ကျန်ရစ်ခဲ့ကြောင်း၊ နောင် ဤရှေ့မှ ဖျတ်ခနဲ ဆွဲယူလိုက်သကဲ့သို့ ထင်ရကြောင်းဖြင့် ပြောပါသေးသည်၊ ကျွန်တော်၏ ဇနီးမှာ အလွန်အစွဲအလမ်းကြီးနေဟန်တူပါသည်၊ သို့သော် ကျွန်တော်ကမူ အနည်းငယ်မျှ မယုံကြည်ပါ။

နောက်တစ်ပတ်ခန့်မျှကြာလတ်သော ကျွန်တော်တို့ ၂ ယောက်စလုံးပင် အရုပ်ကြီးအကြောင်းကို မေ့လျော့နေပါသည်၊

ထိုနေ့မှာ ကျွန်တော်အလုပ်ကိစ္စ မရှိသောနေ့ဖြစ်သဖြင့် နံနက် ၁၁ နာရီလောက်တွင် မဝါနနှင့်အတူ ထမင်းစားနေကြပါသည်။ မိအေးမှာ မီးဖိုချောင်တွင် အလုပ်များလျက်ရှိနေပါသည်၊ ထမင်းစား၍မပြီးမီ ဧည့်ခန်းဘက်မှ တကျိုကျိုမြည်နေသော အသံနှင့်အတူ ငှက်တစ်ကောင်၏ တောင်ပံရိုက်ခတ်သံကဲ့သို့ တဖျတ်ဖျတ်မြည်သောအသံများကို ကြားရပါသည်၊ ဧည့်ခန်းမှာ ထမင်းစားခန်းနှင့် ကပ်လျက် ရှိသဖြင့် ကျွန်တော်တို့နှစ်ယောက်စလုံးပင် ဧည့်ခန်းဘက်သို့ အပြေးအလွှားလာခဲ့ကြရာ ပွင့်နေသော ပြတင်းပေါက်တစ်ပေါက်မှာ လမ်းမှားဝင်လာဟန်တူသော စာကလေးတစ်ကောင်သည် ဧည့်ခန်းထဲတွင် တရကြမ်းပျံသန်းနေသည်ကို တွေ့ရပါသည်၊ ထိုပြတင်းပေါက်မှ ပြန်ထွက်ရန် ကျွန်တော်တို့ကလည်း အခြားဘက်မှ ကာဆီး၍ ခြောက်သော်လည်း စာကလေးသည် ပို၍ကြောက်လန့်ကာ အခန်းနံရံကိုလည်း ကောင်း၊ အခန်းတွင်းရှိ အိမ်ထောင်ပရိဘောဂများကို လည်းကောင်း၊ အလှအပထားသော အရုပ်များနှင့်ပန်းအိုးများကိုလည်းကောင်း အတင်းဝင်၍တိုးတိုက်နေပါတော့သည်၊ နောက်ဆုံး မဝါနတ လက်သုတ်ပဝါဖြင့် ပြတင်းပေါက်ဆီသို့ရောက်အောင် ခြောက်လိုက်သည်တွင် စာကလေးသည် အရုပ်ကြီးရှိသော အခန်းထောင့်ဆီသို့ လျင်မြန်သောအဟုန်ဖြင့် ပျံသွားပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com

အရုပ်ကြီး၏ လက်ယာဘက်လက် ချွန်ထက်သော လက်ညှိုး၌ တံစို့ထိုးသကဲ့သို့ စိုက်၍နေပါတော့သည်၊ တစ်လက်မခန့်သာ အဝှမ်းရှိသော လက်ကြားထဲသို့ ဤကဲ့သို့ ရောက်သွားပြီးလျှင် လက်မဖြင့်ညှပ်ကာ မလှုပ်မယှက်ရှိနေသည့်အဖြစ်ကို ကျွန်တော်ပင် အံ့ဩမိပါတော့သည်။

စာကလေး၏ကိုယ်နှင့်တောင်ပံများကြားမှ သွေးများစီးကျလာရာ ကျွန်တော်တို့မှာ အလွန်ပင် စိတ်မကောင်းဖြစ်ကြရပါသည်။

ကျွန်တော်သည် စာကလေးကို အရုပ်ကြီးလက်ထဲမှ ခဲယဉ်းစွာ ဆွဲယူလိုက်ပါသည်၊ ကျွန်တော့်လက်ထဲတွင် တဖျတ်ဖျတ်ဖြစ်ကာ ကြမ်းပေါ်သို့ ကျသွားပြီးနောက် ငြိမ်သက်သွားပါတော့သည်၊ လက်ချောင်းသည် ရင်ဘတ်အတွင်းသို့လက်မဝက်ခန့်စူးဝင်သွားပြီးလျှင် တောင်ပံများလည်း ကျိုးသွားပါသည်၊ ဤမျှလောက် ခဲခဲယဉ်းယဉ်းဖြစ်ရသည်ကို ကျွန်တော်ကိုယ်တိုင် အံ့ဩ၍နေမိပါသည်၊ မဝါနုမှာမူ အလွန်ကြောက်ရွံ့ကာ မျက်လုံးပြူး မျက်ဆံပြူးဖြစ်၍ နေပါတော့သည်၊ အရုပ်ကြီးသည် မင်္ဂလာရှိသော အရုပ်မဟုတ်သဖြင့် ကောင်းကျိုးချမ်းသာမပေးသည့်အပြင် ဘေးဒုက္ခအမျိုးမျိုးဖြင့် တွေ့ကြုံရကြောင်း ပြောပါသည်၊ ကျွန်တော်က မတော်တဆ ဖြစ်ပွားခြင်းမျှသာဖြစ်ကြောင်း နှစ်ခံပြောဆိုရသော်လည်း ဤတစ်ကြိမ်၌ ကျွန်တော်၏ စိတ်ထဲ၌ပင် ယနမကင်းသကဲ့သို့ဖြစ်လာပါသည်၊ သို့သော် သာမန်သစ်သားရုပ်တစ်ရုပ်က ဤကဲ့သို့ ပြုလုပ်နိုင်ပါမည်လောဟု စဉ်းစားမိသောအခါ ကျွန်တော် ကိုယ်တိုင်ပင် ပြန်၍ရှက်မိသကဲ့သို့ ဖြစ်ပါတော့သည်၊

အဘိုးကြီး၏လက်ယာဘက်လက်မှ လက်ညှိုးမှာ လက်ဝဲဘက်သို့ ငေါ်ထွက်ကာ ချွန်ထွက်လျက်ရှိသဖြင့် အနည်းဆုံး ဤ ချွန်ထက်သော နေရာကိုဖြတ်ပစ်ရန် အကြံပေးပါသည်၊

ဤသို့ဖြတ်ပစ်လိုက်လျှင် အစွန်းထွက်ခြင်းရှိတော့မည်မဟုတ်သဖြင့် တစ်စုံတစ်ရာနှင့် ငြိတွယ်ရန် အကြောင်းမရှိတော့ပါ။ သို့ဖြစ်၍ ကျွန်တော်၏ ဇနီးသည် အကြံပေးချက်မှာ အလွန်သင့်မြတ်လှပါသည်၊ သို့သော် ဤမျှလောက် ရှားပါးစွာ ကောက်ယူရရှိခဲ့သော ပစ္စည်းဖြစ်သဖြင့် ကျွန်တော်မပြုလုပ်လိုပါ၊ မဝါနုကမူ ယခုအချက်ချင်းပင် ဖြတ်ပစ်ရန် တိုက်တွန်းလျက် ရှိပါတော့သည်၊

နောက်ဆုံးတွင် နားပူလှသဖြင့် ချွန်ထွက်နေသော လက်ညှိုးကိုဖြတ်ပစ်တော့မည်...ဟု နောက်ဖေးဂိုဒေါင်သို့သွား၍ လွှတစ်စင်းကိုယူလာခဲ့ပါသည်၊ ကျွန်တော်သည် လွှကိုကိုင်၍ အရုပ်ကြီးအနီးသို့ ချဉ်းကပ်သွားပါသည်၊ အရုပ်ကြီး၏ မျက်နှာကို ကြည့်မိသောအခါ ကျွန်တော်သည် ဖျတ်ခနဲ လန့်၍သွားမိပါသည်၊

မျက်နှာမှာ ယခင်က လူကိုစိုက်ကြည့်နေသကဲ့သို့ ပြောင်ဖြီးဖြီး ပြုံးစိစိ မျက်နှာမဟုတ်တော့ဘဲ မဲ့ရွဲ့ညှိုးငယ်စွာရှိနေသည်...ဟု ကျွန်တော်ထင်မိပါသည်၊ အနီးသို့ကပ်၍ကြည့်လေလေ၊ ဝမ်းနည်းကြေကွဲသည့်အမူအရာမျိုး မျက်နှာပေါ်တွင် ပေါ်လာလေလေ ထင်ရပါသည်၊

သို့နှင့်ကျွန်တော်လည်း မဝါနုအားဖျောင်းဖျကာ အကယ်၍ဖြတ်ပစ်လိုက်တ အရုပ်မှာ ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ အရိုးအချိတ် တည့်တော့မည်မဟုတ်ကြောင်း၊ ရှားပါးသော အနုပညာရှေးလက်ရာပေါင်းတစ်ခုကိုဖျက်ဆီးပစ်ရန်မသင့်ကြောင်း၊ သူ့အမြတ်တနိုးထားသော အရုပ်များနှင့် နှိုင်းစာကြည့်သင့်ကြောင်း စသည်ဖြင့် ပြောရတော့၏။

ကျွန်တော်၏ ဇနီးသည်မှာမူ စိတ်မကျေမချမ်းပင် ရှိနေသေး၏။

မဝါနုသည် အခန်းထဲမှ ထွက်သွား၍ ကျွန်တော်လည်း မရှေးမနှောင်းပင် သူ့နောက်က လိုက်သွား၏၊ သို့သော် တံခါးဆီသို့ရောက်၍ နောက်သို့ ပြန်လှည့်ကြည့်လိုက်သည်တွင် အရုပ်ကြီးသည် ကျွန်တော့်အား မျက်စိတစ်ဖက်မှိတ်ကာ ပြုံး၍ပြလိုက်သကဲ့သို့ ထင်လိုက်ရ၏၊ ဤသည်တို့မှာ မဝါနု၏ အယူသည်းမှု၊ ကြောက်ရွံ့မှုတို့သည် ကျွန်တော့်အား ကူးစက်လျက် ကျွန်တော်၏ စိတ်များ ချောက်ချားလာသဖြင့် ဖြစ်ရခြင်းပေလော...မပြောတတ်ပေ၊

═◈═

www.burmeseclassic.com

ကျွန်တော်တို့၏ အိမ်ထောင်ရေးသည် ထိုအချိန်အထိ အဆင်ပြေ၍ လာခဲ့ပါသည်။

ဤသို့ရှိနေရာမှ မောင်ဘမြိုင်ဆိုသော သူငယ်တစ်ယောက် ရောက်လာပါသည်။ မောင်ဘမြိုင်မှာ မဝါနုဘက်မှ မောင်တစ်ဝမ်းကွဲ တော်စပ်သူဖြစ်၍ မကြာမီကမှ ကျောက်ဖြူမြို့ ကြေးတိုင်ရုံးသို့ စာရေးကြီးဘဝဖြင့် ပြောင်းရွှေ့လာပါသည်။

ကျွန်တော်တို့ထံသို့ လာရောက်နှုတ်ဆက်ရာ မဝါနုကပင် အိမ်တွင် လူနည်းသဖြင့်တစ်ကြောင်း၊ ကျွန်တော့်မှာလည်း တောသို့မကြာခဏတက်၍ စပါးဝယ်ရသဖြင့်တစ်ကြောင်း၊ မောင်ဘမြိုင်မှာလည်း အိုးအိမ်မရှိသေးသဖြင့် တစ်ကြောင်း မိမိတို့အိမ်သို့ လာရောက်နေထိုင်က နှစ်ဦးနှစ်ဖက် အဆင်ပြေရန် ရှိကြောင်းဖြင့် အကြံပေးရာ ကျွန်တော်ကပါ သဘောတူလိုက်ပါသည်။

သို့နှင့် မောင်ဘမြိုင်သည် ၄-၅ ရက်အတွင်း၌ သူ၏ပစ္စည်းကလေးများကို ယူ၍ ကျွန်တော်တို့အိမ်သို့ ပြောင်းရွှေ့လာပါသည်။ လျှင်မြန်ဖျတ်လတ်၍ ပေါ့ပါးသော လူငယ်တစ်ယောက်ဖြစ်ပြီးလျှင် ရုပ်ရည်လည်း သင့်တင့်သူတစ်ယောက် ဖြစ်ပါသည်။

ယခင်အခါများက ကျွန်တော်သည် တောသို့ နှစ်ညအိပ်၊ သုံးညအိပ်မျှ တက်သွားသောအခါ မဝါနုအား အိမ်တွင် စိတ်မချသဖြင့်တစ်ကြောင်း၊ သူကိုယ်တိုင်ကလည်း မနေရဲသဖြင့်တစ်ကြောင်း သူ၏ အရီးအိမ်သို့ ပို့၍ထားခဲ့ရပြီးလျှင် ကျွန်တော်က ပြန်လာသောအခါမှ ဝင်၍ ခေါ်ခဲ့ရပါသည်။ ထမင်းချက် မိအေးမှာလည်း မျက်မမြင် အမေအိုကြီးတစ်ယောက်သာရှိ၍ အိမ်သို့ လာ၍မအိပ်နိုင်ပါ။ နံနက်ဝေလီဝေလင်းတွင် ရောက်လာတတ်၍ညဥ့်မှောင်လျှင် သူ့အိမ်သို့ပြန်သွားပါသည်။

ယခုမူ အိမ်သို့ မောင်ဘမြိုင်ရောက်လာသဖြင့် အတော်ပင် အဆင်ပြေ၍ သွားပါတော့သည်။ တောသို့ ကုန်ဝယ်ရန် တစ်ရက်၊ နှစ်ရက်မျှ တက်သွားသောအခါ၌သော်လည်းကောင်း၊ ရပ်ဝေးသို့ ၃-၄ ညအိပ် ခရီးသွားသောအခါများ၌လည်းကောင်း အိမ်အတွက် ပူပန်စရာမရှိတော့ပါ။



မောင်ဘမြိုင်မှာ နံနက် ၉ နာရီအချိန်တွင် ရုံးသွား၍ ညနေ ၅ နာရီတွင် အချိန်မှန် ပြန်လေ့ရှိပါသည်။ အလည်အပတ် အလွန်နည်း၍ အိမ်မှာသာ တဖတ်နေလေ့ရှိပါသည်။ သူ့အစ်မကို အလွန်ခင်မင်ပြီးလျှင် သူ့အစ်မကလည်း အိမ်၌ အားကိုးအားထားရသူတစ်ယောက် တိုးလာသည့်အနေဖြင့် အလွန်ဂရုစိုက်ပါသည်။ မဝါနုအား "မမ" ဟုခေါ်၍ ကျွန်တော်အား "အစ်ကိုကြီး" ဟုခေါ်ပါသည်။စိတ်သဘောထားရိုးဖြောင့်သူတစ်ယောက်ဖြစ်ကြောင်းကိုလည်း တွေ့ရပါသည်။ သို့ဖြစ်၍ ကျွန်တော့်မှာ အလုပ်ကို ယခင်ကထက် အေးယ်ပြန့်စွာ လုပ်နိုင်ပြီးလျှင် ခရီးသွားရာ၌လည်း စိတ်အေးလက်အေး သွားနိုင်ပါတော့သည်။ အလုံးစုံခြုံ၍ပြောရမည်ဆိုသော် မောင်ဘမြိုင်ရောက်လာသည့်အတွက် ကျွန်တော်တို့အိမ်ထောင်မှာ ယခင်ကထက် သာယာစိုပြည်၍ လာပါတော့သည်။ သို့သော် ကျွန်တော်၏ စိတ်အနှောင့်အယှက်တစ်ခုမှာ မောင်ဘမြိုင်က "အရုပ်ကြီး" ကိုမလိုမုန်းတီးကာ မျက်စောင်းတခဲခဲနှင့် ရှိနေခြင်း ဖြစ်၏။ သူ့အစ်မ ခြေရာကိုနင်းကာ အရုပ်ကြီးကို မြင်သည့်အခါတိုင်း "ဒွီ ဖွယ် " ပင်လုပ်၍ သွားတတ်၏။ တစ်ခါတွင် မောင်ဘမြိုင်က ကျွန်တော်အား ...

"ဒီကုလားအဘိုးကြီးရုပ်ကိုဘာဖြစ်လို့ဧည့်ခန်းမှာလာထားသလဲအစ်ကိုကြီးရဲ့၊ အကျည်းတန်က တန်ပါဘိနဲ့၊ မြင်လိုက်တိုင်း အော့နလုံးနာစရာကောင်းတာပဲ "

"အကျည်းတန်တာသာမောင်ဘမြိုင်ကမြင်တာကိုး၊ ရှေးကယဉ်ကျေးမှုလက်ရာတစ်ခုဆိုတာလည်း သတိရဦးမှပေါ့"

"ဘယ်လို ရှေးဟောင်းလက်ရာလဲ"

"ပင်လယ်ကမ်းခြေက အစ်ကိုကြီးတို့ကောက်ယူခဲ့တယ်လေ၊ ပင်လယ်လှိုင်းပုတ်ပြီး လာတင်နေတာ မဟုတ်လား၊ တို့ဗမာနိုင်ငံကပစ္စည်းမဟုတ်ဘူး မောင်ဘမြိုင်၊ အစ်ကိုကြီးစိတ်ထင်တော့ အိန္ဒိယပြည်ဘက်ကလား၊ ဒါမှမဟုတ်လည်း သင်္ဘောဖြစ်စေ၊ လှေကြီးဖြစ်စေ ပျက်လို့အဲဒီကမျောပါလာတဲ့ အရုပ်လား မသိရဘူး"



www.burmeseclassic.com

www.burmeseclassic.com

" ဘာပဲဖြစ်ဖြစ် ကြည့်ရတာ ကျက်သရေမရှိပါဘူး၊ အစ်ကိုကြီးရယ် "

"အနုပညာဆိုတာ လှတာ ချောတာကိုမှ အနုပညာရယ်လို့ ဘယ်ဟုတ်မလဲ မောင်ဘမြိုင်။ ထူးဆန်းတာ၊ ရှေးဆန်တာ၊ သဘာဝကျတာတွေဟာလည်း အနုပညာတွေပဲ မဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ်။ နို့ပေမဲ့ - အစ်ကိုကြီးတို့အိပ်တဲ့အခန်းထဲက ကိန္နရာရုပ်ကလေးလိုမှ၊ မမသဘောကျတဲ့ ငွေဖိုးငြိမ်းဖြူရုပ်ကလေးလိုမှ ကျွန်တော် ကြည့်ချင်တယ် "

"ပြီးတော့ ဒီအရုပ်ဟာ လူရိုင်းကျွန်းတစ်ကျွန်းကျွန်းက ကိုးကွယ်တဲ့နတ်၊ သို့မဟုတ် ဘုရားရုပ်တုမျိုးလည်း ဖြစ်နိုင်တယ်"

" အိန္ဒိယသမုဒ္ဒရာထဲမှာတော့ ရှိနိုင်မယ် မထင်ပါဘူး အစ်ကိုကြီးရယ်"

" ပစိဖိတ်သမုဒ္ဒရာတို့၊ တောင်သမုဒ္ဒရာတို့ကလည်း မျောလာနိုင်တယ်။ မြိတ်နဲ့ ထားဝယ်ဘက်ကမ်းခြေမှာ ပေါက်တဲ့ သစ်ပင်ကြီးတွေတောင် ရေစီးကြောင်းနဲ့ တစ်ခါတလေ မျောပါပြီးရောက်လာတယ်။ လွန်ခဲ့တဲ့ ၅ နှစ်လောက်ကလည်း ပစိဖိတ်သမုဒ္ဒရာမှာနေတယ်တဲ့ ဝေလငါးကြီးမျိုးတစ်ကောင်ရဲ့ ခေါင်းပိုင်းကြီးဟာ ဝံလက်မော်ရွာ တောဘက်နားမှာ လှိုင်းပုတ်ပြီး ကမ်းမှာ တင်နေတာ တွေ့ဖူးတယ်"

"အဲဒီလို လူရိုင်းတွေကိုးကွယ်တဲ့ နတ်ရုပ်များဖြစ်လေရော့သလား အစ်ကိုကြီးရယ်"

"ဖြစ်ချင်လည်း ဖြစ်နိုင်တာပေါ့ကွယ်၊ အင်မတန် အချိုးအစားကျပြီး လက်ရာကလည်း တို့ဗမာလက်ရာနဲ့ မတူဘူး"

"ပြီးတော့ ဒီဟာကြီးဟာ ခြောက်များခြောက်သလား . . . မပြောတတ်ဘူး"

"မဟုတ်တာကွယ်၊ ဘာဖြစ်လို့လဲ "

"မနေ့မနက်က ခေါင်းရင်ဘက်မှာထားတဲ့ပန်းအိုးကလေးကို အောက်ချပေးဖို့ မမခိုင်းလို့ ကျွန်တော်သွားတဲ့အခါ သူ့ရှေ့ကဖြတ်သွားရတယ်၊ ကျွန်တော်လည်း သူ့မျက်နှာကြီး ကြည့်ရမှာ ကြောက်တာနဲ့ မျက်နှာကို ခပ်လွှဲလွှဲ



သားသွားပါတယ်၊ ရှေ့နားလည်းလွန်မိရော ကျွန်တော့ပခုံးကို နောက်က တို့လိုက်သလိုပဲ ထင်ရတယ်၊ ဖျတ်ခနဲ ကျွန်တော် လှည့်ကြည့်တော့ သူ့လက်တစ်ဖက်က နောက်ကို ရုပ်လိုက်သလို လှုပ်သွားတာ မြင်လိုက်ရတယ် အစ်ကိုကြီးရဲ့"

" ဟုတ်မယ် မထင်ပါဘူးကွယ်၊ မင်း စိတ်ထင်လို့များလား "

"ဒီဟာထားပါဦး၊ ကျွန်တော်လည်းစိတ်ဆိုးပြီး - တယ် ဒီအကောင်ကြီး ငါကန်လိုက်ရဆိုပြီး ပါးစပ်က ရွတ်ရင်း ကစားရင်း ခြေထောက်နဲ့ကန်သလို လုပ်လိုက်မိတယ်၊ အဲဒီလိုလည်း လုပ်လိုက်ရော ကျွန်တော့်ညိုသကျည်းကို လူတစ်ယောက်က တကယ်ကန်လိုက်သလို ဖျတ်ခနဲဖြစ်သွားတယ်၊ တကယ်နာသွားပြီး လုံချည်လှန်ကြည့်တဲ့အခါ အဲဒီနေရာမှာ အညိုမည်းစွဲနေပါလေရော့လား အစ်ကိုကြီးရဲ့၊ မယုံရင် ဒီမှာကြည့်လေ "

မောင်ဘမြိုင်သည် သူ၏ခြေသလုံးကိုလှန်၍ ကျွန်တော်အား ပြပါသည်။

"အရာထင်နေတာတော့ ဟုတ်ပါရဲ့၊ နို့ပေမဲ့ - အောက်ကခုံစွန်းကိုများ မင်း သွားပြီး ကန်မိသလားမှ မပြောတတ်ဘဲ"

"မကန်မိပါဘူးအစ်ကိုကြီးရယ်၊ အောက်ခုံမှာရှေ့က အစွန်းထွက်နေတာလည်း မရှိပါဘူး။ အဲဒီအထဲက ကျွန်တော်တော့ အရင်ကထက် ကြောက်လာတယ်၊ တခြားတစ်နေရာမှာ ထားလိုက်ပါ အစ်ကိုကြီးရယ် "

"အေးကွယ် - ငါလည်းစဉ်းစားပါဦးမယ်၊ မင်းတို့မောင်နှမနှစ်ယောက်က ဒီလောက်ကြောက်နေရင် ငါတော့ ရန်ကုန်ပြတိုက် လှူလိုက်ရင် အကောင်းဆုံး ထင်တာပဲ"

"ကောင်းတာပေါ့ အစ်ကိုကြီးရဲ့ - မြန်မြန်သာလှူလိုက်ပါ အစ်ကိုကြီးရယ်"

═◈═



www.burmeseclassic.com

www.burmeseclassic.com

ရက်သတ္တပတ်များသည် တဖြည်းဖြည်းကုန်လွန်လာခဲ့၏။ နေ့ရက်များ ကုန်လွန်သည်နှင့်အမျှ မဝါနနှင့် မောင်ဘမြိုင်တို့၏ ရင်းနှီးမှုသည်လည်း တိုး၍လာခဲ့၏။ မောင်ဘမြိုင်ကကျွန်တော်၏ဇနီးသည်အတွက်ပန်းများရှုပေးခြင်း၊ ကျွန်တော်၏ ဇနီးသည်ကလည်း မောင်ဘမြိုင်အတွက် အဝတ်အစားများ မီးပူတိုက်ပေးခြင်း၊ ခေါက်ပေးခြင်းများကို ပြုလုပ်၏။ လခထုတ်သည် နေ့များ၌ မောင်ဘမြိုင်သည် မဝါနအတွက် အဝတ်အစား အသစ်အဆန်းကလေးများကိုဝယ်၍လာတတ်၏။ အချိန်ကြာမြင့်လေလေ၊ သူတို့၏ရင်းနှီးမှုတိုးတက်လာလေလေ ဖြစ်တော့၏။

တစ်နေ့သောညနေ၌ကျွန်တော်သည်အလုပ်မှ ခပ်စောစောပြန်လာရာ အိမ်ပေါ်တွင် မည်သူ့အသံမျှ မကြားရသည်နှင့် အောက်ထပ်သို့ ဆင်းလာခဲ့၏။ နောက်ဖေးစားဖိုဆောင်၌ ရေနွေးအိုးတစ်လုံးသည် မီးဖိုပေါ်တွင် ဆူဝေလျက်ရှိ၏။ ထိုအခါမှ ထမင်းချက် မိအေးသည် ဖျားနေသဖြင့် ထိုနေ့မလာနိုင်ကြောင်းနံနက်ခင်းက သူ့မိခင်ကြီးလာပြောသည်ကိုကျွန်တော် သတိရ၏။ သို့ဖြစ်၍ အိမ်၌ မဝါနတစ်ယောက်တည်းသာ ရှိပေမည်။ မဝါနသည် အိမ်တွင် တစ်ယောက်တည်း ပျင်း၍သော်လည်းကောင်း၊ အခြား အသေးအဖွဲကိစ္စတစ်ခုခုရှိ၍သော်လည်းကောင်း၊ အိမ်နီးနားချင်းများထံ အလည်အပတ်သွား၍နေလေသလော့ဟု အောက်မေ့မိ၏။

သို့နှင့် ရေနွေးအိုးကို မီးလျှော့ကာ အိမ်ပေါ်ထပ်သို့ တက်ခဲ့၏။ အဝတ်အစားများလဲ၍ ဧည့်ခန်းသို့ထွက်ခဲ့သောအခါ စားပွဲကုလားထိုင်နှင့် အခြားအလှအပ ပစ္စည်းအားလုံးပင် ပြောင်စင်စွာရှိနေလျက် ကျွန်တော်၏ "အဘိုးကြီးရုပ်" တစ်ခုသာ ဖုန်တသောသော ရှိနေသည်ကို တွေ့ရသဖြင့် ကျွန်တော်လည်း အဝတ်စုတ်တစ်ခုကို ယူပြီးလျှင် အောက်ပိုင်းကို အဝတ်ဖြင့်ပွတ်သပ်လျက်ရှိစဉ် တစ်စုံတစ်ခုက ကျွန်တော်၏ ပခုံးကိုလက်ဖြင့် တို့လိုက်သကဲ့သို့ ထင်ရ၏။ နောက်သို့ပြန်၍ လှည့်ကြည့်ရာ မည်သူမျှရှိချေ။ သို့နှင့် ဆက်လက်ပွတ်တိုက်လျက်ရှိရာ ဒုတိယအကြိမ် လူတစ်ယောက်က လက်နှင့်တို့လိုက်သကဲ့သို့ ရှိသည်ကို ခံစားရပြန်၏။ အတို့ခံရသောနေရာနှင့် အနီးဆုံးမှာ အရုပ်၏လက်ယာဘက်လက်သာဖြစ်၏။



ထိုအခါ ကျွန်တော်လည်း မိမိ၏မျက်လုံးကို ပွတ်၍ကြည့်ရာ အရုပ်၏ လက်ယာဘက်လက်မှာ ယခင်ကကဲ့သို့ ခပ်ကွေးကွေးမဟုတ်တော့ဘဲ ခပ်ဖြောင့်ဖြောင့်ရှိနေပြီးလျှင် ပိုတစ်ကြိမ်က ကျွန်တော်တို့ဖြတ်ပစ်မည်ကြံစည်ခဲ့သော လက်ညှိုးသည်လည်း ခပ်တန်းတန်းဖြစ်ကာ တစ်စုံတစ်ရာ လက်ညှိုးထိုး၍ ညွှန်ပြနေသကဲ့သို့ ရှိတော့၏။ သူ လက်ညှိုးညွှန်ပြလျက်ရှိသော နေရာ၌ကား နောက်ဖေးဘက်သို့ ဖွင့်ထားသည့် မှန်ပြတင်းပေါက်တစ်ခု ရှိလေသည်။

သို့နှင့် ကျွန်တော်လည်း ပြတင်းပေါက်ဆီသို့ လာခဲ့ပြီးလျှင် နောက်ဖေးခြံထဲသို့လှမ်း၍ ကြည့်လိုက်ရာ မောင်ဘမြိုင်နှင့် မဝါနတို့ကို မမျှော်လင့်ဘဲ မြင်လိုက်ရ၏။ မဝါနက ခုံကလေးတစ်ခုအစွန်းတွင် ကျွန်တော့်ဘက်ကို ကျောခိုင်းထိုင်နေ၍ မောင်ဘမြိုင်က အနီးတွင် မတ်တတ်ရပ်လျက် ရှိ၏။ ကျွန်တော် တွေ့မြင်သောခဏ၌ မောင်ဘမြိုင်က ဆံထုံးတွင် ပန်းပွင့်ကလေး တစ်ပွင့် ထိုးစိုက်ပေးလိုက်ရာ မဝါနက ထိုလက်ကို ပုတ်ချလိုက်ဟန်တူလေသည်။ အဘယ်ကြောင့်ဆိုသော် မဝါန၏ ကိုယ်အထက်ပိုင်းမှာ ချိုတစ်ချိုးကွယ်နေ၍ ပန်းပွင့်ကလေးကိုကိုင်၍ လှမ်းလိုက်သော မောင်ဘမြိုင်၏လက်နှင့် ပုတ်ချလိုက်သော မဝါန၏ဖြူဖွေးသော လက်ကလေးများကိုသာ ရိပ်ခနဲမြင်လိုက်ရခြင်းဖြစ်လေသည်။

ကျွန်တော်သည် ပြတင်းတံခါးတစ်ဖက်ကို "ဂျိုင်း" ခနဲ မြည်အောင် ဖွင့်လိုက်ပြီးလျှင် ဧည့်ခန်းထဲသို့ ပြန်၍ဝင်ခဲ့၏ ။ ထူးဆန်းသည်မှာ "ကုလားအဘိုးကြီး" သည် ကျွန်တော် ပြတင်းပေါက်ဆီသို့သွားစဉ်က ၎င်း၏လက်မှာ ခပ်တန်းတန်း ရှိနေ၍ တစ်စုံတစ်ရာကို ညွှန်ပြနေသကဲ့သို့ရှိသော်လည်း ယခု အခန်းတွင်းသို့ ပြန်ဝင်လာသောအခါ၌မူ အိမ်သို့မူလယူလာခဲ့စဉ်က အနေအထားအတိုင်းပင် ရှိနေလေသည်။

မကြာမီ မဝါနနှင့် မောင်ဘမြိုင်ပါ အခန်းတွင်းသို့ ဝင်လာကြရာ မောင်ဘမြိုင်က ...

"အစ်ကိုကြီး ဒီနေ့ စောစောပြန်လာသကိုး"



www.burmeseclassic.com

www.burmeseclassic.com

ဟု ရယ်မောပြောဆိုလျက် မဝါနကမူ အနည်းငယ် မျက်နှာပျက်သွားပြီးနောက် ချက်ချင်းပင် ကုန္ဒြေပြန်၍ဆည်လိုက်ကာ ကျွန်တော့် မျက်နှာကို ရဲရဲ မကြည့်ဘဲ . . .

"မောင်ဘယ်ကိုသွားစရာရှိသေးလဲ၊ ထမင်းစောစောစားကြရအောင်၊ မောင်ကြိုက်တတ်တဲ့ ဆိတ်ကာလီစာဟင်း ချက်ထားတယ်"

ဟု ပြောလေသည်။

ကျွန်တော်သည် အနည်းငယ် သံသယဖြစ်မိ၏။ သို့သော် ထိုသံသယမျိုးမှာ မယားကို အချစ်လွန်သောသူများ ဖြစ်မြဲမွေတာအတိုင်း ဖြစ်ရခြင်း ဖြစ်သည်ဟု စိတ်ကိုဖြေဖျောက်လိုက်၏။

ညစာ စားသောက်ပြီးနောက် မောင်ဘမြိုင်သည် ရုပ်ရှင်ကြည့်ရန်ဆို၍ အိမ်မှထွက်သွားလေရာ ကျွန်တော်နှင့် မဝါနသာ အိမ်တွင် ကျန်ရစ်ခဲ့၏။ ရေမိုးချိုး၍ သနပ်ခါးလိမ်းပြီးနောက် မဝါနသည် ကျွန်တော်စာဖတ်နေသော အခန်းတွင်းသို့ ဝင်လာ၏။ သူသည် ကျွန်တော်စာဖတ်နေသော ကုလားထိုင်နောက်မှ မတ်တတ်ရပ်ကာ လက်နှစ်ဖက်ကို ကျွန်တော့်ပခုံးပေါ်မှနေ၍ ကျွန်တော့် ရင်ဘတ်ပေါ်သို့ အလိုက်သင့်ချထားလိုက်၏။ သူ၏ကိုယ်၌ သနပ်ခါး၊ ပေါင်ဒါနံ့များ၊ ဆံပင်မှ ဆီမွှေးနံ့များသည် တစ်ခန်းလုံးကြိုင်လှိုင်လျက်ရှိ၏။ သန့်ရှင်းဖြူစင်သော အဝတ်အစားများကို ဝတ်လျက် အပြာနုရောင် တစ်ပတ်ရစ်ပိုးလုံချည်ကလေးကိုဝတ်ထားရာ ကျစ်လျစ်ပြည့်ဖြိုးသော သူ၏ ကိုယ်လုံးကိုယ် ပေါက်ကလေးမှာ တင်းတင်းရင်းရင်းရှိလှပေ၏။

"မောင် – ဒီအရုပ်ကြီးကို ရန်ကုန်ပို့မလို့ဆို"

"ဘယ်သူ ပြောလဲ"

"မောင်ဘမြိုင်ပြောတယ်။ နလည်းညနေကဟင်းအိုးတွေကျတော့ခြံထဲ သွားပြီး နှင်းဆီပင်ကလေးတွေ မြေတောင်မြှောက်ပေးနေတယ်၊ အဲဒီတုန်းက ပြောတယ်"

"ဒါက ရန်ကုန်ပြတိုက်ကို စာရေးပေးပြီး သူတို့က လက်ခံမှ ပို့ဖြစ်မှာပါ နရယ်"

"မြန်မြန်ပို့ဖြစ်ရင် သိပ်ကောင်းမှာပဲ"





ထိုတိုင်တို
စိုက်ပြီးသည့်အချိန်မှစ၍
အထုတော်နေသော
ကျောင်းဒေါင်မိုးပေါ်သို့
ဘဲများကျလာခြင်း၊
ဝိဥ်ကွက်များ
အလိုအလျောက် ငြိမ်းသွားခြင်း၊
လူကို မမြင်ရဘဲ
အွမ်းအုပ်များအပေါ်သို့
ပြောက်ဝါသွားခြင်း
စသည်ဖြင့်...

- - - - - - - - - - - - - - - - - - - -

"ဘာဖြစ်လို့လဲ"

"ဒီအရုပ်ကြီးက နည်းနည်းလေးမှ ကောင်းကျိုးမပေးဘူး၊ တစ်နေ့က မောင်ဘမြိုင်က ပြုက်ချည်းပြုက်ချော်နဲ့ "တယ် ဒီအကောင်ကြီး ငါခြေထောက်နဲ့ ကန်လိုက်ရ" ဆိုပြီး ရွယ်လိုက်တာ သူက မကန်ရသေးဘူး၊ သူ့ခြေထောက်မှာ ဒေါက်ခနဲမြည်သွားပြီး သွေးချည်ဥသွားသတဲ့၊ ဒီအရုပ်ကြီး အသက်များ ရှိလေရော့သလား မောင်ရယ်"

"အို . . . နကလည်း မဖြစ်နိုင်တာ ပြောနေပြန်ပြီကွယ်၊ အရုပ်မှာ အသက် ရှိတယ်လို့ န ကြားဖူးသလား"



www.burmeseclassic.com

www.burmeseclassic.com

"ကြားတော့ မကြားဖူးပါဘူး၊ ဪ . . . ဒါထက် မောင် မအိပ်သေးဘူးလား"

"အစောကြီးရှိသေးတာပဲ"

"နတော့ အိပ်ချင်လှပြီ"

"အိပ်ချင် သွားအိပ်ပေါ့"

"ဟင့်အင်း . . . န တစ်ယောက်တည်းကြောက်တယ်၊ လာပါမောင်ရယ် . . . န တစ်ယောက်တည်း ကြောက်လို့ပါ"

ထိုနောက် ဖနီးသည်သည် သူ၏ ဖြူဖွေးမွေးကြိုင်သော ပါးကလေးဖြင့် ကျွန်တော်၏ပါးတစ်ဖက်ကို ပွတ်သပ်လျက် လက်နစ်ဖက်ကလည်း ကျွန်တော်၏လက်မောင်းများကို လျှောသပ်ပွတ်တိုက်လျက်ရှိရာ ကျွန်တော့်မှာ သူ၏လည်ပင်းကိုဖက်ကာ အားပါးတရနမ်းရှုပ်မိလေ၏။ ထို့နောက် သူဆွဲခေါ်ရာ အိပ်ခန်းဆီသို့ လိုက်ပါသွားရလေသတည်း။

═◈═

၁၅ ရက်ခန့်ကြာလတ်သော် . . . ကျွန်တော်သည် တောသို့ စပါးဝယ်ရန် တက်သွားရ၏။ ကျွန်တော်သွားမည့် ရွာ မှာ မိုင် ၃၀ ခန့်ဝေးသည့်အပြင် စပါးကလည်း များသဖြင့် ၂ ရက်မျှ စုဆောင်းဝယ်ယူရမည်ဖြစ်သောကြောင့် ၂ ညအိပ်နေမည့် အကြောင်းကို အိမ်သားများအား ပြောခဲ့၏။

သို့သော် စပါးများမှာ ဈေးတက်နေသဖြင့် ကျွန်တော်ထင်သည့်အတိုင်း ဝယ်မရဘဲရှိခဲ့ရာ တစ်ညအိပ်ပြီးသည့်နောက် နောက်တစ်နေ့ နံနက်စောစောပင် ဟင်းသီးဟင်းရွက်များတင်သော ကားကြုံဖြင့်ပြန်ခဲ့၏။ ကျွန်တော်မှာ နဂိုဝါသနာကပင် အိမ်ကိုခင်မင်၍ အိမ်ထောင်အတွက် သံယောဇဉ်ကြီးသူတစ်ယောက် ဖြစ်၏။

နံနက် ၅ နာရီသာသာတွင် မြို့သို့ ရောက်လာခဲ့ရာ အိမ်သို့ရောက်သောအခါ ၆ နာရီမျှ ရှိပြီးဖြစ်သော်လည်း တပို့တွဲလ ဆောင်းရာသီဖြစ်သဖြင့် အလင်းရောင်လာသည်ဆိုရုံမျှသာရှိသေး၏။ ခြံတွင်းသို့ဝင်၍ တံခါးကိုခေါက်



ပြီးလျှင် ဖနီးသည်၏ အမည်ကိုလည်းကောင်း၊ မောင်ဘမြိုင်၏အမည်ကိုလည်းကောင်း ခေါ်၍မရသဖြင့် ကျွန်တော်လည်း နောက်ဖေးမီးဖိုဘက် လှည့်ခဲ့၏။ မီးဖိုဘေးရှိပြတင်းပေါက်တံခါးရွက်တွင် ပျဉ်ချပ်မရှိဘဲ ဟင်းလင်းဖြစ်နေသဖြင့် ၎င်းမှ လက်နှိုက်၍ အတွင်းမျောက်လက်ကို ဆွဲဖွင့်လျှင်ရနိုင်ကြောင်း ဉာဏ်ရသည့်အတိုင်း ထိုပြတင်းပေါက်ကိုဖွင့်၍ အိမ်တွင်းသို့ ဝင်ခဲ့လေသည်။

ဆောင်းတွင်းဖြစ်သဖြင့် ကျွန်တော်၏ဖနီးသည်မှာ နှစ်ယောက်အိပ် ခုတင်ပေါ်တွင် ချမ်းချမ်းနှင့် ကွေးနေပေလိမ့်မည်၊ သို့သော် . . . မည်သို့ပင်ဖြစ်စေ၊ မောင်ဘမြိုင်သည် အိပ်ရာမှ စောစောထသော အလေ့အကျင့်ရှိသူတစ်ယောက်ဖြစ်၍ အိပ်ရာမှ မှုချနိုးနေရပေမည်။ မောင်ဘမြိုင် အိပ်ရာသို့ သွားရောက်ကြည့်ရှုသောအခါ ခြင်ထောင်မှာ အပေါ်သို့ပင့်တင်ထားသည်ကို တွေ့ရ၏။ နောက်ဖေးတံခါးကိုဖွင့်ကာ နောက်ဖေးဘက်သို့ လှည့်ပတ်ကြည့်ရှုစစ်ဆေးသေး၏။ သို့သော် . . . မည်သူ့ကိုမျှ မတွေ့ရှိချေ။

"ဒီအကောင် အိမ်ပေါ်များ တက်အိပ်နေသလား မပြောတတ်ဘူး" ဟု စိတ်ထဲမှရေရွတ်ကာ အိပ်ပေါ်သို့အပြေးအလွှားတက်သွားမိ၏။ ထိုအချိန်မှပင် ဇနီးသည်အပေါ် သံသယများ ဝင်လာ၏။ မောင်တစ်ဝမ်းကွဲဖြစ်သူ မောင်ဘမြိုင်နှင့် တစ်နေ့ထက်တစ်နေ့ ရင်းနှီးလာကြပုံများ၊ ယခင်က သတိမထားခဲ့မိသော အပြုအမူများသည် ရုပ်ရှင်ပြသကဲ့သို့ ကျွန်တော်၏စိတ်တွင် တစ်ခုပြီးတစ်ခု ပေါ်၍လာတော့၏။ ထိုအခါ တောတက်ရာတွင် ဆောင်လေ့ရှိသော ခါးထဲမှ ဓားမြှောင်ကိုဆွဲထုတ်မိ၏။

"ခုတင်ပေါ် နှစ်ယောက်သား ဖက်အိပ်နေတာများ တွေ့ရင်လားကွယ်"

သို့ စိတ်ကူးပြီးနောက် တိတ်ဆိတ်လျက်ရှိသော ကျွန်တော်တို့ အိပ်ခန်းအနီးသို့ ချဉ်းကပ်သွားမိပါသည်။ တံခါးမှာ စေ့ရုံသာစေ့ထားသဖြင့် အတွင်းသို့ တွန်းလိုက်ရာ . . . တံခါးပွင့်သွားပါတော့သည်။ ဓားမြှောင်ဦးကို လက်ဖြင့်စမ်းလိုက်မိပါသေးသည်။ ထိုအချိန်၌ အလင်းရောင်များသည် နံဘေးပြတင်းပေါက်တရုတ်ကပ်များကြားမှ ဝင်လာကြပြီးဖြစ်ရာ နှစ်ယောက်အိပ်ခုတင်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်တွင် ကျွန်တော်ထင်သည့်အတိုင်း မည်သူ့ကိုမျှ မတွေ့ရဘဲ စောင်နှင့် ခေါင်းအုံးများသာ ဖရိုဖရဲဖြစ်နေသည်ကို တွေ့ရပါသည်၊ မည်သည့်နေရာသို့ သွားနေကြလေသနည်း၊

သို့နှင့်ကျွန်တော်သည်အခန်းထဲမှပြေးထွက်လာခဲ့ပါသည်၊ ထိုခဏတွင် ဧည့်ခန်းဘက်မှ ညည်းတွားသံလိုလို အသံတစ်သံ ကြားရသဖြင့် ကျွန်တော် လည်း ဧည့်ခန်းဘက်သို့ ကူးခဲ့မိပါသည်၊ ကျွန်တော်မြင်လိုက်ရသော ရှုခင်း ကား...ကျွန်တော်၏ တစ်သက်တွင် မယုံနိုင်စရာပင် ဖြစ်ပါသည်၊

ကျွန်တော်၏ဇနီးသည် မဝါနုမှာ ဆိုဖာပေါ်တွင် သတိမေ့ကာ ပက်လက် လန်လျက်ရှိနေပါသည်၊ လက်ဝဲဘက်လက်ကို နံဘေးသို့ချလျက် လက်ယာ ဘက်လက်မှာ အောက်သို့တွဲလွဲကျနေပါသည်၊ အတွင်းခံအကျီမရှိဘဲ ပါး လွှာသော အပေါ်ဝတ် အကျီအပေါ်မှ ကြယ်သီးများ ပြုတ်ထွက်နေပါသည်၊ အနီးသို့ ချဉ်းကပ်သွားရာ အသက်ရှူနေသေးသည်ကို တွေ့ရသဖြင့် ဝမ်း မြောက်မိသလို ဖြစ်မိပါသေးသည်၊ ၄-၅ ကိုက်ခန့်ဝေးသည့် အခန်းထောင့် တစ်နေရာ၌ကား တွန့်လိပ်လျက်ရှိသော ကော်ဇောပေါ်တွင် မောင်ဘမြိုင် သည်ပက်လက်လန်လျက်ငင်း၏လက်ဝဲဘက်နံဘေး၌ကျွန်တော်၏ "အဘိုး ကြီးရုပ်" ကြီးမှာ မောင်ဘမြိုင်၏ လည်မျိုကို ဖျစ်ညှစ်နေသကဲ့သို့ လက်နှစ် ဖက်သည် မောင်ဘမြိုင် လည်ပင်း၏တစ်ဖက်တစ်ချက်စီသို့ရောက်နေသည် ကို ထူးဆန်းစွာ တွေ့ပါသည်၊

အနီးသို့ချဉ်းကပ်ကြည့်သောအခါ အရုပ်၏ လက်ယာဘက်လက်ညှိုး သည် မောင်ဘမြိုင်၏လည်မျိုအတွင်းသို့ ဖောက်ဝင်လျက်ရှိသည်ကို ဆွဲ ထုတ်လိုက်ရာ၏၊ ထိုအခါလည်ချောင်းအတွင်းမှသွေးများပင်ပန်းထွက်လာရာ ကျွန်တော်၏ လုံချည်စနှင့် အကျီလက်တစ်ဖက်ကိုစွန်း၍သွားပါသည်၊ မောင် ဘမြိုင်ကား အသက်မရှိတော့ပြီ၊

ထိုနောက် ချက်ချင်းပင် ကျွန်တော်သည် သတိမေ့နေသော မဝါနုဆီသို့ ပြေး၍သွားမိပြန်ပါသည်၊ သူ၏ကိုယ်ကလေးကို ယုယစွာပိုက်ထွေးပြီးလျှင် လှုပ်၍မိပါသည်၊ မလှုပ်မယှက်ရှိနေသေးသဖြင့် ကျွန်တော်သတိရပြီးလျှင်...



အခန်းထဲမှ အော်ဒီကလုံးရေမွှေးပုလင်းကိုပြေး၍ယူပါသည်၊ ထို့နောက် ရေခဲ စိမ်ရေမွှေးကို ငယ်ထိပ်၌လောင်းထည့်ပေးခြင်း၊ ရင်ဝကို လက်ဖြင့်တောက် ပေးခြင်း၊ နှာခေါင်းဝတွင်ရေမွှေးကို ခပ်များများ ဆွတ်ပေးခြင်းများကိုပြုလုပ် သဖြင့် အတန်ကြာသောအခါ မဝါနုသတိပြန်၍ လည်လာပါသည်၊

မဝါနုသတိရလျှင်ရချင်း အရုပ်ကြီးကို လက်ညှိုးထိုးကာ...

" သူသတ်တယ် . . .သူသတ်တယ် "

ဟုကျယ်လောင်စွာအော်ပါတော့သည်၊ ထို့နောက်မျက်နှာကိုလက်ဖြင့် အုပ်ကာ ပြင်းထန်စွာ ငိုပါတော့သည်၊

"သူက အတင်းလိုက်လို့ ပြေးရတာပါမောင်ရယ်"

ဟု ပြောပြန်ပါသေးသည်၊ သို့သော် ထိုအခြေအနေ၌ ကျွန်တော် မယုံ ကြည်တော့ပါ၊ "အရုပ်ကြီး " မသတ်ခဲ့သော် ကျွန်တော်ပင် သတ်မိမည် အမှန်ဖြစ်ပါသည်၊

"အောင်မလေးတော်...အစ်ကို့ကိုဦးလေးသတ်လိုက်ပါပြီ၊ ဟုတ်လား ဟုတ်ပါတယ် . . .ဟုတ်ပါတယ်၊ သူနဲ့မမနဲ့ဖြစ်နေတာ ဦးလေးသိသွားပြီ၊ ဒါကြောင့် သတ်တာ "

အသံမှာ အစေခံမလေး မိအေး၏ အသံဖြစ်၍ မိအေးသည် လန့်၍ ဟစ် အော်လိုက်ကာ ကျွန်တော့်အား မောင်ဘမြိုင်ကို သတ်လိုက်ကြောင်းဖြင့် စွပ်စွဲလျက် ရှိပါတော့သည်၊ မိအေးသည် လျင်မြန်စွာပြေးထွက်သွားပြီး အိမ် နီးချင်းများကို တိုင်ကြားသဖြင့် မကြာမီ ရဲအရာရှိများ ရောက်လာပြီးလျှင် ကျွန်တော့်အား ဖမ်းဆီးပါတော့သည်၊ မဝါနုကမူ...

"အရုပ်ကြီး သတ်တယ်၊ အရုပ်ကြီး သတ်တယ် "

ဟူ၍သာ အရူးတစ်ယောက်ကဲ့သို့ ပါးစပ်မှ တဗျစ်ဗျစ်ရေရွတ်လျက် ရှိပါတော့သည်၊

ကျွန်တော့်ဇနီးနှင့် မောင်ဘမြိုင်တို့ ရင်းနှီးပုံ၊ ကျွန်တော့်အနီးတွင် ဓား မြှောင်တစ်လက်ရှိနေခြင်း၊ ကျွန်တော်၏ အဝတ်တွင် သွေးများ စွန်းပေနေ ခြင်းတို့မှာ ကျွန်တော်တရားခံအဖြစ်သို့ရောက်အောင် ပို့ဆောင်ပါတော့ သည်၊



www.burmeseclassic.com

www.burmeseclassic.com

ယခု အချုပ်ခန်းထဲသို့ရောက်သည့်တိုင်အောင် ကျွန်တော်၏ချစ်ဇနီး မဝါနု၏စကားကိုမယုံကြည်ပါ။ နောင်ကိုလည်းယုံကြည်တော့မည်မဟုတ်ပါ။ မိန်းမများ၏ ချစ်စဖွယ် အပြုံးနှင့် မာယာသည် ယောက်ျားကြီးတစ်ယောက်၏ အသိဉာဏ်ကိုပင် ဖုံးလွှမ်းသွားနိုင်ကြောင်း ကျွန်တော်ယုံကြည်ပါပြီ။

ကျွန်တော် ဝမ်းနည်းခြင်းတစ်ခုမှာ မောင်ဘမြိုင်အား ကျွန်တော့်လက်ဖြင့် မသတ်လိုက်ရခြင်းပင် ဖြစ်ပါသည်။

ကျွန်တော်၏ "အဘိုးကြီး" ရုပ်ကို ယခုအမှုတွင် သက်သေခံတင်ပြပါသည်။

အထက်ပါအကြောင်းအရာများကိုကျွန်တော်သည်ဘုရားရှင်တော်မြတ်ရှေ့တွင် သစ္စာဆို၍ရေးသားတင်ပြအပ်ကြောင်း။

အောင်ဘန်း

(တရားခံ)

တရားခံအောင်ဘန်းက စာဖြင့်ရေးသားတင်ပြသော အကြောင်းအရာများကို ဖတ်ပြီးနောက် ကျွန်ုပ်သည် သက်သေခံတင်ပြသော ဘီလူးရုပ်ကြီးနှင့် တူသည့် အရုပ်ကြီးကို ကြည့်ရှုရာ ၎င်းမှာ အောင်ဘန်း၏ စာရွက်များတွင် ရေးသားဖော်ပြထားသည့်အတိုင်း အလွန်ပင်ထူးခြား၍ ကြောက်မက်ဖွယ်ကောင်းကြောင်း တွေ့ရ၏။

ထိုအခါ ကျွန်ုပ်လည်း ရမ်းဗြဲတွင်နေခဲ့စဉ်က သက်ကြီးတစ်ယောက်ထံမှ ကြားခဲ့ဖူးသော အဖြစ်အပျက်တစ်ခုကို သတိရမိ၏။ ၎င်းမှာ ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီ ၁၀ နှစ်လောက် "ဝံလက်မော်" ရွာရှိ ဘုန်းကြီးကျောင်းမှ ဆရာတော်သည် ကျောင်းသားများနှင့်အတူ ပင်လယ်မှ လှိုင်းပုတ်တင်ရှိနေသော ဒိုက်သရောများကို ဆယ်ယူရင်း ၅ တောင်ကျော် ၆ တောင်ခန့်ရှိ အတော်အတန်ချောမွေ့သော သစ်တုံးတစ်တုံးကို တွေ့ရသဖြင့် ကျောင်းဝင်းတံခါး၌ စိုက်ရန် ကျောင်းသို့ ယူခဲ့စေ၏။

ထိုတိုင်ကို စိုက်ပြီးသည့်အချိန်မှစ၍ ဆရာတော်နေသော ကျောင်းခေါင်မိုးပေါ်သို့ ခဲများကျလာခြင်း၊ မီးခွက်များ အလိုအလျောက်ငြိမ်းသွားခြင်း၊ လူကို



မမြင်ရဘဲ ဆွမ်းအုပ်များအပေါ်သို့ မြောက်ပါသွားခြင်း စသည်ဖြင့် အမျိုးမျိုး အဖုံဖုံ ခြောက်လန့်လျက်ရှိသည်ကို တွေ့ရ၏။ သို့သော် ဆရာတော်ကား ဤသစ်တုံးကြောင့် ဖြစ်ရသည်ကို မသိရှာချေ။

နောက်ဆုံးတွင် ကျောင်းပေါ်၌ နေ၍မဖြစ်အောင်ပင် ရှိတော့၏။ ထိုသတင်းသည် တစ်ရွာလုံး ပျံ့နှံ့လျက်ရှိရာ အထက်အညာမှ အင်းအိုင်လက်ဖွဲ့များတွင် ဝါသနာပါသည့် ဘုန်းတော်ကြီးတစ်ပါး ရောက်လာသည်တွင်မှ ထိုဘုန်းတော်ကြီးညွှန်ကြားချက်အတိုင်း ထိုတုံးကြီးကို နုတ်ယူကာ ပင်လယ်သို့ မျှောလိုက်ရလေသည်။ ထိုအချိန်မှစ၍ ဆရာတော်ကျောင်းတွင်ခြောက်လှန့်ခြင်းများ မရှိချေ။ ဘုန်းတော်ကြီး၏ အဆိုမှာ ဤသစ်တုံးကြီးတွင် "သူယောင်" များပါလာကြောင်း...။ သို့ဖြစ်၍ သူယောင်များက ခြောက်လှန့်ခြင်းဖြစ်ကြောင်း အမြွက်မျှ အမိန့်ရှိတော်မူ၏။

ကျွန်ုပ် ယခု စီရင်မည့် မောင်အောင်ဘန်းအမှုနှင့် အထက်ပါအတိုင်း ကျွန်ုပ်ကြားသိခဲ့ဖူးသော ဇာတ်သုတကို ပေါင်းစပ်ဆင်ခြင်မိ၏။ သစ်တုံးကြီးကို ဆယ်ယူ၍ ဝင်းတံခါးတိုင်စိုက်သော ဘုန်းတော်ကြီးရွာနှင့် အရုပ်ကြီးကို မောင်အောင်ဘန်းရခဲ့သော နေရာမှာ တစ်ရွာတည်း ဖြစ်၏။ ခြောက်လှန့်သည် ဆိုခြင်းမှာလည်း အတူတူကဲ့သို့ ရှိ၏။ သို့ဖြစ်၍ စီရင်ချက်မချမီ ကျွန်ုပ်သည် ဤအကြောင်းများကို နက်နဲစွာ စဉ်းစားမိ၏။

သို့သော် ကျွန်ုပ်ဉာဏ်ကို ကျွန်ုပ်၏ စီရင်ချက်၌ ထည့်သွင်းရေးသားရသည်မဟုတ်ချေ။ အမှုဆိုသည်မှာ သက်သေထွက်ချက်အပေါ်၌သာ အကိုးအကားပြု၍ စီရင်ရမည်၊ သို့မှလည်း တရားနည်းလမ်းကျပေမည်။

ကျွန်ုပ်ကိုယ်တိုင်ကား သရဲတစ္ဆေများကို ယုံကြည်သူ မဟုတ်ချေ။ သို့သော် ဤအမှုတွင် တရားခံအောင်ဘန်း၏ ထွက်ချက် အခြားသက်သေများထွက်ချက်၊ ပတ်ဝန်းကျင်အဖြစ်အပျက်တို့မှာ တရားခံအား ဖေးမလျက်ရှိလေသည်။ ထို့ပြင် ဆရာဝန်အား နောက်ထပ်ခေါ်ယူစစ်ဆေးရာ၌လည်း သေသူမောင်ဘမြိုင်လည်ပင်းမှဒဏ်ရာမှာ ရှုန်သော လက်နက်တစ်ခုဖြင့် ပြုလုပ်၍ဖြစ်ကြောင်း၊ သို့သော် ဓားစူး ဓားမြှောင်ကဲ့သို့ ထက်မြက်သော



www.burmeseclassic.com

www.burmeseclassic.com

အသွားရှိသည့် လက်နက်မျိုးမဖြစ်နိုင်ကြောင်း၊ အရုပ်ကြီး၏ လက်ယာဘက် လက်ညှိုးဖြင့် ထိုးဖောက်က ဖြစ်နိုင်ကြောင်း ထပ်မံထွက်ဆိုလေသည်။

သို့ဖြစ်ရကား . . . . ကျွန်ုပ်သည် တရားလိုပြသက်သေများ၊ ဆေးဆရာ ဝန်နှင့်ပတ်ဝန်းကျင်အခြေအနေစသည်တို့ကိုအထောက်အထားပြုပြီးလျှင်... ကျွန်ုပ်၏ကိုယ်ပိုင်ဉာဏ်ကိုသုံးကာ ဒေအာင်ဘန်းအားအထက်ရုံးသို့မတင်ဘဲ လွှတ်ပစ်လိုက်လေသည်။ သက်သေခံတင်ပြသောအရုပ်ကြီးကိုမူရုံးတော်က ဖျက်ဆီးပစ်ရန် အမိန့်ချမှတ်ပေးလိုက်၏။

ဦးဧအောင်သိန်း

ပင်စင်စားတရားသူကြီးဟောင်း

. . . . . . . . . . . . မြို့

>> ဒဂုန်ရွှေမျှား

မည်သူမဆို

ဝတ္ထုတို၊ ဝတ္ထုရှည်၊ အမျိုးဝတ္ထုစာမူများ

ပေးပို့နိုင်ကြပါသည်။

မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့

ဂမ္ဘီရလောကမဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

# မိုးညတစ္ဆေအိမ်

ထူးနှစ်

မြန်မာနိုင်ငံ လွတ်လပ်ရေး မရမီကာလအထိ ဤနေရာကို "သိမ်ကုန်း" ဟု ခေါ်ဝေါ်ခဲ့ကြသည်။ အကြောင်းမှာ ဤနေရာတွင် သိမ်ကုန်းနာမည်နှင့် ရွာကြီးတစ်ရွာ တည်ရှိခဲ့သောကြောင့် ဖြစ်သည်။ လွတ်လပ်ရေးကာလ ရောက်ရှိ၍မကြာမီ သိမ်ကုန်းရွာကြီးသည် ကျွဲနစ်ကောင်ခတ်သည့်ကြားမှ မြေဖာပင်ဘဝသို့ ဆိုက်ရောက်ခဲ့ရပြီး မီးလောင်ပြာကျကာ ရွာဆိုးကုန်းခ ယောင်းတောပစ္စုရာဇ် စစ်စစ်ဖြစ်သွားခဲ့သည်။ ယခုအခါ အများက ဤနေရာကို "ကျွဲသချိုင်း" ဟုသာ ခေါ်ဝေါ်ကြတော့သည်။ အကြောင်းမှာ မသမာသူတွေက တစ်ရပ်တစ်ကျေးမှ ကျွဲတစ်ကောင်ခိုးယူလာပြီဆိုလျှင် ဤနေရာရှိကိုင်းတော၊ ဖျိုက်တောများကြားမှာ ကျွဲကိုသတ်၍ အမဲပေါ်လေ့ရှိကြသောကြောင့် ဖြစ်သည်။



ယခုကဲ့သို့ မိုးရန့်ပါလာသော လေအေးလှိုင်းများ တသုန်သုန် ပြေးလွှားတိုက်ခတ်လျက် ညိုမှိုင်းသော မိုးကောင်းကင်ကြီးက အောက်ဘက်သို့ ပြိုကျတော့မလို မိုးရိပ်ဆင်နေခိုက် ကျွဲသချိုင်းတစ်ခွင်သည် တစပြင်နယ်တိတ်ဆိတ်ငြိမ်ဝပ်လျက်ရှိ၏။ နေမဝင်သေးသော်ငြား တိမ်မည်းညိုတို့ကြီးစိုးထားချိန်ဖြစ်၍ ပတ်ဝန်းကျင် ရှစ်ရပ်ခွင်မှာ မှိုင်းမှောင်ရီဝေနေသည်။ ညနေဆည်းဆာ အလှမရှာရဘဲ မှောင်ရြည်ယှက်သမ်းကာ အကျည်းတန် အနိဋ္ဌာရုံ ရှုခင်းကိုသာ တွေ့မြင်ကြရသည်။ လေပြင်းလေကြမ်းတွေနှင့်အတူ မိုးပွင့်မိုးစက်ကလေးတွေ လွင့်ပါးကျဆင်းစ ပြုလာသည်။

ထိုအချိန် ထိုနေရာတွင် ထီးမပါ ခမောက်မပါဘဲ ကတုန်ကချိ ခြေလှမ်းများဖြင့် ခရီးနှင်နေသူ တစ်ဦးတော့ ရှိနေသည်။ အသက် (၆၀)ကျော် (၇၀) နီးပါး၊ အနုတ်စုတ်ကုပ်စုတ် အဆင်အပြင်နှင့် အဘွားကြီးတစ်ဦး ဖြစ်သည်။ နေရာမှားမျက်စိလည်၍ ဤနေရာသို့ ရောက်ရှိလာသူပေလော။ သို့တည်းမဟုတ် ခြေသလုံးအိမ်တိုင် သူဆင်းရဲမိန်းမအိုကြီးတစ်ဦးပေလော။ မိုးပေါက်မိုးစက်တွေ တိုး၍ ဆင်းသက်လာသောအခါ အဘွားကြီးသည် လမ်းဘေးရှိ ဥနဲပင်ကလေးတစ်ပင်အောက်သို့ဝင်ပြီး မိုးခိုသည်။

ပိုးပိုးပေါက်ပေါက် ကျဆင်းလာသော မိုးစက်တို့က သူတို့သည် ဆက်လက်၍ ရွာသွန်းကြဦးမည်ဟု ကြေညာနေကြသယောင်ယောင် ထင်ရပေသည်။ အဘွားအိုသည် မိုးဒဏ်မှ ကောင်းစွာ ကာကွယ်ပေးခြင်း မပြုနိုင်သော ဥနဲပင်အောက်မှာ စိတ်ပျက်အားငယ်စွာ ကုပ်ချိချိကလေး ရပ်နေသည်။ ပြော်…ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာဆိုတာ ဒီလိုပါလားဟု အဘွားအိုတ ညည်းမိသည်။

═❖═

ရွာဆိုးကုန်းမှာ ကံဆိုးမိုးမှောင်ကျသကဲ့သို့ လမ်းဘေးဥနဲပင် အောက်တွင် ယာယီမိုးခိုနေရရှာသူ အဘွားအို၏နာမည်မှာ ဒေါ်ဖုန်း ဖြစ်၏။ ဒေါ်ဖုန်းသည်ဤအရပ်မှ (၁၀)မိုင်မျှဝေးသော တိုက်ကြီးမြို့စွန် လူဆင်းရဲရပ်ကွက်မှာ နေထိုင်ခဲ့သည်။ မကြာမီက သူမ၏ ခင်ပွန်းဆိုက်ကားသမားကြီး ကွယ်လွန်သွားခဲ့ရာ သားထောက်သမီးခံ မရှိရှာသော ဒေါ်ဖုန်းမှာ တွယ်ရာမဲ့သူဖြစ်သွားသည်။ ပတ်ဝန်းကျင်အိမ်နီးချင်း ရပ်ဆွေရပ်မျိုးတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com

အားကိုးအားထားပြု၍ မရပြန်၊ မရှုံ့မှုမက သဘောထားသေးသိမ်ကြသော အိမ်နီးချင်းများသည် ခိုးကိုးရာမဲ့မုဆိုးမကြီးကို ကျက်သရေတုံးသော စုန်းမကြီးအဖြစ် တစ်လွဲရှုမြင်ကြသည်။ ဒေါ်ဖုန်းကဲ့သို့ ခေါင်းစုတ်ဖွား ချေးလက်လေးသစ် အဝတ်အစားညစ်ညစ်နှင့် မိန်းမကြီးတစ်ယောက် သူတို့ရပ်ကွက်ထဲမှာ ရှိနေခြင်းမှာ ရှာနာသည်ဟုပင် မှတ်ထင်ကြလေ၏။

ပတ်ဝန်းကျင်၏ တုံ့ပြန်မှုတိုင်းကို အမြဲစောင့်ကြည့် အကဲခတ်ခဲ့သော ဒေါ်ဖုန်းသည် နောက်ဆုံးတွင် မိမိအား မလိုလား၊ မရှုဆိတ်နိုင်ကြသည့် ပတ်ဝန်းကျင်မှာ မနေတော့၊ မိမိ၏ဆွေမျိုးနီးစပ်များ နေထိုင်ကြရာ လှိုင်မြစ်ကမ်းပါးတစ်နေရာရှိ မြို့သာသို့ သွားမည်ဟုဆိုကာ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ထွက်လာခဲ့ခြင်းဖြစ်သည်၊ ဇရာထောင်း၍ အညောင်းမခံနိုင်ရှာသူ ဒေါ်ဖုန်းသည် လမ်းကို ဖြည်းဖြည်းချင်းသာ လျှောက်နိုင်ခဲ့၏၊ ဘယ်နည်းနှင့်မဆို၊ သည်ကနေ့တော့ မြို့သာကို မရောက်နိုင်ဟု တွေးမိသည်၊ လမ်းတွင်ကြုံရာမှာ တစ်ညတော့ တည်းခိုအိပ်စက်မည်ဟုလည်း ဒေါ်ဖုန်းစိတ်ကူးထားသည်၊ ထိုသို့စိတ်ကူးနေဆဲမှာပင် ညနေဆည်းဆာချိန်မှာ အမင်္ဂလာအရပ်ဒေသထဲ၌ မိုးမိနေပြန်၏၊ ပြော် ... မိုးနဲ့နွားသိုး အစိုးမရ ဆိုတဲ့စကားပုံအတိုင်း ဝါဘာတတ်နိုင်မှာလည်းဟု တွေးရင်း အဘွားအိုဒေါ်ဖုန်းသည် ပင့်သက်ရှူမိပြန်သည်၊

ယခုလို ရွာပုံအတိုင်း ညဘက်မှာလည်း မိုးကဆက်၍ ရွာနေခဲ့လျှင် ဒေါ်ဖုန်း ဒုက္ခလှလှကြီး တွေ့တော့မှာ ဖြစ်သည်၊ သူ့ခမျာ ညစာကလည်း ဘယ်ဆီနေမှန်းမသိ၊ ဗိုက်ထဲကတော့ တကြုတ်ကြုတ် မြည်စပြုနေပြီ၊ မိုးလည်းမိ ညစာလည်းငတ်လျှင် ခံစားရမည့် ဒုက္ခဝေဒနာကို တွေးဝံ့စရာပင် မရှိတော့ပါတကား၊

ဒေါ်ဖုန်းက သူကြုံတွေ့နေရသော ဒုက္ခတရားကို တွေးတောခံစားရင်း ကတုန်ကယင် ဖြစ်နေခိုက် ရုတ်တရက် မိုးက ဖြုန်းခနဲ ရပ်စဲသွား၏၊ ဝန်းကျင်သည် အနည်းငယ်ကြည်လင်စပြုလာသည်၊ ထိုအချိန်မှာပင် မလှမ်းမကမ်းသစ်ပင်တန်းကလေးအနီးမှ တဲအိမ်တစ်လုံးနှင့် မီးရောင်တလက်လက်ကို ဒေါ်ဖုန်းတွေ့လိုက်ရ၏၊

═❖═



"ဘုရားသိကြားမတော်မူတာပဲ" ဟု ရေရွတ်ကာ ဒေါ်ဖုန်းသည် မီးရောင်လင်းလက်နေရာ တဲအိမ်ဆီသို့ အရှယ်နှင့်မလိုက်အောင် အပြေးအလွှားချဉ်းကပ်သွားသည်၊ တဲအိမ်အနီးသို့ အရောက်တွင် အိမ်ထဲ၌ ကလေးတစ်ယောက်ကို ပွေ့ချီထားသော အဝတ်အစား သားသားနားနားနှင့် သနရှုပ မိန်းကလေးတစ်ယောက်ကို ဒေါ်ဖုန်းလှမ်းမြင်လိုက်၏၊ သေသေချာချာကြည့်မိမှ မိန်းကလေးသည် ငိုယိုနေပြီး မိန်းကလေး နောက်ကျောဘက်တွင် ကွပ်ပျစ်ပေါ်တွင် လင်မယားဖြစ်ပုံရသော လူကြီးတစ်ယောက်နှင့် မိန်းမကြီးတစ်ယောက်ကိုပါ ဒေါ်ဖုန်း သတိပြုမိသည်၊ လူကြီးစုံတွဲသည် ကလေးချီထားသော မိန်းကလေးကို ခပ်အုပ်အုပ် ဆူပူကြိမ်းမောင်းနေကြမှန်းလည်း ဒေါ်ဖုန်း ရိပ်စားမိခဲ့ပြန်၏၊



ဒေါ်ဖုန်းသည် တဲအိမ်ကလေး၏
တံခါးပေါက်ရှေ့မှာ ရပ်လိုက်သည်။
ဒေါ်ဖုန်းရပ်လိုက်သည်နှင့်
လူကြီးလင်မယားသည်
ကွပ်ပျစ်ပေါ်မှ ရုတ်တရက်
ပျောက်ကွယ်သွားကြတော့သည်။
မိန်းကလေးက ငိုရှိုက်သံကို
အချိန်ယူပြီးမှ ရပ်လိုက်ကာ
ဒေါ်ဖုန်းအား တဲအိမ်ထဲသို့
ဝင်ရောက်ရန် ဖိတ်ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဖုန်းသည် တဲအိမ်ကလေး၏ တံခါးပေါက်ရှေ့မှာ ရပ်လိုက်သည်။ ဒေါ်ဖုန်းရပ်လိုက်သည်နှင့် လူကြီးလင်မယားသည် ကွပ်ပျစ်ပေါ်မှ ရိပ်ခနဲ ပျောက်ကွယ်သွားကြတော့သည်။ မိန်းကလေးက ငိုရှိုက်သံကို အချိန်ယူပြီးမှ ရပ်လိုက်ကာ ဒေါ်ဖုန်းအား တဲအိမ်ထဲသို့ ဝင်ရောက်ရန် ဖိတ်ခေါ်သည်။ ဒေါ်ဖုန်းတဲထဲသို့ဝင်ခဲ့သောအခါ မိန်းကလေးက နေရာထိုင်ခင်းပေးပြန်သည်။ ထို့နောက် ဒေါ်ဖုန်းအတွက် အိပ်ရာ ပြင်ဆင်ပေးပြန်၏။ ထို့နောက် စားစရာ သောက်စရာများ ယူငင်ရန် မိန်းကလေးသည် မီးဖိုဆောင်ထဲသို့ ဝင်သွားပြန်လေသည်။ မိန်းကလေးက စားစရာသောက်စရာများကို စားပွဲပေါ်၌ တည်ခင်းပေးပြီးနောက် သူတို့နှစ်ယောက်ညစာ အတူစားကြသည်။ ညစာ စားရင်း ဒေါ်ဖုန်းက ဤသို့သော နွေးထွေးသည့်နေရာမှာ ကောင်းမွန်အဖိုးတန်သော စားကောင်းသောက်ဖွယ်များဖြင့် ဧည့်ခံသော မိန်းကလေးအား ကျေးဇူးတင်ကြောင်း ပြောသောအားဖြင့် မိန်းကလေးနှင့် ပတ်သက်သော ကိုယ်ရေးကိုယ်တာကိစ္စများကို စကားစမြည်အဖြစ် ပြောဆိုရန် စိတ်ကူးမိသည်။

"ဟိုလူကြီးစုံတွဲ ဘယ်ရောက်သွားပြီလည်း ကလေးမရဲ့၊ သူတို့က ငါ့ကို မြင်တာနဲ့ ရှောင်ထွက်သွားကြရော"

"အဲဒါ... ကျွန်မယောက္ခမတွေပါ ကြီးကြီးရယ်" ဟု ဖြေရင်း မိန်းကလေးသည် တသိမ့်သိမ့် ငိုရှိုက်ပြန်သည်။ ထို့နောက် ဆက်လက်၍ –

"အဲဒါ ကျွန်မယောက်ျား၊ သူတို့ရဲ့သားက နောက်အိမ်ထောင်ပြုတော့မှာလေ၊ ဟောဒီသမီးကလေးက သူနဲ့ရတာပေါ့" ဟုပြောရင်းအနီးမှာရပ်နေသော ကလေးမလေးကို ညွှန်ပြသည်။ ပြီးလျှင် မိန်းကလေးက စကား ဆက်ပြန်သည်။

"ကျွန်မယောက်ျားက မနက်ဖြန်ဆိုရင် မင်္ဂလာဆောင်တော့မှာ ကြီးကြီးရဲ့၊ ကျွန်မယောက္ခမတွေက အဲဒီကိစ္စအတွက် ရောက်လာကြတာ၊ ကျွန်မတို့မင်္ဂလာဆောင်တုန်းက လက်ဖွဲ့ထားခဲ့တဲ့ လက်ဝတ်လက်စားတွေကိုပြန်တောင်းဖို့ လာကြတာ၊ သူတို့ချွေးမအသစ်ကိုပေးဖို့ပေါ့လေ၊ ကျောက်မျက်ရတနာတွေက ဘိုးဘွားပူဇော်ပွဲမှာ ကျွန်မဝတ်ဖို့ပါ၊ အခုတော့ သူတို့က



အကုန်ပြန်တောင်းနေကြပြီ၊ လက်ဝတ်လက်စားတွေသာ မကဘူး၊ ပန်းကန်ခွက်ယောက်တွေကော သားလိုးဓားပါမကျန် အကုန်ပြန်တောင်းနေကြတာ ကြီးကြီးရဲ့၊ အားလုံး ချွေးမအသစ်ကို ပေးကြမှာ၊ ကြီးကြီးရောက်လာတာနဲ့ ကျွန်မ ကံကောင်းသွားတယ်၊ ကြီးကြီးသာ ရောက်မလာရင် သူတို့က သူတို့ လိုချင်တာတွေကို အတင်းဝင်လုကြမှာ သေချာတယ်"

"ဒါထက်... နေပါဦး – ညည်းယောက်ျားနာမည်က ဘယ်သူပါလိမ့်၊ သူက အခု ဘယ်မှာ နေတာလဲ" ဟု ဒေါ်ဖုန်းက မေးလိုက်သည်။

"ကျွန်မယောက်ျားနာမည်က ထွန်းခိုင်ပါ၊ စမ်းချောင်းရွာဇာတိပေါ့၊ သူက ထိန်တောခရိုင်မှာ လူကြီးလုပ်ခဲ့သေးတယ်၊ လူကြီးဘဝမှာ တော်တော်ကလေး စုမိဆောင်းမိခဲ့တာပေါ့ရှင်၊ စုလည်းစုမိကော နောက်မိန်းမ ယူချင်လာတော့တာပဲ၊ ယောက်ျားကောင်း မောင်းမတစ်ထောင်ဝါဒပေါ့ ကြီးကြီးရယ်၊ သူက အဲလို လူချမ်းသာကြီး ဖြစ်နေပြီး ကြွယ်ဝိုးကြွယ်ဝ ဖြစ်လာတော့ ကျွန်မနဲ့ကွာပြီး မယားအသစ်ယူမှာ အခု သူက ထန်းနစ်ပင်မှာ နေတယ်လေ"

"ညည်းတို့အိမ်ထောင်ကျတာ ကြာပြီလား"

"ခုနစ်နှစ်ရှိပြီ ... ကြီးကြီးရဲ့၊ ကျွန်မအဖေက အရင်တုန်းက လှည်းကူးဘက်မှာ တရားသူကြီး ဖြစ်ခဲ့သေးတယ်၊ အဖေ့နာမည်က ဦးလင်းတဲ့၊ ကိုထွန်းခိုင်နဲ့ ကျွန်မ အိမ်ထောင်ကျတော့ သားသမီးသုံးယောက် မွေးတယ်၊ သားနှစ်ယောက်နဲ့သမီးတစ်ယောက်၊ သားနှစ်ယောက်က ကိုထွန်းခိုင်ဆီ ပါသွားတယ်၊ ကျွန်မနဲ့ ဒီသမီးကလေးပဲ ကျန်ခဲ့ပါတယ်" ဟု ပြောကာ မိန်းကလေးသည် သမီးငယ်ကို ဆွဲယူပွေ့ချီရင်း တသိမ့်သိမ့် ငိုရှိုက်ပြန်လေသည်။

ဒေါ်ဖုန်းသည် တဲအိမ်ရှင်လည်းဖြစ်၊ ကျေးဇူးရှင်လည်း ဖြစ်လာသော မိန်းကလေးကို လှိုက်လှဲစွာ ကရုဏာသက်မိ၏။ သို့သော် သူ့လို ခိုကိုးရာမဲ့ စားရသောက်ရမဲ့မဲ့၊ မုဆိုးမအိုကြီးက ဘာများကူညီနိုင်ပါ့မည်နည်း၊ တောင်မင်း၊ မြောက်မင်း မကယ်နိုင်သည့် ဘဝများပါတကား၊ လေးဘေးပင်

www.burmeseclassic.com

ပင်သက်ပြင်းရှိုက်ထုတ်ရုံမှတစ်ပါးအခြားဘာများတတ်နိုင်ပါတော့အံ့၊ အမှန်ဆိုရလျှင် ဒေါ်ဖုန်းမှာ ထမင်းကလည်းနပ်မမှန်ခဲ့၊ ခရီးကလည်းပန်းလာသဖြင့် စိတ်ဆင်းရဲကိစ္စတွေ ဘာမျှမတွေးလိုတော့ပြီ၊ နွေးထွေးသော နေရာကလေးမှာ စားကောင်းသောက်ဖွယ်ရာ အဆီအဆိမ့်တွေ မှီဝဲခဲ့ရသဖြင့် ဒေါ်ဖုန်း အိပ်ချင်မူးတူး ဖြစ်နေခဲ့ရပြီ၊

အဆုံးမှာတော့ ဒေါ်ဖုန်းဟန်မဆောင်နိုင်တော့ဘဲ အသင့်ပြင်ထားသော အိပ်ရာထဲ တိုးဝင်ကာ အိပ်ချလိုက်သည်နှင့် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားတော့၏၊ လင်ကံဆိုးမလေးခများတော့ တစ်ညလုံး ငိုရှိုက်နေခဲ့ရှာသည်၊

နောက်နေ့နံနက်မိုးလင်းတော့ မိုးစဲနေခဲ့ပြီ၊ အဘွားကြီးဒေါ်ဖုန်းသည် တဲအိမ်ရှင်မိန်းကလေးကို နှုတ်ဆက်ကာ ခရီးဆက်ခဲ့ပြန်သည်၊

═❖═

(၃)မိုင်ကျော်ကျော် လျှောက်ခဲ့ပြီးသောအခါ ဒေါ်ဖုန်းသည် ထန်းနှစ်ပင် မြို့ကလေးသို့ ရောက်ရှိလာခဲ့၏၊ မြို့ထဲသို့ ဝင်လာမိသည်နှင့် မကြာမီ ဤမြို့၌ တခမ်းတနားကျင်းပတော့မည့် လူကုံထံမင်္ဂလာပွဲအကြောင်းကို ဒေါ်ဖုန်းမှာ မကြားချင်နားဆင်လျက်သား ဖြစ်နေသည်၊ မင်္ဂလာဆောင်အိမ်မှာ မြို့အရှေ့ပိုင်းမှာရှိကြောင်း ဒေါ်ဖုန်း သိလိုက်ရပြန်၏၊ မျက်နှာကြီးမင်္ဂလာဆောင်ဆိုတော့ သူဌေးသူကြွယ်မင်းပေါက်စိုးပေါက်တွေ လာကြမှာ၊ ငါ့လို စုတ်စုတ်ပြတ်ပြတ် အဘွားကြီးကို သူဌေးတွေမြင်ရင် ကရုဏာသက်၊ သဒ္ဓါပေါက်ပြီး ငွေစ၊ ကြေးစတွေ စွန့်ကြဲပေးကမ်းမှာ သေချာတယ်ဟု ဒေါ်ဖုန်း တွေးသည်၊ မိန်းမယူတဲ့ သတို့သားဆိုတာ သူ့မှာပိုက်ဆံရှိလို့ယူတာဟုလည်း အဘွားအို ထင်ရာမြင်ရာ စဉ်းစားမိပြန်၏၊

မင်္ဂလာဆောင်အိမ်ရှေ့သို့ ဒေါ်ဖုန်း ရောက်ရှိသွားသည်၊ စံအိမ်ကြီးကို ခမ်းနားသိုက်မြိုက်အောင် အလှဆင်မွမ်းမံထားကြောင်း တွေ့ရသည်၊ ကြို တင်ရောက်ရှိနေကြသော လက်ဖွဲ့ပစ္စည်းတွေကလည်း တစ်ပုံတစ်ခေါင်း၊



ဒေါ်ဖုန်းက မင်္ဂလာဆောင်အိမ်ကြီးမှာ တွေ့ရသော မြို့ခံကာလသား တစ်ယောက် ဖြစ်ပုံရသူတစ်ဦးအနီးသို့ ချဉ်းကပ်သွား၏၊

"သားရေ… ဒါဟာ ကိုထွန်းခိုင်ရဲ့အိမ်လားကွယ်"

"ဟုတ်တယ်… အဘွား"

"သူ အိမ်ထောင်ပြုတော့မယ်ဆို ဟုတ်ရဲ့လားကွယ့်"

"ဟုတ်ပါတယ် အဘွား၊ သတို့သမီးချောချောကလေးကို ယူမှာဗျ"

"အို … သူ့မှာ မယားတစ်ယောက်ရှိပြီးသားပဲဟာ ဘာကိစ္စ မိန်းမ ထပ်ယူရမှာတုန်း"

"မဟုတ်ဘူးခင်ဗျာ၊ ကိုထွန်းခိုင်ရဲ့မယားနဲ့သမီးကလေးက မနှစ်ကတည်းက ဆုံးသွားပြီ"

သည်တော့မှ အဘွားအိုဒေါ်ဖုန်း တုန်လှုပ်သွားသည်၊ သို့သော် လူငယ်စကားကို မယုံကြည်နိုင်သဖြင့် –

"ဟေ့ … သူငယ် ငါ့ကို ယုံတမ်းစကားတွေ လာမပြောနဲ့၊ မနေ့ညက ငါ မိုးမိလို့ အဲဒီထွန်းခိုင်ရဲ့မိန်းမနဲ့သမီးကလေးရှိတဲ့အိမ်မှာတောင် မိုးဝင်ခိုရင်း တစ်ညအိပ်ခဲ့သေးတယ်၊ သူတို့ ဘယ်ကလာ သေရမှာလဲ" ဟု ငြင်းလိုက်၏၊

ကာလသားလူငယ်ကလည်း သူအမှန်ပြောခြင်းဖြစ်ကြောင်း ဒေါ်ဖုန်းကို ဖျောင်းဖျောင်းဖျဖျပြောသည်၊ ပြီးလျှင် မနေ့ညက ဒေါ်ဖုန်းဘယ်ရွာက ဘယ်သူ့အိမ်မှာအိပ်ခဲ့ပါသနည်းဟုမေး၏၊ အဘွားကြီးက သူတည်းခိုခဲ့သည့် နေရာဌာနကို ပြောပြသည်၊ ထိုတဲအိမ်မှာ တွေ့ခဲ့ရသော လူကြီးပိုင်း လင်မယားအကြောင်းကိုပါ ရှင်းပြသည်၊ ကာလသားလူငယ်မှာ ရယ်ရအခက်၊ ငိုရအခက် ဖြစ်သွားသည်၊

"အင်း…လက်စသတ်တော့ အဘွားအိပ်ခဲ့တဲ့နေရာက အိမ်မဟုတ်ဘူး ခင်ဗျာ၊ ကိုထွန်းခိုင်ရဲ့ပထမ မယားကြီးနဲ့ သမီးကလေးကို မြှုပ်ခဲ့တဲ့ သင်္ချိုင်းတုန်းပဲ၊ အဘွားတွေ့ခဲ့တယ်ဆိုတဲ့ လူကြီးပိုင်းလင်မယားဆိုတာကလည်း သေတာကြာပြီဖြစ်တဲ့ ကိုထွန်းခိုင်ရဲ့မိဘနှစ်ပါးပဲ၊ ကိုထွန်းခိုင်ရဲ့မိဘတွေကိုလည်း အဲဒီသုသာန်မှာပဲ မြှုပ်ခဲ့တာခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

လူငယ်တွေ အခိုင်အမာ ရှင်းပြသည်ကို ကြားသိလက်ခံပြီးသည်နှင့် ဒေါ်ဖုန်းအံလန့်တကြား "ဘုရား"တ ဟစ်အော်သည်။ ထိုသို့ ဟစ်အော်ရခြင်းမှာ သေခါနီးဆဲဆဲလူများသည် တစ္ဆေကို တွေ့မြင်ကြုံဆုံလေ့ရှိကြောင်း ယုံကြည်ထားခဲ့သောကြောင့် ဖြစ်သည်။

အဘွားကြီး၏ အော်သံကို အိမ်ကြီးထဲရှိ သတို့သားလောင်းထွန်းနိုင်ကြားမိသည်။ သူသည် ဘာများ ဖြစ်ပါလိမ့်ဟု စိတ်ပူကာ အိမ်ရှေ့သို့ ပြေးထွက်လာသည်။ ထွန်းနိုင်အိမ်ရှေ့သို့ရောက်လာချိန်၌ဒေါ်ဖုန်းရှိမနေတော့ပေ။ မင်္ဂလာဆောင်အတွက်ပြင်ဆင်နေကြသော ကာလသားများက အဘွားကြီး ဘာပြောသွားသည်ကို ထွန်းနိုင်အား ပြန်ပြောပြကြသည်။

"ဒီကိစ္စက ငါမင်္ဂလာအခါယူမယ့်အချိန်မှာ အမှောင့်ပယောဂဝင်တာပဲ" ဟု ထွန်းနိုင် ဒေါသအမျက်ချောင်းချောင်း ထွက်ရင်း ရေရွတ်လိုက်သည်။

"ဟေ့ ... ဖိုးစီး – အဲဒီအဘွားကြီးကိုလိုက်ရှာပြီး ဖမ်းကွာ။ ပြီးတော့ မင်္ဂလာဆောင်ကို နှောင့်ယှက်ရမ်းကားမှုနဲ့ အမှုဖွင့်ပြီး ရဲလက်သာလိုက်ပေတော့" ဟု ထွန်းနိုင်က စိတ်ဆိုးမာန်ဆိုး အမိန့်ပေးပြန်၏။

ထွန်းနိုင်ကြည်ညိုလေးစားသော အရပ်လူကြီးတစ်ယောက်က ထွန်းနိုင်၏ ပခုံးတစ်ဖက်ကို အသာပုတ်သည်။

"အဘွားကြီး ပြောသွားတာ အမှန်တွေကွ။ မင်းမိဘနဲ့ မင်းမယားကို သူ တစ်ခါမျှ တွေ့ဖူးတာ မဟုတ်ဘဲ။ အခု – သူက မင်းမိဘတွေရဲ့ပုံပန်းသဏ္ဍာန်တွေကို အတိအကျ ပြောသွားတာ။ လူ့လောကနယ်ပယ်ထဲမှာ တစ္ဆေ မရှိပါဘူးလို့ ဘယ်သူငြင်းနိုင်လို့လဲ"

ထွန်းနိုင် ပင့်သက်ရှူလိုက်၏။

"အဘွားကြီးလည်း လွတ်ရာကျွတ်ရာ သွားပါစေတော့။ ငါလည်း ငါ့ မင်္ဂလာဆောင်ကိုပဲ အာရုံစိုက်တော့မယ်"

>> **ကြူးနှစ်**




www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားလှသည့် ဘဝဝင်္ဂကြွေး

ဝင်းနိုင်(ရွှေပြည်သာ)

## ဘ

"ဘာကွ"

"ဟုတ်တယ် ... သူကြီး - ရွာဦးက စေတီတော် - ကြီး စိန်ဖူးအခိုးခံရလို့"

"ဟုတ်ရဲ့လား ... ပြေးရာဒါနောက်ပြောင်ရမယ့် ကိစ္စ မဟုတ်ဘူးနော်"

"နောက်တာ မဟုတ်ဘူး သူကြီး - ဆရာတော် ကြီးကိုယ်တိုင် အကြောင်းကြားခိုင်းလို့"

"ကောင်းကြရော ... ပေါ့ကွာ"

"အမလေးတော် လုပ်ရက်ကြပါပေ့ - ဘုရား စိန်ဖူးတော်ကိုမှ ခိုးရတယ်လို့ ကြားလို့မှ ကောင်းကြ သေးရဲ့လားတော်"

"ဟီး - ဟီး - ဟီး"



"ဟဲ့ ... မယ်စိန် ငိုမနေနဲ့ဦး၊ အကျိုးအကြောင်း သိရအောင် ဆရာတော် ကျောင်းကိုပါ လိုက်သွားလိုက်ဦးမယ်"

"ကျုပ်လည်း ... လိုက်ခဲ့မယ်"

"ဟော့ကောင်ငပြူး - ဆယ်အိမ်ခေါင်းမောင်ဦးနဲ့ ကာလသားခေါင်းမြဝင်း ကြီးကိုလည်း ခေါ်လာခဲ့ - ငါသွားနှင့်မယ်"

ဟုတ်ကဲ့ပါ ... သူကြီး

အချိန်ကား အင်္ဂလိပ်အစိုးရလက်ထက် လွတ်လပ်ရေးမရမီအချိန် ဟံသာဝတီအနောက်ခြမ်းရှိသာယာကုန်းဟူသောရွာကလေးတွင်ဖြစ်သည်။ ရွာသူရွာသားအများစုမှာ လယ်ယာလုပ်ငန်း၊ တံငါလုပ်ငန်းတို့ဖြင့် လုပ်ကိုင် စားသောက်ကြသောရိုးသားသည့်ရွာကလေးဖြစ်သည်။ အများစုမှာ ဘာသာ၊ တရား ကိုင်းရှိုင်းကြသူများ ဖြစ်သည်။ တစ်နှစ်နေ၍မှ အမှုအခင်းကြီးကြီး မားမားမဖြစ်ခဲ့သောရွာကလေးတွင်ဖြစ်မယ့်ဖြစ်တော့တစ်နယ်လုံးကအမြတ် တနိုးတန်ဖိုးထား ကိုးကွယ်နေကြသော ရွာဦးစေတီမှစိန်ဖူးတော်ကိုဖြုတ်ခိုး သွားခဲ့ခြင်းပင် ဖြစ်သည်။

ထိုစေတီကို တည်ခဲ့သော ခုနှစ်နှင့်အလှူရှင်ကို မသိခဲ့ရသော်လည်း ရှေးမွန်မင်းများလက်ထက်က တည်ခဲ့သည်ဟု ယူဆခဲ့ရသည်။ မြန်မာ သက္ကရာဇ် (၁၂၂၀)ခုနှစ်တွင် သူကြီးမင်းဦးပွားလေးနှင့်သူကြီးကတော် ဒေါ်ညှာတို့မှစေတီအဟောင်းအပျက်ကိုပြန်လည်ပြင်ဆင်ပြီးရွှေထီးတော်နှင့် စိန်ဖူးတော်အသစ်ကို လှူဒါန်းခဲ့ပါသည်။ စိန်ဖူးတော်ကို ရွှေသားအစစ်ဖြင့် ပြုလုပ်ထားပြီး အဖိုးတန်ကျောက်မျက်ရတနာများ စီခြယ်ထားသော ကြောင့် အလွန်တန်ဖိုးရှိလှပါသည်။

စေတီတော်ကြီးမှာ အတောင် (၆၀) ပေ၊ (၉၀)ခန့်မြင့်မားပြီး သူခိုးသူဝှက် ရန်မှ ကာကွယ်ရန်အတွက်ငှက်ပျောဖူးအောက်ဘက်နားတွင်ဗိုလ်တထောင် ထီးတော်ကြီးကဲ့သို့ သံပန်းသံချွန်များကို အပေါ်ထောင်အောက်စိုက်ပုံစံဖြင့် ပတ်ပတ်လည်ကာရံထားသဖြင့်ထိုနေရာကိုကျော်၍တော်ရုံလူမတက်နိုင်ပါ။ ထိုမျှ အကာအရံပြုလုပ်ထားသည့်ကြားမှ သူခိုးက ခိုးသွားခဲ့ပေပြီ။

=🔔=



www.burmeseclassic.com

www.burmeseclassic.com

သူကြီးမင်းရွာဦးကျောင်းဝိုင်းအတွင်းရှိ စေတီသို့ ရောက်ရှိသွားသော အခါ ရွာမှရောက်ရှိနေသောလူအုပ်ကြီးကိုတွေ့ရှိလိုက်ရသည်။ တစ်ယောက် တစ်ပေါက် ပြောဆိုနေကြသည်။ အချို့သော မိန်းမကြီးများမှာ ငိုရှိုက်၍ပင် နေကြသည်။အားလုံးမှာလည်း မျက်နှာမကောင်းကြပါ။ တူညီသော အချက် မှာ ယူကြုံးမရဖြစ်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်းနှင့်အတူ ဒေါသထွက်ခြင်းတို့ပါ ရောပြွမ်းနေကြပါသည်။

"တောက်"

"မိများသာမိလို့ကတော့ကွာ"

"ဟုတ်တယ် ... တစ်စစီကို လုပ်ပစ်လိုက်မယ်"

"ဘုရားပစ္စည်းကိုမှကွာ"

"ဟော့ကောင်တွေ တော်ကြတော့ - အခုမှ သတ္တိတွေရှိမနေကြနဲ့၊ နင်တို့ အဖေ သူခိုးက အခုလောက်ဆို တစ်ရေးတောင် အိပ်နေရော့မယ်"

သူကြီး၏ အော်ငေါက်သံကြောင့် တစ်ယောက်တစ်ပေါက် အသံများ တိတ်ဆိတ်သွားတော့သည်၊ ဘုရားကြီးကို မော့ကြည့်လိုက်တော့ ထိပ်ဖျား တွင် တပ်ဆင်လှူဒါန်းထားသော စိန်ဖူးတော်မရှိတော့၍ထီးတော်မှာငုံးတိတိ ဖြစ်နေသည်၊ သူကြီးသည် စိတ်မကောင်းခြင်းကြီးစွာဖြင့် ပတ်ဝန်းကျင်ကို ကြည့်ရှုလိုက်သည်။

"ကဲ - ကဲဖြစ်ပြီးမှတော့စိတ်မကောင်းဖြစ်နေလို့မပြီးသေးဘူး၊ ပါသွားတဲ့ စိန်ဖူးတော်ကိုပြန်ရဖို့ကြိုးစားကြရမယ်၊ စိန်ဖူးတော်ရဲ့တန်ဖိုးကဖြတ်လို့ရတာ မဟုတ်ဘူး၊

ဆယ်အိမ်ခေါင်း မောင်ဦး - မင်းကရွာသားနှစ်ယောက်ကိုခေါ်ပြီး ဝါး ဘလောက် သောက်ဂတ်တဲကို သွားအကြောင်းကြား၊ ကျန်တဲ့ရွာသူရွာသား တွေကလည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ စုံစမ်းကြ၊ အကြောင်းထူးရင် ငါ့ကို ချက်ချင်းလာပြော ကြားကြရဲ့လား"

"ကြားပါတယ် ... သူကြီးမင်း"

"ဟုတ်ကဲ့ ... ကျုပ်တို့စုံစမ်းပါ့မယ်"



"ကဲ ... ငါလည်း ဆရာတော်ကြီးကို သွားဖူးပြီး အကျိုးအကြောင်း လျှောက်လိုက်ဦးမယ်"

သူကြီးမင်းနှင့် လူကြီးများဆရာတော်ကြီး၏ကျောင်းပေါ်သို့ တက်သွား သောအခါ ထိုင်လျက် သီတင်းသုံးနေသော ဆရာတော်ကြီးကို တွေ့လိုက်ရ သည်၊ သူကြီးလည်း ဆရာတော်ကို ဦးချ၍ ဘာများ မိန့်ကြားမည်ကို စောင့် နေလိုက်သည်။ ဆရာတော်ကြီးလည်း မျက်နှာလွှဲချထားရာမှ ခေတ္တအကြာ ခေါင်းမော့လာပြီး -

"ညတုန်းက လပြည့်ညမို့လို့ ကျုပ်ကျောင်းကမီးစက်နဲ့ ဘုရားမီးပူဇော် လို့ ကျုပ်ဘုရားရှေ့မှာ ပုတီးစိပ်နေသေးတယ်။ အဲဒီတုန်းက ဘာမှ မဖြစ် သေးဘူး၊ ဒီမနက်အရုဏ်တက်မှာ စကြံလျှောက်တဲ့အချိန် ဘုရားကြီးကို မော့ကြည့်လိုက်တော့မှ စိန်ဖူးတော် မရှိတော့မှန်း သိရတယ်၊ သိသိချင်းပဲ ကျုပ် ဒကာကြီးကို အကြောင်းကြားလိုက်တာ -၊

ကျုပ်လည်း ... ဆိုင်ရာပိုင်ရာတွေကို မေတ္တာပို့ပြီး အကူအညီ တောင်း ထားပါတယ်၊ ဒကာကြီး သူကြီးတို့ဘက်ကလည်း လုပ်စရာရှိတာ လုပ်ကြ ပေါ့"

"တင်ပ့ါဘုရား ... တပည့်တော်တို့လည်း ဒီစိန်ဖူးပြန်ရအောင် အတတ် နိုင်ဆုံး ကြိုးစားပါ့မယ်၊ ကျူးလွန်တဲ့သူကိုတော့ ဘယ်သူဖြစ်ဖြစ် သွေးသား ဖြစ်ပါစေ၊ တပည့်တော် ပြတ်ပြတ်သားသား အရေးယူပါ့မယ်ဘုရား"

"ဒကာကြီး ... သင့်တော်သလို ဆောင်ရွက်ပါ"

"တင့်ပါဘုရား ... တပည့်တော် ဦးချခဲ့ပါတယ်"

"အေး - အေး ကျန်းမာပါစေ ချမ်းသာပါစေ"

သူကြီးမင်းလည်း ဆရာတော်ကြီးကို ဦးချ၍ စေတီတော်ကြီးရှိရာသို့ ပြန်လာခဲ့သည်။ လူအုပ်စုက မကွဲသေး စိန်ဖူးတော်အခိုးခံရသော စေတီကြီး ၏ အရှေ့ဘက်တွင် သိမ်တော်ကြီးရှိသည်၊ အုတ်တိုင်သိမ်တော်ကြီးဖြစ် သည်၊မြောက်ဘက်နှင့်အနောက်ဘက်တွင် တန်ဆောင်းကြီးနှစ်ခုရှိသည်၊ နောက်ဘက်ဖြစ်သောတောင်ဘက်တွင် ဖြိုဟ်တိုင်ရုပ်တုများ၊ တံခွန်တိုင် တစ်ခုနှင့် မီးစက်ထားရှိသည်၊ အဆောက်အအုံတစ်ခုရှိသည်၊ အဆောက်



www.burmeseclassic.com

www.burmeseclassic.com

အအုံအားလုံးသည် ခြူးပန်းခြူးနွယ်များ ပန်းပုရုပ်တုများဖြင့် တည်ဆောက်ထားသော ရှေးဟောင်းအဆောက်အအုံများ ဖြစ်ကြသည်။

စေတီတော်ကြီးကို လပြည့်လကွယ်ရက်များတွင် မီးစက်မောင်း၍ ည (၁၂)နာရီအထိ မီးပူဇော်လေ့ရှိသည်။ ညကလည်း တန်ဆောင်မုန်းလပြည့်ဖြစ်၍ မီးစက်မောင်းပြီး မီးပူဇော်ခဲ့သည်။ ည (၁၂)နာရီထိုးမှ မီးစက်ကို ရပ်ခဲ့သည်။ ထို့ကြောင့် မီးစက်မောင်းသော ကာလသားခေါင်းမြဝင်းကြီးကို သူကြီးက –

"ဟေ့ကောင် ... မြဝင်းကြီး ညကမင်းမီးစက်မောင်းတာ ဘာထူးခြားသေးလည်း"

"ဘာမှမထူးခြားဘူးသူကြီး – ခါတိုင်းလိုပဲ ည (၁၂)နာရီထိုးတော့မီးစက်ပိတ်ပြီး ကျွန်တော်လည်း ပြန်ခဲ့တာဘဲ"

"သူကြီးမင်း"

"ဘာလည်း ... ထွန်းဝင်းရ"

"စိန်ဖူးတော်ကို လပြည့်ညမှာ ခိုးသွားတာနော်"

"အေးလေ ... ဘာဖြစ်လဲ"

"မနှစ်က တန်ဆောင်မုန်းလပြည့်ညက ဘုရားလူကြီးဦးပြားကြီးအိမ်ကို သူခိုးဝင်ခိုးလို့ ရွှေတွေငွေတွေ အတော်ပါသွားတယ်လေ"

"အေး ... မင်း ပြောမှ ငါ သတိရတယ်။ တစ်နှစ်က လပြည့်ညကလည်း ကုန်စုံရောင်းတဲ့ မသန်းမြအိမ်ကို ဝင်ခိုးသွားတာ သူ စုထားတဲ့ရွှေဒင်္ဂါးတွေ ပါသွားတယ်လေ"

"ဟုတ်တယ် ... သူကြီးရ"

"ဒီ သူခိုးက တန်ဆောင်မုန်းလပြည့်နေ့တိုင်း ခိုးနေတာ။ ဒီနှစ်တော့ တစ်ဆင့်တက်ပြီး ဘုရားစိန်ဖူးကိုပါ ခိုးတော့တာ"

"ဟုတ်ပြီ ... ဒီသူခိုးက တစ်ယောက်တည်း ဖြစ်ရမယ်"

"အေးပေါ့ကွာ ... ရအောင်ဖမ်းရတော့မှာပေါ့"

သူကြီးမင်းလည်း အတွေးပေါင်းစုံဖြင့် ခေါင်းငိုက်စိုက်ချပြီး အိမ်သို့ပြန်လာခဲ့သည်။ သူကြီးမင်းဦးဘမောင်မှာ အသက် (၅၀)ခန့်သာရှိသေးသည်။ လူကငယ်သေးသော်လည်း ပြတ်ပြတ်သားသား လုပ်တတ်ကိုင်တတ်သည်။ ဆယ်ရွာအုပ်သူကြီးဖြစ်ပြီး အင်္ဂလိပ်အစိုးရ၏ နာမည်ကောင်း လက်မှတ်နှင့် နှစ်လုံးပြူးသေနတ် ချီးမြှင့်ထားခြင်းခံရသူ ဖြစ်သည်။ အိမ်သို့ပြန်ရောက်သောအခါ ဇနီးဖြစ်သူဒေါ်စိန်က –

"ကိုဘမောင် ... ဘာထူးသလည်းတော် ကျုပ်ရင်တွေ မကောင်းလို့"

"ဘာမှတော့ ... မထူးသေးပါဘူးကွာ။ ဒါပေမဲ့ – ရအောင်တော့ ဖော်ရမှာပေါ့"

"ဒါထက် ... သားလေးရော"

"ခုနကတော့ ရှိတယ် ရွာထဲထွက်သွားလား မသိဘူး"

သူကြီးဦးဘမောင်နှင့်ဒေါ်စိန်တို့တွင် မောင်လှဖွေးဟူသော သားလေးတစ်ယောက်ရှိတယ်။ အသက် (၁၇)နှစ်ခန့်ရှိပြီး အင်္ဂလိပ်မြန်မာ ခုနစ်တန်းအောင်ပြီး ကျောင်းဆက်မတက်တော့ဘဲ မိဘများ၏ လယ်ယာလုပ်ငန်းကို ကူညီလုပ်ကိုင်ပေးနေသူ ဖြစ်သည်။ ငယ်စဉ်ကတည်းက အနေအထိုင်အေးဆေးပြီး တည်တည်တံ့တံ့ရှိသည်။

သူကြီးမင်းလည်း တစ်မနက်လုံးစိန်ဖူးတော်အကြောင်းကို စဉ်းစားရင်း အချိန်ကုန် သွားတော့သည်။ နေ့ခင်းပိုင်းတွင် –

ဆယ်အိမ်ခေါင်းမောင်ဦးနှင့်အတူ ဝါးဘလောက်သောက်ဂတ်တဲမှ ဌာနာအုပ်ဦးလေးမောင်နှင့်ပုလိပ် (၅)ဦးခန့်တို့ရောက်ရှိလာကြသည်။ ရွာဦးကျောင်းဝင်းအတွင်းသို့ သွားရောက်ပြီး စေတီတော်ကြီး၏ ပတ်ဝန်းကျင်ကို လေ့လာကြသည်။ သူကြီးမင်းနှင့်တိုင်ပင်၏။ မြို့ပေါ်သို့ရဲသားတစ်ဦးကို စေလွှတ်ပြီး မြို့ဂုတ်ကိုလည်း အကြောင်းကြားစေသည်။ မသင်္ကာသူ၊ နာမည်ပျက်ရှိသူ၊ လူဆိုးသူခိုးစာရင်းကို ပြုစုသည်။ သာယာကုန်းရွာအပြင် ဘေးပတ်ဝန်းကျင်ရွာများမှ ကျူးလွန်နိုင်သည်ဟု အထင်ရှိသူများကို ဖမ်းဆီး၏။ သူကြီးအိမ်အောက်တွင် ထားရှိစစ်ဆေးတော့သည်။

— ◇ —





www.burmeseclassic.com

www.burmeseclassic.com

ဝါးဘလောက်သောက် ဂုတ်တဲမှ ဌာနာအုပ်နှင့်တပည့်များ၏ လက်သံကလည်း ပြောင်လှသည်။ အစစ်အဆေးခံရသူများမှာလည်း ဆွေမျိုးမေ့အောင် ခံကြရသည်။

"ဖြောင်း"

"ခွပ်"

"အောင်မလေး … သေပါပြီဗျ"

"ဟေ့ကောင် … မှန်မှန်ပြောစမ်း စိန်ဖူးတော်ကို မင်းခိုးတယ် မဟုတ်လား"

"မခိုးပါဘူးခင်ဗျာ … မခိုးလည်း မခိုးရဲပါဘူး"

"ဘာမခိုးရမှာလည်း … ကဲကွာ"

"ဖြောင်း – ဖြောင်း"

"အောင်မလေး … ကြောက်ပါပြီဗျ။ ကျွန်တော် ခိုးမိပါတယ်"

"ဟုတ်ပြီဟေ့ … ပြောစမ်း"

"ဟို … ဦးသိန်းဝင်းမိန်းမရဲ့ထဘီကို ခိုးခဲ့တာပါခင်ဗျာ"

"ဟာ – ဒီမသာ – ငါက အကောင်းမှတ်လို့ ကဲကွာ"

"ဗုန်း – ဗုန်း"

"အောင်မလေး … သေပါပြီဗျ"

"သူကြီးမင်း … ကယ်ပါဦး ကျွန်တော် တကယ်မခိုးရပါဘူးခင်ဗျ"

စစ်ဆေးမေးမြန်းသံ ရိုက်သံနက်သံ၊ အော်ဟစ်သံများက သူကြီးမင်းအိမ်အောက်တွင်ပွက်လောရိုက်နေတော့သည်။ သာယာကုန်းရွာထဲနှင့်ရွာနီးချုပ်စပ်မှ ထင်ကြေးနှင့် ဖမ်းဆီးစစ်ဆေးခံရသူများမှာ အယောက်သုံးဆယ်ခန့်ရှိသည်။ စစ်ဆေးခံရသူများမှာလည်းမြော့မြော့သာကျန်တော့သည်။ စစ်ဆေးနည်းကလည်း မျိုးစုံလှသည်။ ထိုးကြိတ်ရိုက်နက်ခြင်း၊ ကန်ကြောက်ခြင်း၊ ထုပ်တန်းတွင် လက်ပြန်ကြိုးတုပ်၍ ဖောက်ထိုးဆွဲခြင်း၊ ခေါင်းပေါ်ရေစက်ချခြင်း၊ ခြေသလုံးကို မျဉ်းလုံးဖြင့် လှိမ့်ခြင်းတို့ဖြင့် စစ်ဆေးနေကြသည်မှာ ဆူညံနေတော့သည်။



နှစ်ရက်တိုင်တိုင် ရှိခဲ့ပြီ ဖြစ်သော်လည်း သတင်းအစအနက မရသေး။ ရွာနီးချုပ်စပ်နှင့် ပတ်ဝန်းကျင်ဒေသကိုသော်၎င်း၊ မြို့ပေါ်ရှိ ရွှေပန်းတိမ်ဆိုင်များနှင့် အပေါင်ဆိုင်များသို့၎င်း စုံစမ်းထောက်လှမ်းကြသော်လည်း စိန်ဖူးတော်သတင်းက စုပ်စမြုပ်စ ဖြစ်နေတော့သည်။ တစ်ရွာလုံးကလည်း စိတ်မကောင်းဖြစ်နေကြသည်။ အထူးသဖြင့် ခေါ်ယူစစ်ဆေး မေးမြန်းခံရသူများနှင့် ၎င်း၏မိသားစုများမှာတော့ ဆိုဖွယ်ရာ မရှိတော့ပါ။ တစ်ရွာလုံးလည်း ကျိုးလန့်စာစားဖြစ်နေကြသည်။

. . . . . . . . . . . . . . . . . . . . . . . . . .

"အဝလေးတော်
လုပ်ရက်ကြပါပေ့…
ဘုရားစိန်ဖူးတော်ကိုမှ
ခိုးရတယ်လို့
ကြားလို့မှ
တောင်းကြသေးရဲ့လားတော်"





www.burmeseclassic.com

www.burmeseclassic.com

သူကြီးမင်းကလည်းလက်စလက်နရှိသူ မည်သူကိုမဆိုခေါ်ယူစစ်ဆေးသည်၊ သူ့အမျိုးများထဲက လူကိုပင် ချမ်းသာမပေး၊ နောက်ဆုံးမီးစက်မောင်းသည့်မြဝင်းကြီးကိုပင်မသက်ာ၍ခေါ်ယူစစ်ဆေးတော့သည်၊ သူကြီးကတော်ဒေါ်စိန်မှာ အိမ်တွင်မနေနိုင်၍ အခြားသို့ ရှောင်နေတော့သည်၊ သားဖြစ်သူမောင်လူဖွေးမှာလည်း မျက်နှာလုံးဝမကောင်းဘဲ မည်သူ့ကိုမှ စကားမပြောဘဲ တစ်စုံတစ်ခုကို နက်နက်နဲနဲ စဉ်းစားနေတော့သည်၊

စိန်ဖူးတော်အခိုးခံရပြီးလေးရက်မြောက်နေ့ဖြစ်သည်၊ သူကြီးမင်းဌာနာအုပ်မင်းနဲ့ပုလိပ်များသည်ဒုင်းရိုက်နက်စစ်ဆေးမေးရဖန်များသဖြင့်မောပန်းနွမ်းနယ်ကြပြီဖြစ်သည်၊ ပျောက်ဆုံးသည့်ရက်ကလည်းတဖြည်းဖြည်းကြာလာပြီ ဖြစ်သည်၊ ရက်ကြာလာသည်နှင့် အမျှ ပစ္စည်းပြန်ရဖို့ကလည်း တစ်ဖြည်းဖြည်းဝေးကွာလာကြောင်း သတိထားမိသဖြင့် တာဝန်ရှိသူများ၏ရင်ထဲတွင် လေးလံလျက်ရှိသည်၊

ဘုရားကလည်း ရှေးဟောင်းဘုရားတစ်နယ်လုံးက အမြတ်တနိုးကိုးကွယ်နေကြသည့် စေတီတော်ကြီး -၊

"စိန်ဖူးတော်ကလည်းတန်ဖိုးဖြတ်မရသည့် ကျောက်မျက်ရတနာမျိုးစုံပါဝင်သည့်ရွှေသားအစစ် စိန်ဖူးတော်ကြီး -

ဒါတွေကိုများ တကယ့်ကို ပြန်မရခဲ့ရင် -၊

သူကြီးမင်းလည်း စိတ်မကောင်းခြင်းကြီးစွာဖြင့် ကျန်ရှိနေသေးသော မသင်္ကာသူများကိုဆက်လက်စစ်ဆေးရန်ပြင်ဆင်နေတော့သည်၊ ထိုအချိန်တွင်တစ်ဦးတည်းသောသားဖြစ်သူမောင်လူဖွေး ဖခင်သူကြီးအနီးသို့ရောက်ရှိလာပြီး -

"အဘ - အဘ"

"ဟေ ... ဘာလည်းလူလေး"

"ဆက်မစစ်ပါနဲ့တော့ အဘရယ် ... ကျွန်တော် စိတ်မကောင်းလို့ပါ"

"အဘလည်း ... ဘယ်လုပ်ချင်ပါ့မလည်းလူလေးရယ် - ဒါပေမဲ့ - ဒီစိန်ဖူးတော်ကို အဆုံးရှုံးခံလို့ မဖြစ်ဘူးလူလေး"

"မစစ်ပါနဲ့တော့ ... စိန်ဖူးတော်လည်း ပြန်ရမှာပါ"

"ဟေ"



"ပြန်ရမယ် ... ဟုတ်လား လူလေးက ဘယ်လိုသိလို့လဲ"

"ဟုတ်ပါတယ် ... အဘ ပြန်ရမှာပါ"

"နေပါဦးကွ ... လူလေးရ - ခိုးတဲ့လူကို မင်းသိလို့လား"

"လူလေး ... ဒါနောက်စရာ မဟုတ်ဘူးနော်၊ မင်းပြစ်မင်းဒဏ်သင့်မယ့်ကိစ္စနော်"

"နောက်တာ ... မဟုတ်ပါဘူးအဘ - ကျွန်တော် သိပါတယ်"

"ဟေး ... ဒါဆို လူလေးသိရင် ပြောစမ်း ခိုးတဲ့လူက ဘယ်သူလဲ"

"ကျွန်တော်ကိုယ်တိုင်ပါပဲ"

"ဟင်"

"ချွမ် - ချလွမ်"

ဆွမ်းတော်ကပ်ရန်ပြုလုပ်နေသော သူကြီးကတော်ဒေါ်စိန်၏လက်ထဲမှ ဆွမ်းတော်ဇွန်း လွတ်ကျ၍ ကွဲသွားတော့သည်၊ သူကြီးမင်းလည်း ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်ကြက်သေသေနေတော့သည်၊ အတန်ကြာတော့မှ သူကြီးကတော်ဒေါ်စိန်က မောင်လူဖွေးကို မပြုးဖက်ပြီး -

"လူလေး ... လူလေး မဟုတ်တာ မပြောရဘူးလေ ဘာတွေ လျှောက်ပြောနေတာလည်း"

မဟုတ်ဘူး ... မဟုတ်ဘူး ကြည့်ပြောစမ်းပါအုံး လူလေးရယ်"

"ဟုတ်တယ်အမေ ... ကျွန်တော်ခိုးတာ"

"ဟီး - ဟီး - ဟီး"

"မဟုတ်ပါဘူး... လူလေးရယ် ဘယ်တုံးကမှ လူလေးက ခိုးဖူးတာ မဟုတ်ပါဘူး"

"ဟုတ်တယ် .. အဘနဲ့အမေ ကျုပ်ဝင့်ကြွေးပါလာတယ်၊ အဲဒီဝင့်ကြွေးတွေကြောင့် ကျုပ်ခိုးရတာ၊ ပစ္စည်းကို လိုချင်လို့ မဟုတ်ဘူး"

ထိုအခါ အံ့သြလွန်းသဖြင့် ငိုင်ကြည့်နေသော ဌာနာအုပ်မင်းကဝင်၍ -

"ဒါဆို မောင်လူဖွေး မင်းခိုးထားတဲ့စိန်ဖူးတော်ရော"

"ရှိပါတယ် ... ဘုရားကြီးနောက်ဘက်က ဗြိုဟ်တိုင်ရဲ့စနေနံ့ ရှေ့မှာမြှုပ်ထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ - ကဲ - လာ - လာ သွားဖော်ရအောင်"

"ဟုတ်ကဲ့ ... ကျွန်တော် လိုက်ပြပါ့မယ်"

သူကြီးမင်းမှာ ခေါင်းငိုက်စိုက်ချ၍ စကားပင် မပြောနိုင်တော့ပါ။ သူကြီးကတော် ဒေါ်စိန်မှာလည်း ငိုရင်းတက်သွားသဖြင့် မနည်းနာနတ်ယူရသည်။ စေတီတော်ကြီး၏စိန်ဖူးတော်ကို သူကြီးမင်း၏သားမောင်လူဖွေးက ခိုးသည် ဟူသော သတင်းမှာ တောမီးကဲ့သို့ တစ်ရွာလုံး ပျံ့နှံ့သွားလေတော့သည်။

"မဖြစ်နိုင်ပါဘူး ... မရှေ့တင်ရယ်"

"ဟဲ့ကောင်မ - မိသိန်းဝင်း - ဟုတ်လို့ပဲ ပုလိပ်တွေရော၊ သူကြီးရော သူသားရော၊ အခု ရွာဦးကျောင်းကို သွားနေကြပြီ"

"ဟုတ်တယ် ... အစ်မသိန်းဝင်းရဲ့ ကျွန်မတောင် သွားကြည့်မလို့ လိုက်ကြဦးမလား"

"လိုက်မှာပေါ့ ... မော်မော်ရဲ့"

"ကဲ - ကဲ နောက်ကျလို့ မသိလိုက်ရဘဲနေမယ်၊ သွားကြမယ် လာ - လာ"

တစ်ရွာလုံးရှိယောက်ျားမိန်းမ ကလေးလူကြီးမကျန် ရွာဦးကျောင်းဝင်းရှိ စေတီတော်ကြီးသို့ ဦးဆောင်ချီတက်နေကြသည်မှာ အုန်းအုန်းထနေတော့သည်။ စေတီတော်ကြီးပတ်ဝန်းကျင်တွင် လူများပြည့်ကြပ်နေကြသည်။ စေတီတော်ကြီးအနောက်ဘက်ပြိုပ်တိုင်အနီးစနေဂြိုဟ်ရပ်တုရှေ့တွင် ဆရာတော်ကြီး၊ သူကြီးမင်းနှင့် ဌာနာအုပ် အမှူးပြုသော ပုလိပ်သားများနှင့် မောင်လူဖွေးတို့ ရပ်နေသည်။

မောင်လူဖွေးလည်း ဆရာတော်ကြီးနှင့် ဖခင်သူကြီးတို့ကို ထိခြင်း (၅) မျိုးဖြင့် ရိုသေစွာထိုင်၍ ကန်တော့လိုက်သည်။ ထို့နောက် တူရွင်းတစ်ချောင်းကို တောင်းယူလိုက်ပြီး စနေဂြိုဟ်ရုပ်တုရှေ့ မြေပြင်ကို တူးဖော်တော့သည်။ တစ်ပေခန့် တူးပြီးနောက် ပလတ်စတစ်အထူစားဖြင့် လုံခြုံစွာ ထုပ်ထားသော အထုပ်တစ်ထုပ်ကို ယူလိုက်သည်။ ထို့နောက် အထဲမှာ စိန်ဖူးတော်ကို ထုတ်ယူလိုက်သောအခါ နံနက်ခင်းနေရောင်ခြည်အောက်တွင် ရွှေရောင်၊ ကျောက်သံပတ္တမြားအရောင်တို့ဖြင့် ဝင်းလက်တောက်ပနေတော့သည်။



ဆရာတော်ကြီးက လက်အုပ်ချီပြီး မောင်လူဖွေးလက်ထဲမှ စိန်ဖူးတော်ကို လှမ်းယူလိုက်သည်။ သူကြီးမင်းအမှူးပြုသော ရွာသူ ရွာသားအပေါင်းလည်း မြေပြင်တွင်ထိုင်၍ စိန်ဖူးတော်ကို ရိုသေစွာ ရှိခိုးကြတော့သည်။ ထို့နောက် ဆရာတော်လည်း စိန်ဖူးတော်ကို ပင့်ဆောင်၍ ကျောင်းတော်ပေါ် ကြွသွားတော့သည်။ ထိုအခါ သူကြီးမင်းက -

"ကဲ - ဌာနာအုပ်ကြီး စိန်ဖူးတော်ကို ဖြုတ်နိုင်တဲ့ ကျွန်တော့်သား မောင်ဖြူဖွေးကို ခင်ဗျားလက်ကို အပ်ပါတယ်၊ ဥပဒေအတိုင်းသာ အရေးယူပါတော့"

"ဟီး - ဟီး - ဟီး"

"ဟင့် - ဟင့်"

ရွာသူရွာသားတို့မှာလည်း မောင်လူဖွေးအတွက် စိတ်မကောင်းဖြစ်နေကြသည်။ စိတ်သဘောထား ကောင်းမွန်ပြီး သူတစ်ပါးကို အမြဲကူညီသော၊ ယခင်ကလည်း ဘာသံမှ မကြားခဲ့ရသော မောင်လူဖွေးအတွက် ယုံရခက်၊ မယုံရခက် ဖြစ်နေသည်။ မယုံရအောင်လည်း အပြစ်က လက်တွေ့ထင်ထင်ရှားရှားကြီး -

"ဟုတ်ကဲ့ ... သူကြီးမင်း ကျွန်တော်လည်း ဥပဒေအရ အရေးယူပါ့မယ်"

"ဒါနဲ့ မောင်လူဖွေး ... ဒီလောက်မြင့်ပြီး ဒီလောက်အကာအရံနဲ့ထားတဲ့ စိန်ဖူးကို ဘယ်လို တက်ဖြုတ်သလဲ၊ ဦးလေးတို့တော့ မယုံနိုင်အောင်ပါပဲ"

"ဟုတ်တယ် ... ညီလေး မင်းတစ်ယောက်တည်း ဘယ်လို ဖြုတ်သလဲ ပြောပြစမ်းပါကွာ"

ဌာနာအုပ်မင်းနှင့် အားလုံး၏တောင်းဆိုမှုကြောင့် မောင်လူဖွေးမှာ စေတီတော်ကြီးမှ စိန်ဖူးတော် တက်ဖြုတ်ပုံကို ပြန်လည် သရုပ်ပြတော့သည်။

═ ♦ ═



www.burmeseclassic.com

www.burmeseclassic.com

တန်ဆောင်မုန်းလပြည့်နေ့ညသန်းခေါင်ကျော်စေတီတော်ကြီး လျှပ်စစ်မီးပူဇော်မှုကို ရပ်ဆိုင်းလိုက်သည်။ မီးစက်ကို တာဝန်ယူ မောင်းနှင်ပူဇော်ရသော မြဝင်းကြီးတစ်ယောက် ပစ္စည်းများကို သိမ်းဆည်း၍ မီးစက်ထားသော အင်ဂျင်ရုံကို တံခါးပိတ် သော့ခတ်ပြီး ပြန်လာခဲ့သည်။ မီးစက်ပိတ်သိမ်းသွားသော်လည်း လပြည့်ညဖြစ်၍ လမင်းက ထိန်ထိန်သာနေတော့သည်။

ည (၁)နာရီကျော်အချိန်တွင် မောင်လူဖွေးတစ်ယောက် ကျောင်းဝိုင်းအတွင်း ဝင်ရောက်လာပြီး စေတီတော်ကြီးအနီးသို့ ရောက်လာခဲ့သည်။ အသိစိတ်က မလုပ်သင့်ဟု ထင်မိသော်လည်း မသိစိတ်၏ စေ့ဆော်မှုအရ စေတီတော်၏နောက်ဘက်ဂြိုဟ်တိုင်ဘက်သို့ရောက်ရှိလာခဲ့သည်။ ဘုရားခြေရင်းတွင် ခေတ္တဝိုင်နေသည်။ သို့သော်တစ်စုံတစ်ခု၏ စေ့ဆော်မှုကို မလွန်ဆန်နိုင်သကဲ့သို့ ဘုရားပေါ်သို့ စတင်တက်လေတော့သည်။

မောင်လူဖွေးတစ်ယောက် ဘုရားပေါ်သို့တက်ရောက်ပုံသရုပ်ပြနေခြင်းကို ရွာသူရွာသားများက အသံပင် မထွက်နိုင်ဘဲ ဝိုင်းကြည့်နေကြသည်။ မောင်လူဖွေးလည်း မည်သည့်ပစ္စည်းကိရိယာ အကူအညီတစ်ခုမှ မပါဘဲ အိမ်မြှောင်များ နံရံသို့ တွယ်ကပ်တက်သလို တက်သွားခဲ့သည်။ ဤသို့ဖြင့် တက်သွားခဲ့သည်မှာ ငှက်ပျောဖူးအရင်းပိုင်းကိုကျော်၍ သံပန်းအချွန်များ အပေါ်အောက်ထောင်၍ပတ်ပတ်လည်ကာရံထားသော သံပန်းအဝိုင်းအနားသို့ ရောက်၍သွားခဲ့သည်။

ထိုနေရာသို့ မောင်လူဖွေး ရောက်သွားသောအခါ ဝိုင်းကြည့်နေသော ပရိသတ်က ပို၍ စိတ်ဝင်စားလာကြတော့သည်။ လူသာမန်တစ်ဦး မည်သို့မျှ မတက်ရောက်နိုင်သောအတားအဆီးကို မည်သို့ ကျော်ဖြတ်မည်ကို စိတ်ဝင်စားစွာ ကြည့်ရှုနေကြသည်။ ထိုနေရာသို့ မောင်လူဖွေး ရောက်ရှိသွားသောအခါ အောက်ဘက်သို့ စိုက်၍ ကာရံထားသော သံချွန်နှစ်ခုကို လက်နှစ်ဖက်ဖြင့် ဆွဲကိုင်ပြီးခိုထားလိုက်သည်။ သံချွန်နှစ်ခုကို ဆုပ်ကိုင်၍ဆွဲခိုထားသော မောင်လူဖွေးမှာ လေထဲတွင် တွဲလောင်းဖြစ်နေသည်။

"ဟိတ်"



မာန်သွင်းသံ တစ်ချက်ပေါ်လာပြီး လေထဲတွင် အနည်းငယ် လွှဲယမ်းအားယူပြီး ခြေထောက်နှစ်ချောင်းကတော့ ဤအပေါ်သို့ထောင်ပြီးနောက် ကျွမ်းပစ်၍တက်သွားရာ စေတီတော်၏ငှက်ပျောဖူးတွင်ပတ်ဝိုင်း၍ကာထားသော သံပန်းအဝိုင်းပေါ်တွင် မတ်တတ်ရပ်လျက် ကျရောက်သွားတော့သည်။

"ဟာ"

"ဟယ်"

"အလိုတော်"

"တော်လိုက်တာဟယ်... ဆပ်ကပ်ထဲကအတိုင်းပဲ"

"ဟုတ်ပါ့တော် – တက်သွားတာကလည်း အိမ်မြှောင်အတိုင်းပဲ"

ဝိုင်းဝန်းကြည့်ရှုနေကြသော ရွာသူရွာသားများမှာ စိတ်ဆိုးဒေါသထွက်ရမည်ထက် မောင်လူဖွေး၏ အစွမ်းအစကို ဝိုင်းဝန်း ချီးကျူးနေကြသည်။ မောင်လူဖွေးလည်း ထိုမှတစ်ဆင့် စိန်ဖူးတော်ကို လက်လှမ်းမီသည်အထိ တက်သွားခဲ့သည်။ စိန်ဖူးတော်ကို ဖြုတ်ခါနီးတွင် အတန်ကြာငိုင်တွေ နေသည်။ ထို့နောက် မဖြုတ်သေးဘဲ ပြန်ဆင်းလာခဲ့သည်။ ယခင်နည်းအတိုင်း ဘုရားခြေရင်းသို့ပြန်ဆင်းလာပြီး ဘုရားကြီး ခြေရင်းမှ သဲတစ်ဆုပ်ကို ကျုံးယူလိုက်သည်။

ထိုသဲဆုပ်ကိုလက်မှာကိုင်ရင်း ဘုရားရှေ့တွင် သစ္စာဆိုတော့သည်။

"ဘုရားတပည့်တော်သည် ယခင်ဘဝဝဋ်ကြွေးကြောင့် စိန်ဖူးတော်ကို ဖြုတ်ယူပါတော့မည်။ ဤကျူးလွန်ခဲ့သော အပြစ်ဒဏ်ကို ဤလက်ထဲတွင် ဆုပ်ကိုင်ထားသော သဲလုံးနှင့်အမျှ ကပ်ကမ္ဘာ ခံယူပါမည်။ ဤသစ္စာ စကားကြောင့် အလွယ်တကူ ဖြုတ်ယူရပါစေသား"

ထိုကဲ့သို့ သစ္စာဆိုပြီးနောက် မောင်လူဖွေးလည်း ဘုရားစေတီပေါ်သို့ ယခင်နည်းအတိုင်း ပြန်တက်သွားပြီး စိန်ဖူးတော်ကို ဖြုတ်၍ပြန်ဆင်းလာခဲ့တော့သည်။ မောင်လူဖွေးဘုရားပေါ် တက်ပုံဆင်းပုံများမှာ ပင်ပင်ပန်းပန်း ဆောင်ရွက်ရခြင်း မရှိဘဲ တစ်စုံတစ်ခု၏ အကူအညီကြောင့်လားမသိ၊ ပုံမှန်လုပ်ဆောင်နေသကဲ့သို့ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ ... ပထမအကြိမ်တက်သွားပြီးစိန်ဖူးကိုမဖြုတ်ဘဲပြန်ဆင်းလာတာ ဘာကြောင့်လဲ"

"ဒီလိုပါ – ဌာနာအုပ်မင်း ဘုရားပေါ်သို့ အခက်အခဲ မရှိဘဲ တက်သွားနိုင်ပေမယ့် စိန်ဖူးတော်ကို ဖြုတ်မယ်လုပ်တော့ ကျွန်တော့်မျက်စေ့ထဲမှာ စိန်ဖူးတွေအများကြီးမြင်နေရပြီး ဘယ်ဟာအစစ် ဘယ်ဟာအတုမှန်း ခွဲခြားလို့မရဘူးဖြစ်နေတယ်။ အင်း ... ငါတော့ သစ္စာဆိုမှ ဖြစ်တော့မယ်ဆိုပြီး ပြန်ဆင်း သဲတစ်ဆုပ်ယူပြီး အပြစ်ဒဏ်ကို ဒီသဲလုံးရေနဲ့ ညီမျှတဲ့ ကပ်ကမ္ဘာအတိုင်း ခံယူပါ့မယ်လို့ သစ္စာဆိုပြီး ပြန်တက်သွားတော့မှ စိန်ဖူးတော်ကို မြင်ရတော့တယ်။ အဲဒီအခါကျတော့မှ လွယ်လွယ်ကူကူဖြုတ်ယူပြီးပြန်ဆင်းလာတယ်။

ဒါပေမဲ့ – ကျွန်တော်ရဲ့ဝင့်ကြွားစေ့ဆော်မှုတွေကြောင့်သာ ဒီစိန်ဖူးကို တက်ဖြုတ်တာဖြစ်ပေမယ့် သုံးစွဲဖို့မရည်ရွယ်ဘူး။ ဒါကြောင့် ဘုရားခြေရင်းမှာ မြှုပ်ထားခဲ့တာ၊ အချိန်တန်ရင်တော့ တစ်နည်းနည်းနဲ့ ပြန်ပေးမလို့ပါပဲ။ ဒါပေမဲ့ ဖခင်သူကြီးနဲ့ဌာနာအုပ်ကြီးတို့က မသင်္ကာသူတွေကို ရိုက်နှက်စစ်ဆေးနေတာမြင်ရတော့ ကျုပ်လုံးလုံးစိတ်မကောင်းဘူး။ ပိုပြီး ဆိုးလာမှာစိုးလို့ အစုလို ဖော်ပေးလိုက်တာပဲ"

"မိုက်လိုက်တဲ့ ငါ့သားရယ် – ဒီအပြစ်ဒဏ်ကိုမင်းဘဝပေါင်း မြောက်မြားစွာပေးဆပ်ခံယူရတော့မယ်"

"လောလောဆယ် ဥပဒေက ပေးတဲ့အပြစ်ဒဏ်ခံရမယ်။ ငါ့သားရဲ့ဘဝက ဆိုးလိုက်တာကွယ်"

ဖခင်ဖြစ်သူ သူကြီးမင်းမှာ ရွှေသမင်ဘယ်ကထွက် မင်းကြီးတာကထွက်ဆိုသလို သူ့သားဖြစ်သူက စိန်ဖူးတော် ဖြုတ်ခိုးသူဖြစ်၍ ရှက်ဒေါသအပြင် ယူကြုံးမရဖြစ်နေတော့သည်။ ထိုအချိန်တွင် မောင်လူဖွေးက –

"ဒီလူအုပ်ထဲမှာ ... ဒေါ်သန်းမြရှိလား"

"ရှိတယ် ... လူလေးရှိတယ်"

"အဒေါ်အိမ်က ပျောက်သွားတဲ့ ရွှေဒင်္ဂါးတွေ သောကြာဂြိုဟ်တိုင်ရေ့မှာ မြှုပ်ထားတယ်။ အဲဒါ ပြန်ဖော်ယူလိုက်ပါ"



"အောင်မယ်လေး ... ကျေးဇူးတင်လိုက်တာ လူလေးရယ်၊ ဘုန်းကြီးပါစေ အသက်ရှည်ပါစေ"

အရေးထဲ ပစ်ဒဏ်ကျခံရမည့်သူကို ဆုတောင်းပေးနေသေးသည်၊ တော်တော့လူတွေပါပဲ။ ထို့ပြင် ဘုရားလူကြီးဦးပြားကြီးအိမ်မှ ပျောက်ဆုံးသွားသော ရွှေငွေပစ္စည်းများကိုလည်း ကြာသပတေးဂြိုဟ်တိုင်ရေ့မှ ပြန်တူးဖော်ယူစေသည်၊ မောင်လူဖွေးပြောသကဲ့သို့ ၎င်းတို့၏ ပျောက်ဆုံးသွားသော ပစ္စည်းများကိုတစ်ခုမကျန် ပြန်ရလိုက်တော့သည်။ ဦးပြားကြီးနှင့် ဒေါ်သန်းမြတို့မှာ မောင်လူဖွေးကို စိတ်ဆိုးဒေါသထွက်ရမည့်ထက် ကျေးဇူးတင်နေကြသည်။

"အဲ ... လိုရင်းကိုပဲ ပြောကြတာပေါ့ ဒကာလေးရယ်၊ အဲဒီကိစ္စတွေကြောင့် မောင်လူဖွေးလည်း ထောင် (၁၀)နှစ်ကျသွားတယ်။ မျက်မှောက်ခေတ်ကာလမှာ သူ ကျူးလွန်ခဲ့တဲ့အပြစ်ဒဏ်ကို ချက်ချင်း လက်ငင်း ကျခံရတယ်၊ ဒါ့အပြင် သံသရာမှာလည်း ကပ်ကမ္ဘာပေါင်းများစွာ အပြစ်ဒဏ်ကို ခံစားရဦးမယ်ကွဲ့"

ရွှေတိဂုံစေတီတော်ကြီး၏ စနေထောင့်ရှိ ဇရပ်တစ်ခုပေါ်၌ အသက်(၆၀)ကျော်အရွယ်ရှိ ရသေ့တစ်ဦးက ကျွန်တော့်ကို ပြောပြနေခြင်း ဖြစ်သည်၊ (၁၉၈၀)ခုနှစ် ကျွန်တော် ပထမနှစ် ဒေသကောလိပ်တက်နေစဉ်အတွင်းအဆောင်နေထိုင်ရာ လှည်းတန်းစံရိပ်ငြိမ်မှ ရွှေတိဂုံစေတီတော်သို့ စနေနေ့ ညနေတိုင်း တက်ရောက် ဖူးမြော်ခဲ့သည်။ ထိုသို့ ဘုရားပေါ်သို့ တက်ရောက်ရင်း အသားဖြူဖြူအရပ်မြင့်မြင့်နှင့် ကြည်ညိုဖွယ်ကောင်းလှသော ဘရသေ့နှင့်တွေ့ဆုံသိကျွမ်းရာမှ ဘရသေ့က ယခုအကြောင်းကို ပြောပြနေခြင်းဖြစ်သည်။

"ဒါထက် ... ဘရသေ့ ကျွန်တော် မရှင်းတာတွေကို မေးပါရစေ"

"မေး ... မေး လူလေး မေးနိုင်ပါတယ်"

"မောင်လူဖွေးရဲ့မိဘနှစ်ပါးရော"

"ဖခင်ဖြစ်တဲ့ သူကြီးမင်းက ရှက်လွန်းလို့ သူကြီးအလုပ်က နုတ်ထွက်ပြီး ရဟန်းဘဝကို အပြီးတိုင် ကူးပြောင်းသွားတယ်။ မိခင်ဖြစ်တဲ့ဒေါ်စိန်ကတော့



www.burmeseclassic.com

www.burmeseclassic.com

မောင်လူဖွေးထောင်ကျသွားတဲ့အချိန်မှာ တရှောင်ရှောင်ဖြစ်ပြီး (၂)နှစ်လောက်အကြာမှာ ဆုံးသွားခဲ့တယ်"

"မောင်လူဖွေးမှာ အဲဒီအစွမ်းအစတွေရှိမှန်း သူ့မိဘတွေက မသိကြဘူးလား"

"အမှတ်တမဲ့နေကြတော့ မသိဘူးကွဲ့၊ အဲ - မောင်လူဖွေးကို မွေးတာကလည်း တန်ဆောင်မုန်းအချိန်မှာ မွေးခဲ့တာ၊ စောရနက္ခတ်နဲ့ယှဉ်ပြီး မွေးလာခဲ့တာ၊ ငယ်စဉ်ကတော့ သိပ်မသိသာဘူး၊ ဒါပေမဲ့ - တန်ဆောင်မုန်းလပြည့်နေ့ညရောက်တိုင်း မောင်လူဖွေး နေလို့ မရဘူး၊ အိမ်ကနေထွက်ပြီး လျှောက်သွားတော့တာပဲ"

ထူးခြားတာက သူ အဲဒီလျှောက်သွားနေတာကို ဘယ်သူကမှ သတိမထားမိကြဘူး၊ နောက်ဆုံးတစ်အိမ်အိမ်က ပစ္စည်းတစ်ခုခုကို တစ်နေရာကို ရွှေ့ထားလိုက်တော့မှ စိတ်ကျေနပ်ပြီး အိမ်ပြန်လာတော့တယ်၊ ပိုထူးခြားတာက သူ့အိမ်မှာ အိပ်ပျော်နေတာကို သူ့မိဘတွေက အမြဲတွေ့နေရတယ်၊

မောင်လူဖွေး (၁၄)နှစ်သားရောက်တော့ ရွာကို ဆေးလာကုတဲ့ ရှမ်းဆရာကြီးတစ်ယောက်က သိဒ္ဓိတင်ပေးမယ်ဆိုပြီး နဖူးမှာ ဆေးသုံးချက်စုတ်နဲ့ထိုးပေးသွားတယ်၊ အဲဒီလို ထိုးပေးပြီးတဲ့နောက်ပိုင်း တစ်နှစ်တစ်ခါ တန်ဆောင်မုန်းလပြည့်နေ့ရောက်တိုင်း တန်ဖိုးရှိတဲ့ပစ္စည်းတွေကို ခိုးတော့တာပဲ၊ သူ့ရဲ့မသိစိတ်က လုပ်နေပေမယ့် သိစိတ်က ရှိနေသေးတော့ အဲဒီပစ္စည်းတွေကို ခိုးတော့တာပဲ၊ သူ့ရဲ့မသိစိတ်က လုပ်နေပေမယ့် သိစိတ်က ရှိနေသေးတော့ အဲဒီပစ္စည်းတွေကို ကိုယ်ကျိုးမသုံးတဲ့ ဂုဏ်ထားခဲ့တာပေါ့၊

"မောင်လူဖွေးထောင်က လွတ်လာတော့ရော - ဘရသေ့"

"မောင်လူဖွေးနှစ်စေ့လို့ ထောင်က လွတ်လာတော့ မိဘတွေကမရှိကြတော့ဘူး၊ သူလည်း မိဘတွေ ကျန်ရစ်ခဲ့တဲ့ ပစ္စည်းတွေကို လှူဒါန်းပေးကမ်းခဲ့တယ်၊ အဲဒီအပြင် လယ်ဧက (၂၀)ကို သူ စိန်ဖူးဖြုတ်ခဲ့တဲ့ ရွာဦးစေတီတော်ကြီး ဝေယျာဝစ္စကိစ္စတွေသုံးဖို့အတွက် ဘုရားအတွက်ဆိုပြီး လှူဒါန်းခဲ့တယ်၊



အဲဒီ လယ်ကရတဲ့အကျိုးအမြတ်နဲ့ နှစ်စဉ်ဘုရားပွဲလုပ်ခဲ့တာက အခုတိုင်အောင်ပါပဲ"

မောင်လူဖွေးလည်း အဲဒီနောက်ပိုင်းရွာက ထွက်သွားတော့တာပါပဲ၊

"ဘရသေ့က ... ဒီကိစ္စတွေ အလုံးစုံ သိနေတာဆိုတော့"

"ဟုတ်တယ် ... လူကလေးထင်တဲ့အတိုင်းပဲ မောင်လူဖွေးဆိုတာ ဘရသေ့ပဲပေါ့"

"ဗျာ"

—🔔—

"ဟုတ်တယ် ... လူလေး ဘရသေ့လည်း အခုဘဝမှာ ကိုယ် ကျူးလွန်ခဲ့တဲ့ ကိစ္စအတွက် အပြစ်ဒဏ် ခံထားရသလို နောင်သံသရာဘဝပေါင်းများစွာလည်း အပြစ်ဒဏ်ကိုခံရဦးမယ်၊ သံသရာဆိုတာကြီးကိုအရမ်းကြောက်သွားပြီ လူလေး"

"ရဟန်းဝတ်ဖို့ကလည်း ပဥ္စနန္တရိယကံကြီးကို ကျူးလွန်ထားတဲ့လူဆိုတော့ မသင့်တော်ဘူးလေ၊ ဒါကြောင့် ရသေ့ဝတ်ပြီး ပုတီးစိပ် တရားထိုင် မေတ္တာပို့ပြီး တတ်နိုင်သလောက် အပြစ်ကြေဖို့အတွက် ပေးဆပ်နေရတာပဲ လူကလေး"

ထိုဘုရားရှင်လက်ထက်က အဇာတသတ်မင်းကြီးကို ကြားဖူးမှာပေါ့၊ ခင်ဗိမ္ဗိသာရမင်းကြီးကို သတ်ခဲ့တဲ့အတွက် ပဥ္စနန္တရိယကံထိုက်ကြီး အဝီစိကို ဓလွဲမသွေ ကျရောက်ရမှာဖြစ်ပေမယ့် ရတနာသုံးပါးကို ချီးမြှောက်ခဲ့တဲ့အတွက် အဝီစိငရဲကို မကျတော့ဘဲ သူ့အနီးအနားက လောဟကုမ္ဘီငရဲကိုသာ ကျခဲ့တယ်၊

သူ့ရဲ့ကြည်ညိုသဒ္ဓါနဲ့ သာသနာကို ချီးမြှောက်ခဲ့တဲ့ကုသိုလ်အကျိုးအကြောင်းကြောင့် အဲဒီငရဲမှာ အနှစ်ခြောက်သောင်းခံပြီးရင် ဒီကမ္ဘာရဲ့ အရိမေတ္တေယျဘုရားရှင်ကြားမှာ ဝိဇိတာဝီဆိုတဲ့ ပစ္စေကဗုဒ္ဓဖြစ်ပြီး နိဗ္ဗာန် ကူးလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဘဲရသေ့ကတော့ ပါရမီအရင့်အမာ မဟုတ်တောင် လူ့ဘ၀မှာ ထိုက်သလောက် အကုသိုလ်ကံဖျက်ဖို့ကုသိုလ်ကောင်းမှုလုပ်ပြီး ပေးဆပ်နေတာပဲ။ လူကလေးနဲ့ကြုံတုန်း ဘရသေ့ရဲ့သံဝေဂယူဖွယ်ဘ၀အကြောင်းကို ပြောပြနေတာဘဲကွဲ့။

"ကဲ - ကဲ - စကားပြောတာလည်း အတော်ကြာပြီ၊ ဘရသေ့လည်း အဓိဋ္ဌာန်ဝင်လိုက်ဦးမယ်၊ လူလေးကိုလည်း တစ်ခါတည်း နှုတ်ဆက်ခဲ့တယ်၊ ဘရသေ့လည်း ခရီးဆက်ရဦးမယ်"

"ဘရသေ့ ... ဘယ်ကိုခရီးဆက်မှာပါလဲ"

"မြန်မာပြည်အနှံ့ပေါ့ကွယ် ... ကံမကုန်သေးရင်တော့ပြန်ဆုံကြမှာပေါ့"

"တင့်ပါ့ ... ဘရသေ့ကို ကန်တော့ခဲ့ပါတယ်"

"သာဓု - သာဓု - သာဓု"

ကျွန်တော်လည်း ဘရသေ့ကို ဦးချ၍ ဘုရားပေါ်မှ ပြန်ဆင်းလာခဲ့တော့သည်၊ ထိုအချိန်မှစ၍ ယခုအချိန်ထိ နှစ်ပေါင်း (၃၀) ကျော်ကြာခဲ့ပြီးဖြစ်သော်လည်း ဘရသေ့နှင့် တစ်ခါမျှ ပြန်တွေ့ခဲ့ခြင်း မရှိတော့ပါ၊ ကျွန်တော်ကလည်း ဘရသေ့နှင့်ပြန်တွေ့လျှင် မေးစရာမေးခွန်း တစ်ခု ကျန်ခဲ့၍ မေးချင်ပါသေးသည်၊

"မောင်လူဖွေး လက်ထက်က အစွမ်းအစများ ယခုထိ ရှိပါသေးလား"

မေးစရာပင် မလိုပါ၊ သူတော်ကောင်းပုဂ္ဂိုလ်များက လောကီအစွမ်းအစများကို မည်သည့်အခါမှ သုံးစွဲတော့မည် မဟုတ်ပါ

(နှစ်ပေါင်း (၃၀) ကျော်တွင် ရွှေတိဂုံဘုရားစနေထောင့်တွင် ဆုံတွေ့ခဲ့ရသော ဘရသေ့အား ဦးချကန်တော့လျက်...)

>> ဝင်းနိုင် (ရွှေပြည်သာ)



www.burmeseclassic.com

## လောကလောင်မီး

ရှစ်ခွင်ကျော်(ဖောင်တော်သိ)

### အစ်ထားဓာတ်...။

ကျွန်တော်တို့နယ်ခံတွေကပလပ်မြေလတာမြင်ကြီးမှာ တည်ထားလို့ဘုရားလတာရယ်လို့ နှုတ်ကျိုးစွာနဲ့ ဘွဲ့တော်အဖြစ် သတ်မှတ်ကြပါတယ်။

ဘုရားလတာရဲ့အရှေ့ဘက်ကိုက်နှစ်ရာလောက်ကစပြီး ခပ်ပါးပါးကနေ ဆင်တိုးလို့တောင် မပေါက်တဲ့ ကိုင်းတောကြီး ဟည်းထလို့နေပါတယ်။ ဝါဆိုဝါခေါင်ကိုင်းပင်ပွင့်ချိန်ဆိုရေနက်ကွင်းလည်းဖြစ်တဲ့အတွက်ကိုင်းတောဖွေးဖွေး၊ရေဖွေးဖွေးဟာပင်လယ်ပြင်ကြီးလို ဖြစ်တည်နေပါတယ်။

ကျွန်တော့်ကြီးတော် အိပ်မက်အရ ပြောပြတာကတော့ ဘုရားလတာ အရှေ့ကိုင်းတောထဲမှာ ကုန်းမို့မို့လေးရှိကြောင်း။



အဲဒီကုန်းမို့မို့လေးဟာ မြေပြင်ညီအထိ ပြိုကျထားတဲ့ဘုရားငုတ်တိုဖြစ်ကြောင်း။ ခါးစောင်းလောက်အနက်မှာ ဂဝံကျောက်ဖျာတစ်ချပ်ရှိကြောင်းတူးနဲ့ကလော်လိုက်ရင် ဘုရားဌာပနာသွင်းထားတဲ့ ရတနာပစ္စည်းတွေရှိတဲ့နေရာဖြစ်ကြောင်းပါပဲ။

မရေရာမသေချာတဲ့ အိပ်မက်ပါ။

တူးဖော်လို့ရတဲ့ ရတနာပစ္စည်းတွေကို မြို့နယ်ရပ်ကွက် အာဏာပိုင်တွေကို အပ်ပြီးရင်သူ့ကို သတင်းပို့ ရတနာတွေကို ဌာပနာပြီး ဘုရားတည်သူမသေခင်ဘုရားဒကာဘွဲ့ခံချင်လို့ပါတဲ့။ ကျွန်တော့မိသားစုတောင် အသိမပေးပဲ ရေငုံနှုတ်ပိတ်ထားဖို့ မှာပါတယ်။

ကြီးတော် ဒီအိပ်မက်မက်တာဟာ အကြိမ်ပေါင်းဆယ်ကြိမ်မကတော့ပါဘူး။ တစ်ကြိမ်မက်လိုက်၊ ကျွန်တော့်ကိုခေါ်တွေ့လိုက်၊ မှာလိုက်၊ သူကိုယ်တိုင် ကျွန်တော့်ဆီလာတွေ့လိုက်၊ ပြောလိုက်မှာလိုက်နဲ့ စရိုတ်စကကုန်လှပြီ။

ကျွန်တော်စိတ်မဝင်စားပါဘူး။ ကြီးတော်ပြောတဲ့နေရာဟာ ကျွန်တော်တို့ရွာက ကျွဲကျောင်းသားနွားကျောင်းသားလေးတွေ ခြေရာရှုပ်ထပ်အောင်သွားနောက်ထားတဲ့နေရာပါ။ ဘာကုန်းမို့မို့လေးမှ မရှိပါဘူး။

ကျွန်တော်စုံစမ်းသိရသလောက် အိမ်ခြေလေးဆယ်ရွာသားကြီးတစ်ဦးဆီက ဒဏ္ဍာရီလိုလို၊ ပုံပြင်လိုလို သဲလွန်စတစ်ခုတော့ ရရှိပါတယ်။

=○=

အလောင်းစည်သူမင်းကြီးရဲ့ဇာတ်လမ်းတစ်ပုဒ်ပါ။

အလောင်းစည်သူမင်းကြီးဟာ ဖောင်စကြာနဲ့ တိုင်းခန်းလှည့်လည်ရင်းအိမ်ခြေလေးဆယ်ရွာရောက်တဲ့အခါ အမျိုးအစား ပြေပြစ်ပြီး ချောမောလှတဲ့ မလှပိုင်းလေးကို ချစ်ကျွမ်းဝင်ပြီး တော်ကောက်လို့ မိဖုရားတင်မြှောက်လိုက်ပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ခြေလေးဆယ်ရွာကနေ မိဖုရားမလှပိုင်းပါဖောင်စကြာပေါ်တင်ပြီး ခရီးနှင်တဲ့အချိန်မှာ ဖောင်တော်ဟာ လိုရာခရီးမရောက်ပဲ ပန္နတ်... နင်းဝါ... မင်္ဂလန်း ... သုံးခွပန်းကိုင် ... ဖအောင်ဝဲ ရွာတွေမှာ တဝဲဝဲလည်နေလို့ မှူးကြီး မတ်ရာတွေနဲ့ တိုင်ပင်တဲ့အခါ မိဖုရားမလှပိုင်းလေး ဖောင်စကြာပေါ်ပါလာလို့ လျှောက်တင်ပါသတဲ့။ ကျန်တဲ့ မိဖုရားမောင်းမမိသံတွေကပါ မလိုတမာနဲ့ ကုန်းချောလျှောက်တင်တာကြောင့် အများဆန္ဒကို မဆန့်ကျင်လိုတာနဲ့ အင်မတန်မှ ချစ်မြတ်နိုးလှတဲ့ မလှပိုင်းလေးကို အစောင့်အကြပ်ရှုလက်ဝတ် ရတနာတွေပေးပြီး ဖောင်တော်ပေါ်က ချထားခဲ့ပါသတဲ့။

မလှပိုင်းလေးကို ချထားပြီးတဲ့နောက် ဖောင်တော်ဆက်ထွက်တဲ့အခါ အခက်အခဲမရှိ လိုရာခရီး လွယ်ကူစွာ ဆက်လို့ရတယ်လို့ဆိုပါတယ်။

မလှပိုင်းလေးကလည်း ဘုရင်ကြီး ပြန်လာနိုး၊ ပြန်ခေါ်နိုးနဲ့ မျှော်ကိုးရင်း မအိပ်နိုင်မစားနိုင်ဖြစ်ရာက ကျန်းမာရေးထိခိုက်လာပါရောတဲ့။ ဒါနဲ့ ဘုရင်ကြီး ပေးတဲ့ လက်ဝတ်ရတနာတွေကို စေတီတစ်ဆူတည်ပြီး ဌာပနာသွင်း လှူဒါန်း လိုက်ပါသတဲ့။ ဘုရားထီးတော်တင်လှူပြီးတယ်ဆိုရင်ပဲ မလှပိုင်းလေးလည်း သေဆုံးသွားပါရောသတဲ့။

ဘုရားဒကာ မလှပိုင်းတည်တဲ့စေတီရဲ့ဘွဲ့တော်ကတော့ အပ်ထားစေတီ ပါပဲ။ အပ်ထားစေတီတော့ဟုတ်ဟန်မတူပါဘူး... ကြီးတော်အိပ်မက်အရ ပြောပြတဲ့ ကိုင်းတောထဲက ကုန်းမို့မို့လေးဆိုတာပဲ ဖြစ်မှာပါ။

ကုန်းမို့မို့လေးဆိုတာ နှစ်နေရာများ ဖြစ်နေရောလား။

ဖောင်တော်သီရွာက ဆယ်ရွာအုပ်သူကြီး ဖိုးသိန်းမောင်ကလည်း သူ့အိပ်မက်အရ - လတာပြင်ထဲမှာ ကုန်းမို့မို့လေးတွေ့တယ်၊ တူးဖော်ကြည့် တယ်၊ သုံးပေအနက်လောက်မှာ အလျားအနံ ဖြက်အချိုးအစားညီ ဂဝံ အုပ်ချပ်တွေ တွေ့ရှိပါတယ်။ ရွှံ့မြေစေးမည်းမည်းကြီးတွေမှာ တွေ့ရှိလို့ စေတီဟောင်းစေတီပျက်ပဲဖြစ်ရမယ်ဆိုပြီး သူကြီးဖိုးသိန်းမောင်ကိုကိုယ်တိုင် ဘုရားဒကာလုပ်ပြီး စေတီတည်လိုက်တာပါ။ တည်စဉ်ထဲက အပ်ထား စေတီလို့ သမုတ်ပေမယ့် နောက်ပိုင်းဘုရားလတာဘွဲ့မည်တွင်သွားတာပါ။





ငြွေဝါလည်းဆုံး၊
သားလည်းဆုံးအဖြစ်တာ
ကျွန်တော့်အဖြစ်ပါ။
ကျွန်တော့်အိမ်ကြီး
မီးဝါးခံလိုက်ရပါပြီ။
အိမ်တိုင်မည်းမည်း
ထိုးထိုးထောင်ထောင်
စကျန်အောင်
မြေကျင်းထဲအထိ
လောင်ကျွမ်းတဲ့
မီးလောင်ပြင်ကြီးပါ။
ကျွန်တော့် အချစ်ဆုံးသမီးလေးကိုပါ
ဝါးမျိုပစ်တဲ့ မီးပါ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

၁၂၈၈ (၁၉၂၆)ခုနှစ်မှာ ဖိုးသိန်းမောင်တည်ပြီးနောက်ပိုင်း ၁၉၉၄ (၁၉၇၂)ခုနှစ်ကတစ်ကြိမ်၊ ၁၉၆၅(၂၀၀၃)ခုနှစ်ကတစ်ကြိမ် ထီးတော် ဆောင်းမြေချပြီး အများကောင်းမှုနဲ့ ထီးတော်သစ်တင်လှူထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မိဖုရားမလုပ်ိုင်းတည်တဲ့ အပ်ထားစေတီစေတီပြီပျက် ကုန်းမို့မို့လေး နေရာမှန်ရင်တော့ နောက်ထပ် ကုန်းမို့မို့တစ်ခု မရှိနိုင်တော့ပါဘူး။

＝○＝

ကျွန်တော့်နာမည် ဖိုးမှန်ပါ။

ကျွန်တော့်တစ်သက် အမှားအယွင်းဘာတစ်ခုမှ မလုပ်ခဲ့တဲ့ ဖိုးမှန်ပါ။ အသားရောင်မည်းပေမယ့် အသွေးအသားကိုမြန်မာလို့ပဲ ခံယူထားပါတယ်။ လူမျိုးကွဲပေမယ့် ဘာသာမကွဲပါဘူး။ ဘာသာရေး၊ သာသနာအရေး၊ လူမှုရေး တန်းရေးမှာ ငွေအား၊ လူအား၊ စေတနာအားနဲ့ ထိပ်ဆုံးက အကျိုးဆောင်တဲ့ ဖိုးမှန်ပါ။

ရပ်ရေးရွာရေး၊ သာရေးနာရေးဆိုလည်း ကျွန်တော့်နာမည်က ဘယ်တော့မှနောက်မှာမကျန်ရစ်စေပါဘူး။ သူများတစ်ထောင်ဆို ကျွန်တော် နှစ်ထောင်ပါ။ ပုဂ္ဂိုလ်ရေးအရ လာအကူညီတောင်းဦးမလား၊ ဆေးမှုံ ဆေးခန်းကုဖို့လား၊ ကလေးတွေ ကျောင်းမအပ်နိုင်လို့လား၊ နာရေး ကိစ္စ သင်္ဂြိုဟ်စရိတ် မရှိလို့လား။ အခက်အခဲမှန်သမျှ ပေးတန်ပေး၊ ချေးတန် ချေးတဲ့ ဖိုးမှန်ပါ။

ကျွန်တော်ဘာလို့ ဒီလို အကျိုးဆောင်ရလည်းဆိုတော့ ခြွေမှရံတယ် ဆိုစကားအတိုင်း အခြွေအရံလိုချင်လို့ပါ။ အခြွေအရံရှိမှ ကျွန်တော့် ကျွဲနွား အိမ်မွေးတိရစ္ဆာန်တွေ၊ လယ်ယာကိုင်းကျွန်းတွေ၊ စပါးပဲ အစရှိတာတွေ ကျွန်တော့်ပိုင်ရွှေ၊ ငွေ၊ လက်ဝတ်ရတနာတွေ၊ အရပ်ထဲက အပေါင်ခံထားတဲ့ လေ၊ လှည်း၊ အိမ်ဂရန်၊ လက်ဝတ်ရတနာ၊ ရွှေ၊ စာချုပ်စာတမ်းတွေအတွက် လုံခြုံမှုရှိမှာ မဟုတ်လား။

ကျွန်တော် ဒီလိုချမ်းသာကြွယ်ဝမှုတွေဟာ တောသူဌေးလို့ သတ်မှတ် နိုင်ပါတယ်။



ကျွန်တော် ဒီလိုချမ်းသာကြွယ်ဝမှုတွေဟာ ကျွန်တော့်ကြီးတော်ရဲ့ အမွေကို တစ်ဦးတည်းသောကိတ္တိမသားအနေနဲ့ ခံစားခွင့်ပေးထားလို့ပါ။ ကျွန်တော့်ကြီးတော်ဟာ အိမ်ထောင်သက်တစ်လျှောက် သားသမီး မထွန်း ကားလို့ ကျွန်တော့်ကို သားသမီးအရင်းလိုမွေးစား သားသမီးအမွေခွဲသလို ခွဲပေးလို့ ခုလိုကြွယ်ဝချမ်းသာခြင်းမျိုးပါ။

ကျွန်တော့်ကြီးတော်ဟာ အမွေတွေခွဲဝေပေးပြီး ရန်ကုန်ကိုပြောင်းသွား ပါတယ်။

မရေရာမသေချာတဲ့ကြီးတော်အိပ်မက်ကို ကျွန်တော် စိတ်မဝင်စားတာ တော့အမှန်ပါ။ ဒါပေမဲ့ – ဆိုခဲ့ပြီးတဲ့အတိုင်း ကျေးဇူးရှင်ကို ကျေးဇူးဆပ်ဖို့ အတွက် ကျွန်တော့်မှာ တာဝန်ရှိပါတယ်။ ကျွန်တော်ကိုယ်တိုင် မလုပ်နိုင် တောင် လုပ်ပေးနိုင်မယ့်နည်းလမ်းတော့ရှာကြံရတော့မှာပါ။

＝○＝

တယ်လီဖုန်းနဲ့တစ်မျိုး၊ စာရေးဆက်သွယ်ပြီး တစ်ဖုံ၊ လူကိုယ်တိုင် တစ်နည်းနဲ့ ကျွန်တော့်ကြီးတော် တာဝန်ပေးစေခိုင်းချက်ကို ကျွန်တော့်ဘက် ကလည်း အကြောင်းပြချက်မျိုးစုံနဲ့ ပျက်ကွက်ခဲ့ပါတယ်။

ကျွန်တော့်ကြီးတော်ကိုယ်တိုင် ရောက်လို့လာပြန်ပါပြီ။

"ဖိုးမှန်သားရယ်... မင်းငါ့ကို ကျေးဇူးရှိလို့ ကျေးစွပ်နေတာလား...။ ငါခိုင်းတာကို မလုပ်ပေးနိုင်ဘူးလား။ ငါဘယ်သူ့ကို ယုံရမှာလဲ၊ ဘယ်သူ့ကို ခိုင်းရမှာလည်းဖိုးမှန်။ ငါ – အကုသိုလ်အလုပ် လုပ်တာမဟုတ်ပါဘူးဟယ်။ ကုသိုလ်လုပ်တာပါ။ ငါ့ကို – ဘုရားဒကာ မဖြစ်စေချင်လို့လား။

ကြီးတော်ဟာ ငိုကြီးချက်မနဲ့ ကျွန်တော့်ကို အပြစ်ဆိုပါတယ်။

www.burmeseclassic.com

"မိဘမျက်ရည်တစ်စက်၊ သားသမီးဆင်းရဲတစ်သက်" တဲ့...။ကြီးတော်ဟာ ကျွန်တော့်အမေ ကျွန်တော့် မိဘပါ။ ကျွန်တော် မခံစားနိုင်လို့ လာမယ့် ဆောင်းတလင်းသိမ်းချိန် လုပ်ပေးပါမယ်လို့ ကတိပေးလိုက်ပါတယ်။

— ○ —

ဆောင်းအကုန် နွေအကူး လယ်သမားတွေတလင်းသိမ်းပြီးချိန်ဆို ကွင်းထဲမှာ လူရှင်းပါတယ်။ ကျွန်တော့်အလုပ်က လူမြင်ခံလို့ မရတဲ့ အလုပ်ပါ။ အကယ်၍ တစ်ယောက်က မြင်တွေ့ပြီး ကျွန်တော့် လုပ်ဆောင်ချက်ကို ခြေရာခံမိပြီး ကြီးတော်ပြောတဲ့အတိုင်း တကယ်ပဲ ရတနာတွေ တွေ့ပြီဆိုရင် ကျွန်တော့်အတွက် အန္တရာယ်ရှိပါတယ်။ ကြီးတော်ရဲ့ ရည်မှန်းချက်လည်း လမ်းစပျောက်သွားမှာပါ။

ကျွန်တော် ဘက်စုံစဉ်းစားပြီး တပေါင်းလပြည့်နေ့ညကို လုပ်ငန်းစ ရှာပုံတော်ဖွင့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ကျွန်တော် နေရာအတိအကျသိချင်လို့ ကျွဲကျောင်းသားလေးကို အိမ်အလုပ်တွေခိုင်းပြီး ကျွန်တော်ကိုယ်တိုင် ကျွဲကျောင်းထွက်ပါတယ်။ ဂါးမကြီးကိုစီးပြီး ဘုရားလတာ၊ ရှေ့ကိုင်းတောကို ကွက်ပြည့်နင်း၊ ပိုက်စိပ်တိုက်ရှာပါတယ်။ သုံးရက်တိတိရှာပေမယ့် ကုန်းမို့မို့နဲ့ တူတာဆိုလို့ ခြတောင်ပို့တောင် မတွေ့ရပါဘူး။

ကျွန်တော်ရှာတဲ့နေရာဟာ ကျွဲကျောင်းသားလေးတွေ ဆယ်စုနှစ်ပေါင်းများစွာ ကျွဲကျောင်းခဲ့တဲ့နေရာပါ။ ကုန်းမို့မို့လေးတွေ့တယ်လို့ မကြားမိပါဘူး။ ဒီလို စဉ်းစားမိရာက ကျွန်တော်လက်လျှော့ချင်လာပါတယ်။

တတိယမြောက်ညမှာ ကျွန်တော် အိပ်မက်မက်ပါတယ်။ ကျွန်တော့်ကို အိပ်မက်ပေးတာကတော့ ဆံပင်ဘုတ်သိုက်၊ မုတ်ဆိတ်နှုတ်ခမ်းမွေးထူလပျစ်နဲ့ သူတော်စဉ် ဆာဒူးကြီးပါ။



"မင်းဒီနေ့ ချမ်းသာကြွယ်ဝမှုဟာ မင်းမွေးစားအမေ - မင်း - ကြီးတော်ကြောင့် မဟုတ်ဘူးလား။ ကျေးဇူးဆိုတာ ရှိရင် ပေးဆပ်ရတယ်။ မင်း ယောကျ်ားပဲ ဖွဲ့မလျှော့ပါနဲ့"

ဒီလို ပြတ်ပြတ်သားသားပြောပြီး ပျောက်ကွယ်သွားပါတယ်၊ နေရာသိလို့ပြုရင်ပိုမကောင်းပါလား။ အတွေးနဲ့စိတ်ကွက်မိပါတယ်၊ သူတော်စဉ်ကြီးပြောတာ ဟုတ်ပါတယ်လေ၊ ကျေးဇူးဆိုတာ ပေးဆပ်ရတယ်၊ ယောကျ်ားဆိုတာ ဖွဲ့ရှိရတယ်၊ မှန်ကန်သောစကားပါ၊

— ○ —

တပေါင်းလပြည့်ည -

လူခြေတိတ်ချိန် ညဦးပိုင်းမှာ ကျွန်တော် ဓားမတစ်ချောင်း ခါးထိုး၊ ပေါက်ပြားတစ်လက် ပခုံးထမ်းပြီး ဘုရားလတာ ကွင်းဘက်ကို တစ်ယောက်ထဲ ထွက်ခွာသွားပါတယ်၊

ဘုရားလတာ စေတီကိုရောက်တဲ့အခါ ဆီမီးအမွှေးတိုင်ပူဇော်၊ ပိုင်ရာဆိုင်ရာတွေကို တိုင်တည်ပြီး ကိုင်းတောဘက်ကို ဦးတည်လိုက်တဲ့အခါ ကျွန်တော့်ရင်တွေ တဖြုန်းဖြုန်းခုန်လာပါတယ်၊ ဘယ်ကြောင့်အဲ့သလိုဖြစ်ရတယ်ဆိုတာ မသိပါဘူး၊

တစ်စုံတစ်ခုက အဲဒီနေရာက မသွားနိုင်အောင် ပိတ်ပင်ထားသလိုပဲ၊ ခပ်သွက်သွက်လျှောက်ဖို့ ကြိုးစားလိုက်စဉ်မှာ အတားအဆီးတစ်ခုနဲ့ တိုက်ပြီး မှောက်လဲသွားပါတယ်၊

ကုန်းမို့မို့လေး -

ကျွန်တော် ကုန်းမို့မို့လေးနဲ့ တိုက်လဲတာပါ၊ ကျွဲကျောင်းသားတွေ ဆယ်စုနှစ်ပေါင်းများစွာ ခြေရာချင်းထပ်ခဲ့သော်လည်း အစဖျောက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com

ကုန်းမို့မို့လေး ကျွန်တော် ကွက်ပြည့်နင်း ပိုက်စိပ်တိုက်ရှာသော်လည်း ကကာန်းကျစ်စာခဲလောက်တောင် မမြင်မတွေ့ခဲ့တဲ့ ကုန်းမို့မို့လေးပါ။

တွင်းနက်နက်တူးရရင်လည်း ဆင်းရတက်ရ လွယ်ကူအောင် အချင်း ငါးပေအကျယ်၊ စက်ဝိုင်းပုံဝိုင်းပြီး အားသွန်ခွန်စိုက်တူးပါတယ်။

"နေ့ပူလို့ညချမ်းတပေါင်းလဆန်း" တဲ့ ခြေဖျားလက်ဖျားထုံကျင်ကိုက်ခဲအောင်အေးမြမှုကိုကျွန်တော်ချွေးဒီးဒီးကျအောင်အံတုရင်းတူးဖော်ပါတယ်၊ ပေါင်လယ်လောက်ရှိတဲ့အချိန်မှာတော့ ကျောက်ဖျာတစ်ချပ်တွေ့ပါတယ်၊ ဂဝံကျောက်အမျိုးအစား ကျောက်ဖျာချပ်ကြီးပါ။

ခဲရာခက်ဆစ်ကလော်...ကလန့်တူးဆွရင်းကလိုက်သံပါကြားလာရလို့ မောမှန်းတောင်မသိပါဘူး။ ပေါ်လာတဲ့ကျောက်ချပ်တွေကတော့အလျားအနံ ဖျက်အချိုးအစားမညီဂဝံကျောက်ချပ်တွေပါ။ အားတက်သရောတူးဖော်ရင်း ငါးလှ္ဘာဖောက်ထွင်းပြီးချိန်မှာတော့ ကျွန်တော့်မျက်လုံးတွေ ပြူးကျယ်ပြီး ထခုန်လောက်အောင် ဝမ်းသာကြည်နူးမှုကို ခံစားရပါတယ်။

ရွှေကလပ်တစ်ခု...။ ကလပ်ပေါ်မှာလက်စွပ်ကြီးတစ်ကွင်းနဲ့ကျောက်စိမ်း ပန်းပုဆင်နှစ်ကောင်...။

အရက်ကျင်းလို့ ယုဂန်စွန်းက နေဝန်းကြီးထွက်ပေါ်နေပါပြီ။

ကျွန်တော် တစ်ခုချင်းစစ်ဆေးကြည့်ပါတယ်၊ ကလပ်ကတော့ရွှေရည်သုတ်ကလပ်ပါ။ ဒါပေမဲ့ - ကလပ်ပေါ်တင်ထားတဲ့ လက်စွပ်ကြီးကတော့ ရွှေချိန်နှစ်ကျပ်သားတော့ ရှိမှာပါ၊ ဆီးစေ့အရွယ် ပတ္တမြားကြီးကို ကွပ်ထားပါတယ်၊ ပြည်တန်ပတ္တမြားဖြစ်တန်ကောင်းရဲ့လို့ ခန့်မှန်းမိပါတယ်။

ဆင်တစ်ကောင်ချင်းအရွယ်အစားကတော့ အမြင့်နှစ်လက်မခွဲ၊ လုံးပတ်က သန္တာသီးသာသာလောက်တော့ ရှိမှာပါ၊ အလေးချိန်ကတော့ ရှစ်ဆယ်သားလောက် ခန့်မှန်းလို့ရပါတယ်၊ အစိမ်းဘက်လုတဲ့ နို့စိမ်းရောင်ကျောက်စိမ်းစစ်စစ်ပါပဲ။



ကျွန်တော် နေရောင်မှာ ထောင်ကြည့်ပါတယ်၊ အလင်းဖောက်ပြီး အစ်ခွရည်တွေ ယိုစီးကျတော့မလို အရည်ရွှဲနေပါတယ်၊

မှတ်ကျောက်နဲ့ တိုက်၊ ငရဲမီးနဲ့ တို့စရာမလိုတဲ့ ရွှေသားစစ်စစ်၊ လက်စွပ်ကြီးပါ။ ပတ္တမြားကြီးနဲ့ကျောက်စိမ်းဆင်နှစ်ကောင်ကိုလည်း ရာပြတ်သမားနဲ့ အုမိဗေဒပညာရှင်ပြစရာမလိုပဲ၊ အဘိုးအနဂ္ဃထိုက်ကြောင်းကျွန်တော်ခန့်မှန်း လို့တတ်ပါတယ်၊ လက်ဝတ်ရတနာနဲ့ မစိမ်းပါဘူး၊ အပေါင်ခံစားတဲ့ ဗိုးမှန်ပဲ မှာ...။

ကျွန်တော်... ဘာလုပ်မလဲ ... ဘာလုပ်မလဲ...။

ရန်ကုန်က ကြီးတော့်ဆီကို အပြေးသွားပြီး မင်္ဂလာသတင်း ပြောရမလား။

ကျွန်တော်ကိုယ်တိုင်ပဲပိုင်ဆိုင်မှုတွေရောင်းပြီးဘုရားတည်ဗွာပနာသွင်း ဘုရားဒကာကြီးဦးဗိုးမှန်ဘွဲ့ခံယူလိုက်ရမလား၊ ဘာဆက်လုပ်မလဲ...စိတ်တွေ ထွေပြားသွားပါတယ်၊ ရင်ထဲမှာ မီးလျှံတစ်ခု တောက်လောင်သွားပါတယ်၊ ကြီးတော်ကြီးက ရင်ထဲမှာ မရှိတော့ပါဘူး။

— ○ —

"မိတ်ဆွေကြီးရဲ့ဘိုးဘွားပိုင်အမှန်ပဲနော်"

"ကျွန်တော်တို့က ပစ္စည်းသန့်သန့်ပဲ လိုချင်လို့ ပွဲစားမထားပဲ ရောင်းသူ ဝယ်သူတွေ့ဆုံခြင်းနော်"

ဝယ်လက်နှစ်ဦးရဲ့ ပဏာမ စကားပါ။

"ကျွန်တော့်နာမည် ဗိုးမှန်တဲ့ ဒီရတနာတွေဟာ ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်လာကြတာပါ၊ ကျွန်တော့်အတွက် နောက်ဆုံးလက်ဆင့်ကမ်း အမွေဆိုပါတော့ မိတ်ဆွေကြီးတို့ရာ"

"ကောင်းပြီလေ... ကျွန်တော်တို့ယုံပါမယ်၊ ဈေးပြောကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"နောင်ကြီးတို့ ပြောကြည့်ပါ။"

"မိတ်ဆွေကြီးက ရောင်းသူလေ"

"ဒါဆို တစ်ခုချင်းပြောရမလား။ အားလုံးခြုံပြီးပြောရမလား"

"ကြိုက်သလို ပြောပါ။ ရပါတယ်။"

ကျွန်တော်စဉ်းစားပါတယ်၊ သူ့ဘက်ကိုဈေးဖြတ်နိုင်းရင် ကိုယ့်ဘက်က ညံ့ရာကျပါတယ်၊ ကားပွဲစား၊ အိမ်ပွဲစား များလိုပေါ့ - ပထမ မရောင်းပဲထားလို့ ရတဲ့လူလား။ ဒုတိယမရောင်းမဖြစ် ဗိုက်နာလို့ ရောင်းတဲ့လူလား ခွဲခြားကြည့်မယ်၊ ဗိုက်နာလို့ ရောင်းတဲ့လူဆိုရင်တော့ အိမ်ဆိုပါတော့၊ သစ်အမျိုးအစား မမှန်ဘူး သွပ်တွေက ရွာလိုက်ရင် တစ်ချပ်မှ သုံးလို့မရဘူး။ တစ်ဝက်လောက် အလေအလွင့်ဖြစ်မယ်၊ နောက်ဆုံး အိမ်တစ်လုံးလုံး မီးရှို့ပစ်ချင်လောက် အောင် ပြောပြီး ဈေးနှိမ်မယ်၊ မော်တော်ကားလည်း ဒီအတိုင်းပဲ အင်ဂျင်ကျ နေပြီ။ ဂီယာဘောက်အသစ်လဲရမယ်၊ တာယာတွေက ပန်းမရှိတော့ဘူး။ ဘော်ဒီသံပြားတွေက ပေပါခွံတွေ၊ နောက်ဆုံးသံရည်ကြိုစက်ပို့ ဖြစ်ချင် လောက်အောင် ပြောပြီး အားနာလို့ ကိုယ့်ကိုပဲ သနားလို့၊ လူသားချင်းစာနာ ပြီး ဝယ်တဲ့ပုံစံမျိုးနဲ့ နှိမ်ဝယ်မယ်၊ ဒီလိုအထာတွေ ကျွမ်းပါတယ်၊

"ပစ္စည်းအစစ်အမှန်ဖြစ်ကြောင်း လက်ခံတယ်ပေါ့"

"လက်ခံပါတယ်"

"မဆစ်နဲ့ဗျာ ... တစ်ခွန်းပဲပြောမယ်"

"ရောင်းသူဝယ်သူပဲ အားမနာပါနဲ့ ပြောပါ"

"ငါးဆယ် စီဗျာ... သုံးမျိုး တစ်ရာ့ လေးဆယ်... တစ်ဆယ် လျှော့ လိုက်မယ်"

"ကောင်းပြီလေ... အခု ငွေချေရမလား"

ဒီစကားဟာ ကျွန်တော်မှန်းတာထက် သာလွန်တဲ့စကားပါ၊ ဝယ်လက် ပြောင်းဖို့ တိုက်တွန်းလိုက်သလိုပါ၊ တောသားပေမယ့် ကျွန်တော်လူနုံ၊ လူအ မဟုတ်ပါဘူး၊



"ကျွန်တော် မင်္ဂလာရက်ရွေးပြီး ဖုန်းဆက်လိုက်ပါ့မယ်"

ဒါပေမဲ့ - ဝယ်လက်က ရောက်မလာပါဘူး။ ပျက်သွားတယ်ပေါ့၊ လိုက် ပြောင်းရတာပေါ့ဗျာ။

ဝယ်လက် သုံးဆင့်ပြောင်းပြီးချိန်မှာတော့ တစ်မျိုးနှစ်ရာ၊ သုံးမျိုးပေါင်း ခြောက်ရာနဲ့ ဈေးတန့်သွားပါတယ်။ ကျွန်တော် လက်စွပ်တစ်ကွင်း နှစ်ရာ နဲ့ အရင်ထုတ်လိုက်ပြီး ကျန်ကျောက်စိမ်းဆင်နှစ်ကောင်ကို လက်ငင်းငွေ ချေစနစ်နဲ့ ရက်ချိန်းပေးပြီး ပြန်လာခဲ့ပါတယ်။

ကျွန်တော်လိုင်းကားစီးလို့မဖြစ်တဲ့အတွက်ရွာအရောက်တက္ကစီငှားလာ ပါတယ်၊

ဝမ်းဘဲအင်းရွာအလွန်ရောက်တော့ ကားဆရာက -

"ပျဉ်ပုံကြီးက ထမင်းဆိုင်တွေက ရေချိုငါးပိတို့စရာကောင်းကောင်းရယ် ငါးရံ့အူ၊ ငါးရံ့ခေါင်း၊ ငါးခူစဉ်းကောနဲ့ ခရီးသည်တွေ ကားသမားတွေကို ဖိမ်း ထားတာ ကောင်းလဲ ကောင်းတာကိုး"

ကျွန်တော့်ကို စကားခေါ်တာပါ၊ သူပြောမှ ကျွန်တော်လည်းဗိုက်ထဲက ဆာလာတာနဲ့ ထမင်းဆိုင်တစ်ဆိုင်ရှေ့ကားကိုရပ်ပြီး နှစ်ယောက်လုံး ငါးရံ့အူ ဘင်းနဲ့ မြိန်ယှက်စွာ စားသောက်ပြီး ကျွန်တော်အိမ်သာတက်ပါတယ်၊ ကျွန်တော့်အတွက် ကြမ္မာငင်ချင်တဲ့ လုပ်ရပ်ပါ။ ကျွန်တော်ပြန်လာတော့၊

"ဟိုက်..."

ကားဆရာရော... ကားရော... သိန်းနှစ်ရာရော လစ်ပြေးပြီ။

ဒိုက်ဦးဘက်က ခရီးသည်နဲ့ ပြန်လာတဲ့ တက္ကစီတစ်စီးကို တား၊ တောင်းပန်ခယ၊ မတန်မဆဈေးပေး ငှားရမ်းပြီး လစ်ပြေးတဲ့ တက္ကစီနောက် လိုက်ပါတယ်၊ ကျွန်တော့်စိတ်ထဲမှာ သိပ်နေးတယ်ထင်လို့ အမြန်ကြေး တစ်သောင်းပေးပြီးမောင်းနိုင်းပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com

အင်းတကော် ဆယ်မိုင်ကုန်းခြံတစ်ရာ၊ ကန်တစ်ရာ ကုန်းတက်ရောက်တဲ့အခါ ဝန်ထမ်းဖြစ်ဟန်တူတဲ့ လူတစ်အုပ်ကပိတ်ပြီး တားလို့ ရပ်ပေးလိုက်ပါတယ်။

"တက္ကစီကားတစ်စီး ချောက်ထဲကျ မီးလောင်နေလို့ဗျာ"

လို့ပြောပါတယ်။ လှည်းကူး ဒါမှမဟုတ် ပဲခူးဆေးရုံကို ပို့ပေးဖို့လည်း မေတ္တာရပ်ခံတဲ့အတွက် မီးလောင်လူနာကို ဆင်းကြည့်တဲ့အခါ အသက်မရှိတော့ပါဘူး။ ချောက်ထဲက မီးလောင်နေတဲ့ ကားဆီကို ဆင်းကြည့်ပါသေးတယ်။ တာယာနဲ့ ဆိုဖာတွေ လောင်ကျွမ်းဆဲ အပူရှိန်ဟာ ကားနားကို ဘယ်လိုမှ ကပ်လို့မရပါဘူး။ ကျွန်တော် ဘယ်လိုမှ ကြိုးစားလို့ မရပါဘူး။ ကျွန်တော် ဒါလောက်အရဲစွန့်နေတာဟာ သိန်းနှစ်ရာ ပြန်ရလို့မှုပါ။

မီးလောင်လူနာဆီက မီးမကူးပဲ အသားများကပ်နေတဲ့ စပို့ရုပ်ဖြူပြာပတ်လည် စင်းကျားကြီးဟာ ကျွန်တော့်ငွေတွေ အလစ်သုတ်သွားတဲ့တက္ကစီဒရိုင်ဘာ အကျီဖြစ်ကြောင်း သိထားလို့ပါပဲ။

ကျွန်တော့်အတွက် မကောင်းတဲ့ အတိတ်နိမိတ်ပါ။ နောက်ရောင်းမယ့်ကျောက်စိမ်းဆင်းရုပ်တုနှစ်ကောင်တန်ဖိုး သိန်းလေးရာအတွက် ရင်တထိတ်ထိတ်နဲ့ စိုးရိမ်မကင်းဖြစ်ရပါတယ်။ ကြီးတော်ကြီးရဲ့ ဘုရားတည်ဖို့ကိစ္စဆိုတာ ရင်ထဲမှာမရှိတော့ဘဲ လောဘဇောတွေရဲ့နောက်ဆက်တွဲဖြစ်ရပ်ဆိုးတွေပါ။ လောဘအရှိန်ကို သတ်လို့မရတော့ဘူး။

=○=

"ဟိုက်... ကုန်ပြီ"

ကျွန်တော့် နှုတ်ကထွက်ပေါ်တဲ့ အာမေဋိတ်သံပါ ... အသံနဲ့ ထပ်တူ ကျွန်တော်လည်း အရုပ်ကြိုးပြတ် ပုံကျသွားပါတယ်။

မြေပါလည်းဆုံး၊ သားလည်းဆုံးအဖြစ်ဟာ ကျွန်တော့်အပြစ်ပါ။ ကျွန်တော့် အိမ်ကြီး၊ မီးဝါးခံလိုက်ရပါပြီ။ အိမ်တိုင်မည်းမည်း ထိုးထိုးဆောင်ထောင် မကျန်အောင် မြေကျင်းထဲအထိ လောင်ကျွမ်းတဲ့ မီးလောင်ပြင်းကြီးပါ။ ကျွန်တော့် အချစ်ဆုံး သမီးလေးကိုပါ ဝါးမျိုပစ်တဲ့ မီးပါ။

ကျွန်တော့်အိမ်နဲ့ တံစက်မြိတ်ချင်းဆက် ထရံချင်းကပ်တဲ့ အိမ်တွေကြတော့ ဘာကြောင့် - မီးမကူးတာပါလိမ့် ဘာလို့ ကွက်ပြီး လောင်တာအလိမ့်။

ကျွန်တော်သိပါပြီ ဒီမီးဟာ ကျွန်တော် နောင်လာမယ့် ဘဝ ဘဝ အစဉ်အဆက် လောင်ကျွမ်းမယ့်မီးပါ။ ကျွန်တော့် အသိဟာ နောက်ကျသွားပါပြီ။ လောဘရဲ့မီးလျှံဝင့်ကြွေးတွေပါ...။ သံသရာရှည်ပါတော့မယ်...။

>> ရွှစ်ခွင်ကျော် (မောင်တော်သီ)

www.burmeseclassic.com

"အဖေကြီး- "ကာဝေ" ဆိုတာ ဘာကို ခေါ်တာလဲ ဟင်

ကျွန်တော်တို့ စာရေးပေါက်စများက အဖေဆရာကြီး ဦးအောင်မောင်

မေးရတယ်။


အဖေကြီးက ရွှေရင်ကျော်ပိုက်ဆံတစ်ပိုက်က ဆေးတော့ ခုတ်

လိုင်ခွင့်ရပြီး ပယောဂအမျိုးမျိုးကို ကုသခြင်းနှင့် ပညာအဆင့် တ

ပေးခြင်းများကို လာပြည့်နေများမှာ အလှူဆောင်ရွက်ပေးလေ့ရှိတယ်။

# ပညာသည်

မောင်ညိုမိုး
(ဓနုဖြူ)



www.burmeseclassic.com

www.burmeseclassic.com

"ကဝေဆိုတဲ့အကြောင်းကို သိချင်ရင် ဦးစွာ "စုန်း" ဆိုတာ ဘာလဲ သိဖို့လိုတယ် – သားတို့၊ စုန်းရဲ့အဓိပ္ပာယ်က ပညာစက်ဖြင့် တောက်ပမြူးထူးတတ်သောသူလို့ အဓိပ္ပာယ်ရတယ်၊

နတ်တွေကို အမှီပြုပြီး လူကို ဖမ်းစားနှိပ်စက်ပြုတတ်တယ်၊ ဘယ်လိုနတ်မျိုးကို အမှီပြုလဲဆိုရင် ဥရှုနတ်(အိမ်တွင်း)၊ ဇော်ဂနီနတ်၊ ဂန္ဓဗ္ဗနတ်တို့ကို အမှီပြုတယ်၊

ကဝေကျတော့ သူက စုန်းထက် အဆင့်အတန်းမြင့်တယ်၊ ပညာစုံတတ်ကျွမ်းတဲ့ပညာရှင်ဖြစ်လို့ ပညာရှင် (သို့) ကဝေလို့ ခေါ်ကြတာ၊

တစ်ခုတော့ မှတ်ထားနော်၊ ဆေးကုသမှု ကျွမ်းကျင်ပေါက်မြောက်ထက်မြက်တဲ့ ဆေးဆရာကိုတော့ ဆေးပညာရှင်လို့မှတ်၊ ပညာရှင်ကဝေလို့တော့ မမှတ်နဲ့ – ဟုတ်လား၊

စုန်းမှာ ကဝေသာရကျမ်းအလိုနှင့် ရှေးရှေးဆရာကြီးများ ရည်ညွှန်းခဲ့တာက မြေရှဉ်စားစုန်း၊ မြေစပ်စားစုန်း၊ မြေပုပ်စားစုန်း၊ မြေဖန်စားစုန်း၊ မြေချိုစားစုန်း၊ မြေခါးစားစုန်းရယ်လို့ရှိတယ်၊ သူတို့ကို စမျည်းတိုင်စုန်း၊ အမောက်မရှိစုန်းလို့ ခေါ်တယ်၊

တစ်ခါ ကမ္ဘဇိဒ္ဓိရှိတဲ့စုန်းဆိုတာ ရှိတယ်၊ သူတို့က စုန်းနဝင်း၊ စုန်းဥတစ်လုံး၊ စုန်းကျောက်ခဲ၊ စုန်းလေပွေ၊ စုန်းဘီလူး၊ စုန်းနဂါးတဲ့၊ အမောက်သုံးဆင့်ရှိပြီး တန်ခိုးကြီးတဲ့စုန်းမျိုးကွယ့် ...၊

နောက်တစ်မျိုးက နာနာရုပ်သုံးဆယ်မျှ ဖန်ဆင်းနိုင်တဲ့စုန်းပဲ၊ စုန်းသုကောင်း စုန်းသူကြွယ်၊ စုန်းဖုတ်၊ စုန်းမာတြာ၊ စုန်းကြက်တက်၊ စုန်းဖွတ္တွတ်သိုး၊ စုန်းသိုးစုတ်၊ စုန်းညီနောင်၊ စုန်းအောင်း၊ စုန်းပန်ဝါပြောက်၊ စုန်းသမယ၊ စုန်းကဝေရယ်လို့ (၁၂)မျိုး ရှိတယ်၊ သူတို့ဟာ သူတို့အလိုရှိသလိုကျီး၊ လင်းတ၊ မြွေ၊ အစားအစာ၊ လူပုံပန်းအတု စသည့် ရုပ်မျိုးသုံးဆယ်ဖန်ဆင်းနိုင်လို့ ကြောက်စရာ၊ အံ့သြစရာ ကောင်းတယ်၊

စုန်းအကြောင်းပြောရင် အများကြီးပဲ၊ စက်ဝန်းပိုင်စုန်းဆိုတာ ရှိသေးတယ်၊ ပြီး – မှော်စုန်း၊ ကဝေပုံတန်ခိုးရှင်စုန်း၊ သားစားစုန်း၊ သွေးစုန်း၊ လေစုန်း၊



ဆေးစုန်း၊ မိရိုးဖလာစုန်း၊ ခြေစုန်း၊ ကိုယ်စုန်း၊ လက်စုန်း၊ ခေါင်းစုန်း၊ မောက်လုံး၊ မောက်ပြား၊ အိမ့်တလိမ့်စုန်း လို့ စုန်းမျိုး များစွာရှိကြတယ်၊ ပညာသည်တွေပေါ့ ...၊

ခြေစုန်းဆိုတာ လူတစ်ယောက်ရဲ့ခြေဖဝါးရာခြေရာကိုကြည့်ပြီးပယောဂသွင်းလို့ရတယ်၊

လက်စုန်းက လက်ကို ကိုင်မိတာနဲ့ လက်အကိုင်ခံရတဲ့လက်ကနေ ပြုစားပြီးပြီဗျာ ..."

"ဆရာကြီး ခင်ဗျား ..."

"ပြော – မောင်မှိုင်း"

"ကျွန်တော်တို့ လူအချင်းချင်း လက်ဆွဲနှုတ်ဆက်ရင် အပြုစားခံရနိုင်ပါသလား ခင်ဗျ၊ ကျွန်တော်က သိချင်လို့ပါ ..."

"ခုချိန်ကာလမှာတော့ ခြေစုန်း၊ လက်စုန်း ပညာသည်တွေ မြို့ပေါ်မှာရှိသလောက် ရှားကုန်ပါပြီကွယ်၊ သို့သော် ခြေစုန်း၊ လက်စုန်း ပညာတတ်ထားရင်တော့ လက်ဆွဲနှုတ်ဆက် လက်ကိုင်မိ၊ လက္ခဏာကြည့်မိရုံမျှနဲ့ ပယောဂသွင်းလို့ရတယ်၊ အရေးကြီးဆုံးက ကိုယ်က ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၊ သရဏဂုံသုံးပါးတည်နေရင် ဘယ်လိုစုန်း၊ ကဝေ၊ ပညာသည်မှ ပြုစားလို့မရဘူး – မှတ်ထား"

—○═

တစ်နေ့သောအခါ ကျွန်တော်နဲ့ အဖေဆရာကြီးတို့နှစ်ဦး ဟိုးအရှေ့ရွာတစ်ရွာက ပင့်လို့ သွားကြတယ်၊

အဲဒီရွာမှာ ယောက်ျား၊ မိန်းမ အချို့လန့်၊ ငို၊ ရယ်၊ ကြောက်လန့်ပြေးသွား၊ အစာ မစား စသည့် ရောဂါဝေဒနာတွေကို ခံစားနေရလို့ ဆေးကုကြည့်ရှု ဖြေရှင်းပေးပါလို့ လာပင့်ကြတာ ...၊

"မင်းတို့ – ဆေးခန်း မပြကြဘူးလားဟဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဆေးမှုန့်နဲ့ ပြုပါတယ် - အဘ၊ အချို့ရောဂါပျောက်ပြီး အချို့ရောဂါက ပိုဆိုးလာသလို ရှိလို့ပါ - အဘ"

"အေး - လိုက်ခဲ့ရတာပေါ့"

အဲဒီရွာလည်းရောက်ရော ... မိန်းမဝဝ၊ ဖြူဖြူဖွေး၊ သနပ်ခါးပိန်းကျားနဲ့ ချောချောမိန်းမကြီးက ခရီးဦးကြိုပြုပါရော ...။

"အဖေကြီး - သမီးတော်ကြီးအိမ်ကို အလျှင်ကြွပါရှင်"

"သမီးတော်ကြီးနာမည်က ဘယ်လိုခေါ်သတုံးဗျာ ..."

"မကြီးစိန်ပါတဲ့ရှင်"

"အဖေကြီးလာမှာကို သိနေလို့လား"

"ဟဲ - ဟဲ - ဟဲ - ဟဲ - ရွာထဲကလူတွေ ပြောနေကြဥစ္စာ ...၊ အဖေကြီး လာရင် ထမင်းတစ်နပ် ကျွေးမယ်လို့ ရည်မှန်းထားလို့ပါ - အဖေကြီးရဲ့"

"ဒါဆိုလည်း လိုက်စားရသေးပေါ့ကွယ် ..."

ဒေါ်ကြီးစိန်ဆိုသူ အလွန့်ကိုဝမ်းသာသွားပြီး ရှေ့ကနေ သုတ်သုတ် သုတ် သုတ်နဲ့ သွားတော့တာပဲ ...။

အိမ်ပေါ်ရောက်တော့ အဖေကြီးက ဘုရားကျောင်းဆောင်ကိုကြည့် ပြီး ကန်တော့မလို့ လုပ်တော့ ...။

ဘုရားကျောင်းဆောင်ပေါ်မှာ ဘုရားပုံတော်ကားချပ် သေးသေးလေးပဲ ရှိပြီး ရှေ့တစ်ပြင်မှာတော့ ...။

မင်းညီနောင်နတ်ရုပ်၊ ကိုးမြို့ရှင်နတ်ရုပ်၊ ဦးညိုကြီး တင်းဘုတ်ထမ်း နတ်ရုပ်၊ မနဲ့လေး၊ မင်းမဟာဂီရိ၊ နတ်ဘီလူး၊ ကိုကြီးကျော် စသည့် နတ်ရုပ် ပေါင်းစုံတို့ကို ပန်းတွေဝေဆာနဲ့ တွေ့ရပါရောဗျာ ...။

ထမင်းပွဲကြီး အသင့်ပြင်လို့ ...။

ရွာထဲက တပည့်တပန်းများကလည်း ဆရာကြီး ရွာထဲမလာသေးလို့ ဒေါ်ကြီးစိန်အိမ်ထဲ မဝံ့မရဲနဲ့ ဝင်လာကြတယ်။

"ဟော့ - သားတို့ - အိမ်ပေါ်တက်လေ"



"ဟို - ဟို"

"ဟဲ့ - သောင်းကြိုင်တို့၊ မြင့်ဆွေတို့ ဘာ အောက်မှာ ရပ်နေတာတုံး၊ အိမ်ပေါ်တက်တော့ နင်တို့ ခြေဖဝါး နူသွားမှာစိုးလို့လား၊ ခု - တက်ခဲ့ကြ"

ရွာအခေါ် နတ်ကတော် ဒေါ်ကြီးစိန်ရဲ့ မျက်စောင်းခဲပြီး ပြောလိုက်သံ ကြောင့် ရွာသားလေးငါးယောက် အိမ်ပေါ်ကို မဝံ့မရဲ တက်လာခဲ့ကြတယ်။

"ကိုင်း - ဆရာကြီးတို့ ဆရာတပည့် - ထမင်း သုံးဆောင်ဖို့ ကြွကြွပါရှင်၊ ဟဲ့ - သမီးတို့ နင့်အဘကို လက်ဆေးဖလုံပေး၊ ဟိုသူငယ်ရော - စားကြနော်၊ အားမနာနဲ့ - ဟင်း - ဟင်း - ဟင်း - ဟင်း"

■- - - - - - - - - - - - - - - - - - - - □



စုန်းအကြောင်းပြောရင်အများကြီးပဲ။
စတ်ဝန်းပိုင်စုန်းဆိုတာ ရှိသေးတယ်။
ပြီး - မှော်စုန်း၊ တဝေပျံအနှိုးရှင်စုန်း၊ အားစားစုန်း၊ သွေးစုန်း၊
လေစုန်း၊ ဆေးစုန်း၊ ဗိဗိုးဗလာစုန်း၊ ခြေစုန်း၊ ကိုယ်စုန်း၊ လက်စုန်း၊
ခေါင်းစုန်း၊ ဖောက်လုံး၊ မောက်ပြား၊ အိမ့်ထလိပ်စုန်းလို့
စုန်းမျိုး များစွာရှိကြတယ်။
ပညာသည်တွေပေါ့ ...။

www.burmeseclassic.com

"ဆရာကြီးတို့ လာမယ်ဆိုလို့ ဝမ်းသာနေကြတာ၊ ဟော - ဒါ - သမီးတော်ကြီးနဲ့ ဟောဒီသမီးများလက်ရာပါပဲရှင်၊ အားရပါးရ သုံးဆောင်နော်"

အဖေကြီးရော ကျွန်တော်ရော သူတစ်မိမ်းအိမ် ထမင်းစားရင် ထမင်းပုံထဲ လက်ညှိုးစိုက်ပြီး သရဏဂုံကို ရွတ်လေ့ရှိတယ်၊

ဒီလို နှုတ်က အသံမထွက်ရွတ်တော့ အိမ်ရှင်နတ်ကတော် ဒေါ်ကြီးစိန်နဲ့ သူ့သမီးများက အံကြိတ်ပြီး မျက်စောင်းတခဲခဲလုပ်လို့ ...၊ မကြိုက်ဘူးနဲ့ တူပါရဲ့ဗျာ ...၊

လှည့်ကြည့်ရင်တော့ အမြန်ပြုံးပြ၊ ရယ်ပြပြီး ဘေးကနေ ယပ်ခတ်ပေးနေကြလေရဲ့...၊

ဒီနေရာမှာ ကျွန်တော်က အဖေ ဆရာကြီးရဲ့အထာနဲ့ လှုပ်ရှားမှုကို ကြည့်နေရတယ်၊

အဖေကြီးပြောတဲ့စကားတစ်ခွန်း ရှိတယ်၊

"သား - မောင်မှိုင်း - ဘယ်ရွာ - ဘယ်ဒေသကိုရောက်ရောက် သူ့ဒါလို့ ထမင်းကျွေးကြသည့်တိုင် ငါ ခပ်တဲ့ဟင်းကိုပဲ မင်းနှိုက်၊ ခပ်စား၊ ငါ မနှိုက်တဲ့ ဟင်းကို မင်းမနှိုက်နဲ့ ..."

"ဘာဖြစ်လို့လဲ - အဖေကြီး"

"အကြောင်းရှိလို့ ပြောတာပေါ့ကွာ ..."

ဒီစကားကို ပြန် သတိရပြီး အဖေ ဆရာကြီးခပ်တဲ့ဟင်းပဲ ကျွန်တော် ခပ်စားတယ်၊

အဖေ ဆရာကြီး ပဲပြုတ်ကို ခပ်စားတယ်၊

ကျွန်တော်လည်း ပဲပြုတ်ကိုပဲ ခပ်စားတယ်၊

ဟင်းရည် သောက်တယ်၊ ကျွန်တော်လည်း သောက်တယ်၊

အဖေကြီးက ကြက်သားဟင်း၊ ဝက်သားဟင်း၊ ငါးဆုပ်ချဉ်ရည်နဲ့ ပုစွန်တုပ်ဟင်းကို လုံးဝခပ်မစားဘူး၊

စားချင်စရာပါဗျာ ...၊ ပုစွန်တုပ်ကြီးတွေနယ်၊ အနှစ်နဲ့ ချက်ထားလို့ မွှေးနေတာပဲ ...၊



ဝက်သားတစ်တုံး တစ်တုံး ရေနွေးကြမ်းပန်းကန်လုံးလောက် ရှိတယ်၊ အရွတ်ချက် ပဲငံပြာရည်နဲ့ ချက်ထားတာ၊ အိနေတာပဲ၊

"ဆရာကြီး - ဟောဒါ ပုစွန်တုပ် - ရော့"

"နေနေ - သမီးတော်ကြီး၊ အဘ - မကြိုက်လို့ပါ"

"ဝက်သားရော - ဆရာကြီး"

"သွားမကောင်းလို့ မဝါးနိုင်ပါဘူး - သမီးရယ်"

ဒါနဲ့ ဒေါ်ကြီးစိန် ဟင်းတွေ ပြန်ချထားရတယ်၊

"ဒီ - ငါး - ငါးဆုပ်ရော - အဘ ဆရာကြီး"

"နေနေ - ရတယ်၊ လိုမှ စားမယ်ကွယ့်"

အဖေကြီးက ဟင်းကောင်းများကို ရှောင်တော့ ကျွန်တော်လည်း ရှောင်ရတာပေါ့၊

မိန်းမပျိုလေးများ ထည့်ပေးမယ်လုပ်ရင် ကျွန်တော်က လက်ကာပြတော့ သူတို့က သိပ်မကြည်ကြဘူး၊

ဒီမှာလည်း အဖေကြီး ပုစွန်တုပ်ကြီးတစ်ဖွန်းနဲ့ ခပ်ရင်းက -

"ရော့ - ငါ့သမီးတော်ကြီး ပါးစပ်ဟ - စားစမ်း"

"အို - အဖေကြီးရဲ့၊ မစားပါရစေနဲ့ ရှင်၊ ဒါက အဖေ ဆရာကြီးအတွက်ပါ၊ စားပါ"

"ပါးစပ် ဟ,စမ်းပါကွယ် ..."

"မစားပါရစေနဲ့ ရှင်၊ ကျေးဇူးပါပဲရှင် - ဟင်း - ဟင်း - ဟင်း"

တစ်ခါ ငါးဆုပ်လုံးတစ်လုံးကို ခပ်ပြီး -

"ဟဲ - ယပ်ခပ်နေတဲ့သမီးငယ်လေး"

"ရှင် - အဘ"

"ရော့ - ငါးဆုပ်လေးကွယ်၊ မဆလာနဲ့ သင်းပြီး မွှေးနေတာပဲ - သမီးလေး၊ ပါးစပ်ဟ,စမ်း"

"အဟင်း - အို - အဘကလည်း သမီးက ငါးဆုပ် မကြိုက်ဘူး"

"ဒါဆို ဝက်သားစားစမ်း၊ ပါးစပ်ဟ,ဟဲ့ - သမီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"မလုပ်ပါနဲ့ - အဘရယ်၊ ဒါက အဘစားဖို့ပါ၊ သမီးတို့ ငရဲ - ငရဲကြီးမှာ ခံယ်ရှင်၊ ကျွန်မ စားပါမယ်ရှင့်"

"ဟား - ဟား - ဟား - ဟား - ဟား"

"ဟား - ဟား - ဟား - ဟား - ဟား"

"ကောင်းတယ်ဟေ့၊ ကိုင်း - ထမင်းဝိုင်း သိမ်းလိုက်တော့၊ ဟေ့ - မောင်မြင့်ဆွေရေ ..."

"ခင်ဗျာ - အဘ ဆရာကြီး"

"မင်းတို့ရွာမှာ ရှိရှိသမျှ ခေါင်းမူး၊ အိပ်မပျော်၊ လန့်၊ ငို၊ ရယ်၊ မြွေတွေကင်းတွေ ပျို့အန်လူနာ လူမမာမှန်သမျှ ဟောဒီက နတ်ကတော် မကြီးစိန်အိမ်ကို လာခဲ့ကြလို့ သွားပြောဟေ့ ..."

"ဗျာ - ဆရာကြီး၊ ရွာထဲက အိမ်မှာ စု ..."

"သွားသာခေါ်ခဲ့ကြပါ၊ ဒီအိမ်ရောက်ရင် ပျောက်မှာပါ"

ကျွန်တော်တို့အားလုံး ဆရာကြီး ဘယ်လုပ်မလို့ပါလိမ့်၊ နတ်ကတော်ဒေါ်ကြီးစိန်တို့သားအမိလေးယောက်လည်း မျက်စိမျက်နှာ ပျက်စ,ပြုနေပြီ၊

မကြာပါဘူးဗျာ၊

ရွာထဲက လူမမာ လူနာမျိုးစုံ အယောက် (၃၀) ခန့် အဘ ဆရာကြီးအမိန့်ကြောင့် နတ်ကတော်ကြီးအိမ်ပေါ်ကို မရဲတရဲ တက်လာကြပါရောဗျာ ...၊

"ဟုတ်ပြီ - ထိုင်ကြ၊ ကိုင်း - အိမ်ရှင် ငါ့သမီးကြီး နတ်ကတော် ဒေါ်ကြီးစိန်ရော - အဖေကြီးအနားက ထိုင်ဗျာ ..."

ဒေါ်ကြီးစိန်ကလည်း ပရိသတ်ကို မျက်စောင်းထိုးကြည့်ပြီး အဖေ ဆရာကြီးအနီးမှာ လာထိုင်တယ်၊

"ကိုင်း - သားတို့၊ သမီးတို့ထံမှာ ဆေးမှုးနဲ့ကုလို့ မပျောက်တဲ့ ထူးဆန်းသောရောဂါများကို အဖေကြီး မကုပါဘူး"

"ရှင် ..."

"ဗျာ ..."



"ဟား - ဟား - ဟား - ဟား - ဟား - အဖေကြီးကိုယ်စား ဟောဒီ အိမ်ကြီးရှင် နတ်ကတော် မကြီးစိန်က ခုချက်ချင်း ပျောက်အောင် ကုပေးပါလိမ့်မယ်ဗျာ ..."

"ဟင် ..."

"ဘုရားရေ ..."

"ဒေါ်ကြီးစိန်က ကုမှာ ..."

"ကိုင်း - သမီးတော်ကြီး မကြီးစိန် - သူတို့ တစ်ဦးချင်းဖြစ်နေခံစားနေရတဲ့ ရောဂါဝေဒနာတွေကို သမီးကိုယ်တိုင် ထုတ်ပေးလိုက်စမ်း"

လူမမာ ရောဂါကုခံမည့်သူအားလုံး ကြားရသည့်စကားကြောင့် အလွန်ကို အံ့အားသင့်နေကြတယ်၊

ဒီအရပ်မှာ တစ်ခုခုဖြစ်လို့ နတ်ကတော်ကြီးကိုမေးရင် -

"ကွင်းပိုင်ကိုင်တာ၊ မင်းကြီးမင်းလေးကိုင်တာ၊ ရွာသူလုပ်တာ၊ ရွာဦးကရွာတော်ရှင် နတ်ကွန်းမှာ ဘာလုပ်ပေးလိုက်၊ ပျောက်ရော ..."

သို့ကလို ဟောပြောပြီးရင် နတ်ရေစင်ဖိုး နင့်နေအောင်တောင်းလို့ ရှုံသည်းရှုံ၊ ကြောက်လည်း ကြောက်နေရတာ၊

ခုတော့ ...၊

ဆရာကြီးက သင်းကို ကုခိုင်းဆိုတော့ ...၊

ဒီမှာ နတ်တော် ဒေါ်ကြီးစိန်က ပျာပျာသလဲရပ်ပြီး -

"အဘ ဆရာကြီး ရှင့်"

"ဘာတုံး - သမီးတော်ကြီး"

"ဒီလူနာများက ဆရာကြီး ကုရမည့် လူနာများပါ၊ ဆရာကြီးကို အားကိုးပြီး လာကြတာပါ၊ သမီးတော်ကြီး မကုတတ်ပါဘူး - ဆရာကြီးရှင့်၊ ဆရာကြီးပဲ ကုပါရှင် ..."

"ညည်း ကုရမယ်၊ ညည်းကုမှ အမြန်ပျောက်မှာ ..."

"ဆရာကြီး - ကျွန် - ကျွန်မ ဆေးမကုတတ်ပါဘူးရှင်၊ ဒီမှာပဲ ဆရာကြီးက ဒေါ်ကြီးစိန်အနားကို တိုးကပ်ပြီး နားနားကပ်လို့ တိုးတိုးလေး ပြောလိုက်ရော ...၊



www.burmeseclassic.com

www.burmeseclassic.com

နတ်ကတော် ဒေါ်ကြီးစိန် မျက်လုံးပြူးပြီး လန့်သွားတယ်။ ဆရာကြီးကလည်း သူမရှေ့နားကိုပဲ ပမာမခန့်ပြူးပြီး စိုက်ကြည့်လိုက်ပြီး -

"ညည်း - ရောဂါပျောက်အောင် ကုပေးမှာလား။ ဒါမှမဟုတ် ညည်း ရွာထဲကနေ ပြောင်းသွားမှာလား - ပြော"

"ကျွန် - မ"

"ကုပေးမှာလား"

"ဟုတ် - ဟုတ်ကဲ့ပါရှင့်"

"ကိုင်း - ရေစင်ခွက်ကိုင်ပြီး သမီးတော်ကြီး ရောဂါ အပျောက်ကုပေးစေချား ..."

နောက်ဆုံး နတ်ကတော် ဒေါ်ကြီးစိန်က သူမကိုယ်တိုင် စီရင်တဲ့ ရေမန်းခွက်နဲ့ လူမမာတစ်ယောက်ပြီးတစ်ယောက်ကို ခြေဆင်းလုပ်နိုင်းပြီး ...။

ရေမန်းတိုက်လိုက် ...။

သပ်ချလိုက်၊ ဗိုက်ကို ဖိပေး၊ အထက်သပ် လှန်ပေးလုပ်လိုက်ရော ...။

ကြည့်စမ်းဗျာ ...။

အချို့လူမမာပါးစပ်ထဲက ဘဲဥအပုပ် အလုံးလိုက် ပြန်အန်ကျလာတယ်၊ အံ့သြစရာကောင်းလိုက်တာ၊

အချို့လူမမာပါးစပ်ထဲက ဆံပင်ခြည်ထွေး၊ ပိုက်ဆံမတ်စေ့၊ ကျောက်စရစ်ခဲ စသည်တို့ အန်ချကြတာ ...။ အားလုံးမျက်လုံးမျက်ဆန် ပြူးကုန်ကြပြီ၊

အဲဒါကို ကြည့်ပြီး ဆရာကြီးက သဘောကျလို့ ...။

"တော်လိုက်တဲ့ - ငါ့သမီးတော်ကြီးကွယ်။ လုံးဝမကျန်စေနဲ့။ ချန်မထားနဲ့ ...။ အဖေကြီး - မြင်နေတယ်နော်"

"ထုတ် - ထုတ် - အကုန်အစင်ထုတ်"

"အော့ - ဝေါ့"

"အား - အား - ဝေါ့"

"ဟုတ်ပြီ - ဟဲ့ - ဟိုကလေးမ - ညည်း ဘာအန်တုံး"





သိပ်ဟုတ်သဝေါ့တွ။

သူတို့က ဗေဒင်တုံးတို့ ပညာနဲ့ စီရင်ပြီး

ငါးသုပ်၊ ဝက်သား၊ ဝုစွန်တုပ်ဖြစ်အောင် လုပ်ပြီး

ငါတို့ကို ကျွေးတာ။

ငါကအောက်လမ်းဝိုဏ်းမှမဟုတ်တာ။

ဟင်းပန်းကန်ကြည့်တာနဲ့

ဘယ်ဟာ ဟင်းအစစ်၊

ဘယ်ဟာ ဗေဒင်တုံး သိတာပေါ့။

သိလို့ သူတို့ဟင်း သူတို့ ပြန်ကျွေးရော။

ဘယ်သူမှ မစားကြဘူး။ သိလိုက်ပြီ

"ကြက်ဦးခေါင်းအစိမ်းကြီး - အဘ"

"အဲဒါ - ပညာသည်ကဝေ ပြုစားလိုက်တာ - သိလား"

"ဟုတ် - ဟုတ်"

"အခုရော - အောင့်သေးလား"



www.burmeseclassic.com

www.burmeseclassic.com

"မအောင့်တော့ပါဘူး - အဘ"

"အဲဒါ - တောဒီ သမီးကြီး ကုတာနော်၊ ငါကုတာ မဟုတ်ဘူး"

"ဟင်း - ဟင်း - ဟင်း - ဟင်း - အဘ ဆရာကြီးကတော့လေ"

ဒီလိုနဲ့ လူနာ(၃၀)ကျော်ကို ဒေါ်ကြီးစိန်တစ်ယောက်တည်း ရေမန်းတစ်ခွက်နဲ့ ကုပေးလိုက်တာ ပျောက်ကုန်ရော ...။ ရောဂါဆိုတာ ယူပစ်လိုက်သလိုပဲ။

လူမမာများကလည်း ငွေကြေး၊ သစ်သီးဝလံများနဲ့ တုံ့ပြန်ကုသိုလ်ပြုကြတယ်။ ကျေးဇူးတွေ တင်ကြလွန်းလို့...။

ဒီလိုနဲ့ အိမ်ပေါ်မှာ လူရှင်းသွားတော့မှ -

— ○ —

"သမီးတော်ကြီး ..."

"ရှင် ..."

"တော်လှချည်လားကွယ် - ဟင်"

"ဟင်း - ဟင်း - ဟင်း - အဖေကြီးကြောင့်"

"ကိုယ့်အကြောင်းရော ကိုယ်သိရဲ့လား"

"..."

"ပြောလေ - သိရဲ့လား။ အဘ - ထုတ်ပြောရမှာလား"

"သိပါတယ် ရှင်"

"သမီး - ဒီရွာမှာ ဆက်ပြီးနေချင်သလား။ အခြားအရပ်ဒေသကို ပြောင်းရွှေ့သွားချင်လား"

"ဒီအရပ်မှာပဲ နေချင်ပါတယ် - အဘ"

"ဒီအရပ်မှာ နေချင်ရင် ဒီအရပ်က လူတွေကို ညည်း ဒုက္ခမပေးရဘူး။ ကြားလား"

"ဟုတ် - ကဲ့"

"ညည်း - ဘာလဲ - ငါသိတယ်"



"ဟုတ် ..."

"ညည်း - ပညာအားလုံးကို ငါသိမ်းလိုက်ရမလား"

"..."

"ညည်းတို့မိသားစုအားလုံး သစ္စာဆိုကြ ..."

ဆရာကြီးရဲ့ပညာအစွမ်းကို သူတို့မိသားစု သိသွားကြပြီး၊ ဒါနဲ့ ဆရာကြီးရှေ့မှာ လက်အုပ်ချီကြတယ်။ လန့်လည်း လန့်သွားကြတယ်။

မယ်တော်ကြီးက သစ္စာရေခွက်ကို ကိုင်ထားတယ်။

"လိုက်ဆို - ကျွန်မတို့သည်"

"ကျွန်မတို့သည် ..."

"ရွာသူရွာသားများအပေါ် ကျူးလွန်ခဲ့သည်၊ အမှားများကို ဝန်ချပါ၏"

"ရွာသူရွာသားများအပေါ် ကျူးလွန်ခဲ့သည်၊ အမှားများကို ဝန်ချပါ၏"

"ယနေ့ - ယခုအချိန်မှစ၍"

"ယနေ့ - ယခုအချိန်မှစ၍"

"ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို လေးစားပါမည်"

"ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို လေးစားပါမည်"

"ရပ်သူရွာသားတို့အား ..."

"ရပ်သူရွာသားတို့အား ..."

"ကျွန်မတို့ ရရှိတတ်ကျွမ်းသည့် ပညာနှင့် မနှိပ်စက်တော့ပါ ..."

"ကျွန်မတို့ ရရှိတတ်ကျွမ်းသည့် ပညာနှင့် မနှိပ်စက်တော့ပါ ..."

"နှိပ်စက်ကျူးလွန်ခြင်း၊ ပြစ်မှားစော်ကားခြင်း ..."

"နှိပ်စက်ကျူးလွန်ခြင်း၊ ပြစ်မှားစော်ကားခြင်း ..."

"ပြုမိခဲ့ပါတယ် ..."

"ပြုမိခဲ့ပါတယ် ..."

"ဒဏ်ပြန်အထိ ဖြစ်ရပါစေသား ..."

"ဒဏ်ပြန်အထိ ဖြစ်ရပါစေသား ..."



www.burmeseclassic.com

www.burmeseclassic.com

"တစ်နေ့နေ့ တစ်ချိန်ချိန်မှာ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါစေသား ..."

"တစ်နေ့နေ့ တစ်ချိန်ချိန်မှာ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါစေသား ..."

"သာဓု - သာဓု - သာဓု - ရတနာမြတ်သုံးပါးကို ယုံကြည်ကိုးကွယ်သူများဖြစ်ပါစေ။ ဒီနေ့ကစပြီး ငရဲသွားမည့်လမ်းစဉ်အလုပ်များကို ချုပ်ငြိမ်းစွန့်ပယ်လို့ ... နိဗ္ဗာန်ကို မျက်မှောက်ပြုသော လမ်းကောင်း၊ လမ်းမြတ်ကို ရွေးချယ်လျှောက်လှမ်းနိုင်ပါစေ ..."

ကျွန်တော်နဲ့ အဖေ ဆရာကြီးတို့ ဒေါ်ကြီးစိန်တို့အိမ်ကနေ ပြန်ထွက်လာတော့ ... ရွာသူရွာသား တပည့်များက မြေပဲ၊ ကြက်ဥ၊ ဘဲဥ၊ အသီးအနှံများကိုပေးပြီး၊ နွားလှည်းပေါ်အရောက်တင်ပေးကြပြီး ...။

မြေပြင်မှာ ထိုင်ပြီး ကန်တော့လို့ လက်ပြကျန်ရစ်ခဲ့ကြတယ်။

ဒီလို ရွာကနေ နစ်နာရီကြာစီးပြီး ကားဂိတ်အနီးက လက်ဖက်ရည်ဆိုင်မှာ ဆရာတပည့် ထိုင်လို့ လက်ဖက်ရည် သောက်ကြတုံး ...။

"အဖေကြီး ..."

"ဘာတုံး - မောင်မှိုင်း"

"ကျွန်တော် မေးစရာ ရှိလို့ပါ - အဖေကြီး"

"မေး ..."

"ဒေါ်ကြီးစိန်တို့အိမ်က ထမင်းကျွေးတုန်းက အဖေကြီးက ဘာကြောင့်ဝက်သား၊ ငါးဆုပ်၊ ပုစွန်တုပ်ဟင်းတို့ကို မစားရတာလဲ ဟင်"

"ငါ့သားကြီးက စားချင်လို့ပေါ့ ..."

"အမှန်အတိုင်းပြောရရင် စားချင်နေတာပဲ - အဖေကြီးရဲ့၊ အဖေကြီးက ငါခပ်တဲ့ဟင်းပဲ ခပ်စားပြောတော့ ... မခပ်ရဲဘူးပေါ့"

"ငါ့သားကြီး မြင်လိုက်လား"

"ဘာကိုလဲ - အဘ"

"အဖေကြီး - သူတို့သားအမိကို ငါးဆုပ်လုံးနဲ့ ပုစွန်တုပ် အတင်းကျွေးတာ - သူတို့ မစားကြဘူး"



"ဟုတ်တယ်ဗျ။ ဘာလို့ သူတို့သားအမိက မစားတာတုံး ဟင် - အဖေကြီး"

"ဘယ်စားမှာတုံး။ ဟင်းအစစ်မှမဟုတ်ပဲ၊ မစင်တုံးတွေဥစ္စာ ..."

"ဗျာ - မစင်တုံးတွေ - ဟုတ်လား - အဖေကြီး"

"သိပ်ဟုတ်သပေါ့ကွာ။ သူတို့က မစင်တုံးကို ကဝေပညာနဲ့ စီရင်ပြီးငါးဆုပ်၊ ဝက်သား၊ ပုစွန်တုပ်ဖြစ်အောင် လုပ်ပြီး ငါတို့ကို ကျွေးတာ။ ငါကအောက်လမ်းဂိုဏ်းမှမဟုတ်တာ။ ဟင်းပန်းကန်ကြည့်တာနဲ့ ဘယ်ဟာဟင်းအစစ်၊ ဘယ်ဟာ မစင်တုံး သိတာပေါ့။ သိလို့ သူတို့ဟင်း သူတို့ ပြန်ကျွေးရော၊ ဘယ်သူမှ မစားကြဘူး။ သိလိုက်ပြီ - ငါလိုလူကိုတောင် ဒီလိုလုပ်ရဲရင် ရွာသူရွာသားအချို့ကို သင်း ပြုစားတာပဲလို့ သိပြီ။ ဒီကောင်မပေါ့၊ သေးသေးအဆင့်မဟုတ်ဘူး။ ဒါကြောင့် သင်းဇာတိရပ် ပေါ်အောင် လူနာတွေ သင်းအိမ်ပေါ်ခေါ်ပြီး သင်းကို ပြန်ကုခိုင်းတာလေ ...။ ဒါတောင် သင်းကငြင်းချင်တယ်။ မကုချင်ရင်နင် ရွာထဲမှာ နေချင်လား၊ အခြားကိုထွက်သွားချင်လား၊ ခပ်တင်းတင်းပြောမှ သင်းက သူလုပ်ထားပြုစားထားတဲ့လူနာတွေကိုသူ့ဘာသာကု၊ ပညာပြန်နုတ်တာပဲကွ။ မြင်တယ်မဟုတ်လား၊ လူနာတွေဝမ်းစပ်ထဲက ဘာတွေထွက်လာတုံး ..."

"အစာအပင်းတွေ မျိုးစုံပဲ - ဆရာကြီး"

"ဒါကြောင့် သင်းတို့ကို သစ္စာရေ တိုက်ပြီး မလှုပ်ရဲအောင် ထိန်းလိုက်ရတာ ..."

"အဘ ဆရာကြီး"

"ဘာတုံး - မောင်မှိုင်း"

"အဲဒီနတ်ကတော် ဒေါ်ကြီးစိန်က ဘာမို့လို့တုံး - ဆရာကြီး ဟင်"

"မှတ်ထား - သူက ပေါ့သေးသေး မဟုတ်ဘူး။ ပညာသည် ကဝေ"

"ဗျာ - ပညာသည် ကဝေ"

ဘုရား - ဘုရား - တော်ပါသေးရဲ့ဗျာ။ သူတို့ကျွေးတာ ကိုယ်များ အစားငမ်းပြီး စားမိရင် အပင်း ဝိုက်ထဲကို ရောက်ရော ...။



www.burmeseclassic.com

www.burmeseclassic.com

အသာ ဆရာကြီး ပါလို့သာပေါ့ ...။

ခုမှပဲ ပညာသည်ကဝေဆိုတာကို နဖူးတွေ့ ဒူးတွေ့ ကိုယ်တွေ့ ကြုံခဲ့ရတယ်။

ကြည့်စမ်း - ကဝေမကြီးရဲ့သမီးသုံးယောက်ကလည်း ချောလိုက်၊ လှလိုက်တာဗျာ။ အမယ်လေး ...။

သူတို့လည်း ပညာသည်ပေါက်စတွေတဲ့ဗျို့ ...။

ဘုရားစူး - ရှူ့ပါရဲ့ခင်ဗျ ...။

>> မောင်ညိုမှိုင်း (သန်လျင်)

**စာမူများ** ပေးပို့လိုပါက

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောကမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊ (၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။




www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမောများကြားမှ အပန်းဖြေရာခရီး

လေးမောင်

ပြီးခဲ့သောလက အိမ်ဘေးဈေးဆိုင် "ဒေါ်အလိမ္မာ" ထံမှ အမှန်ယူထားသည်က (၄၄၀၀)ကျပ်၊ ကြွေးဆပ်ဖို့စာရင်း ပေါင်းလိုက်တော့ (၉၀၀၀)ကျပ် ဆိုနေသဖြင့် စိတ်တိုင်းမကျ ဖြစ်နေရသည့်ကြားထဲ စည်ပင်သာယာက လာသည့် အိမ်ခွန်၊ မြေခွန်၊ သန့်ရှင်းရေးခွန်၊ မီတာခွန်၊ ရေခွန်တို့ကလကုန်ပြီးတာနဲ့ တစ်ပြိုင်တည်း ဆောင်ရမည့် သတ်မှတ်ချက်နှင့်စည်ပင်သာယာခွန်များက မဆောင်နိုင်သေးလျှင် တောင်းပန်ထားလို့ရပေမယ့် အဆိုးဆုံးက လျှပ်စစ်မီတာခွန်၊ တောင်းပန်လို့ကလည်းမရ သည်ကြားထဲမီတာထိန်းသိမ်းစောင့်ရှောက်ခဆိုတာကလည်း ကျွန်တော်တို့အတွက် ဝန်ထုပ်ဝန်ပိုး၊ သတ်မှတ်ရက်အတွင်း မပေးဆောင်သော် ဒဏ်ငွေက (၁၀၀၀)ကျပ်၊ မထင်လျှင် မထင်သလို ဝန်ထမ်းကဆိုင်ကယ်နှင့်လာပြီး မီးဖြတ်မည်တကဲကဲ ရှိနိုး ဦးချမတတ် တောင်းပန်လေရာ သူသနားသဖြင့် အမှောင်ခွင်းကာ ကျွန်တော်တို့လို ဆင်းရဲသားလုပ်သား ပြည်သူများ၊ ညအခါအလင်းရနေသည့်အဖြစ်၊

ပြောရမည်ဆိုလျှင်မြန်မာနိုင်ငံကိုနာဂစ်မုန်တိုင်း အတိုက်ခံရပြီး အိမ်ရှေ့မန်ကျည်းပင်ကလေဒဏ်ကြောင့်ယိုင်လဲမည့်အနေအထားတိမ်းစောင်းသွားခဲ့သည်၊ ထိုကာလနောက်ပိုင်း အတန်ကြာတော့ အမြစ်ကကျွတ်ယိမ်းယိုင်ပြိုလဲပြီး အိမ်ကိုသွယ်တန်းထားသည့် ဓာတ်ကြိုးပေါ် လဲကျကာ မီတာပုံးဘွာကျပြုတ်တောက်သွားသည်၊ မြို့နယ်လျှပ်စစ်တာဝန်ခံကိုအကြောင်းကြားတော့ ပြင်ဆင်ရန် လူလွှတ်ပေးသည်၊ ပြင်ဆင်ပြီးသောအခါ လုပ်အားခကျပ်ငွေ (၅၀၀၀၀)ကျပ် ငွေငါးသောင်းတောင်းသည်၊

ကျွန်တော်တို့လို စာရေးပြီး အသက်မွေးဝမ်းကြောင်းကို ဆင်းတောင့်ဆင်းရဲ ဖြစ်နေသည့် လူစားမျိုးအတွက် မီတာပုံးကလေး ပြန်ချိတ်ခ၊ ယခုလိုငွေမတန်တဆ အတောင်းခံရမှုအပေါ် အလွန်အမင်း အခက်တွေ့ရသည်၊ ခေထူးပြီမို့ ချိတ်ဆွဲထားသည့်ငှက်ကြီးတောင်ဓားကို ဆွဲထုတ်စိန်ခေါ်တော့ မှ ငါးထောင်ယူပြီးကျေနပ်သွားသည့်အဖြစ်၊

သည်ကြားထဲသားအငယ်ကောင်က (၁၀)တန်းကို ဒုတိယအစမ်းဖြေပြီးသည့်အချိန်နှင့် တိုက်ဆိုင်နေသည်မို့ ဆရာမက ရွှေတိဂုံဘုရားသွားမည်၊ တန်တော်ကြီးပန်းခြံကို ကြည့်မည်၊ တိရစ္ဆာန်ဉယျာဉ်တွင် နားနေ လှည့်ပတ်ကြည့်မည်၊ ထို့အတွက် ငွေပေးရန်အပြင် သမီးဖြစ်သူကလည်း ကျိုက်ထီးရိုးဘုရားကို လမ်းထဲက "ခင်အုန်းမြင့်" ဦးဆောင်ပြီး လမ်းသူ၊ လမ်းသားများနှင့်တပျော်တပါး သွားကြမည်မို့ မရောက်ဘူးသဖြင့် လိုက်ပါလိုကြောင်းတောင်းပန် ပြောဆိုနေသည့်ကြောင့် စိတ်ကအလွန်ညစ်နေသည်၊

သို့အတွက် ကျွန်တော်၏အခက်အခဲကြောင့် လိုအပ်သည့်ငွေ ချေးငှားနိုင်မည့်သူကို ရှာဖွေသော်လည်း လက်လှမ်းကမမီ၊ လဆန်းရက်မို့ မျှော်လို့ရမည့်နေရာတစ်ခုတော့ ရှိသည်၊ ထိုအရာကား အခြားမဟုတ်၊ လစဉ်ထွက်မဂ္ဂဇင်းတိုက်များဆီသွားပြီး မိမိဝတ္ထုကလေးများ ပါသည့်တိုက်မှ စာမူခကလေးများ ထုတ်ယူရန်ဘက်ကို ဦးတည်ချက် ပြောင်းလိုက်မိခြင်းပင်



www.burmeseclassic.com

www.burmeseclassic.com

"ဟူး ... အမော အမော၊ ကိုယ့်ဘဝအမော"

မနက်စာကိုလည်း ယခုချိန်ထိမစားရသေး၊ အိတ်ကပ်တွင်ရှိနှစ်ရာတန် တစ်ရွက်ကိုလည်း ထုတ်ယူမသုံးစွဲရဲ၊ အဘယ့်ကြောင့်ဆိုသော် နေအိမ်မှ မြို့ထဲသို့ သွားရမည့်ခရီးစရိတ်အတွက် ထားရပေဦးမည်၊ ဘယ်ကား ကိုစီးစီး ကားခက နှစ်ရာကျပ် ဖြစ်နေသည် မဟုတ်ပါလား၊

ကားစပယ်ယာတွေကလည်း ယခုအခါ ခက်တော့ အခက်သား၊ ကားခ ကို ပေးပါလျက် မပေးရသေးကြောင်း ငြင်းကာ ထပ်တောင်းလိုတောင်း၊ တစ်ထောင်ကျပ်တန်ပေး ပြန်တော့ပြန်အမ်း ငွေငါးရာတန်တစ်ရွက်နှင့် နှစ်ရာတန်တစ်ရွက် လိုငွေကျပ်တစ်ရာကိုတော့ အကြွေမရှိလို့ နောက်မှယူ ဆိုပြီး အမေ့ခံလိုခံ၊ ငါးရာတန် ပေးပြန်တော့လည်း ကျပ်နှစ်ရာပြန်အမ်းပြီး တစ်ရာကို ချန်ထားလိုထား၊ မှတ်တိုင်ရောက်လို့ဆင်းခါနီးတောင်းတော့ အကြွေမရှိလို့ နောင်ကြုံသည့်အခါ ယူပါလို့ ပြောလိုပြော၊ သို့အတွက် မြို့ထဲ သို့သွားဖို့အတွက် လမ်းစရိတ်နှစ်ရာသာရှိပြီး အပိုငွေမရှိသဖြင့် သွားသင့် မသွားသင့်ကို စဉ်းစားသော်လည်း မသွားလျှင် မဖြစ်သည့်ကိစ္စမို့ သွားရန် ဆုံးဖြတ်လိုက်ရသည်၊

လောလောဆယ် အိမ်ဘေးဈေးဆိုင်မှ "ယံယံခေါက်ဆွဲ" တစ်ထုပ် ကြွေးယူပြုတ်သောက်လိုက်ပြီး မြို့ထဲသို့ထွက်ခဲ့သည်၊ မြို့ထဲတွင် သွားရမည့် မဂ္ဂဇင်းတိုက် တည်နေရာတို့ကိုလည်း လမ်းကြောင်းရွေးလိုက်တော့ ဦးစွာ ဘိုကလေးဈေးကိုကျော်ပြီး ပန်းဆိုးတန်းမှတ်တိုင်ဆင်းလိုက်လျှင် အနီးစပ်ဆုံး ဆိပ်ကမ်းသာလမ်းရှိ "ဆုပြည့်စုံထွန်းစာပေတိုက်" ကို ဦးစွာ ဝင်မည်၊ သို့အတွက် ထိုနေရာဆီကို ရောက်သည့် (၂၃၇) ကားကိုစီးနင်း လိုက်ပါခဲ့ပေသည်၊

ကားပေါ်ရောက်တော့ အိတ်ကပ်အတွင်းရှိနှစ်ရာတန်တစ်ရွက်ကိုထုတ် ပေးလိုက်သည်၊ ထူးထူးခြားခြားပြဿနာမရှိသော်လည်း ပြဿနာက ကားရှင်း "ဖိုက်" သည့် ပြဿနာက စလာသည်၊ ကားကြီးကို ခရီးသည်များတင်ကာ မောင်းနေရမှန်း သိပါလျက် လမ်းကကျဉ်း၊ ကားကြီးဘားယယ် ရှုပ်ထွေး သည့်လမ်းပေါ်တွင် ခရီးသည် ရရှိရေးအတွက် လုယက်မောင်းနှင်နေသည့်



ကားသမားကြောင့် ဆန်ကောထဲ ဆီးဖြူသီးထဲ အလှုပ်ခံနေရသည့်နှယ်မို့ ဆိုင်ခုံမှ အောက်ကို ပြုတ်မကျအောင် မနည်းထိန်းကာ လိုက်ပါခဲ့ရသည့် အဖြစ်၊

တာမွေအရောက်မီးပွိုင့်တွင် ရပ်စောင့်နေသည့်ကားသေးသေးကလေး ကို အရှိန်ထိန်းလို့ မရတော့ဘဲ နောက်က ပြေးကြုံးလိုက်ပေတော့သည်၊ အဖြစ်ကတော့တောဆင်ရိုင်းကြီးတစ်ကောင်က ချေငယ်ကလေးတစ်ကောင် အား နောက်မှပြေးပြီး အစွယ်နှင့်ထိုးခံလိုက်ရသည့်နှယ် ကားပေါ်ရှိ ခရီး သည်များ ဗိုင်းအော်လိုက်သံများနှင့်အတူ အလဲလဲအကွဲကွဲ ဘေးဘယ်ညာ လူများ အခြင်းဖြစ်ရာဆီသို့ ဗိုင်းအုံရောက်လာစဉ် လက်မှတ်ရောင်းက ခရီးသည်များကို နောက်မှ ရောက်လာသည့်ကားပေါ်တင်ပေးသဖြင့် ကျွန် တော်လည်း ရန်ကုန်ရောက်လျှင်ပြီးရောဆိုပြီး ကားကြီးနှင့် လိုက်ခဲ့ရပြန် သည်၊ မလိုက်လို့လည်း မဖြစ် အိတ်ကပ်ထဲကားခမှ မရှိဘဲကိုး၊

ကျွန်တော် နောက်ထပ်စီးသည့်ကားမှာ အပေါ်လမ်းမှသွားသည့် ကားဖြစ်သည်မို့ သူ့လမ်းကြောင်းအတိုင်း ခပ်ကြမ်းကြမ်း "ဖိုက်" ကြရင်း မောင်းခဲ့ရာ၊ ပုဇွန်တောင်ဈေးအကျော်အခြားကားကြီးတစ်စီးနှင့်ဘေးချင်း ပွတ်တိုက်ကြပြီး တစ်ဖက်နှင့်တစ်ဖက်စကားများ ထိုးကြိတ်နေကြစဉ် ကျွန် တော်လည်းလိုရာခရီးကိုလမ်းလျှောက်ရင်းမျက်ကွယ်ပြုလာခဲ့တော့သည်၊

စိတ်တွင်းကတော့ ထိုကားကြီးကို မောင်းနှင်ကြသည့် ကားသမားတို့ ဆင်မခြင် လုပ်ရပ်များကို သဘောမတွေ့သော်လည်း အမှားအမှန်ကို ဝင်ရောက် ပြောလိုစိတ်မှာတော့ အခြားသူ (ခရီးသည်) များကလည်း ကိုယ့်လိုပင် ဖြစ်ပေမည်၊ ဝဋ်ကြွေးမကုန်သဖြင့် ပေးဆပ်ခြင်းကို ခံနေရသည့် အတွေးနှင့် ရှိနေကြပေမည်၊

မူလဦးတည်ထားရာ ဘိုကလေးဈေးဘက်သို့ လျှောက်လှမ်းခဲ့ရင်း စိတ် ထဲတွင် ယနေ့ထွက်လာခဲ့မိခြင်းသည် ပြဿဒါးရက်များ ဖြစ်နေမည်လား ဆိုသည်ကို မဆီမဆိုင် တွေးနေလိုက်မိပေသည်၊

ဆိပ်ကမ်းသာလမ်းကိုရောက်တော့ "ဆုပြည့်စုံထွန်း" မဂ္ဂဇင်းတိုက်ကို ဝင်လိုက်တော့ -



www.burmeseclassic.com

www.burmeseclassic.com

"ဟော ... မုဆိုးကြီး ရောက်လာတာအတော်ပဲဗျို့၊ ဒီလဆရာ့ဝတ္ထု နှစ်အုပ်လုံး ညာကျပ်မှုဇော်ခထုတ်သွားဗျာ၊ ဒါနဲ့ဆရာ ဝတ္ထုတစ်ပုဒ်ကို (စီတီအတ်ဖ်အမ်)က ဇာတ်လမ်းပမာ ထုတ်ဖို့ ဝယ်သွားပြန်တယ်၊ ဆရာဝေလွင်မြင့်မောင်ရေမုဆိုးကြီးကို ထုတ်ပေးလိုက်ပါဗျာ"

အယ်ဒီတာချုပ်ဦးမြင့်ထွန်း (Quality) က "ဆုပြည့်စုံထွန်း"စာပေအမည်ဖြင့် ဂမ္ဘီရလောက၊ သည်းထိတ်ရင်ဖို၊ မမှုဒ္ဒတ၊ ပုံပြင်ကမ္ဘာ၊ Happy Timeစသည့်ဘာသာရေးမဂ္ဂဇင်းအပါအဝင် အခြားလိုင်းစုံမဂ္ဂဇင်းကြီးများကို စာရေးဆရာကြီးများဖြင့် ထုတ်ဝေသူ၊ စာရေးဆရာများအပေါ် ကိုယ်ချင်းစာနာတတ်သူမို့ စာမူခကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်တတ်သူတစ်ဦး၊

ထိုမဂ္ဂဇင်းတိုက်တွင်ပင် စာမူခနှင့်ဇာတ်လမ်းပမာအဖြစ် ဝယ်ယူသွားသည့် ကျပ်ငွေနှစ်သောင်းကျော် ရရှိလိုက်ပြီး ပန်းဆိုးတန်းပညာရွှေတောင် စာအုပ်တိုက် အယ်ဒီတာချုပ်ဦးအောင်မြတ်ထံ ဝင်လိုက်ပြန်သည်၊

ထိုတိုက်ပိုင်ရှင် အယ်ဒီတာချုပ်ဦး အောင်မြတ်ကလည်း သူရဿမဂ္ဂဇင်းနှင့် သိဒ္ဓိမိုးမဂ္ဂဇင်း ထုတ်ဝေနေသူတစ်ဦး၊ သူကလည်းစာရေးဆရာ ဆရာမများအပေါ် အပေးအကမ်း အထောက်အပံ့ ရက်ရောသူတစ်ဦး၊

ပြီးနောက် (၃၃)လမ်း လာဘ်မိုးစွေမဂ္ဂဇင်း တိုက်သို့ ဝင်ပြန်သည်၊

ဆရာရောက်လာတာ အတော်ပဲ ကျွန်တော် ဝတ္ထုတစ်ပုဒ်ရေးခိုင်းချင်လို့"

ဆရာနန္ဒာမိုးကြယ်ကို နှုတ်ဆက်စကားပြောနေစဉ် အယ်ဒီတာချုပ် ဆရာဦးမောင်မောင်မြင့်အေးက ပြောလိုက်သည့်အတွက် ကျွန်တော်က -

"ဟုတ်ကဲ့ ... ကျွန်တော်ရေးနိုင်တာမျိုးဆို ရေးပေးပါ့မယ်၊ ဘယ်လိုမျိုးလဲ"

"စိုင်ကော်လို့ ချုံပေါ်ရောက်ဆိုတဲ့ ခေါင်းစဉ်နဲ့ မုဆိုးဝတ္ထုပါပဲ"

"ဟိုမှာ စိုင်ချိုကြီးပါ၊ ကျွန်တော့်ဆရာကြီးတစ်ယောက်က အဲဒါကို လက်ဆောင် ပေးရင်းမှာလိုက်တဲ့စကားက စိုင်ကော်လို့ ချုံပေါ်ရောက်ပေါ့ ကွာလို့ပြောလိုက်တယ်၊ အဲဒါကို ဘယ်လိုဆိုတာ မုဆိုးအမြင်နဲ့မုဆိုးဘက်က ရေးပေးပါခင်ဗျာ"



သူတို့အခန်းအပေါ်တွင် ချိတ်ဆွဲထားသော စိုင်ချိုကိုပြရင်း ပြောလိုက်သည်မို့ ရေးပေးမည်ဖြစ်ကြောင်း ပြောကာ စာအုပ်နှင့်စာမူခများ ကြိုတင်ယူပြီး စည်ပင်သာယာရုံး မြို့တော်မဂ္ဂဇင်းသို့ဝင်ကာ စာမူပေးစာအုပ်ယူပြီး ပန်းဆိုးတန်းကိုကျော် (၃၇)လမ်း စုံထောက်မဂ္ဂဇင်းသို့ ဝင်၊ စာအုပ်ထုတ်ပြီး (၃၈)လမ်းရှိ စိတ်ကူးသစ်စာပေတိုက်ဆီဝင်လိုက်တော့ ကျွန်တော့် အိတ်ထဲတွင် ငွေအတော်များများရောက်ရှိနေပေပြီ၊ လတ်တလော ကြွေးမြီ အိုးစွကိုရှင်းရန်အတွက် ကျွန်တော့်တွင် လိုအပ်ငွေက အဆင်သင့်၊

"လာဆရာကြီး ... ပျောက်လှချည်လားဗျ"

စိတ်ကူးသစ်စာပေတိုက်ကို ဝင်လိုက်သည်နှင့် ဧည့်ခန်းတွင် ထိုင်နေသည့် စာရေးဆရာမောင်ညိုမှိုင်း(သန်လျင်) ခရီးဦးကြိုပြုပြီး နှုတ်ဆက်လိုက်သည့် မဂ္ဂဇင်းတိုက်ပိုင်ရှင်တင်ထွန်း(နတ်လှူဦး)က -

"မုဆိုးကြီးကို ဧည့်သည်တစ်ယောက်လာရှာတယ်ဗျ ပြန်လာခဲ့မယ် စောင့်ပါတဲ့"

"ဟုတ်လား - ဘယ်သူများတဲ့တုံးဟင်"

"ကိုဝင်းနိုင်တဲ့ စာရေးဆရာတော့ ဟုတ်ဟန်မတူဘူး၊ စာဖတ်ပရိသတ်ဖြစ်မယ်၊ အမျိုးသမီးတစ်ယောက်နဲ့ လာတာပဲ၊ ဘာမေးမြန်းချင်လို့လည်း မသိဘူး"

ကျွန်တော် ဘာမှ မပြောမီ၊ ဆရာမောင်ညိုမှိုင်းနှင့် စကားပြောနေစဉ် အပြင်မှတံခါးခေါက်သံကြားလိုက်ရသဖြင့်ကိုတင်ထွန်းကတံခါးဖွင့်ပေးလိုက်တော့ ကျွန်တော့်ကို လာရှာသည်ဆိုသော ကိုဝင်းနိုင်ဆိုသူနှင့် အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရပေသည်၊

ကိုတင်ထွန်း (နတ်လှူဦး) မိတ်ဆက်ပေးမှုကြောင့် ကျွန်တော်က အသိအမှတ်ပြုသည့်အနေဖြင့် -

"ဟုတ်ကဲ့ကိုဝင်းနိုင်... ကိုတင်ထွန်း ပြောပြလို့ လာရှာတယ်ဆိုတာ သိထားပါတယ်၊ ဘာအကြောင်းဆိုတာ သိပါရစေဗျာ"

ကိုဝင်းနိုင်ဆိုသူနှင့် ပါလာသည့်အမျိုးသမီးကို ဝေ့ဝဲအကဲခတ် ကြည့်လိုက်ရင်း မေးလိုက်သည်၊ ကိုဝင်းနိုင်ဆိုသူက အလွန်ဆုံးရှိမှ အသက် (၃၅)



www.burmeseclassic.com

www.burmeseclassic.com

ခန့်ကျင်းအသားကာဖြူဖြူ ခပ်ပုပု၊ ရွှေရောင်မျက်မှန် ရှပ်အင်္ကျီလည်ခေါင်တုံး ရွှေအိုရောင်တိုက်ပုံ၊ ပုံဆိုးကွက်တုံးနှင့် ခန့်ထည် ချောမောသူတစ်ဦး ဖြစ်သလိုအတူပါလာသူအမျိုးသမီးကလည်း ဆံပင်ကကောင်းကောင်း၊ အသားက ညိုညို၊ ကပြားရုပ်နှင့် လုံးကြီးပေါက်လှ အချိုးအစားကျနသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားပြီး ရွှေငွေလက်ဝတ်လက်စားများကို ဝတ်ဆင်ထား၍ လိုက်ဖက်သော ပါတိတ်ကိုအပေါ်အောက်ဝတ်ဆင်ထားပြီး သူမကိုပုရိသများ ဝိုင်းဝိုင်းလည်နေမည့် အလှပိုင်ရှင်မျိုး။

"ကျွန်တော်ကဝင်းနိုင်ပါ။ သူကတော့ ငွေဇင်သက်လို့ခေါ်ပါတယ်။ နှစ်ဦးစလုံး ရွှေပြည်သာမှာနေပြီး ဆရာတို့ရဲ့စာဖတ်ပရိသတ်တွေပါ"

"ဟုတ်ကဲ့ ... ပြောပါကိုဝင်းနိုင်"

"အထူးသဖြင့် စိတ်ကူးသစ်တိုက်က ထုတ်တဲ့စာအုပ်တွေကို မလွတ်တမ်း ဖတ်တဲ့သူတွေပါ။ အဲဒီလိုဖတ်ရင်းနဲ့ဆရာကြီးနဲ့ဆရာဦးညိုမှိုင်းကို တွေ့ပြီး မသိတာလေးတွေကို မေးကြည့်ချင်တဲ့ဆန္ဒတွေ ပေါ်လာလို့ ဒီနေ့ ဘဏ်တိုက်ကိုလာရင်း ဒီကို ဝင်လာခဲ့တာပါ"

"ဟုတ်ကဲ့ ... သိချင်တာရှိမေးပါဗျာ။ ခင်ဗျားတို့ခုလိုရောက်လာတဲ့အချိန်မှာ ဂမ္ဘီရစာရေးဆရာကြီးရော မှဆိုးဝတ္ထုရေးတဲ့ ကျွန်တော်ကော ရှိနေတော့ ပိုပြီးအဆင်ပြေ သွားတာပေါ့၊ ဖြေနိုင်တာဆို ဖြေမှာပေါ့ မေးပါ"

"ဒီလိုဆရာရဲ့ - ကျွန်တော်တို့သိချင်တာက (၃၁)ဘုံမှာ ကျင်လည်ကျက်စားနေကြတဲ့ဘုံသားတွေထဲမှာ အထက်ဘုံတွေဖြစ်ကြတဲ့နတ်ဘုံနဲ့ ပြိတ္တာဘုံတွေအကြောင်းတော့ ထားပါတော့ လူတွေနဲ့ဆက်စပ်နေတဲ့ဘုံတွေမှာ ဘာတွေများ ရှိပါသလဲဆိုတာကို သိချင်လို့ပါ"

"နေပါဦးကိုဝင်းနိုင်ရဲ့၊ ဘာကြောင့်များ သိချင်တာလဲဗျ၊ ခင်ဗျားတို့နဲ့ ဆက်နွယ်ပတ်သက်မှုများ ရှိနေလို့လားဟင်"

ကျွန်တော် မေးလိုက်သည့်စကားကြောင့် သူက အနည်းငယ်ပြုံးလိုက်သည်။ ဆရာမောင်ညိုမှိုင်းက စူးစူးစိုက်စိုက် ကြည့်နေသည်ကိုလည်း သတိပြုလိုက်သည့်အချိန် -

"ဟုတ်ကဲ့ ... ရှိပါတယ်။ ကျွန်တော်တို့ ဘာကြောင့် သိချင်တယ်ဆိုတာ ဆွေးနွေးကြရင် ဆရာတို့သဘောပေါက်သွားမှာပါ။ ဘာကြောင့်မေးရလည်း



ဆိုတော့ဆရာတို့ရေးတဲ့စာတွေထဲမှာ တောထဲဝင်ပြီး သားကောင်တွေပစ်ကြ ဆိုကြတဲ့အခါမပစ်ခင် တောပိုင်၊ တောင်ပိုင်တွေဆီမှာ တောလမိုင်း၊ တောင်လမိုင်းတင်ပြီး တောပိုင်တောင်ပိုင်တွေကို တင်မြှောက်ပသ တောင်းခံပြီးမှ သိကြခတ်ကြရတယ်။ အဲဒီတော့မှလည်း သားကောင်တွေကိုပစ်လို့ရတယ်၊ အန္တရာယ် လည်းကင်းတယ်ဆိုတာ ဖတ်ရသိရလို့ မေးကြည့်တာပါ"

"အင်း ... ခင်ဗျားမေးတာကို အတိုချုပ်ပြီးအနီးစပ်ဆုံးနဲ့ နားလည်အောင် ဖြေရမယ်ဆိုရင် ဒီစကြဝဠာကြီးအတွင်းမှာ တောတောင်၊ သမုဒ္ဒရာမြစ်မိုရ် တောင် စတဲ့ သက်မဲ့အဝိညာဏက ဝတ္ထုတို့ရဲ့တည်ရာကြီး ဖြစ်သလို လူ၊ တိရစ္ဆာန်၊ ပြိတ္တာစတဲ့ သက်ရှိဝိညာဏကဝတ္ထုတို့ရဲ့ ဖြစ်တည်ရာ ကျင်လည် ကျက်စားရာလည်း ဖြစ်တယ်ဗျ။



တဲခေါင်းရင်းရှိ
ထိုအဝင်ကြီးတစ်ပင်ဖည်းသာ
လေမတိုးပါဘဲ
လေပြင်းတိုက်ခံရသည့်နှယ်
ကြောက်မက်ဖွယ်ယိမ်းထိုးလှုပ်ရှားပြီး
တငေါ်ငေါ် တဖျောဖျော
ဖြစ်နေသည်ကို
မီးရောင်အောက်တွင်
ဖူးဖူးဖြားဖြား
တွေ့မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီတန္တာကြီးရဲ့အောက်မှာ ယုဇနာပေါင်း ကိုးသိန်းခြောက်သောင်းအထု ရှိတဲ့ လေထုရှိတယ်။ ထိုလေထုရဲ့အောက်မှာ အဇ္ဈာအာကာသ ကောင်းကင်ကြီးတည်ရှိပြန်တယ်။ ထိုလေထုရဲ့အထက်မှာ ရေထုတည်ရှိပြန်တယ်။ ယုဇနာပေါင်းလေးသိန်းရှစ်သောင်းအထုရှိတယ်လို့ ဖတ်ဖူး မှတ်ဖူးတယ်။

ထိုရေထု၏အထက်မှာ သီလာမြေ၊ ပံသုမြေနှစ်ခုပါဝင်တဲ့ မြေထုရှိပြန်တယ်။ အဲဒီမြေထုနှစ်လွှာဟာ ယုဇနာပေါင်းတစ်သိန်းနှစ်သောင်းအထုရှိတယ် ဆိုတယ်။

အဲဒီပံသုမြေအတွင်းမှာ ငရဲကြီး(၈)ထပ်နဲ့ငရဲငယ်တွေအထက်အောက် အဆင့်ဆင့်ရှိတယ်လို့ သိရတယ်။ အဲဒီ မြေထုအပြင်မှာ လူ့ဘုံ၊ ပြိတ္တာဘုံ တိရစ္ဆာန်ဘုံ အသူရကာယ်ဘုံဆိုတာတွေ ရှိနေကြတယ်ဗျ။

ဒါကြောင့် လူ့ဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံနဲ့ အသူရကာယ်ဘုံတို့ဟာ ဆက်စပ်ပတ်သက်နေတယ်လို့ ဆိုရမယ်။ အဲ ... လူ့ဘုံရဲ့အထက်မှာ နတ်ပြည်ခြောက်ထပ်နဲ့ ဗြဟ္မာဘုံ (၂၀)ဟာ အစဉ်အတိုင်း အဆင့်ဆင့် ရှိတယ်လေ"

ကျွန်တော် ပြောလိုက်သည့်စကားကြောင့် ကိုဝင်းနိုင်က -

"လူ့ဘုံနဲ့တိရစ္ဆာန်ဘုံတော့ လက်တွေ့မြင်နေရလို့ သိပါတယ်။ ပြိတ္တာဘုံနဲ့အသူရကာယ်ဘုံတို့ ဘယ်လို ယှက်နွယ်နေတဲ့အကြောင်း ရှင်းပြပါလား ခင်ဗျာ"

"ကျွန်တော်သိတော့ ... သိတယ်ဗျ။ ခင်ဗျား နားလည်အောင်တော့ ရှင်းမပြတတ်ဘူး။ ဂမ္ဘီရစာရေးဆရာကြီး ဦးညိုမှိုင်းက အဲဒီဂမ္ဘီရ ကိစ္စတွေ ရေးနေတော့ ရှင်းပြပေးပါလားဆရာ"

ကျွန်တော်က ဆရာမောင်ညိုမှိုင်း(သန်လျင်)အား အကူအညီတောင်းလိုက်သည်မို့ လူ့ဘုံအကြောင်းကိုတော့ သိပြီးသား ဖြစ်နေတဲ့အတွက် မရှင်းပြတော့ဘူး။ တိရစ္ဆာန်ဘုံဆိုတာက လူတွေ မျက်ဝါး ထင်ထင် တွေ့ မြင်သတ်ဖြတ်စားသောက်နေကြပေမယ့် အဲဒီဘုံဘဝအကြောင်းကို သိကြသူ အလွန်နည်းတယ်ဗျ။ ဒါကြောင့် အဲဒီဘုံအကြောင်းကို ဦးစွာ နားလည်စေ့လိုမယ်။

ဆရာမောင်ညိုမှိုင်း(သန်လျင်)က -



"တတ်လို့တော့ မဟုတ်ဘူးနော်။ ဖတ်ဖူးမှတ်ဖူးထားတာလေးကိုပြောပြ မယ်။ တိရစ္ဆာန်ဆိုတဲ့သတ္တဝါတွေရဲ့ပုံသဏ္ဌာန်က အထက်ကိုမြင့်ပြီးမတ်မတ် ဖြစ်တယ်လို့ ဆိုတယ်။ တိရစ္ဆာန်ဆိုတာက ခြေထောက်နှစ်ချောင်း၊ ခြေထောက်လေးချောင်း၊ခြေထောက်များတဲ့ အကောင်လည်းရှိတယ်။ ခြေထောက်မပါဘဲ ခြေမဲ့လက်မဲ့နဲ့ နံဘေးဗိုလာကို ကန့်လန့်ရှည်ပြီး သွားကြ ဖြစ်ကြတဲ့ အကောင်တွေလည်းရှိတယ်။ အဲဒါကြောင့် သူတို့ကို တိရစ္ဆာန် လို့ခေါ်ကြတယ်။ တစ်နည်းပြောရရင် မဂ်ဖိုလ်ချာန်တရားမှ ဖီလာဖြစ်ကြတဲ့ အကောင်တွေဖြစ်ကြလို့ တိရိစ္ဆာန်လို့ ခေါ်ကြတယ်။ သူတို့ဟာ လူတွေ နတ်တွေလို အထက်မဂ်ဖိုလ်နိဗ္ဗာန်ကိုတက်လို့ မရကြဘူး။ ငရဲဘုံကိုသာ သွားကြရမယ့်အကောင်တွေ ဖြစ်တဲ့အတွက် သူတို့ကို တိရစ္ဆာန်လို့ ခေါ်ကြတယ်လေ။

သဘောကျကြသလား ...။"

သူ ပြောလိုက်သည့်နောက်ဆုံးစကားကြောင့် ကျွန်တော်တို့ ဝိုင်းဝန်းရယ်မောလိုက်မိကြသည်ကအမှန်။

နောက်တစ်မျိုးက ပြိတ္တာဘုံပဲ၊ အဲဒီဘုံက ချမ်းသာခြင်းနဲ့ ကင်းဝေးတဲ့ သတ္တဝါကို ပြိတ္တာလို့ခေါ်ကြတယ်။ သူတို့တွေက တော၊တောင်၊ မြစ်၊ ချောင်း သုသာန်စတဲ့အရပ်တွေမှာ နေကြတယ်။ သီးခြားဘုံ မရှိဘူး။ သာသနာတော်ဝင် အဋ္ဌကထာ ဋီကာ ပြိတ္တာ(၄)မျိုး ရှိတယ်လို့ဆိုတယ်။ အဲဒီလေးမျိုးက -

သူတစ်ပါးကိုမှီပြီး စားသောက်အသက်မွေးရတဲ့ပြိတ္တာ (ပရဒတ္တူပဇီဝိတ ဆိုတဲ့ ပြိတ္တာ)၊

မစားမသောက်ရဘဲ ငတ်နေတဲ့ပြိတ္တာ (ခုပ္ပိပါသိကပြိတ္တာ)

တစ်ကိုယ်လုံး အမြဲပူလောင်မှုကို ခံစားနေရတဲ့ (နိဇ္ဈာမတဏှိက ပြိတ္တာ)

အသူရကာယ်လို့ခေါ်တဲ့ (ကာလကဉ္စိကပြိတ္တာ)ဆိုတာတွေဘဲဗျ။

နောက်တစ်မျိုး အသူရကာယ်ဆိုတာက နတ်တွေကဲ့သို့ အစိုးရမြူးထူး ပျော်ပါးမှု စသည်ဖြင့် မတောက်ပနိုင်သော (ပြိတ္တာအကြီးစား)ကို အသူရ ကာယ်ဘုံလို့ခေါ်ကြတယ်။ သူတို့နေထိုင်တဲ့အရပ်က သမုဒ္ဒရာနဲ့ဂင်္ဂါမြစ်ကမ်း စတဲ့အရပ်တွေဘဲ ဘုံရယ်လို့သီးခြားမရှိဘူး။ အထက်နတ်တို့အောက်ပတ်



www.burmeseclassic.com

www.burmeseclassic.com

ညွှံသေးသိမ်သော စတုမဟာရာဇ်ဝင် နတ်အမျိုးအစား သူကလည်း (၅)မျိုး ရှိပြန်တယ်။

ဝေပစိတ္တိ (အသူရာ)

ဝိနိပါတိက (အသူရာ)

ဝေမာနိက (အသူရာ)

လောကန္တရိတ် (အသူရာ)

ကာလကဉ္စိက (အသူရာ)တဲ့။ အဲဒီ (၅)မျိုးမှာ ဝေပစိတ္တိ၊ ဝေမာနိကနဲ့ အသူရာတို့က စတုမဟာရာဇ်နတ်မှာ အကြုံးဝင်ပြီး အဲဒီအသူရာတို့ဟာ အရင်က တာဝတိံသာ နတ်ပြည်မှာ နေကြတယ်။ နောက်မှသိကြားမင်းနဲ့ စစ်ဖြစ်ပြီး ရှုံးလို့ ဟိမဝန္တာတောင်ခြေကို ရောက်လာခဲ့ကြတာ။ အဲဒါကြောင့် လူ့ဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံနဲ့အသူရကာယ်ဘုံတို့ဟာ ဆက်စပ်နေတယ်လို့ ပြောတာပဲ။ နောက်ထပ်ဘာသိချင်သေးလဲ။

"ဟုတ်ကဲ့… ဆရာကြီးညီမှိုင်းတစ္ဆေအကြောင်းသိချင်ပါတယ်။ ဘယ်လို ကြောင့် ခြောက်လှန့်တာလည်းဆိုတာ သိချင်ပါတယ်ဆရာ"

"ခင်ဗျား အဲဒီအကြောင်းကို ဘာကြောင့် သိချင်တာလဲဟင်"

"အကြောင်းရှိလို့ပါ ခင်ဗျာ"

"ဘယ်လိုအကြောင်းမျိုးပါလဲ ပြောပါဦး"

" ဟုတ်ကဲ့ … ဘာကြောင့် သိချင်တယ်ဆိုတာ ပြောပြပါ့မယ်။ ပြီးတော့ အိပ်မက်စိမ်းမှာ စားကြ သောက်ကြရင်း ပြောပြမှာပါ ။အဲဒီအခါကျရင် ဘာ ကြောင့် ကျွန်တော်တို့ သိချင်တယ်ဆိုတာ ဆရာတို့ ရှင်းသွားမှာပါ"

"ဒီလိုဗျ ကိုဝင်းနိုင်ရဲ့။ ဆရာရှိန်းအောင် ရေးထားတာကို ဖတ်ထား မိတာက တစ္ဆေဆိုသော ဝေါဟာရကို မြန်မာစာအဘိဓာန်ထဲမှာ "သတ္တဝါတို့ သေ၍ ဖြစ်သည်ဆိုသော မကောင်းဆိုးဝါးလို့" အနက်ပေးထားတယ်။ ဗုဒ္ဓ စာပေကျမ်းဂန်တွေထဲမှာတော့ "ထူးထူးခြားခြားဖန်ဆင်းနိုင်သောကြောက်ရွံ့ တုန်လှုပ်အောင် ခြိမ်းခြောက်တတ်သော ပူးဝင်ဖမ်းစားတတ်သော နာနာ ဘာဝ" ဟု ပြဆိုထားသည်။ နောက်ပြီး နာနာဘာဝကို "တစ္ဆေ" အစရှိသော မကောင်းဆိုးဝါး အမျိုးမျိုးဟု ဖွင့်ဆိုထားကြပြန်သေးတယ်။



"တစ္ဆေဟူသော စကားလုံးသည် "တ" အက္ခရာကို "စ" အက္ခရာ "ဆ" အက္ခရာတို့နှင့် အစားထိုးပြီး တစ္ဆေ၊ စစ္ဆေ၊ ဆစ္ဆေ စတာတွေနဲ့ သုံးစွဲကြသေး တယ်။"

ယေဘုယျအားဖြင့် "တစ္ဆေ" ဆိုတဲ့ အသံကိုကြားလိုက်ကြလျှင် ခြောက် လှန့်တတ်တယ်။ ဖမ်းစားတတ်တယ်။ ပူးဝင်တတ်တယ်ဟု ယုံကြည်တတ် ကြသည်။ တကယ်လည်း တစ္ဆေတို့ဟာ ကံတရားကြောင့် ရလာကြတဲ့ - တန်ခိုး ဣဒ္ဓိပါဒ်တစ်မျိုးဖြစ်သော ကမ္မဇိဒ္ဓိတန်ခိုးကို အနည်းနှင့်အများ ရရှိ ပိုင်ဆိုင်ထားကြတဲ့အတွက် ပြုမူထားနိုင်ကြခြင်း ဖြစ်တယ်။ ဒါပေမဲ့ သူတို့ ပိုင်ဆိုင်မှုက မသန့်ရှင်းကြဘူး။

သူတို့ ပိုင်ဆိုင် ရရှိထားကြတဲ့တန်ခိုးအစွမ်းနဲ့ ကိုယ်ရောင်ဖျောက်ခြင်း၊ ကိုယ်ထင်ပြခြင်း ခြောက်လှန့်ညည်းညူပြခြင်း၊ အနံ့ပေးခြင်း၊ အသံပေးခြင်း၊ ပူးဝင်ခြင်း၊ ဖမ်းစားခြင်း၊ ကြီးအောင်၊ ငယ်အောင်၊ ဖြူအောင်၊ မည်းအောင်၊ မြင်သာအောင်၊ ပျောက်ကွယ်အောင်၊ ပစ်ပေါက်တွန်းချခြင်း၊ မိန်းမအသွင်၊ ယောက်ျားအသွင်၊ ခွေးအသွင်၊ မြင်းတို့နွားတို့အသွင်၊ အရာခပ်သိမ်းတို့သိစေ၊ မြင်စေ၊ ကြားစေအောင် ဖန်တီးလုပ်ဆောင်ပြနိုင်ကြတယ်။

တစ္ဆေခြောက်သည်ဆိုရာမှာလည်း လူကို အစဉ် ကြောက်လန့်အောင် ခြောက်ကြတဲ့မျိုးမဟုတ်ဘဲ နှုတ်ဆက်လိုသဖြင့် နောက်ပြောင် ကျီစယ် လိုသဖြင့် သိမြင်စေလို၍ စားသောက်လို၍ ကုသိုလ်အမျှလိုချင်ကြ၍ စသည် စသည်တွေကြောင့်လည်း ပါတယ်လေ။

"ဘယ်လို ပူးကပ်ကြတယ်ဆိုတာကို ရှင်းပြပါဦး ဆရာညီမှိုင်း"

"ဒီလိုဗျ… အစာစားချင်လို့လူကို ပူးဝင်ကပ်ပြီး တောင်းတာမျိုး၊ အနှံ့ခံပြီး သူတို့ဆန္ဒဖြေဖျောက်ကြရတာမျိုး၊ အချက်အပြုတ်အကြော်အလှော် ကြိုက် သောအမျိုး သွေးသံရဲရဲအစိမ်းလိုက် ကြိုက်သောအမျိုး၊ ဇရပ်ပျက်ကျောင်း ပျက်မှာနေရသောအမျိုး၊ သစ်ပင်မှာ နေရသောအမျိုး၊ ကျောင်း၊ သိမ်၊ စေတီနဲ့ ခနီးမဝေးမှာ နေရသောအမျိုး၊ သုသာန်သင်္ချိုင်းတွင် နေရသောအမျိုး၊ လူသူ ဝေးတဲ့ တောကြိုအုံကြား နေရတဲ့အမျိုး၊ ပင်လယ်ကမ်းပါးနဲ့ ကွင်းပြင်မှာ နေရတဲ့အမျိုး၊ ဘုရားတရားသံကို မကြားချင်မကြားနိုင်တဲ့အမျိုး၊ ဘုရား တရားသံကိုကြားချင်နာချင်သောအမျိုး စသည်တွေပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန့် စိတ်ဝင်တစား နားထောင်နေသည့် ကိုဝင်းနိုင်က -

"ဆက်ပါဦး ဆရာရယ် ကျွန်တော်သိချင်တဲ့အပိုင်းကို ရောက်လုပါပြီ"

"ခင်ဗျား သိချင်တဲ့အပိုင်းကို ရောက်ပြီဆိုရင် ခင်ဗျား အဖြစ်အပျက်ကို ပြောပြမှ လိုအပ်သလို ပြောလို့ရမှာပေါ့လေ"

"ဟုတ်ကဲ့ ... ဒီလိုဆိုရင် အိမ်မက်စိမ်းကို သွားလိုက်ကြပြီး စားကြသောက်ကြရင်းနဲ့ ပြောပြပါ့မယ်၊ စားရင်းသောက်ရင်း ပြောကြတာပေါ့၊ ဆရာတို့အတွက်လည်း ဇာတ်လမ်းတစ်ပုဒ် ဖြစ်နိုင်ကောင်းပါရဲ့"

စိတ်ကူးသစ်စာပေထုတ်ဝေသူဦးတင်ထွန်းက လုပ်ငန်း မအားသဖြင့် မလိုက်နိုင်၊ သို့သော် ကျွန်တော့်လွယ်အိတ်အတွင်း ပိုက်ဆံများ ထိုးထည့်ပေးလိုက်သည်၊ ဘယ်၍ဘယ်မျှတော့ဖြင့်မသိ ကျွန်တော်တို့ စားသောက်ဆိုင်ထွက်မည်အလုပ် -

"ညီမ ငွေဇင်သက် - ကားမောင်းပြီး ပြန်တော့နော်၊ ဆရာကြီးတွေ ခေည့်ခံပြီး(taxi)နဲ့ ပြန်ခဲ့မယ်၊ သွားနှင့်တော့ကြားလား"

ငွေဇင်သက်ဆိုသည့်ကလေးမက ကျွန်တော်တို့အား စားသောက်ဆိုင်ရှိရာဆီကို လိုက်ပို့ပြီး ပြန်သွားခဲ့ပေပြီ၊ ဆိုင်ပေါ်အရောက်စားပွဲတွင် လိုအပ်သည့်အစားအစာတို့ကို မှာကြားလိုက်ပြီး မောင်ဝင်းနိုင်က -

"ခုပြောမယ့်ကိစ္စက ကျွန်တော်တို့ချင်း ပြောမှဖြစ်မယ့်ကိစ္စပါ၊ ဒီကိစ္စကို ညီမလေး မသိဘူးလေ၊ သူသိရင် မီးလောင်မယ့်ကိစ္စမို့ပါပဲ... စားလိုက်သောက်လိုက်ကြပါဦး"

ကျွန်တော်တို့ မှာယူထားသည့် အစားအသောက်များကို စားသောက်နေကြရင်း သူ့အဖြစ်အပျက်ကလေးကို ကျွန်တော်တို့ (၃)ဦးအား ပြောပြတော့သည်၊ သူ ပြောပြသည့် ဇာတ်လမ်းကို စာရေးသူအနေနှင့် ပြန်လည်ရေးသားဖော်ပြ ဖောက်သည်ချလိုက်ပါသည်၊

— ✧ —

ရှစ်ခွင်တိုင်းအုံ့မှိုင်းရီဝေနေပေမယ့် ရာသီက နွေအကုန်မိုးအကူးကိုရောက်နေပြီပဲလေ၊ သို့အတွက်အမိတက္ကသိုလ်စိန်ပန်းပင်ကြီးထက်ပွင့်ဖတ်ရွက်ကြွေတွေက ကြွေကျ မြေခနေကြလေရဲ့၊ သို့သော်လည်း ရွက်ဝါတွေ



ကို ခြွေချထားပြီးဖြစ်တဲ့အတွက် ရွက်သစ်တွေ ဝေနေသည့်အတွက် မှိုင်းရောင် တောက်ပနေကြတယ်လေ၊

တစ်ကယ်တော့ ကျွန်တော်နဲ့ငယ်ကျွမ်းဆွေ "ခင်အုန်းမြင့်" တို့ လူငယ်သဘာဝ ချစ်ခဲ့ကြပြီး ငယ်ကျွမ်းဆွေအဖြစ် ဘဝကို ဖြတ်သန်းခဲ့သည်မှာ ဆယ်ကျော်သက်အရွယ်မှ ဖြစ်ခဲ့ကြသည်၊

သူမနှင့်ကျွန်တော်တို့ဘဝကငယ်ချစ်ဆွေများဖြစ်ခဲ့သော်လည်းအလှမ်းဝေးသည်၊ သူမဘဝက ဖခင်ဆရာဝန်ကြီး ဦးမြတ်မင်း မိခင် ရန်ကုန်ဆေးရုံကြီး (ဓာတ်ခွဲခန်း) ဆရာဝန်ဒေါ်ထွန်းအိန္ဒာ" တို့၏ တစ်ဦးတည်းသောသမီးလေးပင်၊ သူတို့နေထိုင်ရာက ကြည့်မြင်တိုင် ပိတောက်ပင်လမ်း၊

ကျွန်တော်က လွတ်လပ်ရေးမရမီ ရောင်စုံသူပုန်တို့ဒဏ်ကို မခံနိုင်သဖြင့် ဧရာဝတီတိုင်း ငသိုင်းချောင်း "လေးမျက်နှာ" မြို့ကို စွန့်ခွာ ထွက်ပြေးခဲ့သည့် အစ်ကိုကြီး ဦးစိုးမြင့် (ရာဇဝတ်အုပ် ကြည့်မြင်တိုင်ရဲစခန်း) ယခင်အခေါ် အိုးဘိုဂိတ်အတွင်းနေထိုင်ရင်း ဘားဂရာ (ယခင်အခေါ်) ဦးပန်ကျော်ကျောင်း) မူလတန်းကျောင်းတွင် တက်ရောက်ပညာသင်ကြား နေကြသူများပင်၊

လူငယ်တို့သဘာဝခင်မင်ရင်းနှီးခဲ့ကြရင်းသံယောဇဉ်နှောင်ဖွဲ့ကြတယ်လေ၊ ဒါပေမဲ့ ကျွန်တော်တို့နှစ်ဦး လူနေမှုဘဝ အဆင့်အတန်းကကွာတော့ သူမိဘတွေ ရိပ်မိသွားတဲ့ အချိန်မှာ လမ်းခွဲဖို့အရေးကို ကြိုးစားကြတော့တာပါပဲ၊ ပထမဦးဆုံး သူမကို ကျောင်းပြောင်းပစ်လိုက်ရာက စခဲ့တာပါပဲ၊ နောက်တစ်မျိုးက သူမကို အိမ်ကလူကြီးတစ်ယောက်ယောက်နဲ့တွဲပြီး ကားနဲ့အကြိုအပို့လုပ်ခဲ့တယ်လေ၊ ဒီတော့ ကျွန်တော်တို့နှစ်ဦးကို တဖြည်းဖြည်းအနေဝေးအောင် လုပ်ကြတာပါပဲ၊ ဒီလိုနေခဲ့ကြရင်း ကာလများစွာ ကုန်ဆုံးလို့ သူမသတင်းကို သတင်းစာထဲမှာ တွေ့လိုက်ရတာက ရန်ကုန်တက္ကသိုလ်မှာ ကထိကဘဝနဲ့ ဆရာဝန်တစ်ဦးနဲ့ လက်ဆက်လိုက်တဲ့ သတင်းကို ဖတ်လိုက်ရတာပါပဲ၊ ကျွန်တော်လည်း အဲဒီနောက်ပိုင်း (၁၀)တန်းအောင်ပြီး သူမရှိနေတဲ့တက္ကသိုလ်ကို မတက်ချင်တော့တာနဲ့လုပ်ငန်းခွင် ဝင်ခဲ့ပြီးပါသနာအရလုပ်ငန်းအားတဲ့အချိန်သေနတ်ဆွဲကိုင်ပြီး မုဆိုးဘဝနဲ့ နစ်မြုပ်လိုက်တော့တာပါပဲလေ၊



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုနေခဲ့ရင်း ဌာနတူလုပ်နေတဲ့ ဦးစီးအရာရှိမလေး "နန္ဒာမိုး"နဲ့ အကြောင်းပါခဲ့တယ်၊ သမီးတစ်ယောက်သားတစ်ယောက် မွေးဖွားပြီး ဇနီးဖြစ်သူက လေဖြတ်ပြီး ရှစ်နှစ်လောက် ရောဂါကိုခံစားရင်း ဆုံးပါးသွားခဲ့တယ်၊ ကျွန်တော့်မှာကလေးနှစ်ယောက်ပဲ အဖတ်တင် ကျန်ခဲ့တာပါပဲ၊ ကလေးနှစ်ယောက်ကလည်း ပလူမွေးပလူကောင်ကလေးတွေဆိုတော့ သူတို့ကျန်းမာရေး ပညာရေး၊ စားဝတ်နေရင်းက အစစအရာရာဒုက္ခရောက် ကြွေးပတ်လည်ဝိုင်းတော့တာပါပဲ၊

နောက်ဆုံးအိမ်ကိုရောင်းမြို့သစ်မှာ အိမ်ကလေးတစ်လုံးဝယ်ပြီး နေဖို့ ဆုံးဖြတ်ချက်ချလိုက်တာနဲ့အတူ ရွှေပြည်သာမြို့သစ်မှာ ခုနေတဲ့အိမ်ကလေးကို ဝယ်လိုက်တာပါပဲ၊ ကျွန်တော့်ဇာတ်လမ်းက အဲဒီအချိန်စတယ်လို့ပဲ ပြောရမှာပါပဲ၊

တစ်နေ့ ကျွန်တော်တို့မိသားစုရွှေပြည်သာမှာ ဝယ်ထားတဲ့အိမ်ကို ပြောင်းကြတဲ့နေ့မှာပဲ ပစ္စည်းတွေကိုသယ်ပိုး နေရာချနေစဉ် -

"အဖေကြီး ... ဧည့်သည်လာတယ်"

အိမ်အောက်မှ လှမ်းပြောလိုက်သည့်အသံကိုကြားလိုက်ရသည်၊ စိတ်ထဲတွင်လည်း အတော်ပင် အံ့ဩသွားမိတယ်၊ ဘာကြောင့်လဲဆိုတော့ ဒီရပ်ကွက်ကို အိမ်ဝယ်ပြီး မိသားစုနဲ့ ပြောင်းလာခဲ့ပေမယ့် အသိအကျွမ်း မရှိသေးသော ကျွန်တော့်ထံ ဧည့်သည်ရောက်လာခြင်းအတွက်ကြောင့်ပင် အိမ်အောက်ထပ်ကို ဆင်းလာပြီး ဧည့်သည်ဖြစ်သူကိုကြည့်လိုက်တော့ တအံ့တဩ ဖြစ်သွားမိသည်နှင့်အတူ နှုတ်ကလည်း -

"ဟင် ... မခင်အုန်းမြင့် - ခင်ဗျား မခင်အုန်းမြင့်မှုလား"

မထင်မှတ်ပါဘယ်လိုမှလည်းမထင်မှတ်ထားခဲ့ပါ၊ တအံ့တဩနှင့် သူမကို ကြည့်လိုက်မိသည်၊ ဆံပင်အုံကကောင်းကောင်း အသားကစပ်ညိုညို ရုပ်ရည်က ကပြားရုပ်၊ အဝတ်အစားက အပေါ်အောက်ပါတိတ်၊ အရိုးအစား ကျနပြီး ယခုထက်တိုင် လုံးကြီးပေါက်လှ၊ အော် - သူလည်း တစ်ချိန်က အလှဘုရင်မတစ်ပါးပေဘဲလေဟု တွေးလိုက်ရင်း ကုလားထိုင်ကို ချပေးပြီး အထိုင်ခိုင်းလိုက်စဉ် -



"အံ့ဩသွားသလား ... ကျွန်မကို တွေ့လိုက်တော့လေ"

"ဟုတ်ပါတယ် - မခင်အုန်းမြင့် အမှန်ပါပဲ"

"လာနှုတ်ဆက်ရုံ သက်သက်ပါ၊ ကျွန်မနေတာ ခေါင်းရင်းဘက်က အိမ်မှာပါ၊ နောက်မှတွေ့ပြီး စကားပြောကြတာပေါ့နော်၊ သွားလိုက်ဦးမယ်"

သမီးဖြစ်သူက ခင်အုန်းမြင့်နှင့်ကျွန်တော့်ဆက်ဆံရေးကိုမသင်္ကာဖွယ် အကြည့်မျိုး အကဲခတ် ကြည့်ရှုနေသည်မို့ ကျွန်တော်က သမီးနှင့်သားတို့အား -

"သမီးကြီးနဲ့ သားတို့ရေ ဒီအန်တီနာမည်က ဒေါ်ခင်အုန်းမြင့်တဲ့ အဖေကြီးနဲ့ ငယ်ငယ်က ကျောင်းနေဘက်ပေါ့ကွယ်၊ တက္ကသိုလ်က တစ်ယောက်ပေါ့၊ မှတ်ထား နှုတ်ဆက်နော်၊ ဆရာမကလည်း သားတွေ သမီးတွေကို ဆုံးမပါ၊ ခေါင်းရင်းအိမ်မှာ နေတယ်လေ"

"ဟုတ်ကဲ့ပါအန်တီ ... လာလည်ပါနော် - သမီးတို့လည်း အန်တီဆီ လာခဲ့ပါ့မယ်"

နှုတ်ဆက်ကာ ပြန်လည် ထွက်ခွာသွားသည်၊ အမှန်တော့ သူမနှင့် ကျွန်တော် ပြန်လည်ဆုံစည်းမှုက ပေ (၄၀ - ၆၀) မြေတစ်ကွက်အတွင်း အိမ်ခြံအမှတ်မှာ ကျွန်တော်က (က/၁၈၉) ဖြစ်သလို သူမက (ခ/၁၈၉) ထူးဆန်းလွန်း တိုက်ဆိုင်လွန်းလှပေသည်၊

ထို့ထက်ပိုထူးဆန်းသည်က သူမတွင်ကလေးနှစ်ယောက်ရှိနေသလို ကျွန်တော့်တွင်လည်းကလေးနှစ်ယောက်ရှိပြီးသူမကလည်းမုဆိုးမဖြစ်သလို ကျွန်တော်ကလည်း မုဆိုးဖို ဖြစ်နေကြပြီး လက်မလွှတ်ကြသေးသည့် ကျောင်းသား၊ ကျောင်းသူများ ဖြစ်နေကြခြင်းပင်၊ သို့အတွက် နေ့ခင်းပိုင်း ကလေးတွေ ကျောင်းတက်နေကြချိန်၊ သူမရော ကျွန်တော်ပါအိမ်တွင် ရှိနေကြခြင်းပင်၊

တစ်နေ့ -

သူမ ကျွန်တော့်အိမ်ဘက်ကို ကူးလာပြီး စကားပြောကြရင်း သူမ အကြောင်းကို သိလိုက်ရတာက လွန်ခဲ့သည့် (၃) နှစ်ခန့်က ခင်ပွန်းဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com

ဆုံးပါးသွားခဲ့ပြီးအမွေကိုစွလုကြရင်း ရရှိလိုက်သည့် ပိုင်ဆိုင်မှုများနှင့်အတူ ထိုအိမ်ကိုဝယ်လိုက်ပြီး ကလေးနှစ်ဦးနှင့် ပြောင်းရွှေ့လာခဲ့ကြောင်း သိလိုက်ရပေသည်။ သို့ဆိုလျှင် သူမကလည်း မုဆိုးမဖြစ်သလို ကျွန်တော်ကလည်း မုဆိုးဖိုဖြစ်၊ ငယ်ချစ်ဦးတွေလည်း ဖြစ်ခဲ့ကြတော့ အတိတ်ဆိုတာကို ဖြတ်တောက်မပစ်နိုင်ကြတဲ့ ကျွန်တော်တို့နှစ်ယောက်အတွက် ကျိတ်ပုံးဘဝကို လိုလိုလားလားနဲ့နှစ်ဦး သဘောတူ ရောက်ရှိသွားကြတာပါဘဲလေ။

ပြောရရင်တော့ ကျွန်တော်ကလည်းကြောင်ခံတွင်းပျက်၊ သူမကလည်း ဇက်ရက်တောင်ပံကျိုး၊ ငယ်ရွယ်နနယ်စဉ် (၁၄ နှစ် ၁၅)နှစ်အရွယ် ခုလိုအချိန်မှာအချိန် ခပ်ကြာကြာဘဝကိုဖြတ်သန်းခဲ့ကြရပေမယ့်တစ်ဦးနဲ့တစ်ဦး စိုးမိုးခဲ့ကြရတဲ့ ပုံရိပ်ကလေးတွေက စိုးမိုးနေကြတာကို သူမမျက်ဝန်းမှာ ကျွန်တော် တွေ့နေရသလို ကျွန်တော့်မျက်ဝန်းမှာလည်း သူတွေ့နေရတယ်နဲ့ တူပါတယ်။

အဲဒီရဲ့နောက်ပိုင်း သူမနဲ့ ကျွန်တော်အိမ်ချင်းကပ်ပြီး ပြတင်းတံခါးကို ဖွင့်လိုက်တာနဲ့ ပတ်ဝန်းကျင်မသိအောင် လှူပ်ရှားလို့ရကြတော့ ကလေးတွေ ကျောင်းပိတ်ရက်မှတစ်ပါး ကျန်တဲ့ရက်တွေမှာ –

"အေးသာရေ"

"ဟေ"

"ကောက်ရိုးပုံဟော့"

"အေး"

အဲဒီဝတ္ထုအတိုင်း တွေ့နေကြတော့တာပါပဲ၊ ကလေးတွေကတော့ ဘယ်သိကြပ့ါမလဲ။ ကျွန်တော်တို့တွေကလည်း ဟန်ဆောင်ကောင်းနေကြတာကိုး။ ဝန်းကျင်ကလည်း မရိပ်မိကြဘူးလေ။ မရိပ်မိဆို ဘေးပြတင်းပေါက်က သူ့အိမ်ကိုယ်သွားလိုက် ကိုယ့်အိမ် သူ လာလိုက်ကိုးဗျ။ ဘယ်သတိထားမိကြမှာလဲ ..."

ကာလအားဖြင့် (၉)လကျော်ကျော်ရောက်လာတော့ ကျွန်တော်မတွေးစဖူး အတွေးကို တွေးလာမိတယ်ဗျ။ အဲဒါ ဘာလဲဆိုတော့ "အချစ်" ဆိုတဲ့ အတွေးကိုပဲ"



သူမကော ကျွန်တော်ပါ အိမ်ထောင်ကျပြီး ကလေး(၂)ယောက်စီရကာ ဆယ္တသိုလ်တက်နေကြတဲ့ သားသမီးရွယ်တွေရောက်နေကြပါလျက် အချစ်ဆိုတဲ့ အရာကို ယခုမှ စတင်တာကို ကျွန်တော် ခံစားလိုက်ရသလို သူလည်း ခုမှ ခံစားရဟန်တူတယ်ဆိုတဲ့ အချက်ပါပဲ။ အချစ်ဆိုတဲ့အရာကို လူသားတိုင်း ခံစားချက် ကွာချင်ကွာပေမယ့် ကျွန်တော်တို့နှစ်ဦးစလုံးအတွက်တော့ အချစ်ဆိုတာကို ခုမှ တွေ့ကြတယ်ဆိုတာ ပြောပြရင်လည်း ယုံမှာ မဟုတ်ဘူး။ ကျွန်တော်တို့နှစ်ဦး ရူးနေကြတယ် ပြောရင်လည်း ဘယ်သူမှ ယုံကြမှာ မဟုတ်ဘူး၊ ဖြစ်နေကြတာကတော့ အမှန်ပါပဲဆရာ၊

အချစ်နဲ့ ပတ်သက်ပြီး လူတိုင်းက အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြသလို၊ ကိုယ့်ဘဝအနေအထားနဲ့ ပုံစံအမျိုးမျိုး ခံစားဟတ်ကြပါတယ်၊ ဒါကြောင့် အချစ်ဆိုတာ ရူးသွပ်ခြင်းတစ်မျိုး ဆိုတာကိုတော့ ဘယ်သူမှ ငြင်းလို့ရကြမယ် မဟုတ်ပါဘူး။ မသိနားမလည်ကြသေးတဲ့ ငယ်ရွယ်သူတွေကတော့ အချစ်ဆိုတဲ့အရာကို အဓိပ္ပာယ်အမျိုးမျိုးနဲ့ ဖွင့်ဆိုကြပြီး ပုံစံအမျိုးမျိုးနဲ့ ခံစားကြမှာပါ။ ကျွန်တော်လည်း ဒီလိုပဲ ခံစားမိတဲ့ အတွေးရှိခဲ့ပါတယ်၊ ခံစားမိခဲ့ပါတယ်၊

ဒါပေမဲ့ ခုလို အသက်ကလေး ရလာတော့မှ ပြန်စဉ်းစားမိတာက ငယ်တဲ့အခါပဲ ဖြစ်ဖြစ်၊ ခုလိုကြီးတဲ့အခါပဲဖြစ်ဖြစ်၊ ချစ်မိပြီဆိုရင်တော့ ပူလောင်ရတာချည်းပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ "အချစ်" ဆိုတဲ့ ချစ်ခြင်း၏ နောက်ကွယ်မှာ လိုချင်တက်မက်တဲ့တဏှာဆိုတာ ပါနေကြတဲ့အတွက်ကြောင့်လို့ ဆိုရပေမယ်၊

ကျွန်တော့်အဖြစ်ကိုပဲကြည့်၊ နှစ်ဦးစလုံးအရွယ်တွေဟိုင်းပြီး မဖြစ်နိုင်ကြတော့မှန်းကို သိနေကြပါလျက် ကိုယ်သိပ်ချစ်ခဲ့ရတဲ့ ကိုယ့်ချစ်သူ (ငယ်ရည်းစား)ထာဝရ ပျော်ရွှင်ကြည်နူးနေတာကို တွေ့ချင်မြင်လိုမှု၊ ကိုယ့်ချစ်သူရဲ့ ကြင်နာယုယစွာ ပြောဆို နေထိုင်ဆက်ဆံနေလိုမှုကို ထာဝရ လိုချင်လာခဲ့ပါတယ်။ အဲဒီလို နေထိုင်လို့ရအောင်လည်း ကလေးတွေ မသိအောင် နှစ်ဦးသားပုံစံအမျိုးမျိုးနဲ့ ဖန်တီး ကြံဆလာခဲ့ကြပါတယ်၊ ရအောင်လည်း လုပ်ယူခဲ့ကြပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဆရာကြီးတို့ကို အဓိက တင်ပြလိုတဲ့အချက်ကို ရောက်ပါပြီ။ အဓိကတင်ပြလိုသည့်ပုဂ္ဂိုလ်များဖြစ်သည့် မုဆိုးစာရေးဆရာကြီးနဲ့ ဂမ္ဘီရစာရေးဆရာကြီးတို့ကို တင်ပြခွင့်ကြုံလို့လည်း အလွန်ဝမ်းသာမိပါတယ်။ နှစ်ဦးလုံးနဲ့လည်း သက်ဆိုင်နေပါတယ်လေ။

ကျွန်တော်တို့ချစ်သူနှစ်ဦး ခုလို အခြေအနေမျိုးနဲ့ကာလအတန်ကြာအောင်ကလေးတွေ မသိအောင်၊ ဝန်းကျင်မရိပ်မိအောင် ဖြတ်သန်းလာခဲ့ကြရင်းက တစ်နေ့တော့ နှစ်ဦး သဘောတူ တိုင်ပင်ကြတယ်။ အပြင်မှာ လွတ်လွတ်လပ်လပ် တွေ့ကြရန် ကိစ္စပေါ့။ အနည်းဆုံး တစ်ပတ်ဆယ်ရက်လောက်စီပေါ့။

ခင်အုန်းမြင့်ကကျိုက်လတ်က သူ့ယောက္ခမဆုံးလို့ မသွားမဖြစ်သွားရမယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ကျွန်တော်က ဘိုကလေးမြို့ဟိုမှာဘက်၊ ပင်လယ်ငါးဖမ်းသမားတွေ နေထိုင်ကြတဲ့အရှေ့ဖျား ရွာကလေးဆီ၀တ္ထုတစ်ပုဒ် ရေးရန် ကုန်ကြမ်းရှာဖို့အကြောင်းပြချက်နဲ့ ထွက်ခဲ့ကြတယ်။ တစ်ကယ်တော့နှစ်ဦးသား တစ်နေရာမှာ ဆုံတွေ့ကြပြီးပန်းတောင်းကုန်းဆိုတဲ့ ပဲခူးရိုးမအစပ် ရွာကလေးတစ်ရွာမှာ စတည်းချကြတာပါပဲ။

ပန်းတောင်းကုန်းဆိုတဲ့ဖောင်ကြီးဗဟိုဝန်ထမ်းကျောင်းရဲ့နောက်ကျောဝါးကောက်တောကြီးအစမှာ ရှိနေတဲ့ ရွာကလေးတစ်ရွာပါ။ ရန်ကုန်ကလည်းကူး၊ အဲဒီကမှ (၁၈)မိုင်လောက်သွားလိုက်ရင် ရောက်တဲ့နေရာပါ။ အိမ်ခြေက (၅၀)လောက်ဘဲ ရှိမယ်။ ရိုးမကြီးအစပိုင်းဆိုတော့ ကိုယ့်စိတ်ကြိုက် အိမ်ဆောက်နေကြတယ်။ အလုပ်အကိုင်က တောထဲဝင်ပြီး သစ်ခုတ်၊ ဝါးခုတ်၊ ကြိတ်နွယ်နဲ့တောင်ထန်း၊ ဓနိ၊ ကိုင်းတော(ထမဖိုင်း)ခုတ်ကြသလို မီးသွေးဖုတ်ကြတဲ့အပြင် မုဆိုးလုပ်ငန်းနဲ့ အသက်မွေးနေတဲ့ မုဆိုး "ခင်ဆိုင်" ရှိနေတော့ သူ့တဲရှိရာကို ဦးတည်သွားကြတာပေါ့။

ကျွန်တော်က အဲဒီပန်းတောကုန်းဆိုတဲ့ ရွာကလေးကို မိတ်ဆွေမုဆိုးတွေနဲ့ အကြိမ်ကြိမ် ရောက်ခဲ့ဖူးပြီး ရွာခံမုဆိုးနဲ့လည်း အလွန်ရင်းနှီးခဲ့တာကိုး။ နောက်တစ်ချက်က သူတို့ခြံထဲမှာ ကျွန်တော်တို့သွားလေတိုင်းစတည်းချနေထိုင်ကြတဲ့တဲကလေးတစ်လုံးအပိုရှိနေတယ်လေ။ တိုတိုပဲပြောကြပါစို့။ ကျွန်တော်တို့ (၂)ဦး အဲဒီကိုရောက်ပြီး လက်ဆောင်ပစ္စည်းတွေပေးပြီးနေတာကတော့ အဲဒီတဲမှာ နေကြမယ်။ ဒါမှ လွတ်လပ်မယ်ဆိုတဲ့အတွေးနဲ့ပေါ့လေ။

ယခင်အချိန်က အမဲပစ်ကြတဲ့အဖွဲ့တွေနဲ့ လိုက်ခဲ့တဲ့အချိန်က အဲဒီတဲကလေးမှာ ကျွန်တော်တို့စခန်း (အထိုင်ချ)ပြီးပစ်ခတ်လို့ရရှိတဲ့သားကောင်တွေကို အရည်ချ၊ ခုတ်ထစ်ပိုင်းဖြတ်၊ ကြော်လှော်ချက်ပြုတ်စားကြ၊ သောက်ကြ၊ ယောက်ျားတွေချည်းဆိုတော့ လွတ်လွတ်လပ်လပ် ပြောကြဆိုကြ၊ သောက်ကြ၊ စားကြနဲ့တဝါးဝါး တဟားဟား ပျော်ကြ ကဲကြတဲ့နေရာလေးပါ။ တဲခေါင်းရင်းမှာ မယ်ဇလင်ပင် (မဥ္ဇူသက နတ်ပန်းပင်ကြီး) တစ်ပင်ရှိသလို တဲခြေရင်းမှာလည်း ရေတွင်းတစ်တွင်းရှိတယ်။ ဝန်းကျင်မှာတော့ ချုံခတ် ဝါးရုံတောများ ပိုင်းရံထားတာကြောင့် ကျေးငှက်သာရကာတို့အော်မည်သံ၊ ချေဟောက်သံ၊ ဆတ်တစ်သံ၊ အခြားသားကောင်ငယ်တို့အော်မြည်ဟစ်ကြွေးသံမှတစ်ပါး အခြား အန္တရာယ်မရှိ၊ အလွန်အေးချမ်းတဲ့နေရာလေးမှီ အနားယူကြမယ်ဆိုတဲ့သဘောနဲ့ ရွေးချယ်လိုက်တာပါပဲ။

ပြောရရင်တော့ အဲဒီညမှာပဲ ကျွန်တော်တို့နှစ်ယောက်စိတ်ဆင်းရဲမှုတွေနဲ့ စတင်ကြုံတွေ့ရတော့တာပဲ။ နှစ်ဦးသားသူတို့အိမ်မှာ ညနေစာစားလိုက်ကြပြီးတဲဆီသွားကာနေရာယူအိပ်စက်လိုက်ကြတယ်။ ပင်ပန်းလို့လားတော့ဖြင့် မသိဘူး။ စောစောပဲ အိပ်ပျော်သွားကြတယ်။ သူမကို ရင်ခွင်တွင်းစက်ပြီး အိပ်လိုက်သည်ဆိုရုံနှင့် အိပ်ပျော်ခြင်းကလည်း နှစ်ဦးလုံး ကပ်ပါသွားကြတယ်။ ပြီးတော့နှစ်ဦးလုံး လောကကြီးနဲ့ဧဝ္တာအဆက်ပြတ်သွားကြချိန် အဲဒီအချိန်မှာ ကျွန်တော် အိပ်မက်တစ်ခုကို မြင်မက်တာပါဘဲ။

— ✧ —

အိပ်မက်ထဲမှာ ကျွန်တော်တို့နှစ်ယောက်အိပ်နေတဲ့ ခေါင်းရင်းဘက်မှာ မျက်နှာလုံးလုံး အလွန်အကြည့်ရမျက်နှာပေါက်ဆိုးပြီး အရပ်ရှည်ရှည် လည်တတုံး၊ ပုဆိုးကွက်တုံးကို ဝတ်ထားပြီး နတ်ခမ်းမွေး၊ ပါးသိုင်းမွေး ထူလပျစ်နဲ့ လူကြီးတစ်ဦးက မုဆိုးထိုင် ထိုင်ရင်း ကျွန်တော်တို့နှစ်ဦးကို ငုံ့ကြည့်လျက် ခေါင်းတညိတ်ညိတ် လုပ်ရင်း ပြုံးကြည့်နေသည်ကို မြင်မက်နေစဉ် –





www.burmeseclassic.com

www.burmeseclassic.com

"ဒုန်း... ရှုလွှမ် ... ဝုန်း"

တဲခြေရင်း မီးဖိုချောင်ဘက်အိုးခွက်များ တင်ထားရာဆီမှ အိုးခွက်များနှင့် ပန်းကန်များ အောက်ကိုပြုတ်ကျပြီး ထွက်လာသည့်အသံများကို ကြားလိုက်ရသဖြင့် နှစ်ဦးလုံး အိပ်ရာမှ လန့်နိုးကာ ခေါင်းတွင် အသင့်ချထားသည့်လက်နှိပ်မီးကိုကောက်ကိုင်လိုက်ပြီးမီးထိုးကာအလင်းတိုင်ကိုမီးထွန်းလိုက်သလို အသံကြားရာဆီသို့မီးထိုးကြည့်လိုက်ရာ ဘာမှ ထူးခြားသည်ကို မတွေ့ရ၊ အိုးခွက်ပန်းကန်များကလည်း နေရာမပျက်၊ မူလထားသည့် အတိုင်း ပုံစံမပျက်။ သို့ဆိုလျှင် ထိုအသံက ပြတ်ပြတ်ထင်ထင် နှစ်ဦးလုံး ကြားလိုက်ပါလျက် ဘယ်ကလာသည်ကို သိလိုသဖြင့် ဝန်းကျင်အနှံ့ တဲအတွင်း မီးထိုးရှာပြန်တော့လည်း ဘာကိုမှ မမြင်ရသဖြင့် သူမအနီး အိပ်ရာဘက်ကိုပြန်လာတော့ –

"ကိုယ် ... ဘာဖြစ်တာလဲဟင်၊ ကြောင်တွေကြောင့်လား ကြောက်စရာ ကောင်းတဲ့ အိပ်မက်ကို မက်နေရင်း ဒီအသံကြောင့် လန့်နိုးသွားလို့ တော်ပါ သေးရဲ့"

"အေးကွ ... ကိုယ်လည်း အဲဒီလို ထင်မိတာပဲ၊ ဒါပေမဲ့ – မီးနဲ့ထိုးရှာကြည့်တော့လည်းအိုးတွေခွက်တွေက သူ့နေရာနဲ့သူရှိနေကြတယ်။အံ့တော့ အံ့သြစရာပဲ၊ ဒါနဲ့မင်းအိပ်မက်က ဘယ်လို မက်တာလဲဟင် – ပြောစမ်း ပါဦး"

ကျွန်တော် မေးလိုက်သည့်အတွက် သူမအိပ်မက်အကြောင်းကို ပြောပြနေသည်က ကျွန်တော် မက်သည့်အိပ်မက်အတိုင်း ထပ်တူ ဖြစ်နေသည်၊ ထူးခြားမှုတစ်ခုခု ဖြစ်နေပြီကို ရိပ်မိလိုက်သော ကျွန်တော်က သူမ ကြောက်သွားမည်စိုးသည့်အတွက် ကျွန်တော့်အိပ်မက်အကြောင်းကိုတော့ ပြောမပြလိုက်တော့။

သူမကား ကျွန်တော့်ကို ပြောပြနေရင်း ကြောက်စိတ်များ ဝင်နေဟန်ထင့်။ ဖော့ချွေးများပြန်နေသည့်ဟန်၊ သို့အတွက်မစိုးရိမ်ရန်အတွက်အားပေးစကားပြောကာ ပြန်လည် အိပ်ရန် စောင်ကို ခြုံလွှားပေးပြီး နေလိုက်စဉ် –

"ဗွမ်း .... ဗွမ်း ... ဗွမ်း"



နာရီဝက်သာသာခန့် အိပ်ပျော်မည့်အချိန် ထိုအသံကြီးကို ထပ်မံကြားလိုက်ရပြန်သည်။ အသံကို နားထောင်ခြင်းအားဖြင့် ခြေရင်းဘက် ရေတွင်းထဲကိုကျောက်ခဲတုံးကြီးများကို ဆက်တိုက် ပစ်ချနေသည့်အသံမျိုး ဖယောင်းတိုင်မီးရောင်ကြောင့် သူမကို ကြောက်စိတ်ပြေစေရန် ထွေးပွေ့ ခေါင်းရင်းမှ လက်နှိပ်ဓာတ်မီးကိုယူပြီး တဲလားတံခါးကိုဖွင့်ကာ အမှောင်တွင်း လိုက်လံ မီးထိုး ရှာဖွေ ကြည့်မိပြန်သည်။ ထူးခြားမှုကို မတွေ့ရသော်လည်း ရေတွင်းထဲသို့ ကျောက်ခဲတုံးကြီး ပစ်ချလိုက်သံကို ကြားလိုက်ရပြန်သဖြင့် ရေတွင်းရှိရာဘက်ကို ပြေးလွှားသွားလိုက်ပြီး မီးထိုး ရှာဖွေကြည့်ပြန် သည်။ထူးခြားမှုကို မတွေ့ရပြန်သဖြင့် ရေတွင်းထဲသို့ မီးထိုးကြည့်လိုက် ရာ ရေပြင်က လှုပ်ရှားမှု ဘောင်ဘင်ခတ်သည်ကိုလည်း မတွေ့ရ၊ မကြာ ခင်တာမှ ရေတွင်းထဲ ခဲလုံးပစ်ချလိုက်သံ ကြားလိုက်ရသော်လည်း ငြိမ်သက် ပြီး သူနှင့်မဆိုင်သလိုမျိုး ငြိမ်သက်တည်ငြိမ်စွာနှင့်။

ဝန်းကျင်အနှံ့ မီးကို လိုက်လံထိုးကြည့်ရှာဖွေသော်လည်း ဘာကိုမှ မတွေ့ရ။ ပုစဉ်းရင်ကွဲအုပ်အော်သံတို့မှလွဲပြီး အရာအားလုံးက ငြိမ်သက် သွက်။ ကျွန်တော့်အတွေးတွင် တစ်ခုခုတော့ တစ်ခုခုဘဲ၊ ဘယ်လိုတစ်ခုခု ဆိုသည်ကို အဖြေရှာလို့မရ၊ ငယ်ချစ်မောင်းကလည်း သံသယ ရှိတာကို ရှင်းပြောလိုက်လျှင် ကြောက်မည်စိုးသဖြင့် ဖွင့်မပြောရဲသေး။

အခြေအနေ ငြိမ်သက်သွားပြီမို့ တဲပေါ်ကို ပြန်တက်ကာ ဖြစ်နိုင်ချေ ရှိသည်တို့ကို တောင်စဉ်ရေမရ လိုက်လံစဉ်းစား တွေးတောနေစဉ် –

"ကိုယ် .... သရဲများ ခြောက်နေတာလားဟင်"

ခင်အုန်းမြင့်က မေးလာသည့်အတွက် ကျွန်တော်က –

"ကိုယ်တို့အဖွဲ့ ဒီရွာကို အမဲပစ်လာလေတိုင်း ဒီတဲမှာ အိပ်ကြတာ အကြိမ်ကြိမ်ပါပဲ၊ ဒီလိုတစ်ခါမှ မဖြစ်ပါဘူး။ ပြောသံလည်း မကြားမိပါဘူး။ စိတ်ချလက်ချ အိပ်ပါကွာ"

ပြောပြောဆိုဆိုနှင့်ကျောပိုးအိတ်အတွင်းမှ နိုင်းအမ်အမ်ပစ္စတိုသေနတ် ကလေးကိုထုတ်၊ မောင်းတင်လျက် လက်နှိပ်ဓာတ်မီးနှင့် ယှဉ်တွဲချထား လိုက်ပြီး သူမကို စောင်ခြုံပေးကာ ရင်ခွင်အတွင်း ထွေးပွေ့ပြီး အိပ်နိုင်းလိုက် နေသည်။ လက်မှ နာရီကို ကြည့်လိုက်ရာ (၁၂)နာရီပင် ကျော်ခဲ့ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နာရီခန့် ကြာသည်အထိ ထူးခြားမှု ရှိမလာသဖြင့် မေးခဲ
အိပ်ပျော်သွားကြစဉ် -

"ကိုယ် ... ကိုယ် ... ထပါဦး"

သူမက လှုပ်နိုးနေသဖြင့် ကျွန်တော်က အိပ်ချင်မူးတူးနဲ့ -

"ဟင် ... မြင့် ဘာဖြစ်လို့တုံး"

"ဘာနံ့ကြီးလည်း မသိဘူး၊ ကိုယ်အနံ့မရဘူးလား၊ လူသေကောင် ပုပ်နံ့ကြီး"

အိပ်ရာမှကြုံးထလိုက်ပြီး သူမ ပြောသည့်အတိုင်း အနံ့ခံကာ သတိထား ရှူကြည့်လိုက်တော့ ဆိုးဆိုးဝါးဝါး ပုပ်အဲ့အဲ့ အနံ့ကြီးကို ရှူမိလိုက်မိ သည်က အမှန်၊ သို့အတွက် သေနတ်နှင့်လက်နှိပ်ဓာတ်မီးကို ကောက်ကိုင် လိုက်ပြီး -

"သေချာပြီ မြင့်ရေ ... ကိုယ်တို့တော့ဒီတဲမှာ အခြောက်ခံနေရပြီကွ မကြောက်နဲ့ ကိုယ်တစ်ယောက်လုံး မင်းနဲ့အတူရှိနေတာဘဲ"

သူမကို အားပေးစကား ပြောလိုက်ရသော်လည်း ကျွန်တော်ကိုယ်တိုင် က တုန်တုန်ရီရီ အထစ်အငေါ့တို့နှင့်၊ ထိုစဉ် -

"အော့ - ဝေါ့"

ဆိုးဝါးပြင်းထန်သည့် ပုပ်အဲ့အဲ့အနံ့ကြီးကြောင့် သူမထိုးအန်လိုက် သလို ကျွန်တော်လည်း ထိုးအန်နေမိသည်၊ ထိုစဉ် တဲခေါင်းရင်းရှိ ထီးထီး မားမားကြီးပေါက်နေသည့် မယ်ဇယ်ပင် (မဥ္ဇူသကနတ်ပန်းပင်)ကြီးမှာ လေပြင်းတိုက်ခံရသည့်နှယ် သစ်ရွက်၊ သစ်ခက်၊ သစ်ကိုင်းများ လှုပ်ခတ်သံ များ ကြားလာရပြန်သည်၊ ခင်အုန်းမြင့်မှာ အန်နေသည့်ကြားမှ ကြောက် ရှာလွန်း၍ ကျွန်တော့်ကို ကြုံးဖက်နေပြန်သည်၊ သူမကို ပွေ့ဖက်ထား ပေးရင်း ပြတင်းပေါက်မှတစ်ဆင့် ဝန်းကျင်ကို မီးထိုးကြည့်လိုက်ရာ အခြားသောအပင်များမှာ နှင်းရည်ကို သောက်သုံးပြီး ငြိမ်သက်ငိုက်မြည်း နေသည်ကို တွေ့လိုက်ရပြီး တဲခေါင်းရင်းရှိ ထိုအပင်ကြီးတစ်ပင်ထဲသာ လေမတိုးပါဘဲ လေပြင်းတိုက်ခံရသည့်နှယ် ကြောက်မက်ဖွယ်ယိမ်းထိုး လှုပ်ရှားပြီး "တဝေါဝေါ တဖျောဖျော ဖြစ်နေသည်ကို မီးရောင်အောက်တွင် ထူးထူးခြားခြား တွေ့မြင်နေရသည်၊



ထိုအချိန် စောစောက ပုပ်အဲ့အဲ့အနံ့ဆိုးကြီးကို မရတော့သည့်အတွက် တော်သေးသည်၊ လက်ရှိတောခြောက်ခံနေရသည့် အနေအထားကို ည်ကဲ့သို့ဖြတ်ကျော်နိုင်ရေးအတွက် လျှပ်တစ်ပြက် ခေါင်းထဲ စဉ်းစားလိုက် သဖြင့် အကောင်အထည်ဖော်ရန် ဆုံးဖြတ်ချက် ချလိုက်သည်နှင့်အတူ လက်ထဲတွင် ကိုင်ထားသည့် ပစ္စတိုကိုပြတင်းပေါက်မှ "ခင်ဆိုင်" တို့ နေသည့် တဲဘက်ကို ထောင်ကာ အချက်ပေးလိုက်သည်၊

"ဖောင်း ... ဖောင်း .... ဖောင်း"

သေနတ်သံနှင့်အတူသူ မွေးထားသည့် အမဲလိုက်ခွေးက ဟောင်သံ ပေးကာ ပြေးချလာသည်၊ အတန်ကြာတော့ လက်နှိပ်မီးတဝင်းဝင်းနှင့် မုဆိုး ခင်ဆိုင် ရောက်ရှိလာပေသည်၊ လက်မှ နာရီကို ကြည့်လိုက်တော့ (၄)နာရီ ခင် ခွဲပေပြီ၊

အိပ်ရာသိမ်းကာ ကျွန်တော်တို့နှစ်ဦးမုဆိုးနေထိုင်ရာအိမ်ကိုပြန်လိုက် လာပြီး ညက တွေ့ကြုံရသည့် ဖြစ်ရပ်ကို ပြောပြလိုက်တော့ ရွာခံမုဆိုး ခင်ဆိုင်က -

"ကျွန်တော် ဒီမှာ နေခဲ့တာ ကြာပြီဘဲ၊ ခုလို အဖြစ်မျိုးမကြားခဲ့မိဘူး၊ ဆရာတို့အဖွဲ့တွေ လာကြတိုင်းလည်း အဲဒီတဲမှာ အိပ်ကြ၊ စားကြ၊ သောက်ကြ တာဘာဘဲ၊ ဘယ်တုံးက ဖြစ်ဖူးလို့လည်း ခုလိုမျိုး"

ဟုတ်တော့လည်း ဟုတ်သည်၊ သည်နေရာသို့ ကျွန်တော်တို့ အခေါက် ခေါင်းများစွာ ရောက်ခဲ့သည်၊ ယခုလို တစ်ခါဖူးမှ မဖြစ်ခဲ့ကြသည်က အမှန်၊ သို့အတွက် ကျွန်တော်တို့နှစ်ဦး ထိုညမှစပြီး သူတို့နှင့်ပင် အိပ်ခဲ့ကြရာ (၄) ရက်မြောက်သောနေ့တွင် "ခင်ဆိုင်" အိပ်မက် မက်ပြန်သည်၊ သူ ပြောစကား အရ ကျွန်တော်တို့နှစ်ဦး မြင်မက်ခဲ့သည့်လူကြီး သူ့ဆီကိုလာပြီး ပြောတာ တ -

"ငါ မယ်ဇယ်ပင်ကြီးမှာ နေထိုင်တဲ့ ပုဂ္ဂိုလ်ဘဲကွ၊ မင်းတို့တွေ စားကြ၊ သောက်ကြဆဲကြ၊ ဆိုကြတာကို ငါမပြောလိုပေမယ့် ခုလို မိန်းမနဲ့ယောကျ်ား လာပြီး အိမ်ရာထူထောင်တာမျိုးကို ငါ လုံးဝ မကြိုက်ဘူး၊ ငါ သိပ်စိတ်ဆိုး တယ်၊ ဒါကြောင့် ကြက်ဖိုကြက်မ၊ အရက်၊ လက်ဖက်အလင်းတိုင်၊ အမွှေး



www.burmeseclassic.com

www.burmeseclassic.com

တိုင်နဲ့ တင်ပြီး အမြန်ဆုံး တောင်းပန်ကြ၊ မတောင်းပန်ရင် ငါ့ကို အဆိုးမဆ် နဲ့" တဲ့လေ၊

မုဆိုးခင်ဆိုင်က ခင်အုန်းမြင့်မသိအောင် ကျွန်တော့်ကို ရှာထဲခေါ်သွား ရင်း သူ့အိပ်မက်အကြောင်းကိုဖွင့်ပြောရှာသည်၊ ဟုတ်မှန်နေသည့်အတွက် ငွေထုတ်ပေးလိုက်ပြီး လိုအပ်သည်များကိုဝယ်ကာ ကျွန်တော်တို့ (၂)ဦးသား သူ့မိသားစုကိုပင် အသိမပေးဘဲ ညနေပိုင်း တင်မြှောက်ပသကာ တောင်းပန် ပွဲကလေး လုပ်ခဲ့ရတဲ့အဖြစ်ရယ်၊ နေရာတိုင်းမှာမြင်အပ်မမြင်အပ်ပုဂ္ဂိုလ်တွေ ရှိနေတာကို ယုံမှားသံသယ ဖြစ်နေတာကို အသိပေး ဆွေးနွေးချင်လို့၊ ခုလို ကျွန်တော့် ဖြစ်ရပ်မှန်ကို တင်ပြ ဆွေးနွေးချင်လို့ ခုလို ကျွန်တော့ဖြစ်ရပ်မှန် ကို တင်ပြဆွေးနွေးချင်လို့ ခုလို လာခဲ့ခြင်း ဖြစ်ပါတယ်၊

သူ့စကားကို အဆုံးသတ်လိုက်ရင်းက -


"အဲဒါ ဘယ်လိုများ ဖြစ်နိုင်မလဲ ဆရာတို့ရယ် သိချင်လို့ပါ"

သူ့အမေးကြောင့် ဆရာဦးညီမွှိုင်း (သန်လျင်) က -

"လူ့ဘဝနဲ့ ဆက်စပ်နေတာတွေကို ပြောခဲ့ပြီးပြီပဲဗျာ၊ စဉ်းစားကြည့် ပေါ့၊ သူ့အသိုင်းအဝိုင်းမှာ အိမ်ရာထောင်မိတဲ့ကိစ္စကို မကြိုက်တဲ့သူဆိုတာ ဘာဖြစ်နိုင်မလဲဆိုတာကို တော်သေးတာက ခုလို တောင်းပန်ရုံနဲ့ ကျေနပ် လို့ပေါ့၊ မကျေနပ်ရင် တစ်ခုခု မလုပ်လိုက်တာကိုဘဲ ကျေးဇူးတင်ရဦးမယ်၊ ကျွန်တော့်အထင် မဏ္ဍူသကနတ်ပန်းပင်အစောင့်အရှောက် ရုက္ခစိုး ဖြစ်ဖို့ များပါတယ်လေ"

ဝိုင်းသိမ်းတော့ ည (၉)နာရီပင် ထိုးပေပြီ၊ ကျွန်တော့်တို့လည်း တက္ကစီ ငှားကာ အိမ်ထိ လိုက်ပို့သဖြင့် ပြန်ရောက်ခဲ့ကြပေတော့သည်၊ ဆန်းကြယ် နက်နဲ ရှုပ်ထွေးသော လူ့ဘုံလောကပါတကား…၊

>> လေးမောင်



www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာတောလား

ဇေယျမင်းသျှင်

"မော် ဆရာတစ်ယောက် - အခု မနက်ပဲ ဆေးရုံ တိုက်မှာ ဆုံးသွားပြီတဲ့ဆရာရေ့..."

"ဟေ - ဟုတ်ရဲ့လား - ကံလှရာ"

စကားအဖြစ်မို့သာ မေးလိုက်ရခြင်း ဖြစ်သည်။ "မော်ဆရာ"ဟု ကျွန်တော်တို့က နှုတ်စွဲနှုတ်မြဲနေကြသည့် ဝိဇ္ဇာသောင်းတစ်ယောက် တရှောင်ရှောင်နှင့် ဆေးရုံတိုက်ရောက်ခဲ့ရာမှ အတော်ဖြစ်နေပြီဟု ကြားနေမိခဲ့သည်မှာ ကြာလေလှပြီ။ နံ့ကျောက်နံ့ကျောက်ဖြင့် နေ့သေမလို၊ ညသေမလို အခြေအနေ အတော်ဆိုးနေပြီဟု သတင်းသဲ့သဲ့ ကြားနေခဲ့ရသည်လည်း ခဏခဏ။

သို့နှင့်တိုင် - သူ့ကို တကူးတက သွားမတွေ့ဖြစ်ခဲ့။

မတွေ့ဖြစ်ဆို သူရောက်နေသည်က ပြစ်ဒဏ်တိုက် (Punishment cell)ထဲမှာ အလုံပိတ် ပြစ်ဒဏ်ခံနေရပေသည်ကိုး ...။ ကျောက်ကြီးတို့၊ နွားကြီး နွားလေးတို့၊ ခေါ်တောတို့ လူသိုက်တွေ တိုက်ကို မြေအောက်သိုက်တူး၍ထွက်ပြေးကြဖို့ လှုပ်ရှားကြရာမှာ အခါတော်ပေးမိ၍တဲ့။ ပဲလှော်ကြား ဆားညှပ်လေသလား၊ ဇရှတ်သီးနှင့် ပေါင်းမိ၍ပင် ရောအထောင်းခံရသည့် ကြက်သွန်ဖြစ်ရှာလေသလားမသိ။

"မော်ဆရာတစ်ယောက် တိုက်ထဲ ရောက်သွားပြီ" ပဲ ကြားလိုက်ရ၏။ ဆရာမပြဿနာပုံကြီးထဲ လုံးချာပတ်လည်လိုက်နေရှာပြီပဲ သိလိုက်ရသည်။ သည်အချိန်မျိုးမှာ သူနှင့် ခပ်ကင်းကင်းနေလိုက်ခြင်းသည်သာ အကောင်းဆုံးပဲဟု တွေးလျက် တမင်နေခဲ့လိုက်ခြင်းလည်း ဖြစ်သည်။

"အင်းပါလေ - မော်ဆရာလို လူမျိုးဟာ အလကားနေရင်းကတောင် သူများတစ်တွေ မနေချင်ကြတဲ့ ကြိုးတိုက်အခန်းလွတ်ထဲကို တမင်တောင်းပြီး နေခဲ့ဖူးသေးတဲ့ မောင်ပဲ။ ကိစ္စဝိစ္စတွေ အေးသွားမှ သွားတွေ့လိုက်တာပဲ ကောင်းမယ် ထင်ပါရဲ့"

စိတ်ထဲ၌ သည်သို့သာ ပေါ့ပေါ့တွေးထားမိခဲ့၏။ နောက်၊ နိစ္စဓူဝ ထောင်သံသရာမှာ ဖင်လှည့် ခေါင်းလှည့်ဖြင့် လုံးလည်ချပ်ပြားလိုက်ရင်း မော်ဆရာကို မေ့သွားခဲ့မိရပြန်သည်။

ယခုဖြင့်မှ သူ့ခမျာ သေရှာပြီတဲ့။

လန့်ပြီး တစ်ကိုယ်လုံး ဖြန်းခနဲ ဖြစ်သွားလိုက်ချင်သေးသည်။

"ကျုပ် ကံလမ်းက ပြတ်နေပြီ - ဆရာရဲ့၊ ဒီအထဲမှာတင် ကိစ္စငြိမ်းမှာ။ အဲဒါကတော့ သေချာတယ်။ မြေကြီးလက်ခတ်မလွဲပဲ" ဟု ကံသေ ကံမကျိန်းသေကြီး သူ့ကြမ္မာသူ ဖတ်ခဲ့ဖူးသေး၏။ ကဲ - ယခုဖြင့် သူပြောသည့်အတိုင်းချည့်ပါပဲကလား။

ခြော် - မော်ဆရာ၊ မော်ဆရာ...။ သတိရ,ရမိသေးတော့သည်။

— ☯ —





www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်ကိုတိုက်ထဲမှာပဲ ထားပေးပါ - ထောင်မှူးကြီး၊ ဒီအတိုင်းအတိုင်း အိတ်ထောင်မှာ ဆက်နေဖို့ ဘယ်လိုမှ မဖြစ်လို့ပါ၊ ရှိကြီးခိုးပါရဲ့ ကျုပ်ကို ကြိုးတိုက်ခန်းအလွတ်တစ်ခုခုထဲမှာပဲ ထားထားပေးပါ"

ရော - ခက်ပဲ ခက်ရချည့်၊ ထောင်ဆိုသည့်အရပ်မျိုး၌ မကြုံဖူး မကြားဖူးသည့် မှုခင်း ထွေလာဆန်းဆန်းကလေးများနှင့် စုတင်ခု ပက်ပင်းခလုတ် တိုက်မိလေ့ရှိတတ်ပြားသော်လည်း ယခုလိုပုံနှယ် ကိုယ့်ဘာသာကိုယ် ဖွတ်အတင်း နသားပါရ တိုက်ထဲလိုမ့်ပို့ချင်နေသည့် ဒုံးပေကျွဲရေ ပေတီပေစုတ် လူ့ဖောက်တီဖောက်ထိုးမျိုးကိုကား မမြင်ဘူးခဲ့ရိုးအမှန်၊

ဘယ့်နှယ်ခင်ဗျာ၊ "ဟော့ - မိုက်တဲ့ကောင် လက်ညှိုးထောင်၊ ထောင့်အပြင်တန်း မရှိဘူးဟော့" ဆိုသည့် အာပေါင်အာရင်းသန်ချင်တတ်သည့် လူမိုက်ပဂေးကြီးများပင်၊ ထောင်ထဲသို့ ဒုတ်ဒုတ်ထိရောက်ခဲ့လျှင် အလျား (၁၂)ပေ၊ အနံ (၈)ပေ၊ အမြင့် (၁၃)ပေ အုတ်တံတိုင်းလေးဖက်ကာ အခန်းကျဉ်းကျုတ်ကျုတ် မှောင်မည်းမည်းလေးထဲမှာ နေ့နေ့ညည နိစ္စဓူဝ ဖင်မလှည့်သာ ခေါင်းမလှည့်သာ နေရ၊ ထမင်းစားတော့လည်း သည်နေရာ၊ အိပ်တော့လည်း သည်ကြမ်းပြင်၊ မတ်တတ်ရပ်လည်း သည်အခန်း၊ ကျောခင်းမည် ကြံပြန်တော့လည်း သည်မှာပဲ၊ (မရှိသေ့စကား ခင်ဗျာ) ချေးယိုတော့လည်း သည်မှာ၊ သေးပေါက်တော့လည်း ထိုနည်းလည်းကောင်း နိစ္စဘတ် လုံးလည်ချပ်ပြားလိုက်နေသည့် တိုက်ခန်း (cell) များကို လက်တွေ့မျက်တွေ့မြင်ရပြီဆိုပါက သေးတွေ၊ ချေးတွေ ဖြန်းဖြန်းကျဲ ထွက်ကျမလောက် ကြောက်ဒူးတုန်တတ်ကြရမြဲ၊

သွားလေသူ ကျေးဇူးရှင် အင်္ဂလိပ်မင်းအစိုးရက နွားမရှုပိတ် ထိုးကြိတ်၍ အခမွှ အမွှေပေးပစ်ခဲ့သည့် ထောင်တည်းဟူသော နှိပ်ကွပ်ရေးယန္တရားကြီးမှာ အနီ နာခေါင်းပေါက်မျှလောက်သာ ကျယ်သည့် တိုက်ခန်းကလေးများကား အရေးပါပါအသုံးတော်ခံခဲ့ကြဖူး၏၊ သေဒဏ် အကျဉ်းသားများကို ထားသည့် ရင်ကွဲတိုက် (Ordinary Cell)၊ အခြားအကျဉ်းသား၊ အချုပ်သားများနှင့် သီးသန့်ခွဲ၍ ချုပ်နှောင်ထိန်းသိမ်းထားရမည့်ပုဂ္ဂိုလ်များချည်း ဖြန်းရသည့် သီးခြားတိုက် (Separate Cell)၊ ထောင်အတွင်း ရောက်သည့်တိုင် မိုက်ဖာတ် မသိမ်းသေးဘဲ ချိုကလေး တမြမြနှင့် နောက်ထပ်ထောင်တွင်းပြစ်မှုများ ကျူးလွန်တတ်လွန်းသည့် ဆိုးပေ မိုက်ခဲကြီးများအတွက်ကျကျနနကြီးစည့်ဝတ်ကျေပေသည့်အလုံတိုက် (Solitary Cell) ခေါ်ပြစ်ဒဏ်တိုက် (Punishment Cell)၊ အနာကြီးရောဂါသည်အကျဉ်းသားများနှင့် နစ်ကြီးသမားလူနာများကိုထားသည့်ဆေးရုံတိုက် (Hospital Cell) စသည် - စသည် တိုက်အမျိုးအစား အဖုံဖုံသည် မိုးကို ဒူးနှင့် တက်တိုက်မည့် ယောက်ျားဘသား လူဆိုးလူပေ၊ လူတေလူရှုတ်ကြီးများကို ချေချွတ်ဆုံးမအံ့သောငှာ အဆင်သင့် စောင့်နေကြကုန်၏၊

ထောင်ကြီးထဲက ထောင်ကလေး၊ အဲ ... အဝင်အထွက် သံတံခါးတစ်ပေါက်မှလွဲ၍ လောကဝန်းကျင်နှင့် လုံးလုံးအဆက်ပြတ်ရာအရပ်ဒေသ၊ သုတ်စွအဆုံး - မျက်စိတစ်ကမ်း လက်တစ်လှမ်းမှ နေနှင့်လ၊ နေရောင်၊ လရောင်များကိုပင်လျှင် မြင်သာ မြင်ရ၊ မကြင်ရသည့်ဘဝမျိုးမို့ "တိုက် ... ဟော့" ဆိုသည်နှင့် ချေးချမ်းအောင် ကြောက်ဒူးတုန်လိုက်ရသည်ဖြစ်ခြင်း၊

ယခုမူ၊ ထောင်မှူးကြီး ကျွန်တော့်ရှေ့မှောက်၌ သူ့ကိုယ်ကိုသူ ကြိုးသမားနှားသာ ထားရသည့် ကြိုးတိုက်အခန်းလွတ်ထဲမှာ သူ့ကို ထားပါချည်း နားပူနားဆာတိုက်နေသူသည် အဘယ်သို့သော သူကောင့်သားပေနည်း၊

"နော - ဆရာ - နော"

အမယ်မင်း၊ မောင်မင်းကြီးသားက ထပ်တွန့်၍ လောဆော်နေလိုက်ချေသေး၊

အသက်က လေးဆယ်သာသာ၊ လူပုံက ပိန်ချောင်ချောင်၊ ကုန်းကိုင်းကိုင်း၊ ကြောင်တစ်ကောင်၏ မျက်လုံးများလို စူးစူးတောက်တောက်၊ တစ်ခါတစ်ခါ ကြောင်တောင်တောင်၊ နက်မှောင်သော မျက်ဝန်းထဲမှာ သူငယ်အိမ်သည် ပေါ်လိုက် ပျောက်လိုက်၊ တည်တည်တင်းတင်းကြည့်ချင်သည့်အခါ ကြည့်တတ်သည်၊ ရံဖန်ရံခါ မျက်ကြောတွေ သေနေသည့်နှယ်၊ ကလည်

www.burmeseclassic.com

ဘာလဲ လုပ်ချင်လုပ်နေတတ်သည်။ သို့တိုင်၊ သူ့အကြည့်တွေမှာ မာန်ဝင်လွန်းလှ၏။ သူတစ်ပါး၏စိတ်ကို ကယောင်ချောက်ချားဖြစ်အောင် လုပ်တတ်လွန်းလှသည်။

သူကား ဝိဇ္ဇာသောင်း (ခ) မှော်ဆရာ (ခ) အရူးသောင်းထွန်းပေတည်း။

သူ့အကြောင်းမသိသူမို့ သူနှင့် တစ်ခဏမျှမတွေ့လိုက်မိပါစေနှင့်၊ စိတ်ရောကိုယ်ပါ လေးလံထိုင်းမှိုင်းလာပြီးလျှင် "စိတ်နဲ့ ငါနဲ့ ညစ်တယ် - ညစ်တယ်"ဖြစ်လာပေလိမ့်။ အာရုံခံစားမှုများ ဖောက်ပြန်ယိုယွင်းသွားပေလိမ့်၊ ဒိဋ္ဌဓမ္မလောကနှင့် လောကဓာတ် သိပ္ပံကိုသာပဲ တမ်းတမ်းစွဲ ဖက်တွယ်ဆုပ်ကိုင်ထားသူများပင်လျှင်လည်း စုန်း၊ ကဝေ၊ တစ္ဆေလောက ဂန္ဓာရီတွေ ကောင်းရှိပေ၏ ဟု ခေါင်းတညိတ်ညိတ် လက်ဖျားတခါခါဖြင့် လက်ခံသွားရချိမ့်။

လိမ်လည်မှု၊ ရာ - ၄၂၀ (ဖိုးတွမ်တီး)နှင့် သာသနာ ညှိုးနွမ်းစေမှု (ရာ - ၂၈၅)တို့ဖြင့် ထောင်နှင့်အိမ်၊ အိမ်နှင့်ထောင် လမ်းသလား ကူးကာလန့်ခတ်နေသော ထောင်လက်ကောက် အကြီးစား သမ္မာရင့်တစ်ဦး ဖြစ်၏တည်း။

"ကဲ - ကျုပ်လူရေ - ကျုပ်လူက ဘာတွေ အရှုံးထ,ပြီး ဘာတွေ အရေးတော် ပေါ်လာလေသလဲ မသိပေတဲ့ ကျုပ်မှာဖြင့် အလုပ်မအားသေးတာတော့ အမှန်ပဲ။ ဒီကနေ့ ပြီးမှဖြစ်မယ့်အလုပ်တွေ တောင်လိုပုံနေတာ။ ပြီးတော့၊ ပြောလိုက်ရဦးမယ်။ ကျုပ်တို့ ထောင်အလုပ်မှာ ထူးခြားတဲ့ သီးသန့်ကိစ္စ မရှိဘဲနဲ့ တိုက်ခန်းနားကို ယောင်လို့တောင် သီချင်း ကပ်ချင်လို့ ကပ်မရနိုင်ဘူးဗျာရဲ့၊ ဒါ - ခင်ဗျားရဲ့အိမ် မဟုတ်ဘူး - ဟုတ်ပြီလား"

စိတ်ပေါက်ပေါက်ဖြင့် အငေါ်တူးမိလိုက်ရတော့သည်။

"ဝိဇ္ဇာသောင်း - ဝိဇ္ဇာသောင်း"နှင့် ထောင်ထဲမှာ နာမည်ကြီးလှပေမယ့်လည်း ယခုမှပဲ နဖူးတွေ့ဒူးတွေ့ကြုံရပေသည်။ တွေ့တွေ့ချင်းမှာပင် "အာဝလူ"ဟု ဩချချင်လာ၏။ သူ့လုပ်ပုံကြီးက ဟုတ်မှမဟုတ်ပဲကိုး။

"အဲဒါက ကလိုရှိပါတယ် - ကျုပ်ဆရာရယ်၊ ကျုပ်ကို တိုက်ခန်းထဲ ထည့်ထားခြင်းအားဖြင့် ထောင်မှူးကြီးတို့ထောင်မှာ အကျိုးယုတ်စရာမရှိပါဘူး။ အဲ - အကျိုးတောင် ရှိချင်ရှိပေလိမ့်ဦးမယ်"



"ရှိ - တယ်ဆိုတဲ့စာပါကလားဗျို့ လင်းပါဦး - ဝိဇ္ဇာသောင်းကြီးရယ်။ ဘယ်လိုအကြောင်းတွေကြောင့်များ ခင်ဗျားကို တိုက်ခန်းထဲ ထည့်ထားခြင်းဟာ ကျေးဇူးကြီးတဲ့ကိစ္စလည်း ဆိုတာကို ..."

"တခြားလူတွေ ကျုပ်နဲ့ မတွေ့ကြရ၊ ကျုပ်ကလည်း သူတို့တွေကို မကြုံကြရတော့ မဖြစ်သင့်တာတွေ မဖြစ်တော့ဘူးပ - ကျုပ်ဆရာရယ်"

"အမယ်မယ် - လာလာချေသေး။ ကိုင်း - တွေ့တော့ ဘာဖြစ်တုံး၊ မတွေ့တော့ရော ဘာဖြစ်တုံး - ကဲ"

"အဲ - အဲဒါက ဟိုသင်းလေ - အဲ - အဲ"

ဝိဇ္ဇာသောင်း တမင်ဝေ့နေသလားမသိ၊ ပြဿနာက လိုရင်းမရောက်ဘဲ တိုင်ပတ်နေသည်၊ သူက သူ့လက်နှစ်ဖက်ကို အချင်းချင်း ဆုပ်ကိုင်၍ လိမ်လျက်ရှိ၏။ အမှတ်မထင် ပြုမိနေခြင်းဖြစ်သော်မှ သူ့လက်တစ်ဖက်ဖက်က အမှတ်တမဲ့ လွတ်ထွက်သွားမည်ကို အရေးတကြီး အာရုံစိုက်ထားသကဲ့သို့ ဖိဖိစီးစီး ရှိလွန်းလှ၏။ ကြားကြားနေရဖူးသည့် မှော်ဆရာ၏ ခပ်ကြောင်ကြောင် စတိုင်ဖြစ်သတဲ့ဗျာတို့ ...။

သူသည် သူ့လက်နှစ်ဖက်ကို အမြဲတမ်း ဂုက်ထားတတ်သည်တဲ့၊ သာမန်လူတို့မှာ တွေ့ရခဲသည့် သူ့အမူအကျင့်မှာ အမြင်ကတ်စရာ ကောင်းလွန်းလောက်အောင်ပင် ထူးလှ၏တဲ့ ...။ သူက သူ့လက်များဖြင့် တစ်ခုခုကို ဆိမိ ကိုင်မိမည်ကို အလွန်စိုးသည်၊ မလွှဲမရှောင်သာ ကိုင်ရ တွယ်ရမည် ဆိုပါကလည်း သူလို ငါလို ဘာသာဘာဝ ကိုင်ပုံ တွယ်ပုံနှင့် လုံးလုံးမတူ၊ သူ့လက်များကို လူမြင် သူမြင်စံ၍ လုစ်မထားဘဲ အင်္ကျီအိတ်ထဲ လက်နှိုက်၍သော်လည်းကောင်း၊ လက်ကို ချိုင်းကြားတွင် ညှပ်၍သော်လည်းကောင်း၊ တစ်ဖက်နှင့်တစ်ဖက် ညှစ်လိမ်ဆုပ်ကိုင်၍လည်းကောင်း ထားလေ့ရှိမြဲ၊ အရိုးပဒေသာ သူ့လက်တို့ကို ဖျတ်ခနဲ ဖျတ်ခနဲ လှုပ်ရှား၍ ရှုတ်ခြည်းပင် နဂိုနေအတိုင်း ပြန်ရောက်သွားတတ်သည် ...တဲ့၊

သူ့လက်တစ်စုံကိုအလိုအလျောက် လွတ်လွတ်လပ်လပ် သည်အတိုင်းတိုင်းထားလျှင်ထိုလက်တို့သည် သူ့ကိုအာဏာဖီဆန်၍မဟုတ်တာ၊ တစ်ခုခု


www.burmeseclassic.com

www.burmeseclassic.com

လုပ်ဖြစ်တော့မည်လိုလို၊ သူ့လက်များကြောင့် ဧရာမ ကြောက်စရာ အမှု အခင်းကြီးတစ်ခုခု ကျူးလွန်မိတော့မယောင်ယောင်၊ သည်အတွက် အစိုးရိမ်ကြီးစွာ သူ့လက်တွေကို ဖွတ်အတင်း သိမ်းထားဝှက်ထားရတော့ သည်သို့ သူလုပ်နေပုံ အကဲပါလှချည့်တဲ့၊ ကြားဖူးနေခဲ့ရသည်၊ ယခုဖြင့်မူ နာမည်ကျော် သင်းကြီး၏စတိုင် မလိုင်ကို ပက်ပင်းတွေ့နေရပြီ၊

"ကျုပ် – ကျုပ် – သူတို့တွေကို တွေ့နေရရင်၊ မြင်နေရရင် တစ်ခုခုလုပ်မိနေလိမ့်မယ်၊ မလုပ်ဘဲလည်း ဘယ်လိုမှ မနေနိုင်ဘူး၊ ကျုပ်စိတ်ကို ကျုပ် အစိုးမရဘူး၊ ချုပ်တည်းထိန်းသိမ်းလို့ မရဘူး၊ ပြီးတော့၊ ဒီထောင်အထဲမှာ တွေ့သမျှ ငတိတွေ၊ ငနဲတွေ မှန်သမျှကလည်း စိတ်အစံအား ဝေလ်ပါဝါ (Will power) ပိတ်ပိတ်သား ခန်းခြောက်နေတဲ့ သတ္တဝါတွေချည်း၊ အဲဒီတော့ ကျုပ် အစွမ်းပြချင်စရာ သနားစရာတွေချည်း ဖြစ်နေတော့တာကိုး – ဆရာကြီးရဲ့ အဲဒီမှာတင် နေမထိ ထိုင်မသာ ကျုပ်က ကျုပ်ရဲ့ ပါဝါတွေကို ထုတ်သုံးလိုက်မိကရော၊ ကံနည်းကံမွဲ ရှာတဲ့ ဖွတ်လချီးတွေခမျာမှာ တောဖြစ်တောင်ဖြစ်တွေ လျှောက်ဖြစ်ကုန်ကြရော၊ ဆရာကြီးတို့ ထောင်မှာလည်း အမှုတွေ ဗရမ္ပတိကုန်ကရော၊ ကဲ ... မခက်ပေဘူးလား၊ အဲသာကြောင့် ... အဲသာကြောင့်၊

ဝိဇ္ဇာသောင်းက ရှပ်တည်ကြီးနှင့် ဆက်လိမ့်နေသည်၊

သူ့အကြောင်း ထွေလီကာလီတွေကို ကျွန်တော် ကြားထားဖူးပြီးဖြစ်သည်၊ တစ်ခုခုလုပ်စရာရှိလျှင် သူ့လက်ကို ဖျတ်ခနဲ ရုတ်တရက်ထုတ်၍ တရစပ်ဇယ်ဆက်သလို လုပ်သည်၊ တွေဝေတုံ့ဆိုင်းမနေ၊ သူလုပ်ချင်ရာရာ အလုပ်မှတစ်ပါး သူ့လက်တွေကို လျှောက်မလုပ်မိစေရန် တိတိကျကျ ထိန်းချုပ်ထားပုံရသည်၊ သူ့ဩဇာ၊ သူ့အာဏာကို သူ့လက်တွေက ဗီဆန်မှာ စိုးပုံရသည်၊ ကိုင်စရာရှိလျှင် ဖျတ်ခနဲ ကိုင်လိုက်သည်၊ ထိုးစရာရှိလျှင်လည်း ဆိုးခနဲ ဆတ်ခနဲ ထိုးလိုက်သည်၊ ဘာလုပ်လုပ် သုတ်သီးသုတ်ပျာ၊ ၎င်းရဲ့ပြာလူ၊ သည်လိုလူစားမျိုး၏ပါးစပ်က တခြားတစ်ပါးသော ထောင်သူထောင်သားတွေကို သူ့လက်ဖျားအား သူစေစားပိုင်စိုးလေသည်မျိုး လွှမ်းမိုးချုပ်ကိုင်၍ပဲ ရလေဟန် လေသံပစ်လာသဖြင့် နားဝင်ခက်လှ၏၊



သို့ပင်ဖြစ်လည်း သည်လူကြီးကို လွှတ်စိတ်ဝင်စားသွားမိသည်၊

"နို့ – နေစမ်းပါဦး – ကျုပ်လူရဲ့ အဲသလိုမျိုးတွေ ဖြစ်ရလောက်အောင် ကျုပ်လူက ဘာမို့လို့လဲ၊ ဘာတွေများ ဒီလောက်ထူးနေသေးလို့လဲ – ကဲ"

"ခက်တယ် – ဆရာကြီး ပြောရမှာ သိပ်ခက်တယ်၊ ကိုယ့်အကြောင်း ကိုယ်ပြောပြီး "ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော်" လုပ်ရမယ့်ဟာက သိပ်ကြောင်တာပဲ"

သူကပဲ တစ်ပြန်စီး၊ ညည်းပြောကလေး ပြောနေလိုက်ချေသေးသည်၊ "အာဂလူပဲ"၊

"ဒီလိုရှိတယ် – ထောင်မှူးကြီး၊ ကျုပ်မှာ တန်ခိုးရှိတယ်၊ ဣဒ္ဓိပါဒ် ရှိတယ်၊ ကျုပ်ဝမ်းထဲမှာ အရာရာကို ဆွဲဆောင်ဆွဲငင်နိုင်တဲ့ သတ္တိထူးတစ်မျိုး ရှိနေတယ်၊ ကျုပ်ဘာသာကျုပ် သိလွန်းလွန်းလို့ပြောနေတာ၊ ကျုပ်ကြောင့် သူတစ်ပါးတွေကို ဒုက္ခမများစေချင်ဘူး၊ အဲဒါ ..."

နတ်ဝင်သည်လိုသူ့တစ်ကိုယ်လုံးတဆိုးဆိုးတဆတ်ဆတ်တုန်နေပြီးသူ့လက်နှစ်ဖက်ကိုလည်း သူ့ခါးပေါ်က ထောင်ပုံစံပုဆိုး ခါးပုံစထဲ ဖွတ်အတင်း ထိုးသွင်းထား၏၊ "ဗုဒ္ဓေါရယ်တဲ့မှ မြတ်စွာ၊ ထူးထွေတည့်အံ့ရာပါကလား၊ အယ့်နယ် လူစင်စစ်က တန်ခိုးဣဒ္ဓိပါဒ်တွေ ဗိုက်တစ်လုံးအပြည့် ဆောင်ထားရတဲ့ အကျဉ်းသားတစ်ယောက်ကို အရှင်လတ်လတ်ကြီး တွေ့နေရပါသိမ့်"ဟု၊ စိတ်တွေပင် အလိုလို ထွေချင်လာ၏၊ "အလုပ်တွေ ဗရမ္ပတိအောင် ရှုပ်နေရသည့်အထဲ သင်းကြီးက တစ်မောင့်"ဟု စလုံးစခု ဘုတုတုကြီး ဖြစ်ချင်လာတော့သည်၊

"ဒီမယ် – ဝိဇ္ဇာသောင်း"

"ဟုတ် – ဆရာ"

"အခု – ဒီအတိုင်း ခင်ဗျားပြောနေပုံအရဆိုရင်ကိုပဲ ခင်ဗျားကို တိုက်ထဲ ပို့ဖို့ လုံလောက်သလောက် ရှိနေပြီဗျို့"

"ခင်ဗျာ – ထောင်မှူးကြီး"



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားမနေနဲ့ – ကိုယ့်လူရေ၊ ခင်ဗျားကို ပို့မယ့်တိုက်က ခင်ဗျားနေချင်တဲ့ကြိုးတိုက်အခန်းလွတ်တော့ဖြင့် မဟုတ်ဘူး၊ ဆေးရုံတိုက် – ဆေးရုံတိုက်ကို ပို့ရမှာ – ဟုတ်ပလား"

"ဟာဗျာ – ဘယ်လိုကြောင့်"

"ခင်ဗျားမှာ ရူပါ ပါဝါတွေနဲ့ ပြည့်ပြီး ဝေါက်နေပြီလား၊ ဝေါက်မနေသေးဘူးလားဆိုတာ သိရအောင်ဟာ ဆေးစစ်မို့လို့ဗျို့ – ဆေးစစ်ဖို့၊ ကိုင်း – သိပလား – ကဲ"

"အောင်မလေးဗျာ ..."

ဝိဇ္ဇာသောင်းခမျာ မှန်းချက်နှင့် နမ်းထွက်မကိုက်ခဲ့ပေ၊ ထောင်မှူးကြီးကျွန်တော့်အမိန့်နှင့် ဆေးရုံလက်ပါးတိုက် (Leprocy Cell)၏ ဘေးအစွန်အခန်းလွတ်သို့ ချက်ချင်းလက်ငင်း သီတင်းသုံး စံမြန်းသွားရလေတော့၏၊ သူကား ရောနန္တ ရူပါစွမ်းအားရှင်ကြီးကိုး ခင်ဗျ၊ မော်ဆရာ "ဝိဇ္ဇာသောင်း" မဟုတ်မူဘဲ စိတ္တဇဝေဒနာရှင် အကျဉ်းသားတစ်ဦးဖြစ်နေခဲ့သော် မခက်ပေလား၊

— ☯ —

"ဒီလိုရှိတယ် – ဆရာထောင်မှူးကြီးရဲ့ ညို့မှာတ်ဆိုတာကို ကြားဖူးရဲ့မဟုတ်လား၊ လူမှာ ဆွဲငင်တတ်တဲ့သတ္တိ ရှိတယ်ဆိုတာကိုတော့ ယုံမှာပေါ့နော်၊ စိတ်ရောဂါ အထူးကုဆရာဝန်ကြီးတွေတောင် စိတ်ညို့ပြီး ဆေးကုကြတယ်လေ၊ ဟုတ်တယ်နော်"

"လူတစ်ယောက်က သူ့စိတ်တန်ခိုးနဲ့ အခြားလူတစ်ယောက်ကို စိတ်ညို့အိပ်မွေ့ချပြီး အိပ်ပျော်သွားအောင် လုပ်လိုက်တယ်ဆိုတာဟာ စိတ်အင်အား ပါဝါကြီးတဲ့သူက စိတ်တန်ခိုးအားနည်းတဲ့သူရဲ့စိတ်ကို နိုးယူလိုက်သလိုပဲလေ၊ ဆရာကြီးရဲ့ပိုက်ဆံအိတ်ကို ခါးပိုက်နှိုက်က နှိုက်ယူလိုက်သလိုပဲပေါ့၊ တကယ်တမ်းကတော့ စိတ်ကို နိုးတယ်ဆိုတာ ဝိညာဉ်ကို အပိုင်စီးလိုက်တာပါပဲ၊ သူ့ဘာသာ လုံလုံခြုံခြုံရှိနေတယ်လို့ ထင်ထားတဲ့ သူ့စိတ်ထဲက လျှို့ဝှက်ချက်တွေကို သူမသိအောင် တိတ်တိတ်ကလေး နှိုက်ယူလိုက်တာ



ချင်ပေါ့၊ အဲဒီလို စိတ်တန်ခိုးစွမ်းအားမျိုးများ ရှိခဲ့ရင် ဘယ်လိုနေမလဲ – ကျုပ်ဆရာ၊ နည်းနည်းကလေး တွေးကြည့်စမ်းပါ"

မော်ဆရာကဖြင့် ခပ်တည်တည် ခပ်တင်းတင်း အပီကြီးကို ပြောချနေတော့သည်၊

ဆေးရုံတိုက်ကို ပို့လိုက်ပြီးနောက် စောင့်ကြည့်ကာလ သုံးရက်ထားတာ သူ့ကို စောင့်ကြည့်စေခဲ့သည်၊ စိတ်ရောဂါအထူးကုဆရာဝန်ကြီးဖြင့်လည်း စမ်းသပ်စစ်ဆေးစေခဲ့သည်၊ မည်သို့မျှ မထူးခြား၊ ဝိဇ္ဇာသောင်းသည် သူ့ရောစိတ်ပါ အကောင်းပကတိပဲတဲ့ခင်ဗျ၊ သည်သို့ဆိုလျှင် ...၊

"ထောင်မှူးကြီးရေ – လူတွေရဲ့စိတ် အတွေးထဲမှာကြံနေတွေးနေတတ်တဲ့ မအပ်မရာ အကြံအတွေးတွေကိုများ သူတို့ဝှက်ထားတဲ့အထဲကနေ မရတော့ သိအောင်ကြိုးစားပြီး နှိုက်ထုတ်နိုင်ခဲ့ရင် ဘယ်ကလောက် ကောင်းလိုက်လေမလဲ၊ ကြောက်စရာတွေးလုံးကြီးဆိုပေမယ့် လုံးလုံးကြီးမဖြစ်နိုင်ပါဘူးလို့လည်း မျက်စိမှိတ် မငြင်းရဲဘူးခင်ဗျ၊ စိတ်ရဲ့အကြောင်း၊ စိတ်နဲ့အကြောင်းအကျိုးဆက်နေတဲ့အရာတွေရဲ့အကြောင်းကို ဂယနကာသိခဲ့ရင်၊ အဲ – ပြီးတော့ ကိုယ့်ရဲ့စိတ်စွမ်းအားကို တန်ခိုးအာနိသင်ရှိအောင် တည်ဆောက်ထားနိုင်ရင် ဖြစ်ရမယ်ဗျာ၊ ကိုင်း – ဘယ့်နှယ်လဲ"

ဟုတ်ပါ့မလား – မောင်ကာဠုရဲ့ ဒါ့ထက်တောင် ပိုသေးဆိုသလို ကျနေတော့သည်၊ လိမ်လည်မှု၊ အယောင်ဆောင်မှုတွေ ဗရပွေဖြင့် ထောင်ကို အဟိုဝင်ခလုတ် ထွက်ခလုတ် ပြုနေသည့် ထောင်လက်ကောက်တစ်ဦးထံမှ စိတ်ပညာ လက်ချာကြီးကို နာခံမှတ်သားနေရသည့် ကျွန်တော့်အဖြစ်နယ် ဆိုးပါဘိ၊ ဤလို ထောင်မှူးကြီးမျိုး ရှိနိုင်သေးပါအံ့လော၊ ယုံချင်ယုံ၊ မယုံချင်နေ၊ ထောင်အလုပ်ဆိုသည်မျိုးက ထောင်ကြီးဇရာအတွက် အမှန်တကယ် ဒုက္ခပေးရန် အလားအလာရှိသူ လက်တစ်ဆုပ်စာ လူလွန်မသားတစ်စုအကြောင်းကိုသာ ပိပိပြားပြားသိထားရပြီဆိုလေက ကိစ္စပြီးစတမ်းပေကိုး၊ ကြိတ်လိုက်ဟ – ဝိဇ္ဇာသောင်းကြီးရေ..."

"ကိုယ့်ရဲ့စိတ်စွမ်းအင် ညို့မှာတ်နဲ့ သူတစ်ပါးရဲ့ လျှို့ဝှက်ဝိညာဉ်သိုက်၊ အဲလေ – ဟဒယနလုံးထဲက စိတ်အတွေးတွေကို ဘယ်လို နှိုက်ယူနိုင်

ဘူးသလဲ။ အဲဒီအပိုင်းကျ ခက်တယ်နော့၊ လူ့ရဲ့စိတ်အာရုံငါးပါးဆိုတာဟာ အရမ်းသတယ်အားဖြင့်ဆိုရင်တော့ သိပ်ကို ပျော့ညံ့ နုံနဲ့တဲ့ အသိတစ်မျိုးပဲ။ အဲဒါကိုမှ စေ့စေ့စုံစုံသိအောင် လုပ်မပေးနိုင်ဘူး။ တန်ခိုးအာနိသင်လည်း မရှိဘူး"

"အဲဒါမျိုးက ဆဋ္ဌမအာရုံလို့ခေါ်တဲ့ သဘာဝလွန်စိတ်တန်ခိုး ရှိနေရင် ဖြင့် ရေးတေးတေး နားလည်သလို ရှိမယ်။ စိတ်ကို စိတ်နဲ့ပဲ ဖမ်းနိုင်တယ်။ သူ့စိတ် သူ့အတွေး၊ သူ့အကြံအစည်တွေကို ထိန်းချုပ်စေစားနိုင်တယ်။ သူတစ်ပါးစိတ်အကြံကို ကြိုပြီး သိနိုင်တယ်။ အင်း - ပြောရရင်၊ ကျုပ်မှာ အဲသလို စိတ်တန်ခိုးမျိုး ရှိနေတယ်လို့ ဝန်ခံလိုက်ရတော့မှာပဲ"

ဗုဒ္ဓေါ၊ ပြောရင်း ပြောရင်း ပိုကဲလာ၏။ သူ့မှာ တန်ခိုးတွေတောင် ရနေပတဲ့။ ကြိတ်ဟ။

"အဲသလို တန်ခိုးလိုလို၊ ဘာလိုလိုဟာကြီးကို ရလာခဲ့တာဟာလည်း အတော်တော့ ဆန်းသား။ ကျုပ်လို လူမှန်းသိစ စကားပီ နားကြားကတည်းက နိုး၊ ဆိုး၊ တိုက်၊ လု၊ လိမ် ဆိုတဲ့ ဒုစရိုက်တောထဲမှာ အတောင်အလက်စုံလာခဲ့ရတဲ့ လူတစ်ယောက်ဟာ မဟုတ်မဟတ်တာတွေကလွဲရင် အဖိုးတန်တန် ပညာရယ်လို့ ဘယ်မှာလောက်လောက်လားလား သင်ခဲ့ဖူးခဲ့ရလို့တုန်း။ တကယ့် နလပိန်းတုံးပါ ခင်ဗျာ။ အဲသလိုနဲ့ပဲ ရဲအချုပ်၊ တရားရုံးနဲ့ ထောင်ကို ဝလဲရေးလည်နေခဲ့တာရော။

— ☯ —

"အဲ - တစ်နေ့သားမှာတော့ နလုံးသွေးပျက်စရာကိစ္စကြီးနဲ့ တိုးရော ဆရာကြီးရေ။ ကျုပ်တို့နေတဲ့ အိမ်ကုပ်အိမ်စုတ်ကလေးရဲ့ခေါင်းရင်းက ညောင်ပင်ကြီးကို မိုးကြိုးပစ်ချသလေ။ ဟုတ်တယ် - ဟုတ်တယ်။ ကျုပ်က လေတွေ၊ မိုးတွေ ကြမ်းလှ၊ ရမ်းလှပါသကောရယ်လို့ အိမ်တံစက်မြိတ်ကနေ အပြင်ဘက်ကို ကဲ - အကြည့်မှာ ရုတ်တရက်သားကြီး ပစ်ချလိုက်တာ။ ဘာပြောကောင်းမတုံး - ကျုပ်ဆရာရယ်၊ "ဂျိမ်း - ဒလိန်း - ဒလိန်း" ဆိုတဲ့ လျှပ်စီးမိုးကြိုးသံကြီးကို မကြားလိုက်ရခင် တစ်မိုးလုံး ဖွေးဖြူလင်းတောက်ပြီး ထိန်ထိန်လင်းတဲ့ အလင်းရောင်တန်းကြီးတစ်ခုဟာ ညောင်ပင်ကြီးခွကြားကို စိုက်ခနဲ ထိုးဆင်းသွားတော့တာပဲ။ ညောင်ပင်ကြီးဟာ ဟက်တက်ထက်ခြမ်းကြီးကွဲလို့၊ လောင်မီးကြီးတွေကျပြီး မီးလျှံမီးတောက်တွေ တရဲရဲ၊ မီးခိုးတွေ မှောင်နေတာပဲခင်ဗျ။ ဟုတ်ပ၊ ကျုပ်ဖြစ်ပုံကို ပြောရဦးမယ်။ မိုးကြိုးလျှပ်စီးကြီး "ဂျိမ်း" ခနဲလည်း ပစ်ချလိုက်ကရော၊ ကျုပ်တစ်ကိုယ်လုံး ဖျိုးခနဲ ရှိန်းခနဲ ဓာတ်လိုက်သလိုမျိုးဖြစ်လာသဗျ။ ဆံပင်တွေ၊ မွေးညင်းတွေ ထောင်လို့၊ ကျုပ်ကိုယ်ထဲက အကြောတွေ၊ အရွဲတွေကို တစ်ခုခုနဲ့ ဆုပ်ဆွဲတုပ်နှောင်ထားသလိုမျိုးချည်း။ မွေးညင်းပေါက်၊ ဒွါရပေါက်တွေမှန်သမျှကလည်း မီးခိုးငွေ့တွေလိုမျိုး ခြောင်းခြောင်း ခြောင်းခြောင်းနဲ့ အူထွက်လို့လာတော့တယ်။ နတ်ဝင်သည်လိုပဲ၊ ဒယီးဒယိုင်နဲ့ တုန်နေရောဗျို့။ ကျုပ်မျက်လုံးထဲကိုလည်း မိုးကြိုးလျှပ်စီး အလင်းရောင်တန်းကြီးက တန်းခနဲ တည့်တည့်ကြီးတိုးဝင်သွားလိုက်တာများဟာ ရင်ဘတ်ကြီးထဲအထိ ဒုတ်ဒုတ်ထိရောက်အောင် မှတ်လိုက်ရသာပဲ။ အဲ - ကျုပ်လည်း အဲဒီဒဏ်တွေ မခံနိုင်တော့လို့ တုံးလုံးပက်လက် ဝစ်လဲသွားသဗျ။ ပြန်လည်သတိရလာရော၊ အဲဒီထူးတဲ့ဆန်းတဲ့ ကိစ္စကြီးတွေကို ကြုံရတော့တာပဲ - ဆရာကြီးရေ့၊ အံ့ရော - အံ့ရော။

"ဒီလိုလေ၊ ဘာမှန်းမသိတဲ့ အဲဒီစွမ်းအားတစ်မျိုးကိုစပြီး သိလိုက်ရတာ ကတော့တာ။ ဖွဲခေတ်ဦး စ,ပြီး အစွမ်းသတ္တိပြတာဟာ ကျုပ်ရဲ့လက်ချောင်းတွေ ပဲဗျ။ လက်တွေက စ,ဖြစ်တာ။ ကျုပ်မို့ တစ်ခုခုကို ယူချင်လို့ လက်မဆန့်လိုက်နဲ့၊ အဲဒီပစ္စည်းက သူ့အလိုလို ကျုပ်ဆီကို တရွေ့ရွေ့နဲ့ ကျုပ်နားရောက်တဲ့အထိ ရွေ့လျားလာရော။ သံလိုက်တုံးကို သံမှုန့်တွေ ပြေးကပ်လာသလိုပေါ့။ တစ်ခုခုကို ကိုင်မယ်လို့ လက်မထုတ်လိုက်နဲ့၊ ကိုင်ချင်တဲ့ပစ္စည်းက ကျုပ်လက်ဆီကို အလိုလိုရောက်လာတာ ခင်ဗျား။ ကိုင်း - မဆန်းဘူးလား"

ဆန်းသည်။ အဟုတ်တကယ် ဆန်းပါပေသည်။ နားရှိ၍သာ ကြားလိုက်ရ ဖြစ်နိုင်ဖို့ဖြင့် အလွန်အင်မတန်ဝေးလွန်းသည့်ကိစ္စ။ ဝိဇ္ဇာသောင်းအတည် ပြောနေသလား၊ ကလီကမာ ညာတာပါတေးပဲ လုပ်ပြော,ပြောနေလေသ

www.burmeseclassic.com

လား၊ ပြောပုံ ပြောပေါက်ကဖြင့် အပီကြီး၊ ငြိမ်သည်၊ ပိပိရိရိ သေသေချာချာလည်း ရှိသည်၊ ဘာပဲဖြစ်ဖြစ်၊ ယုံနိုင်ဖို့ကား ခွန်လွန်လွန်း။

“ဟော – ကျုပ်ဆရာ၊ ဖဝေဖဝါကြီး ဖြစ်နေတယ်ပေါ့ – ဟုတ်စ၊ ဝိဇ္ဇာသောင်းတစ်ယောက်တော့ ငါ့ကို နပ်ချနေပြီလို့လည်း စိတ်ထဲက တွေးနေတယ် မဟုတ်လား၊ မငြင်းလိုက်ပါနဲ့လေ၊ ကျုပ်က သူများ ရင်ထဲက စိတ်အကြံကို အလိုလို သိနေပါတယ်ဆို၊ ကိုင်း – ကျုပ်ဆရာရဲ့စိတ်ထဲက သံသရီတွေ ပျောက်သွားရအောင်ဟာ၊ လက်တွေ့ဒက်ထိ လုပ်ကြည့်ကြသေးပေါ့ – နော”

အလိုလေး၊ မြတ်စွာဘုရား၊

ကျွန်တော့်စိတ်ထဲက အတွေးကိုတောင် သင်းကြီးက အတပ်ဟောနေပါကော၊ မှန်သင့်သမျှကလည်း မှန်နေသည်၊

“သင်းကြီး – ဘယ်လိုထွေထွေရာရာ ဝါစာကမာတွေကို ပေါက်တတ်ကရ လုပ်ဦးမလို့ပါလိမ့်”

“ကဲ – ကြည့်နော် – ကျုပ်ဆရာ၊ ဟောဟို – ကျုပ်အခန်းထောင့်မယ် တောက်တိုမည်ရဆေးကလေး ဝါးကလေးတွေ ထည့်ထားတဲ့ ပလတ်စတစ်ဗူးဖြူကလေး ရှိတယ်၊ ဟောဟိုမှာ တွေ့လား၊ အဲ – အဲဒီ ဘူးကလေးကို ကျုပ်က ထိုင်ရာမထဘဲ ကျုပ်ဆီ ရောက်လာအောင် ကျုပ်စိတ်တန်ခိုးနဲ့ပဲ ညို့ပြလိုက်မည်၊ ကြည့်နေ – ကြည့်နေ”

ပြောနေရင်းကပင် သူ့အမူအရာသည် နတ်ဝင်သည်ကဲ့သို့ ဖြစ်လာသည်၊ သူသည် သူမဟုတ်တော့၊ အခြားတစ်ယောက်လို ဖြစ်လာသည်၊ သူ့ရင်ဘတ်တွင် ကပ်၍ဝှက်ထားသော လက်တို့သည် လှစ်ခနဲ ထွက်လာ၏၊ ထိုလက်နှစ်ဖက်မှာ ဓားအိမ်မှ ဆွဲထုတ်လိုက်သော ဓားနှစ်လက်ကဲ့သို့ အမှုမလုပ်ရသေးဘဲနှင့်ပင် ကြောက်မက်ဖွယ်အသွင်ကို ဆောင်နေလေသည်၊

သူက ဆေးပုလင်းကလေးကို တကယ့်အဖိုးထိုက် အဖိုးတန် ရတနာပစ္စည်းကလေးအလား စိန်းစိန်းစားစား စူးစိုက်၍ ကြည့်နေ၏၊ သူ့မျက်လုံးမှ စိမ်းဖန့်ဖန့် လင်းလက်လက် လျှပ်ရောင်တွေ ပြက်နေသလို၊ ဖျပ်ခနဲဖျပ်ခနဲ တောက်နေသလား ထင်ရတယ်၊

ဟောဗျ၊ ဘာမျှသိပ်မကြာလိုက်၊ ပုလင်းကလေးသည် သူ့အတိုင်းတိုင်းထက်မတ်ကလေးရှိနေရာမှ လေမတိုက်၊ ဘာမတိုက်ဘဲ ဖျောက်ခနဲ လဲကျသွား၏၊ ပြီးလျှင်၊ ရှေ့သို့ ဆန့်ထုတ်ထားပြီး လက်ချောင်းကလေးများကို ကွေးညည်၊ ဆန့်ချည်ပြုလျက် စူးစူးပြူးပြူးကြီး စိုက်ကြည့်နေသည့် မော်ဆရာရှိရာဆီတလိမ့်လိမ့်ရွေ့လာတော့သည်၊ လက်ထဲခုန်ဝင်မသွားရုံတစ်မည်လက်တစ်လှမ်းစာအလိုသို့ဒုတ်ဒုတ်ထိရောက်လေမှ ဖျတ်ခနဲ တည့်တည့်ကလေးပြန်ထောင်ပြီး ဘာမျှမဖြစ်ခဲ့သလို ငြိမ်ငြိမ်ကလေး ရှိနေပြန်လေ၏၊

သူ့ရင်ထဲ မည်သို့ရှိလေသည်မသိ၊ ကိုယ်တွေ့မျက်မြင် ကျွန်တော့်အဖို့မှာဖြင့် လောလောလတ်လတ် တစ္ဆေအခြောက်ခံလိုက်ရသကဲ့သို့ လန့်သန့်ဖျပ်ဖျပ် ဖတ်သောဖတ်သပ်ကြီးဖြစ်၍ ရင်ထဲတလှပ်လှပ်တုန်လာတော့သည်၊ မောင်မင်းကြီးသား ဝိဇ္ဇာသောင်းကဖြင့် ပြုံးတုံ့တုံ့ကြီးလုပ်၍ ကျွန်တော့်မျက်နှာကို ဟန်ပါပါကြည့်နေတော့ပြီ၊

“ဗုဒ္ဓေါရေ – ဘာတွေတုံးဟ၊ ငါ့နှယ် အိပ်မက်များ မက်နေလေရော့သလား”

အံ့ဩလွန်းလှ၍ ကိုယ့်အသားကိုကိုယ် တိတ်တိတ်ကလေး ဆွဲဆိတ်ကြည့်မိရသေး၊

“ယုံရခက်နေသေးသလား – ဆရာ၊ အဝိဇ္ဇာဏကဖြစ်တဲ့ သက်မဲ့အရာဝတ္ထုကလေးတွေကို ညို့ရတာများ ဘာဟုတ်သေးတုံး၊ သက်ရှိတိရစ္ဆာန်ကိုတောင် အသာကလေး ညို့ပြလို့ ရသေးတယ်၊ ဆရာ – ကြည့်နေ”

ငတိကြီး ဘာလုပ်ဦးမည်လဲမသိ၊ ရင်တွေ ခုန်လှပြီ၊

ဖလပ် ဖလပ်နှင့် ရှုပ်ပျာရှုပ်ပျာ ပြေးတက်သည့် နီမကလေး၏ခြေသံကိုတိုက်ခန်းအပြင်ဘက်နားဆီက ကြားရသည်၊ နီမသည် ထောင်ဆေးရုံအုပ်ကြီး ဒေါက်တာဦးအေးချို၏ အချစ်တော် ခွေးမကလေး ဖြစ်သည်၊ ဝိဇ္ဇာသောင်းက ခွေးမကလေးကို လေချွန်၍ခေါ်လိုက်၏၊ နီမသည် ဝမ်းပန်းတသာအမြီးတနန့်နန့်ဖြင့် ကျွန်တော်သို့ ရှေ့သို့ ရောက်လာသည်၊





www.burmeseclassic.com

www.burmeseclassic.com

သူကောင့်သားက လျှာကလေးတွဲလွဲချ၍ ဆောင့်ကြောင့်ကလေးထိုင်နေရှာသော ခွေးမကလေးကို စူးစူးဝါးဝါးကြီး စိုက်၍ ကြည့်နေပြန်၏။ ပထမသော် နီမခံမျှာ မနေတတ်၊ မထိုင်တတ် ဖြစ်နေရှာဟန်တူသည်။ သူ့ကို စိမ်းစိမ်းကြည့်နေသည်ကို မခံနိုင်၊ မျက်နှာလွှဲ၍လွှဲ၍နေ၏။ သူ့စိတ်ထဲမှာ ကြောက်ရာလွန်း၍ ဗလောင်ဆူနေသည်ထင်ပါသည်။

ဝိဇ္ဇာသောင်းက သည်မျှနှင့်မရပ်။ စုန်းမကြီး၏လက်ကဲ့သို့ ကြုံလှီပိန်ကပ်နေသည့် အကြောပြိုင်းပြိုင်းထ၊ သူ့လက်ချောင်းများကို ဆတ်ခနဲ ထုတ်လာပြန်သည်။ လက်ချောင်းများကလည်း အငြိမ်မနေ၊ တစ်ခုခုကို ညှို့ယူစုပ်ယူနေသည့်နှယ် ကွေးဟာယ်၊ ဆန့်ဟာယ် တလှုပ်လှုပ် တရွရွ။ လျှပ်ရောင်ဝင်းပြက် စိမ်းဖန့်နေသော သူ့မျက်လုံးများကား နီမကလေး၏ မျက်စိနှစ်လုံးမှ မခွာတမ်း စိုက်ကြည့်နေသည်။

ဟော – ဟော၊ သူ့လက်များဖြင့် ခွေးမကလေး၏ခေါင်းကို သပ်ချလိုက်သည်နှင့် ခွေးမကလေးသည် ရုတ်ခြည်းပင် ကြောက်အားသည်းစွာ ကျယ်ကျယ်လောင်လောင်ကြီး အူလေတော့သည်။ ညဥ့်နက်သန်းခေါင်ကြီးမှာ လန့်စရာတစ်ခုခုကို ရုတ်တရက် တွေ့လိုက်ရသဖြင့် အူလိုက်သကဲ့သို့ပင်၊ သံရှည်ဆွဲ၍ ဆွဲ၍ အူနေလေရာ နားမချမ်းသာစရာကြီး ဖြစ်တော့၏။

ချက်ချင်းပင်၊ ခွေးမကလေးသည် ဦးခေါင်းငိုက်စိုက်ကျလာသည်။ မျက်စိနှစ်လုံးကို ပိတ်၍ အိပ်တော့မည်ကဲ့သို့ ရှိ၏။ နီမကလေးကို မော်ဆရာက အလုံးစုံ ညှို့ငင်နိုင်ခဲ့ပြီ ထင်ပါသည်။

မော်ဆရာ ဝိဇ္ဇာသောင်းသည် သူ့ရွှေသုတ်ပုဝါ မည်းညစ်ညစ်ကလေးကို လုံး၍ ဖျတ်ခနဲ တိုက်ခန်းအပြင် အုတ်လျှောက်လမ်းကလေးဆီ လှမ်းပစ်လိုက်သည်။ (၁၀)ပေ၊ (၁၅)ပေသာသာပဲ ရှိမည်။ နင်းဆီဝါ ပန်းအိုးကလေးအခြေမှာ ပုံ့ပုံ့ကလေး အလုံးမပျက်ကျနေ၏။

ဆရာကြီး ဝိဇ္ဇာသောင်းက သူ့အရိုးပဒေသာလက်ချောင်းပိန်ပိန်သွယ်သွယ်များကို ကဏန်းလက်မများ လှုပ်ရှားနေဘိသို့ လှုပ်ရွလှုပ်ရွ ဆုပ်ချည်ဖြန့်ချည် ပြုပြန်၍ မားမြှောင်သွားကို ဆန့်ထုတ်လိုက်သည့်နှယ် သူ့လက်ညှိုး



ညွှန်ကြီးကို အပြင်ဘက်သို့ ညွှန်လိုက်၏။ ခွေးမကလေးသည် တုန်တုန်ခိုက်ခိုက်ဖြင့် မျက်စိမှု မဖွင့်နိုင်ရှာဘဲ တုံ့ဆွတုံ့ဆွ စမ်းတဲစမ်းဝါးဖြင့် ပုဝါကလေးဆီသွားသည်။ အင်အားချိနဲ့နေသည့် နာတာရှည် လူမမာ လမ်းလျှောက်နေသလိုမျိုး၊ ခြေကျိုးနေသဖြင့် ထော့နဲ့ ထောနဲ့ ဖြစ်နေသည်မျိုး။ တော်တော်နှင့် သူကလေး သွားလိုရာသို့ မရောက်၊ မနည်းကြီး စမ်းဝါး၍ သွားနေရရှာသည်၊ သို့သော်လည်း ပုဝါကလေးကိုဖြင့် မရကုပ်က ကိုက်ချီ၍ ပြန်လာခဲ့နိုင်ပါ၏။ အိပ်ချင်မူးတူး ဒယိမ်းဒယိုင်နှင့် ယိမ်းထိုး ယိမ်းထိုး ရောက်လာခြင်း။

ကိုယ့်ဆရာက ခွေးမကလေး၏ ဦးခေါင်းပေါ်သို့ သူ့လက်ကြီးနစ်ဖက်နှင့် ပွတ်လိုက်၊ သပ်လိုက် လုပ်နေ၏။ အိပ်မွေ့ဖြေပေးနေပုံ ရသည်။

"ကိုင်း – သမီးကလေးရေ – ပြန်ပေဦးတော့၊ ငါ့သမီး တော်တော်ကလေး ပင်ပန်းသွားရှာမှာပဲ၊ ဟီး – ဟီး – ဟီး – ဟီး"

မြင်းအိုကြီးဟီသလို တဟီးဟီး ရယ်နေလိုက်သေး။ မုန်းမှ မုန်းချင်စရာ၊

"ကဲ – ဘယ်လိုလဲ – ကျုပ်ဆရာ၊ မြင်လိုက်ရဲ့မှတ်လား၊ စိတ်ညှို့ခြင်းဆိုတာမျိုးဟာ အဲသလိုပဲနဲ့ တူပါရဲ့၊ ကျုပ်ဖြင့် ဒီလိုတန်ခိုးဣဒ္ဓိပါဒ်မျိုး ရှိမယ်မှန်းတောင် မသိခဲ့ဘူး၊ အဲ – တိုက်တိုက်ဆိုင်ဆိုင် ကျုပ်လိုလူမျိုးမှာမှ အဲဒါကြီးက စွတ်စွတ်ရွတ်ရွတ်ရောက်လာရပေတယ်လို့၊ ကျုပ်ဖြင့်အံ့လည်းအံ့ဩတယ်၊ သဘာဝလောကရဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့သဘောကိုလည်း ရေးတေးတေး ရိပ်မိသလိုရှိလာရပေတော့တယ်၊

"အင်း – အခုနေခါမှာ ကျုပ်အဖို့ဆိုရင် ကျုပ်နဲ့မတန်တဲ့ အဲဒီကြောက်စရာ တန်ခိုးအာနိသင်ကြီးက ကျုပ်ကိုယ်တွင်းကို ရောက်နေတယ်၊ အမျိုးအမည်မသိတဲ့ သတ္တဝါရိုင်းတစ်ကောင် ဝင်နေသလိုပဲ၊ အဲဒီအစွမ်းသတ္တိတွေက ကျုပ်ကိုယ်တွင်းက ထွက်နိုင်အောင် အတင်းကာရော တိုးခွေ့ရုန်းကန်နေကြတယ်၊ ကျုပ်စိတ်အလိုတွေကို အာခံနေတယ်၊ ကလန်ကဆန်လုပ်နေတယ်၊ ကျုပ်အာရုံတွေကို လိုက်ပြီး ဝါးပစ်၊ စားပစ်နေတယ်၊ ကျုပ်ဟာဖြင့် နဂိုက သောင်းထွန်းဆိုတဲ့ ကျုပ်ရဲ့ရှိရင်းစွဲဘဝဖြစ်လိုက်၊ ကျုပ်ပုံးဝ



www.burmeseclassic.com

www.burmeseclassic.com

မသိခဲ့ဘူးတဲ့လူတစ်ယောက်အဖြစ် အသွင်ပြောင်းပြီး သောင်းကျန်းချင်လိုက်နဲ့၊ အစွမ်းသတ္တိတွေက ကြာလေလေ၊ ပိုပိုထက်မြက်လာလေလေနဲ့လည်း တူပါရဲ့၊

"ဘယ်အရာမဆို ကျုပ်ဆန္ဒရှိရင် ကျုပ်ဆီကို ဒီလိုပဲ လာကြရတယ်၊ လက်မထုတ်ရဲဘူး၊ လက်မဆန့်ရဲဘူး၊ အဲဒါ ဘာသဘောတွေလဲ၊ သံလိုက်ဓာတ်လား၊ လျှပ်စစ်ဓာတ်လား၊ ဘာတွေမှန်းလည်း ကျုပ်မသိဘူး၊ မသိပေမဲ့ လူတွေ၊ တိရစ္ဆာန်တွေ၊ အရာဝတ္ထုတွေကို ကျုပ်က စေစားလို့ရနေတယ်၊ တစ်ခါတစ်ခါ အဲဒီဟာကြီးကို စိတ်ကုန် စိတ်ညစ်မိပေတဲ့ ကျုပ်ကိုယ်တိုင်လည်း အဲဒီတန်ခိုးဆိုတဲ့ ဘာမှန်းမသိတဲ့ဟာကြီးကို သာယာစွဲလမ်းနေမိလေသလားပဲ"

"ထောင်မှူးကြီး ကြည့်ဗျာ၊ တရား၊ တန်းစီး၊ ဘုတ်ကိုင်၊ စည်းကမ်းထိန်းဆိုတဲ့ ထောင်ထဲက အရာကျယ်ကျယ် အကောင်ကြီးကြီး အမြီးရှည်ရှည်မောင်တွေ မှန်သမျှက ကျုပ်ကို ဘာကြောင့် မျက်နှာသာပေး အရေးပါနေကြတယ်လို့ ထင်သလဲ၊ ဟိုဟာပေး – ဒီဟာကျွေးနဲ့ မျက်နှာချိုသွေးနေကြတယ်လို့ထင်သလဲ၊ ဒီထောင်ကို ကျုပ်ရောက်ခါစတုန်းက ကန်ဟ၊ ကျောက်ဟ၊ ထုဟ၊ ထောင်းဟ၊ နသားပါရ် လုပ်ခဲ့ဖူးတဲ့ မောင်တွေက ဘယ်လိုကြောင့် ကျုပ်အပေါ် အချိုးတွေ အပြောင်းကြီးပြောင်းပြီး နလုံးကောင်း ဝမ်းဖောင်းနေကြသတဲ့လေ – ကဲ၊ သူတို့သိသိ၊ မသိသိ ကျုပ်ရဲ့စိတ်တန်ခိုးအက်ကို မခံနိုင်ကြတော့လို့ခင်ဗျ၊ အဲဒါက ပွိုင့်ပဲ၊ အဓိက အချက်ပဲ"

ကျွန်တော်သည်ပင်လျှင် ရွှေးစေးတွေ ပြန်ချင်သလိုလို ဖြစ်လာရတော့၏၊ ရာဇဂ္ဂြန္ထေပျက်စွာ လန့်၍မအော်မိလိုက်ရလေအောင် မနည်းကြီး သတိထားကာ ထိန်းနေမိရသည်၊ ကြာလျှင် ခက်ရချည့်၊ ရှုးတောင်ရှုးသွားနိုင်သည့်ကိန်း၊

"တော်ပါတော့ – ကိုယ့်လူရယ်၊ ဒီလောက်နဲ့ပဲ ရပ်တန်းက ရပ်လိုက်ပါတော့ ..."

ကသောကမျောပင် ပြောမိလိုက်ရ၏၊



"ကဲ – ခုလောက်ဆိုရင် ကျုပ် ဘာကြောင့် တိုက်ထဲမှာ တစ်ယောက်တည်း အေးအေးဈောင်းဈောင်း နေချင်ရသလဲဆိုတာ ရိပ်မိရောပ၊ နောင်မှူးကြီး"

သူသည် သူ့လက်ချောင်းကြီးများကို သူ့အိတ်ထဲသူ ထိုးထည့်ရင်း ကျွန်တော့်ကို စိမ်းစိမ်းစားစားကြီး ကြည့်နေ၏၊ "အင်း ..." ဟု အင်းရှည်ကြီး ဆွဲချတ် အသံပြုမိသေးသော်မှ ဘာစကားမျှ ချက်ချင်းမပြောဖြစ်၊

"အထူးသဖြင့် ကျုပ်အကြောက်ဆုံးက ကျုပ်ကိုယ်ကျုပ်ပဲ ခင်ဗျ၊ ကိုယ်နဲ့ ဘာမှမဆိုင်တဲ့ အဲဒီတန်ခိုးစွမ်းအားဆိုတာကြီး ကျုပ်ကိုယ်ထဲကို ရောက်လာပြီးကတည်းက ကစားစရာ အသစ်အဆန်းကလေးများ ရပြီးခါစ ကလေးများ စားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ်နဲ့ တစွဲလမ်းလမ်း ဆော့ချင်နေတော့သလို၊ ကျုပ်လည်း ဟိုဟာလက်တည့်စမ်းလိုက်ချင်၊ ဒီဟာကို အစွမ်းပြလိုက်ချင် ဖြစ်လာလိုက်တာဟာ ကြာတော့ အဲဒါကြီးကို ဘိန်းစွဲသလို စွဲနေမိပေါ့ဗျ၊ ကျုပ်နာမည်တောင် အူလူးသောင်းထွန်းဆိုတာကနေ ဝိဇ္ဇာသောင်းတဲ့၊ မှော်ဆရာတဲ့ ...၊ တဖြည်းဖြည်း ပြောင်းလာလိုက်တာသာ ကြည့်တော့၊ ပြောင်းဆို ကျုပ်ပါးစပ်က လွှတ်ခနဲ လွှတ်ခနဲ ထွက်ထွက်ကျလာတတ်တဲ့ စကားတွေကလည်း ဒက်ထိ ကွက်တိ မှန်နေတတ်တာကိုး – ဆရာကြီးရဲ့...၊ ဟဲ – ဟဲ – ဟဲ – ကျုပ်က ဗေဒင်တွေ၊ နက္ခတ်တွေ တတ်လို့ မဟုတ်ပေါင်ဗျာ၊ ကျုပ်ဝမ်းထဲက အဲဒီဘာမှန်းမသိတဲ့ဟာကြီးကြောင့်သာပါ၊ ပြော – ကြုံတုန်း ပြောလိုက်ရဦးမယ် ခင်ဗျ၊ ကျုပ်ဆရာ ဝမ်းသာပေရော့၊ ကျုပ်ဆရာရဲ့အမျိုးသမီးက အခုမွေးမယ့်ဖွားမယ့်ကိုယ်ဝန်ဟာ ယောက်ျားကလေးဗျ၊ လာမယ့် သောကြာနေ့မှာ ဖွားလိမ့်မယ်၊ ကြီးပွားထွန်းကားဦးမယ့်ကလေး၊ စာပေအနုသညာဘက်မှာ သိပ်ချွန်လိမ့်မဗျ၊ ပြီးတော့ – ကျုပ်ဆရာကို မိလို ဖလို စောင့်ရှောက်ပေးနေတဲ့ ကျုပ်ဆရာရဲ့ ဆရာသမား ထောင်ပိုင်ကလေး ဦးလှလှလည်း နက်ဖြန်သဘက် ပြောင်းမိန့်ရောက်လာလိမ့်မယ်၊ ဒီထက်ဒီ တက်လမ်းရှိပြီး လူကြီးနားနီးနီးကို ပြောင်းရမှာ – သိလား"

အလိုလေးဗျာ၊ ဝိဇ္ဇာသောင်းကဖြင့် လုပ်ချလိုက်ပြန်ပြီ၊ ကံသေ ကံမကြီး၊ မည်သို့မျှ မသေချာ မရေရာရှိလှသည့် ဟိုးခပ်လှမ်းလှမ်းက အနာဂတ်ကိုပင် ဖမ်းဆွဲ၍ ဟောကိန်းထုတ်နေပြန်ပါပကော၊

www.burmeseclassic.com

မည်သို့ပင်ဖြစ်စေ၊ သည်တစ်ချီလည်း မော်ဆရာ ဝိဇ္ဇာသောင်းပဲ မှန်း
ပြန်လေသည်။

သူပြောပြီး၍မျှ တစ်ရက်နှစ်ရက်သာ ရှိသေး၊ ထောင်ပိုင်လေး ဦးလှ
တစ်ယောက် လက်ထောက်ညွှန်ကြားရေးမှူးရာထူး တိုးမြှင့်၍ အင်းစိန်ဗဟို
ထောင်ကြီးသို့ ပြောင်းရမတဲ့၊ ပြောင်းမိန့်ရောက်လာခဲ့သည်။ အဲ - ပြီးလျှင်
ထိုအပတ်ထဲ သောကြာနေ့ နံနက်ဦး၌ ကျွန်တော့်သားတော်မောင် ဖိုးလမင်း
ကို ဇနီးသည်က ဖွားမြင်ခဲ့ပြန်၏။ ကိုင်း - ဘယ့်နယ့်ရှိစ။

မှန်နိုင်လွန်းသည့် ကိုရွှေမော်ဝိဇ္ဇာကြီးကိုကား ဆေးရုံတိုက်မှသည် လူ
သူလေးပါးနှင့် ဝေးနိုင်သမျှဝေးရာ တိုက်နီကြီးဟု ခေါ်သည့် (၄)တိုက်(ကြိုး
တိုက်) ဘေးအစွန်ခန်းသို့ ပြောင်းရွှေ့ပေးခဲ့ရပြီး သူ့စိတ်တိုင်းကျ နားအေးပါး
အေးနေစေခဲ့ရကြောင်းကိုကား သူနှင့် ကျွန်တော်မှလွဲ၍ သိသူ မရှိခဲ့ပေ။

— ☯ —

ခက်တော့လည်း ခက်သား။

ဖြစ်ချင်တိုင်းလည်း မဖြစ်ရ၊ မဖြစ်ချင်တာတွေလည်း ဖြစ်ရ၊ သူ့ဘာသာ
သူ နားအေးပါးအေး ရေခဲနင်းဆောင်းနေချင်၍မှ ကြိုးတိုက်ခန်းအလွတ်တွင်
နေခွင့်ပြုပါရန် ကိုယ်တိုင်ဆန္ဒပြုခဲ့သူ ဝိဇ္ဇာသောင်းမှာလည်း သူ စိတ်ကူး
သလို ဖြစ်ခွင့်မကြုံရ၊ သူမထင်တာတွေချည်း ဆက်တိုက်ကြုံလာရသည်။

သူနှင့် ပတ်သက်ဆက်နွယ်လေသမျှ ကိစ္စများသည်လည်း ထောင်
လုံခြုံရေးကို တစ်နည်းတစ်ဖုံ ဂယက်ထ,စေခဲ့သည်ချည်း။

"ထောင်မှူးကြီးရေ - စိတ်ထဲ ဘယ့်နယ်မှ မရှိနဲ့နော၊ ဟောဒီရက်ပိုင်း
မှာ ကျုပ်တို့ ထောင်ထဲ ဝမ်းကျတဲ့ ဘေးဒုက္ခကြီး ရောက်လာလိမ့်မယ်၊ ကျုပ်
အာရုံထဲမှာ ကြိုမြင်နေတယ်၊ အပျက်အစီး အသေအပျောက်လည်း ရှိတန်
သမျှ ရှိမှာပဲ၊ ဘယ်သူမှ ကယ်မရနိုင်ဘူး၊ အဲ - ဆိုးဆိုးဝါးဝါး မဖြစ်လိုက်ပဲနဲ့
သူ့အလိုလို အေးသွားမှာလည်း ရှိရဲ့၊ အဲသာ - ထောင်မှူးကြီး ကြိုသိထားနိုင်
အောင်ဟာ ကျုပ်က အသိပေးတာ၊ မပြောဘူးဖြစ်မှာစိုးလို့ ..."



ဝိဇ္ဇာသောင်း သတိပေးဦးခင်၍သာ လိုအပ်ရာရာ ဆေးဝါး၊ ရိက္ခာ၊ အစီ
အမံများကို လက်မတင်ကလေး အပူတပြင်း ပြင်ဆင်စုဆောင်းခွင့် ရလိုက်
၏ ဘာမျှမကြာလိုက်၊ ရက်ပိုင်းကလေးအတွင်းကလေး - ကဘော်ချိုင့်ဝှမ်း
အသရှိ ဘဝသစ်အလုပ်စခန်းများမှ ကိုယ်အလေးချိန် အလွန်အမင်း နိမ့်ကျ
နေသည့် (BMI)အကျဉ်းသားရဲဘက်များ အုပ်စုလိုက်ကြီး ပြန်ရောက်
လာခြင်းနှင့်အတူ ဝမ်းရောဂါကပ်ဘေး ကျခဲ့၏။ သေလိုက်၊ ကျေလိုက်သည်
မှာ သောက်သောက်လဲ၊ ဟောတစ်လောင်း - ဟောတစ်လောင်း၊ အတော်
ကြီး ဖိဖိစီးစီး အင်တိုက်အားတိုက် ဝိုင်းကြ၊ ဝန်းကြ နှိမ်နင်းကုသခဲ့ကြပါသော်
လည်း ပျက်စီးဆုံးရှုံးမှုနှုန်းက ရှောက်ချားလောက်စရာ၊ သုံး၊ လေး၊ ငါးရက်
အတွင်း အသည်းအသန်ဖြစ်ပျက်လိုက်ပြီး ရုတ်ခြည်း ရပ်တန့်ငြိမ်းအေးသွားခဲ့လေ
သည်၊ ထောင်မှာဖြင့် သွေးပျက်လုခမန်း ပြူးတူးပြာတဲဖြစ်၍ ကျန်ရစ်ခဲ့ရ
လေတော့၏။

ဝိဇ္ဇာသောင်း ကျေးဇူးကြောင့် ကြိုတင်စီမံမှု လက်ဦးခဲ့သဖြင့် တစ်စုံတစ်
ရာ အရေးယူခြင်း မခံခဲ့ရ၊ သည်လိုတော့လည်း ကိုယ့်လူက ဟုတ်တုတ်
သုတ်။

"ကျုပ်ဆရာရေ - ကျုပ်ညက တစ်ညလုံးအိပ်လို့မရဘူး၊ ထောင်မှာသွေး
ထွက်သံယိုကိန်းတွေ မြင်နေရတယ်၊ ထောင်ဆူထောင်ထတာမျိုး ဖြစ်လေ
မလားမသိဘူး၊ အဲဒါ ..."

အလိုလေးလေး၊ ဝိဇ္ဇာသောင်းတို့ အာရုံရလိုက်သည်များ တကယ့်
အရေးတော်ပုံကြီးနှင့်မှ ပက်ပင်းကြီး ဖြစ်ရပေတယ်လို့၊ မည်သို့ပင်ဖြစ်စေ
"ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာ" လိုရမည်ရ ကြိုကြိုတင်တင် ပြုဖွယ်
များကို စီမံထားနှင့်လိုက်၏။ တစ်ရက်၊ နှစ်ရက်၊ ဘာသံမျှမကြား၊ တုတ်တုတ်
မှ လေးတောင်မလှုပ်၊ ဟော - ဟင်းချမည်ကြံရာရှိသေး၊ နယ်အလုပ်စခန်း
များသို့ပို့ရန် စုစည်းထားသည့် ဒေ့ရဲဘက်များနှင့် ကိုယ့်ထောင်က လက်သ
ကျော်၊ လူလည်ချပ်ပြား ထောင်မင်းသားများ ပုံစံပုဆိုး၊ အကျီ၊ ပုံစံစောင်
အရောင်းအဝယ် အပေါင်အနှံကို အကြောင်းပြု၍ ရိုက်လိုက်၊ နက်လိုက်
သတ်လိုက်၊ ဖြတ်လိုက်ကြသည်များ တဖြုန်းဖြုန်းရယ်တဲ့မှ တအုန်းအုန်း။



www.burmeseclassic.com

www.burmeseclassic.com

လူအသေအပျောက်မရှိခဲ့သော်မှ ခေါင်းပေါက်ထိပ်ကွဲ အမြီးလိမ် - ဖင်စောင် တွေနှင့် ထောင်ဆေးရုံရောက်လိုက်ကြသည်မှာ အောတိုက်လို့။

"ဆရာရေ - မဟုတ်မဟတ်တာတွေကို မြင်နေရပြန်ပြီဗျာ၊ မကြာခင် ကျုပ်တို့ ကြိုးတိုက်က ကြိုးသမားနှစ်ယောက်ကို ကြိုးပေးဖို့ အမိန့်ရောက် လာလိမ့်မယ်၊ အင်း - အုန်းထွန်းနဲ့ ဟို - ဝင်းမြင့် ကောင်ကလေးတို့ ဖြစ်မှာပဲ၊ ကျုပ်မျက်စိထဲ သူတို့နှစ်ယောက်ကိုပဲ ထင်ထင်လင်းလင်းကြီး မြင်မြင်နေ တယ်"

မှန်ပြန်တာပါပဲ၊ ရက်တစ်ပတ်အတွင်း မနစ်မြို့ဖွယ် ထိုအရေး ထိုကို ကြီးကို စဉ်တိုက်ဆက်တိုက်ကြီး ဆောင်ရွက်ခဲ့ကြရသည်၊ ထောင်တစ် ထောင်လုံး ငြိမ်၊

သည်သို့ဖြင့် - ဝိဇ္ဇာသောင်း ကြိုကြိုပြောလေသမျှ လွဲသည်မရှိသည့် အခါ "သူ့ဥစ္စာ ဟုတ်များ ဟုတ်လေရော့သလား"ဟု ဝေတေတေ မှောင့် မှောင့်မှောင့်ရောင့်ရောင့်တွေ ဖြစ်လာရတော့သည်၊ ဝိဇ္ဇာသောင်းတစ် ယောက် သူပြောသလို စိတ်တန်ခိုးစွမ်းအင်တွေ တကယ်ရနေလေသလား။

"အဲဒါ ခက်နေတာ - ကျုပ်ဆရာရဲ့ အခု - ကျုပ်ထောင်ကျ ကျလာသမျှ က တစ်ခုမှ ကျုပ်လိမ်လည်ခဲ့တာ၊ မဟုတ်မမှန် ပြောခဲ့ လုပ်ခဲ့တာတွေ မ ဘူးရယ်၊ ကျုပ်ဝမ်းဗိုက်ထဲက သူ့အလိုလို သိနေတဲ့အတိုင်း ဒက်ထိကွက်ထိ လုပ်ခဲ့တာချည်းပဲ၊ အဲ - တရားကောင်းတော့ စောင်းသလိုလို ပြောနေကြ သလိုမျိုးပဲ ထင်ပ၊ ကျုပ်ပြောတာတွေက သွေးထွက်အောင် မှန်လွန်းနေပြ တော့ လူတွေက မယုံနိုင်ကြပြန်ဘူး၊ လူဆိုတာမျိုးဟာ အဲသလောက်မမှန် ရဘူးတဲ့၊ ကဲ - မခက်လား၊ ကျုပ်ကပဲ တမင်အကွက်ချ လီဆယ်လုပ်ကြံပြ သတဲ့၊ အဲသာနဲ့ - ကျုပ်လည်း ထောင်ထဲရောက်ရပြန်ရော - ဟီး - ဟီး - ဟီး"

"ခင်ဗျားကို ထောင်မချဘဲ လွှတ်ပစ်အောင် ရုံးမင်းကို စိတ်မညို့ခဲ့ဘူး လား - မော်ဆရာရဲ့၊ ခင်ဗျား ဝေလ်ပါဝါတွေကို အဲဒီလိုနေရာမှာ မသုံးဘဲ ဘယ်ရောင်သွားထိုးထားသတုံး ..."



"ပြောရော့မယ်၊ ကျုပ်ဆရာက ကျုပ်ကိုယ်တိုင်ကလည်း လူတွေ သူ တွေနဲ့ဝေးဝေး ထောင်ထဲမှာ နေရရင်ကောင်းရော့၊ အောက်မေ့လို့ မလုပ်ဖြစ် ခဲ့တာလည်း တစ်ကြောင်းပလေ - နော၊ အဲ - နို့ပေတဲ့ - ကျုပ်မို့ စိတ်မညို့မြို ခနဲ့၊ ညို့များ ညို့မိပလားဆိုမှဖြင့် အဲဒီအခေါက်မှာ တရားခွင်မှာတင် အမှု ပြတ်ပြီး တရားသေလွှတ်တာချည်းပဲ"

ဟောဗျ၊ ဟုတ်လည်း ဟုတ်သည့် ဝိဇ္ဇာသောင်းကြီးပါလား၊ သူ့ဟာနှင့် သူတော့ ဟုတ်ပေ့ဖြစ်၍နေသည်၊

ဤမျှသာပဲလား ... တဲ့၊ မဟုတ်သေးပါ၊ အခြားထောင့် အရေးထောင့် အရာ တွေလာကမာတွေမှာလည်း သည်ကိုယ်တော်ကြီးကို ပြေးပြေးအမှု ဘပ်ရသည်မျိုး ရှိခဲ့၏၊

'လူတစ်ယောက်က သူ့စိတ်တန်ခိုးနဲ့
အခြားလူတစ်ယောက်ကို
စိတ်ညို့အိပ်မွေ့ချပြီး အိပ်ပျော်သွားအောင်
လုပ်လိုက်တယ်ဆိုတာဟာ
စိတ်အင်အား ပါဝါကြီးတဲ့သူက
စိတ်တန်ခိုးအားနည်းတဲ့သူရဲ့ စိတ်ကို
ခိုးယူလိုက်သလိုပဲလေ။
သရာကြီးရဲ့ ပိုက်ဆံအိတ်ကို
ခါးပိုက်နှိုက်က
နှိုက်ယူလိုက်သလိုပဲပေါ့။
တကယ်တမ်းတော့ စိတ်ကို ခိုးတယ်ဆိုတာ
ဝိညာဉ်ကို အပိုင်စီးလိုက်တာပါပဲ။





www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်လူ့မော်ဆရာရေ - (၂)တိုက်မှာ တိုက်ခန်းဖောက်ဖို့ကြံနေသလို လို့ သတင်းသိုးသိုးသန့်သန့် ကြားတယ်။ အဲဒါ - ဘယ်သူတွေများ ဖြစ်နိုင်မတုန်း - လုပ်စမ်းပါဦး" ဟုတစ်မျိုး ...။

"ကိုင်း - ဝိဇ္ဇာသောင်းရေ - ထောင်ကျနဲ့ အချုပ်ဆောင်တွေဘက်မှာ နံ့ပါတ်ဖိုးတွေ ပြန့်နေသတဲ့ဗျို့၊ ဘယ်အကောင်တွေရဲ့လက်ချက်များတုံး။ အာရုံခံစမ်းပါဦး - ကျုပ်လူ့ရေ့"

ဟု တသွယ်။ ခုတင်ခုဒုက္ခပေးရလေ့ရှိမြဲ၊ ဘယ်သောအခါမျှ ညည်းညူ မြူစူသည်မရှိ၊ ပြုံးဖြဲဖြဲ ရယ်ကျဲကျဲ သူ့နဂိုစတိုင်ကြီးအတိုင်း ဒက်ခနဲ ဒက်ခနဲ မြင်သမျှ တွေ့သမျှ ပြောချတတ်ဆဲ၊ မှန်လည်း မှန်နိုင်လွန်းပါပေ့။

တစ်ခါသားတွင်တော့ လူပါးပုလင်းထိ၊ ဒူးနှင့် မျက်ရည် သုတ်ကိန်းကြုံခဲ့ရသည်။ ကျောက်ကြီး စိုးမြင့်၊ နွားကြီး နွားလေး၊ ခေါ်တောတို့ လူသိုက် ပြစ်ဒဏ်တိုက်ကို ဖောက်၍ညအချိန် ထွက်ပြေးကြဖို့ကြံစည်ကြိုးပမ်းရာမှ သင်းကြီးက အခါပေးခဲ့သတဲ့ဗျာတို့၊ ထောင်ပြေးမှု ကြံရာပါ၊ အားပေးကူညီမှုဖြင့် တကာယ့်အလုံပိုက်ထဲ (၁၄)ရက် ညောင်းခဲ့ရသည်။

"ကျုပ်လူ့ရာ - ခင်ဗျားမို့ပဲ - မဟုတ်က ဟုတ်က ရှာရှာဖွေဖွေ လုပ်ရက်ပလေ။ ဒီကိစ္စမျိုးကိုကြိုသိခဲ့ရင်တောင်မှ ခင်ဗျားက ကျုပ်ကို ချက်ချင်း လက်တို့လိုက်ရမှာ၊ အခုတော့ - ကျုပ်လူ့ကပါ အလိုတူ အလိုပါ ..."

ဟု စိတ်ခပ်မျက်မျက်နှင့် အငေါ်တူးမိသည်ကိုပင်လျှင် -

"သင်းတို့အကြံ မအောင်မြင်နိုင်ဘူးဆိုတာ ဒိဋ္ဌသိနေလို့ပါ - ထောင်မှူးကြီးရယ်။ ပြီးတော့ - သင်းတို့ကို ဘယ်လိုတားတား ကျုပ်စကားကို နားမဝင်တဲ့အပြင် "ဆင်သွားရင် လမ်းဖြစ်" သတဲ့၊ သင်းတို့က ကျုပ်ကို စိန်ခေါ်လိုက်သေးတယ်၊ အဲဒါနဲ့ပဲ အသာကြည့်နေလိုက်တာ။ အလုံတိုက်ထဲရောက်တော့လည်း ပိုပြီး နားအေးပါးအေး နေရတာပ - မှတ်ဘူးလား" တဲ့၊ ရယ်ကျဲကျဲဖြင့် နားဝင်လုအောင် လျှောက်လဲချက် ပေးခဲ့သေးသည်။

ဟော - ယခုဖြင့် အဲသည် ဝိဇ္ဇာသောင်းတစ်ယောက် သေရှာပတဲ့။

— ☯ —



"ဆရာရေ - ဆရာ"

"ဟဲ့ - အော်ကြီးဟစ်ကျယ်နဲ့ ဘယ်လိုဖြစ်လာပြန်တာတုံး - အကောင်ရဲ့ ငါက ဒီမှာ ..."

တပည့်ကျော် ကံလှတစ်ယောက် သုတ်သီးသုတ်ပျာ ပေါက်ချလာပြန်သည်၊ ချွေးတလုံးလုံး ဖိုသီဖတ်သီ ဖြစ်လာပုံထောက်လျှင် ကေန္တတော့ ကေန္တ တစ်ခုခု ပေါက်တိပေါက်ရှာ ပါလာခဲ့ပြီ။

"ဝိဇ္ဇာသောင်းလေ - သိလား - ဆရာ"

"အေးပါ - ဟုတ်ပါပြီ၊ ဝိဇ္ဇာသောင်းပဲ ရှောဘရားသားပြသွားတာ ဘာ ကြာသေးတုံး။ အဲဒီတော့ ..."

"ဆရာ့အတွက် စာကလေးတစ်စောင် ရေးထားရစ်ခဲ့သတဲ့၊ ပြီးတော့ - သူ့အိပ်ရာလိပ်ထဲက မှတ်စုရေးထားတဲ့ ဘုတ်အုတ်ကလေးတစ်အုပ်ကို လည်း တွေ့ခဲ့ကြသတဲ့ - ဆရာ၊ အဲဒါ - ဒေါက်တာ ဦးအေးချိုက ဆရာ့ကိုပဲ ပေးလိုက်ပါဆိုပြီး ကျွန်တော်နဲ့ လူကြုံပါးလိုက်တယ်၊ ဒီမှာ - ရော့"

မြကွဒ်န် စာရွက်ဟောင်း နောက်ကျောမှာ ခဲတံတုံးတုံးဖြင့် ဖိရေးထား သောပဲညှောင့်ပေါက်လက်ရေး ကဘောက်တိ ကဘောက်ချာများကို မနည်း ကြီး ပြူးပြဲဖတ်ရ၏၊ ဘာတဲ့ ...။

"ထောင်မှူးကြီးရေ ..."

ဘာတန်ခိုး ဘာသိဒ္ဓိတွေပဲရရ၊ အချိန်တန်တော့လည်း အလောင်း ကောင်ကြီးဘဝ လက်ဗလာနဲ့ သေကြရတာချည်းပါပဲဗျာ၊ ကျုပ်ပြောခဲ့သလို ကျုပ်လည်း ဒီထောင်ကြီးထဲမှာပဲ ကိစ္စငြိမ်းရပြီပေါ့၊ ကျုပ်အတွက် ရှည်စူးပြီး သပိတ်သွပ်၊ အမျှအတန်းဝေပေးဖို့ ကျုပ်ဆရာကိုပဲ အားကိုးလိုက်ပါရစေ။

အော် - ဒါနဲ့၊ ကျုပ် မမာနေတုန်းမှာ ကျုပ်အာရုံတွေက ပိုထက်မြက်လာ သမျှ ငြိမ်းခါနီး ဆီမီးတိုင် ဟုန်းခနဲ ထ,တောက်သလိုနေမှာပေါ့လေ၊ အဲဒီ ကျုပ်မြင်ခဲ့ သိခဲ့ရသမျှတွေကို ဘုတ်အုတ်ထဲမှာ ရေးထားတယ်၊ တစ်ဘဝ ခါနီး ကျုပ်ရဲ့လက်ဆောင်ပလေ - နော၊



www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲမှာ ဘယ်လိုမှ မကောင်း။ ဆိုင်းဆိုင်းဆို့ဆို့ မှိုင်းမှိုင်းညို့ညို့ချည်း။ လက်တစ်ဝါးမရှိ၊ တရိုမှတ်စုစာအုပ် နွမ်းနွမ်းဖတ်ဖတ်ကလေးကို တဖျပ်ဖျပ် လှန်ကြည့်နေမိ။

အလို - အလို၊ ဘာတွေပါလိမ့်။

ယခုလတ်တလော ထောင်အတွင်းမှာ ဂိုက်းဖွဲ့ ကျူးလွန်နေကြသည့် ဘိန်းအဖြူအမည်း၊ ဘောလုံး(ခ)စိတ်ကြွဆေး ဖြန့်နေသည့် ထောင်ဂျိုး များ၏ စာရင်း၊ ညတိုင်း ညတိုင်း ထောင်ကျဆောင်၊ အချုပ်ဆောင် အိပ်စင် များအောက်၌ ပုန်းလျှိုး ကွယ်လျှိုး ညလုံးပေါက် ဖဲကစားကြသည့် ညမင်း သားများစာရင်း။ အိပ်ဆောင်အလိုက် မိလ္လာချောင် ကွန်ကရစ်ခုံကြီးရှိ အုတ် ချပ်များကို ခွာ၍ သိုဝှက်သိမ်းဆည်းထားသည့် သိန်းဂဏန်းချီသော ငွေမည်း များ၏ သိုက်စာအညွှန်း၊ တောင်ယာများအတွင်း မြေကျင်းတူး၍ ဖွက်ထား သည့် တရားမဝင်ပစ္စည်းများနေရာ၊ ကြိုးတိုက်ခန်းမှ ထွက်ပြေးဖို့ လျှို့ဝှက် သွင်းထားသည့် ကြိုးနှင့် သံချိတ်များ ဝှက်ထားရာနေရာ၊ ကြံစည်သူများ အမည် …။ အို - သဗ္ဗန်ပေါင်း စုံတကာ စေ့ပါလေရော။ နောက်ထပ် တစ်ပတ် နှင့် မီးခိုကြွက်လျှောက် အရေးယူ၍ မဆုံးတော့။

"သင့်ခယူ - မော်ဆရာ - ဝိဇ္ဇာသောင်းရေ"

— ☯ —

ကြာတောင် ကြာခဲ့ပါပြီ။

ဌာနရင်ခွင်က ခွာလာခဲ့သည်ပင်လျှင် ဆယ်စုနှစ် တစ်စုစွန်းစွန်း ရှိရော့ မည်။ ထောင်အကြောင်း တွေ့တွေ့ရာရာကလေးများကို စာတိုပေစ ရေးရင်း ရင်ခွင်ပေါင်းကို အလွမ်းဖြေနေခဲ့မိရသည်ပင် ကြာပေါ့။

ဘဝတစ်ကွေ့၌ ကြုံခဲ့ တွေ့ခဲ့ရဖူးသည့် အံ့အဲဘနန်း လူထူးဆန်းဝိဇ္ဇာ သောင်းလို လူကြီးကို တစ်ခါတစ်ခါ လှစ်ခနဲ လှစ်ခနဲ သတိတရ ရှိလွန်းလှ သည်။ ဘာတဲ့ …။



"ဒီမယ် - ကျုပ်ဆရာ၊ ကျုပ်ဆရာ ဘယ်ကလောက် အားကြိုးမာန်တက် လုပ်လုပ် ထောင်သက်က ကုန်နေပြီရော့ဗျ။ ထောင်မှူးကြီးထက် ပိုမဖြစ်နိုင် တော့ဘူး။ ဒီနှစ်မကုန်ခင် ကျုပ်ဆရာ ဒီအလုပ်က ရုတ်တရက် အငြိမ်းစားယူ ခုတိန်းမြင်တယ် - သိလား။ ဒါပေမဲ့ - သိပ်လည်း စိတ်မပူပါနဲ့ဗျ။ ကျုပ်ဆရာ ရင်ထဲမှာ ခွေထား ခေါက်ထား ထိုးသိပ်ပစ်ထည့်ထားရတဲ့ စာရေးဆရာ ဖြစ်ဖို့ စိတ်ကူးကဖြင့် အဟုတ်တကယ် ဖြစ်လာလိမ့်ဦးမယ်။ ချမ်းတောင့် ချမ်းသာ မဖြစ်တောင် ဘဝသစ်မှာ ကျုပ်ဆရာ ပျော်မှာပါ၊ အေးအေးချမ်း ချမ်းရှိမှာပါ - ဟဲ - ဟဲ - ဟဲ"

သည်စကားကလေးက ဝိဇ္ဇာသောင်း ကျွန်တော့်ကို နောက်ဆုံးပြော ဖြစ်ခဲ့သည့်စကား။

မည်သို့ဖြစ်ဖြစ်၊ ဥမမည် စာမမြောက် စာရေးသမားဖြစ်ခွင့် ကြုံနေရပြီ ဖြစ်၍လည်း ဝိဇ္ဇာသောင်းကြီးကို လွမ်းလိုက်မိရသေး။

"အင်း - ဒီလူကြီး - ဘယ်ဘဝရောက်ပြီး ဘာတွေဖြစ်နေလေတယ် ဆိုး"

ကောင်းရာသုဂတိ လားပါစေသား - ဝိဇ္ဇာသောင်းရေ၊ ။

မေတ္တာဖြင့်…

>> **ဇေယျမင်းသျှင်**

www.burmeseclassic.com

www.burmeseclassic.com

'အဲဒါ ကော်တို့ ကျွတ်ကုန်းက လာခေါ်တာ။


ခေါင်းညိတ်သဘောတူလိုက်တာနဲ့

အသက်ပျောက်ပရောပဲ။

ဆရာလေးကိုသိန်းဝင်းတို့ ကျေးဇူးကြောင့်

အသက်ပြန်ပါလာတာ။

နောက်တစ်ခါဆို ပြီးရောပဲ ...'



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်၊ မြစိမ်းဘုရားနှင့် ချစ်တီးတိုက်ဝါကြီး

ထောင်မှူးကြီးသိန်းဝင်း

**မြစိမ်း**ဘုရားဆိုသည်ကား ပုဂံခေတ်၊ အနော်ရထာမင်းစော သထုံသို့စစ်ချီပြီး သိမ်းပိုက်စဉ် စစ်ချီရာ လမ်းကြောင်းတစ်လျှောက် တည်ထားခဲ့သည့် စေတီဘုရားအစုစုအနက် တစ်ဆူဖြစ်သည်။ ထိုစဉ်က ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်သည် ပန်းလောင်မြစ်နှင့် ဒုဋ္ဌဝတီမြစ်ခေါ် မြစ်ငယ်မြစ်တို့ အကြားတွင် တည်ရှိသော ဒေသဖြစ်သည်။ အိုးလုပ်အုတ်ဖုတ်သော ပညာရှင်၊ ရွာများဖြစ်ကြသဖြင့် ရွှံ့ကို နိုင်သည်၊ ပုံစံသွင်းတတ်သည်။ မြန်မာနည်း ပညာဖြင့် အင်္ဂတေဖော်စပ်တတ်သည်။ ထို့ကြောင့် ဤရွာများတစ်ရိုးတွင် စစ်ချီရာတွင် အမှတ်အသားဖြင့် တည်ခဲ့သော ဘုရား၊ စေတီပေါင်းများစွာ ကြွင်းကျန်နေခဲ့ရာ ယနေ့တိုင် ဖူးမြော်နိုင်ပါသေးသည်။

တံတားဦး(အင်းဝ)သွား၊ ကတ္တရာလမ်း၏ ညာဘက် ပန်းလောင်မြစ်၏ ညာဘက်ခြမ်းတွင် ထိုဒေသ ရှိသည်။ ကြောင်ပန်းကုန်းရွာမှ ညာဘက်အဆင်း အုန်းလက်ကောက်ရွာ၊ နန္ဒီတောင်ရွာ၊ မြောက်ရွာ၊ ရွာတန်းရှည်နှင့် နေပူရွာ၊ ကုန်းသာရွာတစ်ကြောတွင် တည်ရှိသောဒေသဖြစ်သည်။ မြေလမ်းကြီး ဝဲယာတစ်ဖက်တစ်ချက်တွင် ရှေးဟောင်း ဘုရား၊ စေတီများက လက်ညှိုးထိုး မလွဲပါ။ မြေပြန့်ဖြစ်သဖြင့်လည်း စေတီပေါင်းများစွာကို အဝေးကပင် လှမ်းမျှော်ဖူးနိုင်မည်။ အထက်က ဖော်ပြခဲ့သလို အိုးလုပ်သော မြေကြီးလုပ်ငန်းပညာရှင်များ နေထိုင်ကြသည့် ရွာများဖြစ်ကြသဖြင့် ဆင်းတော့ ဆင်းရဲကြသည်။

သို့သော် စေတနာနှင့် ဘာသာရေး ယုံကြည်မှုက မဆင်းရဲပါ။ ဘုရားဖြူကြီး၊ ဘုရားနီကြီး၊ မြစိမ်းဘုရား၊ ရှင်ညီနောင်၊ နာမည်ကြီးဘုရားကြီးများ အပြင် နာမည်မရှိသောဘုရားများက ဒုနှင့်ဒေး။ ဘုရားများအား သရိုးကိုင်ညာဖြင့် တည်ဆောက်ပြီး ထုံးသင်္ကန်းကပ်သည်။ ဘုရားနီကြီးကျတော့ သရိုးမကိုင်၊ ရှေးဟောင်းအုတ်စီပညာဖြင့်ပင် သပ်စီရုံများဖြင့် ရှေးဟောင်းအုတ်နီကြီးများကို အဆင့်ဆင့်စီ၍ တည်ဆောက်ထားသည်၊ မြစိမ်းဘုရားကိုတော့ ထူးဆန်းစွာ အစိမ်းရောင်စဉ့်ရည်ဖြင့် သွန်းလောင်းတည်ဆောက်ထားသည်။

ဘုရားဖြူကြီးနှင့် ဘုရားနီကြီးတို့မှာ ပန်းလောင်မြစ်ကမ်းဘေး၊ ရွာဝင်လမ်း၏လက်ဝဲဘက်၌ တည်ရှိပြီး အုန်းလက်ကောက်ရွာဖြင့် နီးသည်။ မြစိမ်းဘုရားသည် လှည်းလမ်းဘေး၌ တည်ရှိသဖြင့် ဖုန်ထုက မြုပ်နေရာ၊ မှစ်ပေါက်ဝလေးခုပင် ပိတ်လုမတတ်။ ခေါင်းလောင်းတော်အောက်ခြေနှင့် ငှက်ပျောဖူး ကြာမှောက်ကြာလှန်နှင့် ထီးတော်၊ စိန်ဖူးတော်သာ ပေါ်တော့သည်၊ မြေဝင် နစ်မြုပ်မတတ်ဖြစ်နေသော်လည်း မြစိမ်းဘုရား၏ တန်ခိုးတော်ကြောင့် ပျက်စီးခြင်း လုံးဝမရှိ။ အင်္ဂါစုံစွာ တည်ရှိနေပါသည်။

ထိုဒေသတွင် ကြောင်ပန်းကုန်းလမ်းခွဲမှဝင်လျှင် အုန်းလက်ကောက်ရွာနှင့် နန္ဒီတောင်ရွာ၊ မြောက်ရွာ၊ ရွာတန်းရှည်ကြီး နှစ်ရွာသာ ရှိသဖြင့် လူအသွားအလာက အလွန်နည်းသည်။ ထို့ကြောင့် ရှေးဟောင်းဘုရားများအား





www.burmeseclassic.com

www.burmeseclassic.com

ဖောက်ထွင်းခိုးယူသူများ ရှိသော်လည်း မြစိမ်းဘုရားအား လုံးဝမထိရဲကြ။ မြစိမ်းဘုရားမှာ အရံတံတိုင်းမရှိ၊ ရင်ပြင်တော်မရှိ။ တောစပ်တွင် တည်ရှိသဖြင့် အချိန်မရွေး ဖောက်ထွင်းခိုးယူနိုင်ရန် အခွင့်အရေး ရှိပါသည်၊ သို့သော် ကြံစည်ရဲသူပင်မရှိ၊ (၉)တောင်ပြည့်စေတီခန့်သာ ဖြစ်ပြီး မြစိမ်းညီအစ်မ စောင့်ရှောက်ကြောင်း သတင်းကြီးသည်၊

နန္ဒီတောင်ရွာ၊ မြောက်ရွာအတွင်းရှိ ရှင်ညီနောင်ဘုရားနှစ်ဆူသာ ကြီးမားသောစေတီများ ဖြစ်ကြသဖြင့် ထုံးသင်္ကန်းကပ်လှူပြီး သန့်ရှင်းပြုလုပ်၍ ကိုးကွယ်ကြသည်၊ အခြားရွာတန်းရှည်စည်းရိုး၌ရှိကြသောစေတီငယ်များကတော့ တန်ဆောင်းပင်စည်းရိုးနှင့်အတူ ရောထွေး၍ စည်းရိုးခတ်ခြင်း ခံထားရသည်၊ မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင် ရွာများဖြစ်ကြသော်လည်း များပြားလှသော ဘုရားများကို ကိုးကွယ်နိုင်ဟန်မတူ။ မျက်နှာလွှဲထားကြဟန်တူသည်၊ ယာလုပ်ရင်း၊ ထယ်တိုးရင်းတော့ ရှေးဟောင်းပစ္စည်း မြေထည်များ မကြာခဏ ရတတ်ပါသည်။ အဖိုးတန် ရွှေ၊ ငွေများတော့ မဟုတ်ပါ၊ ရှေးဟောင်း မြေဆေးတံ၊ မြေလက်ကောက်နှင့် မြေအိုးမြေခွက်များသာ ဖြစ်ကြပါသည်၊

၁၉၇၀ - ခုနှစ်ဆီက ထိုဒေသရွာများတွင် ကျွန်တော် စာမတတ်သူ ပပျောက်ရေး၊ အသုံးလုံးသင်တန်းဆရာအဖြစ် တာဝန်ကျခဲ့ပါသည်။ ထိုရွာများတွင် ထန်းတောကြီးများက ဝိုင်းနေသည်၊ နွားများ မွေးသည်၊ ဆိတ်များ မွေးသည်၊ သို့သော် နွားနို့၊ ဆိတ်နို့ မသောက်ကြပါ၊ လက်ဖက်ရည်ဆိုင်လည်းမရှိ၊ သို့သော် ထန်းနို့ကထွက်သော ထန်းရည်ခါးကိုတော့ ကြိုက်ကြသည်၊ ထန်းရည်ချိုကိုတော့ ထန်းလျက်ချက်သည်၊ နွားနို့ကိုတော့ မလိုင်ခဲကျိုသည်၊

ကျွန်တော်နှင့် သူငယ်ချင်း စောရချော့လေးက အသုံးလုံးကျောင်းဆရာများဖြစ်ကြသဖြင့် နန္ဒီတောင်ရွာ၊ သူကြီး ဦးဓာတ်မှီအိမ်တွင် စုပေါင်းတည်းခိုကြသည်၊ ကျွန်တော့်တာဝန်က နန္ဒီတောင်ရွာ၊ အသုံးလုံးကျောင်းဆရာ၊ ကိုစောရချော့လေးက မြောက်ရွာတာဝန်ခံကျောင်းဆရာ၊ မြောက်ရွာတွင် သူကြီး ဦးလှထွန်းက အုပ်ချုပ်သည်၊ နန္ဒီတောင်ရွာ၊ မြောက်ရွာဆိုသည်မှာ တကယ်တော့ ရွာတန်းရှည်ကြီး ဖြစ်သည်၊ ရွာနှစ်ရွာကို ရှင်ညီနောင်ဘုရားနှစ်ဆူက ခြားထားသည်၊ ဘုရားနှစ်ဆူမှာ ရှေးဟောင်းဘုရားများ ဖြစ်ကြသော်လည်း ဝင်းမရှိ၊ တံတိုင်းမရှိ။ ဘုရားနှစ်ဆူကြားတွင် တောင်ရွာနှင့် မြောက်ရွာကို ဆက်သွယ်ထားသော (၁၀)ပေခန့်အကျယ်၊ လှည်းသွားလမ်းကလေးသာ ရှိသည်၊ လှည်းလမ်းဆို လည်း ဟုတ်သည်၊ ထိုနေရာက မြေလည်း ကြမ်းသည်၊ အခြောက်အလှန့်လည်း နာမည်ကြီးသည်၊ ရှင်ညီနောင်ဘုရားအနောက်ဘက်တွင် ဘုရားငုတ်တိုတစ်ဆူရှိရာ ကန္တာရဆူးချုံများ ဖုံးအုပ်နေပြီး မြွေဆိုးကလည်း အလွန်ပေါသည်။ ညအချိန် ထိုနေရာကို တစ်ဦးတစ်ယောက်တည်း မဖြတ်သန်းရဲကြ။ မီးတုတ် (သို့မဟုတ်) တုတ်မီးများ ကိုင်သော လူသုံးလေးဦး စု၍ ဖြတ်သန်းကြရသည်၊ ကျွန်တော်က နန္ဒီတောင်ရွာတွင်တာဝန်ကျသဖြင့် ပြဿနာမရှိသော်လည်း သူငယ်ချင်းကျောင်းဆရာ ကိုစောရချော့လေးကတော့ ညစဉ် အကြိုအပို့နှင့် သွားလာနေရသည်၊ ကိုစောရချော့လေးမှာ ကရင်လူမျိုး၊ ထန်းရည်ကြိုက်သဖြင့် သူက အပေါင်းအသင်း၊ တပည့်တပန်းတော့ ပေါပါသည်၊

ကျွန်တော်တည်းခိုနေသောအိမ်မှ အဘ သူကြီး ဦးဓာတ်မှီကလည်း ထန်းရည်ခါးတော့ အလွန်ကြိုက်သည်၊ ထို့ကြောင့် ကျောင်းဆရာ ကိုစောရချော့လေနှင့် အတွဲညီကြသည်၊ တစ်ပတ်တစ်ကြိမ်လောက်တော့ သူတို့နှစ်ဦးတွဲပြီး ထန်းတောတကာလှည့်၍ ထန်းရည်အဝသောက်ကြသည်၊ တစ်ခါတစ်ရံ နေပူပူ၊ ဖုန်ထူထူ၊ လှည်းလမ်းဘေး၊ မိုးနံ့ရှုံ့ထဲတွင် တူဝရီးနှစ်ယောက်လဲနေကြကြောင်း လမ်းသွားလမ်းလာများက သတင်းပေးမှ ကျွန်တော်နှင့် ရွာကာလသားအဖွဲ့ သွားတွဲခေါ်ရသည်၊ ထိုနေ့မျိုးတွင် ကျွန်တော်က နန္ဒီတောင်ရွာ၊ မြောက်ရွာ စာသင်ဝိုင်း(၂)ဝိုင်းကို ကူးသန်းသွားလာပြီး ညဉ့်နက်သည်အထိ စာသင်ရသည်၊ ထိုနေ့မျိုးတွင် ရွာကာလသားများက ဆရာလေးတပန်းသည်ဟုဆိုကာ ညဉ့်လယ်စာ ကြက်သားဟင်း ကာလသားချက်နှင့် ထန်းရည်ခါးဖြင့် ဧည့်ခံတတ်ပြန်သည်။ ကျွန်တော်က ထန်းရည်ခါး မကြိုက်သဖြင့် အနည်းငယ်သာ၊ ထန်းရည်ခါး ကြိုက်သော အဘ ဦးဓာတ်မှီနှင့် ကိုစောရချော့လေတို့က တစ်ရေးနိုးသည်နှင့် မနက်စာ၊ ညစာပေါင်း၍ သမင်း





www.burmeseclassic.com

ထ,စားကြသည်၊ အတော်ပေသော တူဝရီး ဖြစ်သည်၊ အကျင့်စရိုက်က လိုက်လည်း လိုက်ဖက်ပါသည်၊

တင်ပြရန် တစ်ခုလိုသွားသည်။ နန္ဒီတောင်ရွာ၊ ပန်းပဲဖိုအကြောင်း ဖြစ်သည်၊ သူတို့အဆိုအရ ရှေးရှေးဘိုးဘွား၊ ဘီဘင်လက်ထက်ကတည်းက ပန်းပဲမျိုးရိုးဟု သိရသည်၊ နန္ဒီတောင်ရွာမှာ လွန်စွာနာမည်ကြီးသည်၊ ပန်းပဲဆရာကြီးက ဦးကျော်မြင့် ဖြစ်သည်၊ သံကို အလွန်နိုင်ပြီး သံထည်ကို မီးဆေးရာ အလွန်နိုင်သည်၊ ဓားသာမက လယ်ယာသုံးပစ္စည်း သံထည်မှန်သမျှ ဦးကျော်မြင့်ပန်းပဲဖိုက ထွက်သည်၊ တစ်နယ်တစ်ကျော်၊ နာမည်ကျော်ထင်ရှားသော နန္ဒီတောင်ရွာ ပန်းပဲဖို ဖြစ်သည်၊ သံထည်များကိုတော့ စစ်အတွင်း သံပုံက ရသည်ဟု ဆိုသည်၊

— ✡ —

တစ်နေ့ နေ့လယ်တွင် ကျွန်တော် နေ့လယ်စာ စားနေစဉ် လှည်းသမားတစ်ဦး ရောက်လာပြီး –

"ဆရာလေး – ဆရာလေး – ဆရာတို့ရွာက သူကြီး ဦးဓာတ်မှီနဲ့ ကျောင်းဆရာတစ်ယောက် ထန်းရည်မူးပြီး ချစ်တီးတိုက်ဝါကြီးပေါ်မှာ အိပ်ပျော်နေကြတယ်၊ အဲဒီနေရာက မြေအလွန်ကြမ်းပြီး အချောက်အလှန့် အားကြီးတယ်၊ မြေဆိုးလည်း ပေါတယ်၊ ကျွန်တော် နှိုးပြီး လှည်းနဲ့ တင်လာဖို့ကြိုးစားတာ၊ မနိုးတော့ တစ်ယောက်တည်း မနိုင်တာနဲ့ ထားခဲ့ရတယ်၊ ကျွန်တော် နန္ဒီတောင်ရွာ၊ ပန်းပဲဝင်ပြီး ထည်တုံးသ,ဖို့ အပ်ပြီးတာနဲ့ ကုန်းသာရွာကို ပြန်မှာ၊ ဆရာလေး – အပြန်လိုက်ခဲ့ပါ"

"အော် – ဟုတ်ကဲ့ – ဟုတ်ကဲ့၊ ကျွန်တော် လိုက်ခဲ့ပါ့မယ်"

ကျွန်တော်တို့ အသုံးလုံးကျောင်းဆရာများ ထမင်းစားရသည်မှာ ရွာစဉ်လှည့်၍ တစ်အိမ်တစ်နပ် ထမင်းစားရခြင်း ဖြစ်သည်၊ ကျွန်တော် ထမင်းစားပြီးသည်နှင့် အဘ သူကြီး ဦးဓာတ်မှီတို့အိမ် ပြန်ကာ အဘသား အကြီး





**ရှေးဟောင်းဘုရားများအား**

**တောက်တွင်းဖိုးယူသူများရှိသော်လည်း**

**မြစ်စိမ်းဘုရားအား လုံးဝမထိရဲကြ။**

**မြစ်စိမ်းဘုရားမှာ အဖုံးတံတိုင်းမရှိ။ ရင်ပြင်တော်မရှိ။**

**တောစပ်တွင် တည်ရှိသဖြင့် အချိန်မရွေး**

**တောက်တွင်းဖိုးယူနိုင်ရန် အခွင့်အရေး ရှိပါသည်။**

**သို့သော် ကြံစည်ရဲသူမင်မရှိ။**

ဆောင် မိုးတင်နှင့် မိုးအောင်တို့ ညီအစ်ကိုအား ခေါ်ပြီး ထမင်းစားအိမ်တွင် ခရုနွေးကြမ်းနှင့် ပဲကြော်သုပ်ကိုမြည်းကာ စောင့်နေစဉ် ကုန်းသာရွာမှ သတင်းလာပေးသူ၊ လှည်းကြုံရောက်လာသဖြင့် လိုက်ခဲ့ကြပါသည်၊ လှည်းဘာ ရှင်ညီနောင်ဘုရားကို ဖြတ်၍ နန္ဒီမြောက်ရွာထဲ ဝင်သည်၊ မြောက်ရွာမှ ဆောင်ရွာထက် အိမ်ခြေများသည် ဆေးပေးခန်း ရှိသည်၊

www.burmeseclassic.com

မြောက်ရွာကထွက်တော့ ကွင်းခေါင်ခေါင်၊ နေပူကျဲကျဲ၊ အဝေးလှည်းလမ်းဘေးတွင် စစ်ကြိုခေတ်ကတည်းက တည်ရှိခဲ့ပြီး မီးလောင်ပျက်စီးနေသော ချစ်တီးတိုက်ဝါကြီး လေးလုံးကို တန်းစီလျက် တွေ့ရသည်။ တိုက်ဝါကြီးများတွင် အမိုးမရှိတော့၊ မီးလောင်ထားသဖြင့် အောက်ခံအင်္ဂတေနှင့် အကာတံတိုင်းများသာ ကျန်တော့သည်။ ဘာဆေးသုတ်ထားသည်တော့ မသိ၊ ကုလားကြိုက် ဝါဖျော့ဖျော့၊ သုတ်ဆေးရောင်ကတော့ ကျန်နေဆဲပင်။ ၁၉၄၅ - ခုနှစ်၊ တော်လှန်ရေးကာလက ဒေသခံ လယ်သမား၊ ယာသမားများက အရင်းရှင် ချစ်တီးကုလားများအား မီးရှို့သတ်ဖြတ်ထားသောနေရာဟုတော့ သိရသည်။ လူသူအရောက်အပေါက်နည်း၍ တစပြင်လို ငြိမ်သက်တိတ်ဆိတ်နေသည်။

အချိန်ကမွန်းလွဲ (၁) နာရီခန့်၊ အညာနွေ အပူရှိန် အမြင့်ဆုံးအချိန်။ လမ်းဘေးကွင်းပြင်နှင့်ထဲ သစ်ရိပ်၊ ဝါးရိပ် မရှိ။ အဆောက်အအုံပျက်က အမိုးမရှိ၊ ကျွန်တော်တို့ အဆောက်အအုံအပျက်၊ ပထမမြောက် ချစ်တီးတိုက်ဝါကြီး ရှေ့ရောက်တော့ မီးလောင်ထားသည့် အုတ်နံရံ အဆွေးကြီး၏အောက်ခြေတွင် ကပ်လျက်၊ တူဝရီးနှစ်ဦး အိပ်ပျော်နေကြသည်။ ကျွန်တော် ခေါ်ကြည့်သော်လည်း မနိုးပါ။ ပြင်းထန်သော နေရောင်ခြည်က သူတို့မျက်နှာ(ခေါင်းပိုင်း)မှလွဲ၍ တစ်ကိုယ်လုံး လွှမ်းခြုံထားသည်။ ထို့ကြောင့် လှည်းဆရာအား လှည်းကို နောက်သို့ ဆုတ်စိုင်း၍ ကျွန်တော်တို့ အဘနှင့် ကိုစောချော့လေးအား တစ်ယောက်ချင်း လှည်းပေါ် မ,တင်ရသည်။ နေပူရှိန်ကြောင့် ချွေးများ စိုရွှဲနေကြသဖြင့် အဝတ်အစား အလျင်အမြန်လဲရန် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် နေပူမမိစေရန် လှည်းပေါ်၌ ခင်းထားသော ကောက်ရိုးများဖြင့် ဖုံးလွှမ်းပေးရသည်။

လှည်းကို ဒုန်းစိုင်းပြီး ရွာအိမ်ပြန်ရောက်တော့ သန့်ရှင်းရေး ပြုလုပ်ပေးပြီး အဝတ်အစား လဲပေးရသည်။ ထိုအချိန်မှ နှစ်ဦးစလုံး နိုးထ,လာကြပြီး အဝတ်အစားများ ချွတ်၍ လဲပေးသည်ကို ရှက်သည်ဆိုပဲ၊ သူကြီးကတော် အဒေါ်၊ ဒေါ်မြမုံကတော့ တတွတ်တွတ် ဆူနေသည်။ သို့သော် သူမက သူကြီးကိုတော့ ကြောက်ရသည်။ ကျွန်တော်က ရေတိုက်တော့ အဘက -



"ကျောင်းဆရာလေး - ဟိုဟာ မရှိဘူးလား"

"ဘယ်ဟာတုံး - အဘရဲ့"

"အရက်ဖြစ်ဖြစ်၊ ထန်းရည်ဖြစ်ဖြစ်ပေါ့ကွာ"

သားလုပ်သူ အကြီးကောင် မိုးတင်က အခန်းထဲမှ သွားယူပေးသည်။ အရက်ဖြူတစ်ပုလင်းဖြစ်သည်။ နှစ်ဦးသား ပုလင်းလိုက် မော့ကြပြန်သည်။

"အဘတို့ - မွန်းတိမ်းနေပြီ၊ အစာ ထ,စားကြပါဦး၊ တော်ကြာ - အစာအိမ်ကို ဒုက္ခပေးလိမ့်မယ်"

"ဝါး - ဟား - ဟား - ဟား"

နှစ်ဦးစလုံး အော်ရယ်ကြသဖြင့် အပ,မှီသလားဟု ကျွန်တော်လန့်သွားသလို သူကြီးကတော်ကလည်း လှမ်းကြည့်သည်။

အဘက ထိုအခါမှ -

"ငါတို့တူဝရီးက မနက်က ထမင်းကြော် စားပြီးမှ ထွက်ကြတာ၊ ဒီနေ့အရှေ့တောက ထန်းရည်မရသေးလို့အနောက်တောသွားကြတာ၊ အနောက်တောက ပုစွန်ဆိတ် သောက်ရတာ အားမရတာနဲ့ ကုန်းသာရွာ၊ ငါ့သူငယ်ချင်းအိမ်မှာ ကြက်ဖကြီးတစ်ကောင်လုံး ချက်နိုင်းပြီး ထန်းလျက်အရက်နဲ့ မြည်းကြတာ၊ ဗိုက်ကို ပြည့်လို့ ...၊ အဲ့ဒါ ဗိုက်လေးပြီး အိပ်ချင်တာနဲ့ ချစ်တီးတိုက်ပျက်ထဲ ဝင်အိပ်နေတာ၊ အေးနေတာပဲ၊ မင်းတို့ တော်တော်အလိုက်သိတဲ့ကောင်တွေ၊ အိပ်မက်က ကောင်းခန်းရောက်ခါနီးမှ လန့်နိုးရတယ်"

"ဟုတ်ပါ့ဗျာ၊ ကျွန်တော်ရောပဲ - အဘရေ"

"အဘတို့ ဘာတွေများ အိပ်မက် မက်ကြလို့လဲ၊ နှစ်ယောက်တစ်အိပ်မက်တော်များ ဖြစ်နေကြရော့သလား"

ထိုအခါမှ အဘက -

"စောကြီး - မင်း ဘာမက်လို့လဲ၊ ပြောစမ်းပါဦး"

"ကျွန်တော်တို့တူဝရီးကို ချစ်တီးကုလားကြီးက လှမ်းခေါ်လို့ သူ့အိမ်ထဲ ဝင်လည်တာလေ၊ အိမ်ထဲရောက်တော့ အိမ်ဖော်မကလေးတွေကို ခေါ်နိုင်းပြီး အကောင်းစား စပျစ်ရည်နဲ့ ဒိန်ခဲနဲ့ ကျွေးတာ အရသာရှိလိုက်တာဗျာ၊ စပျစ်သီးနဲ့ ငှက်ပျောသီးအကောင်းစားတွေတောင်ပါသေး ..."

www.burmeseclassic.com

"ဟ - ဒါဆို - ငါ့အိပ်မက်နဲ့ အတူတူပဲ - စောကြီးရ၊ ညှော်ခံတဲ့ ကောင်မကလေးတွေက ဗမာမကလေးတွေဟ ..."

"ဟုတ်ပါ့ဗျာ - ချစ်တီးကုလားကြီးက အတော်သဘောကောင်းတယ်၊ သူတို့ဆီမှာ လာနေမလား၊ ရတနာပစ္စည်းတွေ ပေးမယ်လို့တောင် ပြောသေးတယ်၊ အဲ့ဒါကို ကျွန်တော်နဲ့အဘက တိုင်ပင်ပြီး ခေါင်းညိတ်ခါနီးမှာ လူသံတွေ ကြားရပြီး ကျွန်တော်တို့ အိပ်ပျော်သွားကြတာပဲ၊ အဘ - ဟုတ်တယ်နော်"

"ဟုတ်ပါ့ဗျာ - ငါ့တူနဲ့အဘက နှစ်ယောက်တစ်အိပ်မက်မက်ပြီး ပစ္စည်းရခါနီးမှ ဆရာလေးတို့ လာခေါ်တာ ထင်ပါရဲ့..."

"အဲဒါ တော်တို့ကို ကြပ်ကုန်းက လာခေါ်တာ၊ ခေါင်းညိတ်သဘောတူလိုက်တာနဲ့ အသက်ပျောက်ပရောပဲ၊ ဆရာလေး ကိုသိန်းဝင်းတို့ ကျေးဇူးကြောင့် အသက်ပြန်ပါလာတာ၊ နောက်တစ်ခါဆို ပြီးရောပဲ ..."

"ဟုတ်ရဲ့လား - ရှင်မရာ"

အဘ လေသံ ပျော့သွားသည်၊

"တော် မယုံရင် ရွာထဲ နားလည်တဲ့ ဘိုးဘွားတွေကို မေးကြည့်ပါလား"

ကျွန်တော်က ကြုံတုန်း -

"အဘ - အဲဒီချစ်တီးတိုက်ဝါကြီးတွေအကြောင်း ရွာထဲမှာ ပြောဆိုနေသံတော့ ကြားရပါတယ်၊ စိတ်ဝင်စားဖို့ တကယ်တမ်း စေ့စေ့ပေါက်ပေါက် မေးကြည့်တော့ အသေအချာမပြောနိုင်ကြဘူး၊ အဘလည်းအသက်အရွယ်အရ မီလိုက်မယ် ထင်ပါတယ်၊ ပြောပြပါလား - အဘရာ"

"အေး - ကျောင်းဆရာရဲ့ - အဘအသက်အရွယ်နဲ့ မီပါတယ်၊ အဘကို အင်္ဂလိပ်ခေတ်နှောင်းပိုင်းမှာ မွေးတာ၊ ဂျပန်တစ်ခေတ်လုံးလည်း မီပါတယ်၊ ဒါပေမဲ့ - ၁၉၄၅ - ခုနှစ်၊ မတ်လ(၂၇)ရက်နေ့မှာ တော်လှန်ရေး လုပ်တော့ အဘအသက်က (၁၀)နှစ်ကျော်ပေါ့၊ အဲဒီ့အချိန်မှာ အဘအဘိုးက အညာဆန်လှေကြီးနဲ့ ကုန်ကူးနေတော့ အဘလည်း ကလေးပီပီ လိုက်သွားတာနဲ့ အောက်ပြည်အောက်ရွာမှာ တော်လှန်ရေးကာလတစ်လျှောက်လုံး သောင်



ထင်နေခဲ့တယ်၊ တိုက်ဝါကြီးကိစ္စကို အဘမမီလိုက်ဘူး၊ အဘက ဒီရွာမှာပဲ မွေးတော့ ချစ်တီးကုလားတွေ အတိုးကြီးနဲ့ ငွေချေးပြီး အော်ဒီမန်လို့ခေါ်တဲ့ စာချုပ်တွေနဲ့ စာချုပ်ချုပ် ငွေချေးပြီး အတိုးမပေးနိုင်တဲ့သူတွေဆီက လယ်သိမ်း၊ ယာသိမ်း၊ ကျွဲ နွားတွေ သိမ်း၊ သားပျို၊ သမီးပျိုတွေ သိမ်းတာတော့ အဘမြင်ဖူးတယ်၊ အဲ့ဒီအချိန်က အဘတို့အဘိုးက ကုန်သည်ဆိုတော့ ချစ်တီးတွေနဲ့ မပတ်သက်ဖူးဘူး၊

အဲ့ဒီချစ်တီးတိုက်ဝါတန်းအကြောင်းကို လုံးစေ့၊ ပတ်စေ့ သိတာကတော့ အဘတို့ နေ့လယ်က သွားစားသောက်ခဲ့တဲ့ ကုန်းသာရွာက ဦးအောင်သန်းပဲ၊ ရွှေသွားကြီးနဲ့လေ ...၊ အဘအိမ်ကိုလည်း မကြာခဏ လာပါတယ်၊ တိုက်ဝါတန်းက ကုန်းသာရွာနဲ့လည်းနီးတော့ သူလာမှ မေးကြည့်ပေတော့၊ သူက အကုန်သိတယ်"

"ဟုတ်ကဲ့ပါ - အဘ"

— ✡ —

ကျွန်တော် အဘ ဦးအောင်သန်းကို စောင့်မျှော်နေမိသည်၊ အဘ ဦးအောင်သန်းကလည်း မျှော်ခါမှ ပေါ်လာခဲတော့သည်၊ တစ်ပတ်ခန့်အကြာ၌ စက်ဘီးတစ်စီးနှင့် ပေါက်ချလာသည်၊ ကျောက်ဆည်သို့ ဈေးဝယ်သွားရန် အဘ ဦးမာတ်မှိုအား ဝင်ခေါ်ခြင်းဖြစ်သည်၊ သူတို့က သည်လိုပင် သူငယ်ချင်းနှစ်ယောက် စက်ဘီးကိုယ်စီဖြင့် သွားကြပြီး ဈေးဝယ်စားသောက်ပြီးမှ ညနေပိုင်း အေးအေးလူလူ ပြန်လာလေ့ ရှိပါသည်၊

"အဘ ဦးအောင်သန်းရယ် - မျှော်လိုက်ရတာဗျာ၊ အခုမှပဲ ပေါ်လာတော့တယ်"

"ဘာကိစ္စရှိလို့လဲ - ဆရာလေး"

ကျွန်တော်က ပြီးခဲ့သော အပတ်က အဘ ဦးမာတ်မှိုတို့ ကြုံခဲ့ကြသော တိုက်ဝါကြီးများတွင် အိပ်ခဲ့သည့် နှစ်ယောက်တစ်အိပ်မက်အကြောင်းကစ၍ ပြောပြရာ၊ အဘ ဦးအောင်သန်းက -



www.burmeseclassic.com

www.burmeseclassic.com

"အေး – ဟေ့ – ကိုဓာတ်မှီတို့ကတော့ အသက်ပဲ(၆၀) ကျော်နေပြီ၊ ငယ်စဉ်ကလို တေတုံး၊ ပေတုံးပဲ၊ ကိုယ်လည်း ကိုယ် ငဲ့ဦးဟ၊ သူကြီးဆိုတာ နည်းတဲ့အဆင့် မဟုတ်ဘူး၊ လူမလေးစား၊ ခွေးမခန့်အောင်တော့ မနေနဲ့၊ ကျုပ်က လှည်းနဲ့ လိုက်ပို့မယ်ဆိုတော့ ရပါတယ် – မမူးသေးပါဘူးဆိုပြီး တူဝရီးနှစ်ယောက် သိုင်းကွက်နင်းပြီး ပြန်သွားကြတာ ကံကောင်းလို့ပေါ့၊ အဲ့ဒီနေရာက မြေကြမ်းတယ်၊ မြွေဆိုးပေါတယ်"

"အဘ – အဲဒီတိုက်ဝါကြီးတွေအကြောင်း သိချင်လို့ပါ၊ တိုက်ဝါကြီးတွေကို မီးရှို့တုန်းက အဘပါတယ်ဆို ..."

"အေး – ကိုဓာတ်မှီက ဖော်ကောင်လုပ်ပြန်ပြီထင်တယ်၊ အဲဒီအချိန်မှာ အဘက ကိုဓာတ်မှီနဲ့ သက်တူရွယ်တူဆိုတော့ (၁၀) နှစ်သားကျော်ကျော်ပဲ ရှိဦးမှာပါ၊ ကလေးပီပီ အဘတို့အပေါ် ကုတ်သွေးစုပ်တဲ့ချစ်တီးတွေ၊ ကျွဲနွားလယ်ယာတွေကိုသိမ်းတဲ့ အမြတ်ကြီးစား၊ သွေးစုပ်ဖုတ်ကောင်တွေ၊ တော်လှန်ရေး၊ ရဲဘော်တွေ ဝင်လာတာနဲ့ ဝိုင်းဖမ်းကြပြီး မိသားစုအလိုက် ကြိုးတုပ်ပြီး တိုက်ကြီးတွေကိုပါ မီးရှို့ လောင်တိုက်သွင်းပစ်လိုက်ကြတာ အားရပါးရပဲ၊ အဲဒီတုန်းက မညှာမတာပဲဟေ့၊ လုလုကြီး ကလဲ့စားချေကြတာ၊ အခုအသက်ကြီးမှ ပြန်ပြီးစဉ်းစားမိတာ၊ ကောင်းတော့ မကောင်းဘူးပေါ့ကွာ၊ ဗမာ့ထုံးစံအတိုင်း ကောက်ရိုးမီးပေါ့၊ သွေးဆူနေရှိန်ကိုး ...၊ ပြီးတော့လည်း ပြီးတာပါပဲလေ ..."

"အဘတို့ ချစ်တီးတွေဆီက ဘာမှမရလိုက်ဘူးလား ..."

"မရပါဘူး – ဆရာလေးရယ်၊ ခေါင်းဆောင်လုပ်သူက ဘာမှမယူရဘူးတဲ့၊ အဲ – ကျွဲ၊ နွားနဲ့ ကျွန်အဖြစ် သိမ်းထားသူတွေကိုတော့ ပြန်ခေါ်ရတာပေါ့၊ အဲဒီအချိန်တုန်းက ချစ်တီးကုလားတွေက ပစ္စည်းသိမ်းရင် မလှန်နိုင်အောင် လက်ရုံးလူမိုက်အဖွဲ့လည်း ဖွဲ့ထားသေးတယ်၊ ဓားကိုင်၊ တုတ်ကိုင်အဖွဲ့ပေါ့၊ အဘတို့က အဲဒီ့အကောင်တွေပါဖြို့တာ၊ ဝိုင်းရိုက်ပြီး မသေမရှင်မှာ မီးလောင်တိုက်သွင်းပစ်တာ၊ အပေါင်ထားတဲ့ အော်ဒီမန်စာချုပ်တွေပါ မီးရှို့ပစ်တာ၊ အဘတို့က လက်စားချေပြီးတာနဲ့ လှည့်မကြည့်ဘဲ ပြန်ခဲ့တာ၊ အဲဒီ့ကတည်း



ဘာ ချစ်တီးတိုက်ဝါတန်းမှာ နေဝင်တာနဲ့ အခြောက်ကြမ်းလိုက်တဲ့သရဲ ညတတ်ကိုစွ အရေးကြီးရင်တောင် လူလေးငါးယောက်စုပြီး မီးတုတ်နဲ့ သွားရသား နှစ်အတော်ကြာပေါ့၊ အခု – ဆရာလေးတို့ ရောက်လာကြပြီးခေတ်နှစ်တွေ ပြောင်းသွားမှ ငြိမ်သွားတော့တာ"

"နှစ်ကြာလို့ ကျွတ်သွားကြတာလား – အဘ"

"ကျွတ်သွားပုံတော့ မရဘူး၊ ငြိမ်ရုံ ငြိမ်သွားတာ ..."

"ဘာထူးသေးလို့လဲ – အဘရယ်"

"ချစ်တီးကုလားတွေက ပစ္စည်းဥစ္စာ အစွဲအလမ်းနဲ့ သေကြတာဆိုတော့ ကျွတ်ကြဘူးထင်ပါရဲ့၊ ဘာသာခြားတွေဆိုတော့ ရပ်ရွာကလည်း ဘာမှ ပေးမပေးနိုင်ဘူးလေ၊ သူတို့ တိုက်ပျက်တွေအထဲ ဝင်ရုံဝင်ရင်တော့ ဘာမှ ခြောက်ကြပေမဲ့ အထဲက ပစ္စည်းတစ်ခုခု ယူလာမိရင်တော့ တစ်ညလုံး အိမ်ကို ခဲနဲ့ ပစ်ပြီး ခြောက်တော့တာပဲ၊ မြွေတွန်သံတွေကလည်း အိမ်ပတ်လည် ညံနေတာ၊ အဲဒါ တစ်ညတည်း မဟုတ်ဘူး၊ ရက်ဆက် – ယူလာခဲ့တဲ့ ပစ္စည်းကို ပြန်ထားမှ အခြောက်အလှန့် ငြိမ်သွားတော့တာ၊ အင်မတန်ထူးဆန်းတယ်"

— ✡ —

ထိုနေ့ညနေက အဘ ဦးဓာတ်မှီနှင့် အဘ ဦးအောင်သန်းတို့ စက်ဘီးနှစ်စီးပေါ်တွင် ပစ္စည်းများ တစ်ပုံတစ်ပင်နှင့် ပြန်လာခဲ့ကြသည်၊ အဘ ဦးအောင်သန်းက ကုန်းသာရွာ နေအိမ်တွင် အိမ်ဆိုင်ကလေး ဖွင့်ထားသဖြင့် ဆိုင်းကုန်များ တင်လာကြဟန်တူပါသည်၊ စက်ဘီးနှစ်စီး အိမ်ရှေ့ရပ်တော့ ကျွန်တော်က ကြိုဆိုရင်း –

"အဘတို့ – ဒီနေ့ စောသားပဲ"

"မပြောချင်ပါဘူးကွာ၊ အောင်သန်းပေါ့၊ သူ့အိမ်ဆိုင်အတွက် ပစ္စည်းယ်တာ များသွားလို့ အဘစက်ဘီးပေါ်ပါ တင်လာခဲ့ရတာ၊ ဒီနေ့တော့ ဈာမိတာပဲ၊ ပစ္စည်းတွေများတော့ အရက်တောင် ကောင်းကောင်းမသောက်

www.burmeseclassic.com

ခဲ့ရဘူး။ လမ်းမှာ လဲမှာစိုးလို့ တေတောပြန်ခဲ့ရတာ။ အခုလည်း ကုန်းသာရွာကို
သွားပစ္စည်းတွေ လိုက်ပို့ရဦးမယ်၊ ဖိမ်မရှိပါဘူးကွာ၊ ဒီနေ့ တကယ် ပင်ပန်း
တယ်"

"အဲ့ဒါဆိုလည်း ကိုဓာတ်မှီရယ် - ကျုပ်ပစ္စည်းတွေကို မနက်ဖြန် မနက်
မှလာသယ်ပါတော့မယ်၊ ခင်ဗျားနားပါ။ ကဲ - အချိန်ရှိတုန်း ကျုပ်ပြန်လိုက်ဦး
မယ်"

"ဟာ - အဘဦးအောင်သန်းကလည်း ကျွန်တော် လိုက်ပို့မှာပေါ့၊ ဖေ
တာမှ မဟုတ်ဘဲ ..."

"နေပါစေ - ဆရာလေးရယ်၊ အပြန် ဆရာလေးတစ်ယောက်တည်း
တိုက်ဝါကြီးတွေရှေ့က ဖြတ်ရမှာ၊ ဆရာလေး - အပြန်ခရီးက နွားရိုင်းသွင်
ချိန် ဖြစ်သွားလိမ့်မယ်"

"ပြောနေကြာပါတယ်၊ အဘ ဦးအောင်သန်းရယ်၊ လာစမ်းပါဦး၊ ကျွန်
တော် စက်ဘီးနင်းလည်း ကျွမ်းပါတယ်"

"ကဲ - ပြောမရလည်း သွားကြစို့"

အဘ ဦးဓာတ်မှီက -

"ဆရာလေး - လှည်းလမ်းကြောင်းမှာ နင်းရမှာနော်၊ ချော်မလဲစေနဲ့
နောက်ပြီး - ဆရာလေးကအသုံးလုံးသင်တန်း - စာပြရဦးမယ်၊ မိုးတော့မချု
စေနဲ့၊ အဖော်လည်း ပါတာမဟုတ်ဘူး"

"ဟုတ်ကဲ့ - စိတ်ချပါ - အဘ၊ ကျွန်တော် ချက်ချင်းပြန်ခဲ့ပါ့မယ်"

ဟုတ်တော့လည်း ဟုတ်ပါသည်၊ စက်ဘီးနောက် ကယ်ရီယာက တင်
လာသော မုန့်ထုပ်နှင့် ပစ္စည်းများမှာ မလေးသော်လည်း အတော်များသည်
ရွာလမ်းအတွင်းနင်းတော့ ပြဿနာမရှိသော်လည်း ရွာပြင်လမ်းရောက်
တော့ လှည်းဘီးရာ (၂) ခုအကြား စက်ဘီးလမ်းက ယောင်ယောင်ကလေး
သေးချော်သည်နှင့် နက်ပြီး ဖုန်ထူသော လှည်းဘီးလမ်းထဲကျပြီး စက်ဘီး
လဲနိုင်သဖြင့် အတော်သတိထားရသည်၊ အရပ်မြင့်ပြီး ခြေတံ လက်တံရှည်
သော ကျွန်တော်ပင် မနည်းအားစိုက်ရသည်၊ တိုက်ဝါကြီးတွေရှေ့ရောက်

တော့ လမ်းက ဖုန်အတိ လမ်း၊ စက်ဘီးနင်း၍မရတော့သဖြင့် ဆင်းပြီး တွန်း
ရသည်၊ တစ်ဖာလုံခန့် တွန်းပြီး ကုန်းသာရွာအဝင်လမ်းကျမှ စက်ဘီး ပြန်စီး
နိုင်ရသည်၊

ကုန်းသာရွာ အဘ ဦးအောင်သန်းအိမ်ရောက်တော့ အိမ်သားများက
ပစ္စည်းများကို ဝိုင်းချပေးသည်၊ ကျွန်တော့်အား အမောပြေ ရေနွေးကြမ်းနှင့်
လက်ဖက်သုပ်ကျွေးကြသည်၊ ကျွန်တော်စားသောက်နေစဉ်အဘဦးအောင်
သန်းက -

"ဆရာလေးတို့နန္ဒီရွာက ထန်းလျက်နဲ့ ဒိန်ခဲလုပ်ငန်းရွာ၊ ကျုပ်တို့ရွာက
သာသမားရွာ၊ ကြက်သွန်၊ ငရုတ် ပေါတယ်၊ အိမ်စားဖို့ ထည့်ပေးလိုက်မယ်၊
ကြက်သွန်အဖြူရော အနီပါ အိတ်ကလေးနှစ်လုံး ...၊ ကဲ - ဆရာလေး - နေ
ရောင်ကလေးရှိတုန်း - ပြန်ရော့ပဲ"

"ဟုတ်ကဲ့ပါ - အဘ"

ကျွန်တော် စက်ဘီးကိုသွက်သွက်နင်း၍ပြန်ခဲ့သည်၊ နောက်စိတ်လည်း
ဆို၍ သွက်ပါသည်၊ ကုန်းသာရွာလမ်းဆုံရောက်တော့ ဖုန်တောလမ်းကြီး၊
နေရောင်ကလေးကတော့ ရှိသေးသည်၊ စက်ဘီးစီးမရတော့သဖြင့် ဖုန်
တောလမ်းတွင် ဆင်း၍ စက်ဘီးတွန်းရသည်၊ စက်ဘီးမှာ အတော် လေးလံ
နေသည်၊ နောက်ကယ်ရီယာပေါ်တွင် တစ်ပိဿာခန့်စီသာ ပါသည့် ကြက်
သွန်အိတ်ကလေးက နှစ်အိတ်တည်း ...၊ သို့သော် လူဝကြီးတစ်ယောက် စီး
ထားသလို အလွန်လေးလံနေသည်၊ ဖုန်ဆွဲသည်ဆိုရအောင်ကလည်း ဖုန်
ထုက ဘီးမြုပ်သည်မဟုတ်၊ ညာဘက်ပတ်ဝန်းကျင်ကို ကြည့်တော့ မီး
လောင်ပြီး ပျက်စီးနေသည့် ချစ်တီးတိုက်ဝါပျက်အတန်းကြီး၊ ခရီးလမ်းသွား
သမ်းလာလည်း မရှိတော့၊ နွားရိုင်းသွင်းချိန်၊ အညာမှာ နွားရှားး၍ထင့်၊ နွား
နိုင်းအုပ်လည်း မမြင်ရ၊

ကျွန်တော် တိုက်ဝါပျက်တန်းဘက် မရဲတရဲ ကြည့်မိတော့ လူပ်ရှားမှု
တော့ မတွေ့ရ၊ သို့သော် တဟားဟား၊ တဝါးဝါးရယ်သံများကိုတော့ အတိုင်း
သားကြားနေရသည်၊ ဘယ်လိုပါလိမ့်၊ စိတ်အထင် မဟုတ်ပါ၊ ထိုစဉ် လေပွေ

www.burmeseclassic.com

ကလေးကရှပ်ပြေးလာပြီး ကျွန်တော့်အနီးရောက်မှ ကြီးမားလာကာ ဖုန်လုံးကြီးက ကျွန်တော်နှင့် စက်ဘီးအား ဖုံးအုပ်သွားသည်၊ တဟားဟား ရယ်သံကြီးကို အနီးကပ်ကြားရပြီး လေပွေကလေး လွင့်သွားတော့ ကျွန်တော့်တစ်ကိုယ်လုံး ဖုန်မှုန့်များဖြင့် ဖြူဖွေးပြီး ကျန်ခဲ့သည်၊ တိုက်ဝါပျက် အတန်းဘက်မှ တဟားဟားရယ်သံကြီးကို ကြားရပြန်သည်၊ အဆက်မပြတ် ရယ်မောသံကြီး၊ ကျွန်တော် မကြောက်လန့်မိသည်ကတော့ ထူးဆန်းနေပြန်သည်၊

နေဝင်ပြီဖြစ်သော်လည်း အလင်းရောင်ဖြူဖြူလေးတော့ ကျန်နေသေးသည်၊ အသုံးလုံးသင်တန်းရှိသေး၍ အမြန်နင်းလိုသော်လည်း ဖုန်လမ်းကြီး လွတ်တော့ လှည်းလမ်းကြောင်းက ကျဉ်းပြီး ကြမ်းသဖြင့် ဖြည်းဖြည်းမှန်မှန်သာ စက်ဘီးကို နင်း၍ပြန်ခဲ့ပါသည်၊ အိမ်ပြန်ရောက်လျှင်တော့ ခေါင်းလျှော်ပြီး ရေချိုးရပေလိမ့်မည်၊ တစ်ကိုယ်လုံး ချွေးစီးနှင့်ဖုန်များက ကပ်နေသည်၊

နန္ဒီမြောက်ရွာထိပ်ရောက်တော့ အဘဦးဓာတ်မှိုက စောင့်နေသည်၊

"ဆရာလေး - အဆင်ပြေရဲ့လား၊ ဆရာလေးကို လေပွေလုံးကြီး ဖုံးသွားတာ လှမ်းမြင်နေရတယ်၊ လေပွေလုံးထဲမှာ ချစ်တီးကုလားကြီးလိုလို၊ ဖိုးသူတော်လိုလို ဝတ်ရုံဖြူဝတ်လူကြီးတစ်ယောက်ကိုလည်း လွှားခနဲ လွှားခနဲ ပြေးနေတာမြင်လိုက်ရသလိုပဲ၊ ထူးဆန်းလိုက်တာဗျာ၊ ဆရာလေး မကြောက်ဘူးလား"

"မကြောက်ပါဘူး - အဘရယ်၊ စက်ဘီးက အရမ်းလေးပြီး ဖုန်က ဆွဲနေလို့ ဆင်းတွန်းရတာ၊ လေပွေမွှေ့လာတာနဲ့ တစ်ကိုယ်လုံး ဖုန်တွေဖုံးသွားတာ၊ အဘ - လမ်းလျှောက်ပြန်ခဲ့တော့ ကျွန်တော်စက်ဘီး အမြန်နင်းပြီး ခေါင်းလျှော်ရေချိုးရဦးမယ်"

"အေး - အေး - သွားနှင့်တော့၊ အဘ - ဆရာလေးကို စိတ်မချလို့ လိုက်လာတာ၊ ရွာလယ်ပိုင်း သူကြီး ဦးလှထွန်းအိမ် ဝင်ပြီးမှ ဖြည်းဖြည်းပြန်လာခဲ့တော့မယ်"



"ဟုတ်ကဲ့ပါ - အဘ၊ ကျွန်တော် ပြန်နှင့်ပြီ"

ကျွန်တော် သူကြီးအိမ်ပြန်ရောက်တော့ ကြက်သွန်အိတ်နှစ်အိတ်အား သူကြီးကတော်ကို အပ်ပြီး ရွာထိပ် ဘုန်းကြီးကျောင်းရေတွင်းသွား၍ ခေါင်းလျှော်၊ ရေချိုးရသည်၊ ပြီးသည်နှင့် အဝတ်အစားလဲ၊ ညစာပင် မစားနိုင်တော့ဘဲ အသုံးလုံးသင်တန်းကို ဝင်ရတော့သည်၊ ထိုညက (၉) နာရီကျော်မှ သင်တန်းပြီး၍ ညစာ စားပြီး စက်ဘီး မစီးတာကြာ၍ မောမောနှင့် အိပ်ရာဝင်ခဲ့သည်၊ သူငယ်ချင်း အံသုံးလုံးဆရာ စောရော့လေးအဘ ဦးဓာတ်မှိုတို့ ဘယ်အချိန် ပြန်ရောက်နေသည်ကိုပင် မသိတော့ပါ၊



"ချစ်တီးကုလားတွေက
ဝမ္ဘည်းဥစ္စာအစွဲအလမ်းနဲ့
သေကြတာဆိုတော့
ဝကျွတ်ကြဘူးထင်ပါရဲ့။
ဘာသာခြားတွေဆိုတော့
ရပ်ရွာကလည်း ဘာမှလုပ်မပေးနိုင်ဘူးလေ။
သူတို့ တိုက်ပျက်တွေအထဲ ဝင်ရှုံဝင်ရင်တော့
ဘာမှမဖြစ်ကြပေမဲ့ အထဲက ဝမ္ဘည်းတစ်ခုခု ယူလာမိရင်တော့
တစ်ညလုံး အိမ်ကိုခဲနဲ့ ပစ်ပြီး ခြောက်တော့တာပဲ။
မြွေတွန်သံတွေကလည်း အိမ်ဝထဲလည် ဆူညံနေတာ။

www.burmeseclassic.com

ထိုညက ကျွန်တော် အိပ်မက် မက်သည်။ အိပ်မက်ထဲတွင် ကျွန်တော် တိုက်ဝါကြီး (၄)လုံးအနက် ပထမဆုံးတိုက်ဝါကြီးအပေါ်သို့ရောက်နေသည်။ ကုလားအဝတ်ကုတင်ပေါ်တွင် အိပ်နေသော ကုလားကြီးက ကျွန်တော့် အား -

"ကောင်ကလေး - မင်းကို ငါ သဘောကျတယ်။ မင်းက ဒီနယ်သား မဟုတ်ဘူး။ စိတ်ကောင်းရှိတယ်၊ ဒါကြောင့် ငါပိုင်တဲ့ရွှေတွေ ပေးချင်တယ်။ အခု ငါအိပ်နေတဲ့ခေါင်းရင်း ခေါင်တိုင်အလယ်တိုင်ထဲမှာ ရွှေတွေ မြှုပ်ထား တယ်။ တူးယူပါ။ မနက်ဖြန်မနက်စောစော လာတူးပါ။ အဖော်မခေါ်ခဲ့နဲ့။ အန္တရာယ် မရှိစေရဘူး၊ ငါ စောင့်ရှောက်ပါ့မယ်၊ မနေ့က မင်းကို ငါ စ,ရတာ အရမ်းပျော်တယ်၊ မင်းက ဆဲလည်းမဆဲဘူး၊ သည်းခံတတ်တယ်၊ ယောကျ်ား ပီသတယ်"

ကျွန်တော် အိပ်မက်က လန့်နိုးတော့ ညဥ့်သန်းခေါင်ကျော် အပေါ့အပါး ထ,သွား၊ ရေသောက်ပြီး ပြန်အိပ်တော့ ချက်ချင်း အိပ်ပျော်သွားပြန်သည်။ ကျွန်တော် နောက်တစ်ချိန်ပြန်နိုးတော့မနက်(၅)နာရီခန့် မျက်နှာသစ်၊ ဘုရား ကို ခေတ္တအာရုံပြု၊ ရှိခိုးပြီး အိမ်ရှေ့ကွပ်ပျစ်အောက်မှ တူရွင်းတစ်ချောင်းကို ယူပြီး အဘစက်ဘီးဖြင့် မနက်စောစော ဝေလီဝေလင်း မြောက်ဘက် ချစ်တီး တိုက်ဝါကြီးများဘက်တန်းသို့ အသော့နင်ထွက်ခဲ့ပါတော့သည်။

နွေရာသီဖြစ်၍ နေလုံးကြီး မထွက်သေးသော်လည်း အလင်းရောင်ဖြူ ဖြူက ရနေပြီဖြစ်သဖြင့် လမ်းကို ကောင်းစွာမြင်ရသည်။ တိုက်ဝါကြီးရှေ့ ရောက်တော့ စက်ဘီးကို ဆီးပင်ချုံကွယ်တွင် လှဲထားခဲ့ပြီး ပထမဦးဆုံး တိုက် ဝါပျက်ကြီးအပေါ်သို့ တက်ခဲ့သည်။ အိပ်မက်ထဲကအတိုင်း ချစ်တီးကုလား ကြီး၊ အဝတ်ကုတင်နှင့် အိပ်နေသည်ကို မတွေ့ရသော်လည်း ကုလားကြီး ညွှန်ပြသည့် အလယ်ခေါင်တိုင်ကို ကျွန်တော် မှတ်မိသည်။ အဆောက်အဦ မှာ အမိုးမရှိတော့ အလယ်ခေါင်တိုင်က ထီးထီးကြီး။ RC တိုင်ဖြစ်သော် လည်း သံချောင်းထည့်မထား၊ (၁၄)လက်မ အုတ်ပုံ စီထားခြင်း ဖြစ်ပြီး မီး လောင်ထား၍ရာသီဥတုဒဏ်ကြောင့် ဆွေးမြည့်နေချေပြီ၊ ကျွန်တော် သံတူး ရွင်းဖြင့်တဖြည်းဖြည်းဖဲ့ချတော့အုတ်နှင့်အင်္ဂတေမှာ ဆွေးမြည့်နေပြီဖြစ် သဖြင့် အလွယ်တကူ ပဲ့ကျသွားသည်။ မကြာမီ တိုင်ဝက်ကျိုးတော့ ကြေးဝါ ရောင် ရေးဟောင်းကွမ်းအစ်ကြီးတစ်လုံး မြှုပ်ထားရာမှ ပေါ်လာသည်။ ကျွန် တော် တဖြည်းဖြည်း ဖဲ့၍ဆွဲထုတ်တော့ ရှေးဟောင်းကွမ်းအစ်ကြီး၊ အဖုံးဖွင့် ကြည့်တော့ ပထမအံပေါ်တွင် ငွေဖလား (၄)လုံး၊ ထိုအံကို တွေ့လိုက်တော့ အတွင်းကွမ်းရွက်ထည့်သော အံကြီးအထဲတွင် ရေှ့ခေါင်းတုံးရွှေဒင်္ဂါးပြား များကအပြည့်၊ ကျွန်တော် ကြက်သွန်ထည့်သော ဂုန်နီအိတ်ဟောင်းဖြင့် ထည့်၍ စက်ဘီးနောက် ကယ်ရီယာတွင် တင်၍ပြန်ခဲ့ပါတော့သတည်း။

ဘာပဲဖြစ်ဖြစ် သူတို့ကောင်းရာမွန်ရာ မြင့်မြတ်သောဘုံဘဝကို ရောက် ဖို့ကျွန်တော် ဆက်လက်ဆောင်ရွက်ရမည့်တာဝန်ဖြစ်ပါသည်။ သူတို့ဘက် က တာဝန်ကျေသလို ကျွန်တော်ကလည်း တာဝန်ကျေရပါမည်၊ ရရှိသော ပစ္စည်းအချို့ကို ထုခွဲရောင်းချကာ ကောင်းမှုပြုလုပ်ရပေမည်။

>> ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com




# ကျိန်းတောင်က ကျောက်ဆစ်သမား

ဝေယံလင်းခေါ်

ယာ တောင်ရင်း ရွာသူရွာသားများသည် နွေရောက်ပြီဆို လျှင် ကန်ရေ ခန်းခြောက် သွားသော ပြဿနာနှင့် နှစ်စဉ်နှစ်တိုင်း ကြုံတွေ့ကြရသည်။ ထို့ကြောင့် ဤနှစ်မှာတော့ စမ်းအောက်၌ ကျောက်ရေတွင်းတစ်တွင်းကို ကြိုတင် တူးဖော်ထားကြရန် တိုင်ပင်ဆွေးနွေးကြပြီး ကျောက်ဆစ်သမား ပန်းရန်ဆရာများကို အငှားခေါ်လိုက်ကြသည်။

ကျောက်ရေတွင်း လုပ်ပေးရန်အတွက် ယာတောင်ရင်းရွာသို့ ရောက်လာကြသော ကျောက်အုတ်ဆစ်သမားများမှာ ငါးယောက်ဖြစ်သည်။ ပထမဦးဆုံးရွာကြီးများ လိုချင်သော ကျောက်ရေတွင်း အတိမ်အနက်နှင့် အဝန်းအဝိုင်းကို တိုင်းတာကြသည်။ ကျောက်အုတ်ချပ်ရေ မည်မျှမည်မျှ လိုမည်ကိုလည်း တွက်ချက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ကျောက်အုတ်သမားပန်းရန်များက အဖိုးအခ ညှိနှိုင်းပြောဆိုကြ၏၊ ဈေးတည့်သဘောတူကြသောအခါ ယာတောင်ရင်းရွာပတ်ဝန်းကျင်တွင် ကျောက်အုတ်ဆစ်၍ ရနိုင်သော ကျောက်တောင်ကျောက်ဆောင်များကို လိုက်ရှာကြရသည်၊

ရွာပတ်ဝန်းကျင်တွင် ကျောက်အုတ်ဆစ်၍ ရနိုင်လျှင် ရွာသူရွာသားများအတွက် ကျောက်အုတ်ချပ်တွေ သယ်ရထမ်းရသည်မှာ သက်သာလွယ်ကူမည်ဖြစ်သဖြင့် ရွာနားပတ်ဝန်းကျင်၌သာ ကျောက်အုတ်ထုတ်လုပ်နိုင်မည့်ကျောက်တောင် ကျောက်ဆောင်များကို ရွာသားများအကူအညီနှင့် ဦးစားပေး လိုက်ရှာကြသည်၊

ကျောက်ရေတွင်းလုပ်ရန် ထုဆစ်ရမည့် ကျောက်အုတ်ဆိုသည်မှာ ကျောက်အနှစ်အသားရှိပြီး မာကျောဖို့လိုသည်၊ ထိုကျောက်မျိုးကို ရွာပတ်ဝန်းကျင်တွင် ရှာမရသောအခါ ရွာနှင့်အတော်ဝေးသော ကျိန်းတောင်က ကျောက်သားကို သွားရောက်၍ ထုဆစ်ကြရတော့သည်၊

ရွာနှင့် ဝေးသော ကျိန်းတောင်ခြေတွင် သူတို့ ကျောက်အုတ်ထုဆစ်ရင်း လနှင့်ချီ၍ နေကြရမည်ဖြစ်ရာ သူတို့ နေထိုင်ရန် တဲတစ်လုံးကို ဦးဆုံးဆောက်လုပ်ကြ၏၊ ရိုးမနှင့် နီးသဖြင့် သားရဲတိရစ္ဆာန်တို့၏ အန္တရာယ်ကို သတိထားရသလိုတောနက်သဖြင့် ဆင်ဆင်ခြင်ခြင် နေထိုင်ကြရန်ကိုလည်း ဆရာလုပ်သူက မှာကြားထားသည်၊

ထို့နောက် ကျောက်ဆစ်သမားများသည် ကျိန်းတောင်က ကျောက်အုတ်များကိုတစ်လုံးပြီးတစ်လုံး ထုဆစ်လုပ်ပေးနေကြသည်၊ ကျောက်ဆစ်သမားများ ထုဆစ်လုပ်ပေးထားသော ကျောက်အုတ်ချပ်များကို ရွာသားကြီးများက သုံးယောက်တစ်ဖွဲ့ လေးယောက်တစ်ဖွဲ့ ဖွဲ့၍ ရွာနားရှိ ကျောက်ရေတွင်းလုပ်ရန် နေရာနားကို သယ်ကြသည်၊

သည်လိုနှင့် ကျောက်ဆစ်သမားများ ကျောက်အုတ်ထုတ်လုပ်၍ပြီးခါနီးတစ်ပတ်ခန့်အလိုတွင် ကျောက်ဆစ်သမားငါးယောက်ထဲက သံခဲဆိုသူ ကျောက်ဆစ်သမားတစ်ယောက်ကို မတော်တဆ ကျောက်အုတ်ရိုင်းတစ်ချပ် ခိုက်မိသွားသည်၊

— ၀ —





မနက်မိုးလင်း၍
ထမင်းအလှည့်ကျသူက
ထမင်းဟင်းချက်ရန်
ထမင်းအိုး၊ ဟင်းအိုးကို
ဖွင့်ကြည့်သောအခါ
ထမင်းအိုး၊ ဟင်းအိုးတွေမှာ
အားလုံး ဖြောင်သလင်းခါနေ၏။

ကျောက်အုတ်ရိုး ခိုက်မိသွားသော သံခဲမှာ "အမယ်လေး" ဟု တစ်ခွန်းသာအော်လိုက်နိုင်ပြီး ရုတ်တရက် သတိမေ့သွား၏၊ ကျန်ကျောက်ဆစ်သမားယောက်က သံခဲကို ဝိုင်းဝန်းပြုစုကြရာ မကြာမီမှာပင် သတိပြန်ရလာ၏ သံခဲအား ကျောက်အုတ်ရိုင်း ခိုက်မိသွားသော နေရာမှာ ရင်ဘတ်နှင့်ခေါင်းတွင် ဖြစ်၏၊ ထို့ကြောင့် သူတို့တွင် ဝိုင်းဝန်းပြုစုကြရာ မကြာမီမှာပင် သတိပြန်ရလာ၏၊ ထို့ကြောင့် သူတို့တွင် ပါလာကြသော ဆေးဝါးများအပြင် သူတို့တဲနားတွင်ရှိသော သက်ရင်းကြီးရွက် တစ်ရာ့တစ်ပါးသောရောဂါပင် ပျောက်စေသည်ဆိုသော တစ်ရာ့တစ်ကုန်းရွက်တို့နှင့် ညှိမည်းသွားသော နေရာတွေကို ကျပ်ထုပ်ထိုး နှိပ်နယ်လိမ်းပေးကြရာ သက်သောင့်သက်သာသာထိုင်သာ ဖြစ်သွား၏၊



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် အလုပ်ပြီး စခန်းသိမ်းရန်လည်း ရက်ပိုင်းမျှသာ လိုတော့သဖြင့် သံခဲအား ဆေးမှန်မှန်လိမ်း ကျပ်ထုပ်ထိုးကာ တဲ၌ပင် အနားယူခိုင်းထားကြသည်။ ကျန်လေးယောက်ကမူ မနက်စောစော ထမင်းဟင်းထချက်ကြပြီး စောစောစီးစီး အဆာပြေ ထမင်းစားပြီးသည်နှင့် နေ့စဉ် လုပ်နေကြအတိုင်း ကျောက်အုတ်ထုဆစ်ရန် ထွက်သွားကြသည်။

နေမွန်းတည့်ချိန်လောက်မှာ တဲသို့ပြန်၍ မနက်က ချက်ပြုတ်ထားခဲ့ကြသော ထမင်းဟင်းတို့ကို စားကာ ခဏတစ်ဖြုတ် နားကြသည်။ ပြီးတော့ တစ်ခါ ကျောက်အုတ်ထုဆစ်ရန် ပြန်သွားကြပြန်၏။ ညနေစာကိုမူ သူတို့လေးယောက်စာအတွက် ချက်စားလေ့ရှိကြ၏။

တစ်နေ့တွင် သူတို့လေးယောက်စာနှင့် သံခဲအတွက်ပါ ချက်ထားခဲ့ကြသော ထမင်းငါးယောက်စာမှာ နေ့လယ်ထမင်းစားရန်ပြန်လာကြသောအခါ အိုးထဲမှာ ထမင်းဆို၍ တစ်လုံးတစ်စေ့မျှ မကျန်တော့ဘဲ ပြောင်သလင်းခါနေ၏။

ထိုအခါ စောင်ကိုခေါင်းမြီးခြုံ၍ အိပ်နေသော သံခဲကို မေးကြရာ သူလည်း မစား၊ ဒူးခေါင်းနာပြီး ရင်ဘတ်က ပိုအောင့်လာ၍ မှေးနေရင်းက အိပ်ပျော်သွားရာ သူလည်းမသိဟု ဆို၏။ ထိုအခါတစ်ခါရံထူး မကြုံဘူးသော အဖြစ်ကို ကျောက်ဆစ်သမားတွေမှာ အံ့သြတကြီး ဖြစ်သွားကြသည်။

—o—

သို့သော် သူတို့တဲ ပတ်ဝန်းကျင်တွင် သစ်ခုတ်သမား အချို့လည်းရှိသဖြင့် သံခဲအိပ်ပျော်နေတုန်း တစ်ယောက်ယောက်ကများ ထမင်းဟင်းများကို လာရောက်ခိုးယူသွားလေသလား၊ မနက်က သူတို့သည် နေ့လယ်ပြန်စားရင် ချန်မှ ချန်ထားမိခဲ့ကြရဲ့လား ဇဝေဇဝါ ဖြစ်သွားကြသည်။ ထို့ကြောင့် နေ့လယ်စာကို ပြန်ချက်ပြီး စားလိုက်ကြ၏။



သည်လိုနှင့် ညနေအလုပ်က ပြန်လာကြသည်။ ထမင်းဟင်းချက်ပြီး သံခဲအား ညနေ ထမင်းစားကြရန် ခေါ်သောအခါ စောင်ကို ခေါင်းမြီးခြုံအိပ်နေသော သံခဲက သူအနာရှိန်နှင့် ဖျားချင်သလိုဖြစ်နေသည်။ ထမင်းမစားချင်ဟုပြော၏။ အဖွဲ့ခေါင်းဆောင်က စိုးရိမ်ပြီး သံခဲကို စမ်းသပ်ကြည့်၏။ ကိုယ်ပူသည်ကိုလည်း မတွေ့ရ၊ စိုးရိမ်ရသော အခြေအနေမဟုတ်သဖြင့် ကျောက်ဆစ်သမားများမှာ အလုပ်ကြမ်းသမားများပီပီ ထမင်းစားပြီးသည်နှင့် အိပ်ပျော်သွားကြသည်။

မနက်မိုးလင်း၍ ထမင်းအလှည့်ကျသူက ထမင်းဟင်းချက်ရန် ထမင်းအိုး ဟင်းအိုးကို ဖွင့်ကြည့်သောအခါ ထမင်းအိုး၊ ဟင်းအိုးတွေမှာ အားလုံးပြောင်သလင်းခါနေ၏။ မနေ့ညနေက ဤမနက်လူလေးယောက်စာ အဆာပြေစားနိုင်သည်ဟု ထင်ခဲ့သော ထမင်းကျန်ဟင်းကျန်များမှာ တစ်လုံးတစ်စေ့မကျန်ဘဲ ပြောင်းသလင်း ဖြစ်နေပြန်၏။

ဤကိစ္စနှင့် ပတ်သက်၍ သံခဲအားညက ထမင်းစားသေးလားဟု မေးရာ ညက ထမင်းလုံးဝ မစားပါဟု ဆို၏။ ဤသို့နှင့် တစ်ရက်နှစ်ရက် ဤသို့ချည်းဖြစ်လာရာ တစ်နေ့မှာ ထမင်းချက် တာဝန်ကျသူ တစ်ယောက်က အိပ်ယောင်ဆောင်နေပြီး သံခဲအခြေအနေကို စောင့်ကြည့်နေသည်။

ကျောက်ဆစ်သမားများအားလုံး အိပ်ပျော်သွားကြပြီး လူခြေတိတ်ချိန်တွင် သံခဲထမင်းထစားသည်ကို မြင်ရ၏။ သံခဲ ထမင်းစားနေသည်မှာလည်း အကြောင်ခိုးဝှက်နှင့် နစ်လရှိုကာ ထမင်းငတ်သူပမာ ပလုတ်ပလောင်း အငမ်းမရစားသည်၊ လူငါးယောက်စာ ထမင်းဟင်းကို သံခဲက ထမင်းမစားစဉ်ကမူ အလုပ်မလုပ်ရချင်သဖြင့် အပါးခိုကာ အနာကို အကြောင်းပြုပြီး ညည ထခိုးစားသည်ဟုပင် ထင်လိုက်သည်၊ သို့သော် လူငါးယောက် ထမင်းဟင်းကို တစ်ထိုင်တည်း ထခိုးစားသည်ဟုပင် ထင်လိုက်သည်၊ သို့သော် လူငါးယောက်စာ ထမင်းဟင်းကို တစ်ထိုင်တည်း စားပစ်လိုက်သည်ကို မြင်မှ အံ့သြတကြီး ဖြစ်သွားသည်၊



www.burmeseclassic.com

www.burmeseclassic.com

သို့သော် သံခဲအား စောင့်ကြည့်နေသူက နောက်တစ်နေ့ စခန်းသိမ်း
ပြီးရွာပြန်တော့မည့်အပြင်နာမကျန်းဖြစ်နေသောလုပ်ဖော်ကိုင်ဖက်သံခဲအား
သဘောထားကြီးစွာနှင့် ဘာဆို ဘာမှ မပြောတော့ဘဲ ဆက်၍သာ အိပ်ရှု
ယောင်ဆောင်ရာက အိပ်ပျော်သွားသည်။

သည်လိုနှင့် စခန်းသိမ်း၍ ရွာပြန်တော့မည့်မနက်မှာ ထမင်းဟင်း
ထချက်ကြပြီး သံခဲအား ခါတိုင်းနေ့တွေလိုပင် ထမင်းထစားရန် ခေါ်ကြ
ဟိုနေ့ဟိုနေ့ကလိုပင်မစားချင်ဟု ဆိုလာပြန်၏။ ဤနေ့စခန်းသိမ်းပြီး ရွာပြ
ကြတော့မည်ဟု အဖွဲ့ခေါင်းဆောင်က ပြောသည်။ သူ ဒူးခေါင်းတော်တော်
နာလာ၍မလိုက်နိုင်ဟုဆို၏။

ထိုအခါ ကျောက်ဆစ့်သမားခေါင်းဆောင်ဖြစ်သူက "ဟုတ်ပါတယ်
ကွာ…မင်းဒူးခေါင်းနာနေတာ ငါတို့သိပါတယ်။ မင်း - ဘယ်လမ်းမလျှောက်
နိုင်လည်း မင်းကို ငါတို့က ထမ်းစင်နဲ့ ထမ်းခေါ်ကြမှာပါဟု ပြော၏။

ဤသည်ကိုတော့ သံခဲက ဘာမှပြန်မပြောဘဲ ခေါင်းငိုက်စိုက်ချကာ
တုကျိုဘာဝေ လုပ်နေ၏။ ထို့ကြောင့် ကျောက်ဆစ်သမားတွေမှာ သံခဲအား
ထမ်းစင်နှင့်ထမ်းခေါ်ကြရန်စီစဉ်ကြရတော့သည်။ ထမ်းစင်မှာ လူနှစ်ယောက်
ရှေ့တစ်ယောက် နောက်တစ်ယောက် ထမ်းကြရမည်ဖြစ်ရာ ထမင်းအိုး
ဟင်းအိုးနှင့်တကွ ကျောက်ဆစ်တန်ဆာပလာများဖြစ်သော တူးရွင်း၊ ပု
ဆောက်၊ တူကြီး တူငယ်တို့ကိုလည်း ဝန်ပေါ့အောင် ထမ်းစင်ထဲထည့်ကာ
တစ်ယောက်တစ်လှည့် ထမ်းလာကြသည်။

ကညင်ပြင်ဟုခေါ်သော ကွင်းပြင်တစ်ပြင်ကို ဖြတ်လာကြချိန်မှ
အပုပ်နံ့တစ်ခုသည် သူတို့နှာခေါင်းထဲ ဆိုးဆိုးဝါးဝါး နံစော်လာ၏။ ထမ်းစ
ထက်၌ တညည်းညည်းတညူညူလိုက်ပါလာသော သံခဲ၏အသံတိတ်သွာ
သောအခါ အပုပ်နံ့က ပို၍ပို၍ ဆိုးဆိုးရွားရွား နံလာလေတော့၏။

တဖြည်းဖြည်းနှင့် ရွာနှင့်နီးလာလေ၊ အပုပ်နံ့က ပိုထွက်လာလေ
ဖြစ်ရာကျောက်ဆစ်သမားလေးယောက်မှာ သူတို့ထမ်းလာကြသောသံခဲ
စင်ကိုမသင်္ကာသဖြင့် "သံခဲ - သံခဲ" ဟုထမ်းသွားရင်းကခေါ်ကြည့်ကြ၏။
သံခဲပြန်ထူးသံကို မကြားရသလို တစ်လမ်းလုံးညည်းညူလိုက်ပါလာသံက
ညည်းတိတ်သွားလေရာ ကျောက်ဆစ်သမားခေါင်းဆောင်လူကြီးက "ထမ်း
စင်ကို ခဏချကြည့်ပါဦး - သံခဲ အသံလည်း မကြားရတော့ပါလား" ဟုဆို
ဖြင့် ထမ်းစင်ကို ချလိုက်ကြ၏။

သံခဲကား စောင်ခြုံထဲ၌ တုတ်တုတ်မျှ မလှုပ်တော့၊ ထိုအခါ ကျောက်
ဆစ်သမားလေးယောက်မှာ လန့်၍ မအော်မိအောင် မနည်း သတိ
ထားလိုက်ကြရသည်။

အကြောင်းမှာ သံခဲသည် ဘယ်နေ့ ဘယ်ရက်ကပင် သေနေခဲ့သည်
သိ၊ သူတို့ထမ်းယူလာကြသော သံခဲအလောင်းမှာ ပုပ်ရိဆွေးမြည့်၍ မြင်
တောင်း ရှုမကောင်းလောက်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေလေပြီ။
ဘက်တွေတက်နေပေပြီကော။

ဤကိစ္စကို ကျောက်ဆစ်သမားများက ယာတောင်ရွာရင်းသို့ အ
ကြောင်းကြားရာ ရွာသူကြီးနှင့်တကွ ရွာသူရွာသားတွေက ဖုတ်ဝင်လာသူဟု
ဆကြပြီး ရွာထဲကို အသွင်းမခံကြသဖြင့် ရွာပြင်သုသာန်သို့ ထမ်းယူ
ကြကာ သံခဲအပုပ်ကောင်ကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြရလေသည်။

>> ဝေယံလင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com



# မြတ်သောခရီးကိုသာ ထွင်ပါစေ

ခမြလှိုင်

**တစ်**စုံတစ်ခုကတွန်းပိတ်ထားသလိုခံစားရသည်၊ အသက်ရှူရသည်မှာလည်း မွန်းကျပ်နေသည်၊ တိုးထွက်ကြည့်စဉ် အင်နှင့်အား မမျှသလို ခံစားမိသည်၊ဘာကြောင့်ပါလိမ့်၊နောက်ထပ်တစ်ဖန်ကြိုးစားထွက်သည်၊ နောက်က တစ်စုစု တွန်းအားနှင့် ပို့လိုက်သလို လွတ်လပ်စွာ ရုန်းကန်လို့ ရသွားသည်၊ သူ့စိတ်ထဲ ကျေနပ်သွားသည်၊ ယခုလို ပေါ့ပါးသော အနေအထားကို တစ်ခါမှ မခံစားဘူးခဲ့ပေ၊

နှစ်ပေါင်းများစွာ သူ့စိတ်မှာ မွန်းကျပ်ခဲ့ရသည်၊ သူက ဗုဒ္ဓဘာသာ၊ ဇနီးဖြစ်သူက ဘာသာခြား၊ တောင်နှင့်မြောက်ပမာအလား စကတည်းက ဝေးကွာခဲ့ကြသည်၊



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်နှင့်တစ်ယောက် ဖူးစာဆုံ၍လက်မှတ်ထိုးကာ မိတ်ဆွေ အပေါင်းအသင်း လေးငါးဆယ်ကိုဖိတ်ပြီးလက်ဖက်ရည်ပွဲလေးလောက်သာ ကျင်းပပြီး အသိအမှတ် ပြုစေသည်။

ဖနီးဖြစ်သူဘက်ကရော သူ့ဘက်ကပါ လုံးဝ မကျေနပ်ကြ၊ ဘာသာ ခြားကို ယူ၍လည်း ပြောကြသည်၊ နှစ်ဦးသားအတူနေကြသည့်အခါတွင် ဘာသာတရားကိုးကွယ်မှုကသီးသန့်ဖြစ်လာသည်။ ဖနီးသည်ကသူ့ကိုးကွယ် မှုကို သီးသန့်ထားသလို သူက ဘုရားဆောင် ဘုရားရုပ်ပွားတော်နှင့် ဧည့် ရေပန်းအိုးလဲခြင်း၊ ဆွမ်းတော်တင်၊ ရေချမ်းကပ်တာကအစ ကိုယ်တိုင် လုပ်ရ တော့သည်၊ ဝါတွင်းကာလ ရုံးပိတ်ရက်ရောက်မှသာ သူဥပုသ်သီလ ဆောက် တည်နိုင်လေသည်။ တရားခွေဖွင့်ကာ တရားနာရသည်၊ သီလယူရသည်၊

၁❖၄

"အမလေး –အိမ်ရှေ့မှာ ဆန်စေ့တွေ –ထမင်းစေ့တွေနဲ့ ရှုပ်ပွ နေတာပဲ"

စာကလေး၊ ဆက်ရက်၊ ခို၊ ချိုး စသော ငှက်ကလေးများကို သူက ချစ် သလို အစားအစာ စားစေရန် ရည်ရွယ်ပြီး ဆန်စေ့၊ ထမင်းစေ့များ ကို ခြံထဲ၌ရှိ သမံတလင်းပေါ်တွင် ဖြန့်ကြဲထားသည်။ ကျီးငှက်များက စားရမှန်းသိလျှင်ဝိုင်းအုံလာစားကြသည်။ ဒါကိုကြည့်ပြီး သူပီတိဖြစ်ရသည်၊ သူ့ဘာသာသူ နံနက်စောစော နို့ဆီဘူးတစ်လုံးလောက် ထမင်းထချက်ပြီး ဆွမ်းတော်တင် ဆွမ်းလောင်းသည်၊ အကြော်စုံ သုံးခုလောက်ဝယ်ပြီး ဆွမ်းခံရပ်လာသော ဦးပဉ္စင်းတစ်ပါးကို ဆွမ်းလောင်းသည်၊

"ဒီမယ် – ရှင်ကသက်သတ်လွတ်စားဦးမှာလား၊ သက်သတ်လွတ်က တစ်မျိုး၊ အိမ်ကလူတွေစားဖို့က တစ်မျိုးနဲ့ အလုပ်ကို ရှုပ်နေတာပဲ"

"ဒါဆိုရင် –ငါ့အတွက် သက်သတ်လွတ် မလုပ်ပါနဲ့တော့၊ ရှိတာနဲ့ စားလို့ရပါတယ်"

သူ့မိန်းမ၏အကြောင်းကို သူသိလာ၏၊ အလှအပ မက်၏၊ အပျော် အပါးခရီးထွက်ရတာကို ဝါသနာပါသည်၊ ညည်းညူ ဆူပူတတ်သည်၊ သူ၏



စိတ်ကြိုက် ဆန္ဒအတိုင်း မဖြစ်လျှင် အားလုံးကို မာန်မဲတော့သည်၊ သူ လုပ် သည့်ဌာန၌ တစ်ခါတစ်ရံ ညဥ့်အိပ်ညဥ့်နေ အလုပ်တာဝန်တွေက ပေါ်လာ တတ်၏၊ ထိုကဲ့သို့ ညအိပ်ရလျှင် မနက်ကြွလာသည့် ဆွမ်းခံကိုယ်တော် အတွက် ဆွမ်းနှင့်ဟင်းကို ကန်တော့ဆွမ်းပြောလိုက်ရတော့သည်၊

ရုံးသွားလျှင်လည်း သူ့အကျီ ရုံးဝတ်စုံတို့မှာ အမြဲတမ်း မသေမသပ် တွန့်ကြေနီးပါးကိုသာ ဝတ်ရသည်၊

"ကလေးတွေ ကျောင်းပို့ ကျောင်းကြိုရတာနဲ့ အချိန်ကို မအားရဘူး၊ အိမ်ကြီးကျွန်ကျနေတာပဲ၊ တစ်နေ့တစ်နေ့ လုပ်ရတာ၊ များပါတယ်၊ လင်ယူ တာကိုက မှားတာ၊ ဒီလို ဒုက္ခရောက်မယ်မှန်းသာသိရင် ယောကျ်ားမယူပါ ဘူး၊ ခုတော့ စိတ်ဆင်းရဲတာ အဖတ်တင်တယ်"

နေ့စဉ် ညစဉ် မိုးလင်းသည်နှင့် အချိန်နာရီမလပ် နေ့စဉ်ရက်ဆက် ကြားနေရသော စကားလုံးများ ဖြစ်၏၊ ပြောနိုင်သူက ပြောနိုင်သည်၊ နားထောင်ရသူအဖို့မှာ နားလျှို့ရှုံတင်မက စိတ်ကပါ မွန်းကျပ်လာသည်၊ သို့ကြောင့် ရုံးသွားလျှင် စောစောသွားသည်၊ ရုံးကပြန်လျှင်လည်း မိုးကြီးချုပ် မှ အိမ်ရောက်သည်၊ ရေမိုးချိုး ထမင်းစား လက်ဆေးပြီးသည်နှင့် ဘုရားခန်း ထဲ ဝင်သည်၊ ဘုရားခန်းဆိုသည်မှာ သူ့ဘာသာသူ လက်သမားကိုခေါ်ပြီး အိမ်အတွင်းတွင် အခန်းလေးဖွဲ့ထားပြီး ဘုရားဆင်းတုတော် ဥဏ်တော် သေးသေးနှင့် ဧည့်ရေပန်းအိုးလေးတစ်လုံးကိုလေးတိုင်စင်လေးရိုက်ထား သည့် ပျဉ်ပြားစင်ကလေးပေါ်တွင် တင်ထား၏၊ ဆယ်ပေပတ်လည် အခန်းဖွဲ့ လိုက်၏၊ သူ့အတွက် သီးသန့်ဘုရားခန်း ဖြစ်သွားသည်၊

ဘုရားခန်းထဲမှာပင် သူ စာဖတ်သည်၊ တရားထိုင်သည်၊ အိမ်သို့ ဇနီးသည်၏မိသားစုဆွေမျိုးတခြားသော ဧည့်သည်တွေလာလျှင် စကားများ ဆူညံသံကြားရလျှင် ထီးတစ်လက်ကိုဆွဲယူကာ ဗိုလ်တထောင်ဘုရားသို့ သွားတော့သည်၊ ပြည်တော်ပြန်ဘုရားကြီး၏တန်ဆောင်းထဲတွင် အချိန်ကုန် အောင် သူနေပြီးမှ အိမ်ပြန်လာသည်၊

သူ့အတွက် အိပ်ရာသည် ဘုရားခန်းအတွင်းရှိ ဖျာတစ်ချပ်၊ ခေါင်းအုံး တစ်လုံး၊ စောင်တစ်ထည်၊ ခြင်ထောင်အသေးတစ်လုံးတို့ဖြစ်သည် သွား



www.burmeseclassic.com

www.burmeseclassic.com

သုံးလောက်မှာလည်း သူတို့ကျောင်းစာနှင့် ကျူရှင်တို့တွင်သာ အချိန်ကုန်နေသည်။ တစ်ခါတလေ ကလေးတွေနှင့်စကားပြောရသည်။ ရုံးမှလစာထုတ်လျှင် ဇနီးသည်ကို အားလုံး ပေးလိုက်သည်။ သူ့အတွက် ဆေးလိပ် ကွမ်းဖိုးလောက်သာ ချန်ထားသည်။ လစာအားလုံးအပ်လျက်နှင့် တစ်ခါတစ်ခါ ဇနီးသည်က မကျေမနပ် စကားဆိုတတ်သည်။

အပေါင်းအသင်း မိတ်ဆွေနည်းပါး၍ သူ့ရင်ထဲက ခံစားမှုကို ရင်ဖွင့်ပြရမည့်သူ မရှိပေ။ သူ့တွင် မောင်နှမသားချင်း ရှိပါသည်။ သို့သော် အနေဝေးသည်။ တစ်မြေတစ်ရပ် တစ်ရွာတွင် ရှိကြသည်။ အသွားအလာကျဲပြီး တစ်ဦးနှင့်တစ်ဦး အဆက်အဆံ နည်းပါးကြသည်။ သို့သော် သူ့တွင် အားကိုးအားထားစရာ အဖော်ကောင်းက ရှိနေ၏။

ဣကုမေဟိ အဋ္ဌိဟိတ မဂ္ဂပုဂ္ဂလံ

ဒေဝါတိဒေဝံ နရဒမ္မသာရထိံ၊

သမန္တစက္ခုံ သတပုည လက္ခဏံ၊

ပါဏေဟိ ဗုဒ္ဓံ သရဏံ ဥပေမိ။

အဂ္ဂပုဂ္ဂလံ – မြတ်စွာသော ပုဂ္ဂိုလ်ဖြစ်တော်မူသော၊ ဒေဝါတိဒေဝံ နတ်တို့ထက်မြတ်သောနတ်မြတ်ဖြစ်တော်မူထသော၊နရဒမ္မသာရထိံ – ဆုံးမအပ်သော လူနတ်ဗြဟ္မာတို့ကို ဆုံးမတော်မူတတ်သော၊ သမန္တစက္ခုံ – ထက်ဝန်းကျင်မှမြင်တတ်ထသော သမန္တစက္ခုရှိတော်မူသော၊ သတပုည လက္ခဏံ ဘုန်းတော်ကြီးမြတ်သော လက္ခဏာရှိတော်မူသော၊ တံ ဗုဒ္ဓံ – ထိုမြတ်စွာဘုရားကို၊ ဣကုမေဟိ အဋ္ဌိဟိ – အဖေသွေးအသား အရိုးတို့ဖြင့်လည်းကောင်း ဣကုမေဟိ ပါဏေဟိ – ဤအသက်တို့ဖြင့်လည်းကောင်း၊ သရဏံ – ကိုးကွယ်ရာဟူ၍၊ ဥပေမိ – ကပ်ရောက်ပါ၏။

ထိုဂါထာသည် အရှင်ဒေဝဒတ်က မြတ်စွာဘုရားအား နောက်ဆုံးကန်တော့ပန်းဆင်ကာ ရွတ်ဆိုခဲ့သောဂါထာ ဖြစ်သည်။ သူသည် အချိန်အားလပ်သည်နှင့် ထိုဂါထာကို ရွတ်ဆိုလေသည်။





တစ်နေ့ရာသို့ ရောက်လျှင်
သူ လွန်စွာ
အံ့အားသင့်သွားသည်။
မီးချုံတွေ ထိန်ထိန်ညီး
တောက်လောင်နေသော
မီးလောင်ပြင်တစ်ခုတွင် လူးလိမ့်နေသူမှာ
သူ၏ဇနီးမယားဖြစ်နေသည်။

ထိုသို့ရွတ်ဆိုနေလျှင်သူ၏မနောစိတ်အတွင်းဝယ်လွန်စွာမှအေးချမ်းသွားသည်။ ချစ်၍ကြိုက်၍ ယူခဲ့သော သားမယားသည် သူနှင့် တဖြည်းဖြည်းဝေးကွာသွားသည်။ အပျော်အပါးမက်၍ အဝတ်အစားကိုပေါ်သမျှ ဆန်းသမျှသယ်ကာ စိတ်ကြိုက် ချုပ်ဝတ်သည်။ အပေါင်းအသင်းနှင့် အလည်အပတ်များနှင့် အိမ်ထောင်ရှင်မတစ်ယောက်၏ ဝတ္တရားဆိုတာကို မေ့ပြီ။

သူ မကြာခင် အသက် (၆၀) ပြည့်၍ ပင်စင်ယူရတော့မည်။ နှစ်လလောက်သာ လိုတော့သည်။ ထိုသို့ပင်စင်ယူပြီးလျှင် အိမ်တွင်နေကုန်အောင်နေရတော့မည်။

"ပင်စင်ယူပြီးရင်ငွေကြေးအသုံးအစွဲကို ချုံ့ရတော့မယ်။ ကျွန်မတို့က မြိုသလို စားတတ်တယ်။ ကြက်သား (၅၀) သားလောက်ကို ခြောက်ခြောက်အဖြူထည် ချက်ထားလိုက်ရင် နှစ်ရက်လောက် စားလို့ရတယ်။ ရှင်က သတ်သတ်လွတ် သမားဖြစ်နေတော့ သီးသီးသန့်သန့် နေ့စဉ် လုပ်ပေးရမှာ အဝိုက ကုန်ဦးမယ်"

www.burmeseclassic.com

ဖနီးသည်၏ ညည်းညည်းညူညူစကားကို သူ ဆက်ပြီး မကြားချင်တော့၊ သူ့ဘာသာသူ အဆင်ပြေအောင် စဉ်းစားထားပြီး ဖြစ်သည်၊ ပင်စင်ယူပြီးနောက် ဌာနဆိုင်ရာမှ အရာထမ်းတွေနေသည့် အိမ်ခန်းကို ပြန်အပ်လိုက်ရ၏၊

"ထင်သားပဲ – နောက်ဆုံးတော့ ဒီဘဝရောက်မှာပဲလို့ တွေးထားပြီးသား၊ ဒါတောင် ကျွန်မစီစဉ်ပြီး လုပ်ထားလို့"

ဝန်ထမ်းမြေကွက်၌ သူ၏ညီမဝမ်းကွဲတွေနှင့်အတူတွဲကာ အိမ်ခွဲပြီးပွဲစား လုပ်၏၊ ထမင်းအိုးတစ်လုံးချက်ပြီးလျှင် သူ့ဝမ်းအတွက် ဖြည့်စရာဟင်းလျာအဖတ်ပဲကြီးလှော်သုံးရာဖိုးလောက်ဝယ်ထားလျှင်ရက် (၂၀)နီးပါးဝမ်းဖြည့်လို့ရသည်၊ ပဲကြီးလှော်ကို ကြက်သွန်နှင့်သုပ်၍ လည်းကောင်းသည်အတိုင်း ထမင်းနှင့် ဆီအနည်းငယ်ထည့်ကာ နယ်စား၍လည်းကောင်းမနက်စာ ညစာ ဝမ်းဖြည့်နိုင်သည်၊ တစ်ခါတလေ အကြော်သည်လာလျှင်ဗယာကြော်ဝယ်စားသည်၊

ပညာရေးတွင် ဦးစားမပေးဘဲ ငွေကြေးရှာဖွေမှုကိုသာ အဓိကထား၍သား သုံးယောက်စလုံး အပေါင်းအသင်းမိတ်ဆွေတွေနှင့် ကုန်သည်ပွဲစားနယ်အသီးသီးလှည့်ကာ အရောင်းအဝယ်သမားအဖြစ် ခြေလှမ်းတွင်ကြတော့သည်၊ ဖနီးမယားနှင့်သားတို့မှာ စီးပွားရေးသမားများ ဖြစ်နေချိန်တွင်သူကတော့ အိမ်လေးထဲမှာ တစ်ကိုယ်တည်း ဘဝခရီးတစ်ခုကို ခြောက်သွေ့စွာ လှမ်းနေရသည်၊ (၆၀)ပြည့်၍ ပင်စင်ယူပြီး ရက်တွေ ပြောင်းလာသည်နှင့်အမျှ (၆၀)ကျော်အသက်ကို ရှေ့ဆက်ဖို့ ရပ်တည်ရင်းက ကျန်းမာရေး ချို့တဲ့လာသည်၊ အံသွားအစုံမရှိတော့၍မာသောအစားအကိုစားလျှင်အစာမကြေဖြစ်လာသည်၊ မကြာခဏ လေထိုးလေပွ ဗိုက်အောင့်တတ်လာသည်၊

၁❖၀

"ဗိုက်အောင့်တယ် ... ဟုတ်လား အိမ်မှာနေပြီး အဆင်သင့်စားနေတာတောင် ဗိုက်အောင့်ရ ဘာဖြစ်ရနဲ့ ကျွန်မမှာ အပြင်ထွက်စီးပွားရှာနေတာတောင် ဘာမှ မဖြစ်ဘူး လွန်လွန်းတယ်"



အကြင်နာမဲ့သော စကားတွေကို ခါးသီးစွာ ကြားရသည်၊ သူ့ဘာသာသူ ဆန်ပြုတ်ပြုတ် သောက်သည်၊ ပင်စင်လစာထုတ်လျှင် အကိုက်အခဲပျောက်ဆေး၊ အစာကြေဆေး၊ ဒက်ကြေလူးဆေး စသည်တို့ကို ဝယ်ထားရသည်၊ သကြားလေးဘာလေးလည်း အစိတ်သား သုံးဆယ်သားလောက်ဝယ်ပြီး ထမင်းကို သကြားဖြူး ဆားဖြူး တစ်ခါတလေ စားလိုက်ရသည်၊ သူ့မိန်းမနှင့် သားတွေက အလုပ်နှင့် ပတ်သက်ပြီး ခရီးထွက်ကြသည်၊ တစ်ယောက်တည်း ကျန်ရစ်သည့်အခါတွင်နပျိုစဉ်ကာလက ဘဝကိုပြန်စဉ်းစားမိ၏၊ စိတ်မကောင်းဖြစ်ကာ တွေးနေမိ၏၊ အသိတရား ပြန်ဝင်လာလျှင်ရွတ်နေကျ "ဣမေဟိ အင်္ဂဟိတ" အစရှိသော ဂါထာကို ရွတ်လိုက်သည်၊ မြတ်စွာဘုရားရှင်၏ဂုဏ်တော်ကို ဖွဲ့ဆိုထားခြင်းဖြစ်၏၊ ဦးခေါင်းက အနည်းငယ်အုံ့ပြီး လေးလာလျှင် အိပ်ရာပေါ်သို့လှဲနေလိုက်သည်၊

အိပ်နေရင်းက မွန်းကျပ်လာ၏၊ တစ်စုံတစ်ခုက တွန်းပိတ်ထားသလိုခံစားရ၏၊ ဟော – သူ့လွတ်မြောက်သွားသလိုခံစားရသည်၊ ဖနီးနှင့်ပတ်သက်ပြီး စဉ်းစားကာ ဒေါသစိတ်ဝင်ရင်းက ယခုလိုဖြစ်လာခြင်းပင်၊ လွင့်မြောသလိုဖြစ်ရင်း သူ့အနားသို့အသားမည်းမည်းအသွင်ကြမ်းကြမ်းလူကောင်ထွားထွားနှင့်လူနှစ်ယောက် ကပ်လာသည်၊ လူဟူ၍ဆိုသော်လည်း လူပုံမရှိ၊ ခြေလှမ်းဆိုမှာ ကြမ်းတမ်းသည့် အမွေးအမှင်က တစ်ကိုယ်လုံးတွင်ရှိပြီး မျက်နှာအမူအရာမှာ ခက်ထန်လေ၏၊ တစ်ဦးစီတွင် ညာဘက်လက်၌ လှံတံလို တုတ်ရှည်ကိုကိုင်ထားသည်၊ ဘယ်လိုပုံသဏ္ဍာန်အမျိုးအစားမသိ၊ သူ့လက်နှစ်ဖက်ကိုကိုင်ကာ တစ်နေရာဆီသို့ ဆွဲခေါ်လာသည်၊

တစ်နေရာတွင် လူသတ္တဝါတွေအား ကြမ်းတမ်း ကြောက်မက်ဖွယ်ကောင်းသောသူတွေက အပိုင်းပိုင်းအပြတ်ပြတ် ခုတ်လိုက် အော်သံဟစ်သံညည်းသံတွေကြားမှ သေကျေပျက်စီးကြသော်လည်း ပြန်လည် အသက်ရှင်ပြီး ခုတ်ထစ်ခြင်းကို အကြိမ်ကြိမ်အခါခါ ခံနေကြရသည်၊

တချို့နေရာများတွင် ပြေးလွှားပုန်းအောင်းနေသော လူတွေအားအတင်းလိုက်ဆွဲပြီး သစ်တုံးများကို ရွှေဘော်ထိုးသလို ပုံဆိုးပန်းဆိုးလူကြီးတွေက လုပ်နေကြသည်၊ လူတွေကလည်း မသေမရှင် ခံစားနေကြရသည်၊



www.burmeseclassic.com

www.burmeseclassic.com

တချို့နေရာများတွင် မီးလျှံတွေကြားမှ ခွေးနက်ကြီးတွေကအ လူတွေကိုကိုက်သတ်ဆုတ်ဖြဲဝါးမျိုစားသောက်လျက်ရှိသည်ကိုတွေ့ရသည်၊ သူ့ကို အတင်းဆွဲခေါ်လာသည့် လူနစ်ယောက်သည် အခန်းကြီးတစ်ခုထဲသို့ တွန်းဝင်ခိုင်းလိုက်သည်၊ ခလုတ်တိုက်မိမလို ဖြစ်သွား၍ သူသည် ရွတ်ဆို နေကျ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကို အောက်မေ့တသစွာ အရှင်ဒေ ဒတ်ရွတ်ဆိုသည့် ဂါထာကို နှုတ်မှ အလိုအလျောက် ရွတ်ဆိုမိသွားသည်၊

ဣမေဟိ အဋ္ဌဟိတ မင္ဂပုင္ဂလံ

ဒေဝါတိဒေဝံ နရဒမ္မသာရထိ

သမန္တစက္ခုံ သတပုည လက္ခဏံ၊

ပါဏေဟိ ဗုဒ္ဓံ သရဏံ ဥပေမိ၊

စိတ်ထဲမှရွတ်ရင်းပါသွားသည်၊ တစ်နေရာသို့ရောက်လျှင်သူလွန်စွာ အံ့အားသင့်သွားသည်၊ မီးလျှံတွေ ထိန့်ထိန့်ညီး တောက်လောင်နေသော မီးလောင်ပြင်တစ်ခုတွင် လူးလိမ့်နေသူမှာ သူ၏ဇနီးမယားဖြစ်နေသည်၊

သူ - လွန်စွာအံ့အားသင့်ပြီးနှုတ်မှ "ဘုရားဘုရားဘုရား" ဟုသုံးကြိမ် ရွတ်ဆိုတမိသွားသည်၊

"ဘုရား ... ဘုရား ... ဘုရား"

"ဟော - အဖေ ... အဖေ - သတိရလာပြီနော်"

သူ့စိတ်ထဲနားထဲသို့ဝင်လာသောအသံတွေကြောင့်ဇဝေဇဝါဖြစ်သွား သည်၊ သူ မျက်လုံးဖွင့်ကြည့်ဖို့ အားယူလိုက်သည်၊ အလို ... သူ့အနားမှာ လူတချို့နှင့် သားကြီးတို့ ရှိနေကြသည်၊

"အဖေ - သတိရလာပြီနော်၊ သားအိမ်ခဏပြန်လာတုန်းအဖေအခန်း ထဲမှာ သတိမေ့လဲနေလို့ ဆေးရုံတင်လိုက်ရတယ်၊ အစာအိမ်မှာ လေပွပြီး သွေးတက်သွားတာလို့ ပြောတယ်"

သားကြီး၏စကားကိုနားထောင်ပြီးသူ့မျက်လုံးကတစ်စုံတစ်ယောက် ကို ရှာဖွေနေသည်၊

"သားကြီး"

"ဗျာ - အဖေ"

"မင်းတို့ - အမေရော"

သားကြီး၏ ထစ်ထစ်ငေါ့ငေါ့ဖြေသံ ...၊

"ရှိ - ရှိပါတယ်"

"အဖေ့ကို ... မှန်မှန်ပြော မင်းတို့အမေ သေပြီ မဟုတ်လား"

"ဟာ ... အဖေကလဲ"

"အဖေသိတယ် ... မင်းတို့အမေကို အဖေတွေ့ခဲ့တယ်"

လူအားလုံးက သူ့ကိုဝိုင်းကြည့်ကြသည်၊ သူကလည်း သူမြင်ခဲ့သည် ကိုဖွင့်မပြောဘဲနေသည်၊

"မင်းတို့အမေတစ်ခုခုကြောင့်သေပြီမဟုတ်လား၊ အဖေသိပါတယ်"

"ဟုတ်တယ် ... အဖေ စိတ်ကိုထိန်းပါ၊ အဖေ့ကို ဆေးရုံတင်တဲ့နေ့မှာပဲ အမေ ကားတိုက်ခံရပြီး ဆုံးသွားတယ်၊ အလုပ်အတွက် ခရီးထွက်ရင်းက ကားပေါ် ကတက်ပြီး နောက်က ကားက ကြိတ်သွားတာ"

"ဪ ... ဘာကုသိုလ်မှ ယူမသွားရပါလား၊ ဒေါသစိတ်ဝင်ပြီး ပြောသွားတာ မကောင်းတဲ့ဂတိလားဖို့ ဖြစ်လာသေးတာ"

သူ့အာရုံတွင် ဇနီးမယား၏ အတ္တကြီးသော အကုသိုလ်များသော ကုသိုလ်အမှုနည်းပါးသော ပုံရိပ်တို့ကို သတိရလိုက်သည်၊ သူ ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်သည်၊ ကျန်းမာလာသည်နှင့် လောကီလူ့ဘောင်ကိုစွန့်ကာ ဘုရားရှင်၏သားတော်ဘဝဖြင့် နေတော့မည်ဟု ...၊

>> မြမြလှိုင်

www.burmeseclassic.com



ဗိုလ်ထော့တျိုးတနှန်ဒတ်သည့် အဘယ်ကြောင့် ထွက်ပြေးသည့်
အကြောင်းကိုလည်းကောင်း၊ စုတ်ပွား သားရေသေတ္တာကြီးထဲ
ရွှေဖွေးဖြောက်ကလေးအဖြင့် မည်သည့်အရာများ ပါရှိ၍
ထုရှိသုံးယောက် အဘယ်ကြောင့် အသက်ပျောက်ရသည့်အကြောင်းကိုလည်းကောင်း
ယနေ့တိုင် မည်သူမျှ မတွေးနိုင်အောင် ရှိနေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ထောင်ကျိုးတောင်ကုန်း

ရွှေဥဒေါင်း

ကျွန်ုပ်သည် သစ်တောအရာရှိများနှင့် မိတ်ကျွမ်းတဝင် ဖြစ်ခဲ့သဖြင့် အားလပ်သော အချိန်များတွင် အထက်မြစ်ညာအရပ်ရှိ ဒေသများသို့ ကြိမ်ဖန်များစွာ နယ်လှည့်လိုက်ပါသွားခဲ့ဖူးသည် ဖြစ်၍ ၎င်းနယ်တစ်ဝိုက်ရှိ ဗိုလ်တဲများအနက် မတည်းခိုဘူးသော နေရာဟူ၍ ခပ်ရှားရှားပင် ရှိခဲ့ပေသည်။ အစိုးရ ဗိုလ်တဲများမှာ အများအပြားရှိသည့်အတိုင်း တည်းခိုမည့် ဧည့်သည်မရှိသော အချိန်များတွင် အမြဲလိုပင် လစ်လပ်လျက် ရှိသည် ဖြစ်၍ တောသူတောင်သားတို့ အယူဝါဒအတိုင်း လူ့ဘုံသားမဟုတ်သည့်သတ္တဝါမျိုးတို့အချောင်ဝင်၍ နေထိုင်တတ်ကြသည်ဟု ၎င်းတို့က ထင်မြင်တတ်ကြလေသည်။



သို့ဖြစ်၍ မကောင်းဆိုးဝါးနှင့် ပတ်သက်သော သတင်းမျိုး တစ်ခုခုဖြင့် ...ရှိခြင်း မခံရသော ဗိုလ်တဲမျိုးမှာ ခပ်ရှားရှားပင် ရှိပေရာ သုံးချောင်းထောက် ...မြူးသော ကြောင်တစ်ကောင်ရှိသည့် ဗိုလ်တဲ၊ အစေခံက ဆရာ့ထံ မကြာ ...က လာ၍ "ခေါ်သလား ဆရာ" ဟု မေးတတ်သော ဗိုလ်တဲ စသည်ဖြင့် ...နေရာနှင့်သူ အဆန်းကလေးတစ်ခုစီ ရှိတတ်ကြသည်သာ ဖြစ်လေသည်။ နောက်ဆုံး ဗိုလ်တဲ၌ "ဘူပီ" ဟူသော အသံဖြင့် သဲ့သဲ့ ခေါ်သည်ကို ...ကြာမကြာ ကြားရတတ်သည် ဖြစ်ရာ အင်္ဂလိပ်အရာရှိ၏ အစေခံ ဖြစ်ခဲ့လျှင် ...အား အင်္ဂလိပ်ဘာသာဖြင့် "လူကလေး" ဟု ခေါ်နေသည် ထင်မှတ်သဖြင့် ...ရာရှိထံ လာရောက် မေးမြန်းခြင်း ဖြစ်လေသည်။

ဖော်ပြလတ္တံ့သော ဗိုလ်တဲမှာ အကောင်အထည်ဖြင့် မည်သူမျှ မြင်ရဖူး...ည် မရှိကြသော်လည်း ၎င်းနှင့် ပတ်သက်သော အခြင်းအရာများမှာ ...သည်းနှလုံး တုန်လှုပ်ဖွယ်ကောင်းလှသည်ဖြစ်၍ ၎င်းအကြောင်းအရာများ...ကို ထောက်လှမ်း စုံစမ်းပြီးနောက် ရေးသားဖော်ပြရခြင်းဖြစ်လေသည်။

...တ်သွား၍ မိုင်လေးဆယ်ခန့် ခရီးရောက်သောအခါ မြစ်၏ လက်ဝဲဘက်၌ ...တောင်ကုန်းကလေး တစ်ခုရှိရာ တောင်ကုန်း၏ တောင်ဘက်၌ ရွာကလေး ...သည်ရှိ၍ ၎င်း၏မြောက်ဘက်ပေငါးဆယ်ခန့်မြင့်သော ကမ်းပါးယံတွင်ဗိုလ်တဲ ...တစ်ခု ရှိလေ၏။ ၎င်းဗိုလ်တဲမှာ သီပေါဘုရင်လက်ထက် ဘီ ဘီ တီ စီ ကုမ္ပဏီ ...တ်အောက်တွင် အမှုထမ်းခဲ့၍ ကြေးငွေ အတော်အတန် ကြွယ်ဝသော ...နန်ဒက်ခေါ် မျက်နှာဖြူ တစ်ယောက်၏ နေအိမ်ဖြစ်၍ မြောက်များစွာ ငွေကုန် ...ကြေးကျခံ၍ ဆောက်လုပ်ထားခဲ့ခြင်း ဖြစ်လေသည်။

ဖာနန်ဒက်၏ နေအိမ်နှင့် ရွာကလေးတို့မှာ တောင်ကုန်းဖြင့် ခြားလျက် ...ရာ ဖာနန်ဒက်မှာ မျက်နှာဖြူ တစ်ယောက်ဖြစ်သော်လည်း မှော်အတတ်၊ ...လက်အတတ်၊ အင်းအိုင် မန္တရားအတတ် စသည့် လျှို့ဝှက်သော အတတ်... အဆန်းများ၌ များစွာ လိုက်စား လေ့လာခဲ့သည်ဟု ယုံကြည်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသူသည် တရားသော နည်းလမ်း၊ မတရားသော နည်းလမ်းများဖြင့် ကျွန်းသစ်လုပ်ငန်းဘက်တွင် စီးပွားရှာဖွေ စုဆောင်းခဲ့သည်ဖြစ်၍ အသက် သုံးဆယ်နှင့် လေးဆယ်အတွင်း အရွယ်၌ပင် ကုမ္ပဏီအလုပ်မှ ထွက်၍ ၎င်း နေအိမ်တွင် ထင်သလို နေထိုင်လာခဲ့သည်။

ဇာနန်ဒက်မှာ သစ်တုံးညှပ်မိသဖြင့် ခြေထောက်ကျိုးဖြင့် လမ်းလျှောက် တတ်လေရာ ရွာသူရွာသားများသည် ၎င်း၏ အမည်ကို အခေါ်ခက်သည်နှင့် ၍ "ဗိုလ်ထော့ကျိုး" ဟု မှည့်ခေါ်ထားသည့်ပြင် ၎င်းနေထိုင်သော တောင်ကုန်း ကလေးကိုလည်း "ဗိုလ်ထော့ကျိုးတောင်ကုန်း" ဟူ၍ပင် ခေါ်တတ်ကြလေ သည်။

ဗိုလ်ထော့ကျိုးသည် မိမိနေအိမ်တွင် အလွန်ထူးဆန်းသော ဧည့်သည် များကိုလက်ခံတတ်လေရာတစ်ခါတရံဖော်ရွှိနှင့်တူသောလူစသည်တို့အဖြင့် ဘိုများ ဘိုမများသည် ရံဖန်ရံခါ တည်းခိုတတ်ကြသဖြင့် အကာလ ညအချိန် များတွင် ထူးဆန်းသော အသံများကိုလည်းကောင်း၊ တီးမှုတ်ကခုန်ခြင်းများ ကိုလည်းကောင်း၊ တစ်ခါတစ်ရံမီးအိမ်များဖြင့် ထိန်လျက် တစ်ခါတစ်ရံ မှောင် နှင့် မည်းမည်း ရှိနေခြင်းများကို လည်းကောင်း ရွာသူရွာသားတို့ တွေ့ မြင်ကြရလေ၏။ ထို့ပြင် ဗိုလ်ထော့ကျိုးမှာ မျက်နှာနီကြီးနှင့် ဆိုးဝါးသော မျက်နှာထားရှိသည့်ပြင် ၎င်းအား စေ့စေ့ကြည့်သောလူများကိုလည်း လက် တွင် အမြဲကိုင်ဆောင်ထားသော ကြာပွတ်ကြီးနှင့် ရိုက်တတ်သည်ဖြစ်၍ ရွာသားများအပေါ်၌ လူဆိုးလူမိုက်ကြီးတစ်ယောက်အနေဖြင့် နာမည်ကြီးခဲ့ လေ၏။

ထိုသူသည်အခစားလည်းမထား၊ ရွာသားများနှင့်လည်းအပေါင်းအဖော် မလုပ်ဘဲ တစ်ကိုယ်တည်း နေတတ်သည်ဖြစ်၍ ရွာသားများသည် ညအချိန် များ၌ မည်သူများနှင့် အဖော်ပြု၍ ဘာများ လုပ်နေကြသည်ကို မတွေးတော နိုင်အောင် ရှိကြ၏။ သို့ရာတွင် ကောင်းသော အလုပ်ကို လုပ်နေခြင်း မဟုတ် ဟူ၍ကား လူတိုင်းပင် ယုံကြည်ကြ၏။

တစ်နေ့သ၌လေကြီးမိုးကြီးပြင်းထန်စွာကျသဖြင့်ကောင်းကင်တစ်ခုလုံး ...ပ်စစ်တွေ မိုးရော လေပါ သည်းထန်စွာ ရွာသွန်းလျက် ရှိသည်အတွင်း ...ကြက်မက်ဖွယ်သော အသံကြီး ထွက်ပေါ်လာပြီးနောက် ရွာသားများသည် ...ဟွာသံများ ကြားကြရသဖြင့် ထရံပေါက်များမှ ချောင်းကြည့်မိကြရာတွင် ...လ်ထော့ကျိုးသည် စီးနေကျဖြစ်သော မြင်းနက်ကြီးကို ကဆုန်စိုင်းလျက် ...တွင်းမှ ဖြတ်၍ တောဘက်သို့ ဝင်သွားသည်ကို တွေ့မြင်လိုက်ကြလေ ...၍သည်ကား ဗိုလ်ထော့ကျိုးအား နောက်ဆုံး တွေ့မြင်ရခြင်း ဖြစ်၍ ...အချိန်မှ ယနေ့တိုင်အောင် မည်သည့် သတင်းကိုမျှ မကြားကြရတော့ ...။

နံနက်လင်းသောအခါ ရွာသားများသည် တောင်ကုန်းသို့ တက်ကြ၍ ...လ်ထော့ကျိုး၏ အိမ်တွင်းသို့ အရဲစွန့်ကာ ဝင်ကြည့်ကြရာတွင် အိမ်၏ ...ောင်ဘက်နံရံမှာ မိုးကြိုးထိမှန်၍ ပျဉ်ထောင်ထရံမှာ အနည်းငယ် ကျွမ်းသွား ...သည့် အဖြစ်ကို တွေ့မြင်ကြရလေ၏။ အိမ်တွင်း၌ ဆင်းတုတော် အကျိုးအပဲ့ ...စေတီတော်များ၊ သပိတ်ကွဲများ၊ အင်းအိုင် အစအနများစသည့် မျက်နှာ ...နှင့် မပတ်သက်သော ဝတ္ထုပစ္စည်းများကို တွေ့မြင်ကြရလေ၏။

မြန်မာပြည်ကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးနောက် အချို့သော အရာရှိ ...သည် သိချင်သော သဘောနှင့် နေအိမ်အတွင်းသို့ ဝင်ရောက် မွှေနှောက် ...ရာ အထက်ပါ ပစ္စည်းများအပြင် အိမ်ထောင့်ရှိသော တွင်းကြီးတစ်ခုထဲ၌ ...များကိုတွေ့ကြရ၏။ သို့ရာတွင်ဗိုလ်ထော့ကျိုးအရိုးဖြစ်သည်၊ သို့မဟုတ် ...သူ မည်ဝါတို့၏ အရိုးများ ဖြစ်သည်ကိုမူ ခန့်မှန်း တွေးထင်ရန် မဖြစ်နိုင် ...ော့ချေ။

ဗိုလ်ထော့ကျိုး၏ နေအိမ်မှ နေထိုင်မည့် သူမရှိဘဲ နှစ်ပေါင်းများစွာ ...ောင်းလောင်းနေခဲ့ပြီးနောက် အင်္ဂလိပ်အစိုးရသည် ၎င်းနယ်၌ သစ်တော ...ဝိုင်း ဖွင့်လှစ်ရာတွင် သစ်တောအရာရှိများ တည်းခိုရန်အတွက် ဗိုလ်တဲ ...ခလိုသည်ဖြစ်၍ ၎င်းနေအိမ်ကြီးကိုပင် အနည်းငယ် ချွတ်ယွင်းချက်များ ...ဆင်ပြီးနောက် သစ်တောဗိုလ်တဲအဖြစ်နှင့် အသုံးချလျက် ရှိလေ၏။





www.burmeseclassic.com

www.burmeseclassic.com

အစိုးရ ဗိုလ်တဲများမှာ ထုံးစံအတိုင်း စောင့်ရှောက်ရန်အတွက် ဒရဝ တစ်ယောက် ရှိလေရာ တစ်နေ့သော ညနေခင်းအချိန်၌ ကူလီနစ်ယောက်တို့ သည် သေတ္တာကြီးတစ်လုံးကို ဝါးလုံးဖြင့် လျှိုထမ်းကြလျက် အဘိုးကြီး တစ်ယောက်နှင့်အတူ တောင်ကုန်း၏လှေကားထစ်များမှ တက်လာကြလေ ၏။ ဒရဝမ်သည် ဝင်းတံခါးကို ဖွင့်ပေး၍ ရှေ့ဆောင်ဖြစ်သော အဘိုးကြီးအား မည်သူ၏ ပစ္စည်း ဖြစ်ပါသနည်းဟု မေးရာ အဘိုးကြီးက "သူတို့ လာကြ လိမ့်မယ်" ဟူ၍သာ ပြောလေ၏။ ထိုအခါ ဒရဝမ်သည် ထပ်လောင်း မေးမြ ခြင်း မပြုတော့ဘဲ အိမ်ပေါ်ထပ်သို့ တက်ခွင့်ပြုလိုက်ရာ ကူလီများနှင့် အဘိုး ကြီးတို့သည် သေတ္တာကြီးကို ဧည့်ခန်းအတွင်း၌မှီလျက် ထောင်ထားခဲ့ပြီးလျှ ပြန်သွားကြလေ၏။ ဒရဝမ်သည် "သူတို့ လာကြပါလိမ့်မယ်" ဆိုသဖြ စောင့်မျှော်နေလေရာ မည်သူမျှ ဘယ်သောအခါမျှ မလာတော့ချေ။ သို့ဖြစ် ကား ၎င်းသေတ္တာကြီးမှာ ဥစ္စာရှင်လည်း မရှိ၊ ရွှေ့ပြောင်းရန်လည်း မကြံစည် ကြဘဲ နံရံ၌ မှီလျက်သာလျှင် တည်ရှိလေတော့၏။

၎င်းသေတ္တာမှာ သာမန်သေတ္တာမျိုး မဟုတ်ချေ။ နွားတစ်ကောင်လုံး သားရေဖြင့် ပြုလုပ်ထား၍ အမွေးများကို ခြစ်ပယ်ခြင်း မပြုဘဲ အပြင်ဘက် ဖော်ထားသည်ဖြစ်၍ အမွေး စုတ်ဖွားကြီးနှင့် ရှိလေတော့၏။ ဧည့်သည်မျာ သည် ၎င်းသေတ္တာကြီးကို တွေ့မြင်ကြသော်လည်း မည်သူမည်ဝါ၏ ပစ္စည် ဖြစ်သည်ဟု စုံစမ်း၍ မရသဖြင့် ၎င်းအတိုင်းပင် လပေါင်းများစွာ ထောင်လျ တည်ရှိလေတော့၏။

တစ်ညသ၌ လေပြင်းမုန်တိုင်းကျလာ၍ လျှပ်တွေ တလက်လက်နှ မိုးသည်းထန်စွာ ရွာစပြုသည်တွင် ဥရောပတိုက်သား သစ်တောအရာရှိလေ တစ်ယောက် ဆိုက်ရောက်လာလေ၏။ ထိုလူမှာ မိုးကြီးလေကြီးထဲတွ မည်သူမျှ လာတော့မည်ဟု မျှော်လင့်ရန် မရှိသဖြင့် ဤဗိုလ်တဲကြီး၌ ပျင် ငြီးငွေ့စွာ တစ်ယောက်တည်းအိပ်ရချေဦးတော့မည်ဟု အောက်မေ့လျက် စဉ် တောင်ကုန်းအောက်မှ မီးရောင်တလက်လက်နှင့် လူသံများ ကြားရပြီ နောက် နယ်ပိုင်ဝန်ထောက်နှင့် ရာဇဝတ်ဝန်ကလေးတို့သည် ဗိုလ်တဲသို့ တက်လာကြလေ၏။



၎င်းအရာရှိများမှာ ဥရောပတိုက်သားချည်း ဖြစ်လေရကား တောစခန်း အစ်ခု၌ ဆုံမိကြရာတွင် ထုံးစံအတိုင်း မိမိတို့၌ ပါသမျှသော စားဖွယ်သောက် ဖွယ်များကို စုပေါင်း၍ ပျော်ရွှင်စွာ သောက်စားပျော်ပါးလျက် ရှိကြလေ ၏။

ညစာစားကြသည့်အခိုက်တွင် နံရံ၌ထောင်ထားသော သားရေသေတ္တာ ကြီးကို မြင်ကြသဖြင့် ဒရဝမ်ကို ခေါ်ယူ မေးမြန်းကြရာ ဒရဝမ်ကမူ လွန်ခဲ့သော ခြောက်လခန့်လောက်က အဘိုးကြီးတစ်ယောက် လာရောက်ထားသွားခြင်း မှ တစ်ပါး ဘာမျှပြောရန် စကား မရှိချေ။ သေတ္တာကြီး အတွင်း၌ မည်သည့် ဝတ္ထုပစ္စည်း ထည့်ထားသည်ကို သိလိုကြသဖြင့် အရာရှိသုံးယောက်တို့သည် အပေါက်များရှိလေသလောဟု လှည့်ပတ်ကြည့်ရှုကြရာ မည်သည့် အပေါက် ကိုမျှ မတွေ့ရသဖြင့် စိတ်ထဲ၌ မကျေမနပ် ဖြစ်နေကြလေ၏။

ညစာစားပြီးကြသောအခါ အရာရှိသုံးယောက်တို့သည် ပန်းကန်ခွက် ယောက်များကို အစေခံများ သိမ်းဆည်းပြီးသည်နှင့် တစ်ပြိုင်နက် သားရေ သေတ္တာကြီးကို ဖွင့်ကြည့်ရန် တိုင်ပင်ကြလေ၏။

အစေခံများသည် နောက်ဖေးဘက်ဆီမှ စောင့်နေကြစဉ် အရာရှိများ သည် သေတ္တာကြီးကို ဖွင့်ထိုက် မဖွင့်ထိုက် ငြင်းခုံကြရာမှ သစ်တောအရာရှိ တစ်ဦးတည်းသာလျှင်ကန့်ကွက်သည်ဖြစ်သောကြောင့်ဖွင့်ထိုက်သောဘက် မှ အနိုင်ရသွားလေ၏။ ၎င်းနောက် သေတ္တာကြီးကို ရွှေ့သောအသံ၊ ခေါက် ကြည့်သောအသံ၊ မှောက်လှန်သောအသံစသည်တို့ကို အစေခံများကြားကြ ပြီးနောက် တံခါးတစ်ခုကို ရုတ်တရက် ပြင်းထန်စွာ တွန်းဖွင့်လိုက် ခြင်းကဲ့သို့ ရှောင်းခနဲ မြည်သောအသံကြီးကို ကြားလိုက်ရပြီးနောက် ဆိတ်ငြိမ် သွားလေ၏။

တစ်ခဏမျှကြာသော် အစေခံတစ်ယောက်သည် ခြေဖျားထောက်သွား ၍ အခန်းတွင်းသို့ ချောင်းကြည့်လိုက်ရာ နောက်တစ်ခဏတွင် "အမယ်လေး

www.burmeseclassic.com

ဖျာတို့” ဆိုကာ အစေခံများထံသို့ပြန်ပြေးလာလေ၏။ ထိုအခါ အစေခံအားလုံး စုရုံး၍ အခန်းတွင်းသို့ ဝင်သွားကြရာတွင် သစ်တောအရာရှိမှာ စားပွဲအနီး၌ ကုလားထိုင်ပေါ်တွင်မှီလျက် လည်းကောင်း၊ နယ်ပိုင်ဝန်ထောက်မှာ ကြမ်းပေါ်သို့ ထိုးကျ၍ သေတ္တာကြီးနှင့် စားပွဲအကြားရှိ နံရံတွင် ကပ်လျက် လည်းကောင်း၊ ရာဇဝန်ဝန်ထောက်ကလေးမှာ သားရေသေတ္တာကြီးထဲတွင် ဦးခေါင်း ငိုက်လျက် စင်းစင်းသေလျက် ရှိကြသည်ကို တွေ့ကြရလေ၏။ သေဆုံးသူများ၏ မျက်နှာထားများမှာ နောက်ပိတ်ဆုံး ဇီဝိန်ချုပ်ဆဲ အချိန်၌ ဖြစ်ပေါ်ခဲ့သော မျက်နှာထားအတိုင်း ပြောင်းလဲခြင်း မရှိသေးသည်ဖြစ်၍ တစ်ယောက်တစ်မျိုးစီ ရှိနေကြလေ၏။

ကုလားထိုင်ပေါ်ရှိ သစ်တောအရာရှိ၏ မျက်နှာမှာ တစ်စုံတစ်ခုကို အလွန် စိတ်အား ထက်သန်စွာ မျှော်လင့်နေသကဲ့သို့ လည်းကောင်း၊ နံရံအနီးမှ နယ်ပိုင်ဝန်ထောက်မှာ တစ်စုံတစ်ခုကို မြင်ရသဖြင့် အပြင်းအထန် ထိတ်လန့် တုန်လှုပ်သော မျက်နှာမျိုးဖြင့် လည်းကောင်း ရှိနေကြလေရာ သေတ္တာထဲ၌ ဦးခေါင်းစိုက်လျက် ရှိသော ရာဇဝတ်ကလေးမှာမူ ဆွဲယူကြသောအခါ၌ လူပြည်တွင် ဘယ်သောအခါကမှ မတွေ့မကြုံဘူးရသည့် မျက်နှာထားမျိုး ဖြစ်နေသည်ကို မြင်ကြရလေ၏။ သေတ္တာအတွင်း၌ကား တစ်မိုက်ခန့်မျှရှိ၍ အင်္ဂါအပြည့်အစုံ ပါသော ရှောမွေးချောက်ကလေးတစ်ခုကို တွေ့မြင်ကြရလေ၏။

အရာရှိသုံးယောက် သေဆုံးရခြင်းအကြောင်းနှင့် ပတ်သက်၍ နစ်နည်းနစ်လမ်း တွေးတောကြ၏။ မာမာသန်သန် အရွယ်ချည်းဖြစ်သော မျက်နှာဖြူ သုံးယောက်စလုံးသည် လူချောက်ကလေးကို မြင်ကာမျှနှင့် ကြောက်လန့်၍ ပွဲချင်းပြီး သေသွားသည်မှာ မဖြစ်တန်ရာချေ။ မည်သို့ပင်ဖြစ်စေ၊ တစ်ယောက်သောလူမှာ ထိုအရာကို မြင်ပင် မြင်ရသေးဟန် မတူချေ။ ယူဆရန် တစ်ချက်မှာ အစေခံများသည် မိမိတို့ ဆရာများကို အဆိပ်ကျွေးသတ်ပြီးနောက် မဟုတ်တရုတ် လုပ်ကြံပြောဆိုကြခြင်းလည်း ဖြစ်နိုင်၏။ ယင်းသို့ဖြစ်ခဲ့လျှင် ရာဇဝတ်ဝန်ကလေးသည် အဘယ်ကြောင့် သေတ္တာအတွင်းသို့ ဦးခေါင်း ထိုးဆင်းချရောက်နေလေသနည်း။ နောက်ဆုံး၌ ဝင်းအယူအဆမှာမူ ရုံးသို့ ရောက်သောအခါ၌ မဟုတ်နိုင်ကြောင်းကို အသေအချာ သိရှိကြရလေ၏။ ဒုတိယ တွေးသောနည်းမှာ ကလေးကို သေတ္တာထဲ၌ ထည့်၍ ပိတ်ပြီးနောက် သော့ပေါက်မှ အဆိပ်ဓာတ်ငွေ့သွင်းပြီးလျှင် ချိတ်ဖြင့် ပိတ်ထားလိုက်ခြင်း ဖြစ်နိုင်ပေ၏။



သို့ဖြစ်၍ ရာဇဝတ်ဝန်ကလေးသည် သေတ္တာကို စိတ်အားထက်သန်စွာ နှင့်ဖွင့်လိုက်ရာတွင် သေတ္တာထဲမှ ဓာတ်ငွေ့များ ထွက်လာ၍ လူသုံးယောက်တို့ကို သေစေခြင်းဖြစ်လေသလောဟု တွေးတောကြ၏။ ယင်းသို့ ဆိုပြန်လျှင်လည်း အတော်ကွာလှမ်းသော သစ်တောအရာရှိကို မျက်နှာထားမျှ မပြုပြင်နိုင်မီ ရုတ်တရက် ချက်ချင်း ဝိညာဉ်လွင့်စဉ်စေလောက်အောင် ပြင်းထန်သော အဆိပ်မျိုးဖြစ်ရပေလိမ့်မည်။ အဆိပ်အကြောင်းနှင့် ပတ်သက်၍ ကျွမ်းကျင်နားလည်သော ဆရာဝန်များအား စုံစမ်းကြည့်ရာ ထိုမျှလောက် ပြင်းထန်သော အဆိပ်မျိုးမှာ လူ့ပြည်၌ မပေါ်ဘူးသေးဟု ထွက်ဆိုကြ၏။ ယင်းသို့ ဖြစ်လျှင် ဝင်းမိုလ်တဲ၌ ဒုတိယ သားရေသေတ္တာတစ်လုံး ကျန်ရှိနေသေးပါက ဖွင့်ကြည့်ပုံပါမည်လောဟု ဆရာဝန်အား မေးကြည့်ရာ –

“ဟာ – ဒီလိုတော့ မလုပ်ဝံ့ဘူးလေ” ဟု ပြန်ပြောလေသည်။

မိုလ်တော့ကျိုးတောင်ကုန်းရှိ မိုလ်တဲနှင့် ပတ်သက်သည့် ထူးဆန်းသော အကြောင်းအရာ တစ်ခုမှာ ဝင်းမိုလ်တဲ၌ ခိုအောင်းစွဲကပ်လျက်ရှိသော မကောင်းဆိုးဝါးသည် မည်သည့်အခါတွင်မျှ အကောင်အထည်အားဖြင့် ထင်ရှားစွာ မြင်ရသည်မရှိဘဲ တည်းခိုသော ဧည့်သည်များ၏ စိတ်၌ အလွန်အမင်း ရွှင်မြူးခြင်းသော်လည်းကောင်း၊ ယိုင်းမှိုင်း ငြိုးငွေ့ခြင်းသော်လည်းကောင်း၊ သတ်ချင်ဖြတ်ချင်သည့် ရက်စက်ကြမ်းကြုတ်သော စိတ်မျိုးသော်လည်းကောင်း တိုးဝင် ကပ်ရောက်လာခြင်းအားဖြင့်သာလျှင် ထင်ရှားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ပီ ဒဗလူ ဒီဘက်ဆိုင်ရာ လမ်းဝန်ထောက်ကလေး တစ်ယောက်သည် အင်္ဂလန်ပြည်မှ မကြာမီအတွင်း လက်ထပ်ခေါ်ယူလာခဲ့သည့် ဇနီးသည်နှင့်အတူ ၎င်းဗိုလ်တဲတွင် တစ်ညသ၌ တည်းခိုနေထိုင်ကြလေ၏။ ဝန်ထောက်ကလေးမှာအလင်းရောင်နှင့်မအိပ်တတ်သဲဝန်ထောက်ကတော်ကမူ မီးထွန်းမှ အိပ်တတ်သည် ဖြစ်သောကြောင့် လင်မယားနှစ်ယောက်တို့သည်၎င်းဗိုလ်တဲတွင်တစ်ယောက်တစ်ခန်းစီအိပ်ကြလေ၏။

သန်းခေါင်ကျော်လတ်သော ဝန်ထောက်ကတော်သည် ခင်ပွန်း၏ အခန်းမှရှိက်ကြီးတငင်ပင်ပန်းသောအသံမျိုးကြားရသဖြင့်မှန်အိမ်ကိုကိုင်၍ လင်ယောက်ျား၏ အခန်းသို့ ကူးသွားလေရာ ဝန်ထောက်ကလေး မစ္စတာဘာတင်မှာ ပါးစပ်ကို ဟလျက် ပင်ပန်းကြီးစွာ အသက်ရှူလျက်နေသည်ကို တွေ့ရ၍ မယားဖြစ်သူက နှိုးလိုက်လေ၏။

၎င်းနောက် မစ္စစ်ဘာတင်က မည်သို့ ဖြစ်နည်းဟုမေးရာ မစ္စတာဘာတင်သည် အိပ်ရာ၌ ထထိုင်၍ ချွေးများသည် နဖူးမှ ယိုစီးလျက် ကျလေ၏။

တင်။ ။"သိပ်ဆိုးတဲ့ အိပ်မက်ကွာ။ တစ်ယောက်ယောက်က ငါ့လည်ပင်းကို ညှစ်သတ်တော့ မလိုလို ထင်ရတာပဲ"

မစ်။ ။"အစာမကြေလို့ ဘီလူးစီးတာ ထင်ပါရဲ့ရှင်"

တင်။ ။"တစ်သက်လုံး ဘယ်တော့မှ ဒီလို မဖြစ်ဘူးပေါင်ကွာ။ သိပ်ဆန်းတာပဲ။ ခံရပုံက တစ်ယောက်ယောက်က ခေါင်းကဆီးပြီး ဖိနှိပ် ထားလိုက်တာလိုပဲ။ သိပ်အခံရခက်တယ်ကွာ"

မစ်။ ။"အဖျားသွေးများ ရှိလို့လားရှင်"

တင်။ ။"စမ်းကြည့်ပါတော့ကွာ၊ မရှိပါဘူး"

မစ္စစ်ဘာတင်သည် စမ်းသပ်ကြည့်၍ ဖျားသွေးမရှိသည်ကို တွေ့ရပြီးနောက် -

မစ်။ ။"ဘာပဲဖြစ်ဖြစ်လေ ကိစ္စမရှိပါဘူး အိပ်သာအိပ်ပါ။ တစ်ညလုံး ဒီအနားက ထိုင်ပြီး ကျွန်မ စောင့်ပါမယ်"



ဤအဖြစ်အပျက်နှင့် ပတ်သတ်၍ ထူးခြားသော အခြင်းအရာနှစ်ခုမှာ အား မစ္စစ်ဘာတင်သည် လင်ယောက်ျားအနီးတွင် ထိုင်၍ စောင့်နေရန် လိုအပ်သည်၊ တွေးမိသောအချက်နှင့် မစ္စတာဘာတင်၏ စိတ်ထဲ၌ မိမိအားယောက မနှိုးခဲ့လျှင် သေမလောက် ဆိုးသော အဖြစ်အပျက်မျိုးနှင့် ဧကန်ကြုံတွေ့ရမည်ဟု ယူဆမိသော အချက်ပင်ဖြစ်လေသည်။



ဗိုလ်တော့ကျိုးသည် ဗိမ်ာနေအိမ်တွင်
အလွန်ထူးဆန်းသော ဧည့်သည်များကို
လက်ခံတတ်လေရာ
တစ်ခါတစ်ရံ
ဇော်ဂျီနှင့်တူသော လူစသည်တို့အပြင်
ဘိုများ ဘိုမများသည်
ဂုဝန်ရုံ၌ တည်းခိုတတ်ကြသဖြင့်
အကာလ ညအချိန်များတွင်
ထူးဆန်းသောအသံများကိုလည်းကောင်း၊
ထိမ့်ရှတ်တခုန်ခြင်းများကိုလည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com

မစ္စတာဘာတင်၏အယူအဆကိုထောက်ခံရာရောက်သည့်အောက်ပါ အဖြစ်အပျက်တစ်ခု ရှိသေး၏။

မစ္စတာဒေါ်ဆင်အမည်ရှိ သစ်တောအရာရှိ တစ်ယောက်သည် ၎င်းဗိုလ်တဲ၌ တည်းခို၍ အိပ်ပျော်လျက်ရှိစဉ် ရှဉ့်တစ်ကောင်သည် အမိုးမှ အုတ်ကြွပ်တစ်ခုကို ထိုးချလိုက်သဖြင့် ဒေါ်ဆင်အနီး ကြမ်းပေါ်တွင် ဖြန်းခနဲ ကျကွဲလေ၏။ ဒေါ်ဆင်သည်အိပ်ရာမှအလန့်တကြားနိုးလာပြီးလျှင်အခန်းထဲ တွင် မှန်အိမ်တစ်ခုနှင့် တစ်ညလုံး စောင့်နေလေ၏။ ဒေါ်ဆင်၏ စိတ်ထဲ၌ အုတ်ကြွပ်သည် ကြမ်းပေါ်သို့ ကျ၍ မိမိအား မနိုးစေလျှင် မိမိမှာ အလွန် ထိတ်လန့်ဖွယ်ကောင်းသည့်ဆိုးရွားသောအဖြစ်အပျက်တစ်ခုနှင့်ကေန်မုချ ကြုံတွေ့ရမည်ဟု ယုံကြည်မိလေ၏။

၎င်းပြင်မှန်အိမ်ကိုထွန်းလိုက်သောခဏ၌အမိုက်မှောင်သည်မိမိအနီးမှ ချောင်ကြိုချောင်ကြားများသို့ သိသိသာသာကြီး ရုတ်တရက် ဖယ်ရှား ဆုတ် ခွာသွားသည်ဟု ထင်မြင်လိုက်ရကြောင်းနှင့်လည်း ဒေါ်ဆင်က ပြောလေ၏။ ထိုကဲ့သို့ ထင်မြင်ရခြင်းမှာ ဒေါ်ဆင်၏ ထိတ်လန့်မှု အရင်းခံကြောင့် ဖြစ်သည်ဟု ဆိုဖွယ်ရာရှိသော်လည်း နာမည်ကြီးလှသော ဗိုလ်တဲဖြစ်သော ကြောင့် ထင်သလို အဓိပ္ပာယ်ကောက်ယူနိုင်ခွင့် ရှိလေသည်။

အခြား အဖြစ်အပျက်တစ်ခုမှာကား သောမတ်စ် အမည်ရှိ စစ်ဗိုလ် ကလေးတစ်ယောက်သည် အားလပ်ခွင့်ခံယူခဲ့၍ အမဲပေါ်လှသော တောကြီး ဖြစ်သည့်အလျောက် အမဲလိုက်ရန် ထွက်လာခဲ့ရာတွင် ၎င်းဗိုလ်တဲ၌တည်းခို လေ၏။ ညစာစားပြီး၍ ဝရန်တာ၌ ထိုင်ကာ ဆေးပြင်းလိပ် တစ်လိပ်ကို စည်းစိမ်နှင့် သောက်လျက်ရှိစဉ် သောမတ်စ်၏ စိတ်ထဲ၌ အထူးသဖြင့် ကြည်လင်ရွှင်ပြ လာပြီးလျှင် အမဲလိုက်ရသော အလုပ်သည် အလွန် ပျော်ရွှင် ဖွယ်ကောင်းကြောင်း သတ္တဝါတစ်ကောင်ကိုသေနတ်နှင့်ပစ်သတ်ရခြင်း ကဲ့သို့ပျော်ရွှင်ဖွယ်ကောင်းသော အလုပ်သည် လောက၌ ရှိကြောင်း စသည် ဖြင့် စိတ်ထဲ၌ ထင်မြင်လာပြီးလျှင် နက်ဖြန်တိုင်အောင် မဆိုင်းနိုင်၊ ယခု ချက်ချင်း လက်ငင်း သတ်လိုက်ရမှ ကျေနပ်နိုင်မည်ဟူသော စိတ်သဘော ထားသည် ပေါ်ပေါက်လာခဲ့လေ၏။ သောမတ်စ်သည် ၎င်းစိတ်ကို ချိုးနှိမ်ရန်



[မ]တတ်နိုင်သည်ဖြစ်၍သေနတ်ကိုဆွဲယူပြီးလျှင် ဗိုလ်တဲပေါ်မှ ဆင်းသွားလေ [၏။ ၎]င်း၏လက်များသည် ပစ်ချင်ခြင်းအားကြီးလှသော စိတ်ဖြင့် ဆတ်ဆတ် [တု]န်လျက် ရှိနေလေ၏။ ထိုညက လရောင်ကလေး ဝိုးတိုးဝါးတား သာလျက် [ရှိ]ရာ ဝင်းထောင့်ရှိ ချုံကလေးအနီးတွင် ခွေးတစ်ကောင်သည် နှာခေါင်းကို [မြေ]နှင့် ကပ်လျက် ထိုမှ ဤမှ အနံ့ခံကာ လှုပ်ရှားနေသည်ကို တွေ့ရသဖြင့် [တ]င်လုံးပြူးသေနတ်နှင့် ချိန်ကာ မောင်းနှစ်ဖက်စလုံးကို ဖြုတ်ချလိုက်လေ [၏]။

မကောင်းဆိုးဝါးနှင့် ပတ်သက်သော ပုံဝတ္ထုများအရမှာ နံနက်မိုးလင်း [သ]ောအခါ၌ ထိုအရာသည် တစ်စုံတစ်ခု ဖြစ်နေသည်ကို တွေ့ရတတ်သော် [လ]ည်း သောမတ်စ်မှုကား နောက်နေ့နံနက်တွင် သေနတ်ကျည်ဆန်နှစ်ခုလုံး [ထ]ိမှန်ထားသော ခွေးပိန်သေကလေးကို တွေ့ရလေ၏။ သောမတ်စ်မှာ ၎င်း [ဗ]ိုလ်တဲအကြောင်းကို မကြားရဘူးသည်ဖြစ်၍ ထိုအချိန်အခါက အဖျားသွေး [ဝ]င်လာပြီး ပစ်မိပစ်ရာ ပစ်မိပါသည်ဟု မိတ်ဆွေများအား ပြောပြလေ၏။ သောမတ်စ်သည် ခွေးကို ပစ်သတ်ပြီးနောက် အိပ်ရာသို့ ဝင်၍ ချောမောစွာ [လ]င် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

စောဒက တက်ရန်ရှိသည်မှာ အကယ်၍ထိုအချိန်အခါက ၎င်းခွေးသည် အဆင်သင့် ပေါ်ပေါက်မလာခဲ့လျှင် သောမတ်စ်သည် မည်သည့် အဖြစ်သို့ [ရ]ောက်အောင် ပြု၍ မည်သူကို ပစ်သတ်မိချေမည်ဟု မပြောနိုင်ချေ။

အခြားအရာရှိတစ်ဦးမှာ ၎င်းဗိုလ်တဲတွင် တည်းခိုရာမှ ညအချိန်တွင် [အ]ောက်သို့ ဆင်းလာပြီးလျှင် မိမိ၏ မြင်းကို ပစ်သတ်ခဲ့ဖူးရာ သောမတ်စ် [သ]ည်လည်း ထိုကဲ့သို့ပင် ပြုလုပ်မိချေမည်လော မဆုံးဖြတ်နိုင်ချေ။ အခြား [သ]ောအရာရှိတစ်ယောက်မှာလည်း တံခါးကြားမှစောင့်နေ၍ မိမိထံသို့ကော်ဖီ [တ]စ်ခွက် ယူလာခဲ့သော အစေခံအား ဓားကြီးတစ်ချောင်းနှင့် အကြောင်းမဲ့ [ခု]တ်နက်ဖူးသော အဖြစ်အပျက်တစ်ခုလည်း ရှိသေးသည်ဖြစ်ရာ သောမတ်စ် [မ]ှာလည်း ခွေးကိုမတွေ့ခဲ့လျှင် တစ်စုံတစ်ခု ပြုလိမ့်မည်ဟု ဝန်ခံနိုင်မည်မဟုတ် ချေ။



www.burmeseclassic.com

www.burmeseclassic.com

တစ်ညသည်၌ ရာဇဝတ်ဝန်ကလေးတစ်မီးသည် ၎င်းဗိုလ်တဲ၌ တည်းခို၍ သန်းခေါင်အချိန်တွင်မြင်းတစ်စီးကိုစိုင်းလျက်ရွာတွင်းတစ်လျှောက်မကြားဖုံ မနာသာ ကြိမ်းမောင်း ရေရွတ်သံများဖြင့် ဆူညံစွာ ဟစ်အော်သွားဖူးသည့် အဖြစ်အပျက်လည်း ရှိသေး၏။

၎င်းဗိုလ်တဲ၌ မိမိကိုယ်ကို မိမိသတ်၍ သေဆုံးဖူးသော လူနှစ်ယောက်လည်း ရှိသေး၏။ သို့ရာတွင် တစ်ယောက်သောသူမှာ ဆားနှင့်ပတ်သက်သောဌာနတွင်အမှုထမ်းသူဖြစ်၍၎င်းဌာန၌ကိုယ့်ကိုယ်ကိုယ်သတ်သေတတ်သောလူများ အလွန်ပေါများသည်ဟု နာမည်ပျက်နေသော ဌာနဖြစ်သောကြောင့် ၎င်းဗိုလ်တဲကို စွပ်စွဲရန် အကြောင်းမလုံလောက်ချေ။ ဒုတိယလူမှာလည်း ရည်းစားမှုနှင့် ပတ်သက်၍ စိတ်ညစ်ပြီးလျှင် လူ့ပြည်၌ မနေတော့ဟု ဆုံးဖြတ်ပြီးလျှင်နောက်မှဗိုလ်တဲသို့လာရောက်၍မိမိကိုယ်ကို သတ်ပစ်လိုက်ခြင်း ဖြစ်သဖြင့် ၎င်းအဆုံးမစီရင်မီ ထုံးစံအတိုင်း အမှာစာများ ရေးသားလျက် ရှိစဉ် ရာဇဝတ်ဝန်ကြီးသည် မိုးလင်းသည့်တိုင်အောင် ခရီးသွားမည် ကြံစည်ပါလျက် မိမိ၏ မြင်းခွာလိပ်သွားသည့်အတွက် ကြောင့် ညအချိန်မတော်တွင် ၎င်းဗိုလ်တဲသို့ဆိုက်ရောက်လာလေ၏။

ထိုအချိန်၌ ရာဇဝတ်ဝန် မရောက်လာခဲ့လျှင် ထိုသူသည် မိမိကိုယ်ကို အဆုံးစီရင်ဖို့ သေချာသည်ဟု ရာဇဝတ်ဝန် ကိုယ်တိုင်က ယူဆလေသည်။

အထက်ပါ အဖြစ်အပျက်များကို ပြန်လှန်၍ စစ်ဆေးခြင်းသည် မစ္စတာတင်သည် ခင်ပွန်းဖြစ်သူအား ဆိုးရွားသော အဖြစ်အပျက်မှ ကယ်ဆယ်လိုက်၏။ ဒေါ်ဆင် ကိစ္စ၌မူ အုတ်ကြွပ်တစ်ချပ် ပြုတ်ကျလာ၍ နီးလာခြင်း ဖြစ်၏။ သစ်တောအရာရှိကိစ္စ၌ရာဇဝတ်ဝန်၏မြင်းခွာလိပ်မှုကြောင့်အသက်မှ ချမ်းသာရာ ရခဲ့ဟန်တူ၏။ ထိုအခြင်းအရာအားလုံးကို ပေါင်းစပ်လိုက်သည် ရှိသော် ၎င်းဗိုလ်တဲ၌အဆိုးနှင့် အကောင်းသည် အတိုက်အခံ ဖြစ်နေဟန်တူ၍ အဆိုး၏ လက်တွင်းသို့ ကျမည့်လူများကို အကောင်းသည် လက်မတင် ကလေးမျှကယ်ဆယ်လိုက်ရခြင်းဖြစ်ဟန်တူသည်ဟုစဉ်းစားဖွယ်ရာဖြစ်ပေ လေ၏။



သို့ဖြစ်၍ဗိုလ်ထောက်ကျိုးတောင်ကုန်းရှိဗိုလ်တဲနှင့်ပတ်သက်၍အဆိုးနှင့် အကောင်းတို့ နောက်ဆုံးအကြိမ် ယှဉ်ပြိုင်၍ ရပ်ဆိုင်တိုက်ခိုက်သည်ဟု ခေါ်ဆိုလောက်သည့်အင်္ဂလိပ်ဘုန်းကြီးရဲဗရင့်စမစ်သ်အကြောင်းကိုဖော်ပြရ သေးအံ့။

ရဲဗရင့်စမစ်သ်မှာ ခရစ်ယာန်ဘုန်းကြီးတို့ ထုံးစံအတိုင်း အိမ်ထောင်ပြုသူတစ်ဦးဖြစ်၍ မိမိ၏ မယားနှင့် ငါးနှစ်သမီးအရွယ် လူစီတို့နှင့်အတူ ရွှေလီ အထက်ပိုင်းသို့ ဆန်တက်လာခဲ့လေသည်။ မစ္စတာစမစ်သ်သည် မိုးမိတ်အော်ဘွားနှင့် သိကျွမ်းသည်ဖြစ်၍ ၎င်းမြို့သို့ သားအဖသုံးယောက်တို့ လောင်းလှေတစ်စင်းဖြင့် ဆန်တက်လာကြရာ လမ်းခရီးတွင် လေပြင်း တိုင်းကျသဖြင့် ဗိုလ်ထောက်ကျိုးတောင်ကုန်းဆိပ်ကမ်း၌လှေဆိုက်ပြီးလျှင် ဗိုလ်တဲသို့ တက်လာကြလေ၏။ လှေထိုးသားနှစ်ယောက်တို့မှာမူ လှေ၌ပင် နေ၍ အိပ်ရစ်ကြလေသည်။

၎င်းတို့ လင်မယားမှာ ကသာမြို့၌ နှစ်ပေါင်းအတန်ကြာနေထိုင်ခဲ့ကြ သည် ဖြစ်၍ မစ္စတာစမစ်သ်သည် ၎င်းဗိုလ်တဲ၏ မကောင်းသတင်းများကို ကြားရဖူးသည်ဖြစ်သောကြောင့် ထိုနေရာတွင် တစ်ညအိပ်ရန် အလျဉ်းပင် သဘောမတူချေ။ သို့ရာတွင် ခြောက်နာရီခန့်ရှိပြီ ဖြစ်သော ၎င်းအချိန်တွင် လေဟုန်သည် တဖြည်းဖြည်း ရုတ်လျော့မသွားသည့်ပြင် တစ်ခဏထက် တစ်ခဏ တိုး၍ ပြင်းထန်စွာ တိုက်ခတ်လျက်ရှိသည် ဖြစ်၍ အနီးအပါးရှိ သစ်ပင်ကြီးများပင်လျှင် ဝုန်းဝုန်းဒိုင်းဒိုင်း ဗုန်းဗုန်းဘိုင်းဘိုင်းဖြင့် တလဲတည်း ဖြစ်၍လျက် ရှိရကား ၎င်းဗိုလ်တဲမှ ထွက်ခွာရန် စိတ်ကူးမထည့်ဝံ့ဘဲ ရှိကြလေ ၏။

သားအဖသုံးယောက်တို့သည် ဗိုလ်တဲပေါ်သို့ တက်လာကြ၍ မစ္စတာ စမစ်သ်သည် သားအမိ နှစ်ယောက်ကို လေမုန်တိုင်းနှင့် အဝေးဆုံးသော အခန်းတွင် သွင်းထားခဲ့ပြီးနောက် လေ၏ အဟုန်ကို အများဆုံး ခံရသည့် တောင်ဘက်ထရံမှ တံခါးများကိုမင်းတုပ်ဖြင့်စိတ်မချဘဲစားပွဲကုလားထိုင်များ ဖြင့်ပိတ်ဆို့ကာ၍ ထားခဲ့လေ၏။ ယင်းသို့ရှိစဉ် အခြားအခန်းမှ သမီးကလေး



www.burmeseclassic.com

www.burmeseclassic.com

လူစီ၏ အလန့်တကြား အော်လိုက်သော အသံကို ကြားလိုက်ရသည်နှ
မစ္စတာ စမစ်သ်သည် အခန်းတွင်းသို့ ပျာယီးပျာယာ ပြေးဝင်လာလေရာ လူ
မှ လက်ကားယား ခြေကားယားနှင့် ထပ်ခါ ထပ်ခါ သံကုန်ဟစ်လျက် မစ္စ
စမစ်သ်မှုကား ကြမ်းပေါ်၌ ထိုင်ကာ ငိုယိုလျက်ရှိသည်ကို တွေ့ရလေသည်

ထိုအခါ မစ္စတာစမစ်သ်က "ဘာဖြစ်လို့လဲ လူစီ" ဟု မေးသောအခ
"ကြောက်တယ်ဒက်ဒီ၊ ကျွန်မ သိပ်ကြောက်တယ်" ဟုပြန်ပြောလေ၏။ မစ္စ
စမစ်သ်ကမူ အလွန် စိတ်ပျက်အားလျော့သော မျက်နှာထားနှင့် "ဒီကနေ့
ကျွန်မတို့ နောက်ဆုံးပဲ ထင်တယ်" ဟု ပြောလေ၏။

ာ္ာ

မစ္စတာစမစ်သ်သည် မယားနှင့် သမီးတို့ကို မည်ကဲ့သို့ စကားပြောရ
မည်နည်းဟု စိတ်ကူးလျက်ရှိစဉ် ၎င်းကိုယ်တိုင်မှာလည်း သားအ
နှစ်ယောက်၏ နည်းတူ ဖမ်းစားခြင်းခံရသည့် လက္ခဏာနှင့် အကြီးအကျ
စိတ်၏ ညှိုးငယ်ခြင်း ဖြစ်လာပြီးလျှင် နက်လှစွာသော ချောက်ကြီးထဲ
ထိုးကျသွားသဖြင့် ကယ်ဆယ်မည့်သူ ပြူထွက်ရန် မျှော်လင့်ဖို့ မရှိသည့်
အလားကဲ့သို့ ဖြစ်သွားလေတော့၏။ သာသနာဘက်တွင် နှစ်ပေါင်းများစွာ
အလုပ်လုပ်ခဲ့ဖူးသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည့်အတွက်ကြောင့် သာလျှ
ဇနီးဖြစ်သူကဲ့သို့ ချုံးချုံးချ၍ မငိုဘဲ စိတ်ကိုတင်း၍ ထားနိုင်ခြင်းဖြစ်လေတေ
သည်။

ထိုအခါ မစ္စတာစမစ်သ်သည် ကြမ်းပေါ်တွင် ဒူးထောက်လျက် ထာဝ
ဘုရားသခင်ကို အာရုံပြု၍ မိမိတို့ အိမ်သားတစ်စုအား ဤကြောက်မက်ဖွယ်
ကောင်းသော စိတ်ညှိုးငယ်ခြင်းမှ လွတ်ကင်းအောင် ကူညီစောင့်ရှောက်တော်
မူပါမည့် အကြောင်းနှင့် ဆုတောင်းလေ၏။

ထိုအတောအတွင်း၌ လေပြင်းမုန်တိုင်းသည် တစ်ခဏထက် တစ်ခဏ
တိုး၍ ပြင်းထန်လာလေရာ ခုနစ်နာရီထိုးအချိန်တွင် စားပွဲထိုး အစေ
သည် ညစာစားရန် အသင့်ရှိနေပြီဖြစ်ကြောင်းနှင့် ပြောသဖြင့် အတ



းလိုက်ရလျှင် စိတ်သက်သာရာ ရလိမ့်မည်အထင်နှင့် စားပွဲပြင်ရန်
ခိုင်းပေးလေ၏။ စားစရာများမှာ မီးဖိုဆောင်တွင် လေမုန်တိုင်း အဟုန်
ကြောင့် ကျပ်ခိုးများ၊ မြူမှုန်များကျထားသဖြင့် စားချင်စဖွယ် မကောင်းလှ
သော်လည်း အစေခံက မလွှဲမရှောင်သာသဖြင့် ထိုကဲ့သို့ ဖြစ်ရသည့်
အကြောင်းနှင့် တောင်းပန်ပြောဆိုသဖြင့် စိတ်ကျေနပ်ကြရလေ၏။
ရောပတိုက်သားတို့၏ ထုံးစံအတိုင်း စားစရာများကို မီးဖိုဆောင်မှ ဗိုလ်တဲ
သို့ တစ်ပွဲပြီး တစ်ပွဲ ယူဆောင်လာခဲ့ရာ စားစရာတစ်ပွဲမှာ ဗိုလ်တဲနှင့်
ဖိုဆောင်အကူးတွင် မုန်တိုင်းလာတိုးဝေ့သဖြင့် ပန်းကန်ရော လင်ပန်းပါ
လွင့်စဉ်ပါသွား၍ သုံးပွဲအနက် နှစ်ပွဲမျှသာ ရော်လေတော့၏။

မစ္စစ်စမစ်သ်မှာ အလျဉ်းမစားနိုင်ဘဲ မှိုင်ငေးလျက်ရှိရာ လူစီမှာ ပူတင်း
လေး အနည်းငယ်မျှကို ချော့မော့ကျွေးသဖြင့် စားရှာ၏။ မစ္စတာ စမစ်သ်
မူ ထိုညအဖို့၌ စစ်ပွဲကြီး တိုက်ရမည်ကဲ့သို့ အောက်မေ့ထားသဖြင့် စားချင်
သ်မရှိသော်လည်း အားရှိအောင် ဆို၍ ကြိုးစားပြီး စားလေ၏။

ညစာစားပြီးလတ်သော် မစ္စတာစမစ်သ်သည် ရုတ်တရက် စိတ်ကူးတစ်ခု
ာသည်ဖြစ်၍ လူစီကို ပွေ့ချီလျက် မယားကို လက်တွဲပြီးလျှင် ရွာဘက်သို့
င်းလာခဲ့လေ၏။ လမ်းခရီး၌ လေမုန်တိုင်းသည် တောတိရစ္ဆာန်ရိုင်းကဲ့သို့
တ်သ်တို့လင်မယားကို အတင်းတိုးဝေ့တိုက်ခိုက်လေရာ လျှပ်စစ်တို့သည်
ည်းမိုးကောင်းကင်တစ်ခုလုံးတွင် အစင်းကြီး အကြောင်းကြီးများ ထင်စေ
တ်တဝင်းဝင်း တလက်လက် အဆက်မပြတ် ထိန်လင်းလျက်ရှိ၏။ ခွန်အား
နှင့် ပြည့်စုံသော မစ္စတာစမစ်သ်သည် အတင်းတိုးဝေ့လာခဲ့၍ ရွာသူကြီး
မ်တွင် သမီးနှင့် မယားတို့ကို အပ်ထားခဲ့ပြီးနောက် ယောကျ်ားပီသသည့်
သ်သဘောရှိသူတစ်ယောက် ဖြစ်သည့်အတိုင်း ဗိုလ်တဲဘက်သို့ တစ်ဖန်
ရဲစွန့်ကာ ပြန်ခဲ့လေ၏။

ထိုအချိန်၌ကား ကိုးနာရီခန့် ရှိပြီဖြစ်ရာ လေမုန်တိုင်း၏ အဟုန်သည်
ိုး၍ပင် ပြင်းထန်လာခဲ့သည်ဖြစ်၍ အနီးတစ်ဝိုက်ရှိ တောထဲမှ သစ်ပင်ကြီး
ား ကျိုးပဲ့လွင့်စဉ်သော အသံများနှင့် လဲကျသော အသံများသည် တဂျိုးဂျိုး



www.burmeseclassic.com

www.burmeseclassic.com

တဂျွမ်းဂျွမ်း တဖုန်းဖုန်း တဗိုင်းဗိုင်း ရှိနေလေ၏။ တောင်ခြေရင်းသို့ ရောက်သော အခါလေမုန်တိုင်းသည်စမစ်သ်ကို ကိုယ်လုံးနှင့်ရိုက်၍တိုက်လှဲလိုက်သကဲ့သို့ ပြုလိုက်ရာတွင် စမစ်သ်မှာ ကျောက်လှေကားထစ်များပေါ်တွင် ကိုင်၍ရိုက်လိုက်ဘိသကဲ့သို့ ဗိုင်းခနဲ လဲကျသွားလေ၏။

❧

အဝေဘ်အတန် လူတစ်ယောက်ဖြစ်ခဲ့လျှင် ထိုနေရာမှ ထနိုင်တော့မည် မဟုတ်ပေရာ ခွန်အားတောင့်တင်းသော စမစ်သ်မှာမူးလဲရာမှ လူးထ၍ လှေကားထစ်များကို လေးဖက်တွားလျက် တက်သွားလေ၏။ ထိုအခါ၌ ကားစမစ်သ်၏စိတ်ထဲ၌ယခင်ကကဲ့သို့အလွန်အမင်းညှိုးငယ်ခြင်းမရှိတော့ ဘဲ အလိုအလျောက် အပြင်းအထန် စိတ်အား တက်ကြွလာခဲ့ပြီးလျှင် ထိုနေ ညသည်တား အကောင်းနှင့် အဆိုးတို့သည် အသေအကြေအပြတ်အသတ် အနိုင်တိုက်ကြတော့မည် ဖြစ်၍ မိမိသည် ဝင်းစစ်ပွဲကို ရှုစားရအံ့တကားဟု များစွာ အားထားမျှော်လင့်လျက်ရှိ၏။ ကျောက်လှေခါးမှ လေးဖက်တွား လျက် ရှိ၏။ ကျောက်လှေခါးမှ လေးဖက်တွားလျက် တက်သွားစဉ် ကျောက် တုံးကြီးတစ်တုံးသည် ကျောက်လှေခါးထစ်များ တစ်လျှောက် ခုန်ပေါက်တာ ဒလိမ့်ခေါက်ကွေး လိမ့်၍ဆင်းလာလေရာ စိတ်အား တက်ကြွလျက် ရှိသော စမစ်သ်သည် ထိုအခြင်းအရာကိုရယ်မောကာ တက်သွားလေ၏။ လှေခါးထိပ် သို့ရောက်သောအခါစမစ်သ်သည်စန့်စန့်ရပ်ရန်ကြိုးစားသော်လည်းမုန်တိုင်း သည် ကိုယ်လုံး ရိုက်သလို တိုက်လှဲလိုက်ပြန်သည်ဖြစ်၍ လေးဖက်တွား လျက်သာလျှင် လာခဲ့ရပြန်လေ၏။

ထိုခဏ၌အထူးသဖြင့်ရှည်လျားထိန်လင်းသော လျှပ်စစ်တန်းကြီးသည် ပတ်ဝန်းကျင် တစ်ပိုက်လုံးကို မွန်းတည့်ချိန်တမျှ ထိန်ထိန်လင်းစေလျက် ရှိစဉ် မုန်တိုင်းသည် အစေခံတဲကို အတွင်းမှဝင်၍ပင့်တိုက်လိုက်သဖြင့် အမိုး တစ်ခုလုံး အုံပွင့်၍ လွင့်စဉ်ပါသွားလေ၏။ ယက်မကြီးတစ်ချောင်းသည် စမစ်သ်ဆီသို့ တည့်တည့်ကြီး ထိုးဆင်းလာလေရာ ဖျတ်လတ်သူဖြစ်၍ ရုတ်





...စ်ခါဏ္ဍမှုကြောသော်
...ဇေခံတစ်ယောက်သည်
...ခြများထောက်သွား၍
...ခန်းတွင်းသို့ ချောင်းကြည့်လိုက်ရာ
...နောင်တစ်ခဏတွင်
"အမယ်လေးဗျာတို့" ဆိုကာ
...စေခံများထံသို့
...ပြေးလာလေ၏။
...အခါ အစေခံအားလုံး
...၍ အခန်းတွင်းသို့
...သွားကြရာတွင်
...စ်တောအရာရှိမှာ...

...ရက် နံဘေးသို့တွန်းလိုက်သောကြောင့် စမစ်သ်၏နံဘေးမှ သီသီကလေး လွတ်သွားလေ၏။ နောက်ဆုံး၌စမစ်သ်သည်အိမ်ပေါ်သို့ရောက်၍မုန်တိုင်း ...းဝေ့သော တံခါးကို ထပ်လောင်းစစ်ဆေးကြည့်ရှုပြီးနောက် အခန်း၏ အလယ်တည့်တည့်တွင် ကုလားထိုင်တစ်လုံးနှင့် ထိုင်နေလေ၏။ ထိုအခါ၌ ...အား စမစ်သ်မှာ သတ္တိကောင်းသူတစ်ယောက်ဖြစ်၍ ဤညအဖို့မှ အသေ အကြေ တိုက်ရမည့် စစ်ပွဲနှင့် ကြုံရတော့မည်မှာ စိတ်ချပြီးသဖြင့် များစွာပင် ...တုန်လှုပ်ဘဲ အေးအေးပင် ရှိနေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ယင်းသို့ ထိုင်နေစဉ် စမစ်သ်အဖို့မှာ အစဦးဖြစ်သော နာရီသည် အဆိုးရွားဆုံးဖြစ်နေတော့၏။ အလွန် ကြောက်မက်ဖွယ် ကောင်းသော စိတ်ကူးများသည် စမစ်သ်၏ဦးခေါင်းသို့ အလိုအလျောက် တိုးဝင်လာကြလေရာ စမစ်သ်၏ တစ်ကိုယ်လုံးကို အလွန်နှုးညံ့၍ အလွန်လေးလံသော အရာဝတ္ထုကြီးတစ်ခုဖြင့် တဖြည်းဖြည်း ဖိနှိပ်လိုက်ဘိသကဲ့သို့ စမစ်သ်၏ စိတ်ထဲ တစ်ခဏတစ်ခဏပြား၍ ပြား၍ ဆင်းသွားလေ၏။ နောက်ဆုံး၌ စမစ်သ်မှာ ထိုင်ရာမှ ထ၍ ပြေးချင်စိတ်သည် ဦးခေါင်းထဲသို့ အခြားသူတစ်ဦးက ထည့်ပေးလိုက်သကဲ့သို့ အတင်းတိုးဝင်လာပြန်လေရာ ထိုကဲ့သို့ ထွက်မပြေးမိခြင်းငှာ ကုလားထိုင်ကို အတင်းတွယ်ဖက်၍ ထားရလေ၏။

အကယ်၍ ထိုနေရာမှ ပြောင်းရွှေ့မိခဲ့လျှင် မည်သူ တား၍မျှ မရတော့ဘဲ ဂှင်းအိမ်မှသာမက ထိုနေရာတစ်ဝိုက်တွင် မည်သည့် နေရာ၌မျှ ရပ်တည်ရာမရဘဲ မြေကြီး အဆုံးသို့ ရောက်အောင် ပြေးလိုက်လိမ့်မည်ဟု စမစ်သ်တွေးထင်မိ၏။ အိမ်ပြင်၌ မုန်တိုင်းသံနှင့် မိုးခြိမ်းသံတို့သည် သူ့ထက်ငါအားပြိုင်လျက်ရှိကြလေရာ တောင်ကုန်း၌ ရှိသော ကျောက်တုံးကျောက်ခဲများသည် အနိမ့်ဘက်သို့ ဒလဟော လိမ့်ဆင်းလျက် ရှိကြလေ၏။

အိမ်တွင်း၌ကား ထုတ်များ တိုင်များ ယက်မများသည် မုန်တိုင်း၏ တိုးဝှေ့မှုကြောင့် ကျိုးကျိုးကျွီကျွီ၊ ဂျိုးဂျိုးဂျိုတ်ဂျိုတ် မြည်လျက်ရှိကြရာ တစ်ခါတစ်ခါ စမစ်သ်၏စိတ်ထဲတွင် ရုတ်တရက်ရှောင်တခင် ဆန်းဆန်းကြယ်ကြယ် တစ်စုံတစ်ခုက ဖြစ်လိမ့်မည်ဟု မျှော်လင့်လျက် ရှိလေ၏။

ဆယ်နာရီထိုးသည်နှင့် တစ်ပြိုင်နက် စစ်ပွဲပြီးဆုံးသည့် အထိမ်းအမှတ်များဖြစ်ပေါ်လာလေ၏။ ယခင်ကထက်ပြင်းထန်သည့် လေလုံးကြီးများသည် တစ်လုံးပြီး တစ်လုံး ဝုန်းခနဲ ဝုန်းခနဲ ဆင့်၍ တိုက်လေရာ ဗိုလ်တဲအမိုးမှ အုတ်ကြွပ်များသည်လည်း ဤနေရာထိုနေရာ စသည်တို့၌ အစုလိုက် အပြွတ်လိုက် လွင့်ပါသွားကြလေ၏။

တိုင်လုံးကြီးများသည် မုန်တိုင်း၏ဒဏ်ကို မခံရပ်နိုင်သည့် လက္ခဏာနှင့် ကြိုးကြိုး ကြိတ်ကြိတ် ညည်းတွားလျက် ရှိကြစဉ် မုန်တိုင်းသည် အခန်းထဲသို့ ဖွတ်ဝင်လာ၍ ပိတ်ထားသော ပြတင်းပေါက်များနှင့် တံခါးများသည် ဆောနတ်သံ၊ အမြောက်သံများသဖွယ် တဖြောင်းဖြောင်း တဂျောင်းဂျောင်း မြည်လျက် ပွင့်ထွက်ကုန်ကြလေ၏။ စမစ်သ်၏ စိတ်ထဲ၌ တစ်ကမ္ဘာလုံးရှိ နှုန်းအား ဟူသမျှသည် ထိုနေရာတစ်ခုတည်းသို့ တစ်ချက်တည်း စုပေါင်းဆိုးဝှေ့လိုက်သည် ထင်မှတ်ရ၍ တံခါးများရော ထရံများပါ တစ်ခါတည်း စုပေါင်းတိုးဝှေ့လိုက်သည်ထင်မှတ်ရ၍တံခါးများရောထရံများပါတစ်ခါတည်း လွင့်စဉ်ပါလာပြီးလျှင်စမစ်သ်ကိုယ်တိုင်မှာလည်းလေကြားဘက်ဆီသို့လူလုံး လွင့်ပါသွားလေ၏။

ထိုခဏ၌ လျှပ်တစ်ချက်ပြက်၍ မုန်တိုင်းတစ်ချက် တစ်ပြိုင်နက်တည်း ဆိုးလိုက်သဖြင့် အမိုးတစ်ခုလုံး ကျွတ်ကာ လွင့်ပျံသွားသည်ကို တစ်ပြိုင်နက် အိမ်ကြီး တစ်ဆောင်လုံးမှာ ဖရိုဖရဲ ကျိုးတိုးကျဲတဲမျှသာ ကျန်ရစ်ခဲ့လေတော့၏။

စမစ်သ်သည် ကျောက်လှေခါးထစ်များပေါ်၌ ထိုင်လျက် အမြစ်ကျွတ်ဆောတ် ပြတ်ထွက်သွားသော အိမ်ပျက်ကြီးကို ကြည့်နေစဉ် ယခင်က ဖြစ်ခဲ့ဖူးသော ကြောက်စိတ် ရွံ့စိတ် ညှိုးငယ်သော စိတ်များသည် မုန်တိုင်းနှင့်အတူ လွင့်စဉ်ပါသွား၍ ချမ်းမြေ့ကြည်လင်သော ရဲရင့်သော စမစ်သ်အဖြစ်သို့ရောက်ခဲ့လေ၏။ ဆေးတစ်ဆုံ ထိုင်၍ သောက်ပြီးနောက် မုန်တိုင်းသည် တစ်ခါတည်း ယတိပြတ် ငြိမ်သက်သွားလေရာ ထိုအခါ စမစ်သ်သည် ထိုင်ရာမှ ထလာ၍ ရွာထဲသို့ လျှောက်လာခဲ့လေ၏။

ဤသည်ကား ဗိုလ်ထော့ကျိုးတောင်ကုန်း၏ ရာဇဝင်ပေတည်း။ ဖော်ပြခဲ့ပြီးသော အဖြစ်အပျက်များတွင် အကောင်အထည်ဟူ၍ တစ်ကြိမ်တစ်ခါမျှမတွေ့ရသော်လည်း ထိတ်လန့်အံ့သြဖွယ် ဆန်းကြယ်လှသည်ကား အမှန်ဖြစ်ပေ၏။ သို့ရာတွင် ဗိုလ်ထော့ကျိုးဗာနန်ဒက်သည် အဘယ်ကြောင့် ထွက်ပြေးသည့် အကြောင်းကိုလည်းကောင်း၊ စုတ်ဖွား သားရေသေတ္တာကြီး

www.burmeseclassic.com

ထဲ ရှောမွေးရှောက်ကလေးအပြင် မည်သည့်အရာများ ပါရှိ၍ အရာရှိ သုံးယောက် အဘယ်ကြောင့် အသက်ပျောက်ရသည့်အကြောင်းကို လည်းကောင်း ယနေ့တိုင် မည်သူမျှ မတွေးနိုင်အောင် ရှိနေလေတော့၏။

ကျွန်ုပ်ရောက်သွားသောအခါတွင် ဗိုလ်တဲမှာ တိုင်ကြီး လေးငါးလုံးနှင့် ဖရိုဖရဲ လွင့်ကြဲလျက်ရှိသော အုတ်ကြွပ် အစအနများတစ်ပါး ဘာမျှ မတွေ့ရတော့ပေ။

အထက်ပါ အဖြစ်အပျက်များကို အနီးအပါးရှိ ရွာကလေးမှာ ရွာသူရွာသားများထံမှ လည်းကောင်း၊ ထိုနယ်ရှိ အင်္ဂလိပ်မြန်မာ အရာရှိများထံမှ လည်းကောင်း မေးမြန်းစုဆောင်းသဖြင့် သိရှိခဲ့ပြီးသည့်နောက် ကျွန်ုပ်သည် ကျောက်လှေကားတွင် သွားလေသူ ဗိုလ်ထော့ကျိုး၏ အကြောင်းများသည် စိတ်ထဲတွင် ရေးရေးပေါ်၍ ဥရောပတိုက်သား မျက်နှာဖြူများအနက်မှ သိုက်ဆရာယောင်ယောင် မှော်ဆရာယောင်ယောင် လေ့လာ လိုက်စားသူများလည်း ရှိချေသေးသည်တကားဟု စဉ်းစားမိ၍ ထိုသူ၏ ဆန်းကြယ်မှုများသည်ပင်လျှင် အထက်ပါ ဆန်းကြယ်သော အခြင်းအရာများ ဖြစ်တော့သည်ဟု အောက်မေ့မိလေတော့သည်။

>> ရွှေဥဒေါင်း

# ဦးလေးပါးနှင့်အဘော




www.burmeseclassic.com

www.burmeseclassic.com

# နီးလေးပါးနှင့်အတူ

ဖျာပုံစိုးသား

**လေးထောင့်** ဖော်မီကာလက်ဖက်ရည်စားပွဲ အသေးလေးအပေါ်မှာ ပက်လက်ကလေးငြိမ်သက်နေရှာသည့်ဟမ်းဖုန်းမှ SCREEN မျက်နှာပြင်လေးကိုကြည့်ရင်း မျိုးဇော်၏ရင်မှာ လှုပ်ခါနေပြီဖြစ်သည်။ (၀၀း၀၀) နာရီမှစ၍ တိုင်ပင်ကိုက်မှတ်ထားသည့် တစ်နာရီဆိုသည့်အချိန်က တစ်စထက်တစ်စ တစ်စက္ကန့်ပြီးတစ်စက္ကန့်၊ ပုံမှန်မပျက် စီးဆင်းနေသည်ကိုပင် သူ့ရင်ထဲမှာ မြန်လွန်းနေသည်ဟု ထင်နေမိသည်၊ သိပ်သည်းလာသည့် စက္ကန့်များနှင့်အတူ တွဲလျက်ပါလာခဲ့သည့် မုန်တိုင်းတစ်ခုက သူ၏ နှလုံးသားတစ်ဝိုက်မှာ တစ်စထက်တစ်စ အင်အားကောင်းလာနေပါပကော ...။



တကယ်တော့လည်း သည်မုန်တိုင်းကို ပျိုးခဲ့သူက ဘယ်သူမဖြူ ဓိမိမှုဆိုရမလို မျိုးဇော်ကိုယ်တိုင်ပဲဖြစ်သည်၊ သူ့တစ်ကိုယ်လုံး ပေါ့ပါးသွက်လက်ပြီး ဖက်ရွက်ကလေးတစ်ခုလို လွင့်မျောလျက်၊ နတ်ပြည်ခြောက်ထပ်ကိုပဲ တက်သွားရမည်လား...၊ သို့တည်းမဟုတ် လေးလံသည့်သုထည်အစိုင်အခဲအဖြစ်နှင့် အဝီစိငရဲတွင်းသို့ နက်နက်ရှိုင်းရှိုင်း စိမ့်ဝင်ထိုးဖောက်နစ်ဆင်းသွားလေမလား...ဆိုသည်ကို မုန်တိုင်းထန်ချိန် တစ်နာရီဆိုလျှင် ထင်ထင်ရှားရှား ပြတ်ပြတ်သားသား သိရတော့မည်ဖြစ်သည်၊

မုန်တိုင်းစဲသွားခဲ့လျှင် ပန်းပွင့်လေးတွေ ရောင်စုံဖြာ၍စီရရီပွင့်လာမည်လား ...၊ ဒါမှမဟုတ် အလဲလဲ အပြိုပြို၊ အစိတ်စိတ်အမြွာမြွာ တစ်စစီ ကျိုးပဲ့လွင့်ကျသွားမည်လား ...၊ သူ့ဘဝအနာဂတ်ခရီးက ခြသေ့်မင်းအဖြစ်နဲ့လား...၊ မြေခွေးယုတ်အဖြစ်နဲ့လား ...၊ တစ်ခုခုတော့ ပြတ်ပြတ်သားသား ရှိသွားတော့မှာက အသေအချာပင်ဖြစ်ရချေတော့မည်၊

တကယ်တော့လည်း လူ့ဘဝဆိုသည်က မျှော်လင့်ချက်နှင့် အသက်ရှင်နေကြသူတွေချည်းပဲလေ ...၊

ဤသို့နှင့်... အပြီးသတ်စမ်းသပ်မှုကို ရင်ခုန်လိုက်မောစွာ ကြည့်ရှုနေရင်းတိုင်ပင်ကိုက်ချိန်ထားသည့်တစ်နာရီကပြည့်သွားခဲ့ချေပြီဖြစ်သည်၊ ရင်ဘတ်ကြီးနှင့်တစ်လုံး ခံစားမှုတို့ကို ထိန်းထားခဲ့ရသမျှ ခုတော့... ပေါက်ကွဲလွင့်စဉ်မှုသံစဉ်က နှုတ်ဖျားဝသို့တိုင်အောင် ဝုန်းခနဲ ...၊

"ဟာ - သွားပါပြီကွာ ..."

သေချာတာကတော့ သူခြသေ့်မင်းမဖြစ်နိုင်တော့တာ ...၊ မျှော်လင့်ချက်ပန်းတောကြီး လွင့်စဉ်ပျောက်ကွယ်သွားတာ ...၊ အိပ်မက်တို့ ကြေမွပျက်စီးသွားခဲ့တာတွေပါပဲ ...၊

= ◊ =

သူဆိုသည့်သူကလည်း သည်လိုစပ်စပ်စုစု ဂမ္ဘီရဆန်ဆန်တွေကို ဝါသနာစူးနစ်ခဲ့သူ၊ သူ့လိုစရိုက်တူ ဝါသနာတူ ဦးဟုတ်စွမ်နှင့် ပေါင်းမိလိုက်တော့...ထိုဝါသနာတွေက ရုပ်လုံးကြွတက်လာခဲ့သည်ဆိုလျှင် မမှား၊



www.burmeseclassic.com

www.burmeseclassic.com

ထူးထူးဆန်းဆန်းကိစ္စမျိုးဆိုလျှင် ထမင်းမေ့ ဟင်းမေ့ ...။ ရေဆုံးရေဖျား လိုက်ပြီး အပင်ပန်းခံသည့်နေရာ၌ သူ့ကို မီသူရှိမည်မထင်။

ဘယ်သူ့ဆီမှာ ချိုးအမြုတေရှိတယ်၊ မီးမကူးဘူးဆိုသည်နှင့် လက်ရှိ လုပ်နေသည့်အလုပ်တွေကိုပစ်ကာ အမြုတေနောက် ကောက်ကောက်ပါ အောင် လိုက်တတ်သည်။ မည်သည့်ဒေသမှာ မိုးကြိုးသွားရှိတယ် ကြား သည်နှင့် သတင်းပေးသည့်မိတ်ဆွေကိုပါ စရိတ်ခံ၍ မိုးကြိုးသွားရှာပုံတော် ဖွင့်တတ်ခဲ့သည့် သူ။

သူ့မှာ သည်လိုင်းထဲက မိတ်ဆွေအပေါင်းအသင်းတွေ အများကြီးရှိ သည်။ လက်ဖက်ရည်ဆိုင်ထိုင်ရင်း မစားရဝခမန်းပြောကြ၊ ဆွေးနွေးကြ၊ တိုင်ပင်ကြနှင့် မကြာခဏ ပြောကြသည့် စကားတွေက မြင့်လွန်းသည်။ သိန်းကို ရာဂဏန်းအောက် လုံးဝမလျှော ...။ တစ်ခါတစ်ရံ သိန်းထောင်နှင့် ချီသော ဂဏန်းကိုးလုံးအထိ ပါးစပ်ကြီးနှင့် တစ်လုံး မြိန်ရေရှက်ရေ ပြော ခဲ့ကြသည်။ ကြာလာတော့ ထိုင်နေကျ လက်ဖက်ရည်ဆိုင်ရှင်ကပါ မကြည် မလင်ဖြစ်လာသည်။ သောက်တဲ့လက်ဖက်ရည်နှင့် မကာမိအောင် ကုန် လိုက်သည့်ရေနွေးကြမ်းနှင့် အရှိန်ပြည့် ဖင်သေထိုင်နေကြသူတွေကို အထင် သေးသည့်မျက်စိနှင့် ကြည့်လာသည်အထိပင်။

သူတို့ဝိုင်းမှာ ပြောနေကျစကားလုံးတွေက အပ်ကြောင်းထပ်နေပြီ။ ဘေးမှသူများပါ နားစွင့်ရပြုလာမိတဲ့အထိ၊ အာဝါဒါးအုပ်စု၊ ထီးဖြူဖိနပ်ပါး အဖွဲ့စသည့် ထောမနာသံတွေပါလျှံလာသည်။ သူတို့တွေကတော့ ဘယ်သူ့ ကိုမှ ဂရုမစိုက်၊ လူဆိုတာ ကိုယ်နဲ့ လိုင်းတူရာစုပြီး သတင်းလွှေ့လွှေ့ပေါင်း ဖက် တွေ့တတ်ကြတာ ဓမ္မတာပဲလေ။ တော်ရုံတန်ရုံလူဆိုလျှင်တော့ သူတို့ ၏စကားသံတွေအောက်မှာ ကြွေကျသွားမှာကတော့ အသေအချာပင်ဖြစ် သည်။ နဖူးက ချွေး၊ ခြေမ,ကျအောင် လုပ်မစားချင်သူများအဖြစ် အထင် အမြင်သေးခံနေကြရသည့်တိုင် မတုန်လှုပ်၊ မရှက်တတ်ကြ၊ သူတို့လိုင်းက တိတိကျကျအမည်တပ်ရပါလျှင် ဂမ္ဘီရလိုင်း၊ သိဒ္ဓိဝင်ပစ္စည်းများ ရောင်းဝယ် ရေးလိုင်း ...။



ထိုလိုင်းက ယခုမှ ထူးပြီးပေါ်လာခဲ့တာတော့မဟုတ်၊ ဆယ်စုနှစ်များ နှာကြာခဲ့ပြီ။ ဂျပန်ကင်ဒိုဒါး၊ ချိုးအမြုတေ၊ မိုးကြိုးသွား၊ လက်ပံခါး၊ ဒိုးဆီ၊ ကျောက်လက်ဝါး၊ ညာတင်ကုတ်၊ ဒင်္ဂါးပြား၊ ဝက်မာန်စွယ်၊ ဆင်မာန်စွယ်၊ ရေဆန်ကျွန်းနက်၊ ဟင်္သာအလေးကြေးနက်ရုပ် စသဖြင့် ကြားဖူးတာတွေ ကော...မကြားဘူးတာတွေကော စုံတကာစေ့လှသည်။ ၎င်းတို့ကို စစ်မစစ်၊ စွမ်းမစွမ်း၊ စမ်းသပ်နည်းတွေက တစ်ပုံတစ်ပင်ဖြစ်သည်။ စမ်းသပ်မှုအောင် မြင်၍ သိဒ္ဓိဝင်ပစ္စည်း အမှန်အကန်ဖြစ်ပါက ဖြတ်လိုက်ကြသည့်တန်ဖိုးက ကြောက်ခမန်းလိလိ ...။ ဘဝတစ်သက်တာမှာ အိပ်မက်တောင် မမက်ရဲ သည့် ငွေကြေးပမာဏ သိန်းပေါင်းများစွာ ...။

မျိုးဇော်ကိုယ်တိုင် ထိုအိပ်မက်ပေါင်းများစွာမှာ ပျော်ဝင်စီးမျောခဲ့ဖူး သည်။ ခုထိလည်း အိပ်မက်မှ နိုးမထချင်သေး ...။

ထိုသိဒ္ဓိဝင်ပစ္စည်းများနောက်ကို နှစ်ပေါင်းများစွာ တစိုက်မတ်မတ် တစ်ကိုယ်တော်အဖြစ်ရော၊ အဖွဲ့နှင့်ပါ လိုက်ပါရှာဖွေစမ်းသပ်လှုပ်ရှားခဲ့ဖူး သည်က အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ပင်ဖြစ်ခဲ့သည်။ မြန်မာပြည် နယ်အစုံ ရိုးမတော၊ တောင်တန်းတွေပါမကျန် ပင်လယ်ပိုင်းပါ အလွတ် မပေးဘဲ တိုင်းဒေသကြီးများအနှံ့ မျိုးဇော် နယ်စုံခဲ့သည်။ သိန်းပေါင်းများစွာ ငွေထုပ်ကြီးကို အိပ်မက်နယ်ထဲမှ အပြင်ရောက်အောင် တူးဆွဖော်ထုတ်နေ သည့် နှစ်ပေါင်းများစွာမှာ ရရှိလာခဲ့သည့်အကျိုးရလဒ်က မိဘနှင့် ဆောက္ခမများထံမှ ရခဲ့သည့်အမွေများ ကုန်ခန်းသွားခြင်း၊ တိုက်ပေါ်မှ တဲ ပေါ် ဆင်းခဲ့ရခြင်း၊ အိမ်ထောင်ဖက်နှင့် ကွာရှင်းခဲ့ရခြင်း၊ မိဘဆွေမျိုးမိတ် ဆွေသူငယ်ချင်းတို့၏ လှောင်ပြောင် ရှုတ်ချအထင်သေး ဝိုင်းပယ်ခံခဲ့ရခြင်း၊ ကျောင်းပညာရေး မပြီး၍ဘွဲ့မရခဲ့သော်လည်း အရပ်မှပေးသော ထီးဖြူဖိနပ် ပါးဘွဲ့ကို ပိုင်ဆိုင်ခဲ့ရခြင်းတို့သာ ဖြစ်ခဲ့သည်။

ဖခင်ကြီးထံမှ ရေးက ဆုံးမစာကလေးတစ်ခုကို မျိုးဇော်ဖတ်ရှုခဲ့ဖူး သည်။

ခေါင်းစဉ်က "နိုးလေးပါး" ဟူ၍ဖြစ်ပြီး ဆုံးမစာကဗျာလင်္ကာလေးတစ်ပု ဒ်သည်။ မူလစာသား အစီအစဉ်တကျ ရှေ့နောက်ညီချင်မှ ညီမည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း အဓိပ္ပာယ်ဖွင့်ဆိုချက် စာဆိုရှင်၏ ရည်ရွယ်ချက်က အတူတူပင်ဖြစ်သည်။

"သိုက်စာဖတ်ရာ နားထောင်ပါ – ဥစ္စာရနိုးနိုး"

"ဗေဒင်ဟောရာ နားထောင်ပါ – ချမ်းသာရနိုးနိုး"

"ဆေးစာဖတ်ရာ နားထောင်ပါ – ရောဂါပျောက်နိုးနိုး" … ဟူ၍။

ယခု သူလုပ်နေသည့်အလုပ် သူဝါသနာပါသည့်လိုင်းကလည်း သည်လိုမျိုးနှင်နှင်မဟုတ်ပါလား။ တစ်နေ့တစ်နေ့ စိတ်ကူးယဉ် အိပ်မက်များစွာနှင့် လုံးထွေးရစ်ပတ်ပြီး ချမ်းသာနိုးနိုး မျှော်လင့်နေရသလို သူ၏ဖခင်က သူ့လုပ်ရပ်တွေကိုကြည့်ပြီး သည်စာလေးကို ဖတ်ရှုစေခဲ့သည်။ မျိုးဇော်ကတော့ အလေးအနက်မထားခဲ့။

"ရှေးလူကြီးတွေ ဆုံးမခဲ့တဲ့ သည်စာလေးတွေက သိပ်ပြီး အဓိပ္ပာယ်ရည်ရွယ်ပြည့်စုံတယ်သား။ လူရယ်လို့ ဖြစ်လာရင် တိကျခိုင်မာတဲ့ရည်ရွယ်ချက် ရှိကိုရှိရမယ်ကွ။ အရွယ်သုံးပါးအလိုက် လုပ်ရမည့်အလုပ်တွေကို စီစဉ်တကျ လုပ်ကိုင်ရမယ်။ ပညာရှာ၊ ဥစ္စာရှာ၊ တရားရှာ ဆိုပြီး အရွယ်အလိုက် ကြိုးစားရမယ်။ စိတ်ကူးယဉ်ပြီး အချိန်မကုန်မခံရဘူး။ အတ္တာဟိ အတ္တနောနာထော လို့ ဘုရားကိုယ်တော်တိုင် ဟောခဲ့တာ။ ကိုယ့်ကိုယ်ကိုယ်သာ ကိုးကွယ်ရာတဲ့ သားရဲ့။ သားက ခုတော့ အိမ်ထောင်ကျ သားသမီးလည်းရတော့မယ့် – မိမွေးဖမွေနဲ့ လုံးထွေးရစ်ပတ်… ဘဝရပ်တည်နေတုန်းပါပဲလား… ဘယ်မလည်း – မင်းရဲ့စီးပွားရေးအလုပ်…။ မသေချာမရေရာတဲ့အလုပ်တွေနောက်တကောက်ကောက်လိုက်…။ တစ်နေ့တစ်နေ့ လက်ဖက်ရည်ဆိုင်မှာထိုင် အချိန်ကုန်ခံပြီး မစားရဝခမန်းပြောကြ၊ အဝတ်ကြေ လူလေဆိုသလိုဖြစ်နေပြီ။ မင်းတို့တစ်တွေ ပြောပြောနေတဲ့ သိန်းရာထောင်ဂဏန်းတွေက ဘာတစ်ခုဖြစ်လာခဲ့လို့တုန်း။ မင်းမိန်းမကလည်း အဖေ့ကိုတိုင်တာခဏခဏ။ အဲဒီတော့ ခု အဖေရေးပေးထားတဲ့ စာရွက်ကလေးကို အိမ်ရှေ့ခန်းမှာ ကပ်ထားပြီး တစ်နေ့တစ်ခေါက်ဖတ် ကြားလား…။ ကဲ- ဒီလောက်ပဲ သားကို အဖေ ပြောတော့မယ်ကွာ။ မင်းလည်း မငယ်တော့ပါဘူး။ ဦးနှောက်ရှိတဲ့သူပါ"



မျိုးဇော်အဖေက လူဖြောင့်စိတ်မှန်သမား ဆုံးမ၍ ရရင်ရ၊ မရင်လျှင်ကြည့်မကြည့်တတ်သည့်သူ။ သည့်နောက်ပိုင်း သူ့ကိုမည်သည့်ဆုံးမစကား မဆိုတော့ဘဲ ဥပေက္ခာပြုသွားခဲ့တော့သည်။

၎င်းလိုင်းထဲမှာ လုံးချာလည်ရင်း ရလာသည့်ရလဒ်တွေဟာ ဇနီးနှင့်သားသမီးများ အိမ်ပေါ်မှ အပြီးတိုင် ဆင်းသွားခဲ့ခြင်းအဖြစ်နှင့် နှစ်ကိုယ်တူတည်ဆောက်ခဲ့သည့်ဘဝတစ်ခုက တစ်ခြမ်းပဲ့ထွက်သွားခဲ့ပါတော့သည်။ ဒါတော့ ဝမ်းနည်းစိတ် လုံးဝမဖြစ်ခဲ့။ မအောင်မြင်ခင်တော့ နေသေးသ… ဟူ၍ မဲ့ပြုံးပင် ပြုံးမိခဲ့ချေသေးသည်။ ပွဲဖြစ်ပြီး အောင်မြင်လာသည့်တစ်နေ့ သူ့ကို အထင်သေးရှုတ်ချသူတွေအားလုံးကို အပေါ်စီးမှ ငုံ့ကြည့်လိုက်မည်ဟု ရင်ထဲမှာ ကြိတ်ပြီးကြုံးဝါးထားလိုက်သည်။

သည်အလုပ်တွေကို ယခင်ကထက် ပို၍ ထဲထဲဝင်ဝင် ကြိုးကြိုးစားစားလုပ်ဖြစ်သည်။ သတင်းကြားရာ မြန်မာပြည်အနှံ့လိုက်သည်။ စမ်းသပ်သည်။ အောင်ခါနီးကျမှ သိဒ္ဓိအစွမ်းပြယ်ကြီး လန်ထွက်ခဲ့ရသည်က အကြိမ်ပေါင်းရေတွက်နိုင်၊ ပစ္စည်းအတုဖြင့် မျှားခေါ်ပြီး လိမ်မည့်သူတွေ မိမိထံမှပါသည့်ငွေ (ခေါ်) အပေါင်တင်စမ်းသပ်ငွေ သုံးသိန်းက ပလုံသွားခဲ့ရသည်။

စာရင်းချုပ်လိုက်တော့ အပြန်ခရီးမှာ ဆုံးရှုံးမှုများစွာ ရင်မှာပိုက်ပြီးခင်းငိုက်ချ – လေးလံသောခြေလှမ်းတွေနှင့်သာ …။ သည်လို မသိလို့ချုပ်၊ မသိလို့ မိုးလင်းခဲ့ရသည့် အကြိမ်ပေါင်းများစွာ သူ့ဘဝကို ပရုတ်လုံးအရွယ်ဖြစ်စေခဲ့သည်။ သူတို့လောကသားတွေအတွက် ဖြေသိမ့်စရာစကားတစ်ခွန်းကတော့ ရှိခဲ့ပါသေးသည်။

"ရန်ကုန်နယ်နိမိတ်မှာ သိဒ္ဓိဝင်ပစ္စည်းတွေကို စမ်းလို့ ဘယ်အောင်ပါ့မလဲ။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးတစ်ဆူလုံး ရှိနေတော့ မစွမ်းတော့ဘူးပေါ့။ စေတီတော်ကြီးရဲ့ ထီးရိပ်အရပ်ဆို သိဒ္ဓိအစွမ်းတွေ ကွယ်ပျောက်တာနေမှာ …"

ဟူ၍ ပြောတတ်ကြသည်။

စမ်းသပ်မှုမအောင်မြင်ကြလေတိုင်း သည်လိုမျိုး အကြောင်းပြချက်တွေက တစ်ပုံတစ်ပင် ထွက်ပေါ်လာစမြဲ။ ဒါပေမဲ့ ရန်ကုန်တိုင်း မြင်ပဲ့…



www.burmeseclassic.com

www.burmeseclassic.com

နယ်တွေမှာ စမ်းခဲ့ကြတုန်းကကော... ဘယ်နှကြိမ်၊ ဘယ်နှခါများ အော
မြင်ခဲ့ကြပါသလဲ...၊ အနတဂ္ဂမပုံပြင်များအဖြစ်သာ ကြားခဲ့ကြရဖူးသည်
ဟုတ်၊မဟုတ်ကိုတော့ သူတို့သာ အသိဆုံးဖြစ်ပါတော့၏။

အသက်အရွယ်ကလေးလည်းရလာ၊ စီးပွားရေး နိုင်နိုင်မာမာ မရှိ
ဘဝပျက်လုမတတ် - လမ်းဘေးရောက်လုမတတ်အဖြစ်မျိုးတွေ အကြိ
ကြိမ် ကြုံခဲ့ရသည်။ တစ်ခါတစ်ရံ ဆေးလိပ်ဖိုးပင် မရှိ၍ အိမ်အနှံ့ ရှာ
တွေ့ရှိသည့် အတိုအထွာကလေးများကို Bottleကုလားထံ ပို့ရသည့်အဖြ
တွေလည်း ခဏခဏဆိုသလိုပင်၊ ချုံထဲမှာ ကြိတ်ပြီး သွေးနေခဲ့သည်
ချိုက ချွန်မြမလာဘဲ အရင်းထိတိုင် တုံးလာသည်ကို မျိုးဇော်ကိုယ်တို
သတိမပြုမိခဲ့...၊ သည်လိုင်းထဲမှာ မာန်တက်နေတုန်း... လိုက်၍ကော
တုန်း ...။

— —

ယောက္ခမဖြစ်သူတွေက သမီးနှင့်မြေးများကို အပြီးတိုင်ခေါ်ထားလိုက်
ပြီး ကွာရှင်းစာချုပ် ချုပ်ခိုင်းသည်၊ သူကလည်း ပြတ်သည်၊ ရှောရှောရှူ
လုပ်ပေးလိုက်သည်၊ သူ့မိဘတွေလည်းမရှိကြတော့ပြီမို့ လွတ်လပ်စွာ လှု
ရှားနိုင်ခဲ့သည်၊ လက်ဆုပ်လက်ကိုင်ပိုင်ဆိုင်မှုအဖြစ် နဂိုတိုက်ခံအိမ်က
ရောင်းလိုက်ရပြီး တောင်ဒဂုံမြို့နယ် အစွန်ရပ်ကွက်တစ်ခုမှာ လက်ကျန်ငွေ
ကလေးဖြင့်သိန်း(၂၀)ခန့်တန်အိမ်ငယ်သေးလေးတစ်ခုသာရှိတော့သည်
မိသားစုအသိုင်းအဝန်းနှင့်အကြောပြတ်သွားခဲ့ပေမယ့်သူ့လိုင်းတူမိတ်ဆွေ
များနှင့်ကတော့ ဘယ်တော့မှ အဆက်အသွယ်မပြတ်ခဲ့၊ ဝင်ကြ၊ ထွက်ကြ
လုံးကြ၊ ထွေးကြတုန်း...၊ သူ့ဆီမှာ လာပြီး သိဒ္ဓိဝင်ပစ္စည်းများအကြောင်း
လေ့လာဆည်းပူး ပညာသင်သူတွေ ရှိနေကြတုန်းပင်၊ လမ်းထိပ်က လက်
ဖက်ရည်ဆိုင်လေးထဲမှာ အာပေါင်အာရင်းသန်သန် ရှင်းပြနေသည့် သူ့
ဘေးမှာ ဝိုင်းဝိုင်းလည်နေကြဆဲပါပဲလေ၊

"ကိုမျိုးဇော် - လက်ပံခါးအကြောင်း ပြောပါဦးဗျာ၊ဟိုနေ့က ပြောလက်စ
ကလေး..."



သူက ရေနွေးကြမ်းတစ်ခွက် သောက်လိုက်ပြီး ချက်ချင်း မပြောသေး
စီးတရက်ကို အားရပါးရ ဖွာလိုက်သေးသည်၊ ဆရာကြီးပေကိုး -

"လက်ပံခါးဆိုတဲ့အပင်က သိပ်ပြီး ဂမ္ဘီရဆန်တယ်ကွ၊ မြို့တွေမှာ
ပေါက်တတ်ဘူး၊ ရိုးမတို့၊ တောတို့၊ တောင်တို့လို နေရာတွေမှာသာ ပေါက်
တာ၊ သူ့အပင်ဘေးမှာ တခြားဘာပင်မှ မပေါက်ဘူး၊ ထီးတည်းရှိနေတတ်
တယ်၊ လက်ပံတော့ လက်ပံပင်ပေါ့ကွာ၊ သူ့အခေါက်ကိုသွေးပြီး လက်ဖမိုး
မှာ တင်ထားရင် အခါးဓာတ်က လက်ဖဝါးထိ ပေါက်တယ်ဟေ့...၊ သူ့ရဲ့
မြစ်မှာ အဆီအိတ်ရှိတယ်ကွ၊ အဲဒါအဓိကပဲ၊ ရောင်းတာဝယ်တာက
ဒီ ပင်စည်ရဲ့လုံးပတ်အမြင့်နဲ့ ဈေးဖြတ်ကြတာပေါ့"

"စမ်းသပ်ပုံလေး လုပ်ပါဦးဗျ"

"လွှသေးတဲ့သုံးမြှောင့်တံစဉ်းလေးတွေကို သိတယ်မဟုတ်လား၊ အဲ
ဒီတံစဉ်းလေးကို ပင်စည်ထဲ တစ်ဝက်လောက် ရိုက်ထည့်ထားလိုက်၊
ည်အပြင်ဘက်ကအပိုင်းက ပြတ်ကျသွားရင် လက်ပံခါးအစစ်ပဲ၊ သံ
က်လို့ ခေါ်တယ်ကွ၊ ဘယ်နနာရီအကြာမှာ ပြတ်ကျသွားသလဲဆိုတာကို
စောင့်ကြည့်ရတယ်၊ နာရီအကွာအဝေးအချိန်နဲ့ အပင်အကြီးအသေးမူတည်
ဆုဂဏန်းကနေ ထောင်ဂဏန်းအထိ တန်ဖိုးဖြတ်ရတယ်ဟေ့ ..."

"အားရစရာကြီး ကိုမျိုးဇော် - တစ်ပင်လောက်သာ ရလိုက်ရင်တော့
ဆောပဲဗျာ၊ တိုက်ဆောက် ကားစီး - ဟီး ...ဟီး ..."

နောက်တစ်ယောက်က ဆက်ပြန်သည်၊ ဟင်္သာအလေးရုပ်အကြောင်း၊

"ကိုမျိုးဇော် - ဟင်္သာအရုပ်အကြောင်းကိုကော စမ်းသပ်တဲ့နည်းတွေ
ပါ ပြောပြစမ်းပါဦးဗျာ"

ရေနွေးကြမ်းလာချပေးသည့် လက်ဖက်ရည်ဆိုင်ပိုင်ရှင်ကိုမောင်ကြီး
ာထားကလေးကြည့်ပြီး မသိမသာ နှုတ်ခမ်းကို တွန့်ပြသွားခဲ့သည်ကို
ည်သူမျှမသိလိုက်ကြ၊ သည်ဆိုင်ကစားပွဲထိုးသီးသန့်မရှိတာမဟုတ်ဘဲ၊
ေးနှစ်ယောက်တစ်ပိုင်းနှင့် ဖွင့်ထားသည့်ဆိုင်ဆိုတော့ သူပဲဆိုင်ရှင်၊
ပဲစားပွဲထိုး၊ တစ်ခါတစ်ရံ အဖျော်ဆရာပင်ဖြစ်လိုက်သေးသည်၊ သည်



www.burmeseclassic.com

www.burmeseclassic.com

တော့ သူတို့အုပ်စုရဲ့စကားသံတွေကို နားကြားပြင်းကတ်လောက်အော
အောင့်အည်းခံစားနားထောင်နေရသည်မှာ ကြာခဲ့ပြီလေ ...။

"အဟမ်း - သလိုကွ၊ ဟင်္သာရုပ်အလေးဆိုတာ အတုတွေက အများ
ကြီး မအောင်တာတွေက တစ်ပုံကြီး၊ ကြေးကို လုပ်ထားတာဆိုပေမယ့်
ကြေးနီ ကြေးဝါ မဟုတ်ဘူး၊ ကြေးနက်ကိုလုပ်ထားတာ၊ သံရောင်းအရွှ
ခြစ်ကြည့်လိုက်လို့ အဝါရောင်ပေါ်လာရင် မစစ်တော့ဘူး - မှတ်ထား
အရောင်မပြောင်းဘဲ ကြေးနက်အရောင်ဖြစ်နေရင်း လက်နှိပ်ဓာတ်မီး
တစ်ပေအကွာက မီးထိုးကြည့်၊ မီးငြိမ်းသွားရင် အောင်ပြီ၊ မီးဖြတ်လို့နေ
တယ်၊ တစ်ကျပ်သားကို ဈေးက သိန်း(၅၀၀)လောက် ပေါက်တယ်၊ နော
တစ်မျိုးက ပြဒါးငုပ်၊ ပြဒါးရည်ထဲကို ထည့်ခြစ်ပိတ်ဆိုတာပဲ၊ အရုပ်ရဲ့ဖင်
ပိုးလှသေးသေးလေးတစ်မြုပ်စာတိုက်ချလိုက်ရတယ်၊ အမှုန်တွေကျမလာ
ဘဲ ပေါင်မုန့်လိုးသလိုမျိုးဝင်သွားရင်တော့ ပွဲသိမ်းပဲဟေ့ ...၊ တစ်ကျပ်သာ
ကို သိန်း (၁၀ပ၀)၊ အရုပ်က တစ်ဆယ်သား လေးရင်တော့ သိန်းပေါင်
(၁၀၀၀၀)ပဲဟေ့ ...၊ ကဲ - ဒါမှ ပွဲမသိမ်းရင် ဘာက သိမ်းဦးမှာလဲကွာ ..."

နားထောင်နေကြသူတွေအားလုံး "ဟာ" ခနဲ၊ "ဟင်" ခနဲ။

"ကိုမျိုးဇော် - အဲသည်လိုပုံမျိုး ကြုံဖူးသလား ...၊ အောင်တာတွေကော
တွေ့ဖူးသလားဗျ ...၊ မသိလို့မေးတာနော် - စိတ်မဆိုးနဲ့ ..."

မျိုးဇော် ဘာဖြေမလည်းဆိုတာကို အားလုံးက နားစွင့်အာရုံစိုက်ကြ
သည်၊ မျိုးဇော်က သက်ပြင်းတစ်ချက် ချလိုက်ပြီးမှ -

"ဟင်း - ကြုံခဲ့ဖူးပါတယ်ကွာ၊ ခြစ်ပိတ်နဲ့ကို ကြုံခဲ့ရဖူးတာ၊ ပွဲကတော့
မဖြစ်လိုက်ဘူး ..."

"ဘာ - ဘာဖြစ်သွားလို့လည်းဗျာ၊ ပြောစမ်းပါဦး"

"ဘယ်လိုတတ်ယောင်ကားတွေ ဆရာလုပ်ပြီး စမ်းထားခဲ့သလည်း
မသိပါဘူးကွာ၊ ပိတ်တော့ ပိတ်တယ်ကွ၊ တစ်ရက်ကျော်မှ ပိတ်သွားတာ"

"ပိတ်တယ်ဆိုရင် ပြီးပြီမဟုတ်ဘူးလား"

"ဟကောင်ရ - အချိန်သတ်မှတ်ချက်က (၁၀)နာရီကွ၊ (၁၀)နာရီ
အတွင်းပိတ်မှ အောင်တယ်လို့ သတ်မှတ်ထားတာ၊ မင်းတို့အားလုံး နာ



သည်ထားဖို့က ခြစ်ပိတ်တို့ - ညာတင်ကုတ်တို့ - အမြုတေတို့ဆိုတာ ခဏ
ခဏ အားတိုင်းယားတိုင်း စမ်းမနေရဘူး၊ သိဒ္ဓိတွေ ခန်းသွားတတ်တယ်ဆို
တာပဲ"

အားလုံးမချင့်မရဲ ဖြစ်သွားကြလေတော့သည်၊ အဆုံးသတ်မှာတော့
အငွေ့ပျံသွားတာပါပဲကလား ...။

— 🔔 ═

"ညာတင်ကုတ်ဆိုတာ ဘုရားပုံတော်လို ပုံသဏ္ဌာန်မျိုးထုထားတဲ့
အရုပ်ကွ၊ ရဟန်း သံဃာတွေလို သင်္ကန်းတော်ကို ဘယ်ဘက်မှာ မတင်ဘဲ
ညာဘက်ပခုံးပေါ် တင်ရုံထားလို့ ညာတင်ကုတ်လို့ခေါ်တာ၊ မစမ်းခင်
အလေးချိန်ကို မှတ်ထားရတယ်၊ အဲသည်လို မှတ်ထားပြီးတော့မှ သူ့ကို မီး
အပူပေးလိုက်ရင် ပြဒါးတွေ အရုပ်ခန္ဓာကိုယ်အနှံ့က ချွေးသီးချွေးပေါက်တွေ
လို ယိုပြီးကျလာတတ်တယ်၊ နောက်အအေးခံ နှစ်နာရီလောက်ထားလိုက်
ရင် လျော့သွားတဲ့ ပြဒါးအချိန်က ပြန်ပြည့်ပြီး မူလအရုပ်အလေးချိန်အတိုင်း
ပြန်ဖြစ်သွားရော၊ နောက်တစ်နည်းက အရုပ်ခေါင်းမှာ ဖယောင်းတိုင်ထွန်း
လိုက်ရင် မီးညွန့်က အပေါ်ကိုတန်းပြီး တက်သွားတယ်၊ ဒါသဘော
လောက်ပဲရှိသေးတာ၊ အပ်နဲ့စမ်းတာတို့ - ဆွမ်းကပ်ပြီး စမ်းတာတို့
နည်းတွေ အများကြီး..."

"ကိုမျိုးဇော် - ညာတင်ကုတ်ကျတော့ကော အပေါင်တင်ကြေးရှိတာပဲ
လား"

"သိဒ္ဓိဝင်ပစ္စည်းတွေမှန်သမျှ ရောင်းကြဝယ်ကြရင် ... ပစ္စည်း မှန်၊မမှန်
အာမခံသဘော ကလပ်တင်ကြေး - အပေါင်တင်ကြေး အစားစားရှိတယ်၊
ဒါက အရောင်းအဝယ်နဲ့ မဆိုင်သေးဘူးနော်၊ မှန်ရင်စား၊ မမှန်ရင် ဆုံးပဲ၊ အဲ -
ညာတင်ကုတ်ကလပ်တင်ကြေးက သိန်းနှစ်ဆယ် - သုံးဆယ် - ငါးဆယ် ရှိ
တယ်ဟေ့၊ ညှိပြီး နိုင်သလောက်ဖြတ်ကြတာပေါ့ကွာ၊ မမှန်ရင်တော့ ပစ္စည်း
ရှင်ဘက်က ပလုံပဲ ..."



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါကော ... အောင်တဲ့ပွဲနဲ့ ကြုံခဲ့သေးဖူးသလား"


"မအောင်တာနဲ့ပဲ ကြုံဖူးပါတယ်ကွာ၊ ပစ္စည်းကတော့ အမှန်ပဲကွ၊ ခေါက် ခေါက် စမ်း - စမ်းထားကြတယ်နဲ့တူပါတယ်ကွာ၊ ပြဒါးတွေက အရုပ်ထဲမှာ ကုန်သလောက်ရှိနေပြီ"

ထိုနေ့က ဒိုးဆီ၊ ကျောက်လက်ဝါး၊ ဝက်မာန်စွယ်၊ အင်းပိတ်၊ ရေဆန် ကျွန်းနက်၊ မိုးကြိုးသွား စသည့် သိဒ္ဓိဝင်ပစ္စည်းပေါင်းစုံအကြောင်းပြောနေ ကြတာ၊ ညနေစောင်းချိန်အထိ၊ သည်တော့လည်း ဆိုင်ရှင်ကို မောင်ကြီး မျက်စိစပါးမွေးစူးသည်က မလွန်ဟု ပြောရပေတော့မည်၊

လက်ရှိဘဝ စားသောက်နေထိုင်ဖို့ သူငယ်ချင်းကားပွဲစားနှင့်လိုက်ပြီး အဖော်လုပ်သည်၊ သူဝါသနာမပါပေမဲ့ စားဖို့သောက်ဖို့လေးက ဖြစ်လာ သည်မို့ လိုင်းချင်းမတူသော်လည်း လှုပ်ရှားရပြန်သည်၊ သည်ကားပွဲစား လိုင်းကိုသူ၏သိဒ္ဓိဝင်ပစ္စည်းလိုင်းလောက်ရင်မခုန်ခဲ့၊ သူငယ်ချင်းကောင်းမှု ကြောင့် ထမင်းနပ်မှန်သလိုရှိသော်လည်း နဲ့သမား၊ ဖဲသမား၊ ပွဲစားတို့ဆိုတာ က ပိန်လိုက်၊ ဖောင်းလိုက်ချင်း တူညီကြသည်၊ များသောအားဖြင့်ကတော့ ဖောင်းတာကနည်းနည်း၊ ပိန်တာတွေကများများ ...။

သည်တောင်ဒဂုံမှာ နေရကတည်းက သူကိုယ်တိုင် စိတ်ပျက်အား လျော့မှုများကို ခံစားလာမိသည်၊ တစ်နည်းဆိုရလျှင် လက်ဖက်ရည်ဆိုင်မှာ လေကန်နေရချိန်လေး၌သာ တက်ကြွနေတတ်သော်လည်း လူစုခွဲသွား သည်နှင့် သိပ်ပြီးမဟုတ်တော့တာ မိမိဘာသာနားလည်ခံစားမိလာသည်၊ အသက်နှင့် အရွယ်ကလည်း ပြောလာပြီထင့်၊ တစ်ခါတစ်ရံ ညဘက်တွေ မှာလည်း အိပ်မပျော်နိုင်ဘဲ သူ့ဘဝ စီးမျောမှုကို သူ့ဘာသာ သုံးသပ်မိလာ သည်၊ ထိုအခါမျိုးမှာ ဖခင်ကြီးဆုံးမခဲ့သည့် နီးလေးပါးက သူ့အာရုံကို ဝင် ရောက်ထိုးနက်လေ့ရှိသည်၊ ဟုတ်သည်လေ ...။

ခုအချိန်ရောက်လာသည်အထိ ရနီး၊ အောင်နီး၊ ဖြစ်နီး၊ သိန်းပေါင်း ထောင်ချီ ချမ်းသာရနီးဖြင့် နီးလေးပါးထဲက မထွက်နိုင်ခဲ့ဘူးပါကလား၊ တစ်ခါတစ်ရံကားပွဲစားတန်းကိုမရောက်ဘဲ ထိုပစ္စည်းမျိုးရှိသည့်နေရာစမ်း သစ်သည့်နေရာမျိုးခန့်သာ ခြေဦးက ရောက်ရောက်သွားခဲ့သည်၊ သူ၏ကံ ဘလည်း ပြောစမှတ်ဖြစ်စရာပင်၊ သူမပါသည့်နေ့ဆိုလျှင် သူငယ်ချင်းကား ပွဲစားက မြိုးမြိုးမြက်မြက်ရသွားတတ်သည်ကလည်း သူ့ကံလို့ပင် ပြောရပေ တော့မည်၊ သူကတော့ ထုံးစံအတိုင်း ထီးဖြူဖိနပ်ပါးခဲ့ရုံသာ ...။ သည်လိုကံ တွေကြောင့်လည်း သူ့ရဲ့သိဒ္ဓိဝင်လိုင်းမှာ မအောင်ခဲ့တာများလားလို့ စိတ် ပျက်အားလျော့စပြုလာသည်၊ စမ်းသမျှ မအောင်၊ ဆိုင်လိုက်သမျှ လွဲချော်၊ နိုတ်ကုန် လူပန်း၊ တစ်ခါတစ်ရံ လောကကြီးမှာ သိဒ္ဓိ တကယ်ရှိသည့် ထို ဒွိုရပစ္စည်းများ ရှိကောရှိပါ့မလားဟူ၍တောင် ယုံမှားသံသယတွေ ဝင်လာ မိသလို၊



ကြောင်းဖြန့်လှန့်လိုက်သလို
ဘန့်သွားခဲ့ရသည်
ရှေးဟောင်းသရုပ္ပထဲဆီစ်
ENGLAND မိတ်နှစ်ခုရဲ့
သိဒ္ဓိအစွမ်းတွေက
နိုးသားတွေချည်းရှိသည့် အခန်းထဲမှာ
ကြွတ်ပျောက်ငုတ်ပျောက်ဖြစ်သွားရခြင်းအတွက်
အယ်လိုနားလည်အဖြေထုတ်ရမှန်း
ဆိုနိုင်တော့။

www.burmeseclassic.com

ဒီသံသယကလည်း သူ့ရင်ထဲမှာပဲရှိသည်၊ သူ့ကို ဆရာကြီးတင်ထားသူတွေရှေ့မှာ တစ်စွန်းတစ်စ ဘယ်တော့မဟ။

ရှေးဟောင်းပန်းကန်ပြားနှင့် မီးအိမ်…၊ ဂန္ဓရပစ္စည်း အသစ်အဆန်းတွေသတင်းက သူတို့လောကမှာ ပေါ်ထွက်လာတော့-မျိုးဇော်ခေါင်းထောင်လာရပြန်ချေပြီ၊ မီဒီယာခေတ်ကြီးမှာ ထိုပစ္စည်းများအကြောင်းကဂျာနယ်စာမျက်နှာတွေပေါ်ရေးကြတော့ သူလည်း မနေနိုင်၊

"ရှေးဟောင်းပန်းကန်ပြားဆိုတာက အင်္ဂလန်လုပ်တွေက၊ သရုတံဆိပ်-သော့တံဆိပ် မျိုးစုံတယ်၊ တချို့ဆို ခုနစ်သက္ကရာဇ်တောင် ပါသေးတယ်၊ ငါတောင် ငါးချပ်လောက် စမ်းပြီးပြီကွ"

အေးစက်စပြုလာတဲ့ သူ့ရဲ့သွေးတွေကို မိတ်ဆွေဦးဟုတ်စွမ်ရဲ့စကားက နိုးထဆူပွက် အသက်ဝင်စေပြန်ချေပြီ၊

"အဲဒီပန်းကန်တွေက ဟိုအင်္ဂလိပ်ခေတ်က မှူးမတ်တွေ-အရာရှိကြီးတွေ သုံးခဲ့ကြတာတဲ့၊ အဆိပ်လူးထားတဲ့အစာကို အဲဒီပန်းကန်တွေထဲထည့်ပြီး စားရင် အဆိပ်အာနိသင်ပြယ်သွားပြီး အန္တရာယ်မရှိတော့ဘူးတဲ့၊ စမ်းရင်တော့ ပေါ်တက်နဲ့ ထမင်းကိုလူးပြီး ပန်းကန်ပြားထဲထည့်-ကြက်ကို ကျွေးကြည့်ရတယ်"

ဘုရား-ဘုရား-သူ ဘုရားတ,လိုက်မိသည်၊ ပေါ်တက်ဆိုသည်က အင်မတန်ပြင်းထန်သည့်အဆိပ်၊ သည်လိုနည်းနှင့်တော့ သူ မလုပ်ရက် မစမ်းရက် ဗုဒ္ဓဘာသာဝင်တစ်ဦးအဖို့သည် အကုသိုလ်က ကြောက်ခမန်းလိလိကြီးပါကလား၊ သို့ပေမဲ့ ဦးဟုတ်စွမ်ရဲ့နောက်ဆက်တွဲစကားတွေကြောင့် ဘဝင်ကျသွားခဲ့ရပြန်သည်၊

"သည်နည်းက ရဲကြီးသည်၊ အန္တရာယ်လည်းများပါတယ်ကွာ၊ နောက်တစ်နည်းကတော့ အန္တရာယ်လည်းမရှိဘူး၊ သိပ်လည်းမခက်ဘူး၊ ပန်းကန်ပြားထဲကို အရက်ပျံထည့်စမ်းရတာကွ၊ တစ်နာရီအတွင်း ရေဖြစ်သွားရင်အောင်ပြီ.."

"တော်ပါသေးရဲ့-ကိုဟုတ်စွမ်ရယ်၊ မီးအိမ်အကြောင်း ဆက်ပါဦး"



"မီးအိမ်က စကော်ပီယံ ကင်းမြီးကောက်တံဆိပ်မီးအိမ်ကွ၊ မီးထွန်းညှိပြီး ဆန်စေ့တွေနဲ့ စမ်းရတယ်၊ ဆန်စေ့ပြေးပြီး မီးအိမ်ကိုကပ်ရင် အောင်တပ်တဲ့အကွာအဝေး၊ အနီးအဝေး စကားပြောတယ်၊ ထူးတာက မီးအိမ်ကပ်နေတဲ့ဆန်စေ့ကို ကြက်ကို ကျွေးကြည့်ရင် ကြက်သေရောတဲ့ကွ၊ သိတော့ ပွဲဖြစ်တယ်မကြားသေးဘူး၊ ပန်းကန်ပြားက တစ်ချပ် သိန်း(၅၀၀)…၊ မီးအိမ်ကတော့ သိန်း(၅၀၀၀)ကနေ သောင်းဂဏန်းအထိပါတ်တယ်"

"ဟုတ်ပြီဗျာ-သည်လောက်သိရရင် ကျေနပ်ပြီဗျာ၊ ကျုပ်လှုပ်ရှားတော့မယ်"

ဝင်းခနဲလက်သလိုဖြစ်သွားသည့် သူ့မျက်နှာကို ဦးဟုတ်စွမ်က လှမ်းကြည့်ရင်း-

"မင်းတွေ့ထားပြီးလို့လား မျိုးဇော်၊ လျှို့မထားနဲ့နော်၊ မီးအိမ်က အတော်ဘယ်ကွ၊ ငါတောင် ဟသ်ာတဘက်မှာ သတင်းရလို့ လိုက်မလို့ စီစဉ်နေ"

"ကျုပ်လှုပ်ရှားမှာက မီးအိမ်မဟုတ်ဘူး-ကိုဟုတ်စွမ်ရဲ့၊ ပန်းကန်ပြား ပန်းကန်ပြားစမ်းတဲ့နေ့ကျတော့မှ ခင်ဗျားကိုအကြောင်းကြားလိုက်မယ် တ်ပြီလား၊ အပေါင်ကြေးကရော ဘယ်လောက်တဲ့တုံး-ပြောပါဦး"

"ကလပ်တင်ကြေးက တစ်ချပ်ကို ဆယ်သိန်းတဲ့ကွ"

"အိုကေ-လာမယ့်အပတ်ထဲကျမှ ပြန်ဆုံမယ်ဗျာ၊ ကျုပ်ဆီကိုသာခဲ့"

မျိုးဇော်ရဲ့ရင်တွေ လှိုင်းထခုန်ကြွနေပြီ၊ သည်ပန်းကန်မျိုးတွေ မအူပင်ဘက် ရွာကလေးတစ်ရွာမှာ အသေအချာရှိခဲ့သည်၊ သည်ရွာကလည်း ဇာတိချက်မြှုပ်ရွာ၊ တိတိကျကျပြောရလျှင် ပန်းကန်ပြားတွေက သူ့ပိုင်ည်းဟုပင် ပြော၍ရသည်၊

မိသားစုမကွဲခင်က နှစ်စဉ်လိုလို ဇာတိမြေကို အလည်သွားသည်၊ ဒေါ်ဖြစ်သူအိမ်ရောက်တော့ ပန်းကန်ပြား (၁၀)ချပ်ခန့် သူ့ကို ထုတ်ပေးသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ငမျိုး – ရော့ – ဒါနင့်အဘိုးအဘွားတွေရဲ့ပစ္စည်း ရှေးဟောင်းပန်းကန်တွေ။ နင့်အဘွားက ငါ့ကို ပေးသွားခဲ့တာ၊ ငါ့မလည်း သိမ်းသာထားရတာ ဘာမှလည်း မသုံးဘူး။ သုံးစရာလည်း မရှိဘူးဟဲ့၊ အမွေဆိုတာ ခံယူထိုက်တယ်ကွဲ့၊ နင့်ဘိုးဘွားပစ္စည်းဆိုတော့ – နင့်ပစ္စည်းပေ့ါ၊ ရန်ကုန်ပြန်ရင်ယူသွား"

ဝါကျင့်ကျင့်အရောင်၊ ပိုးဟပ်တောက်ထားသဖြင့် ပန်းကန်ပြားတွေက မဖွေးမလက်နိုင်တော့၊ အနည်းဆုံး နှစ်(၁၀၀)ခန့်တော့ ရှိမည်မှန်းသည်၊ မျိုးဇော် ရယ်ချင်သွားသည်၊

"ဘာလုပ်ဖို့လည်းကြီးဒေါ်ရယ် – ကျွန်တော်အလေးခံပြီး ရန်ကုန်သယ်မသွားပါဘူးဗျာ၊ ကြီးဒေါ်ဆီမှာပဲထားပါ"

ရယ်ရယ်မောမောပြောရင်းပန်းကန်ပြားတွေကိုတစ်ချပ်ချင်းသေသေချာချာ လှော့လာကြည့်ရှုခဲ့သည်၊ သရဖူတံဆိပ်များ၊ သော့တံဆိပ်များနှင့် ထမင်းစားပန်းကန်၊ ဟင်းထည့်ပန်းကန်၊ လက်ဖက်ရည်ပန်းကန်ပြား စသည်၊ Made in England တွေချည်းသာ၊ ခုဆို သုံးနှစ်ခန့်တော့ ရှိရော့မည်၊ ဘုရား – ဘုရား ကြီးဒေါ်ဆီမှာ သည်ပန်းကန်တွေ ရှိနေပါစေ မပျောက်မပျက် မကွဲမရှပါစေနဲ့၊ အော် ... သည်ပန်းကန်တွေက သိဒ္ဓိဝင်ပန်းကန်တွေဖြစ်နေခဲ့လျှင် ...၊

ထိုညက တစ်ညလုံး အိပ်မပျော်နိုင်ခဲ့၊ စိတ်ကူးနှင့် ကျကျနန အစီအစဉ် ရေးဆွဲနေခဲ့သည်၊ ရင်တွင်းမှ ကြိမ်းဝါးသံတချို့ကလည်း နှုတ်ဖျားသို့တိုင် –

"သည်တစ်ခါတော့ – ဆင်လား – ဆိတ်လား – ကျားလား – ခွေးလား တာ သိကြပြီပေ့ါကွာ၊ ဟား – ဟား – ဟား"

— 🔔 —

ခရီးစရိတ်ကို သူငယ်ချင်းကားပွဲစားထံမှဆွဲပြီး မအူပင်ကို ရောက်လာခဲ့သည်၊ ကြီးဒေါ်၏အိမ်ကလေးဆီရောက်သည်အထိ ရင်ခုန်သံက လှုပ်ရှားဆဲ၊ ပန်းကန်တွေအကြောင်းမေးလိုက်တော့ စုစုပေါင်းမှ နှစ်ချပ်ပဲ ကျန်တော့



သည်၊ ဘုရား – ဘုရား အလာမြန်လို့ပါကလား၊ ကျန်သည့်ပန်းကန်တွေက ပျောက်တာ၊ ငှားပြီးပြန်မလာတာ၊ ကွဲကုန်တာ ဟု ကြီးဒေါ်က ပြောသည်၊ ...တတ်နိုင်ပဲ့မလည်းလေ၊ ထိုက်သလောက်ပဲ ရတော့မှာပေ့ါဟု ဖြေသိမ့် ...အပ၊

"လာ – လာ – ကိုဟုတ်စွမ်၊ ကျွန်တော် မအူပင်က ပြန်လာတာ မနေ့က ...ခင်ဗျား သည်ကနေ့ ရောက်လာတော့ – အတော်ပဲဗျို့"

"ဘယ်နချပ်ရခဲ့လည်း – မျိုးဇော်၊ ပြစမ်းပါဦး"

"နှစ်ချပ်ပဲ ရခဲ့တယ်ဗျာ၊ သိဒ္ဓိဝင်ပါစေလို့ ဆုတောင်းရတော့မှာပါပဲ"

ဦးဟုတ်စွမ်က ပန်းကန်ပြားနှစ်ချပ်ကို သေသေချာချာ စစ်ဆေးကြည့်ရှု ...

"ပစ္စည်းကတော့ အမှန်ပါပဲ၊ အောင်ဖို့ပဲ လိုတော့တယ်ဟေ့..."

ဦးဟုတ်စွမ်က အရက်ပြန်နှစ်ပုလင်းနှင့် ဂွမ်းကိုဝယ်ပြီးပန်းကန်ပြားနှစ် ...ထဲ အရက်ပြန် အနည်းငယ်မျှထည့်သည်၊ စားပွဲတင်နာရီကိုချ၍ အချိန် ...သည်၊ သတ်မှတ်ချိန် တစ်နာရီအတွင်းအောင်မှ အရောင်းအဝယ် ...မှာဟုဆိုသည်၊ သူတို့ စမ်းသပ်ဖို့ စပါပြီ ...၊

အရက်ပြန်ရှိနေသည့် အနားပတ်ပတ်လည်မှာ ရေဉလေးတွေလို သီး...ပြီးပန်းကန်ပြားလေးများထဲပြန်ပြန်ကျနေသည်၊ ရေလိုအသီးလေးတွေ ...လာလိုက် အရက်ပြန်ထဲ ပြန်စီးကျသွားလိုက်နှင့် အဆက်မပြတ် ...၊ ...ဖြွဲ့ယ်၊ ထူးခြားဖွယ်ရာပေတကား၊ နာရီဝက် (မိနစ်သုံးဆယ်) ပြည့်...တော့ – ဂွမ်းစ အနည်းငယ်ကို ဇာဂနာနှင့်ညှပ်ပြီး ပန်းကန်ပြားထဲမှ အရက်...ကိုတို့ပြီး အပြင်တွင် မီးရှို့ ကြည့်သည်၊ မီးက ဟုတ်ခနဲမတောက်...တော့ဘဲ မတောက်ချင် တောက်ချင်သလိုလို ...၊ အရက်ပျံရဲ့အာနိသင်က ...ပြောင်းလဲသွားပြီထင့်၊

"မျိုးဇော်ရေ – အခြေအနေကောင်းတယ်ကွ၊ တွေ့လား – နာရီဝက်ပဲရှိ...သေးတယ်၊ ရေဖြစ်စပြုလာပြီ..."

ဦးဟုတ်စွမ်က ဝမ်းသာအားရ ထ,အော်သည်၊ မျိုးဇော်ရဲ့အိမ်လေးထဲ...က နှစ်ယောက်သား မျက်လုံးတွေ အရောင်လက်ကုန်ကြပြီ၊ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com

လေးဆယ့်ငါးမိနစ်ပြည့်သွားခဲ့ချိန်၌တော့ ပန်းကန်ပြားတွေထဲက အရုဒ် ပြန်တွေက လုံးဝမီးမတောက်တော့၊ အံ့သြဖွယ်ရာ ရေအတိဖြစ်သွားခဲ့ သည်၊ စိတ်ချရအောင် မီးလောင်နေသည့်အရက်ပျံဆွတ် ဂွမ်းစကို ပန်းကန် ပြားထဲပစ်ထည့်လိုက်တာတောင် ငြိမ်းသွားခဲ့ပြီဖြစ်သည်။

"အောင်ပြီ - မျိုးဇော်ရေ၊ အောင်ပြီကွ၊ မင်းတော့ ထောပြီဟေ့ ... သိန်း တစ်ထောင်ရရင် ငါ့ကို (၁၀၀)တော့ ပေးကွာ - ဟုတ်လား"

"ပေးမယ်ဗျာ၊ ပေးမယ်၊ ပန်းကန်တွေက တာကယ့်ကို သိဒ္ဓိဝင်နေတာ ဗျ၊ အပွဲပွဲနွှဲလာသမျှကိုယ်ပိုင်ပစ္စည်းနဲ့ကျတော့မှ မျိုးဇော်တို့ အောင်ပါကော လား၊ အင်း - ကံတရား ... ကံတရား ဘဝတစ်ခုလုံး နစ်ပြီး ရင်းခဲ့သမျှ ဘာ ဖြစ်မလာပဲ - ဖြစ်ချင်တော့ - တစ်ပတ်အတွင်းမှာပဲ အဆင်ပြေအောင်တော့ မယ်ဗျို့..."

သူတို့နှစ်ဦးစလုံး ပီတိတွေ ဝေဆာလျက်၊ အစီအစဉ်ဆွဲကြသည်၊ ဝယ် လက်ထဲမှာ ပစ္စည်းသွားစမ်းသပ်လျှင် ဦးဟုတ်စွမ်က ကလပ်တင်ငွေ တစ်ချပ်ဆယ်သိန်းဆိုတော့ နှစ်ချပ်ကို သိန်းနှစ်ဆယ် တင်ရမည်ဟု သည်၊ ဒါကလည်း ကိစ္စမရှိ၊ ကိုယ့်ပစ္စည်းက သိဒ္ဓိဝင်နေပြီပဲ၊ ထိုငွေသိန်းနှ ဆယ်အပိုဝင်ငွေအဖြစ်အဆစ်ရဦးမှာပဲလေ၊ပြဿနာကထိုတင်စရာငွေ သူ့ထဲမှာ လုံးဝမရှိခြင်း၊ ဦးဟုတ်စွမ်ထဲမှာလည်းမရှိ၊ ဘယ်သူ့ကို အားကိုး ရပ့်၊

နောက်ဆုံးထွက်လာသည့်အကြံက မျိုးဇော် သူ့အိမ်လေးကိုရောင်း စီစဉ်ရန်ပင်ဖြစ်တော့သည်၊ တကယ်တမ်း တော့တော့ဆိုင်ဆိုင်ရောင်းမည် တော့ ဝယ်သူက ဈေးနှိမ်သည်၊ ဆယ့်ငါးသိန်းပဲပေးသည်၊ အပေါင်တင်ငွေ မလောက်၊ ခုမှ ဟိုမရောက် သည်မရောက် မျိုးဇော် ကန့်လန့်ဖြစ်နေချိ သူပြောငါပြောနှင့် လက်ဖက်ရည်ဆိုင်ရှင် ကိုမောင်ကြီးရောက်လာပြီး တော့မှ အဆင်ပြေသွားသည်ဟုဆိုရမည်၊ သူလိုသည့် သိန်းနှစ်ဆယ် ပွဲခမပေးရပဲ အသားတင်ရမည်၊ သို့သော် ငွေချေပြီးသည်နှင့် စာချုပ် လက်မှတ်ထိုးပြီး အိမ်ပေါ်မှ ဖယ်ပေးရမည်တဲ့ ...၊ နောက်တစ်ရက်မှဆိုသော် သည်းမရ၊ မျိုးဇော် အပြုံးမပျက် သဘောတူပြီး ဦးဟုတ်စွမ်နှင့် ဝယ်လက်ရှိ ရာသွားရန် စီစဉ်ရပြီဖြစ်သည်၊

နဂိုကတည်းက ပရိဘောဂအသုံးအဆောင် မရှိတော့တဲ့ - သူ့အိမ် ကောင်းလောင်းလေးပေါ်မှာ ဆာလာအိတ်လေးတစ်ထုပ်စာ စောင်ခြင် ထောင် အဝတ်အစားလေးတွေကိုဆွဲပြီး ထွက်လာရုံနှင့် ပြီးပြီမို့၊ သည် အထုပ်ကိုခေတ္တခဏ တစ်အိမ်အိမ်မှာ အပ်ထားခဲ့ရန်သာ ...၊

— 🔔 —

တနင်္လာနေ့မှာ အလုပ်မလုပ်ချင်၍ ရက်ရာဇာကျသော ဗုဒ္ဓဟူးနေ့ကို ရွေးချယ်ကာ မျိုးဇော် - ဦးမောင်ကြီးထံက ငွေသိန်းနှစ်ဆယ်ကိုယူပြီး အိမ် ပေါ်မှ အပြီးထွက်သည်၊ ဦးဟုတ်စွမ်နှင့်အတူ တက္ကစီစီး၍ မြေနီကုန်းဘက် တောန်ထရိုက်တိုက်တစ်လုံးဆီ သွားခဲ့ကြသည်၊ ဂျာနယ်စာရွက်ဖြင့် အထပ် ထပ်ပတ်ထားသည့် ပန်းကန်နှစ်ချပ် ...၊ ကျွတ်ကျွတ်အိတ်အမည်းနှင့် ထုတ် ထားသည့် ငွေသိန်း(၂၀) အထုပ်တို့ကိုကိုင်ရင်း တတိယလွှာကို တက်ခဲ့ကြ သည်၊ သည်ဝယ်လက်တွေကို မျိုးဇော် ယခင်က မဆက်ဆံခဲ့ဘူးပေ၊ ဦးဟုတ်စွမ်ရဲ့အဆက်ဖြစ်သည်၊ စိတ်ချရပါ့မလားဟု၍ မေးကြည့်သောအခါ ဦးဟုတ်စွမ်က ရယ်လျက် မင်း(၁၀၀၀)လောက်မပြောနဲ့ ခြစ်ပိတ်ကိုတောင် သိန်းထောင် တစ်သောင်းပေးတာကွာ၊ ဘာအန္တရာယ်မှမရှိဘူး၊ ကလိမ် ကကျစ်လည်းမရှိဘူး၊ အခြေအနေဖြင့်မျှပြီးချေကြောင်း ဘဏ်စာရင်း ဖွင့်လျှင်လည်း ထည့်ပေးကြောင်း ကြို့ပြောထားသည်၊

ဦးဟုတ်စွမ် ကြိုတင်ဖုန်းဆက်ထား၍ သူတို့ကို အဆင်သင့်ဆီးကြိုနေ သည်ကို တွေ့ရသည်၊ တိုက်ခန်းကို မျက်လုံးဝေ့လျက် မျိုးဇော် အကဲခတ် သည်၊ အိမ်ရှင်က အသက်(၆၀)ကျော်ခန့်ရှိတရုတ်ကပြားသဏ္ဌာန် ရုပ်ရည် သန့်သန့် အဒေါ်ကြီးတစ်ဦး၊

တစ်အိမ်သားလုံးပေါင်းမှ အဲသည်အဒေါ်ကြီးနှင့် အသက်သုံးဆယ်ခန့် အရွယ် အမျိုးသမီးနှစ်ဦး၊ အိမ်ဖော်ကလေးမလေးတစ်ဦး ဒါပဲရှိသည်၊





www.burmeseclassic.com

www.burmeseclassic.com

ယောက်ဗျားသားဆိုလျှင် သူနှင့် ဦးဟုတ်စွမ်နှစ်ယောက်တည်း၊ တိုက်ခန်း၏ ညည့်ခန်းမှာ မည်သည့်စားပွဲကုလားထိုင်မှမထားဘဲ ကော်ဇောသာခင်းထား သည်၊ ကော်ဇော်ပေါ်မှာ ဖျာခင်းပေးပြီး အလုပ်စကားပြောဆိုကြသည်။

"မောင်ဟုတ်စွမ် - မင်းတို့ သေသေချာချာ စမ်းခဲ့ပြီးပြီလားကွဲ့"

"ဟုတ်ကဲ့ - အန်တီ၊ ကျွန်တော်တို့နှစ်ယောက် သေသေချာချာ စမ်းပြီး အောင်ပြီဆိုမှ လာတင်တာပါ၊ ဒီမှာ ကာလပ်တင်ငွေ သိန်း(၂၀) ..."

အဒေါ်ကြီးက ပန်းကန်နှစ်ချပ်နှင့် ငွေသိန်းနှစ်ဆယ်ကို သေသေချာချာ စစ်ဆေးပြီး သူ့တူမဟု ယူဆရသူအမျိုးသမီးတစ်ဦးကို သူတို့ ဝယ်လက် ဘက်မှ တင်ရမည့်ငွေသိန်း (၂၀) သွားယူခိုင်းလိုက်သည်။

"ရော့ - ကြီးမေ သိန်း(၂၀)..."

ထိုအမျိုးသမီးက တရိုတသေ၊ အဒေါ်ကြီးလက်ထဲ ထည့်ပေးသည်။ ထိုစဉ် နောက်အမျိုးသမီးတစ်ယောက်က ဖော်မီကာစားပွဲလေးထောင့် အသေးတစ်လုံးနှင့် အရက်ပြန်ပုလင်းနှစ်လုံး ယူလာသည်၊ အိမ်ဖော် ကောင်မလေးက လင်ပန်း ခပ်လတ်လတ်အရွယ်တစ်ချပ် ယူလာပြန် သည်၊

"ငါ့တူ - ပစ္စည်းကို ငါ့တူ ယုံတယ်နော်၊ ကာလပ်မတင်ခင် စိတ်ဆိုးဖြစ် ဦးမှာလား၊ ပွဲမလုပ်ရခင်မှာ အားလုံးကို သေသေချာချာ ရှင်းပြဖို့လိုတယ် လေ၊ ငါ့တူဘက်က သေချာပြီဆိုတာနဲ့ လင်ပန်းထဲမှာ ငါ့တူနဲ့ အန်တီတို့ ကာလပ်တင်ငွေသိန်း(၄၀)တင်ထားမယ်၊ဟောဒီလက်ကိုင်ဖုန်းကို(၀၀း၀၀) နာရီကစ အချိန်မှတ်ပြီး အလုပ်ချိန် (၁း၀၀)နာရီတိတိ သတ်မှတ်မယ် သတ်မှတ်ချိန်အတွင်း အောင်ခဲ့ရင် ကာလပ်တင်ငွေ လေးဆယ်လုံးကို မင်း ပြီ၊ ပြီးမှ အရောင်းအဝယ်စာချုပ် ချုပ်ကြတာပေါ့၊ ဈေးကတော့ မောင်ဟုတ် စွမ်ပြောပြီးရောပေါ့၊ တစ်ချပ်ကို (၅၀၀)၊ နှစ်ချပ်လုံးမှအောင်ရင် (၁၀၀၀) စာချုပ် ချုပ်ရင်လည်း သိဒ္ဓိဝင်ပစ္စည်း ရောင်းဝယ်စာချုပ်၊ ခေါင်းစဉ်နဲ့ ချုပ် မယ်၊ အန်တီဘက်က သိန်း(၂၀)ကို စစ်ဆေးကြည့်၊ ပစ္စည်းအရှုပ်အရှင် တော့ ကင်းရမယ်နော်"



သူက ဦးဟုတ်စွမ်ကို ငဲ့စောင်းကြည့်လိုက်သည်၊ ဦးဟုတ်စွမ်က သူ့ကို စမ်းပြီးသား၊ အောင်ပြီးသား သေချာပေါက်ပွဲဖြစ်မည်မို့ လုပ်လိုက်တော့ဆို သည့်သဘောနှင့် သူ့ကို မျက်လုံးနှင့် စကားပြောပြီး ခေါင်းညိတ်ပြလိုက် သည်၊ ထိုအခိုက် အိမ်ဖော်ကောင်မလေးက ကော်ဖီနှင့် မုန့်များ လာရောက် ချပေးသည်၊ သူ့ဗိုက်ထဲမှာ ဆာလောင်တာတွေ၊ မွတ်သိပ်တာက ဘယ်ဆီ ရောက်နေမှန်းမသိ၊ တစ်စုံတစ်ရာက အသည်းတွေ၊ နှလုံးတွေ၊ စုကိုင် ဆုပ်ဆွဲထားသလို တင်းကြပ်မွန်းနေသလိုသာ ခံစားနေရသည်၊ ရင်ခုန်သံ တွေကလည်း စတ္တုန့်မလပ်ဖြစ်နေပါပကော၊ ဦးဟုတ်စွမ်က ပြောသည်။

"သူလည်း ဒီလိုင်းထဲမှာ လှုပ်ရှားနေတဲ့သူပါ အန်တီ၊ ခုဟာလည်း သူ့ ဆိုးဘွားအမွေမို့ ကျွန်တော်တို့ စမ်းပြီးမှ လာတင်တာပါ"

စပြီ - ဖော်မီကာစားပွဲလေးပေါ်မှာ ပန်းကန်ပြားလေးနှစ်ချပ်ကိုတင်ပြီး အရက်ပျံတွေ လောင်းထည့်လိုက်ပြီ၊ ဖုန်းကိုလည်း အချိန်စမှတ်၍ ပန်းကန် ဘေးမှာတင်ထားသည်၊ ပန်ကာတွေပိတ်၊ အဲယားကွန်းလည်းပိတ်၊ အခန်း ထဲမှာ လေဝင်လေထွက်မရှိတော့၊

ထိုအချိန်မှစ၍ မျိုးဇော်၏ ဘဝစာမျက်နှာ အပြောင်းအလဲက ဟမ်းဖုန်း SCREEN လေးပေါ်မှာ အစပြုလေတော့သည်။

စက္ကန့်လေးတွေ ... ၀၀း၀၁, ၀၀း၀၂, ၀၀း၀၃, ၀၀း၀၀၄ မှသည် တဖြည်း ဖြည်း - တဖြည်းဖြည်း တိုး၍တိုး၍ ...၊

မွန်းလျောင်အိုက်စပ်နေသည်မို့တော့ ပြော၍မရ၊ မျိုးဇော်ရင်ဘတ်ကြီး တစ်ခုလုံး မွန်းကြပ်လေးလံနေခြင်းကြောင့်သာဖြစ်မည်၊ ချွေးစေးတွေက ဘယ်လိုက ဘယ်လို ခန္ဓာကိုယ်ထဲက ထွက်လာနေမှန်းမသိ၊ နာရီဝက်ပြည့် ချိန်မှာ သူ့တစ်ကိုယ်လုံး ရွှဲရွှဲစိုနေချေပြီ၊

ခုန်လိုက်သည့်နှလုံးတွေကလည်း ဘေးလူတွေများ ကြားရမလောက် အောင်ထန်လွန်းလှသည်၊ သူ့မျက်နှာ ဘယ်လိုပုံစံဖြစ်နေသလဲဆိုသည်ကို မြင်ချင်ပြီး ကြည့်ချင်နေသည်၊ စိုးရိမ်ပူပန်မှုများကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေပြီလား၊ သူ့အိမ်တုန်းက နာရီဝက်နှင့် အောင်စပြုသည့်ပန်းကန်

www.burmeseclassic.com

ပြားတွေက ၃-၃၅ မိနစ်ကျော်လာသည်ထိ... ဘာမှမဖြစ်လာတော့ပါ လား။ အို-နောက်ထပ် (၂၅)မိနစ်လုံးလုံးတောင် အချိန်ရှိသေးတာပဲ။ အေ ဆေးပါ၊ ဖြစ်မည့်ပန်းကန်၊ အောင်မည့်ပန်းကန်ဆိုလျှင် ဘယ်လိုပဲစမ်းစ နည်းနည်းပါးပါးအချိန်အတိုးအဆုတ်တော့ရှိမှာပေါ့ဟု ဖြေတွေးတွေးမိ မျက်လုံးအစုံက ဟမ်းဖုန်းကို မျက်ခြေမပြတ်တမ်း စူးစူးစိုက်စိုက်၊ ဦးဟုတ်စွ ကလည်း သူ့နည်းနှင်နှင် ပုစွန်မျက်လုံးပမာ ...။

သည်လိုနှင့်မိနစ်လေးဆယ်ကျော်လာတော့သူဘယ်လိုမှဟန်မဆော နိုင်တော့မှန်း ခံစားမိသည်၊ ဟုတ်သည်လေ၊ သူ့ဌေးဖြစ် ခွေးဖြစ်ဆိုသ စကားက တည့်တည့်ကြီး၊ သည်မှာ လာမှန်နေသည်၊ ဘယ်ကမှန်းမသိ ပြင်းထန်လှသည့် မုန်တိုင်းတစ်ခုက သူ့နှလုံးသားကိုမှ ဗဟိုလာ နေပါပကော။

စက္ကန့်တွေ သိပ်သည်း၊ မိနစ်တွေဖောင်းပွလာသည်နှင့်အမျှဟာရီကိ တိုက်ဖွန်း၊ ဆိုင်ကာလုန်းတို့ထက် မလျှော့သည့် အင်အားပြင်း မုန်တိုင်းကြီ တစ်ခု၏ဒဏ်ကို အလူးအလိမ့်ခံစားနေရပြီ။

စိတ်ထဲမှာ တောရောက်၊ တောင်ရောက်၊ သံပုဒ္ဒေ ...၊ ဣတိပိသော ဘဂဝါသံတွေ ညံနေကြသည်၊ ဆိုင်သည်၊ မဆိုင်သည်တော့မသိ၊ ဘယ် ဘယ်လို ရွတ်နေမိမှန်းတောင် မသိတော့၊ တစ်နည်းဆိုရလျှင် မျိုးဇော်အ က တစ်နာရီအချိန်အတွင်းမှာ အရူးတစ်ပိုင်း၊ သွေးလေတွေ မှ ကယောင်ချောက်ချားနှင့် ကျနေပြုက်နေသည်၊ မိနစ်ငါးဆယ်မှာ ဖွ ညှပ်ဖြင့်ယူ၍ ပန်းကန်ထဲမှ အရက်ပျံကို တို့ယူလိုက်ပြီး မီးနှင့် စမ်းလို သည်၊ ရှိတ်ခနဲ-ဟပ်သွားသော မီးညွန့်တောက်လောင်မှုကိုကြည့် သူ့ရင်ကြီးတစ်ခုလုံး မီးတဟုန်းဟုန်း တောက်လောင်နေသလို ခံ လိုက်ရသည်၊

ဟင်း-အိမ်မှာတုန်းက နာရီဝက်နဲ့ ရေဖြစ်သွားခဲ့တာ၊ ခုတော့ မိနစ် ဆယ်တောင်ရှိပြီ၊ အရက်ပျံက ဘာမှမဖြစ်သေးပါကလား၊ ရှိသမျှ ဘု အဆုဆုကိုတ,၍ မျိုးဇော် ခံစားနေရသမျှကို အားကိုးရှာသည်၊ ဤသို့



ဖြည်းဖြည်း မိနစ်(၅၀)မှသည် (၅၁)မိနစ်၊ (၅၂)မိနစ်၊ ထိုမှ (၅၅)မိနစ် ာ တစ်ခါထပ်စမ်းသည်၊ ဓာတ်မပြောင်းသေးသည့် အရက်ပြန်ကို သူ့စိတ် ဲ ဖျစ်ညှစ်နှစ်နှစ် ကျိန်ဆဲပစ်လိုက်သည်၊ တစ်ခုတော့ ပြောစရာရှိသည်၊ သူ့ မိမ်မှာ စမ်းတုန်းက ယခုလို အလုံပိတ် အခန်းမဟုတ်၊ ပြတင်းပေါက်မှ လေ ဖြူးဖြူးနှင့်၊ အခု မအောင်သေးတာ ဒါကြောင့်များလား ...။

အတွေးတွေ ရှုပ်ထွေးနောက်ကျိုပြီး ဖြေသိမ့်စရာရှာရင်း မိနစ်ခြောက် ဆယ်-တစ်နာရီတိတိပြည့်သွားချိန်မှာတော့...။

သွားပြီ-စက္ကန့်များရဲ့ပြေးလမ်းပေါ်မှာ သူ့ဘဝက ခြေချော်မှောက်လျက် ဲ...၊ ပိုးစိုးပက်စက် ဖြစ်ခဲ့ရပြီ ...။

သူမျှော်မှန်းထားသလို ဆင်ဘဝ၊ ကျားဘဝက နိဗ္ဗာန်ခဲ့ပြီ၊ မျှော်လင့် ချက်ရောင်စုံဖြာ ပန်းတောကြီးလည်း မုန်တိုင်းကြောင့် တစ်စစီ လွင့်မျော သွားခဲ့ပြီ၊ အရှင်လတ်လတ် ငုတ်တုတ်ပျောက်သွားရင် ကောင်းလေစွဟု ဆိုတင်ကဲ ရေရွတ်မြည်တမ်းရင်း မျက်လုံးအစုံက ပူနွေးသည့် မျက်ရည်တို့ သွင်သွင် ...။

— 🔔 —

တိုက်ခြေရင်းအရောက်တွင်တော့ လက်ထဲမှ ပန်းကန်ပြားနှစ်ချပ်ကို အားရှိပါးရှိ လက်နှင့်ကိုင်ပြီး ပေါက်ခွဲပစ်လိုက်သည်၊ ဦးဟုတ်စွမ်က ဘာမှ မေးမဆွဲ၊ ဘာတစ်ခုမှလည်း စကားမဆိုနိုင်၊ သူကိုယ်တိုင်လည်း မျိုးဇော် ည်းတူ မုန်တိုင်းရဲ့ အဖျားခတ်တဲ့ဒဏ် ခံလိုက်ရသူလေ၊ အခုမှ တကယ် စစအရာရာ... အလုံးစုံတို့ မျိုးဇော်ရဲ့ဘဝမှာ ပျက်သုဉ်းသွားခဲ့ပြီဖြစ်သည်၊ ဆရာကြီးဒဂုန်တာရာရေးခဲ့သည့် ဂန္ထဝင်"မေ"ဝတ္ထုနိဂုံးစာသားလေးများလို အကောင်းကိုရှာ၏၊ အကောင်းကား မရှိတော့"။

မျိုးဇော်က အိမ်ရှင်အဒေါ်ကြီး သဒ္ဓါကြေး ပြန်၍ စွန့်ကြဲလိုက်သည့်ငွေစ နည်းငယ်ကိုလက်ထဲမှာကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်းအရူးတစ်ယောက် ို တတွတ်တွတ် နားမလည်နိုင်၊ ဦးဟုတ်စွမ်ကိုယ်တိုင်လည်း ထိုက်စွကြီး



www.burmeseclassic.com

www.burmeseclassic.com

၏ အဆုံးသတ်အဖြေကို ဘဝင်မကျနိုင်၊ ပြောင်းပြန်လှန်လိုက်သလို လ
သွားခဲ့ရသည့် ရှေးဟောင်းသရဖူတံဆိပ် ENGLAND မိတ်နှစ်ခုရဲ့သို့
အစွမ်းတွေက မိန်းမသားတွေချည်းရှိသည့်အခန်းထဲမှာ ကြက်ပျောက်ငှ
ပျောက်ဖြစ်သွားရခြင်းအတွက် ဘယ်လိုနားလည်အဖြေထုတ်ရမှန်း မ
နိုင်တော့။

ထိုအခိုက်မှာပင် မထင်မှတ်သည့်ဖြစ်ရပ်တစ်ခုက ဖြစ်ပေါ်လာခဲ့သည်
ရှုပ်ထွေးလှသည့် ကားလမ်းမအလယ်ခေါင်ကို ရုတ်ခြည်း မျိုးဇော်ပြေးထွ
သွားခဲ့ခြင်း။ ဦးဟုတ်စွမ် ကြက်သေသေနေမိသည်၊ မျိုးဇော် ဘာဖြစ်သွာ
လိမ့် ...။

"ဝုန်း"

"ဟာ – သေပါပြီ ... ကားတိုက်သွားပဟေ့"

အော်ဟစ်သံများ၊ ဆူညံကမ္ဘာပျက် ဂျရိပွက်သံများနှင့်အတူ အခင်းဖြ
ရာ လမ်းလယ်ကောင်ကို ဦးဟုတ်စွမ် ထိတ်လန့်တကြား လှမ်းကြည့်လိုက်
သည်။

လွန်ခဲ့သော နာရီမိနစ်ပိုင်းအတွင်းက အားကောင်းပြင်းထန်ခဲ့သည
မုန်တိုင်းတစ်ခု၏ ရုတ်ခြည်းအားလျော့ငြိမ်သက်သွားသည့်မြင်ကွင်းက 
မျက်စိထဲမှာ အထင်းသား ...။

>> မျှော်မှန်းစိုးသာ

# ဂမ္ဘီရဆရာကြီး
# နှင့်
# ထူးခြားသောဟောကွက်များ

ဂမ္ဘီရဆရာလှမျိုး
(B.Sc)



www.burmeseclassic.com

# ဂမ္ဘီရဆရာကောင်းနှင့် ထူးခြားသောယောဂီကွက်များ

ဂမ္ဘီရဆရာလှမျိုး (B.Sc)

**တစ်နေ့** တွင် ကျွန်ုပ်သည် သာကေတမြို့ (၈) ရပ်ကွက်ရှိ မိတ်ဆွေတစ်ဦးထံ ရောက်ရှိသွားပါသည်။ ထိုသူသည် တောင်သာအဘိမ္မော တိုင်ရင်းဆေးကုလုပ်ငန်း ဆောင်ရွက်နေသူဖြစ်ပြီး လောကီဂမ္ဘီရပညာရပ်များကိုလည်း စိတ်ဝင်တစား လေ့လာနေသူဖြစ်သည်။ ကျွန်ုပ်ရောက်ရှိသွားသော အခါ ယောဂီရောင်ဝတ်ဆင်ထားသော လူတစ်ယောက်နှင့် စကားပြောနေသည်။

"ဂမ္ဘီရစာရေးဆရာ - လာဗျာ... ခင်ဗျားလာတာ အတော်ပဲ၊ ကျုပ်မိတ်ဆွေနဲ့ မိတ်ဆက်ပေးရမယ်"



ကျွန်ုပ်ရောက်ရှိသည်နှင့်လိုက်လှဲပျူငှာစွာကြိုဆို၍အထက်ပါအတိုင်း ...ရပါးရပြောဆိုလိုက်လေ၏။

"ဒီပုဂ္ဂိုလ်က ပဲခူးဘက်ကလာတာ၊ ဗေဒင်ပညာရှင်တစ်ဦးပဲ၊ မဟာ ...တ်၊ အင်္ဂဝိဇ္ဇာ၊ ဆန်းကျမ်းပညာ ကျွမ်းကျင်သူတစ်ဦးပါ၊ နာမည်ရင်း ...တော့ ဦးခင်မောင်၊ လောကီပညာလောကမှာတော့ ပဲခူးခင်မောင်လို့ ...သိများတယ်" ဟု ပြောဆိုပြီး ကျွန်ုပ်နှင့် မိတ်ဆက်ပေးပါသည်။

"ဟုတ်ကဲ့... တွေ့ရတာဝမ်းသာပါတယ်၊ ကျွန်တော်လည်း ဗေဒင်ပညာ ...လာပြီး ဟောပြောနေသူပါ။ တတ်သလောက် မှတ်သလောက် ဂမ္ဘီရ ...င်းပါ၊ ဇာတ်လမ်းတွေလည်း ရေးပါတယ်"

"ဆရာနဲ့တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်က စာမရေးပေမဲ့ ...တွေ့အကြုံတွေတော့ အများကြီးရှိပါတယ်၊ နယ်စုံရောက်ပြီး လူအမျိုးမျိုး ...ည်း တွေ့ရတယ်၊ သူတို့အခက်အခဲတွေလည်း ကူညီဖြေရှင်းပေးခဲ့ရ ...တယ်"

ထိုသူသည် စကားပြောကောင်းသူတစ်ဦးဖြစ်ပြီး ဥပဓိရုပ်လည်း ...င်းသည်၊ ဆံပင်ကို နောက်သို့လှန်၍ ဖီးလိမ်းထားသောကြောင့် ...ယ်ပြန့်သောနဖူးပြင်က ထင်ရှားနေသည်၊ သူဝတ်ထားသော အညို ...င်နှင့် သူ၏မဖြူလွန်း၊ မမည်းလွန်းသောလတ်သောအသားနှင့်ကြည့်၍ ...င်းနေသည်။ အသက် ၆၀ - ကျော်ခန့်ရှိမည်ဟု ခန့်မှန်းရသော်လည်း ...န်းမာရေးကောင်း၊ စိတ်ပျိုသောကြောင့် ကိုယ်ခန္ဓာမှာ မရင့်ဘဲ နပျိုလန်း ...န်းနေပါသည်။

မိတ်ဆွေတိုင်းရင်းဆေးဆရာ ဦးအောင်ကျော်မှ -



www.burmeseclassic.com

www.burmeseclassic.com

"ဆရာမျိုးသိချင်တာဆိုရင်    ရင်ဖွင့်လို့ရတယ်၊ ဦးခင်မောင်က သူ
သိတာ၊ တတ်တာဆိုရင် မကွယ်မဝှက် ပွင့်ပွင့်လင်းလင်း ပြောပြတယ်
အသက် (၆၀) ကျော်ရှိပြီး အတွေ့အကြုံက အနှစ် (၄၀) လောက်ရှိပြီ"

"ဆရာ အချိန်ရမယ်ဆိုရင် ကျွန်တော့်အိမ် တစ်ခေါက်လောက်ကြွခဲ့ပါ
အိမ်လည်း ရောက်ဖူး၊ သိချင်တာလည်းမေး၊ အေးအေးဆေးဆေး စကား
ပြောလို့ရတာပေါ့"

"ဒီနေ့တော့ ဘုရားသွားစရာရှိသေးတယ်၊ နောက်နေ့နံနက်ပိုင်း လာခဲ့
မယ်၊ နယ်မပြန်ခင် ဆုံကြသေးတာပေါ့၊ စာရေးဆရာဆိုတော့ ကျုပ်သိတာ
လေးတွေ ပြောပြပေးပါမယ်"

— ☯ —

နောက်တစ်နေ့နံနက်စောစော ကျွန်ုပ် အိမ်သို့ ဆရာဦးခင်မောင်ဆိုသူ
ရောက်ရှိလာပါသည်။ သူသည် အညိုရောင်ဝတ်စုံဝတ်ကာ ပင်နီရောင်
လွယ်အိတ်တစ်လုံး လွယ်ထားသည်။

"ဆရာကြွပါခင်ဗျား၊ ခေါင်းရင်းဘက်ကြွပါ"

ဆရာဦးခင်မောင်သည် ဘုရားကျောင်းဆောင်မှ ဗုဒ္ဓရုပ်ပွားတော်အား
လက်အုပ်ချီဦးခိုက်၍ ပူဇော်ပြီးမှ ဖျာပေါ်တွင် ထိုင်လိုက်ပါသည်။

"ဗေဒင်ဆရာလုပ်နေတယ်ဆိုတော့ဗေဒင်ဆိုတဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်
တော့ သိထားဖို့လိုတယ်နော်"

"ဗေဒင်ဆိုတာ လူတစ်ယောက်ရဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်မှာ
ကြုံတွေ့တာတွေကို ဂိန်းခန်းတွေ ကြည့်ပြီး ဟောပြောရတဲ့ပညာမဟုတ်
လားဆရာ"



"အဓိပ္ပာယ်ဖွင့်ဆိုချက် မတိကျသေးဘူး၊ ပါဠိလို ရေးထားတာတွေ
ရှိတယ်၊ လိုရင်းတိုရှင်းပြောရရင်တော့ ဗေဒင်ဆိုတာ သူတစ်ပါးရဲ့ အဖြစ်
အပျက်အလုံးစုံကို သိနိုင်သောကြောင့် ဗေဒင်ခေါ်ကြောင်း မှတ်ထားပါ၊
အမှ ဝေဒ (ဗေဒ) ဖြစ်လာတာပါ"

"ဟုတ်ကဲ့ - သေချာမှတ်ထားပါမယ် ဆရာ"

"ကျုပ်ကတော့မြန်မာပြည်မှာမွေး၊မြန်မာ့မြေမှာကြီးတော့မြန်မာ့ရိုးရာ
ဗေဒင်ပညာတွေကို စိတ်ဝင်စားတယ်၊ ကျုပ်တို့ယခုစဉ်ကတော့ အခြေခံ
ဟောဘုတ် စသင်ရတယ်၊ ဗေဒင်အချုပ် မဟာဘုတ်လို့ ခေါ်ကြတယ်လေ"

"ဟုတ်ကဲ့ပါဆရာကြီး၊ ကျွန်တော်လည်း မဟာဘုတ်ပညာကို စိတ်
ဝင်စားပါတယ်"

"မောင်ရင်က ဘာဖွားလဲ"

"ပုတိဖွားပါ ဆရာကြီး"

မြန်မာမွေးသက္ကရာဇ်ကို (၇) ဖြင့်စား၍ အကြွင်းကို ဘင်္ဂအိမ်မှချ၍
အည်ဆောက်ထားသော မဟာဘုတ်....

မွေးသက္ကရာဇ် ၁၃၂၆ ÷ ၇ = ၃

| | | | |
|---|---|---|---|
| | ၀ | | |
| ၂ | ၅ | ၁ | |
| ၆ | ၃ | ၄ | မွေးနံ |

(မူလမဟာဘုတ်)

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

(မဟာဘုတ်အိမ်အမည်)



www.burmeseclassic.com

www.burmeseclassic.com

(၃)ကြွင်းဆိုတော့ စကားများများမပြောနဲ့၊ စကားများများပြော အမှားပါတတ်တယ်၊ အတိုက်အခံများမယ်၊ စိတ်အပြောင်းအလဲ မြန်တ တယ်၊ ခရီးများများသွားချင်တယ်၊ ပညာစုဆောင်းတာ ဝါသနာပါမ လောလောဆယ်တော့စာအုပ်တွေများများစုထားတာတွေ့ရတယ်။ယ က ပင်ပန်းဆင်းရဲတတ်တယ်၊ မိစုံဖစုံ မနေခဲ့ရဘူး။ အိမ်မြဲမြေ အပိုင် ရမယ်”

“ဆရာကြီးပြောတာတွေ အားလုံးမှန်ပါတယ်”

“ဒါ နမူနာလောက် ဟောပြတာပါ၊ မဟာဘုတ်တစ်မျိုးတည်းနဲ့ ထ နေကုန် ဟောလို့ရတယ်”

ကျွန်ုပ်တို့စကားပြောနေစဉ် အမျိုးသမီးတစ်ယောက် ရောက်ရှိလာ သည်၊ ထိုအမျိုးသမီးသည် ရပ်ကွက်ထဲကဖြစ်ပြီး ဗေဒင်မေးရန် ရောက် လာခြင်းဖြစ်သည်၊

“ဆရာကြီးနဲ့ကြုံတုန်း ဟောပေးပါ”ဟု ကျွန်ုပ်က မေတ္တာရပ်ခံလိုက် သည်၊

သူမ၏မွေးသက္ကရာဇ်ကိုမေးပြီး တန်းဟောပါသည်၊

“သူမသည် မူလမဟာဘုတ် (၁)ရကြွင်း စနေသမီးဖြစ်သည်”

“ဝါ့တူမကြီးက ကိုယ့်အားကိုယ်ကိုး ကိုယ့်ဒူးကိုယ်ချွန်နေရတာ အိမ်ထောင်ဘက်လည်း အားကိုးလို့မရ၊ အတူနေမိသားစုနဲ့လည်း အဆ မပြေ၊ အိုးအိမ်အလုပ်လည်း မမြဲဖြစ်နေတယ် မဟုတ်လား”

“မှန်ပါတယ်ဆရာကြီး၊အိမ်ထောင်ဘက်ကလည်းနယ်မှာအလုပ်သွ လုပ်ပြီး ငွေမပို့ပေးဘူး”

“ဝါ့တူမကြီးက စိတ်ကြီးတယ်၊ ဒေါသဖြစ်လွယ်တယ်၊ လူဖြောင့်စိတ် သမားပေါ့၊ မိသားစုအလုပ်ထဲမှာ စိတ်ရှည်သည်းခံပြီး နေထိုင်မှ အဆင်ပြေ မယ်၊ အတိုက်အခံမလုပ်နဲ့၊ ကြားလား”





ကျွန်ုပ်လည်း
ဆရာကြီးပေးခဲ့သော
ဗိတုန်းရုပ်တလေးအား
ဝိငထောက်သားစုတိုးတွင်
သေချာချည်ထားလိုက်သည်။
ခရီးဝေးထွက်တိုင်း
ယူဆောင်သွားပါသည်။
လမ်းခရီးအန္တရာယ် မကြုံတွေ့ရပေ။

---

“ဟုတ်ကဲ့ပါဆရာကြီး”

“တူမကြီးနာမည်က ဘယ်လိုခေါ်တုံး”

“တင်တင်အုန်းလို့ခေါ်ပါတယ်”

“နာမည်အစ အက္ခရာကလည်း(ဗုဒ်)အက္ခရာဆိုတော့ တူမကြီးက ပင်ပန်းရတာပေါ့၊ အိမ်ထောင်ရေးလည်း မတည်မြဲဘူး၊ ယောက်ျားတစ် ယောက်လို လှုပ်ရှားရုန်းကန်နေရမယ်”

“တင်တင်အုန်းဆိုတော့ (၇+၁)အပြန်အားဖြင့် (၁+၇)ဥနဲ့သားကို တစ်နစ်ဆစ်လောက် ရွှေချဆောင်ထားလိုက်လေ၊ ဥနဲ့ညွှန့်(ဆေးရိုးပင်) ပေး၊ ဘကြီး‚အဖေအရွယ်ကို ဦးထုပ်လှူပေး၊ ရှင်ဥပဂုတ္တရဟန္တာမြတ်ကို ဆည်းပူဇော်ပေးပါ”



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ လုပ်ဖြစ်အောင် လုပ်ပါမယ် ဆရာကြီး"

ဟု ပြောဆိုကာ ညက်ပူဖော်ခကန်တော့၍ ပြန်သွားပါသည်။ ဆရာဦးခင်မောင်သည် သူရရှိသော ညက်ပူဖော်ခများကို သုံးပုံတစ်ပုံယူ၍ ကျန်နှစ်ပုံကို ကုသိုလ်ဒါနပြုလေ့ရှိကြောင်း သိရှိရပါသည်။ ဗေဒင်မေးခြင်းကို ဝါသနာပါသော ကျွန်ုပ်၏ မိခင်နှင့်ဖနီးကလည်း အနားသို့ ချဉ်းကပ်လာပါသည်။

မူလမဟာဘုတ် (ဝ)ကြွင်းဖြစ်သူ ဗုဒ္ဓဟူးသမီး အဓိပတိဖွားအား -

"သမီးက (ဝ)သုညကြွင်းဆိုတော့ စိတ်မထိန်းနိုင်ဘူး၊ ဘာပဲလုပ်လုပ် စိတ်မြန်လက်မြန် ဆုံးဖြတ်ပြီး လုပ်ကိုင်တတ်တယ်၊ ဝမ်းနည်းလွယ် ဝမ်းသာလွယ်၊ ခံစားမှုလွယ်တယ်၊ သူတစ်ပါးကို သနားပြီး ကူညီတတ်တယ် အဲ တစ်ခါတလေလည်း ဂုဏ်မာနကြီး စိတ်ကြီးဝင်နေတတ်တယ်၊ အနုပညာ ဝါသနာ ဗီဇရှိတယ်၊ လက်မှုပညာ သင်ယူတတ်မြောက်မယ်၊ အသက် ၃၀ - ကျော် အပျိုကြီးလုပ်ပြီးမှ အိမ်ထောင်ကျတာ ဖြစ်ရမယ်"

"ဆရာကြီးဟောတာ အားလုံး မှန်တယ်၊ အကြားအမြင် ရနေသလား အောက်မေ့ရတယ်"

"ဒါဆို အာရုံနဲ့ ဟောတာလား၊ မာတ်စီးပြီး ဟောတာလား"

"အဲဒီလို အကြားအမြင်မဟုတ်ပါဘူး၊ အကြားဆိုတာ ကာယကံရှင် ပြောတဲ့ စကားသံ၊ နာမည်၊ မွေးသက္ကရာဇ်ကို နားက ကြားလိုက်တာ၊ အမြင် ဆိုတာ အင်္ဂဝိဇ္ဇာအရ ဝတ်စားဆင်ယင်မှု၊ အပြုအမူ အနေအထိုင်ကို မြင် တာပါ"

"ဟုတ်ကဲ့ - သဘောပေါက်ပါပြီဆရာကြီး"

"သမီးအတွက် အဆောင်ယတြာကတော့ မရန်းသားကို မိဖုရား ရုပ်ထု ထုဆောင် (ရင်မြ)နှင့် (မရန်း) ကာက်ကင်းယတြာ ဖြစ်တယ်၊ (၄+၅) (၅+၄) မျက်နှာသုတ်ပဝါလှူ၊ ဘယ်သွားသွား မရန်းသားဆောင်၊ မရရင် ပုဏ္ဏရိတ်



သားလေးဆောင်သွား၊ ဘုရားမှာ မုန့်လုံးရေပေါ် မကြာခဏ ကပ်လှူပေး၊ စေယောင်းတိုင် မှုဖော်လှူဒါန်းပေးပါ"

"မိခင်ဖြစ်သူအား ကျန်းမာရေးကိစ္စ အထူးအလေးထားဟောပါတယ်၊ အင်္ဂါသမီး အသက် (၆၈)နှစ်၊ ကြာသပတေးဂြိုဟ် သက်ရောက်နေတယ်၊ လေးခွင်မြောက် ဘုမ္မိဂြိုဟ်ဖြစ်လို့ ဝမ်းနဲ့ရောဂါ အထူးသတိထားပါ၊ ဝမ်းဗိုက်၊ အစာမကြေ၊ လေရောဂါ၊ အစာအိမ်ရောဂါ ဒုက္ခပေးတတ်တယ်၊ (၃)ကြွင်း ဖြစ်နေတော့ အစာမကြေ လေရောဂါ ခံစားရမယ်"

ဟု ဟောဆိုပါသည်။ ဆရာကြီးဟောသည့်အတိုင်း မိခင်ဖြစ်သူမှာ အစာအိမ်အူလမ်းကြောင်း ဝေဒနာနှင့် ဆေးကုသမှု ခံယူရပါသည်။ သို့သော် ကျန်းမာရေးယတြာများ ဆောင်ရွက်မှုကြောင့် ထိုနှစ်တွင် ပြန်လည် ကောင်း မွန်လာပါသည်။

"တင်ရွှေဆိုတော့ ဘုရားမှာ ရွှေထီးလှူပေးထားပါ"

ကျွန်ုပ်မှ ဆရာကြီးအား သိလိုသည်ကို မေးမြန်းလိုက်ပါသည်။

"ဆရာကြီး ယတြာပေးတာတွေက ကာက်ကင်းယတြာတွေမဟုတ်လား ဆရာကြီး"

"ဟုတ်တယ်လေကွာ၊ ဝါ့နာမည်ကိုတောင် ပဲခူးခင်မောင်(၅+၂) (၂+၅) ပြောင်းပြန် လုပ်ထားတာ ကြည့်တော့"

"ကျားပျံ - မကောက် သဘောဖြစ်နေတာပေါ့"

"အမှန်ပေါ့ကွာ"

"ကျားပျံ - မကောက်၊ ခန္တီ - ဒေါက်ချာ၊ လယ်တီ - တောင်ဝေ့၊ ရန်ကုန် - ကျော်ရင်၊ ရေကျော် - ကျော်ရင်၊ ကြက်ဆူ - စုကြည်" ဆိုတာတွေက ဘက်ကင်းသဘောတွေပါပဲ၊ ကာက်ကင်းဆိုတာ အောင်မြင်တိုးတက်စေတာ ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီး ပြောပြမှပဲ သဘောပေါက်တော့တယ်၊ ကြက်ဆူ - စုကြည် ကက်ကင်းမိသွားတော့ အောင်ဆန်းစုကြည် ပိုပြီး ထင်ရှားကျော်ကြားသွား ရတာပေါ့နော် ဆရာကြီး"

"ကျွန်တော့်အတွက် ကက်ကင်းအဆောင်ယတြာ ဘာတွေလုပ်ရမယ် ဆရာကြီး"

"မောင်ရင်က ဆရာဆိုတော့ ကိုယ့်ဘာသာစဉ်းစားပြီး ပြောကြည့်စမ်း ပါဦး"

ဦးခင်မောင်သည် အနီးရှိ ရေနွေးဓာတ်ဘူးထဲမှ ရေနွေးတစ်ခွက် ငှဲ သောက်ပြီး အာခြောက်မှုကို ဖြေဖျောက်လိုက်သည်။ ပြီးတော့ ကျွန် ပြောမည့်အဖြေကို နားစွင့်နေသည်။

"လှမျိုး(၄+၅)ဆိုတော့(၅+၄)မျက်နှာသုတ်ပဝါဆောင်မယ်၊လှုမယ် လမှသား၊လက်ပံသားဆောင်မယ်၊လက်ဖက်.လက်ဖက်ရည်ဒါနပြုပေးမယ် ဆရာကြီး"

"ဟုတ်ပါပြီ၊ အထူးသဖြင့် လပြည့်နေ့တိုင်း လင်ပန်းတစ်ချပ်နဲ့ လက်ဖက် ၉ - ပုံ၊ လိမ္မော်သီး ၉ - လုံး စသည်ဖြင့် နဝင်းယတြာ လှူပေးသင့်တယ်"

ကက်ကင်းဓာတ်နဲ့ အရောင်းအဝယ်ပြုလုပ်လို့ရတယ်။ အဆောင် ယတြာ ပြုလုပ်နိုင်တယ်။ တစ်ခေါက် ပဲခူးမှာ ဆိုင်ကယ်ရောင်းချင်တဲ့ လူတစ်ယောက် ရောက်လာတယ်။ ဒါနဲ့ ကျုပ်လည်း ဆိုင်ကယ်(၃+၂ ကက်ကင်းစဉ်းစားပြီး (၂+၃)ကာန်စွန်းညွှန့်တွေနဲ့ ဆိုင်ကယ်ကို ရိုက်ခိုင်းပြီ ဆိုင်ကယ်ပေါ် တင်ထားခိုင်းလိုက်တယ်၊ မကြာပါဘူး၊ ဆိုင်ကယ်တွေ တစ်စီး ပြီးတစ်စီး ထွက်ကုန်ပါလေရော"

"ဆရာကြီး ယတြာက လွယ်ကူထိရောက်လိုက်တာ"



"ဒါနဲ့ အက္ခရာအမည်နှစ်ခုတူနေရင် (နံ)နှစ်ခု တူနေရင် ဘယ်လို လုပ်ရမှာလဲ၊ ဥပမာ - ပြောင်းဖူး(၅+၅)ဆိုတော့ ဘယ်လိုကက်ကင်း ပြုလုပ်ရ မလဲ"

"ဒါလည်း မခက်ပါဘူး၊ (၅+၅)ဆို ပျဉ်းမညွှန့်နဲ့ ရိုက်လိုက်ပေါ့၊ မြေပဲ ဆိုလည်း ပျဉ်းမညွှန့်၊ ပေါက်ပန်းဖြူညွှန့်တို့နဲ့ ရိုက်ပေးရမယ်၊ ကျောက်ကား ဆိုရင် ကြံ့ညွှန့်၊ ကျည်းညွှန့်နဲ့ ရိုက်ပေး၊ ဒါမှမဟုတ် ကားထွက်(၂+၇)ကို ဒိန်းကြီး (၇+၂)နဲ့ ရိုက်လို့ရတယ်"

ကျွန်ုပ်သည် ပဲခူးခင်မောင်ဆိုသော ဆရာကြီး ပြောပြသော ကက်ကင်း ဓာတ်အကြောင်းကို စိတ်ဝင်တစား နားထောင်နေမိပါသည်။ ထိုသို့ နား ထောင်နေမိပါသည်။ထိုသို့နားထောင်နေစဉ်အသက်(၃၀)ကျော်အမျိုးသား တစ်ဦး ရောက်ရှိလာ၏။

"ဆရာ ကျွန်တော် ပစ္စည်းပျောက်တာ မေးချင်လို့"

"ဘာပျောက်သွားလို့လဲ"

၅ ] ဘူး
၂ ] ကျောက်
၆
———
၁ နွေ
———
၄
၀
၃

"ကျောက်ထည့်ထားတဲ့ဘူးလေး ပျောက်နေလို့"

ဆရာကြီးမှ ခေတ္တ မျက်စိမှိတ် (စိတ်ထဲမှ တွက်လိုက်)ပြီး -

"အိမ်ထဲမှာပဲ ရှိမှာပါ၊ အထားမှားတာပဲ ဖြစ်ရမယ်၊ သေချာပြန်ရှာကြည့်၊ ရှာတဲ့အခါ မန်ကျည်းသားလေး လက်ထဲကိုင်ပြီး ရှာကွာ၊ ရက်ပိုင်းအတွင်း ပြန်ရမယ်၊ အပြင်လူမခိုးဘူး"

ထိုသူမှ -



www.burmeseclassic.com

www.burmeseclassic.com

"အိမ်ထဲမှာရှာတာ နှံ့နေပြီဆရာကြီး၊ အခုထိ မတွေ့သေးလို့ လာမေးတာပါ"

မေးသူက မယုံကြည်သောလေသံဖြင့် ပြန်မေးလေသည်။ ဆရာကြီးမှ ထိုသူကို စူးစိုက်ကြည့်လိုက်ပြီး –

"ဆရာကြီးပြောတာယုံကြည်ပါ၊ (၅)ရက်မကျော်စေရဘူး၊ ကျောက်ဘူး ထားတဲ့နေရာမှာ မန်ကျည်းရွက်(သို့) ကင်ပွန်းရွက် (သို့) မာလကာရွက် တစ်မျိုးမျိုး စုပုံထားပြီး အာရုံပြု ဆုတောင်းပေးပါ၊ ပြန်တွေ့မှာ သေချာပါတယ်"

ထိုသူလည်း မယုံတယုံနှင့် ပြန်သွားသည်။ ဆရာကြီးကတော့ သူ့ဟောကွက်ကို သူ အပြည့်အဝ ယုံကြည်ထားပုံရပါသည်။

"ဆရာကြီးဟောတာ သေချာလှချည်လား"

"တနင်္ဂနွေအခါလာမေးတော့ တနင်္လာ၊ ကြာသပတေးအပေါ်မှာ တွေ့နေရတယ်၊ ပြီးတော့ "အင်တူလက်မျှ နဂိုရ်ပ"ဆိုတဲ့အတိုင်း အိမ်တွင်းမှာပဲ ရှိရမယ်လေ၊ ပြီးတော့ ဟောတဲ့ဆရာအမည်လည်းကြည့်ဦး၊ ခင်မောင် (၂+၅) မဟုတ်လား၊ လာမေးသူမွေးနံ့ အဓိကမကျပါဘူး၊ ပျောက်တဲ့ပစ္စည်းနံ့ ပဲ အဓိကကျတယ်"

ဆရာကြီး၏ ဟောကွက်မှာ မဆန်းသော်လည်း ထူးခြားပါသည်။ ကျောက်ဘူး (၂+၅)ကို ကက်ကင်းပြု၍ (၅+၂) မန်ကျည်း၊ ကင်ပွန်းထားခိုင်း သည်မှာ ထူးခြားပါသည်။ ကျွန်ုပ်လည်း စိတ်ထဲမှ စောင့်ကြည့်ရမယ်ဟု တွေးတော့ တွေးမိလိုက်သည်။ ဆရာကြီးပြန်သွားပြီး (၅)ရက်မြောက်တွင် လျှပ်စစ်မီတာကြားမှ ပြန်တွေ့ကြောင်း လာရောက်ပြောဆိုသွား၍ အံ့သြသွားမိပါသည်။

— ☯ —



ပဲခူးခင်မောင်ဆိုသော ဆရာကြီးအား စာရေးသူမှ –

"ဂန္ဓာရီဆရာကင်း"ဟု အမည်ပညတ်လိုက်ပါသည်။

"ဆရာကြီး လက်ဖက်ရည်သောက်ပါဦး"

"မောင်ရင်က ကက်ကင်းခေတ်ကို လက်တွေ့ဆောင်ရွက်လိုက်တာလား"

"မဟုတ်ပါဘူး ဆရာကြီး၊ တိုက်ဆိုင်သွားတာပါ"

"မောင်ရင်ကြားဖူးမှာပေါ့၊ ရှေးအခါက အိမ်တွေမှာ ပိတုန်းရုပ် မြှုပ်ထားကြတာ"

"ကြားဖူးပါတယ်"

"ပိတုန်းရုပ်ကို ပိဓာတ်သား၊ လှည်းပုံတောင်းနဲ့ ပြုလုပ်ပြီးတော့ ဖင်ဖောက်ပြီး ပြဒါးထည့်၊ ပဒိုင်းသားနဲ့ ပိတ်ပြီး စီရင်ကြတယ်"

"အဓိကကတော့ ဓားပြ(၇+၅)ဆိုတာကို (၅+၇) အပြန်အလှန်နဲ့ ကာကွယ်ထားကြတာပါပဲ"

"ဓားပြရဲ့ကက်ကင်းပိဓာတ်သား၊ ပိဒေါင်း၊ ပိတုန်း၊ ပြဒါး၊ ပဒိုင်းဖြစ်နေတယ်လေ၊ ရှေးက သစ်သားအိမ်, သစ်သားတိုင်မှာ စီရင်မြှုပ်ပြီး အကာအကွယ် ပြုလုပ်လေ့ရှိတယ်"

"ဒီခေတ်ရောက်တဲ့အထိ ပိတုန်းအဆောင်က ဆက်ရှိနေသေးတယ်နော် ဆရာကြီး"

"ဒီခေတ်မှာ ဓားပြမရှိတော့ပါဘူး၊ အတိုက်အခံ ဘေးဥပဒ် အန္တရာယ်ကာကွယ်တဲ့အနေနဲ့ စီရင်ပြုလုပ်ဆောင်ကြတာပါ"

"ပဲခူးမှာ တစ်ခါက ပိတုန်းရုပ်ဆောင်ပြီး လက်ဝှေ့တက်ထိုးတဲ့ဖြစ်ရပ်ရှိခဲ့ဖူးတယ်၊ သူက လက်ဝှေ့သမားတော့ မဟုတ်ဘူး၊ ဆရာတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com

ပိတုန်းရုပ်ဆောင်ပြီး ထိုးကြည့်ကွာလို့ပြောတာ လက်တွေ့စမ်းချင်လို့ တက်ထိုးကြည့်တော့ ...”

“နိုင်သွားလားဆရာ”

“ပွဲဦးထွက်မှာတော့ နိုင်သွားတယ်၊ နောက်ပိုင်းတော့ ဆက်မထိုးတော့ဘူးလို့သိရတယ်”

“တစ်ခါတုန်းက ဘုရားတစ်ဆူမှာ ဆရာတစ်ယောက် ပိတုန်းရုပ်တွေ သိဒ္ဓိသွားတင်တာ တကယ့်ပိတုန်းတွေ ရောက်လာလို့ ပြန်ပြေးလာတယ် ဆိုတဲ့ သတင်းတူးလည်း ကြားဖူးတယ်”

“အနောက်အယှက် လာပေးတာလားဆရာကြီး”

“သူရဲ့သီလ၊ သမာဓိ၊ ပညာကို လာစမ်းတယ်လို့ ထင်တာပါပဲ”

“ပိတုန်းရုပ် စီရင်ပြီးရင် ပန်းကန်ပြားတစ်ချပ်မှာ ပန်းပွင့်တွေထည့် မိမိအိမ် ဘုရားရှေ့မှာ ပဋ္ဌာန်း (၂၄)ပစ္စည်းရွတ်ဆို၊ သိဒ္ဓိတင်ပေးလို့လည်း ရပါတယ်”

ဆရာကြီးမှ သူ၏ လွယ်အိတ်အတွင်းမှ ပိတုန်းရုပ်တစ်ကောင် ထုတ်ပြပါသည်။ ပိတုန်းအရောင် နက်မှောင်၍ ပြောင်လက်နေပါသည်။ လှုပ်ကြည့်သောအခါ ဒုတ်‚ဒုတ်မြည်နေ၏။ ပြဒါးလှုပ်တာပါဟု ဆိုပါသည်။

“ပိတုန်းရုပ်ကို ပုတီးမှာ ချည်ထားလို့ရတယ်၊ ခရီးသွားရင် ဆောင်သွား၊ အန္တရာယ်ကင်းတယ်၊ လမ်းမှာ သူ မားပြ ရန် မကြုံတွေ့ရဘူး”

ဟု ပြောဆိုပြီး ပုတီးနှင့် တွဲထားသော ပိတုန်းရုပ်ကို ပြပါသည်။ ကျွန်ုပ်လည်း ဆရာကြီးပေးခဲ့သော ပိတုန်းရုပ်ကလေးအား ပိတောက်သားပုတီးတွင် သေချာချည်ထားလိုက်သည်။ ခရီးဝေးထွက်တိုင်း ယူဆောင်သွားပါသည်။ လမ်းခရီး အန္တရာယ် မကြုံတွေ့ရပေ။



“နောက်တစ်ခုကတော့ သူခိုးနဲ့ ကြက်သွန်ပဲ”

“အချို့လည်း ကသစ်ပင်စိုက်ထားကြတယ်နော် ဆရာကြီး”

“ကသစ်ပင်က နေရာတိုင်း စိုက်လို့မရဘူး၊ အိမ်နောက်ဘက်မှာတော့ စိုက်လို့ရပါတယ်၊ သူခိုး (၆+၂)နဲ့ ကြက်သွန် (၂+၆)က ကက်ကင်းမိနေလို့ အိမ်ခြံလေးထောင့်မှာ ကြက်သွန်မြှုပ်ထားရင် သူခိုးမဝင်နိုင်ဘူး”

ဆရာကြီးဦးခင်မောင် လက်ဖက်ရည်သောက်ပြီး ပြန်သွားပါသည်။

“မပြန်ခင် တစ်ရက်လောက် လာခဲ့ဦးမယ်”

ဟူ၍လည်း ပြောသွားသည်။

“ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ်ဆရာကြီး၊ မပြန်ခင် တစ်ရက်လောက် ကြွခဲ့ပါဦး”

— ☯ —

သုံးရက်ခန့်အကြာတွင် ဆရာကြီးဦးခင်မောင် ပြန်ရောက်လာသည်။ ကျွန်ုပ် နေအိမ်ရောက်သောအခါ ရှေးဦးစွာ ဘုရားကို ဦးတိုက်ပူဇော်သည်။

“လှူမျိုးဆိုတော့ ဘုရားမှာ မီးလုံးလှလှ လှူပေးကွာ”

ဟု စတင်ပြောဆိုပါသည်။ ဆရာကြီးကတော့ ဗေဒင်ပညာမှာ ဘုရင်တစ်ဆူ(King)လည်း ဖြစ်နေပါပြီ။ သို့သော် သူ့ကို ဓာတ်ပုံရိုက်ပြီး ဘဝဇာတ်ကြောင်း အတ္ထုပ္ပတ္တိ ရေးမည်ကိုတော့ လုံးဝ လက်မခံပေ။

“ထင်ပေါ်ကျော်ကြားလာရင် အသက်မရှည် ဖြစ်နေပါဦးမယ်”

ဆရာဦးခင်မောင်အား အိမ်ရှင်မမှ ကော်ဖီနှင့် ကိတ်မုန့် လာချပေးသည်။

“ကော်ဖီနှင့်ကိတ်မုန့်ကတော့ ကက်ကင်းမဟုတ်ဘူးနော်၊ အဲဒါဓာတ်တူတို့ခေါ်တယ်”



www.burmeseclassic.com

www.burmeseclassic.com

"ဓာတ်တူ နံတူ မဟုတ်ဘူးလား ဆရာကြီး"

"ဓာတ်ကတနင်္လာနဲ့ကြာသပတေး(က + ဗ)(၂+၅)ကိုတ်မုန့်ကလည်း (၂+၅)ပဲလေကွာ"

"နံက "ဖ"နဲ့ "မ"ကွဲနေတယ်၊ ဥပမာဆိုပါတော့ ကျော်သိန်းနဲ့ ကသာ (၂+၆) "က"အက္ခရာနဲ့ "သ"အက္ခရာ တူနေတယ်၊ အဲဒါကို ဓာတ်တူနံတူ လို့ ခေါ်တယ်၊ ဓာတ်ဆိုတာ ဓာတ်ကြီးလေးပါး၊ နံဆိုတာ ဗျည်းအက္ခရာကို ခေါ်တယ်"

"ဓာတ်တူနံတူက ဘယ်လိုအကျိုးဖြစ်စေလဲ"

"ဓာတ်တူနံတူ ဆေးဖက်ယူဆိုတာလည်းရှိတယ်၊ လောကီပညာမှာ အပြေးဓာတ်လည်း ဆင်ကြတယ်။

ကျော်သိန်းဆိုတဲ့ လူတစ်ဦး အိမ်က ထွက်ခွာသွားအောင်က သစ်ရွက် ကြက်သွန်၊ ကျွန်းသစ်တို့နဲ့ ဓာတ်ဆင်ပေးထားရင် အိမ်ပေါ်က ဆင်းပြေး တာပေါ့ကွာ၊ ကျုပ်ကတော့ လူတွေကို ကောင်းကျိုးဖြစ်စေတဲ့ ကက်ကင်း ဓာတ်ပဲ ကြိုက်ပါတယ်"

ကျွန်ုပ်တို့စကားပြောနေစဉ် အမျိုးသမီးတစ်ယောက် ရောက်ရှိလာ ပါသည်၊ ကျွန်ုပ်လည်း ဆရာဦးခင်မောင်အား ဟောပြောပေးပါရန် မေတ္တာ ရပ်ခံလိုက်သည်၊ ဆရာကြီးမှ -

"သမီးအမျိုးသား - အိမ်ပေါ်က ဆင်းသွားတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဆရာကြီး၊ အဲဒါ အိမ်ပြန်လာအောင် လုပ်ပေးပါ"

"ကလေးတွေ မျက်နှာကြည့်ပြီး ဆောင်ရွက်ပေးရတာပေါ့၊ ငါ့တူမကြီး ကလည်း ငွေ အသုံးအစွဲကြီးတယ်၊ ဘယ်လောက်ပေးပေး လောက်တယ်ကို မရှိဘူး"



တနင်္ဂနွေအခါတွင် အင်္ဂါနံ တိုင်ခြေတွင်ရှိပြီး သူမသည် (၆) ခုကြွင်း၊ စနေ ထီးဖွားဖြစ်သည်၊ ဆရာကြီးသည် စာအုပ်နှင့် ဘောပင်မကိုင်၊ လာမေးသော အချိန်အခါ တိုင်နှင့် နိမိတ်ကိုကြည့်ကာ ဟောဆိုနေခြင်းဖြစ်သည်၊ နိမိတ်က ဆင်ဖားလျားချထားပြီး မျက်နှာတွင် သနပ်ခါးမရှိ (အပူရုပ်)ဖြစ်နေသည်ဟု ဆိုပါသည်၊ မူလမဟာဘုတ် (၆) ခုကြွင်းတွေ ငွေမမြဲဘူး၊ ဟန်ဆောင်ကြွားဝါ တတ်တယ်"

"တူမကြီး အမျိုးသားနာမည် ဘယ်လိုခေါ်လဲ"

"မြင့်ကျော်ပါ ဆရာကြီး"

"အိမ်ရောက်ရင် ပန်းကန်တစ်ချပ်၊ မြေပန်းကန်ဆို ပိုကောင်းတယ်၊ အဲဒီပန်းကန်ထဲမှာ ကြက်မောက်ပန်းပွင့် (သို့မဟုတ်) ဂန္ဓမာပန်းပွင့် (၇)ပွင့် ထောက်ထည့်ပြီး ကင်ပွန်းပင်အရိုး၊ ရှဉ့်ပေါင်ပင်ရိုး တစ်မျိုးမျိုးနဲ့ မွှေပေးနေ ရမယ်၊ စိတ်ထဲက မြင့်ကျော် အမြန်ပြန်ရောက်လာစေလို့ ပြောရမယ်၊ စိတ်ထဲက အာရုံပြုဆုတောင်းလိုက်ရင် အေးအေးဆေးဆေး ပြန်ရောက်လာ လိမ့်မယ်။

"တစ်နေ့ ဘယ်နှကြိမ်လောက် ဆောင်ရွက်ရမှာလဲ ဆရာကြီး"

"တစ်နေ့သုံးကြိမ်လောက် မွှေပေး၊ မွှေပြီးရင် ပန်းကန်ပြားပေါ်မှာ မွှေတဲ့ တိုင်းကို တင်ထားပေး"

"သဘောပေါက်ရဲ့လား"

"ပေါက်ပါပြီ ဆရာကြီး"

"ကဲ - ပေါက်ရင် ရောက်ပြီ မှတ်တော့"

သူမပြန်သွားသောအခါ ဆရာကြီးသည် ကျွန်ုပ်အား ကြည့်၍ -



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်ပေးလိုက်တဲ့ ယတြာတွေက ကက်ကင်းယတြာတွေပါပဲ၊ မြင်း ကျော်(၅+၂) ကိုပန်းကန်ပြားမှာတစ်ခုပြီးအပေါ်က ကက်ကင်းအရွက်၊ ကိုင်းနဲ့ စီရင်ပေးလိုက်တာပါ၊ သုံးရက်မကျော်ဘူး၊ ပြန်လာမယ်၊ နားထောင်နေ..."

နှစ်ရက်ခန့်အကြာတွင်ခင်ပွန်းဖြစ်သူမြင့်ကျော်ပြန်ရောက်လာကြောင်း ကြားသိရသည်။ မောင်ရင်လည်း ကက်ကင်း လက်တွေ့ လေ့လာကြည့်ပါ၊ ကက်ကင်းဆိုတာ ထက်အောက်လေ့လာကြည့်ပါ၊ ကက်ကင်းဆိုတာ ထက် အောက်ပြန်လှန်ကူလို့ ဆိုထားတာကြောင့် အောက်အထက်ပြန်ခြင်း၊ ရှေ့ နောက်ပြန်ခြင်းဟာ ကက်ကင်းပဲ၊ မာတ်တူနံ့တူကက်ကင်းဆိုတာ ကျော် သန်း-သော်က အက္ခရာတူ မာတ်တူပြန်ထားလို့ မာတ်တူပြန်ထားလို့ မာတ်တူနံ့တူ ကက်ကင်း။ မာတ်တူကက်ကင်းဆိုတာ မြခင်-ကြောင်ပန် အက္ခရာနံ့ချင်း မတူဘဲ မာတ်ချင်းသာ တူပြီး ရှေ့နောက်ပြန်ထားတာ"

"ဟုတ်ကဲ့ပါ-ဆရာကြီး၊ ဆက်လက် လေ့လာပါမယ်"

ဆရာကြီး ပဲခူးခင်မောင်ဟုဆိုသော ဂမ္ဘီရဆရာကင်းနှင့် နောက်တစ် ကြိမ်ဆုံပါကဘယ်လိုထူးခြားမှုတွေကြုံရဦးမှာလဲဟုစဉ်းစားတွေးတောနေ ပါသည်။

"ကျုပ်လည်း ပဲခူးပြန်ဦးမယ်၊ မောင်ရင် ပဲခူးရောက်ရင် ဝင်ခဲ့ပေါ့၊ ပဲခူး ရောက်ရင် ပန်းကန်တစ်ချပ်လောက် ဝယ်ထားပါမမေ့နဲ့"

"ဘာလုပ်ဖို့လဲ ဆရာကြီး"

"ပဲခူး ပန်းကန်တစ်ချပ်မှာ ငှက်ပျောဖီး၊ ကော်ဖီ တစ်မျိုးမျိုးထည့်၊ ဘုရား ကပ်လှူ ဆုတောင်းရင် အလုပ်အကိုင် ငွေကြေးကိစ္စ အဆင်ပြေတာပေါ့"

ဆရာကြီးဦးခင်မောင်သည် ပြန်ခါနီးသည့်တိုင်အောင်ပင် ကက်ကင်း မာတ် လက်ဆောင်ပေးသွားပါသည်။ တစ်ပတ်ခန့်အကြာတွင် စာရေး



နေအိမ်သို့ လူတစ်ယောက် ရောက်လာပါသည်။ ထို့နောက် စက္ကူနှင့် ထုပ်ပတ်ထားသော ပစ္စည်းတစ်ခု လက်ဆောင်လာပေးသည်။ ပဲခူးမှ ပို့လိုက်တာဟု ဆိုပါသည်။ ကျွန်ုပ်လည်း ကျေးဇူးတင်စကားပြောပြီး လက်ခံထားလိုက်ပါသည်။ ဖွင့်ကြည့်သောအခါ ပန်းကန်ပြားတစ်ချပ် ဖြစ်နေ ပါသည်။ စာတစ်စောင်လည်း တွေ့ရသည်။ ဆရာကြီးဦးခင်မောင် ဂမ္ဘီရ ဆရာကင်းမှ လက်ဆောင်ပါးလိုက်ကြောင်း အကြောင်းကြားစာဖြစ်သည်။ ကျွန်ုပ်လည်း ပဲခူး ပန်းကန်ပေါ်တွင် ငှက်ပျောဖီးတည်၍ အဘမင်းခေါင် (ဘိုးမင်းခေါင်) ၅+၂ ကို (၂+၅) ငှက်ပျောဖီး၊ ကော်ဖီကပ် လှူကြည့် ပါသည်။ တစ်လခန့်ကြာသောအခါ ဂျပန်နိုင်ငံမှ ပေဒင်ဟောစာတမ်း ရေးပေးရန် စာရောက်လာ၏၊ ဂျပန် (၂+၅) ဖြစ်နေ၍ အံ့ဩသွားမိပါ သည်။ ပဲခူးပန်းကန်နှင့် ပေးပို့သောစာ စာရေးသူအိမ်တွင် သိမ်းဆည်းထားပါသည်။

သမ္မေသဒ်ရာ အနိစ္စာ


>> **ဂမ္ဘီရဆရာလှမျိုး** (B.Sc)

www.burmeseclassic.com

www.burmeseclassic.com

# လိုက်မဆွဲနဲ့နော်

ဂါဦးနွန်း




## လိုက်မဆွဲနဲ့နော်

…ဦးနွန်းကို

ပငမ်း ပါနဲ့ ဆရာမရယ် … ပြောရမှာကို ကျွန်တော့်ရင်ထဲ မရိုးလွန်းလို့ပါ။ ဟော့ဒီ ဟော့ဒီ ရင်ဘတ်ကြီးကို သံချွန်နဲ့ ထိုးသလို နာရလွန်းလို့…။ မနာ ရှိမလား ဆရာမရယ်၊ ညီထွေးဆိုတာ အခြားသူမှ မဟုတ်တာ၊ ကျွန်တော့်အချစ်ဆုံးညီငယ်လေ၊ အို … တစ်အိမ်သားလုံးရဲ့အချစ်တော်လေးပါဗျာ။ ခုများတော့… ခုများတော့ဗျာ… ဒီကောင်လေးကို တစ်အိမ်သားလုံးက အချစ်ဆုံးဆိုပြီး အလိုလိုက်ထားတော့ သူထင်ရာ လုပ်တတ်တဲ့ အကျင့်လေးတော့ရှိရဲ့၊ ဒီအကျင့်လေးကြောင့်ပဲ အခုထက်ထိ ဟိုဘဝမှာ ပျော်ဝင်ရင်း ဟိုဟိုသည်သည်လိုက်ဆွဲနေဦးမလား။ မပြောတတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ခြေဘ် ... ကျွန်တော်က ခုလို ပြောနေပြန်တော့ ဆရာမရဲ့စိတ်ထဲ ဘာတွေများ ဖြစ်ခဲ့သလဲဆိုတဲ့ အတွေးနဲ့ပိုပြီး သိချင်နေမှာပေါ့။ ကဲပါလေ... ပြောလက်စနဲ့ မထူးတော့ပါဘူး။ ကျွန်တော် ရင်နာနာနဲ့ပဲ ဖြစ်ကြောင်းကုန်စင်ကိုပြောပြ တော့မယ်။

— ☠ —

ညီထွေးဆိုသူ၏ အမည်ရင်းမှာ အမှန်တော့ မောင်တင်မောင်ဦး ဖြစ် သော်လည်း တစ်အိမ်သားလုံးက ချစ်စနိုးနှင့်ညီထွေးဟုသာ ခေါ်ဝေါ်ကြသော ကြောင့် အမည်ရင်းတင်မောင်ဦးပျောက်ကာ ညီထွေးသာ ဖြစ်နေပါတော့ သည်။ တစ်ရပ်တစ်ရွာလုံးကလည်း ညီထွေးဟုသာခေါ်ဝေါ်ကြသည်။ ညီထွေး ၏ မိသားစုတွင် မိသားစုဝင်ကိုးဦးရှိသည့်အနက် ညီထွေးက အငယ်ဆုံး အထွေးဆုံး တစ်အိမ်လုံး၏ အချစ်တော်လေး။

ညီထွေးငယ်စဉ်က အတော်ချူချာခဲ့သည်။ မကြာမကြာ ဖျားနာချူချာ လွန်းသောကြောင့် တစ်အိမ်လုံးက အရိပ်တကြည့်ကြည့်ဖြစ်ခဲ့ရသည်မှာ ယခုထက်ထိ။ ညီထွေးကလည်း ညီထွေးပင်၊ ယခုလို လူပျိုပေါက်အရွယ် ရောက်ခဲ့သည့်တိုင် ဖျားနာချင် ချူချာချင်တုန်း။ သို့ကြောင့်လည်း ညီထွေး ဘယ်သွားသွား၊ ဘယ်လာလာ မိဘမောင်ဘွား အစ်ကိုအစ်မများ ထက်ကြ မကွာ မလိုက်ရသည် မရှိသလောက်။

"ညီထွေးရေ ... ညီထွေး အိမ်ရှေ့မှာ ဖိုးသာလွန်းတို့ ရောက်နေတယ်"

အစ်ကိုကြီးတင်အောင်ဦး၏ စကားကြောင့် ညီထွေးအိမ်ရှေ့သို့ ပြေ ထွက်လာလိုက်သည်။ မကြာခဏ ဖျားနာပြီး အစားအသောက် နည်းပါး သော ညီထွေး၏ခန္ဓာကိုယ်ကား ပြေးထွက်အလာတွင် လှုပ်လီလှုပ်လဲ့ ယိမ်းယိုင်နေပုံမှာ စာခြောက်ရုပ်ကို လေတိုက်သကဲ့သို့ ဖြစ်နေလေသည်။

"ဟိတ်အကောင်ရ ... မြန်မြန်လာစမ်းပါ။ အရိုးတွေလည်း ပြုတ်ထွက် ကုန်ဦးမယ်"

ကုလားထိုင်တွင် ထိုင်နေသူနှစ်ဦးအနက် အသားညိုညို ပုပုနှင့် တစ် ယောက်က ညီထွေးကို လှမ်းနောက်လိုက်သည်။ ညီထွေးကလည်း ငြိမ်ခံသူ မဟုတ်၊ ကုလားထိုင်တွင် ဝင်ထိုင်ရင်း ပြန်ပက်လိုက်၏။

"အေး ... ပြုတ်ထွက်လာတဲ့အရိုးကို ကောက်တပ်လိုက်ပေါ့။ မင်းအရပ် အတွက် အထောက်အကူ ဖြစ်တာပေါ့ကွ ကိုသာလွန်းရ"

ညီထွေးရဲ့စကားကြောင့် အားလုံးပွဲကျသွားကြသည်၊ ညီထွေးထိုသို့ ပြောရလောက်အောင်လည်း ဖိုးသာလွန်း၏အရပ်က ပုပျပ်နေသည် မဟုတ် လား။

"ကဲပါ ... မင်းတို့ပြောတာတွေ ခဏထားဦး။ ခု - ငါတို့မင်းကို လာခေါ်တာ ဘက်ရွာမှာ ပွဲဈေးရှိလို့ကွ။ အဲ့ဒါ မင်းနေကောင်းတယ်ဆိုရင် ငါတို့နဲ့ တ်ခဲ့ပါလား"

ဖိုးချစ်ဖော်၏စကားဆုံးတော့ ညီထွေးတွေဝေသွားရသည်၊ လိုက်သွား ကောင်းမလား ... နေခဲ့ရကောင်းမလား ညီထွေး စဉ်းစားရပြီ၊ ယခု အခြေ နေကို ကြည့်ရတာတော့ ညီထွေး၏ ကျန်းမာရေး အခြေအနေကလည်း ခင်ကနှင့် မတူတော့ပဲ အတော်အတန် ကောင်းမွန်နေပြီမို့ မိဘတွေက ည်း ညီထွေး ဖွင့်ပြောလျှင် လွှတ်မည်သာ၊

"ဟိတ်ကောင်တွေ ... တွေဝေမနေနဲ့ တွေဝေရင် မယ်ရွှေနဲ့ဝေးသွားမယ်၊ တ်အဖွဲ့လည်း ပါမှာနော်၊ ခေါင်းဆောင်မင်းသမီးက ပန်တျာမယ်ရွှေတဲ့၊ မှချောဆိုပဲ"

သာလွန်းက ညီထွေးသူဟို့ဘက် အလေးသာစေရန် ဇာတ်မင်းသမီး ယ်လိုက်သည်၊ ညီထွေးအရွယ်ကလည်း ၁၅ ၁၆နှစ်အရွယ် လူပျိုပေါက် တ်လား၊

"အေးကွာ ... လိုက်မယ်၊ ဒါပေမဲ့ - ခဏနေဦး အမေတို့အစ်မတို့ကို ပြောရဦးမှာ မင်းတို့ပါ လိုက်ပြောပေး"

"အမလေး ... သူ့ကိုယ်သူကလေးပဲ အောက်မေ့နေလား မသိဘူး၊ ဟိတ် ကောင်တွေမျက်လုံးပြူးမပြနဲ့၊ ငါကအသက်ကိုပြောတာ၊ ၁၅နှစ် ၁၆နှစ်ဆိုတာ





www.burmeseclassic.com

www.burmeseclassic.com

အရွယ်ရောက်နေပြီ။ သူများတွေဆို လယ်တွေယာတွေတောင် လုပ်ကိုင်လို့ မိဘတွေ မျက်နှာလွှဲရနေပြီ"

ဖိုးသာလွန်းက နောက်ပြောင်သည့်သဘောနှင့် ပြောလိုက်သော်လည်း ညီထွေးခများတော့ အားလျော့သိမ်ငယ်သွားမိ၏။

"သာလွန်း ... မင်းကလည်း ညီထွေးကို အရမ်းမနောက်စမ်းပါနဲ့ ဟိုမှာ မျက်နှာတောင်ငယ်နေပြီ။ ကဲ - လာညီထွေး - မင်းမိဘတွေကိုငါတို့ဝိုင်းပြော ပေးမယ်"

ဖိုးချစ်ဖော်ကပဲကြားကပြန်ဖြေရင်း ညီထွေး၏မိဘများဆီသို့ဦးဆောင် ထွက်လာလိုက်သည်။ ရာသီဥတု ပူအိုက်သောကြောင့် ညီထွေး၏မိဘများ က အိမ်နောက်ဘက် ကွပ်ပျစ်တွင် ဝိုင်းဖွဲ့နေကြ၏။

"ကြီးမေတို့ ... နေကောင်းကြရဲ့နော်"

"ဩော် ... မောင်ချစ်ဖော်တို့ပါလား ကောင်းပါတယ်ကွယ့်၊ အလည် လာကြတာလား"

"ဟုတ်ကဲ့ကြီးမေ၊ ဒါနဲ့ညီထွေးက အရင်ကနဲ့ မတူတော့ဘူးနော်၊ အရွယ် ရောက်လာလို့လား မသိဘူး၊ ကျန်းကျန်းမာမာ ဖြစ်လာပြီ"

"အေးကွယ့်...ကြီးမေတို့လည်း အဲ့ဒါကိုပဲ ဝမ်းသာနေရတာ အရင်က မိုးရွာရင်ဖျား၊ နေပူရင်ဖျား ဖြစ်နေတာ၊ ခုကျမှပဲ စိတ်နည်းနည်း အေး တော့တယ်"

"ဟုတ်တယ်အမေ၊ ကျွန်တော် အရင်နဲ့ မတူတော့ပါဘူး၊ ကျန်းကျန်း မာမာ လူကောင်းပကတိ ဖြစ်နေပါပြီ၊ အမေ့ကို ခွင့်တောင်းစရာ ရှိလို့"

ညီထွေး ဝင်ပြောလိုက်သောကြောင့် မိခင်ဖြစ်သူဒေါ်တင်နွဲ့ မျက်ခုံး များ ပြုံးကျယ်သွားရပြီး -

"ဟဲ့ ... သားထွေး အမေ့ကို ဘာများ ခွင့်တောင်းမလို့လဲ၊ ဘုရားဝတ် သွားမှာ ရည်းစားသနာ ရှိနေပြီလား၊ အမေ လိုက်တောင်းပေးရတော့ မလား"



"အာ ... မဟုတ်ရပါဘူးဗျာ၊ အမေကလည်း ဘာတွေ လျှောက်တွေး နေတာလဲ၊ ကျွန်တော်က ကလေးအတွေးပဲရှိပါသေးတယ်၊ ခုခွင့်တောင်းတာ သူတို့နဲ့အတူ ဟိုဘက်ရွာက ဘုရားပွဲကို သွားကြည့်ချင်လို့၊ အဲ့ဒါအမေ ခွင့်ပြု ပေးဖို့ လာတောင်းတာ"

ညီထွေးစကားကြောင့် ဒေါ်တင်နွဲ့ပြုံးတော့မလိုလိုဖြစ်သွားပြီးမှ မျက်နှာ ညှိုးသွားသည်၊ သားငယ်ကို တစိမ်းတရံတွေနှင့် လွှတ်ရမည်ကို စိတ်မချ သောကြောင့် ဖြစ်၏။

"အို ... သားထွေးကလည်း သားထွေးသူငယ်ချင်းတွေနဲ့ သွားလို့ ဖြစ်ပါ့ မလား၊ မင်းအစ်ကိုကြီးတွေနဲ့မှ သွားပါလားကွယ်၊ မင်းအစ်ကိုကြီးတွေ ဆန်ဘက်ခါလောက်ဆို အချိန်အားလောက်ပါပြီ"

"ဟာ ... အမေကလဲ - သား ကျန်းမာနေပါပြီ၊ သားသူတို့နဲ့ လိုက်သွားလို့ ရပါတယ်၊ သားလည်းသူငယ်ချင်းတွေနဲ့ လည်ချင်တာပေါ့ အမေရယ်၊ သားက သွားမယ်ဆို သွားရမှာနော်"

ညီထွေးက ဖွတ်အတင်းလွှတ်ဖို့ ပြောသည်၊ မပြောလို့လည်း မဖြစ်၊ သူငယ်ချင်းရှေ့တွင် သူဟာ ပျော့ညံ့သူတစ်ယောက် မဟုတ်ကြောင်း လူကြီး တစ်ယောက် ဖြစ်နေပြီ ဖြစ်ကြောင်း ပြချင်နေသည်၊ မိခင်က တစ်ခွန်းဆို တစ်ခွန်း နာခံတတ်သော ခပ်ညံ့ညံ့လူစားမဟုတ်ဟု ထင်စေချင်သည်၊ နို့ပေမယ့် သူ့အတွေးများ မှားယွင်းနေသည်ကိုတော့ သူ သတိမထားမိ၊

"ဒါပေမယ့် - သားလေးရယ်၊ အမေ စိတ်မချဘူးကွယ်"

"ဩော်...ကြီးမေ စိတ်မပူပါနဲ့၊ ကျွန်တော်တို့ ဆိုင်ကယ်နဲ့သွားကြမှာပါ၊ နောက်ပြီး ညီထွေးပြုတ်ကျမှာစိုးရင် ကျွန်တော်တို့ သူ့ကိုအလယ်မှာ ထားစီး မှာမယ်"

ညီထွေးကို ပါစေချင်လွန်းသော ဖိုးချစ်ဖော်က ပြေလည်ရာပြေလည် ကြောင်း တာဝန်ခံကာ ဝင်ပြောလိုက်သည်၊

"ဟုတ်ပါတယ် ...အကြီးရဲ့၊ ကျွန်တော် ဆိုင်ကယ်မောင်းနေတာ တစ်ရွာ လုံး အသိရယ်၊ ဆိုင်ကယ်ကို ဝုန်းဝုန်းဒိုင်းဒိုင်းလည်း မစီးတတ်ပါဘူး၊ အကြီး

www.burmeseclassic.com

ညီထွေးကို စိတ်မပူပါနဲ့။ ကျွန်တော်တို့ ခေါ်သွားပါ့မယ်။ နောက်ပြီး မိုးလင်းမှ ပြန်လာမှာပါ"

သာလွန်းကလည်း မနေသာတော့၍ ဝင်ပြောလာသည်၊ အားလုံးက ဝိုင်းပြောနေကြ၍ ဒေါ်တင်နွဲ့ငြင်းရခက်သွားသည်။ ညီထွေး၏မျက်နှာကို ကြည့်လိုက်တော့လည်း သွားလိုစိတ်အပြည့်ဖြင့် အသနားခံနေသော မျက်နှာလေး။

"ကဲပါလေ... သားထွေး သွားချင်ဆိုလည်း သွားပါ။ ဒါပေမဲ့ - ရုတ်တရက် နေလို့ထိုင်လို့ မကောင်းဘူးဆိုရင် ပဲမြစ်ရွာမှာ ဆေးဆရာရှိတာပဲ၊ အဲ့ဒီဆေးဆရာဆီ ချက်ချင်းသွားပြ ဟုတ်ပြီလား"

"ဟုတ်ကဲ့အမေ၊ စိတ်ချ စိတ်ချချာ"

ညီထွေးက မိခင်ဆီမှ ခွင့်ပြုချက်ရသည်နှင့် အိမ်ရှေ့ဆိုင်ကယ်ရှိရာဆီသို့ ပျော်ရွှင်မြူးထူးစွာ ပြေးထွက်သွားသည်၊ ညီထွေး၏နောက်မှ သူငယ်ချင်းနှစ်ယောက် ပြေးလိုက်သွားကြသည်ကို ဒေါ်တင်နွဲ့ စိတ်မသက်သာစွာ ငေးကြည့်ရင်း သက်ပြင်းရှည်ကြီးကို ချလိုက်မိတော့၏။

— ☠ —

"ပျော်လိုက်တာကွာ၊ အမေခွင့်ပြုပါ့မလားလို့ ငါ့မှာ စိတ်ပူလိုက်ရတာ"

တဟူးဟူး တိုက်ခတ်နေသော လေညင်းများကြားမှ ညီထွေး၏အသံက ခပ်သြသြ ထွက်ပေါ်လာသည်။

"အကြီးက လွှတ်မယ်လို့ ငါက ယုံပြီးသား၊ ဟိတ်ကောင် - သေချာလည်း ကိုင်ထားဦး၊ မင်း ပြုတ်ကျတာက အရေးမကြီးဘူး။ ငါတို့က အမှုပတ်မှာ"

ဖိုးသာလွန်းက သူ့ထုံးစံအတိုင်း အော်ဟစ်ပြောလိုက်၍ ညီထွေး မဲ့ပြလိုက်သည်၊ ဖိုးချစ်ဇော်ကတော့ သူတို့နှစ်ယောက် ပြောစကားများကို နားထောင်ရင်း ပြုံးရယ်လျက် လိုက်ပါလိုက်ပါလာ၏။ သူတို့ သွားနေသည်က တစ်ဖက်ရွာ ပဲမြစ်...။



ပဲမြစ်ရွာသို့ မရောက်မီ ကွမ်းခြံတံတားကို ဖြတ်သန်းရသည်၊ ကွမ်းခြံတံတားဟူသည်က နာမည်ကြီး။ ကွမ်းခြံတံတား၏ မကောင်းသတင်းကို ရွာစံလူတိုင်းသိကြ၏၊ သွေးကြောတွေ ရပ်ဆိုင်းသွားသလို ကြောက်လန့်သွားတတ်သည် မဟုတ်ပါလား။ သို့ကြောင့်လည်း တတ်နိုင်လျှင် ရှောင်ကွင်းသွားတတ်ကြသလို တံတားမှ ဖြတ်သန်းသွားရသည့်အခါတွင်လည်း ဘုရားစာရွတ်သူကရွတ်၊ ပုတီးစိပ်သူကစိပ်၊ မေတ္တာပို့သူကပို့နှင့် မိမိယုံကြည်ကိုးစားရာ ကုသိုလ်များ ပွားများသွားတတ်ကြသည်။ ထိုသို့ပြုလုပ်သွားမှသာ အန္တရာယ်ကင်းသည်များ၏။ အကြောင်းက ကွမ်းခြံတံတားအနီးတွင် ဆိုင်ကယ်များ၊ ကားများအကြောင်းပြချက်မရှိပါဘဲ၊ အဖြေရှာမရဘဲ တိမ်းမှောက်သွားခဲ့သောကြောင့်ပင်။ တစ်ခုခု ဖြစ်သွားတတ်သည်ပင်၊

\- - - - - - - - - - -



ကျွန်တော် အခု ကွမ်းခြံတံတားမှာ နေနေတာ။
ပျော်စရာကြီးပျာ။
သူငယ်ချင်းတွေမှ အများကြီးပါ။
အားလုံး ကျွန်တော့်ထက် ငယ်တာချည်းပဲ။
ကျွန်တော်နဲ့ ဖေထိမ်းဖယိမ်းက
တစ်ယောက်နှစ်ယောက်လောက်တော့ ရှိမယ်။
အားလုံး အော်ကြဟစ်ကြ ပျော်ကြရွှင်ကြ
ကစားကြနဲ့ ပျော်စရာကောင်းမှ ကောင်း။

www.burmeseclassic.com

"ဟိတ်ကောင် ... လေလွန်း - ဆိုင်ကယ်ကို သတိထားမောင်းဦးနော်၊ ရှေ့မှာ ကွမ်းခြံတံတားကို ရောက်တော့မယ်"

ဖိုးချစ်ဇော်က စိုးရိမ်မကင်းသော လေသံနှင့် ပြောလိုက်၏၊ အပြင်လောကနှင့် အသွားအလာ ကျဲပါးသော ညီထွေးက ဖိုးချစ်ဇော်၏စကားကို နားမလည်ဟန်ဖြင့် -

"ဘာဖြစ်လို့လဲ ကိုချစ်ရဲ၊ ကွမ်းခြံတံတားနဲ့ဆိုင်ကယ် သတိထားမောင်းဖို့နဲ့က ဘာဆိုင်လို့လဲ"

"မင်း ... မသိပါဘူး ညီထွေးရာ၊ အဲ့ဒီတံတားက နာမည်ကြီး၊ အဲ့ဒီတံတားပေါ်မှာ ဆိုင်ကယ်တွေ၊ ကားတွေအကြောင်းမဲ့ မှောက်တတ် တိမ်းတတ်လွန်းလို့ သာလွန်းကို သတိပေးရတာ"

"ဟြော် ... အဲ့ဒီလိုလား၊ ဒါနဲ့ ဘာဖြစ်လို့ အကြောင်းမဲ့ မှောက်ရတာလဲ ကိုချစ်ကရော ဘယ်လိုထင်လဲ"

ညီထွေးက နဂိုကတည်းက ကလေးစိတ်သာသာရယ်၊ တောင်တောင်အီအီ သိပ်မတွေးတတ်၊ သို့ကြောင့်လည်း သူမသိသည်ကို အရိုးခံအတိုင်း ဖိုးချစ်ဇော်ကို မေးလိုက်ခြင်း ဖြစ်သည်၊

"ဟင် ... ဘယ်လိုပြောရမလဲ ညီထွေးရာ၊ ဟိုးအရင်တုန်းက အဲ့ဒီတံတားမှာ ကားတစ်စီး လမ်းချော်ပြီး တိမ်းမှောက်သွားဖူးတယ်၊ အဲ့ဒီ့ကတည်းက အဲ့ဒီတံတားမှာ ခုလို အနှောင့်အယှက်တွေ ရှိနေတော့တာပဲတဲ့၊ ငါတို့လည်း ကောင်းကောင်း မသိပါဘူး၊ သူများပြောတာ ကြားဖူးတာပါ၊ ကဲ ... ဘာမှ မဟုတ်ပါဘူး၊ ညီထွေးရာ ပြီးရင် ငါတို့ပွဲဈေးရောက်တော့မှာပါ၊ အဲ့ဒါကို မေ့လိုက်တော့ကွာ"

ဖိုးချစ်ဇော်က ညီထွေးထိတ်လန့်မှာလည်းစိုးသောကြောင့် ပေါ့ပေါ့ဆဆ ပြောပြီး စကားလမ်းကြောင်း လွှဲလိုက်၏၊ ထိုစဉ် တစ်ချိန်လုံး စကားတစ်ခွန်းမျှ ဝင်မပြောသော ဖိုးသာလွန်းက -

"ငါတော့ ... အဲ့ဒီအကြောင်းတွေ မယုံပါဘူးကွာ၊ အလကား ... အဲ့ဒီလမ်းကိုသွားတဲ့ ဆိုင်ကယ်တိုင်း မှောက်လို့လား၊ သတိမထားပဲ အရမ်းကာရော



မောင်းတဲ့ဆိုင်ကယ်တွေပဲ မှောက်တာပါ၊ အဲ့ဒါကိုပဲ လူတွေက ချဲ့ကားပြီး ပြောကြတာ"

"ဟိတ်ကောင် ... လေလွန်းမင်းဒီလိုတော့ မပြောနဲ့၊ သတင်းဆိုတာ ဟုတ်လို့ကျော်တာကွ၊ ဒါဆို ဟိုတလောကမှောက်သွားတဲ့ ကိုညိုကြီးတို့ ဆိုင်ကယ်ဆိုရင် မင်းဘယ်လိုပြောမလဲ ... ကိုညိုကြီးက ဆိုင်ကယ်မောင်းတာ မင်းထက် တောင် နေးသေးတယ်၊

"အောင်မာ ... မင်းမသိဘဲ လျှောက်ပြောမနေနဲ့၊ ကိုညိုကြီးရဲ့ဆိုင်ကယ် မှောက်တာ ကွမ်းခြံတံတားပေါ်မှာမှ မဟုတ်တာ၊ တံတားကိုဖြတ်ပြီး တခေါ်သာသာလောက်ကျမှ လမ်းချော်ပြီး မှောက်သွားတာ"

ဖိုးသာလွန်းက စကားပြောရာတွင် အားပါပြီး နောက်သို့ တစ်ချက် လှည့်ကြည့်လိုက်မိ၏၊ ထိုစဉ် ဆိုင်ကယ် (Handle) လက်ကိုင်များကို ကိုင်ထားသော လက်မှာ အနည်းငယ် ယိမ်းယိုင်သွားပြီး ကွမ်းခြံတံတားနားအရောက်တွင် လမ်းချော်ကာ တိမ်းမှောက်သွားတော့သည်၊

လမ်းချော်ကာ ဆိုင်ကယ်တိမ်းမှောက်သွားသောအခါ ဆိုင်ကယ်ပေါ်မှ သုံးယောက်လုံး လမ်းတစ်ဖက်သို့ လွင့်စဉ် ထွက်သွားကြသည်၊ ဖိုးချစ်ဇော်က လမ်းဘေးဖွက်တောထဲ ကျသွား၍ ဒဏ်ရာဒဏ်ချက် သိပ်မရ၊ ပြုတ်ကျသည့်အရှိန်နှင့်ခြေထောက်တစ်ဖက်အတော်နာသွား၏၊ ဖိုးသာလွန်းကတော့ လမ်းဘေးဆူးချုံပေါ်ကျသွားသဖြင့် တစ်ကိုယ်လုံး ဆူးရှသည့်ဒဏ်ရာတွေနှင့် သွေးအလိမ်းလိမ်း၊ သို့သော် ညီထွေးလေးခမျာမှာတော့ -

ဖိုးချစ်ဇော်ဖွက်အိုင်ထဲမှာ လူးလဲထလာပြီး ညီထွေးဆီကို ပြေးလာလိုက်သည်၊

— ☠ —

"ညီထွေး ... ညီထွေး"

ညီထွေးနာမည်ကိုတကြော်ကြော်အော်ခေါ်ရင်းဖိုးချစ်ဇော်ခေါင်းနားပန်းများပင် ကြီးသွားမိသည်၊ မှောက်လျက် အနေအထားနှင့်ညီထွေးခမျာ ပါးစပ်ကို ဟကာဟကာနှင့် အသက်ကို ပင်ပန်းကြီးစွာ ရှူရှိုက်နေပုံပေါက်၏၊



www.burmeseclassic.com

www.burmeseclassic.com

"ဘုရားရေ ... ညီထွေး ဒဏ်ရာ ပြင်းထန်သွားပြီ ထင်တယ်၊ ဘုရားကယ်ပါ"

"ဟာ ... ညီထွေး - ညီထွေး"

"ဟိတ်ကောင် အော်ခေါ်မနေနဲ့၊ သွား - ရွာကို မြန်မြန်ပြန်ပြီး ဆေးဆရာသွားခေါ်"

ဖိုးသာလွန်း သတိပေးလိုက်မှ ဖိုးချစ်ဖော် ခြေတစ်ဖက်ထောနင်းထောနင်းနှင့် ရွာဘက်သို့ပြန်ပြေးသွားသည်။ ဆိုင်ကယ်ကလည်း လဲကျသွားသည့်အရှိန်နှင့် သုံးမရတော့။

"ညီထွေး ... ညီထွေး မင်း သတိရှိသေးရဲ့လား၊ ဟိုမှာ ဆေးဆရာ သွားခေါ်နေပြီ အားတင်းထားနော်"

ဖိုးသာလွန်းက သွေးများ တစိမ့်စိမ့် ထွက်ကျဆင်းနေသော ညီထွေး၏ ရင်ဘတ်ဒဏ်ရာနားကို အသာအယာဖိနှိပ်ထားရင်း ပြောလိုက်သည်။ ညီထွေးက ကြားဟန်ဖြင့် မျက်တောင်နှစ်ဖက်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြ၏။

"တောက် ... ဒီတမာခြောင့်ကွာ၊ တကယ့်ချက်ကောင်းကိုမှ လာစူးရသလား"

ဖိုးသာလွန်းရဲ့စိတ်ထဲက နာနာကြည်းကြည်း ညည်းတွားလိုက်မိသည်။ ညီထွေးအရှိန်ဖြင့် လွင့်ကျသွားရာနေရာတွင် တမာငုတ်ခြောင့်တစ်ခု ရှိနေ၍သာ ဤသို့ အဖြစ်ဆိုးခဲ့ရခြင်း ဖြစ်၏။ ညီထွေး၏ ရင်ဘတ်တည့်တည့်တွင် စူးဝင်နေသော တမာငုတ်ကို ကြည့်ရင်း ဖိုးသာလွန်း၏ မျှော်လင့်ချက်တွေ မှေးမှိန်လာမိသည်။

"ဟိုမှာ ... ဟိုမှာ ကျွန်တော့်ကို လာခေါ်နေကြပြီ၊ လာခေါ်နေကြပြီ"

မျက်လုံးကိုမှေးစင်းရင်းအသက်ကိုခက်ခဲစွာ ရှူသွင်းနေရာမှ ရုတ်တရက် မျက်လုံးအစုံ ဖွင့်လာသော ညီထွေးထံမှ စကားသံသဲ့သဲ့ ထွက်ပေါ်လာ၍ ဖိုးသာလွန်း နားစိုက်ထောင်လိုက်ရာ ကြားလိုက်ရသည်များကြောင့် ထိတ်လန့်သွားမိသည်။



ညီထွေး ... ဘာတွေ သွေးရူးသွေးတန်း ပြောနေပါလိမ့်။

"ဟိတ်ကောင်ညီထွေး၊ မင်းဘာတွေပြောနေတာလဲ၊ သတိထားစမ်းကွာ ဆေးဆရာ လာတော့မှာ၊ ပြီးရင် မင်းကောင်းသွားမှာပါ"

ဖိုးသာလွန်း မည်သို့ပြောပြော ညီထွေးကြားဟန်မတူ၊ တစ်ဖက်ကွမ်းခြံဆီတားကို ရီဝေဝေတဲ့မျက်ဝန်းတွေနှင့် ငေးကြည့်ရင်း ပါးစပ်တစ်ချက်ဟကာ ငြိမ်သက်သွားသည်။ ဖိုးသာလွန်းရင်ကွဲလုမတတ် အော်ဟစ်လိုက်သည်။

"ညီထွေး ... ညီထွေး"

— ☠ —

ဩော် ... နောက်ဆုံး၌တော့ မည်သူ့ကိုမျှ အပြစ်မဖို့ဘဲ ညီထွေး၏ ဆိုးသလှသော အတိတ်ကံဟုသာ ဆိုရပေတော့မည်။ ဟုတ်လည်းဟုတ်သည်၊ သုံးဦးလုံး လွင့်စဉ်ကျကာ ထွက်သွားသည်တွင် ညီထွေးတစ်ဦးတည်းသာ ရင်ဘတ်တည့်တည့် နလုံးနေရာသို့ တမာခြောင့်စူးကာ အသက်ဆုံးရှုံးခဲ့ရခြင်း ဖြစ်သည်။

သို့သော်လည်း ကျန်းမာရေး ချူချာသောညီထွေးကို တစ်သက်လုံး အရိပ်တကြည့်ကြည့်နှင့် စောင့်ရှောက်လာခဲ့ရသော မိဘ၊ မောင်ဘွားများ များတော့ ဖြေမဆည်နိုင်အောင် စိတ်ထိခိုက်ရသည်။ ကြေကွဲဝမ်းနည်းရသည်၊ ဩော် ... ညီထွေးဆိုတာကလည်း တစ်အိမ်သားလုံးရဲ့အသည်းဆိုင်လေး မဟုတ်လား။ ယခုများတော့ အားလုံးရဲ့အသည်းဆိုင်လေး ပဲ့ကြွေသွားခဲ့ရပြီ၊ မည်သူမျှ ဖြေမဆည်နိုင်ကြတော့၊

— ☠ —

ကြားလိုက်ရသည့်သတင်းကို တင်အောင်ဦး မည်သို့မျှ မယုံကြည်နိုင်၊ ရွာတောင်ပိုင်းက ယောဂီဒေါ်မြင့်မော်က ညီထွေးကို အိပ်မက်မက်လို့တဲ့ ဆိုတယ့်စိတ်နှင့်ပင် တင်အောင်ဦး ရွာတောင်ပိုင်းက ဒေါ်မြင့်မော်အိမ်သို့ လိုက်လာတော့ အမေတို့အစ်မတို့က ရောက်နှင့်လို့နေပြီ၊ ဒေါ်မြင့်မော်သည်



www.burmeseclassic.com

www.burmeseclassic.com

ညီထွေးတို့မိသားစုနှင့် ဆွေမျိုးရင်းချာပမာ ရင်းနှီးကျွမ်းဝင်ကာ စားအိမ်သောက်အိမ် ဖြစ်ရသည်။

ယခုမှသာ ဒီဠဝေတွေ့မြင်ရခြင်း ဖြစ်သည်။ ဒေါ်မြင့်မော်၏မူလပုံစံက တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း ဖြစ်သော်လည်း ယခုများတော့ ကြမ်းတွင် တင်ပျဉ်ခွေထိုင်ပြီး ထမင်းကို ဇလုံကြီးနှင့်ထည့်ကာ ညီထွေး အလွန်ကြိုက်သော ငါးပိရည်နှင့် ဖန်ခါးသီးတို့စရာ ချဉ်ပေါင်ဟင်းတို့ဖြင့် မြိန်ရေရှက်ရေ စားသောက်လျက်ရှိသည်။

"လာ - လာ အိပ်မက်အကြောင်း ပြောရမယ်။ မောင်တင်မောင်ဦးတို့"

"တင်အောင်ဦး ဝင်သွားတော့ ဝမ်းသာအားရ လှမ်းခေါ်ပြီး ထိုင်ခုံတွင် ထိုင်ခိုင်းသည်။ ဒေါ်မြင့်မော်၏ အမူအရာတို့ကို ကြည့်ရသည်မှာ အမှန်ပင် ညီထွေးနှင့် ဆင်တူနေသည်။

"ဒီလိုကွယ့် ... အဒေါ် လွန်ခဲ့တဲ့ တစ်ပတ်လောက်က မောင်ညီထွေးကို အိပ်မက်မက်တယ်"

"ဟုတ်ကဲ့၊ ပြောပါ ဆရာမကြီး"

"အိမ်မက်ထဲမှာ ညီထွေးကအဒေါ့်ကို ..."

"ဒီလိုကွဲ့... အဒေါ့်အိပ်မက်က...

"ကျွန်တော် အခု ကွမ်းခြံတံတားမှာ နေနေတာ။ ပျော်စရာကြီးဗျာ၊ သူငယ်ချင်းတွေမှ အများကြီးပါ။ အားလုံး ကျွန်တော့်ထက် ငယ်တာချည်းပဲ၊ ကျွန်တော်နဲ့မတိမ်းမယိမ်းက တစ်ယောက်နှစ်ယောက်လောက်တော့ရှိမယ်၊ အားလုံး အော်ကြဟစ်ကြ ပျော်ကြရွှင်ကြ ကစားကြနဲ့ ပျော်စရာကောင်းမှကောင်း။ ဪ ... ကျွန်တော်ကစားနည်းက ဆိုင်ကယ်တစ်စီးလာရင်း ဟေးလို့အော်ပြီးလိုက်ဆွဲကြတာ၊ ကားလာရင်လည်းဒီလိုပဲ၊ တကယ့်ကိုပျော်စရာကြီးပါဗျာ၊ တချို့ကောင်တွေက ပြုတ်ကျခဲ့ပါရော...၊ တချို့ဆိုင်ကယ်တွေကားတွေကျတော့ ကပ်လို့တောင် မရဘူး၊ ဘာဖြစ်လို့လဲ မသိဘူး၊ ပူလိုက်တာဗျာ၊ အဲ့ဒါမျိုးနဲ့ တွေ့ရင်တော့ ကျွန်တော်တို့အားလုံး ကစဉ့်ကလျားနဲ့ ထွက်ပြေးကြရတာပဲ၊ ဒါကလွဲရင် တော်တော် ပျော်ဖို့ကောင်းတာ၊ အခုအဲ့ဒီမှာ သူငယ်ချင်းတွေနဲ့ ပျော်နေတာ တော်တော်ကြာတော့ ဗိုက်ဆာလာလို့ဗျာ" လို့ ညီထွေးက ပြောတယ်"



ဒေါ်မြတော် စကားဆုံးတော့ ကြားလိုက်ရတဲ့ စကားတွေကြောင့် တင်အောင်ဦး အပါအဝင် မိသားစုဝင်အားလုံး ရင်နင့်သွားရသည်။ ဪ ... ပရလောကသားတွေက တကယ်ရှိနေပါလားဟုလည်း တင်ဦး တွေးလိုက်မိသည်။ တွေးနေရုံနှင့် မပြီးသေး၊ ညီထွေး ကျွတ်လွတ်သွားအောင် လုပ်ပေးရဖြစ်မည်။

"ကျွန်တော့်ညီလေးကို ဘယ်လို လုပ်ပေးရင် ကောင်းမလဲဟင်၊ အကြံပြုပါဦး"

"သူ့အတွက် အလှူအတန်းလုပ်မှ သူကျွတ်လွတ်ပြီး ကောင်းရာဘုံဘဝကို ရောက်မှာပေါ့"

"ဒါဆို ... ခု တနင်္ဂနွေနေ့မှာ ဘုန်းတော်ကြီးတွေပင့်ပြီး လှူဖွယ်ဝတ္ထုတွေနဲ့ ဒါနပြုကြရတာပေါ့ဗျာ"

မိသားစုဝင်အားလုံးသည် ညီထွေးကို သနားလွန်းလို့ ငိုလိုက် ယိုလိုက်ကြသည်မှာ ကမ္ဘာပျက်နေသလိုပင်။ ဝိုင်းအုံနားထောင်ကြည့်ရှုနေသော ရွာသူရွာသားအပေါင်းမှာလည်း ညီထွေးကို ကရုဏာသက်၍ စုတ်သတ်သူသတ်၊ ကွမ်းခြံတံတားတွင် ထိုသို့သော မမြင်အပ်သော ပရလောကသားများကို အပြစ်တင်သူတင်နှင့်...၊ ကွမ်းခြံတံတားတွင် ထိုသို့သော မမြင်အပ်သော ပရလောကသားများရှိနေ၍ ဆိုင်ကယ်များ၊ ကားများ တိမ်းမှောက်ခြင်း ဖြစ်ရကြောင်း သတင်းဖြန့်သူကဖြန့်နှင့် ကျက်ကျက်ညံသွားတော့၏။

═ ☠ ═

ဤနေ့သည်ညီထွေး၏တစ်လပြည့်ဆွမ်းသွတ်အလှူဖြစ်သည်၊ ရေစက်ချတ်မှ ရေများ လင်ပန်းအတွင်းသို့ တစက်စက် သွန်းလောင်းကျနေသည်ပုံ

www.burmeseclassic.com

ဒေါ်တင်နွဲ့၏မျက်ဝန်းမှ မျက်ရည်များသည်လည်း ပါးပြင်ပေါ်သို့ တလိမ့်လိ[မ့်]
စီးဆင်းကျနေလေသည်။ ထို့နောက် တသိမ့်သိမ့်ရှိုက်နေလေသည်။

"လွန်ခဲ့သောတစ်လခန့်ကကွယ်လွန်အနိစ္စရောက်သွားသောသားငယ်
ညီထွေးအပါအဝင်ဝေနေယျသတ္တဝါအပေါင်းကို အမျှ – အမျှ – အမျှ ပေးဝေ
ပါတယ်။ သာဓု – သာဓု – သာဓု –"

သာဓုသုံးကြိမ် ခေါ်ဆို၍ အပြီးတွင်တော့ တံခါးမကြီးတွင် တပ်ဆင်
ထားသော လိုက်ကာစသည် လေမတိုက်ပါဘဲ လှုပ်တစ်စုန်ဘေးကအရှိန်နှ[င့်]
ဖြတ်လျှောက်သွားသည့်အလား လေဟာနယ်ထဲတွင် ခဏတာမျှ ဝေ့ဝဲ
လွင့်ပါးသွားသည်ကို ဒေါ်တင်နွဲ့အပါအဝင် အလှူလာသူ ပရိသတ်အပေါင်း
မြင်တွေ့လိုက်လေသည်။ ညီထွေးတစ်ယောက် သူ့အပေါင်းအပါတစ်စုနှ[င့်]
အတူ ကောင်းမြတ်သော ဘဝသစ်တစ်ခုဆီသို့ ကျွတ်လွတ်သွားရှာလေပြီဟု
ယူဆလိုက်ရပါတော့သည်။

(ပဲခူးမြစ်ရွာမှ အစ်မတစ်ဦးပြောပြသောဖြစ်ရပ်မှန်ဇာတ်လမ်းကို ဆီလျော်
သလို ရေးသားလိုက်ပါသည်။)

>> ဂါဦးနွန်းကို

...ဆန်းသော ကျောက်စိမ်းအလေး

နှင့်

ဂမ္ဘီရမျော်ဝင်အိုး

| သိဒ်ရှု |



www.burmeseclassic.com

www.burmeseclassic.com

"လာချို့ .... စာရေးဆရာ - ခင်ဗျားအတွက်ကတော့ ကုန်ကြမ်းပဲဗျ"

ဟု ဆိုကာ ဆီးကြိုလိုက်သဖြင့် ကျွန်ုပ်လည်း အိမ်ပေါ်သို့တက်ကာ အလိုက်သင့် ဝင်ထိုင်လိုက်သည်။

"သူက ...မနှင်းဆီတဲ့ - သူ့ဆီမှာရှိတဲ့ ကျောက်လိပ်ကလေးအကြောင်း ပြောရင်း သူ့ သိချင်တာကလေးတွေလည်း မေးချင်လို့ ကျုပ်ဆီ ရောက်လာတာပဲ"

ဂမ္ဘီရဆရာပွကအမျိုးသမီးနဲ့ ကျွန်ုပ်ကို မိတ်ဆက်ပေးလိုက်ပြီး လိုရင်းကိစ္စကိုပါ အစပျိုးလိုက်လေ၏။

"ဟုတ်ပါတယ်၊ ကျွန်မဆီမှာရှိတဲ့ ကျောက်လိပ်ကလေးအကြောင်း ပြောပြပြီး ကျွန်မသိချင်တာလေးတွေလည်း ရှိလို့ ဆရာ့ဆီကိုလာခဲ့တာပါ"

အမျိုးသမီးက ... ပြောလိုက်လေရာ -

"ခင်ဗျားဆီမှာ ရှိတဲ့ကျောက်လိပ်ဆိုတာက စကျင်ကျောက်ကို ထုဆစ်ထားတဲ့ လိပ်ရုပ်ကလေးလား ဒါမှမဟုတ် အခြားကျောက်တစ်မျိုးမျိုးကိုပဲ ထုဆစ်ထားတဲ့ လိပ်ရုပ်ကလေးလား"

ကျွန်ုပ်က မေးလိုက်လေသည်။

"မဟုတ်ပါဘူးရှင် ... လူကထုလုပ်ထားတဲ့အရုပ်မျိုး မဟုတ်ပါဘူး၊ သဘာဝကျောက်သားကိုက လိပ်ရုပ်ကလေးနဲ့ ထုထားသလို တူနေတဲ့ သဘာဝကျောက်လိပ်ကလေးပါ"

အမျိုးသမီးက ရှင်းပြလိုက်သဖြင့် ကျွန်ုပ်မှာ အလွန်ပင် စိတ်ဝင်စားသွားပြီး -

"ဘယ်ကဘယ်လို ရခဲ့တယ်ဆိုတာ ပြောပြပါလားဗျာ"

ဟု မေးမိသည့်အထိ ဖြစ်သွားပါတော့သည်။ ထိုအခါ အမျိုးသမီးက အောက်ပါအတိုင်း ပြောပြပါတော့သည်။

— ♦ —



# ထူးဆန်းသော ကျောက်လိပ်ကလေးနှင့် ဂမ္ဘီရမှော်ဝင်အိုး

သိခ်ဘူ

**တစ်နေ့**သ၌ ကျွန်ုပ်သည် ပျင်းပျင်းရှိသည်နှင့် အာ
လာပသလ္လာပ စကားစမြည် ပြောဆိုရ
ဂမ္ဘီရဆရာပွ၏အိမ်သို့အလည်သွားရောက်ခဲ့လေ၏
ကျွန်ုပ်နေထိုင်ရာ သာကေတမြို့မှ အမှတ် (၃၅)
ဘတ်စ်ကားကို စီးလာခဲ့ပြီး ပုဇွန်တောင်ဈေးမှတ်
တိုင်တွင်ဆင်းကာ ရေကျော်မြောင်းကြီးလမ်းဘက်
သို့ လျှောက်လာခဲ့ပြီးနောက် ဆရာပွ၏အိမ်ရှေ့
သို့ ရောက်သောအခါ အိမ်ထဲသို့ ဝင်ရန် လှမ်းကြည့်
လိုက်ရာ အိမ်ထဲတွင် အရွယ်ခပ်လတ်လတ် အမျိုး
သမီးတစ်ဦး ရောက်နေသည်ကို တွေ့လိုက်ရသည်။
ခြံပေါက်ဝသို့ရောက်လာသော ကျွန်ုပ်ကို အိမ်ထဲ
ဆရာပွက လှမ်းမြင်လိုက်သဖြင့် -



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုသော နွေရာသီကျောင်းပိတ်ရက်တွင် မနှင်းဆီသည် သမီးကြီး မနှင်းပွင့်၊ သမီးငယ်သဇင်တို့နှင့်အတူ ရပ်ကွက်ထဲမှ ဒေါ်ခင်မြင့်ဦးစီးသော ရွှေစက်တော်ဘုရားဖူးအဖွဲ့နှင့်ဘုရားဖူးရန် လိုက်ပါလာခဲ့လေသည်။ ဖူးဆိုလေအိတ်ကားကြီးနှင့် ရန်ကုန်မြို့မှ ညနေ (၆)နာရီခန့်တွင် စတင်ခရီးနှင်ခဲ့ပြီး နောက်တစ်ညလုံးမောင်းနှင်လာခဲ့ရာ နောက်တစ်နေ့ညနေစောင်းလောက်တွင် မင်းဘူးမြို့သို့ ရောက်လာခဲ့သည်၊ ထိုမှတစ်ဆင့် ရွှေစက်တော်ဘုရားရှိရာတောင်ခြေသို့ဆက်လက် ထွက်ခွာလာခဲ့ကြပြီး တောင်ခြေရှိထမင်းဆိုင်ကလေးများတွင် တည်းခိုအိပ်စက်ခဲ့ကြသည်။ နံနက်စောစောထ၍အထက်စက်တော်ရာရှိရာတောင်ပေါ်သို့တက်ရောက်၍မြတ်စွာဘုရား၏ခြေတော်ရာကို ဖူးမြော်ကြပြန်သည်၊

မနှင်းဆီက သမီးငယ်နှစ်ယောက်၏ လက်ကိုဆွဲကာ တောင်ပေါ်မှဆင်းလာခဲ့ပြီး နောက် ထမင်းဆိုင်တန်းများ လက်ဖက်ရည်ဆိုင်နှင့် အခြားသော လူ့အသုံးအဆောင်ပစ္စည်းကလေးများရောင်းချနေကြသော ဈေးဆိုင်တန်းကလေးများနှင့်ဝေးရာ သဲချောင်းကလေးအတိုင်း လမ်းလျှောက်ထွက်လာခဲ့မိပါတော့သည်၊ မြို့ကြီးပြကြီးနှင့်မတူ တစ်မူ ထူးခြားလှပသောသဘာဝပတ်ဝန်းကျင်ရေမြေတောတောင်တို့၏အမြင်သစ်၊အတွေ့သစ်များကြောင့် စိတ်ထဲမှ ကြည်နူးအေးချမ်းသလို ခံစားရပြီးလျှောက်နေမှန်းမသိလျှောက်လာခဲ့ရာ လူသူကင်းဝေးသည့်တောစပ်ကလေးသို့ပင်ရောက်လာခဲ့ပါ၏၊

"ဟောတော့ ... သည်မှာလည်း ဈေးသည်ရှိသကိုး"


မမျှော်လင့်ဘဲ ဈေးရောင်းနေသော ဈေးသည်တစ်ဦးကို ဘွားခနဲ တွေ့လိုက်ရသဖြင့် ရုတ်တရက် မှင်တက်အံ့အားသင့်သွားမိကာ ပါးစပ်မှလွှတ်ခနဲပြောလိုက်မိသည်၊ သို့သော် သည်နေရာ၌ ဈေးဗန်းကလေးကို ခင်းကျင်းကာ ရောင်းချနေသူမှာ ထိုဈေးသည် တစ်ယောက်ထီးတည်းသာရှိသဖြင့် မနှင်းဆီအဖို့ပိုလို့ အံ့သြနေမိပြန်သည်၊ အရွယ်ကလည်း ခုနစ်ဆယ်ကျော်လောက်ရှိမည် ဖြစ်သောကြောင့် အဖော်မပါတစ်ယောက်တည်း ဈေးလာရောင်းသူအဘွားအရွယ် ဈေးသည်ကြီးကိုကြည့်ကာ မနှင်းဆီစိတ်မကောင်းဖြစ်မိသည်၊ ဗန်းထဲ၌ သနပ်ခါးတုံးများ အညာထွက်ကတ်ကြေး၊ လက်မှုထုတ်ကုန် ဖြစ်သောပုတီးလက်ကောက်စသည့်ပစ္စည်းများပင် ဖြစ်လေ၏၊

"မေမေ ... သမီးကို ဒါဝယ်ပေး"

သမီးငယ်ဖြစ်သူသဇင်ကအဘွား၏ဗန်းထဲတွင်တစ်ခုတည်းသာရှိသော ကျောက်ဖြင့် ပြုလုပ်ထားသော လိပ်ရုပ်ကလေးကို လိုချင်ကြောင်း ပူဆာလိုက်သည်၊

---

အင်္ဂလိပ်တို့မှာ
မြန်မာပြည်မှ ရေကို
ဗသောက်ရဲလောက်အောင်
ကြောက်ရွံ့နေကြရာ
မြန်မာပြည်သို့ ရောက်ရှိနေသော
ဝေလမင်းသားအတွက်
အထူးစီစဉ်ကြရတော့သည်။
ထိုအစီအစဉ်ကား
အင်္ဂလန်ပြည်မှ
ဂမ္ဘီရရေအိုးတစ်လုံး
အမြန်ဆုံးရအောင်
မှာယူခြင်းပင် ဖြစ်တော့သည်။







www.burmeseclassic.com

www.burmeseclassic.com

"အဘွား ... ဒါဘယ်လောက်လဲဟင်"

မနှင်းဆီက လိပ်ကလေး၏တန်ဖိုးကို မေးလိုက်သောအခါ -

"နှစ်ရာ ... သမီး"

ဈေးသည်အဘွားကလိပ်ကလေး၏တန်ဖိုးကိုပြောသည်။ မနှင်းဆီသည် ရုံးတစ်ရုံးမှ ဝန်ထမ်းတစ်ဦး ဖြစ်သည်။ လစာတစ်လ၏ငါးပုံတစ်ပုံခန့်ရှိသော ငွေဖြင့် ကျောက်လိပ်ရုပ်ကလေးကို ဝယ်ဖို့ လက်တွန့်နေမိသည်။ ဒါကို ရိပ်မိဟန်တူသော အဘွားက -

"တန်ဖိုးက အဓိကမဟုတ်ပါဘူးကွယ်၊ သမီးတို့လာမယ်ဆိုတာ အဘွားကသိနေလို့ တမင် ဒီက လာစောင့်နေတာ၊ ဒီလိပ်ကလေးကို သမီးလက်ထဲ ရောက်အောင် ပေးဖို့ပါပဲ၊ ကဲ - ကဲ ပေးချင်သလောက်သာပေး၊ ယူ - သွား ပေတော့"

မနှင်းဆီက ပိုက်ဆံအိတ်ကိုဖွင့်ကာ ငွေနှစ်ဆယ်ကျပ်တန် တစ်ရွက်ကို ထုတ်ကာပေးရှိ်ခဲ့ပြီး လိပ်ရုပ်ကလေးကိုကောက်ယူကာ လာရာလမ်းဘက် သို့ပြန်ထွက်လာခဲ့မိသည်။ လမ်းတစ်လျှောက်၌လည်းအဘွားကိုငွေနှစ်ဆယ် ပေးမိသည်ကို စိတ်မကောင်း ဖြစ်နေမိပြန်သည်။

"တန်ဖိုးနှစ်ရာကို ငါက ဆယ်ပုံတစ်ပုံသာပေးပြီး အဘွားဆီက ပစ္စည်း ကို ယူခဲ့မိတာ ရိုင်းရာကျနေမလား၊ ပစ္စည်းက နှစ်ရာတန်တန် မတန်တန် နှစ်ရာပေးပြီး ယူတော့ကော သက်ကြီးရွယ်အိုကို လှူရာမကျဘူးလား၊ အို - ငါလုပ်တာတွေ မဟုတ်ပါဘူး"

မနှင်းဆီ စိတ်ထဲက တနုံ့နုံ့ ဖြစ်လာပြီး တောတန်းကလေးဘက်ဆီသို့ ပြန်လျှောက်လာခဲ့သည်၊ ဈေးသည်အဘွားနှင့်တွေ့လျှင် ငွေနှစ်ရာပြည့် အောင် ထပ်ပေးမည်ဟုလည်း စိတ်ထဲက ဆုံးဖြတ်လာခဲ့သည်၊ သို့သော် စောစောက အဘွားနှင့် တွေ့သော စမ်းချောင်းကလေးနံဘေးတောစပ်တွင် လူရိပ်လူယောင်ပင် မတွေ့ကရတော့ပေ။ အဘွားဘယ်လမ်းက ပြန်သွား၏ လိမ့်ဟုတွေးကာ မနှင်းဆီတည်းခိုရာနေရာသို့ ပြန်လာခဲ့ပါတော့သည်၊

— ● —



"အင်း ... မနှင်းဆီ လိပ်ရုပ်ကလေးရလာပုံကတော့ အတော့်ကိုထူးဆန်း သလိုဗျ၊ အိမ်ပြန်ရောက်တော့ လိပ်ရုပ်ကလေးကို ဘယ်မှာထားသလဲ ဘာထူးခြားမှုတွေ ရှိသလဲ"

ဂမ္ဘီရဆရာပွကမေးလိုက်သည်။

"အိမ်ရှေ့မှာစင်ကလေးလုပ်ပြီး ထားတယ်၊ ဆရာ - ထူးခြားတာကတော့ ကျွန်မအိမ်မှာ ငွေရေးကြေးရေး အဆင်မပြေဖြစ်တော့မယ်ဆိုရင် အိမ်ရှေ့ ဘက်ကို လှည့်ထားတဲ့ လိပ်ကလေးရဲ့ဦးခေါင်းက အိမ်အတွင်းဘက်ကို လှည့်နေတာ တွေ့ရတယ်"

"မနှင်းဆီရဲ့ .... သားသမီးတွေက လှည့်ထားလို့လားဗျာ"

ကျွန်ုပ်က ဝင်မေးလိုက်သောအခါ -

"မဟုတ်ပါဘူး ... ကျွန်မလည်း အဲဒီလိုထင်လို့မေးကြည့်တော့ သမီးတွေ က သူတို့လုပ်တာ မဟုတ်ဘူးလို့ ပြောပါတယ်၊ အဲ - အိမ်မှာ စီးပွားရေး ပြေလည်ပြီး ငွေဝင်တော့မယ်ဆိုရင် လိပ်ကလေးက ဘုရားကျောင်းဆောင် ရှိရာ ခေါင်းရင်းဘက်ကို လှည့်နေတယ်ပြန်တယ်"

"အင်း ... လိပ်ကလေးမှာ အသက်ရှိတယ်၊ စီးပွားတက်အောင် ဖေးမဖို့ လိပ်ကလေးကို ခင်ဗျားဘာအစာ ကျွေးသလဲ"

ဂမ္ဘီရဆရာပွက မေးလိုက်ပြန်၏။

"ရှင် ... ကျောက်လိပ်ကို အစာကျွေးရမယ် ဟုတ်လား၊ ကျွန်မတော့ တစ်ခါမှ မကျွေးမိဘူး"

"ကျွေးရမှာပေ့ါ၊ သူက အသက်ရှိတာကို လိပ်ကြိုက်တဲ့ကန်စွန်းရွက်တို့ ပေါက်ပေါက်ဆုပ်တို့ ကျွေးပေ့ါ၊ ပြီးတော့ လိပ်ကလေးကိုရေအင်တုံနဲ့ထား အမွှေးနံ့သာများလည်း ရံဖန်ရံခါ ဖျန်းပက်ပေး၊ ဒါဆိုဒီထက် ပိုထူးခြားမှာ ဂမ္ဘီရအစီအရင်တတ်သူတွေကတော့ ဒီလိပ်ကလေး ဘာအစွမ်းရှိတယ် ဆိုတာ ဒီထက်ပိုသိကြလိမ့်မယ်"

ဆရာပွက မနှင်းဆီကို ပြောပြလေ၏၊ ထို့နောက် ကျွန်ုပ်ဘက်သို့လှည့်



www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရပစ္စည်းတွေဟာ သူ့အစွမ်းနဲ့သူရှိကြတယ်ဗျ။ ဥပမာ မိုးကြိုးသွား ဆိုရင် ခန္ဓာကိုယ်ထဲက အဖု၊ အကြိတ်၊ စက်တန့်တွေကို ဖြတ်တောက်နိုင်တယ်။ ကျောက်လက်ဝါးတို့ဆေးစားဆိုဆိုရင်လည်း ကင်ဆာတို့ပယောဂတို့ကို ကုစားနိုင်ပြန်တယ်။ အားလုံးကိုခြုံပြီး ပြောရမယ်ဆိုရင် လာဘ်လာဘရွှင်တဲ့ဂမ္ဘီရပစ္စည်း၊ ကျန်းမာရေးဆေးဝါးကုသနိုင်တဲ့ဂမ္ဘီရပစ္စည်း၊ အမှောင့်ပရောဂနိုင်တဲ့ ဂမ္ဘီရပစ္စည်းဆိုပြီး သူ့နေရာနဲ့သူစွမ်းတဲ့ ပစ္စည်းတွေ ရှိကြတယ်။ ကျုပ်တွေ့ဘူးတဲ့ ဂမ္ဘီရပစ္စည်းတစ်မျိုးကို ခင်ဗျားတို့ ဗဟုသုတရအောင် ပြောပြဦးမယ်"

ဟု ဆိုကာ ဂမ္ဘီရဆရာပွက သူကိုယ်တိုင် တွေ့ခဲ့ဖူးသော ဂမ္ဘီရပစ္စည်းကလေးတစ်မျိုးကို ပြောပြပါတော့သည်။

—●—

ခရစ်သက္ကရာဇ် (၁၈၈၅)ခုနှစ်တွင် မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်သို့ကျရောက်ခဲ့ရလေသည်။ ထိုနှစ်မှလွန်၍ နှစ်ပေါင်းနှစ်ဆယ်ကျော်ခန့်တွင် မြန်မာနိုင်ငံသို့ အင်္ဂလန်နိုင်ငံ၏ ပဋ္ဌမမြောက် ဂျော့ဘုရင်လောင်းလျာ အိမ်ရှေ့မင်းသားဝေလ ရောက်ရှိလာခဲ့လေ၏။ တစ်နည်းအားဖြင့် သူတို့၏လက်အောက်ခံနိုင်ငံဖြစ်သောအိန္ဒိယနှင့်မြန်မာနိုင်ငံသို့တိုင်းခန်းလှည့်လည်လာခြင်းလည်း ဖြစ်ပါ၏။ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများ၏ လှည့်လည်ကြည့်ရှုလေရာ ကြီးကျယ်ခမ်းနားလှသော မြို့ရိုး၊ ကျုံး၊ ပြသာဒ်နှင့် နန်းတော်ကြီးကို တိုက်တိုက်ဆိုင်ဆိုင်ပင် ဝေလမင်းသားမြန်မာပြည်သို့ ရောက်ရှိနေစိုက် မန္တလေးမြို့ကြီး၌ ပုလိပ်ရောဂါကြီး ကျရောက်လာခဲ့သည်။ ထုတ်တန်းပေါ်တွင် ပြေးလွှားနေသော ကြွက်ပြုတ်ကျသည်မှ အစပြု၍ ကြွက်ကျသောအိမ်တွင် လူများ အနာရောဂါဝင်၍ သေကြေ ပျက်စီးကြသည်။ တစ်အိမ်တွင် လူတစ်ယောက် အနာရောဂါဝင်၍ သေကြေ ပျက်စီးကြသည်၊ တစ်အိမ်တွင် လူတစ်ယောက်သေပါက အင်္ဂလိပ်အစိုးရသည် ထိုအိမ်တွင် P-1 ဟူသော အမှတ်အသားပါသည့် ဆိုင်းဘုတ်ကပ်တော့မည်။



အဆိုပါအိမ်မှာ ပုလိပ်ရောဂါဖြင့် လူတစ်ယောက်သေသည့်အိမ် ဖြစ်လေ၏။ လူနှစ်ယောက် သို့မဟုတ် သုံးယောက်သေပါက (P-2) (P-3) အစရှိသဖြင့် ဆိုင်းဘုတ်ကပ်တော့သည်။

မန္တလေးတစ်မြို့လုံးမှာ ပုလိပ်ရောဂါကြောင့် တစပြင်ကဲ့သို့ ချောက်ချားဘာ ကျိုးနှင့်ဖုတ်ဖုတ် ရှိနေလေရာ အချို့မှာ အိုးအိမ်စည်းစိမ်တို့ကို စွန့်ခွာ၍ ပြေးကြလေသည်။ အိမ်ရှေ့တွင် သေသူ၏ အင်္ကျီအဝတ်အစား အသုံးအဆောင်ပစ္စည်းတို့ကို မီးပုံရှို့ထားသဖြင့် မန္တလေးတစ်မြို့လုံးမီးခိုးတလူလူနှင့် မှိုင်းနေပေတော့သည်။ အင်္ဂလိပ်တို့တွင်ရောဂါကာကွယ်ဆေးမရှိသောကြောင့် ပုလိပ်ရောဂါမှာ ကပ်ရောဂါကြီး အသွင်ပြောင်းကာ "ငါဘယ်နေ့ သေနေ့ စေ့လေမလဲ" ဟူသောအတွေးများမှာလူတိုင်း၏ရင်ထဲတွင်စွဲမြဲကိန်းအောင်းနေလေ၏။ အင်္ဂလိပ်တို့မှာ မြန်မာပြည်မှ ရောကိုမသောက်ရဲလောက်အောင် ကြောက်ရွံ့နေကြရာမြန်မာပြည်သို့ရောက်ရှိနေသောဝေလမင်းသားအတွက် အထူးစီမံကြရတော့သည်။ ထိုအစီအမံကား အင်္ဂလန်ပြည်မှ ဂမ္ဘီရရေအိုးတစ်လုံးအမြန်ဆုံးရအောင် မှာယူခြင်းပင်ဖြစ်တော့သည်။

—●—

"အဲဒီအိုးက ကျောက်သားကို ထွင်းထုထားတဲ့အိုးလဲမဟုတ်ဘူး။ စောစောကပြောတဲ့ ကျောက်လိပ်ကလေးလို သဘာဝအလျောက် ဖြစ်လာတဲ့ အိုးလည်း မဟုတ်ဘူး၊ ဒါပေမဲ့ – ကျောက်အိုးကလေးဆိုတာတော့ အသေအချာပဲဗျ"

ဂမ္ဘီရဆရာပွက ပြောလိုက်လေ၏။

"ဒါဖြင့် ဘယ်လိုအိုးလဲဗျ – လူကလုပ်ထားတဲ့အိုးလား"

ကျွန်ုပ်က မနေနိုင်တော့သဖြင့် မေးလိုက်ရာ

"ခင်ဗျားတို့ .... ပန်းပေါင်းစုံဆေးဆိုတာ ကြားဖူးတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ကြားဖူးတာပေါ့ ကဲ့ကော်၊ ပဒုမ္မာကြာအစရှိတဲ့ ဝတ်မှုန်ဝတ်ဆံရှိတဲ့ ပန်းအမျိုးပေါင်းတစ်ရာက ဝတ်ဆံ၊ ဝတ်မှုန်တွေကို စုဆောင်းပေါင်းစပ်ပြီး ဖော်ထားတဲ့ ဖော်ထားတဲ့ ဆေးမဟုတ်လား"

ဆရာပွ၏အမေးကို ကျွန်ုပ်က ပြန်ဖြေလိုက်သည်။

"မှန်ပါ့ဗျာ ... အဲဒီနည်းပဲဗျ ပတ္တမြား၊ ရွှေ၊ ငွေ၊ စိန်ကျောက်အပါအဝင် မောရဂီဝါ၊ ကျောက်ဆပ်ပြာ၊ သလင်းကျောက်၊ နာဂသေ၊ နာဂမှိုင်း၊ ကျောက်မီးဝင် အစရှိတဲ့ ကျောက်အမျိုးပေါင်းတစ်ရာကို အမှုန့်ပြုပြီး ရွှံ့လို ဖြစ်အောင် ကော်တစ်မျိုးနဲ့ ရောစပ်လို့ အိုးပုံသွင်းသလို လက်နဲ့အိုးထိန်းသည်က ကျွမ်းကျင်လိမ္မာစွာ ပြုလုပ်ထားတဲ့ကျောက်အိုးဗျ။ အဲဒီကျောက်အိုးကို သူတို့အင်္ဂလန်က မဲဂျစ် (Magic)ခေါ်တဲ့မှော်ပညာနဲ့မှော်ဆရာတွေက အခ်ဝင် အရင်ပြုလုပ်ပြီး ဂါထာမန္တာန်စုပ်ထားတဲ့ ဂမ္ဘီရကျောက်အိုးကို အင်္ဂလန်ကနေ ဝေလမင်းသားဆီကို ပို့လိုက်တာပဲ"

ဆရာပွက အားရပါးရ ရှင်းပြလေရာ ကျွန်ုပ်က သိချင်သည်ကို ထပ်မေးလိုက်ပြန်သည်။

"အိုးရဲ့ .... အစွမ်းကရောဗျာ"

"အင်း ... အဲဒီအိုးထဲ ထည့်လိုက်တဲ့ရေမှန်သမျှ သန့်ရှင်းသွားသတဲ့ ဥပမာဗျာ အခုကျုပ်တို့ခေတ်မှာ ရေသန့် (pure water)ဖြစ်အောင် စက်တွေနဲ့ ph-7 ခေါ်တဲ့ အဆင့်အထိရောက်အောင် အဆင့်ဆင့်လုပ်ကြရတယ် မဟုတ်လား။ အဲဒီခေတ်က ရေသန့်စက်တွေ မပေါ်သေးဘူးလေ။ ဒါကြောင့် အဲဒီမှော်ဝင်အိုးလေးထဲကို ရေထည့်ပြီး သောက်ကြသတဲ့၊ ဘယ်လောက် စွမ်းသလဲဆိုရင် တွေ့ကရာ မြောင်းထဲကလောက်ထိုးနေတဲ့ ရေပုပ်ရေညှိ တွေကို ခွက်နဲ့ခပ်ပြီး အဲဒီအိုးထဲထည့် ပြီးတော့အပေါ်က အဖုံးဖုံးထားလိုက် ဆယ့်ငါးမိနစ်လောက်ကြာရင် အဲဒီအဖုံးကို ဖွင့်ကြည့် အနယ်အမှုန် အမှိုက် သရိုက်တွေလုံးဝ မတွေ့ရတော့ဘဲ ပကတိ ph- 7 ပဲဗျာ။ အဲဒီလောက် စွမ်းတာ"



ဆရာပွက သူတွေ့ခဲ့ဖူးသော မှော်အိုးကလေးအကြောင်း မြိန်ရေရှက်ရေ ပြောပြသည်။

"အဲဒီအိုးကလေးဟာ ဝေလမင်းသားအင်္ဂလန်ကို ပြန်သွားပြီးတဲ့နောက် မြန်မာပြည်မှာ ဘယ်လိုကျန်နေခဲ့သလဲတော့ မဆိုနိုင်ဘူး။ မြန်မာပြည်က အစ်ယောက်သောသူဆီမှာ ခုထိရှိနေတာ အမှန်ပဲဗျ"

"အင်း ... ဂမ္ဘီရပစ္စည်းတွေဟာ သစ်ဝင်တို့နဂါးမောက်တို့အစရှိတဲ့ သစ်ပင် အစ်နွယ်ပင်တွေ ကျောက်တုံး၊ ကျောက်သားတွေ၊ သတ္တုခဲတွေမှာ ရှိနေကြ ပြီးအသက်လည်းရှိ၊ အစွမ်းလည်း ထက်ကြတယ်၊ မကြုံဘူးတဲ့သူတွေတော့ ယုံမှာ မဟုတ်ဘူးနော်"

ကျွန်ုပ်က ပြောလိုက်သည်။


"ဟုတ်ပ ... ဟုတ်ပ ဆရာကြီးဦးကြင်ဥ ရေးထားတဲ့ကဗျာလင်္ကာထဲက တြေဘူး မြင်ဖူးမှ ယုံစဖွယ် ခရုတွေလာဆန်း၊ ကမ်းကွေ့ပတ်လည်ဆိုသလို ပေါ့ဗျာ၊ လောကမှာမယုံနိုင်စရာတွေကလည်း များလှသကိုး၊ တွေ့ဖူးကြုံဖူးတဲ့ သူတွေကတော့ ဂမ္ဘီရပစ္စည်းတွေလှသကိုး၊ တွေ့ဖူးကြုံဖူးတဲ့လူတွေကတော့ ဂမ္ဘီရပစ္စည်းတွေနောက် ငွေထုပ်ပိုက်ပြီး တကောက်ကောက် လိုက်နေကြလေ ရဲ့ အလိမ်အညာအတုအပတွေနဲ့ ကင်းအောင် သတိကပ်ဖို့တော့လိုသဗျ"

ဆရာပွ၏စကားဆုံးသည်နှင့် ကျွန်ုပ်လည်း ထိုင်ရာမှထကာ ကျွန်ုပ်၏ အိမ်သို့ ပြန်လာခဲ့ပါတော့သတည်း။

>> သိန်းသူ

www.burmeseclassic.com

www.burmeseclassic.com






ဆောင်းလူလ

မနောဝိညာဉ်သုတေသီတစ်ဦးဖြစ်သူ ကျွန်ုပ်ဒေါက်တာစိုးထိုက်သည် ...ာနိုင်ငံအတွင်းရှိ သဘာဝလွန်ဖြစ်ရပ်ဆန်းကြယ်များကို လေ့လာ သုတေ... ပြုလျက်ရှိပေသည်။ အနယ်နယ်အရပ်ရပ်မှ ကျွန်ုပ်အား ဖိတ်ကြား၍ငင်း၊ ...ဆင့်သတင်းကြားဖြင့်ငင်း ကျွန်ုပ်သည် သဘာဝလွန်ဖြစ်ရပ်များကို လေ့... ...ရန် မြန်မာနိုင်ငံအနှံ့သို့ ရောက်ရှိခဲ့ပေ၏။

www.burmeseclassic.com

www.burmeseclassic.com

ယခုဖော်ပြမည့် ဇာတ်လမ်းမှာ မြန်မာနိုင်ငံ၏ အထက်ပိုင်းအရပ်မှ မြို့ကြီးတစ်မြို့တွင် တွေ့ရှိခဲ့ရသည့်ဖြစ်ရပ်ဆန်းကြယ်ပင်ဖြစ်ပါသည်။ ဇာတ်လမ်းတွင်ပါဝင်သော အထောက်အထားပစ္စည်းမှာ ယခုတိုင်မျက်မြင်ထင်ရှားရှိနေသေးခြင်း၊ ထိုပစ္စည်းမည်သည့်နေရာတွင်ရှိကြောင်း ဤစာမူကိုဖတ်၍ သိရှိသွားပါက ပစ္စည်းအတွက် မသမာသူများအန္တရာယ်ကို စိုးရိမ်ရခြင်းတို့ကြောင့် မည်သည့်မြို့ဖြစ်သည်ကို မဖော်ပြတော့ပါ။

နောက်တစ်ကြောင်းမှာလည်း ကျွန်ုပ်သည် ဤပစ္စည်းလေးနှင့် ပတ်သက်၍ဗဟုသုတသဖွယ် မှတ်သားရုံမျှသာ မှတ်သားခဲ့ခြင်းဖြစ်သည်။ လမ်းကြုံ၍ ကြားသိခဲ့ရခြင်းဖြစ်ပြီး ထိုအကြောင်းအရာနှင့် ပတ်သက်၍ လေ့လာသုတေသနပြုခြင်း မပြုလုပ်ခဲ့ရပါ။ သုတေသန ပြုလုပ်ရန်လည်း မလိုအပ်တော့ပါ၍ ဆန်းကြယ်သော ဇာတ်လမ်းဇာတ်ကွက်တစ်ခုကို သိစေလိုသောသဘောဖြင့် တင်ပြခြင်းသာ ဖြစ်ပေသည်။

— ❋ —

ထိုမြို့သို့ ကျွန်ုပ်အားဖိတ်ကြားသူမှာ မြို့မိမြို့ဖတစ်ဦးဖြစ်သည့်ဦးရာမောင်ဆိုသူ ဖြစ်သည်။ ဦးရာမောင်က သူ၏ ဆွေမျိုးသားချင်းထဲမှ မိန်းမပျိုတစ်ဦး၏ ဝိညာဉ်ဆိုင်ရာဆန်းကြယ်သည့်ကိစ္စတစ်ခုကို ကျွန်ုပ်အား ဖိတ်ခေါ်ပြသခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်သည် ဦးရာမောင်ဖိတ်ခေါ်ပြသသည့် ကိစ္စအား လေးရက်တိုင်တိုင် လေ့လာသုတေသနပြုခဲ့ရာ ပြီးဆုံးခဲ့ပေပြီ။

"ဆရာကြီး ... ကျွန်တော်တို့မြို့ကို ရောက်တုန်းရောက်ခိုက် ထူးခြားဆန်းကြယ်တဲ့ပစ္စည်းတစ်ခုကို ပြရဦးမယ်။ မပြန်ခင် လေ့လာသွားပါဦး ဆရာကြီး"

"ဘာများလည်း ... ဦးရာမောင်"

"ဖုတ်သွင်း ... မင်းသမီးလက်တော်ပါ"

"ဗျာ"



"ဖုတ်သွင်းမင်းသမီးလက်တော်က ရာဇဝင်နဲ့ဗျ။ သူယောင်မယ်ဆိုတာ ဆရာကြီးသိမှာပေါ့"

"သူယောင်မယ် - သူယောင်မယ်ဆိုတာ သူယောင်သီးကနေ လူဖြစ်လာတဲ့မိန်းမပဲ။ ဇော်ဂျီတွေက ဆေးတောင်ဝေးနဲ့တို့မှ အသက်ဝင်လာပြီး ဇော်ဂျီနဲ့ ပေါင်းသင်းတယ်ဆိုတာမျိုး ပုံပြင်ထဲမှာပါတာတော့ သိပါတယ် ဦးရာမောင် ဦးရာမောင်က ကျွန်တော့်ကို တကယ့်သူယောင်မယ်ကို ပြမလို့လား"

"တကယ့်သူယောင်မယ်ကတော့ မရှိတော့ဘူး ဆရာကြီး။ ကျွန်တော် ပြမှာက သူယောင်မယ်လို့ ဆိုရမယ့်မိန်းမရဲ့ ညာဘက်လက်ပါ"

"ဗျာ"

"အသေကောင်ရဲ့အကြွင်းအကျန်လက်တစ်ဖက်ဆိုပါတော့"

"စိတ်ဝင်စားစရာ ကောင်းလှချေလားဗျာ ... ဘယ်မှာရှိတာလဲ၊ သူယောင်မယ် ဖြစ်တယ်ဆိုတာကော အထောက်အထားရှိသလား"

"ဆရာကြီးလေ့လာနိုင်အောင်ကျွန်တော်စီစဉ်ထားပြီးပါပြီ။ ပိုင်ရှင်ဖြစ်တဲ့သူတွေက ဒီအကြောင်းကို ဘယ်သူ့မှ မသိစေချင်တော့ဘူး။ ဇာတ်မြှုပ်ထားတာ တော်တော်ကြာပြီ။ ရှေးလူကြီးတွေ သိပေမယ့် နောင်လာနောင်သားတွေက မသိကြတော့ဘူး။ ကျွန်တော်တောင် ပိုင်ရှင်ရဲ့အဆက်အနွယ်က ကျွန်တော့်သူငယ်ချင်းမို့လို့ သိနေတာ။ အခုလည်း ဆရာကြီးကိုပြချင်တယ်ဆိုတာ တော်တော်ပြောယူရတယ်။ ဆရာကြီးလုပ်နေတဲ့လုပ်ငန်းနဲ့ ဆရာကြီးရဲ့ဂုဏ်ပုဒ်တွေကို ပြောပြမှ ခွင့်မပြုချင် ပြုချင်နဲ့ပြုတော့တာ ဆရာကြီး"

"အားနာစရာများ ... ဖြစ်နေမလားဗျာ"

"အို ... အားနာရတာထက် ထူးဆန်းတဲ့အကြောင်းအရာတစ်ခုကို သိရမြင်ရတာက ပိုပြီး တန်ဖိုးရှိပါတယ် ဆရာကြီး။ ကျွန်တော်က ဆရာကြီး မြင်စေချင်လို့ သူငယ်ချင်းအဖေကို ဖွတ်တောင်းဆိုထားတာ"

"ဒီလောက်တောင်ပဲလားဗျာ"

"သူတို့က ခွင့်ပြုတယ်ဆိုတာတောင် တစ်ခုတော့ ကန့်သတ်လိုက်သေးတယ်ဗျ၊ ဖုတ်သွင်းမင်းသမီးလက်ကို ဓာတ်ပုံရိုက်ခွင့် မပြုနိုင်ဘူးတဲ့"

"ဓာတ်ပုံမရိုက်ရတာ ကိစ္စမရှိပါဘူးဗျာ၊ ထူးဆန်းတဲ့အကြောင်းအရာတစ်ခု သိခွင့် ကြုံရရင်ပဲ ကျေနပ်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ဒီနေ့ လပြည့်နေ့ဖြစ်တာ သိပ်ဟန်ကျတာပဲ ဆရာကြီး – နို့မို့ဖြင့် လပြည့်နေ့ရောက်အောင် ဆရာကြီး စောင့်နေရဦးမယ်"

"လပြည့်နေ့နဲ့ သူယောင်မယ်ရဲ့လက်က သက်ဆိုင်လို့လားဗျာ"

"ဟိုရောက်တော့ သိရမှာပေါ့ ဆရာကြီး"

ညနေ ခြောက်နာရီခန့်တွင် ဖုတ်သွင်းမင်းသမီးလက်တော်ရှိသည်ဆိုသည့် ဦးရာမောင်၏ သူငယ်ချင်းအိမ်သို့ ထွက်ခဲ့ကြလေသည်။ အိမ်ချင်းမဝေးလှ၍ ခြေကျင်ပင် လျှောက်ခဲ့ကြသည်။

ဦးရာမောင်အိမ်က ကမ်းနားလမ်းတွင်ရှိရာ ကျွန်ုပ်နှင့်ဦးရာမောင်သည် ရောဝတီမြစ်ကမ်းဘေး ကမ်းနားလမ်းအတိုင်း လျှောက်ခဲ့ကြလေ၏။ ညနေခင်းအချိန် မြစ်ကမ်းနဖူးအတိုင်း လမ်းလျှောက်ရသည်မှာ လေကောင်းလေသန့်ရ၍ အေးအေးလူလူ ရှိလှပေသည်။

ကျွန်ုပ်တို့သည် တောင်ဘက်သို့လျှောက်လာခဲ့ရာ (၂)မိုင်ခန့် လျှောက်မိသည်တွင် ဦးရာမောင်က မြစ်ကမ်းဘေးမှ ခြံကျယ်ကြီးတစ်ခုကို လက်ညှိုးညွှန်ပြလိုက်လေ၏။

"ကျွန်တော်တို့သွားမှာ ... အဲဒီခြံပဲ ဆရာကြီး"

ကျွန်ုပ်က ဦးရာမောင်ညွှန်ပြသော ခြံကျယ်ကြီးကို လှမ်းမျှော်ကြည့်လိုက်ရာ အတော်အတန် ကျယ်ဝန်းပြီး ခြံထဲ၌ အဆောက်အအုံများစွာကို တွေ့မြင်ရလေသည်။ တစ်ခုသော အဆောက်အအုံ၏ မီးခိုးခေါင်းတိုင်မှ မီးခိုးများထွက်နေသည်ကို မြင်ရရာ စက်ရုံတစ်ခုဖြစ်ကြောင်း ခန့်မှန်းမိလေသည်။ ထရပ်ကား အသေးစားသုံးလေးစီးရပ်ထားသည်ကိုလည်း တွေ့ရ၏။

"ဘာစက်ရုံလည်းဗျာ"

"နို့ချက်စက်ရုံပါ ... ဟောဟိုကမြင်ရတဲ့တဲတန်းရှည်က နွားတွေမွေးထားတဲ့ခြံလေ။ နွားကောင်ရေတစ်ထောင်ကျော်ရှိတယ်။ အားလုံးနို့စားချည်းပဲ၊ နို့လုပ်ငန်းကိုအထက်မြန်မာပြည်မှာ သူတို့အတွင်ကျယ်ဆုံး လုပ်နေတာပေါ့"

"ဦးရာမောင် .... သူငယ်ချင်းက တော်တော်ချမ်းသာတာပဲ"

"ချမ်းသာတာတော့ မပြောနဲ့ ... အိမ်ဝင်းထဲမှာတင် သစ်စက်ရှိသေးတယ်၊ ဒီကနေ လှမ်းမမြင်ရလို့ မြို့ထဲက စုပါမားကက်ကလည်း သူတို့ပိုင်တာပဲ"



"ဪ ... ဪ"

"ဒါတွေအားလုံးဟာ ဖုတ်သွင်းမင်းသမီးလက်တော်ရဲ့အကျိုးပေးကြောင့်လို့ သူတို့က ယုံကြည်ကြတယ်ဗျ"

ဖုတ်သွင်းမင်းသမီးလက်က မည်သို့ အကျိုးပေးသည်ကို စိတ်ဝင်စားမိသော်လည်း ခြံနှင့်နီးလာပြီဖြစ်၍ ဆက်မမေးဖြစ်တော့ပေ။

— ✿ —

လူနေအိမ်မှာ စက်ရုံများ၊ အလုပ်ရုံများ၊ အရောင်းခန်းမများ၏ နောက်ဘက် ခပ်ကျကျတွင်ရှိသော ကြီးမားသည့် သုံးထပ်တိုက်ကြီး ဖြစ်လေသည်။

ကျွန်ုပ်တို့ သုံးထပ်တိုက်ရှေ့သို့ အရောက်တွင် ဦးရာမောင်၏သူငယ်ချင်းတကြိုဆိုနေလေ၏။ ဦးရာမောင်က ကျွန်ုပ်နှင့်၎င်း၏သူငယ်ချင်းဦးထွဋ်ခေါင်ကို မိတ်ဆက်ပေးလိုက်သည်။

"အလယ်ထပ်ကို ကြွပါ ဆရာကြီး ... ကျွန်တော့်အဖေနဲ့ တွေ့လိုက်ပါဦးခင်ဗျာ၊ ဖေဖေ စောင့်နေပါတယ်"

ကျွန်ုပ်တို့ အလယ်ထပ်ကို ရောက်သည့်အခါ ဧည့်ခန်း၌ ထိုင်နေသော အတော်အိုမင်းနေသည့် အဘိုးကြီးတစ်ယောက်ကို တွေ့ရလေသည်။

"ဖေဖေ ... ဒါ – ရာမောင့်ရဲ့ဧည့်သည် ဒေါက်တာစိုးထိုက်ဆိုတာပါ။ ဖုတ်သွင်းမင်းသမီးလက်တော်ကိုကြည့်ဖို့ ခွင့်တောင်းထားတဲ့ ဧည့်သည်ပါဖေဖေ"

အဘိုးကြီးမှာ နားလေးဟန် တူပါသည်။ ဦးထွဋ်ခေါင်က စကားခပ်ကျယ်ကျယ် ပြောနေသည်ကို တွေ့ရ၏။

"ကျွန်တော့်အဖေ – ဦးဘုံပျံပါဆရာကြီး .... ဖေဖေက အသက် (၉၈) နှစ်ရှိပါပြီ"

"တွေ့ရတာ ... ဝမ်းသာပါတယ် ဦးကြီးခင်ဗျာ"

ကျွန်ုပ်က ဦးဘုံပျံကို လက်အုပ်ချီကာ နှုတ်ဆက်ဂါရဝ ပြုလိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com

"ဒေါက်တာစိုးထိုက် ... ဆိုတော့ ဆေးဆရာဝန်လား"

"ဟုတ်ပါတယ် ... ခင်ဗျာ"

"ဖုတ်သွင်းမင်းသမီးလက်ကို ကြည့်ချင်တယ်ဆိုတာ တကယ့်လူရဲ့ လက် ဟုတ် - မဟုတ် ဆေးပညာနဲ့စစ်ဆေးချင်လို့လား"

"မဟုတ်ပါဘူး ... အဘရယ် ဆရာကြီးက ဝိဉာဉ်နဲ့ နာနာဘာဝကိစ္စတွေကို သုတေသန လုပ်နေတဲ့ သုတေသီတစ်ယောက်ပါ၊ ဖုတ်သွင်းမင်းသမီးလက်ကို ကျွန်တော်က မြင်စေချင်လို့ ဆရာကြီးကို ခေါ်လာပြီး ပြတာပါ"

ဦးရာမောင်က ဝင်ရှင်းပြလိုက်သည်။

"ဩော် ... ဟုတ်လား - တကယ့်လူသားရဲ့လက် ဟုတ်မဟုတ် စစ်ဆေးမယ်ဆိုရင်တော့စစ်လို့မရနိုင်ဘူးလို့အဘက ပြောမလို့ပါ၊ မျက်မြင်အတိုင်းကတော့ သစ်သားအပိုင်း အစတစ်ခုပဲလေ၊ ရာဇဝင်ကိုသိမှသာ စိတ်ဝင်စားစရာကောင်းမှာကိုး၊ ရာမောင်က ဖုတ်သွင်းမင်းသမီးရာဇဝင်ကို ပြောပြပြီးပလား"

"မပြောရသေးပါဘူးအဘ .... လက်ကိုပြရင်းကမှ ပြောမလို့ပါ"

"အေး ... ကောင်းတယ် - ထွဋ်ခေါင် ယူပြလိုက်ပါကွယ်"

ဦးထွဋ်ခေါင် ပြန်ဝင်လာသည့်အခါ လက်ထဲတွင် ငွေလင်ပန်းလေး တစ်ချပ်နှင့်အတူ လင်ပန်းထဲတွင် ကတ္တီပါအနီစခံ၍ ထည့်ထားသော လက်တစ်ဖက်ကို တွေ့ရလေသည်။

ဦးထွဋ်ခေါင်က ငွေလင်ပန်းလေးကို ဆက်တီစားပွဲပေါ်သို့ ချလိုက်လေ၏။

ကျွန်ုပ်က လင်ပန်းပေါ်မှ လက်ကလေးကို ကြည့်လိုက်ရာ လက်မှာ လက်ကောက်ဝတ် အောက်နားဆီမှ ပြတ်နေသည်ကိုမြင်ရလေ၏၊ လက်၏ သေးသွယ်ညွှတ်ပျောင်းပုံမှာ မိန်းမတစ်ယောက်၏လက်ဖြစ်ကြောင်း သိသာလှပါသည်၊ လက်သီးဆုပ်ထားသည့်သဏ္ဍာန်အတိုင်း တည်ရှိနေပေသည်။

"သဘာဝအတိုင်း ဒီပုံစံ ဖြစ်နေတာလားဗျာ"

ကျွန်ုပ်က စားပွဲဆီသို့ ငုံ့ကိုင်း၍ကြည့်ရင်း မေးလိုက်လေသည်။



"မဟုတ်ပါဘူး ... သစ်သားကိုထုထားတာပါ၊ သစ်သားကိုမိန်းမပုံထုထားရာက အရုပ်ကိုမီးရှို့လို့ ကျန်တဲ့အပိုင်းအစပါ ဆရာကြီး ကိုင်ကြည့်နိုင်ပါတယ် ကိုင်ကြည့်ပါ"

ကိုင်ကြည့်ခွင့်ပြုလိုက်သည့်အတွက် ကျွန်ုပ်က လက်ပြတ်ကလေးကို လင်ပန်းပေါ်မှ အသာမယူလိုက်လေသည်။

"အို ... တော်တော်လက်ရာမြောက်တာပဲ၊ လက်ဆစ်ကလေးတွေ အကြောကလေးတွေကအစ ပါအောင် ထုထားတာပဲနော်၊ လက်သည်းတွေကလည်း တကယ့်လက်သည်းအတိုင်းပါလားဗျာ၊ အရုပ်တစ်ခုလုံးများ ကြည့်ရရင် ဘယ်လောက်လက်ရာမြောက်လိုက်မလဲ၊ အရုပ်က ဘာလို့ မီးလောင်သွားတာလဲ"

"မီးလောင်သွားတာ မဟုတ်ဘူးကွဲ့ ... တမင်ရှို့ပစ်လိုက်တာ၊ အဲ - အရှို့ခံတာ ဆိုပါတော့"

ဦးဘုံပျံက ပက်လက်ကုလားထိုင်တွင် ထိုင်နေရာမှ ကျွန်ုပ်ကို လှမ်းပြောလိုက်သည်။

"ဩော် ... ဒီလိုလား"

"လက်ပြတ်ရဲ့ရာဇဝင်ကို ကြားရရင် မောင်ရင် ရှင်းသွားပါလိမ့်မယ်၊ ထွဋ်ခေါင်က ပြောပြပါလိမ့်မယ်၊ အဘတော့ နားဦးမယ်ကွယ်၊ အသက်ကြီးတော့ ကြာကြာထိုင်လို့ မရဘူး၊ ခါးက နာတယ်ကွဲ့"

"ဟုတ်ကဲ့ ... နားပါအဘ - နားပါ"

"ထွဋ်ခေါင် ... ငါ့ကို အခန်းထဲလိုက်ပို့စမ်း ပြီးရင် ဆရာဝန်ကို ဖုတ်သွင်းမင်းသမီးအကြောင်း ပြည့်စုံအောင် ပြောပြလိုက်"

ဦးထွဋ်ခေါင် အဘိုးကြီးကို အခန်းထဲလိုက်ပို့စဉ် ကျွန်ုပ်က လက်ပြတ်ကလေးကို အပြန်ပြန် အလှန်လှန် ကြည့်နေမိလေသည်၊ လက်ကောက်ဝတ်အရင်းနားဆီမှ ပြတ်နေရာ မီးလောင်ထားသော အစအနများကို မြင်ရလေ၏။

"ဟင် ... လက်ဝါးမှာ လက္ခဏာအရေးအကြောင်းလေးတွေပါ ထည့်ထုထားတာပဲ၊ အသေးစိတ်လိုက်တာ ဦးရာမောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com

"လက်သူကြွယ်ကို သတိထားကြည့်ပါဦး ဆရာကြီး၊ အရင်းနားမှာ နည်းနည်း သိမ်နေတာ သတိထားမိလား"

"အင်း ... ဟုတ်ပါရဲ့"

"အဲဒါ - လက်စွပ်ဝတ်ထားလို့ သိမ်နေတာလေ"

"ဟင် ... အရုပ်ကိုထုတော့ လက်စွပ်ဝတ်တဲ့ ပုံစံထုတာလား။ ဒီလိုဆို လက်စွပ်က ဘယ်ရောက်သွားလဲ၊ လက်ပုံစံချည်းထုပြီးမှ လက်စွပ်တို စွပ် ပေးတာလား။ ဒီလိုဆိုလည်း သစ်သားဆိုတော့ လူ့အသားအရည်လို သိမ် သွားတဲ့ အရာမျိုးမှ မဟုတ်ပဲ"

"သစ်သားပန်းပုရုပ်ဘဝမှာ လက်စွပ်ဝတ်တာ မဟုတ်ပါဘူး ဆရာကြီး၊ အသက်ဝင်လာမှ လက်စွပ်ဝတ်လို့ လက်စွပ်နေရာမှာ သိမ်နေတာပါ"

"ဦးရာမောင်ဆိုလိုတာက သစ်သားပန်းပုရုပ်ဟာအသက်ဝင်လာခဲ့တယ် ဆိုတဲ့ သဘောပေါ့"

ကျွန်ုပ်က အံ့ဩစွာနှင့် မယုံသင်္ကာစွာ မေးလိုက်မိလေသည်။

"ဒါတွေကို ... ကိုထွန်းခေါင် ပြောပြရင် ရှင်းသွားပါလိမ့်မယ်"

ဦးထွန်းခေါင် ပြန်ရောက်လာလေသည်။

ဦးထွန်းခေါင်က ကျွန်ုပ်နှင့်မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင် လိုက်၏။

"ကဲ - ကိုထွန်းခေါင် - ဒေါက်တာစိုးထိုက်ကတော့ ဖုတ်သွင်းမင်းသမီး အကြောင်းကို သိပ်စိတ်ဝင်စားနေပြီ၊ ပြောပြပေတော့"

ဦးထွန်းခေါင် ပြောပြသည့်အကြောင်းများ၌ မည်သည့်ခေတ်ကာလ မည်သည့်မင်းလက်ထက်မင်းနေပြည်တော်တည်နေရာစသည်များတိကျစွာ ပါဝင်ပါသည်၊ သို့ရာတွင် ကာယကံရှင်များမှ ဖုတ်သွင်းမင်းသမီးလက်ထ ဓာတ်ပုံရိုက်ခွင့် မပြုရုံမက လူထုပရိသတ် သိရှိအောင် ကြေငြာခြင်း မပြုရန် ကတိတောင်းခံလိုက်သည့်အတွက် ဇာတ်အသွားအလာလောက်ကိုသာ ပြန်လည် ဖော်ပြလိုက်ပါသည်။

— ❀ —



ထူးဆန်းသော ဖြစ်ရပ်ဖြစ်ပွားရာမြို့မှာ ထိုခေတ်က မြန်မာနိုင်ငံအထက် အညာအရပ်တွင် ထင်ရှားသည့်မြို့တစ်မြို့ ဖြစ်ပါသည်၊ ယခုခေတ်တွင် ထိုမြို့ ကြီးမှာ တိမ်ကောသွားပြီဖြစ်၍ ကျေးရွာအဆင့်သာ တည်ရှိပါတော့သည်။

မြို့ကြီးတွင် နေက်ကျော်ဆိုသူ မင်းမှုထမ်းတစ်ဦးက မြို့စားမင်းအဖြစ် အုပ်ချုပ်နေချိန် ဖြစ်ပေသည်၊ နေက်ကျော်မှာ ရက်စက်ကြမ်းကြုတ်ပြီး မြို့သူ မြို့သားများအား ကြမ်းတမ်းစွာ အုပ်ချုပ်စီရင်တတ်သူဖြစ်ပေသည်၊ မည်မျှပင် ကြမ်းကြုတ်ရက်စက်သူဖြစ်သော်လည်း ရပ်ရွာငြိမ်ဝပ်ပိပြားအောင် အုပ်ချုပ် နိုင်သူဖြစ်၍ဘုရင်မင်းမြတ်ကိုယ်တိုင်ပင်နေက်ကျော်အားဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ကာ မြောက်စားခိုင်းစားခိုင်းစေရခြင်းဖြစ်ဟန်တူပေသည်၊ နေက်ကျော် ကလည်း အခွန်တော်များ တိကျစွာ ကောက်ခံပေးခြင်း၊ ပုန်ကန်ထကြွသူ များကို ရက်စက်စွာ နှိမ်နင်းပေးခြင်းအပြင် ဘုရင်မင်းမြတ်အတွက် လက် ဆောင်ပဏ္ဏာများ ဆက်သကာဖြင့် မင်းအလိုကျ ဆောင်ရွက်ပေးလျက်ရှိရာ သူ့မြို့သူ့ရွာ၌ နေက်ကျော်သည် ဘုရင်တစ်ဆူသဖွယ် မင်းမှုလျက် ရှိလေ သည်။

မြို့နှင့်ခရီးနစ်တိုင်ခန့်ဝေးသောအရပ်၌ ရွာငယ်တစ်ခု ရှိပေသည်၊ ရွာတလေးမှာ အိမ်ခြေငါးဆယ်ခန့်သာရှိပြီး လယ်ယာကိုင်းကျွန်းလုပ်ငန်းဖြင့် အသက်မွေးသူများ နေထိုင်ကြပေသည်။

ထိုရွာမှဦးဒိဗ္ဗဆိုသူလူတစ်ဦးရှိလေသည်၊ဦးဒိဗ္ဗသည်လက်ယာလုပ်ငန်း ကိုမလုပ်ကိုင်ပဲ ထူးခြားစွာပင် ပန်းပုလုပ်ငန်းဖြင့် အသက်မွေးလျက် ရှိပေ၏၊ မျိုးရိုးစဉ်ဆက် ပန်းပုပညာရှင်များဖြစ်ရာ အဘိုးအဖေတို့၏ ပညာများကို ကောင်းမွန်စွာ သင်ယူနိုင်ခဲ့သူ ဖြစ်ပေ၏၊ ဦးဒိဗ္ဗ၏ပန်းပုလက်ရာများမှာ ကောင်းလွန်းလှ၍မြို့အရပ်မှပင် မှာယူခြင်း၊ အလုပ်အပ်ခြင်းများပြုလုပ်ရလေ သည်၊ဦးဒိဗ္ဗကလည်း သူထုလုပ်ထားသော ပန်းပုရုပ်များကို တစ်လတစ်ကြိမ် မြို့ပေါ်သို့ သွားပို့လေ့ရှိလေသည်။

ဦးဒိဗ္ဗသည် သူ၏ ပန်းပုပညာဖြင့် မြို့ ပြတွင် အခြေတကျ နေထိုင်နိုင် သော်လည်း တောရွာဇနပုဒ်ခွာလို့မဖြစ်သည့်အကြောင်းတစ်ရပ် ရှိပေသည်၊ ဦးဒိဗ္ဗ၏ ဇနီးဖြစ်သူမှာ ရပ်ရွာမှ စုန်းအဖြစ် စွပ်စွဲခံထားရသော မိန်းမကြီး တစ်ယောက် ဖြစ်လေသည်၊ လွန်ခဲ့သော နှစ်ပေါင်းများစွာက ရပ်ရွာထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

ကပ်ရောဂါသင့်၍လူအများအပြား သေလွန်ခဲ့ရာ ရေးကျသော တောအရပ်၏ ထုံးစံအတိုင်း ဦးဒိဗ္ဗ၏ဇနီးက ပြုစားသည်ဆိုကာ စုန်းဟု ယိုးစွပ်ကြလေတော့သည်။

ဦးဒိဗ္ဗ၏ဇနီး ဒေါ်အိုဇာမှာလည်း မဟုတ်မခံ ဆတ်ဆတ်ကြဲဖြစ်ပေရာ သူ့အပေါ် အထင်မှား အမြင်မှားရှိသည်များကို မဖြေရှင်းဘဲ ငါဟာ စုန်းပဲ၊ ဘာဖြစ်သေးလည်းဟု အရွဲ့တိုက်ကာ ပြောဆိုခဲ့ပေသည်။ ဒေါ်အိုဇာတကယ် စုန်းဟုတ်၊ မဟုတ်ကို မည်သူမျှ မသိကြပေ။ မရှိစိုးနိုး၊ မလှစုန်းရိုးဆိုသည့်စကားအတိုင်း မရှိလည်းမရှိ၊ မလှလည်း မလှရှာသော ဒေါ်အိုဇာသည် ရပ်ရွာ၏ တစ်ဖက်သတ်စွပ်စွဲခြင်းကို ခံခဲ့ရသည်။ ပြန်၍လည်း မဖြေရှင်းခဲ့ပေ။

နောက်ဆုံး ဒေါ်အိုဇာတို့လင်မယားအား ရွာထဲတွင် မထားတော့ဘဲ ရွာအပြင်သို့ နှင်ထုတ်လိုက်ကြလေတော့သည်။ စုန်းများကို ရွာထဲ အဝင်မခံဘဲ ရွာပြင်တွင်သာ နေခွင့်ပေးသည့် ထုံးစံမှာ ထိုခေတ်အခါက စခဲ့သော ထုံးစံတစ်ခု ဖြစ်ပေသည်။

ဤဇာတ်လမ်းဖြစ်ပေါ်ချိန်၌ အသက်ကြီးလှပြီဖြစ်သော ဒေါ်အိုဇာကြီးသည် မျက်စိကွယ်လျက် ရှိလေပြီ။

ဦးဒိဗ္ဗမှာမူ ပန်းပုပညာတွင် အောင်မြင်ပေါက်မြောက်ပြီး မြို့ပြ၌ သွားရောက် စီးပွား ရှာနိုင်ပါလျက် မျက်မမြင် ဇနီးကိုငဲ့ကာ တောအရပ်၌ပင် နေထိုင်ခဲ့ခြင်း ဖြစ်ပေ၏။

ရွာရှိလူများသည် လယ်ယာလုပ်ငန်းခွင်သို့ ဝင်သည့်အခါ ရွာပြင်ဘက်တွင် နေထိုင်သည့် ဦးဒိဗ္ဗနှင့်ဒေါ်အိုဇာတို့လင်မယားတဲရှေ့မှ ဖြတ်သွားရခြင်း ဖြစ်လေသည်။ ထိုအခါ တဲရှေ့တွင် ဦးဒိဗ္ဗပန်းထုထုပ်နေသည့်မြင်ကွင်းကိုငင်း ဦးဒိဗ္ဗထုလုပ်ပြီးသည့်ပန်းပုရုပ်များ ချထားသည်ကိုငင်း မြင်တွေ့နေတတ်ပေ၏။ ဒေါ်အိုဇာကြီးသည်လည်း ခင်ပွန်းဖြစ်သူ အလုပ်လုပ်သည့်အနီးတွင် တောင်ဝှေးကြီး ထောက်လျက် ထိုင်နေတတ်လေသည်။

ဦးဒိဗ္ဗ၏ ပန်းပုလက်ရာများမှာ လှပ၍ အသက်ဝင်နေတတ်ရာ မနေနိုင်သူအချို့က ပန်းပုလက်ရာများကို အနီးကပ် လာရောက်ကြည့်ရှုကြလေသည်။ ဦးဒိဗ္ဗ၏လက်ရာများမှာ မချီးမွမ်းပဲ မနေနိုင်လောက်အောင်ပင် ကောင်းမွန် သေသပ်၍ အသက်ဝင်လှပေ၏။



တစ်နေ့သ၌ မြို့စားမင်းငနက်ကျော်၏ မင်းမှုထမ်းများ ဦးဒိဗ္ဗ၏တဲသို့ ရောက်လာကြလေသည်။ လာကြသည့်အကြောင်းရင်းမှာ ဦးဒိဗ္ဗအား ပန်းပုရုပ်တစ်ခု အပ်နှံရန် ဖြစ်ပေ၏။ မြို့စားမင်း ငနက်ကျော်ကိုယ်တိုင်က ဦးဒိဗ္ဗ၏ ပန်းပုလက်ရာများ ကောင်းမွန်ကြောင်း သတင်းကိုကြားသိရကာ ဦးဒိဗ္ဗဆီသို့ အလုပ်အပ်ရန် စေလွှတ်လိုက်ခြင်း ဖြစ်လေသည်။

မင်းမှုထမ်းများသည် အသင့်ခုတ်ယူလာပြီးဖြစ်သော သစ်သားတုံးကြီးကိုလည်းဖြင့် တင်ဆောင်လာကာ ဦးဒိဗ္ဗအား ပန်းပုရုပ်ထုပေးရန် အပ်နှံလေသည်။

"မောင်မင်းရဲ့ ပန်းပုလက်ရာများကို မြို့စားမင်းကိုယ်တိုင် နှစ်သက်လို့ ဤသစ်တုံးအား ပန်းပုရုပ်ထုလုပ်ရန် စေလွှတ်လိုက်ခြင်း ဖြစ်ပေတယ်။ မောင်မင်းရဲ့လက်ရာ ပန်းပုရုပ်များဖြင့် မြို့စားမင်း၏နေအိမ်၌ အလှအပ ဆင်ယင်ထားပြီးလည်းဖြစ်တယ်။ အခုဆောင်ယူလာတဲ့ သစ်တုံးကိုမိန်းမလှရုပ်တစ်ခုထုလုပ်ပေးဖို့ မြို့စားမင်းက အမိန့်တော်ချမှတ်လိုက်တယ် မောင်မင်း။ မိန်းမလှရုပ်ကို ဘုရင်မင်းတရားကြီးအား လက်ဆောင်ပဏ္ဏာအဖြစ် အပ်နှင်းဖို့ ရည်ရွယ်ထားတယ် မောင်မင်း၊ သည်တော့ကာ မြို့စားမင်းသာမက ဘုရင်မင်းမြတ် နှစ်သက်တော်မူရန်ပါ ကြိုးစားထုလုပ်ပေတော့"

မင်းမှုထမ်းများက လက်ခအဖြစ် ရွှေဒင်္ဂါးအနည်းငယ်ကြိုတင်ပေးခဲ့ကာ ဦးဒိဗ္ဗအား ပန်းပုရုပ်ထုပေးရန် အပ်နှံလေသည်။

မင်းမှုထမ်းများက လက်ခအဖြစ် ရွှေဒင်္ဂါးအနည်းငယ်ကြိုတင်ပေးခဲ့ကာ ဦးဒိဗ္ဗအား မိန်းမလှရုပ်ထုလုပ်ရန် အပ်နှံခဲ့ပေသည်။

ထိုနေ့နောက်ပိုင်းမှစ၍ ဦးဒိဗ္ဗတစ်ယောက် မြို့စားမင်းအပ်နှံလိုက်သည့် သစ်သားတုံးအား မိန်းမလှရုပ်ဖြစ်အောင် ထုလုပ်နေသော မြင်ကွင်းကို ရွာသူ၊ရွာသားများ မြင်တွေ့နေရတော့သည်။

သစ်သားတုံးမှာ လူတစ်ရပ်စာရှိ၍ လုံးပတ်မှာလည်း လူကြီးတစ်ဖက်စာမျှ ကျယ်လေရာ ပကတိလူအရွယ်အစားရှိသည့် မိန်းမရုပ်ကို ထုလုပ်ရန် လုံလောက်နေပေသည်။ ဦးဒိဗ္ဗက သူတတ်ကျွမ်းသောပညာဖြင့် ပန်းပုရုပ်အား အကြမ်းထည် ထုလုပ်လိုက်လေ၏။ တစ်ပတ်မျှကြာချိန်တွင် မိန်းမ

www.burmeseclassic.com

တစ်ယောက်၏ ကိုယ်ဟန်အနေအထားကို ခန့်မှန်းနိုင်သော အကြမ်းထည် ပြီးစီးသွားလေသည်။

မိန်းကလေးတစ်ယောက်သည် ညာဘက်လက်ကို ခွေ၍ ရပ်နေကာ ဘယ်ဘက်ဘက်ကို ရင်ပတ်ပေါ်သို့ တင်ထားလေသည်။ ညာဘက်လက်ဖြင့် ပခုံးမှ ကျလာသောပုဝါကို မခိုတရို့ကိုင်ထားဟန်မှာ အကြမ်းထည်ပန်းပုရုပ်ကို ကြည့်ခြင်းဖြင့် ပုံပေါ်နေလေ၏။

ထို့နောက် ဦးဒိဗ္ဗသည် အရုပ်ကိုအထက်ပိုင်းမှစ၍အသေးစိတ် ချယ်မှုန်းလေတော့သည်။ ဦးခေါင်းပိုင်းအား အသေးစိတ်စတင်ထုလုပ်ရာ တစ်ပတ်ခန့်အကြာတွင် နတ်တမျှလှပသော မိန်းကလေးတစ်ယောက်၏ဦးခေါင်းပိုင်းမှာ ရုပ်လုံးပေါ်လာလေတော့၏။

ဦးဒိဗ္ဗတို့အိမ်ရှေ့မှ ဖြတ်သွားသူများသည် မိန်းမငယ်၏မျက်နှာအလှကို နှစ်ခါပြန် မကြည့်ဘဲ မနေနိုင်။ ဒေါ်အိုစာကို စုန်းအဖြစ် ကြောက်ရွံ့၍ အဝင်အထွက်မပြုရဲသူများပင် ကြောက်သည်ကို အသာထား၍ အိမ်ဝင်းထဲဝင်လာကာ ငေးမောကြည့်ရှုကြလေသည်။ ချီးမွမ်းကြလေသည်။

ခင်ပွန်းသည်အား ချီးမွမ်းသံများကို ကြားနေရသည့်ဒေါ်အိုဇာသည် တပြုံးပြုံးဖြင့် ကျေနပ်နေရှာလေ၏။

နောက်တစ်ပတ်ခန့်ကြာသည့်အခါ ခန္ဓာကိုယ်အထက်ပိုင်းကို ခြယ်မှုန်းပြီးစီးသွားပြန်လေသည်။ ဦးဒိဗ္ဗသည် မိန်းမလှရုပ်ကို စတင်ထုလုပ်သည့်နေ့မှစ၍ အခြားအရုပ်များကို မကိုင်တော့ဘဲ မိန်းမလှရုပ်ကိုသာ တစ်နေ့လုံး ထုလုပ်နေတော့သည်။ လသာသောညများဆိုလျှင် ညအချိန်ကိုပါ အအား မထားပဲ ပန်းပုထုခြင်းဖြင့်သာ အချိန်ကုန်လွန်ခဲ့လေ၏။

တစ်စတစ်စနှင့် ရုပ်လုံးပေါ်လာသော မိန်းမလှရုပ်မှာ မိန်းမဖြတ်တို့ ကြန်အင်လက္ခဏာနှင့် ပြည့်စုံရုံမက လှပချောမောကာ နန်းဆန်သော မြို့ကြီးသူတစ်ယောက်ဟန်ပန်ဖြင့် မြင်သူတကာကို အံ့ဩမှင်တက်စေလေတော့သည်။

ဦးဒိဗ္ဗကိုယ်တိုင်လည်း မိမိထုလုပ်သည့် မိန်းမရုပ်၏ လှပချောမွေ့မှုကို ကြည့်ကာ မိန်းမလှရုပ်အား သမီးလေးတစ်ယောက်ကဲ့သို့ ချစ်ခင်မြတ်နိုးစိတ်များ တဖွားဖွား ပေါ်ပေါက်လာရလေတော့၏။



'သူယောင်မယ် –
သူယောင်မယ်ဆိုတာ
သူယောင်သီးကနေ
လူဖြစ်လာတဲ့ မိန်းမပဲ။
ဇော်ဂျီတွေက
ဆေးတောင်ဝှေးနဲ့တို့မှ
အသက်ဝင်လာပြီး
ဇော်ဂျီနဲ့ ပေါင်းသင်းတယ်ဆိုတာမျိုး –
ပုံပြင်ထဲမှာပါတာတော့ သိပါတယ် ဦးရာဇောင်။
ဦးရာဇောင်က ကျွန်တော့်ကို
ထကာယ့်သူယောင်မယ်ကို ပြမလို့လား'



မနက်ခင်းများတွင် အိမ်ရှေ့မှ ဖြတ်သွားသူများသည် အိမ်ဝင်းထဲသို့ ဝင်လာကာ မိန်းမလှရုပ်ကို ကြည့်ရှုလေသည်။

"လှပါဘိ ... ချောပါဘိတော့ – အသက်များရှိရင် လူလို့တောင် ထင်စရာ ရှိ၊ နတ်သမီးတစ်ပါးလို့ ထင်မိရမှာပဲကွယ်ရို့"

"ဟုတ်ပါရဲ့...ဒီအရုပ်မလေးကိုအသက်ရှင်ရက်နဲ့ လူလို့တောင်ထင်စရာ ရှိ၊ နတ်သမီးတစ်ပါးလို့ ထင်မိမှာပဲကွယ်ရို့"

"ဟုတ်ပါရဲ့...ဒီအရုပ်မလေးကိုအသက်ရှင်ရက်နဲ့မြင်ချင်စမ်းပါဘိတော့ တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဦးဒိဗ္ဗရယ် - အရုပ်အပေါ်မှာ မေတ္တာယှိဖိတ်ပြီး ထုလုပ်လို့ ဒါလောက် လှနေတာများလားဗျာ"

အများသူငါ ချီးမွမ်းပြောဆိုသည့် စကားများကို ကြားနေရသည့် ဒေါ်အိုဇာသည် -

"ငါ့ယောက်ျားထုထားတဲ့ အရုပ်ကလေးဟာ အဲ့သလောက်တောင် လှသလားဟဲ့ မြင်ချင်စမ်းပါဘိတော့တယ်"

"သိပ်လှတာပဲရီးအိုဇာ - ရီးအိုဇာမြင်ရရင်တော့ ငါ့သမီးလေးသာ ဖြစ်လိုက်ပါတော့လို့ တွေးမိမှာပဲဗျို့"

"ငါကလည်း သမီးချောသမီးလှလေးတစ်ယောက် လိုချင်နေတာ ကြာပါပြီကွယ်၊ ဒီ မိန်းမလှရုပ်လေးသာ အသက်ဝင်လာရင် ဘယ်လောက် ကောင်းလိုက်မလဲဟေ့"

"အသက်ဝင်လာအောင် ရီးအိုဇာက လုပ်လိုက်ပေါ့"

"ဘာဟဲ့ ... ငါက အရုပ်ကို အသက်ဝင်အောင် လုပ်ရမယ် ဟုတ်လား"

"ရီးဇာအိုရဲ့ပညာနဲ့ အသက်ဝင်အောင်လုပ်ပြီး အရုပ်မလေးကို သမီး အဖြစ် မွေးစားလိုက်ပေါ့ရီးအိုဇာ"

ထိုအခါ စုန်းမဟု စွပ်စွဲခံထားရသော မျက်မမြင်မိန်းမအိုကြီးက ကျယ်လောင်စွာ အော်ဟစ်ရယ်မောလိုက်လေတော့သည်။

"ကောင်းတယ်ဟေ့... ကောင်းတယ် - အရုပ်မလေးအသက်ဝင်လာရင် သိပ်ကောင်းမှာပဲ။ ငါသမီးတစ်ယောက်ရတာပေါ့ ဟား - ဟား"

— ✿ —

ဦးဒိဗ္ဗထုလုပ်သည့်မိန်းမလှရုပ်၏သတင်းကိုကြားသိသောမင်းချင်းများ သည် အရုပ်ကို ဆောင်ယူရန်အတွက် ရွာသို့ ရောက်လာကြလေသည်။

မင်းချင်းများအား ဦးဒိဗ္ဗ၏အိမ်ဝင်းထဲတွင် မတ်တတ်ရပ်နေသော မိန်းမ လှရုပ်ကလေးက ဆီးကြိုနေလေသည်။

"အို...လှပါဘိ၊ချောပါဘိ၊ကျက်သရေရှိပါဘိ၊အရုပ်သာဆိုတယ်၊လူ့မက နတ်တမျှ လှပါကလားကွယ်ရို - သဟာဖြင့် မောင်မင်းကို ဆုတော်လာဘ် တော်များ မြို့စားမင်းက ချီးမြှင့်မှာ မြင်ယောင်သေးတယ်မောင်မင်း"



မင်းချင်းများက ပန်းပုရုပ်ကိုကြည့်ရင်း ချီးမွမ်းခန်းဖွင့်လိုက်လေသည်။

"ဟုတ်ပါဘိ အရုပ်ဖြစ်တာတောင် တောရွာနေပုဒ်နဲ့မတန် နန်းဆန်လှပါဘိ၊ မြို့စားမင်းစိတ်ကြိုက်တွေ့ဦးမှာပ"

"မိန်းမလှပန်းပုရုပ်ကို ငါတို့ဆောင်ယူသွားတော့မယ်မောင်မင်း"

"သည်းခံပါမင်းချင်းတို့ ပန်းပုရုပ်ဟာ မပြီးဆုံးသေးပါ၊ လက်စမသတ် သေးပါ၊ အလုံးစုံပြီးမြောက်အောင် ကျွန်တော်မျိုး ထုလုပ်ပါရစေဦး"

"အို... ဒါလောက်တောင် လှပနေတဲ့ပန်းပုရုပ်ကို မပြီးစီးသေးဘူးလို့ မောင်မင်းဆိုချင်သလား"

"မှန်လှပါ ... ဒီ့ထက်ပြီးပြည့်စုံအောင် မွမ်းမံပြင်ဆင်ပါရစေဦး၊ မြို့စားမင်း သံ မျက်နှာပန်းလှလှအပ်နှံချင်လို့ပါ"

စစ်စစ် ဦးဒိဗ္ဗသည်ပန်းပုရုပ်အားပေးလိုက်ရမည်ကိုနှမြောလွန်းလှသော ကြောင့် ဥပါယ်တံမျဉ်ဖြင့် ဆင်ခြေပေးလိုက်ခြင်း ဖြစ်လေသည်၊ သူသည် ပန်းပုရုပ် မိန်းကလေးကို မစွန့်လွှတ်နိုင်အောင်ပင် ချစ်ခင်လျက်ရှိလေပြီ၊

မင်းချင်းများကမူဦးဒိဗ္ဗ၏စကားကိုယုံကြည်ကာပြန်သွားကြလေတော့၏။

နောက်တစ်နေ့မနက်တွင် ဦးဒိဗ္ဗထုလုပ်ထားသော မိန်းမလှပန်းပုရုပ် ပျောက်ဆုံးသွားသောသတင်းမှာ ရွာအတွင်းသို့ ပျံ့နှံ့သွားလေတော့၏။

ဦးဒိဗ္ဗသည်ကြီးမားသောပန်းပုရုပ်များကိုငုံးတို့တဲကလေးအတွင်းသို့ သွင်းဘဲ အိမ်ခြံဝင်းထဲ၌ပင် ထားလေသည်။ ဦးဒိဗ္ဗ၏ပန်းပုရုပ်များ အိမ် အပြင်ဘက်တွင် သည်အတိုင်းထားသော်လည်း ပျောက်ဆုံးသွားသည်ဟု မရှိခဲ့ဘူးပေ။

မိန်းမလှရုပ်ကိုလည်း ဦးဒိဗ္ဗအိမ်ရှေ့မှ ဖြတ်သွားသူတိုင်းက မြင်နေရမြဲ ဖြစ်လေ၏၊ မိန်းမလှလေးသည် လမ်းသွားလမ်းလာများကို နှုတ်ခွန်းဆက်သ နေသည့်သဖွယ် နေ့စဉ်မြင်တွေ့နေရခြင်း ဖြစ်သည်။

ယနေ့မနက်တွင်လယ်တောသို့အဦးဆုံးထွက်ခွာလာသူလူတစ်စုသည် မြင်နေကျ ပန်းပုရုပ်ကို မမြင်တွေ့သည့်အခါ ဦးဒိဗ္ဗ၏တဲသို့ ဝင်၍ မေးမြန်းကြ လေသည်။

ထိုအခါမှ ဦးဒိဗ္ဗကိုယ်တိုင်လည်း ပန်းပုရုပ်ပျောက်ဆုံးနေကြောင်း သိရှိ လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"လူဆိုးသူခိုးတွေ ခိုးဝှက်ယူငင်သွားပြီ ထင်ပါရဲ့ကွယ်"

တစ်ရွာလုံးမှ ပန်းပုရုပ် ပျောက်ဆုံးမှုအတွက် ဝမ်းပမ်းတနည်း ခံစားကြရလေသည်။

"ဦးဒိဗ္ဗ မင်းပြစ်မင်းဒဏ်သင့်နေပါဦးမယ်ဗျာ"

"မတတ်နိုင်ဘူး… ပျောက်ဆုံးသွားတဲ့အကြောင်း မြို့စားမင်းကို သံတော်ဦးတင်ရတော့မှာပဲ"

ဦးဒိဗ္ဗသည် ထိုနေ့မှာပင် မြို့သို့သွားကာ အဖြစ်အပျက်ကို မြို့စားမင်းအား တင်လျှောက်လိုက်လေတော့၏။

မိန်းမလှပန်းပုရုပ်ကို အမှန်တကယ်ပင် ပျောက်ဆုံးသွားသည်ဟု ရွာသူရွာသားများက အစပိုင်းတွင် ယုံကြည်ကြလေ၏။

သို့သော် တစ်ပတ်ခန့်ကြာသည့်အခါ ဦးဒိဗ္ဗအိမ်မှ အပြောင်းအလဲများကို မြင်တွေ့ရသော ရွာသားများအဖို့ သံသယဖြစ်ဖွယ်များ တွေ့လာရတော့သည်။

ထိုလ၏လပြည့်ညတွင် ဦးဒိဗ္ဗ၏အိမ်ဝိုင်းထဲ၌ ဦးဒိဗ္ဗ၊ ဒေါ်အိုဇာတို့နှင့်အတူ မိန်းကလေးတစ်ဦး အိမ်ရှေ့ကွပ်ပစ်ပေါ်၌ ထိုင်နေသည့် မြင်ကွင်းကိုလည်း ကောင်း မြင်တွေ့ရလေသည်။ ဦးဒိဗ္ဗ၊ ဒေါ်အိုဇာနှင့်မိန်းကလေးတို့သည် ချစ်ခင်ရင်းနှီးစွာ ရှိနေကြပေသည်။

နေ့ပိုင်းတွင်မူ မည်သည့်ထူးခြားမှုမရှိဘဲ အခြားသောပန်းပုရုပ်အငယ်စားများကို ထုလုပ်နေသည့် ဦးဒိဗ္ဗနှင့်ဘေးမှ ထိုင်နေသော ဒေါ်အိုဇာတို့ကိုသာ မြင်ကြရလေသည်။

မသင်္ကာသောရွာသားများက ညအချိန်တွင် ဦးဒိဗ္ဗအိမ်အနီးမှ ချောင်းမြောင်း ကြည့်ရှုကြရာ ညစဉ်ပင် ဦးဒိဗ္ဗတို့လင်မယားနှင့်မိန်းကလေးတစ်ဦးတို့ ချစ်ချစ်ခင်ခင် ရှိနေသည့်မြင်ကွင်းကို တွေ့မြင်ကြရလေတော့သည်။ ထိုမိန်းကလေးသည် ဦးဒိဗ္ဗနှင့်ဒေါ်အိုဇာကို မိဘသဖွယ် ပြုစုပေးနေသည့် မြင်ကွင်းကိုလည်း တွေ့မြင်ရလေသည်။

ရဲတင်းသော ကာလသားများက အိမ်အနီးအထိ ချဉ်းကပ်၍ ချောင်းမြောင်းကြည့်ရှုကြရာ မိန်းကလေးမှာ ပန်းပုရုပ်နှင့် ချွတ်စွပ်တူညီသော မိန်းကလေးတစ်ယောက် ဖြစ်နေသည်ကို တွေ့ကြရလေတော့သည်။



"သည်အတိုင်းဖြင့် ဦးဒိဗ္ဗထုလုပ်တဲ့ ပန်းပုရုပ်က အသက်ဝင်လာတာ ဖြစ်မယ်"

"အလိုလို အသက်ဝင်လာတာ ဟုတ်နိုင်ပါ့မလား။ သူ့မိန်းမစုန်းမကြီးက အသက်ဝင်အောင် ဖုတ်သွင်းပေးထားတာ ဖြစ်မှာပေါ့"

ဦးဒိဗ္ဗတို့တဲသို့ မိန်းမတစ်ယောက် ရောက်ရှိနေသည့်အကြောင်းမှာ တစ်နေ့တခြား မဖုံးနိုင် မဖိနိုင် ပေါ်လွင်လာလေတော့သည်။

သတင်းကိုကြားသိသော သူကြီးမင်းမှာ မနေနိုင်တော့ဘဲ ဦးဒိဗ္ဗအိမ်သို့ သွားရောက်ကာ စုံစမ်း စစ်ဆေးရတော့၏။

"ဦးဒိဗ္ဗ၊ သင်တို့အိမ်မှာ လှပိုမိန်းမတစ်ယောက် ရောက်ရှိနေတယ်လို့ ကြားရတယ်။ ငြင်းကွယ်လိုသလား ငြင်းကွယ်လျှင်ဖြင့် ကျုပ်ကိုယ်တိုင် သင်တို့ တဲအတွင်း ဝင်ရောက် ရှာဖွေရလိမ့်မည်"

"မငြင်းကွယ်ပါ… သူကြီးမင်း အောက်ပြည်အောက်ရွာက ကျွန်တော်မျိုးရဲ့ သူမလေး ဖြစ်ပါတယ်။ မိဘများ ကွယ်လွန်တိမ်းပါးသွားလို့ ကျွန်တော်မျိုးထံ လာရောက်ခိုလှုံခြင်း ဖြစ်ပါတယ် သူကြီးမင်း"

"အောက်ပြည်အောက်ရွာက ဟုတ်စ – အဲဒီမိန်းကလေးကို ကျုပ်ကြည့်ချင်တယ်။ ကျုပ်ရှေ့ကို ခေါ်ပါဘိ"

ဦးဒိဗ္ဗက သူ၏တူမဆိုသူကို တဲထဲမှ ခေါ်ထုတ်လာခဲ့လေသည်။

"အို"

"ဟင်"

"ဟာ"

သူကြီးမင်းနှင့်တကွ လိုက်ပါလာသူအားလုံး အံ့အားသင့်သွားကြလေသည်။

ဦးဒိဗ္ဗ၏တူမဆိုသော မိန်းကလေးမှာ ပျောက်ဆုံးသွားသော ပန်းပုရုပ်နှင့် တစ်ထေရာတည်းပါတကား။

"ဦးဒိဗ္ဗ – ဒီမိန်းကလေးဟာ သင်ပျောက်ဆုံးသွားတဲ့ ပန်းပုရုပ်ဖြစ်သည်။ ဘာငြင်းချင်သေးသလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ပန်းပုရုပ်က လူသားဘယ်လိုဖြစ်နိုင်မှာလည်း သူကြီးမင်း – ကျွန်တော်မျိုးရဲ့ တူမလေးသာ ဖြစ်ပါတယ်"

"မပြေးသော်လည်း ကန်ရာက ရှိချေပြီ၊ သင်ပျောက်ဆုံးသွားတဲ့ပန်းပုရုပ်နဲ့ဒီမိန်းကလေးတို့ ရုပ်ချင်းချွတ်စွပ်တူနေကြတယ်၊ ပန်းပုရုပ်ကို ကျုပ်ကိုယ်တိုင် လာရောက် လေ့လာခဲ့ဖူးလို့ ရုပ်ရည်သွင်ပြင်ကို အသေအချာမှတ်မိနေတယ်၊ ပန်းပုရုပ်ဟာလည်း နယ်နယ်ရရ မဟုတ်၊ မြို့စားမင်းကိုယ်တိုင်က ထုလုပ်မည့်သစ်သားစပေးပြီး သင့်ကို အပ်နှံထားခြင်း ဖြစ်တယ်၊ သင်တော့ ရာဇဝတ်ဘေးသင့်တော့မှာပဲ ဦးဒိဗ္ဗ"

"မဟုတ်ပါသူကြီးမင်း .... အောက်အရပ်က အမျိုးတွေက အညာဆန်လှေကြုံနဲ့ တူမလေးကို ထည့်ပေးလိုက်လို့ ရောက်နေခြင်း ဖြစ်ပါတယ်"

"မိန်းကလေး ... သူပြောတာ အမှန်ပဲလား၊ ငါ ကျေနပ်အောင် လျှောက်တင်စမ်း"

"သူကြီးမင်း... ကျွန်တော့်တူမလေးဟာ စကားမပြောတတ်တဲ့ အ,အမလေးတစ်ယောက် ဖြစ်ပါတယ်၊ သူ့ကိုမေးလို့ ထူးခြားမည် မဟုတ်ပါ"

"ဦးဒိဗ္ဗ – သင်ပြောတဲ့ အချက်အလက်တွေက အံ့ချော်လွဲမှားတယ်၊ သင့်အနေနဲ့ အောက်အရပ်က ဆွေမျိုးတစ်ဦးမှိုဒိုဖို့လာရောက်နေတာမှန်ရင် အစကတည်းက ကျုပ် သူကြီးမင်းကို အကြောင်းကြားအသိပေးဖို့ ကောင်းတယ်၊ ခုလိုတိတ်တိတ်ပုန်း လက်ခံထားတာဟာ မရိုးသားလို့ဘဲ၊ သင့်ရဲ့မဖိုးသားတဲ့ လုပ်ရပ်ကို ဖုံးကွယ်ချင်လို့ပဲလို့ ကျုပ် ယူဆတယ်"

"သူကြီးမင်း ... ကျွန်တော်မျိုးတို့ဇနီးမောင်နှံဟာ အပယ်ခံပါ၊ ကျွန်တော်မျိုးရဲ့ဇနီးကို တစ်ရွာလုံးက စုန်းလို့ယိုးစွပ်ပြီး ရွာအပြင်နှင်ထုတ်ထားတာ သူကြီးမင်း အသိပါ၊ ကျွန်တော်ဟာ အနိမ်ခံ အပယ်ခံ ရွာအပြင်ဘက်မှာနေထိုင်သူတစ်ယောက်မို့ဘာမဟုတ်တဲ့ကိစ္စလေးကိုလည်း သူကြီးမင်းအား အကြောင်းမကြားခဲ့ခြင်း ဖြစ်ပါတယ်"

သူကြီးမင်းက ခေါင်းကို ခါယမ်းလိုက်လေသည်၊

"သင့်တူမနဲ့ ပျောက်သွားတဲ့ ပန်းပုရုပ် တူနေတာကတော့ သံသယဖြစ်ဖွယ်ပဲဦးဒိဗ္ဗ၊ သင်ပြောတဲ့စကားများကိုကျုပ်မယုံ – ယုံလောက်ဖွယ်လည်းမရှိ၊ မိန်းကလေးဟာ လူအများပြောသလို အရုပ်ကို အသက်ဝင်အောင် စုန်းအတတ်နဲ့ ဖုတ်သွင်းခံထားရခြင်း ဖြစ်တယ်၊ ဒါဟာလည်း တခြားလူက ဆောင်ရွက်ပေးတာ မဟုတ်၊ မောင်ရင့်ဇနီးစုန်းမကြီးဒေါ်အိုဇာကိုယ်တိုင် ပန်းပုရုပ်ကို ဖုတ်သွင်းပြီး အသက်ဝင်အောင် လုပ်ထားတာ ဖြစ်လိမ့်မယ်၊ အိမ်း – ဘယ်သို့ရှိစေ၊ ကျုပ်ကတော့ သူကြီးတစ်ယောက် ဝတ္တရားအတိုင်း အထက်ကိုသတင်းပို့အကြောင်းကြားရလိမ့်မယ် ဦးဒိဗ္ဗ"

သူကြီးမင်း သတင်းပေးပို့လိုက်သည့်အတွက် နောက်တစ်နေ့တွင် မြို့စားမင်းကိုယ်တိုင် နောက်ပါအခြွေအရံများနှင့် ရွာသို့ ရောက်ရှိလာလေသည်၊

မြို့စားမင်းငနက်ကျော်သည် ကြားရသောသတင်းစကားများကြောင့် ဒေါသအမျက်ထွက်လျက် ရှိလေသည်၊

ဦးဒိဗ္ဗတို့တဲရှေ့ရောက်သည်နှင့် –

"ပန်းပုဆရာရဲ့တူမဆိုသူကို ငါ့ရှေ့တော်မှောက် ခစားစေ"

ဦးဒိဗ္ဗ၏တူမချောလေးမြို့စားမင်းရှေ့သို့ရောက်လာသည့်အခါမြို့စားမင်းငနက်ကျော် ကိုယ်တိုင် အံ့အားသင့်သွားလေသည်၊

"အလို ... နန်းဆန်ဆန် အထက်တန်းဟန်ပန်နဲ့ တောအရပ်နှင့်မတန်လှပချောမော လှချေကလားကွယ်ရို့၊ မင်းချင်းတို့ သူငယ်မရဲ့ရုပ်သွင်ဟာ ပျောက်ဆုံးသွားတယ်ဆိုတဲ့ ပန်းပုရုပ်နဲ့ တူတယ်ဆိုတာ ဟုတ်သလား မောင်မင်းများ"

"မှန်လှပါ ... ချွတ်စွပ်တူကြောင်းပါ – သူငယ်မဟာ ပန်းပုရုပ်ကနေ အသက်ဝင်လာတဲ့သူဖြစ်ကြောင်း ကျမ်းကျိန်ပြီး ရဲရဲဝံ့ဝံ့ တင်လျှောက်ဝံ့ပါတယ် မြို့စားမင်း"

"အိမ်း ... အရပ်က အသက်ဝင်လာတာ အသာထား ပန်းပုဆရာဟာ ဒီလို ချောမောလှပပြီး နန်းဆန်တဲ့ မိန်းမမြတ်ကြန်အင်လက္ခဏာ ပြည့်စုံသူတစ်ယောက်ကိုငါ့အားမဆက်သဘဲ သူ့သဘောနှင့်သူ့အိမ်မှာ သိုဝှက်ထားပြီဆိုကတည်းကရာဇဝတ်မှုသင့်လှပေပြီ၊ သူငယ်မသည်တောအရပ်နှင့်လည်း မတန်၊ ပန်းပုဆရာနေအိမ်နှင့်လည်းမထိုက်၊ ကုန်ကုန်ပြောရရင် မြို့စားမင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သော ငါကိုယ်တော်မြတ်နှင့်ပင် မထိုက်တန်ပါလေ၊ သူငယ်မ၏အား သည် နေပြည်တော်နန်းမဆောင်၌အပျိုတော်အဖြစ် ခံစားရမည့်အလုပ်ပိုင် မျိုးဖြစ်ပေသည်၊ ဤမိန်းမလှအား ဘဝရှင်မင်းတရားကြီးထံ ဆက်သပေ မင်းချင်းများ မိန်းမလှကို ဝေါယာဉ်ဖြင့် ဆောင်ယူခဲ့ပေလော့"

"သည်းခံပါမြို့စားမင်း ... မိန်းကလေးဟာ ကျွန်တော်မျိုးတို့ဇနီးမောင် ဆီမှာ ခိုလှုံရန် ရောက်ရှိလာသူမို့"

"တော် - တန် - တိတ်"

"ပြီးတော့ ... သူဟာ စကားမပြောတတ်တဲ့ အ - အမလေးတစ်ယောက် သာ ဖြစ်ပါတယ်၊ အင်္ဂါမစုံသူမို့ နန်းတော်ကြီးနဲ့ မထိုက်ပါ"

"သယ် ... ဆင်ခြေစကားများကို ငါမကြားလို၊ မောင်မင်းပန်းပုဆရာ - ငါဟာ မောင်မင်းကို ပန်းပုရုပ်အပ်နှံစဉ်က အလွတ်အပ်နှံခဲ့ခြင်း မဟုတ် ငါ့စိတ်ကြိုက် သစ်သားစကို ရှာဖွေကာ သစ်သားကို သင့်ထံပို့၍ ပန်းပုထုလုပ် စေခြင်းသာ ဖြစ်တယ်၊ သင်က ပန်းပုရုပ်ကို ပျောက်အောင် ဖျောက်ဖျက်ခဲ့ ခဲ့တယ်၊ မိန်းမငယ်ဟာ ပန်းပုရုပ်အဖြစ်က ဘဝပြောင်းလာသူ ဟုတ်သည်ဖြစ် စေ၊ မဟုတ်သည်ဖြစ်စေ၊ ပန်းပုရုပ်ကို ပျောက်ဆုံးအောင် ပြုလုပ်တဲ့ ရာဇဝတ် မှုက သင့်အပေါ်မှာ တင်ရှိနေပြီး ဖြစ်တယ်၊ သည်တော့ကာ စကားမရှည်လင် တော့ ငါကိုယ်တော်မြတ် စိတ်အခန့်မသင့်အောင် မပြုနှင့်တော့၊ သင့်တူ ဆိုသူကို ဆောင်ယူသွား၍ ဘုရင်မင်းတရားကြီးအား ဆက်သပေအံ့၊ မင်းချင် များ - မိန်းမငယ်ကို ယခုပင် မနေးအမြန် ဆောင်ယူခဲ့စေဗျား"

မြို့စားမင်းငနက်ကျော်နှင့်အစေအပါးများသည် ဦးဒိဗ္ဗ၏ တူမဖြစ်သူ မိန်းမငယ်အား ဝေါယာဉ်ပေါ်တွင် တင်ဆောင်၍ ခေါ်ဆောင်သွားကြလေ၏

သို့ရာတွင် မြို့ကိုရောက်၍ ဝေါယာဉ်အား ခြုံလွှမ်းထားသော ကန့်လန့် ကာကို လှပ်၍ ကြည့်လိုက်သည့်အခါ သူတို့ ခေါ်ဆောင်လာသော မင်းသမီး ငယ်မှာ ပန်းပုရုပ်ဘဝသို့ ပြန်လည် ရောက်ရှိနေသည်ကို တွေ့ရလေတော့ ၏၊

မြို့စားမင်းငနက်ကျော်မှာ ဒေါသပုန်ထသွားလေသည်၊



ချက်ချင်းပင် ရွာသို့ပြန်စေကာ ဦးဒိဗ္ဗနှင့် သူ့ဇနီးအား ဖမ်းချုပ်ခေါ်ဆောင် လိုက်၏။

မင်းချင်းများ ဦးဒိဗ္ဗတို့လင်မယားကို ဖမ်းဆီးခေါ်ဆောင်လာသည့်အခါ -

"မောင်မင်း ... မောင်မင်းရဲ့တူမဟာ တို့လက်ထဲမှာ ပန်းပုရုပ်ဘဝကို လည်ပြောင်းလဲသွားခဲ့ပြီ၊ ဒီတော့ မောင်မင်းပြောခဲ့သလို ဒီမိန်းကလေးဟာ ာက်ပြည်အောက်ရွာက ရောက်လာတဲ့ မိန်းကလေးမဟုတ်ဘူးဆိုတာ င်ရှားနေပြီ၊ ပန်းပုရုပ်ကနေ အသက်ဝင်အောင် ဖုတ်သွင်းထားတဲ့ လူသား စ်ယောက်ပဲ၊ ဒီတော့ကာ ပန်းပုရုပ်ဖြစ်နေတဲ့ မိန်းမငယ်ကို အသက်ပြန်ဝင် အောင် လုပ်ဆောင်ပေးပေတော့"

"မြို့စားမင်းခင်ဗျား ... မြို့စားမင်းဟာ ကျွန်တော်မျိုးကို ပန်းပုရုပ်ထုလုပ် အပ်နှံခဲ့ခြင်းဖြစ်ပါတယ်၊ အခုအခါ မြို့စားမင်းအလိုရှိတဲ့အတိုင်း ပန်းပုရုပ် ဖြစ်ကို ပြန်လည် ရောက်ရှိနေပြီဖြစ်တဲ့အတွက် အရုပ်အတိုင်း ရယူလိုက် သာ ရှိပါတော့တယ်၊ အရုပ်ကိုအသက်သွင်းရန် ကျွန်တော်မျိုး မတတ်နိုင် "

"သယ် ... ကျေးတောသား - လူပါးဝလှချေလား၊ ငါဟာ မင်းသမီးကို က်ရှိလူဘဝနဲ့ မြင်တွေ့ပြီး ဖြစ်တယ်၊ ဖုတ်သွင်းမင်းသမီးကို သက်ရှိလူ ဖြစ်နဲ့ ဘုရင်မင်းမြတ်ကို အပ်နှံဖို့ ဆုံးဖြတ်ထားပြီးပြီ၊ ဒီတော့ ပန်းပုရုပ်ကို သက်ဝင်အောင် ပြန်လုပ်ပေးပေတော့"

"မြို့စားမင်း ... ပန်းပုရုပ်ဘဝကနေ သက်ရှိလူအဖြစ်ရောက်အောင် န်တော်မျိုး လုပ်ဆောင်ထားခြင်း မဟုတ်ပါ၊ သူ့အလိုအလျောက် အသက် လာခြင်းသာ ဖြစ်ပါတယ်၊ အသက်ဝင်လာပြီးမှ ကျွန်တော်မျိုးတို့ရဲ့ း လေးအဖြစ်နဲ့ မွေးစားထားခြင်း ဖြစ်ပါတယ်၊ သူဟာ ကျွန်တော်မျိုးတို့ အိမ်မှာသာ အသက်ဝင်လှုပ်ရှားနိုင်သူမျိုး ဖြစ်ပါလိမ့်မယ်၊ အရုပ်ဘဝ ပြောင်းသွားခြင်းအပေါ် ကျွန်တော်မျိုး နားမလည်ပါ၊ အရုပ်ကိုအသက်ဝင် အောင် လုပ်ဆောင်တဲ့အတတ်ပညာမျိုးလည်း ကျွန်တော်မျိုး မတတ် မ်းပါ"

"မောင်မင်းမတတ်ကျွမ်းရင် မောင်မင်းရဲ့ဇနီးကတော့ တတ်ကျွမ်းမှာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com

မောင်မင်းရဲ့ဖနီးဟာ စုန်းမကြီးတစ်ယောက်ဖြစ်ကြောင်း ငါသိထားပြီးပြီ စုန်းမကြီးက သူ့အတတ်ပညာနဲ့ ဖုတ်သွင်းထားခြင်းပဲဖြစ်မယ်၊ ဒီတော့ စုန်း အမယ်အို သင့်ရဲ့အတတ်ပညာနဲ့ပန်းပုရုပ်မိန်းကလေးကို အသက်ပြန်ဝင် အောင် လုပ်ပေးပေတော့"

"ငါ ... မလုပ်တတ် - ငါဟာ စုန်းလည်းမဟုတ်"

"သယ် ... ငါလိုမြို့စားမင်းအမိန့်ကိုမနာခံဘူးလား၊ ငါ့အမိန့်ကိုလွန်ဆန်ရင် သင်တို့လင်မယား ဒုက္ခကြုံသွားရလိမ့်မယ်၊ ဒီတော့ ငြင်းဆန်မနေနှင့် မနေ အမြန် အသက်သွင်းပေးပေတော့"

"အသက်သွင်းသည့်ပညာကို ငါမတတ်၊ ငါဟာ မျက်မမြင်ဒုက္ခိ တစ်ယောက်သာ ဖြစ်တယ်။ စုန်းမဟုတ်"

ဦးဒိဗ္ဗတို့လင်မယား ခေါင်းမာနေကြခြင်းအပေါ်တွင် မြို့စားမင်းနေ ကျော်၏ ဒေါသမှာ အထွတ်အထိပ်သို့ ရောက်ရှိသွားလေသည်၊

ငနက်ကျော်က ဦးဒိဗ္ဗနှင့်ဒေါ်အိုဇာအား သတ်စေ အမိန့်ချမှတ်လိုက်လေ ၏၊ အသက်ဝင်လာရန် မျှော်လင့်ချက် မရှိတော့သော မင်းသမီးရုပ်ကိုလည်း တစ်ပြိုင်တည်းမီးရှို့စေရန် အမိန့်ပေးလိုက်၏၊

တောင်စွယ်နေကွယ်ချိန်တွင် သူသတ်ကုန်း၌ မင်းသမီးရုပ်ကို ဦးဒိဗ္ဗ စုန်းမကြီးဒေါ်အိုဇာတို့နှင့်အတူတွဲ၍ကြိုးချည်ကာ မီးရှို့ကွပ်မျက်လိုက်ကြလေ တော့သည်၊

ဦးထွန်ရှုခေါင်ပြောပြသောဒဏ္ဍာရီက ပြီးဆုံးသွားပေပြီ၊

ကျွန်ုပ်က စားပွဲပေါ်မှ သစ်သားလက်ပြတ်ကလေးကို နောက်တစ်ခါ ပြန်ကောက်ယူပြီး စေ့စေ့စပ်စပ် ကိုင်ကြည့်လိုက်ပြန်၏။

"ဒါဟာဦးထွန်ရှုခေါင်ပြောခဲ့တဲ့ပုံပြင်ထဲကမင်းသမီးပန်းပုရုပ်ရဲ့မီးမလောင် ပဲ ကျန်ရစ်ခဲ့တဲ့ လက်ပြတ်ပဲပေါ့နော်"

"ဟုတ်ပါတယ် .... ဆရာကြီး"

"မင်းသမီးပန်းပုရုပ်ရဲ့လက်ပြတ်အမှန်ဖြစ်တယ်လို့ဘာကြောင့်ပြောနိုင် ရတာလည်း ဦးထွန်ရှုခေါင်၊ ဦးထွန်ရှုခေါင် ပြောသလိုဆိုရင် ဒါတွေဖြစ်ပျက်ခဲ့တဲ့ ခေတ်ဟာလွန်ခဲ့တဲ့နှစ်ပေါင်းသုံးရာကျော်ကမဟုတ်လား။ အထောက်အထား တိတိကျကျ ရှိသလား"



"ရှိပါတယ် ... ဆရာကြီး၊ ဦးဒိဗ္ဗတို့ကို မီးရှို့ရတဲ့ အာဏာပါးကွက်သားက ဒီလက်ပြတ်ကို မင်းသမီးပန်းပုရုပ် ပြာမကျခင်မှာ မီးပုံထဲက ဆွဲထုတ်ယူထား ဘာ ဖြစ်ပါတယ်၊ အဲဒီ အာဏာပါးကွက်သားဟာ တခြားလူမဟုတ်ပါဘူး၊ ကျွန်တော့်နေရာကတွက်ရင် ကျွန်တော်ရဲ့အထက် (၁၂) ဆက်မြောက် အဘိုးတစ်ဦး ဖြစ်ပါတယ်"

"ဪ"

"အာဏာပါးကွက်သားအဘိုးက သားစဉ်မြေးဆက်လက်ဆင့်ကမ်းခဲ့တဲ့ အတွက် အခုအချိန်ထိ ရှိနေခြင်း ဖြစ်ပါတယ်"



။

သူယောင်ဝင်ရဲ့ အသားကို ဝန်းဝုလုစိလို့
ဝန်းသုရုပ်ဟာ
သူယောင်ဝင်ရဲ့ အာနိသင်အတိုင်း
အသက်ဝင်လာရတယ်လို့
ထင်ကြေးပေးကြတယ်တဲ့။
စုန်းမကြီးဒေါ်အိုဇာဆိုတာတလည်း
ဖြစ်ရပ်ထဲမှာ ပါနေသေးတယ်လေ။
စုန်းမကြီးကိုယ်တိုင်
အသက်သွင်းပေးတာမျိုးလည်း
ဖြစ်နိုင်တာပဲ မဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com

"ဒဏ္ဍာရီဟာ အမှန်တကယ်ဖြစ်ခဲ့ဖူးတယ်ဆိုတဲ့ အထောက်အထား တစ်ခုပေါ့လေ။ ဒါပေမဲ့ သစ်သားပန်းပုရုပ်က အသက်ဝင်ပြီး လူဖြစ်လာတယ်ဆိုတဲ့အချက်ကတော့ ပုံပြင်ဆန်လွန်းနေတယ်။ နှစ်ပေါင်းရာနဲ့ချီကြာခဲ့ပြီဆိုတော့လည်း နောက်ကြောင်းပြန် စုံစမ်းဖို့ မဖြစ်နိုင်တော့ဘူးပေါ့"

"ပုံပြင်ဆန်တာတော့ မှန်ပါတယ်။ ပန်းပုရုပ်က အသက်ဝင်တယ်ဆိုတာတော့ စုံစမ်းဖို့ မခက်ပါဘူး ဆရာကြီး။ မကြာခင်ဘဲ သက်သေရတော့မှာပါ။ ဒါကိုပြချင်လို့လည်း ဆရာကြီးကို လပြည့်ညနဲ့အချိန်ကိုက်ပြီး ဒီကို ခေါ်လာခဲ့တာပါ ဆရာကြီး"

"ဘာကိုဆိုလိုတာလဲ ဦးရာမောင်"

"ပန်းပုရုပ်ရဲ့အပိုင်းအစတစ်ခုဖြစ်တဲ့ ဟောဒီလက်ဟာ လပြည့်ညတိုင်းမှာ အသက်ဝင်လာတတ်ပါတယ် ဆရာကြီး"

"ဗျာ"

"ဟုတ်ပါတယ် ... အခုဆရာကြီးမြင်နေရတဲ့လက်က လက်သီးဆုပ်ဟန်ပြနေတဲ့ ပုံစံနော်။ ဒါဟာ ပုဝါကို ကိုင်ထားတဲ့ ညာဘက်လက် ဖြစ်တယ်လို့ ကျွန်တော်တို့အဘိုးကပြောခဲ့ပါတယ်။ လက်ကလေးကိုဆုပ်ဟန်ပြပြီးလက်ခနဲ့ လက်ညှိုးတပ်ထားပုံဟာ တစ်စုံတစ်ခုကို ညှပ်ကိုင်ထားတဲ့ အနေအထား ပေါ်မနေဘူးလားဗျာ။ မြင်ယောင်ကြည့်ရင် ပုဝါစကို ကိုင်ထားတဲ့ ဟန်တစ်ခု ဖြစ်ကြောင်း ခန့်မှန်းနိုင်ပါတယ်"

ဦးထွင့်ခေါင် ရှင်းပြသောကြောင့် ကျွန်ုပ်က လက်ပြတ်ကလေးကိုနောက်တစ်ဖန် မယူလိုက်ကာ ပြန်စစ်ဆေးကြည့်လိုက်သည်။

"ဟုတ်ပါတယ် ... တစ်ခုခုကို လက်မနဲ့လက်ညှိုးကြားမှာ ညှပ်ကိုင်ထားတဲ့ဟန်ပဲ။ ဦးထွင့်ခေါင် အသက်ဝင်လာတယ်ဆိုတာက ဘယ်လိုလဲ"

"လပြည့်ညတွေရောက်ရင် သန်းခေါင်အချိန်မှာ ဒီလက်ကလေးဟာ ဆုပ်ထားရာက ဖြန့်လာပါတယ် ဆရာကြီး"

"ဟင်"

လက်ဟာ မိနစ်ပိုင်းလောက်ဖြန့်လာပြီး နဂိုပုံစံအတိုင်းဖြစ်သွားပါတယ်။

"လပြည့်နေ့မှ ... ဖြစ်တာလား"



"ဟုတ်ပါတယ် ... ဒီလက်ကလေးကို ရရှိပြီးနောက်ပိုင်းမှာ ကျွန်တော့်အဘိုးအာဂါပါးကွက်သားကြီးဟာ နည်းလမ်းအမျိုးမျိုးနဲ့ ချမ်းသာကြွယ်ဝလာခဲ့တယ်လို့ ဆိုပါတယ်။ အဘိုးက ပန်းပုရုပ်မင်းသမီးရဲ့လက်ပြတ်က အကျိုးပေးတာလို့ တစ်ထစ်ချ မှတ်ယူထားခဲ့ပါတယ် ဆရာကြီး - ဒါကြောင့်လည်း ကျွန်တော်တို့ဆွေစဉ်မျိုးဆက်တစ်လျှောက်လုံး မင်းသမီးလက်ပြတ်ကို လာဘ်ကောင်းတဲ့ အဆောင်တစ်ခုအဖြစ် ဆောင်ထားခဲ့ကြတာပါ"

"မျိုးဆက် (၁၂) ဆက်တောင်တိုင်ခဲ့ပြီဆိုတော့ပွားများလာတဲ့အမျိုးတွေထဲမှာ မင်းသမီးလက်ပြတ်ကို ထိန်းသိမ်းဖို့ အငြင်းပွားတာမျိုးရော မဖြစ်ခဲ့ဘူးလား။ လက်ပြတ်က လာဘ်ကောင်းတဲ့ အဆောင်တစ်ခုအနေနဲ့ တန်ဖိုးရှိနေတယ်ဆိုလို့ပါ"

"ကျွန်တော်တို့အဘိုး ပါးကွက်အာဂါသားကြီးက ဒီပြဿနာမျိုးပေါ်အောင် သူ မသေခင်ကတည်းက စီစဉ်ခဲ့ပါတယ်။ ဖုတ်သွင်းမင်းသမီးလက်ပြတ်ကို အကြီးဆုံးသားသမီးတွေကသာ အမွေဆက်ခံခွင့်ရှိပါတယ်။ အမွေဆက်ခံခွင့်ရတဲ့ အကြီးဆုံးသားသမီးများဟာ သူတို့က မွေးဖွားလာတဲ့ အကြီးဆုံးသားသမီးများကို တစ်ဆင့်ပြီးတစ်ဆင့်လက်လွှဲပြီး ပိုင်ဆိုင်ရပါတယ်။ ကျွန်တော့်ဖခင် ဦးဘုံဖျံ ကွယ်လွန်ရင် ကျွန်တော်က ဆက်ခံရမှာပါ ဆရာကြီး"

"ဒါပေမဲ့ - ဖုတ်သွင်းမင်းသမီးလက်ပြတ်ကို ရယူချင်လို့ လုယက်ခံရတာ၊ ဓားပြတိုက်ခံရတာတွေလည်း ရှိခဲ့သေးတယ်လေ၊ ပြောပြလိုက်ပါဦး ဦးထွင့်ခေါင်"

"ဟုတ်ပါတယ် ... ဆရာကြီး မင်းသမီးလက်ပြတ်ဟာ လာဘ်ကောင်းတဲ့ အဆောင်တစ်ခုလို ဖြစ်နေတာကိုသိတဲ့လူတချို့က အိမ်ကိုလာပြီး ဓားပြတိုက်လုယက်ခဲ့ဖူးပါတယ်။ လက်ပြတ်ကိုလည်း အပါယူသွားနိုင်ခဲ့ပါတယ်"

"အော်"

"ဓားပြတွေက လက်ပြတ်ကိုယူပြီး လှေနဲ့မြစ်ကိုဖြတ်အကူးမှာ လှေမှောက်ခဲ့ပါတယ်။ လှေမှောက်ပုံကလည်း မြစ်ထဲကနေ လက်ကြီးတစ်ဖက်ပေါ်လာပြီး လှေကို ဆွဲနှစ်တာတဲ့၊ ရေထဲက ပေါ်လာတဲ့လက်ကြီးဟာ ရေကို



www.burmeseclassic.com

www.burmeseclassic.com

လက်ဝါးထဲ ထည့်ထားလို့ရလောက်အောင် ကြီးမားတဲ့လက်ကြီးတဲ့ ဆရာကြီး...၊မင်းသမီးလက်ပြတ်နဲ့ တစ်ထေရာတည်းတူတဲ့ လက်ပြတ်ကြီးလို့ ပြောပါတယ်၊ လှေသမား ပြန်ပြောပြလို့ သိရတာပါ၊ လှေသမားအပေါ မား(၆)ယောက်လုံး ရေနစ်ပြီး သေသွားခဲ့တယ်၊ မင်းသမီးလက်ပြတ်ကတော့ အိမ်က ဘုရား ကျောင်းဆောင်ပေါ်မှာတင်ထားတဲ့အတိုင်း"

"ဘယ်အချိန်တုံးက ဖြစ်ခဲ့တာလဲ"

"ဂျပန်ခေတ်မှာပါ၊ ကျွန်တော့်အဖေဦးဘုံးပျံ လက်ထက်မှာ ကြုံခဲ့ရတဲ့ အဖြစ်ပါ ဆရာကြီး – အဲဒီအဖြစ်ကြောင့် ကျွန်တော်တို့လည်း ဖုတ်သွင်းမင်းသမီးရဲ့လက်ပြတ်အကြောင်းကို မပြောတော့ဘဲ ဖတ်မြုပ်ထားခဲ့လိုက်ပါတယ်၊ ခုခေတ်မှာတော့ အတွင်းသိလူတချို့ပဲ သိကြပါတော့တယ်"

"အဲဒါကြောင့်...ကိုထွန်းခေါင်တို့က ဖုတ်သွင်းမင်းသမီးရဲ့လက်ပြတ်ကို ဓာတ်ပုံရိုက်တာ၊ အများပြည်သူသိအောင် ကြော်ငြာတာမျိုး ခွင့်မပြုချင်တာပါ ဆရာကြီး"

"သဘောပေါက်ပါပြီ"

"ကဲ – ကိုရာမောင်ရေ – မိုးလည်းချုပ်လာပြီ၊ သန်းခေါင်တိုင်ရင် လက်တော်ဖြန့်တာ ကောင်းကောင်းမြင်နိုင်ဖို့ကျွန်တော်တို့အမိုးပေါ်ကို နေရာ ရွှေ့ကြစို့ဗျာ"

— ❁ —

ဦးထွန်းခေါင်တို့၏ သုံးထပ်တိုက်ခေါင်မိုးမှာ အနားယူအပန်းဖြေရန် အမိုးပြန့်အဖြစ် ဆောက်လုပ်ထားခြင်း ဖြစ်ပေ၏။

ကျွန်ုပ်တို့သည် ညဆယ်နာရီခန့်တွင် အမိုးပေါ်သို့ တက်ခဲ့ကြ၏။

ဖုတ်သွင်းမင်းသမီး၏ လက်ပြတ်ကလေးပါသော လင်ပန်းကို ဦးထွန်းခေါင်က လင်ပန်းကို စားပွဲအလယ်တည့်တည့်၌ ချထားလိုက်လေ၏။

မြို့ဝင်းကြီးမှာ ရောဝတီမြစ်ကမ်းနံဘေး၌တည်ရှိခြင်းဖြစ်လေရာ မြင့်မား သောအမိုးပေါ်မှနေ၍ မြစ်၏ မြင်ကွင်းကို သာယာလှပစွာ မြင်နေရပေ သည်၊ လကလည်း သာလွန်းမက သာနေပေရာ လရောင်အောက်၌မြစ်ပြ



သည် ငွေရောင်တောက်နေပြီး လှေသင်္ဘောများ ဖြတ်သန်းသွားလာနေပုံ သည် လွမ်းမောဖွယ် ပန်းချီကားတစ်ချပ်နှယ် ဖြစ်နေပေ၏။

အိမ်ဖော်မလေးက ကျွန်ုပ်တို့အတွက် ရေနွေးကြမ်းနှင့်လက်ဖက်သုတ် များ လာချပေးထားသည့်အတွက် ကျွန်ုပ်တို့သည် ထွေရာလေးပါး စကားများ ပြောရင်း ညသန်းခေါင်ချိန်ရောက်သည်ထိ အချိန်ဖြုန်းနေခဲ့ကြလေသည်။ ကျွန်ုပ်က ဦးထွန်းခေါင်နှင့်ဦးရာမောင်အား ကျွန်ုပ်လေ့လာခဲ့သော အမှုတွဲများ အား ပြောပြလျက် ရှိလေသည်။

လသည် တစ်စတစ်စ မြင့်တက်လာခဲ့ရာ အကာအရံမရှိသော အမိုးပြင် ပြန့်ပြန့်ပေါ်သို့ အဆီးအတားမရှိ၊ လရောင်ဆမ်းကျလျက် ရှိပေသည်၊ စားပွဲ ပေါ်တင်ထားသောလင်ပန်းလေးထဲမှဖုတ်သွင်းမင်းသမီး၏လက်သည်လည်း လရောင်အောက်တွင် ထင်ရှားစွာ ပေါ်လျက်ရှိလေသည်။

သို့ဖြင့် ညသန်းခေါင်အချိန်သို့ နီးကပ်လာခဲ့လေသည်၊

ဦးထွန်းခေါင်က စားပွဲပေါ်မှ ရေနွေးကြမ်းကရား၊ ခွက်များနှင့် လက်ဖက် သုပ် ပန်းကန်များကို ဖယ်ရှားစေလိုက်သည်၊

"ကဲ – သန်းခေါင်နီးပြီ – ဆရာကြီး ကျွန်တော်တို့က မြင်တွေ့ဖန်များလို့ ရိုးနေပါပြီ၊ ည (၁၂)နာရီနီးတာနဲ့ လက်ဟာ တဖြည်းဖြည်း ပြန့်လာပြီး (၁၂)နာရီ တိတိ အချိန်မှာ လက်ဝါး အပြန့်ဆုံး အနေအထားကို မြင်ရတတ်ပါတယ်၊ ခုအချိန်ကစပြီး မင်းသမီးလက်တော်ကို လေ့လာကြည့်ပါ ဆရာကြီး"

ကျွန်ုပ်တို့ကုလားထိုင်သုံးလုံးအား စားပွဲ၏ အနားသုံးဖက်တွင် နေရာ မြှပြင် ချထားလိုက်၏။

လသည် တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ကျွန်ုပ်တို့ခေါင်းပေါ်သို့ ရောက် လာခဲ့လေပြီ၊

ဖုတ်သွင်းမင်းသမီးလက်ဖဝါးပြန့်လာသည်မှာ တစ်ခဏမျှသာကြာလေ သည်၊ သို့သော် အမှန်တကယ်ပင် ဖြန့်ပြခဲ့ခြင်း ဖြစ်ပါသည်၊ ကျွန်ုပ်၏ စိတ် ထင်ယောင်ထင်မှား ဖြစ်ခြင်း မဟုတ်ပါ၊ လက်ဖဝါးသည် ဆုပ်ထားရာမှ တဖြည်းဖြည်းချင်းဖြေလျှော့လာပြီးအပြန့်ဆုံးအနေအထားအထိရောက်သွား



www.burmeseclassic.com

www.burmeseclassic.com

သည်။ ချက်ချင်းပင် လက်ဝါးကို ပြန်၍ ဆုပ်လိုက်သည်မှာ လက်ဖဝါးပြေလာစဉ်က အမြန်နှုန်း အတိုင်းပင် ဖြစ်၏။

လက်ဝါးပြန့်လာပုံကို ခေတ္တခဏသာ မြင်တွေ့လိုက်ရသော်လည်း အသေးစိတ် အလုံးစုံကိုမူ မြင်တွေ့ခွင့်ရလိုက်ပါသည်။ ထိုအခါမှပင် ကျွန်ုပ်သည် ဖုတ်သွင်းမင်းသမီး၏ လက်ဖဝါးအား ဓာတ်ပုံဖြင့် မှတ်တမ်းတင်ခွင့်မရခြင်းအပေါ် စိတ်မချင့်မရဲ ဖြစ်မိပေတော့သည်။ ဗီဒီယို ကင်မရာဖြင့်သာ လက်ဖဝါး ပြန့်လာပုံအဆင့်ဆင့်ကိုရိုက်ကူးထားပါက အလွန် အသုံးဝင်သော မှတ်တမ်းတစ်ခု ဖြစ်ပေလိမ့်မည်။

လက်ဝါးပြန့်လာခြင်း၊ အစွမ်းကုန်ပြန့်လာပြီးနောက် ပြန်၍ နဂို အနေအထားသို့ ရောက်သွားခြင်းများမှာ တစ်မိနစ်ခန့်မျှသာ ကြာပါသည်။

ဖြစ်ရပ်အားလုံးပြီးစီးသည်နှင့် သွေးရောင်လွှမ်းနေသော အနေအထားလည်း ပျောက်ကွယ်သွားကာ သစ်သားပန်းပုရုပ်အဖြစ်သို့ပြန်လည် ရောက်ရှိသွားလေ၏။

"ကဲ - ဒါပါပဲ ဆရာကြီး ... ဖုတ်သွင်းမင်းသမီးလက်တော်ရဲ့ဆန်းကြယ်မှုဟာ ဒါလောက်ပါပဲ"

"လက်တော်ဖြန့်တာကို မိနစ်ပိုင်းလောက် မြင်လိုက်ရပေမယ့် တန်ဖိုးရှိလှပါတယ် ဦးထွဋ်ခေါင်"

"ဆရာကြီး ... အခုမြင်ရတဲ့ဖြစ်ရပ်အပေါ်မှာ သိပ္ပံနည်းကျအမြင်အနေနဲ့ ဘယ်လို မြင်သလဲ ဆရာကြီး"

ဦးရာမောင်က မေးလိုက်၏။

"ပြောရခက်သားပဲဗျာ"

ကျွန်ုပ်က တွေးတွေးဆဆပင် ပြန်ဖြေလိုက်သည်။

ဦးထွဋ်ခေါင်က ဝင်ရောက်ဆွေးနွေးသည်။

"အစဉ်အဆက် ပြောစကားအရ မြို့စားငနက်ကျော်ဟာ ပန်းပုထုဖို့ သစ်ပင်ကို ရွေးချယ်ခုတ်ယူရာမှာ ခုတ်ယူမိတဲ့အပင်ဟာ အမှတ်မထင် သူယောင်ပင် ဖြစ်နေတယ်လို့ ဆိုကြပါတယ် ဆရာကြီး"

"သူယောင်ပင် ... သူယောင်ပင်ရယ်လို့သတ်သတ်မှတ်မှတ်ရှိနိုင်သလား ဦးထွဋ်ခေါင်"



"ဇော်ဂျီတွေ တောင်ဇေးနဲ့တို့ပြီး ပျော်ပါးတဲ့ သူယောင်မယ်တွေဟာ သူယောင်သီးက ဖြစ်လာတာလို့ နိပါတ်တော်ပုံပြင်တွေက ဆိုထားတာကိုး၊ သူယောင်သီးရှိရင် သူယောင်ပင် ရှိရမှာပေါ့။ အဲ ... သာမန်လူများတွေဖို့တော့ ခဲယဉ်းတဲ့အပင်မျိုး ဖြစ်မှာပေါ့ ဆရာကြီး"

"ဟုတ်ကဲ့ ... ဖြစ်နိုင်ပါတယ်"

"သူယောင်ပင်ရဲ့အသားကိုပန်းပုထုမိလို့ ပန်းပုရုပ်ဟာ သူယောင်ပင်ရဲ့အာနိသင်အတိုင်း အသက်ဝင်လာရတယ်လို့ ထင်ကြေးပေးကြတယ်တဲ့။ နန်းမကြီးဒေါ်အိုစာဆိုတာကလည်း ဖြစ်ရပ်ထဲမှာ ပါနေသေးတယ်လေ၊ နန်းမကြီးကိုယ်တိုင် အသက်သွင်းပေးတာမျိုးလည်း ဖြစ်နိုင်တာပဲ မဟုတ်လား"

"နှစ်ကာလ ကြာလာတော့ ယုံတမ်းစကားတွေ ဖြစ်ကုန်ပြီပေါ့ ဦးထွဋ်ခေါင်၊ ကျွန်တော်တို့ကလည်း ကိုယ်မသိမီတဲ့ခေတ်က အဖြစ်အပျက်ကို ဘယ်လိုလုပ်ပြီး ဝေဖန်နိုင်တော့မှာလဲဗျာ။ ဒါပေမဲ့ - အရုပ်ရဲ့လက်ပြတ်တက်ဖြန့်တာကို မျက်မြင်မြင်ရပြီမို့ ထူးခြားဆန်းကြယ်တဲ့ဖြစ်ရပ်ဆိုတာတော့ သတ်စ်ရမှာပါပဲ ဦးထွဋ်ခေါင်"

"ကျွန်တော် မေးထားတာလေးလည်း ဖြေပါဦး။ သိပ္ပံနည်းကျတဲ့ အတွေးအခေါ်နဲ့ဆိုရင် ဘယ်လိုတွေးခေါ်လို့ ရနိုင်မလည်း ဆရာကြီး"

"အင်း ... အပင်တွေမှာ အသက်ရှိတာကိုတော့ ကျောင်းစာမှာ ကျွန်တော်တို့ သင်ခဲ့ပြီးပြီလေ။ ဒါပေမဲ့ - ရုက္ခဗေဒပညာရှင်တွေ ဆိုလိုတဲ့ အပင်မှာ အသက်ရှိတယ်ဆိုတာက မြေဩဇာကိုစားသုံးတာ၊ လေထဲက အောက်ဆီဂျင်ဓာတ်ကိုရယူတာ၊ နေရောင်ရဲ့သဘာဝဓာတ်ကို ခံယူတာတွေကြောင့် သစ်ပင်အစ်ပင် ရှင်သန်လာတာမျိုးကိုပဲ ဆိုလိုတာလေ။ သစ်ပင်က လမ်းထလျှောက်တာမျိုးကို ဆိုလိုတာ မဟုတ်ဘူးဆိုတာတော့ ရှင်းပါတယ်နော်"

"ဒါတော့ ... ဟုတ်ပါတယ် ဆရာကြီး"

"နေကြာပင်တို့ကုမုဒြာကြာပန်းတို့ရဲ့သဘောသဘာဝကိုကြည့်ရအောင်၊ နေကြာပန်းပွင့်ဟာ နေသွားရာနောက်ကို ပန်းရဲ့မျက်နှာလိုက်လှည့်တယ်။ ကုမုဒြာကြာတွေဟာ လရောင်နဲ့မှ ပွင့်ကြတယ်၊ အဲဒီသဘောသဘာ



www.burmeseclassic.com

www.burmeseclassic.com

ဝတွေကတော့အပင်တချို့ရဲ့ရှင်သန်မှုဟာ နေရောင်၊ လရောင်ဆိုတဲ့သဘာဝ ဓာတ်တွေအပေါ်မှာ တည်မှီနေတာကို တွေ့ရပြန်ရော"

"ဟုတ်ပါတယ်"

"ပိုးကောင်မွှားကောင်တွေကိုစားတဲ့ သစ်ပင်မျိုးရှိတာလည်း ကြားဖူး မှာပေါ့။ တောင်အမေရိကမှာပေါက်တဲ့ နွယ်ပင်တစ်မျိုးဟာ သူ့အပေါ်ကို လာနားတဲ့ ခြင်လို၊ လိပ်ပြာလိုအကောင်မျိုးကို နွယ်ပင်လို လိပ်ဖမ်းပြီး စား လိုက်တယ်။ စားပြီးရင်တော့ နွယ်ပင်အတိုင်း ပြန်ပြီး ပြန့်နေပြန်ရော။ ဒါကို ကြည့်ရင် တချို့အပင်များဟာ သူ့အလိုလို လိပ်နိုင်ဖြန့်နိုင်တဲ့ စွမ်းအားရှိတာ ကို သိသာတာပေါ့"

"ဟုတ်သားပဲ"

"ဖုတ်သွင်းမင်းသမီးလက်က ဆုပ်တာဖြန့်တာဟာ ကျွန်တော် နမူနာ ပေးခဲ့တဲ့ အပင်တွေရဲ့ သဘာဝနဲ့များ ဆက်နွယ်နေမလားလို့ စဉ်းစား မိတယ်။

"ဆိုပါဦး ... ဆရာကြီး စိတ်ဝင်စားစရာပဲ"

"ဖုတ်သွင်းမင်းသမီးလက်ရဲ့ပြောင်းလဲမှုဟာ လပြည့်ညမှာသာဖြစ်တယ် ဆိုလို့ပါ။ လရဲ့ ကမ္ဘာလောကပေါ်က သက်ရှိသက်မဲ့တွေအပေါ် ဩဇာ သက်ရောက်မှုဟာလည်း ထူးခြားလှတယ် မဟုတ်လား။ ပင်လယ်ထဲက ဒီရေတွေဟာ လအဆန်းအဆုတ်အတိုင်း အတက်၊ အကျ ဖြစ်ကြတယ် လရဲ့ဆွဲငင်အားကြောင့်ပေါ့။ လူတွေရဲ့စိတ်တွေတောင် လရောင်အောက်မှာ တစ်မျိုး ပြောင်းတတ်ကြတယ်လေ။ စိတ်ကြည်နူးတာကနေ စိတ်ဖောက်ပြန် တာအထိ ဖြစ်ပေါ်တတ်ပါတယ်။ မင်းသမီးလက်ဟာလည်း ကျွန်တော် နမူနာ ပေးခဲ့တဲ့အပင်တွေကို လရောင်ကြောင့် အပြောင်းအလဲဖြစ်တဲ့ အပင်တစ်မျိုး ထုလုပ်ထားမိလို့များလားဆိုတာ စဉ်းစားမိတာပါ"

"ဆရာကြီးရဲ့ အတွေးအခေါ်က သဘာဝကျပါတယ်"

"ကျွန်တော်က ဖြစ်နိုင်ခြေလောက်ကိုတွေးပြီး စိတ်အထင်နဲ့ ပြောတာပါ။ တကယ်တော့ ကျွန်တော့်စိတ်အထင် အတွေးတွေဟာ မင်းသမီးလက်ရဲ့ တကယ့်ပြောင်းလဲမှုတွေအပေါ်မှာ မလွှမ်းမိုးနိုင်ပါဘူး ဦးရာမောင်၊ ဖုတ်သွင်း မင်းသမီးလက်ဟာ အမှန်ကို ထူးခြားလှပါတယ်။ ဂမ္ဘီရဆန်လှပါတယ်၊ တကယ်တော့ ရှေးပဝေသဏီက ရှိခဲ့ပြီးဖြစ်တဲ့ ထူးဆန်းအံ့ဩဖွယ်အကြောင်း အရာတစ်ခုကို ဝေဖန်တာ ဆန်းစစ်တာတွေ လုပ်ကို မလုပ်သင့်ပါဘူးလေ၊ ပြီးသား ထူးဆန်းအံ့ဩဖွယ် ဖြစ်ရပ်တစ်ခုကို သေသိမ်အောင် လုပ်ရာကျ ပါတယ်။ ဂမ္ဘီရဆန်လှတဲ့ ဖုတ်သွင်းမင်းသမီးလက်တော်ရဲ့ ရာဇဝင်ကို သူ့ အတိုင်း လက်ခံလိုက်တာ အကောင်းဆုံးပါပဲဗျာ"

ကျွန်ုပ်က လင်ပန်းထဲရှိ ကတ္တီပါစပေါ်မှ ဖုတ်သွင်းမင်းသမီး၏ကြွင်းကျန် ခဲ့သော လက်ဖဝါးလေးကိုကြည့်ရင်း လေးနက်စွာ ပြောလိုက်မိလေတော့ သည်။

>> ဆောင်းလှလင်



www.burmeseclassic.com

www.burmeseclassic.com



# စောင့်မျှော်သူ

နုတ်မီမယ်

ကျောင်းရာသီ၏ တစ်ခုသော နေ့တစ်နေ့တွင် ရွာသို့ ကျွန်မ သွားဖြစ်ခဲ့သည်။ ညည်ပင်လှရွာသည် ကျွန်မတို့နေသော ဆင်ပေါင်ဝဲမြို့နှင့် (၈)မိုင်ခန့်သာ ကွာဝေးပြီး အဝေးပြေးလမ်းမကြီးဘေးတွင် တည်ရှိသည်။ ထို့ကြောင့် ရွာကို သွားလိုလျှင် ရန်ကုန်၊ မကွေး၊ အောင်လံစသည်တို့ကို ပြေးဆွဲသော အဝေးပြေးကားကြီးများဖြင့် လိုက်ပါသွားရုံသာ။

ကျွန်မသည် ရွာကို တစ်နှစ်တစ်ကြိမ်ခန့်တော့ အလည်အပတ် သွားတတ်သည်။ နီးပင်နီးသော်လည်း ကျွန်မက ပွဲရုံအလုပ်များနှင့် မအားလပ်သူမို့ တစ်နှစ်တစ်ခေါက်ပင် မနည်းရောက်အောင် သွားရသည်။ ခါတိုင်းဆိုလျှင်တော့ နွေရာသီ အလုပ်ပါးချိန်တွင် ရွာသို့ အလည်သွားလေ့ရှိသော်လည်း အခု ဒဏ်က ပြင်းထန်လှသဖြင့် ဘယ်ကိုမှ မသွားခဲ့ပေ။

www.burmeseclassic.com

မိုးရာသီတုန်းက ရွာမှာ စိုက်ကြ ပျိုးကြနှင့်အလုပ်တွေရှုပ်နေသဖြင့် ယခု ဆောင်းရာသီမှသာ ရောက်လာရခြင်းဖြစ်သည်။

— ❑ —

ရွာတွင် ကျွန်မတို့ ဆွေမျိုးတွေများစွာ ရှိကြသည်။ ဖေဖေနှင့် မေမေ၏ နှစ်ဖက်အမျိုးတွေ ဖြစ်သောကြောင့် ရွာ၏ တစ်ဝက်လောက်က ကျွန်မတို့ အမျိုးတွေ ဖြစ်နေသည်။ ကျွန်မမှာ ဝမ်းကွဲမောင်နမတွေ အများကြီးရှိသလို သူငယ်ချင်းတွေကလည်း ရွာမှာပဲရှိသည်။ ကျွန်မမှာ ရွာက အမျိုးတွေကို အလွန်ချစ်သလို ရွာကိုလည်း ခင်တွယ်သည်။

သို့တိုင်အောင် ကျွန်မသည် ရွာတွင် နှစ်အကြာကြီး နေခဲ့ရသူ မဟုတ်ပါ။ ဘာမှမမှတ်မိပါ။ သို့သော် မြို့သို့ပြောင်းရွှေ့လာပြီးမှ ရွာသို့မကြာခဏသွားဖြစ်သည်။ မေမေကတော့ ကျွန်မရွာကို အလွန်ခင်တွယ်စိတ်ရှိနေသည်မှာ ဇာတိချက်မြှုပ်ရာမြေ ဖြစ်သောကြောင့်ဟု ပြောသည်။ ကျွန်မကတော့ ရွာရောက်တိုင်း မောင်နမတစ်တွေ ယာထဲက သရက်ပင်ကြီးတွေမှာ သရက်သီးခူးဆွတ်ကြရသည့် ပျော်ရွှင်မှု၊ ညလသာသာတွင် အိမ်ရှေ့မြေကွက်လပ်မှာ ကွပ်ပျစ်ကြီးချပြီး သူငယ်ချင်းတွေ စကားပြောမဝအောင်ဖြစ်ရသည့် ခံစားမှု၊ အမျိုးတွေအိမ်သို့ တစ်အိမ်ပြီးတစ်အိမ် လျှောက်လည်ပြီး လက်ဖက်သုပ်၊ အကြော်စုံနှင့် ရေနွေးကြမ်းတို့ကို ဗိုက်ကားအောင် လိုက်စားရသောအရသာစသည်တို့ကြောင့် ရွာရောက်တိုင်းနွေးထွေးပျော်ရွှင်မှုကိုခံစားရသည်ဟု ထင်ပါသည်။

ထိုခံစားမှုများကို တောရပ်ရွာမှသာ ခံစားရနိုင်သည် မဟုတ်လား။ မြို့မှာတော့ ထိုသို့ ရင်းနှီးပွင့်လင်းသော နွေးထွေးဖော်ရွေသော ခံစားချက်မျိုး မရရှိနိုင်တော့ပါ။ အပြုံးအတုများ၊ ဟန်ဆောင်ထားသော ခင်မင်မှုများနှင့် စိတ်ရောင်စုံလူများကြားထဲတွင် ကျွန်မတို့သည် လိုက်လျောညီထွေစွာ ဆက်ဆံနေထိုင်ကြရသည်။ တကယ်တော့ကျွန်မသည်လည်းထိုသူများထဲမှ တစ်ယောက်အပါအဝင်ပဲ မဟုတ်လား။



ဆောင်းရာသီ၏ အေးမြလှသော မနက်ခင်းတွင် ကျွန်မ လိုက်ပါလာသော အဝေးပြေးကားကြီးက ရွာဇရပ်ရှေ့တွင် ရပ်တန့်သွားသည်။ ကျွန်မ ဆင်းပြီးသောအခါ ကားကြီးက ဆက်လက် မောင်းထွက်သွားတော့သည်။

— ❑ —

ကျွန်မသည် ကားပေါ်က ဆင်းဆင်းချင်း ပတ်ဝန်းကျင် အနေအထားကိုကြည့်ပြီး မျက်လုံးပြူးသွားသည်။ မိုးမလင်းသေးပါလား ...။

ဆောင်းရာသီက ညတာရှည်သည်ဆိုတာ ကျွန်မမေ့နေခဲ့သည်။ ခါတိုင်းဆိုလျှင် ဆင်ပေါင်ဝဲက မနက် (၅)နာရီကားဖြင့် လိုက်လာလျှင် ရွာဇရပ်ရောက်လျှင်မိုးလင်းတာနှင့်ကွက်တိပဲဖြစ်သည်။ ဆောင်းရာသီဆိုတာ မေ့နေသော ကျွန်မသည် လက်နှိပ်ဓာတ်မီးပင် ယူမလာခဲ့မိပေ။ နာရီကြည့်လိုက်တော့လည်း မနက် (၆)နာရီပင် မထိုးသေး။

ကျွန်မသည် ဇရပ်ဘေးတွင်ရပ်ကာ ရွာဘက်သို့လှမ်းကြည့်ရင်း စိတ်ပျက်သွားမိသည်။ ဒီပုံအတိုင်းဆို ကျွန်မရွာကို ဘယ်လိုသွားရမလဲ။ ရွာတဲ့ - အတွင်းဘက်တွင် တည်ရှိပြီးဇရပ်နှင့် အတန်ငယ်ဝေးသေးသည်။ လမ်းလျှောက်သွားလျှင်ဒီလိုအချိန်ကြီးတွင်တစ်ယောက်တည်းမသွားရဲပေ။ ဒို့အပြင် မှောင်ရိပ်ကျသော သစ်ပင်အုပ်ဆိုင်းဆိုင်းကြီးများအောက်မှ ဖြတ်သွားရဦးမည်။

ကျွန်မသည် ဖြတ်သွားရမည့်လမ်းကို လှမ်းမျှော်ကြည့်ရင်း ကြားဖူးနားဝရှိသော သရဲတစ္ဆေပုံပြင်များကို သတိရလာသည်။ ကျွန်မတို့မောင်နမ သူငယ်ချင်းတစ်စုသည် ညအချိန်ကွပ်ပျစ်ကြီးပေါ်စုထိုင်ရင်း တွေရာလေးပါး ပြောကြရာ တစ်ခါတလေ သရဲတစ္ဆေအကြောင်းတွေ ပြောမိကြသည်။ ထိုအထဲမှာ ရွာနှင့်ပတ်သက်သော ပုံပြင်တွေလည်း ပါသည်။

အဆိုးဆုံးကတော့ ကျွန်မသူငယ်ချင်းရန်အောင်ပင် ဖြစ်သည်။ သူသည် စကားပြောကောင်းသူဖြစ်ရာ သူပြောသောအကြောင်းအရာတွေ နားထောင်ကောင်းသည်။ ရွာလာတိုင်းဇရပ်မှရွာသို့ ကျွန်မတစ်ယောက်

www.burmeseclassic.com

တည်းလာတတ်မှန်းသိသဖြင့်ကျွန်မကြောက်အောင်ထိုလမ်းတွင်သရဲရှိသည် ဘာညာနှင့် လျှောက်ပြောတတ်သည်။

"နင်လာတဲ့လမ်းမှာလေ သရက်ပင်အကြီးကြီး သိတယ် မဟုတ်လား။ အဲဒီသရက်ပင်မှာ သရဲရှိတယ်။ ထမီရင်လျားနဲ့ ဆံပင်ဖားလျားချထားတဲ့ မိန်းမကြီးတစ်ယောက် သစ်ပင်ပေါ်က ဖောက်ထိုးကြီး ဆင်းလာတတ်တယ်တဲ့။" သူ့စကားကိုကျွန်မကမယုံတော့သူက ခပ်တည်တည်ဖြင့်လျှောက်ပြောပြန်သည်။

"တကယ်ပြောတာ - မယုံဘူးလား။ အဲဒီလမ်းကလည်း သရဲခြောက်တယ်။ ငါ ကိုယ်တိုင် ကြုံဖူးတာ။ ငါတို့ ကျောက်ဆောင်ရွာက ပြန်လာတဲ့နေ့ တုန်းက ဇရပ်ရောက်တော့ မှောင်နေပြီ။ ငါနဲ့ထွန်းထွန်းနဲ့ဇရပ်မှာ ရပ်နေတုန်း အဲဒီလမ်းဘက်က လှည်းသံတွေ၊ နွားခေါက်သံတွေ၊ ခြူသံတွေ ကြားရတယ် ဟ။ အဲဒါနဲ့ ရွာက လာကြိုတဲ့ လှည်းလားမသိဘူးဆိုပြီး ငါတို့က လှည်းလာမယ့် လမ်းထိပ်မှာပိတ်ပြီး ရပ်နေတာပေ့ါ။ လှည်းသံကတော့ တဖြည်းဖြည်း နီးလာ တယ်။ လှည်းက ပေါ်မလာဘူး။ အဲဒါနဲ့ ငါတို့လည်း ထူးဆန်းတယ် ဆိုပြီး လမ်းထဲ ဝင်ကြည့်လိုက်တော့ ဘာလှည်းမှ မရှိဘူးဗျာ။ ဟိုးဘက်ထိ လှည်းတစ်စီးမှ မရှိဘူး။ အဲဒီအချိန်ကျတော့ လှည်းသံက ပျောက်သွားပြီ အဲဒီကျမှ ငါတို့လည်း သရဲခြောက်မှန်းသိတာ"

"ရန်အောင်နော် လျှောက်ပြောမနေနဲ့ ငါက တစ်ယောက်တည်း လာရ တာ"

"အံမယ် ... ငါက နင်စာရေးဖို့ ဇာတ်လမ်းရအောင်လည်း ပြောပေး သေးတယ်၊ ဘာလည်း ဒီလိုဇာတ်လမ်းတွေရေးနေတဲ့ စာရေးဆရာမက ကြောက်တတ်တယ်လား"

"ဟဲ့ ... မကြောက်ပဲနေမလား ... နင်ပြောတဲ့ပုံစံက ငါကပဲ သရဲတွေနဲ့ မိတ်ဆွေဖွဲ့ပြီး သူတို့ဆီက ဇာတ်လမ်းယူပြီး ရေးတဲ့အတိုင်းပဲ"

ကျွန်မစကားကြောင့် အားလုံး ဝိုင်းရယ်ကြပါသည်။ ဒါတောင် ကျွန်မ သည် ညဥ့်နက်သန်းခေါင်ထိ ကြောက်စရာ ဝတ္ထုတွေထိုင်ရေးရင်း ကျွန်မ၏ အချစ်တော်ကြောင်လေးက စာရေးစားပွဲပေါ်ခုန်ချ၍သွေးပျက်မတတ်ထိတ်



လန့်ကာ တစ်အိမ်လုံးနိုးအောင် အော်ဟစ်ခဲ့မိသည်ဆိုတာ သူတို့မသိသေး ပါ။

ကျွန်မသည် သူငယ်ချင်းတွေပြောသော သရဲဇာတ်လမ်းတွေကို သတိ ရလာသဖြင့် ရှေ့ဆက်သွားဖို့ပို၍ပင် ခက်ခဲလာသည်။ ဇရပ်မှာထိုင်ပြီးမိုးလင်း အောင် စောင့်လို့လည်း မဖြစ်ပါ။ ဇရပ်ကလည်း သရဲခြောက်သည်ဟု ကျွန်မ ကြားဖူးသည်။ ထို့အပြင် အချိန်မတော်ကြီး မိန်းကလေးတစ်ယောက်တည်း ဇရပ်မှာ ထိုင်နေရသည်က သရဲတခြောက်ထက်ပို၍ အန္တရာယ်များပါသည်။ သို့သော် ဆက်သွားဖို့ကလည်း မဝံ့ရဲ ...။

ကျွန်မသည် ဇရပ်ဘေးမှ ကမူလေးပေါ်ရပ်၍ ရွာလမ်းဘက် လှမ်းကြည့် နေမိစဉ်မှာပင် လူရိပ်တစ်ခုကို လှမ်းမြင်လိုက်ရသည်။

ဟင် ...။

— □ —

စောစောတုန်းက မတွေ့ရပဲ ခုမှ ရုတ်တရက် မြင်လိုက်ရသဖြင့် ကျွန်မ အံ့သြသွားသည်။ ကျွန်မရှေ့မှလှမ်းမကမ်းတွင် ကျွန်မကို ကျောခိုင်းကာ ရွာ ဘက်သို့သွားနေသောလူတစ်ယောက်။ ပုံစံကတော့ယောကျ်ားတစ်ယောက် ပုံစံ။

ရုတ်တရက် တွေ့လိုက်ရ၍ အံ့သြသွားသော်လည်း အဖော်ရလာ သဖြင့် ကျွန်မ ဝမ်းသာသွားမိသည်။ ကျွန်မက "ဦးလေး" ဟု လှမ်းအော်မည် ပြုပြီးမှ အတွေးတစ်ခု ဝင်လာကာ ပါးစပ်ကို ပြန်ပိတ်ထားလိုက်သည်။

ထိုလူ ဘယ်သူဆိုတာ ကျွန်မမသိ။ လူဆိုးလား၊ လူကောင်းလား ကျွန်မ မသိ။ ကိုယ်က အဖော်ရအောင်သွားခေါ်မှ ကိုယ့်ကို မဟုတ်တရုတ်လုပ်ရင် ဒုက္ခရောက်ရလိမ့်မည်၊ အချိန်က မိုးမလင်းသေး။ ပြီးတော့ လူပြတ်သည့် နေရာ၊ တစ်ခုခု ဖြစ်လာလျှင် ဘယ်သူမှ ကယ်နိုင်မှာ မဟုတ်ပေ။

ထိုအတွေးကြောင့် ကျွန်မ ထိုလူကို လှမ်းမခေါ်ရဲပဲ လိုက်သွားသင့် မသွားသင့် တွေဝေနေမိသည်။ ဘာပဲဖြစ်ဖြစ် ကိုယ်ရှေ့မှာ လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ရှိနေတော့ ကြောက်စိတ်လျော့ပါးသွားသည် မဟုတ်လား။ ထိုလူ့ကို အသံမပေးပဲ နောက်မှအသာလေး လိုက်သွားရမည်။ ထိုလူ မြင်သွားခဲ့ရင်လည်း ကျွန်မကံပေါ့ဟု တွေးလိုက်သည်။

ကျွန်မက အဝတ်အစားအိတ်ကို ပခုံးတွင်လွယ်ကာ လက်ဆွဲခြင်းကို လက်တစ်ဖက်မှဆွဲရင်း ထိုလူနောက် ခပ်လှမ်းလှမ်းမှ လိုက်လာခဲ့သည်။ ထိုသို့လိုက်လာရင်းကျွန်မရှေ့မှ ထိုလူ့ကို လရောင်ဖြင့်လှမ်းကြည့်အကဲခတ်နေမိသည်။

ထိုလူသည် ထူးဆန်းစွာပင် အထက်အောက်အဖြူရောင် ဝတ်ထားရာ လရောင်အောက်မှာ ထင်ရှားနေသည်။ ကျွန်မအထင် အဖြူဝမ်းဆက်ဝတ်ထားတာတော့ မဖြစ်နိုင်ပါ။ အရောင်ဖျော့သောအဝတ်အစားကိုညဘက်မို့အဖြူဟု ထင်နေခြင်းဖြစ်နိုင်သည်။ ဘယ်သူက အဖြူရောင် ဝမ်းဆက်ကြီးကို ဝတ်လိမ့်မလဲ ...။ ဦးခေါင်းတွင် အဖြူရောင် အဝတ်တစ်ခုဖြင့် ပေါင်းထားသည်ကိုလှမ်းမြင်ရသဖြင့် အသက်ကြီးကြီးလူတစ်ယောက်ဟုကျွန်မ ခန့်မှန်းမိသည်။ သူ့လက်ထဲတွင် လက်နှိပ်ဓာတ်မီး (သို့မဟုတ်) လျှပ်စစ်မီးအိမ်စသည့် တစ်ခုခု ကိုင်ထားဟန်ဖြင့် ခပ်ဖျော့ဖျော့ အလင်းရောင် ထွက်ပေါ်နေသည်။ သည်အချိန်ကြီး ဒီနေရာမှာ ဘာလုပ်သလဲတော့ မသိပါ။

ကျွန်မသည် သူ့နောက်မှ လိုက်လာရင်း ရန်အောင်က သရဲခြောက်သည်ဟု ပြောသော သရက်ပင်ကြီးနား ရောက်လာသည်။ လရောင်အောက်တွင် မကောင်းဆိုးဝါးကြီး ငုတ်တုတ် ထိုင်နေသလို ထင်မြင်ရသော သရက်ပင်ကြီးနား ရောက်သောအခါ ကျွန်မ ကျောရိုးထိ စိမ့်ခနဲ ဖြစ်သွားသည်။ ယခုအခါ ရန်ကုန်တွင် စားသောက်ဆိုင် သွားဖွင့်နေသော ရန်အောင်ကို လှမ်း၍ မေတ္တာပို့လိုက်မိသည်။

နေနှင့်ဦး ။ သင်းကိုတော့ နောက်တစ်ခါ ဝတ္ထုရေးလျှင် သရဲအခြောက်ခံရကာ အကြောက်လွန်ပြီး ဂေါက်သွားသော ဇာတ်ကောင်နေရာတွင် သူ့နာမည်ထည့်ရေးပစ်မည်ဟုတေးထားလိုက်သည်။ သူပြောခဲ့သောမဟုတ်ကဟုတ်က သရဲပုံပြင်များကြောင့် ကျွန်မ အခု ဒုက္ခ ရောက်နေရသည် မဟုတ်



လား။ အကယ်၍ ရှေ့မှလူသာ မရှိလျှင် ကျွန်မတစ်ယောက်တည်း ဒီသရက်ပင်အောက်မှ မဖြတ်ရဲပေ။

ရှေ့မှလူသည် ခြေလှမ်းမှန်မှန်ပင် လျှောက်နေရာ ကျွန်မလည်း မလှမ်းမကမ်းမှ ခပ်မှန်မှန်ပဲ လျှောက်လာခဲ့သည်။ ယခုဆို လမ်းတစ်ဝက်ပင် ရောက်လာခဲ့ပြီ။ ရွာထဲဝင်ခါမှ ထိုလူ့ကို နှုတ်ဆက်ပြီး ဘယ်သူလည်းသိအောင် လုပ်ရမည်ဟု တွေးနေမိသည်။ တကယ်တော့ ယခုလိုဖြစ်တာ ကျွန်မ ပေါ့လျော့၍ဖြစ်သည်။ ကျွန်မမောင်ဝမ်းကွဲများဖြစ်သော သန်းထိုက်နှင့်ကျော်ရဲကဇရပ်ကိုဆိုင်ကယ်ဖြင့် လာကြိုရမလားဟု မေးသေးသည်။ ကျွန်မက ဒီလို အချိန်ရောက်လိမ့်မည်ဟုမထင်သဖြင့်လာမကြိုနဲ့ပြောလိုက်မိသည်။ ခါတိုင်းလည်း ရွာကို လမ်းလျှောက်သွားနေကျ မဟုတ်လား။

ထိုသို့ လျှောက်လာရင်းမှ အတန်ကြာတော့ ရွာအရှေ့ဘက်မှ ယာခင်းပြင်ကြီးထဲသို့ ရောက်လာသည်။ ထိုယာခင်းကြီးမှာ ရွာအနောက်ဘက်တွင် တပ်လျက်ရှိပြီး ထိုယာခင်းကြီးကို ကျော်ဖြတ်ပြီးလျှင် ရွာထဲရောက်ပြီ ဖြစ်သည်။ ယာခင်းထဲတွင် ဘာသစ်ပင်မှလည်းမရှိတာကြောင့် ရှင်းလင်းနေကာ ဘာမှ ကြောက်စရာ မရှိတော့ပေ။ ရွာရောက်ခါနီးလာသဖြင့် ရှေ့မှလူကို နှုတ်ဆက်ရန် ကျွန်မ ခပ်သွက်သွက် လျှောက်လိုက်လာခဲ့သည်။

ထိုစဉ်မှာပင် ခြေထောက်က မြေကြီးထဲမှ သစ်မြစ်တစ်ခုကို ခလုတ်တိုက်မိ၍ ငုံ့ကြည့်လိုက်သည်။ ခေါင်းကို ပြန်မော့လိုက်သောအခါတွင်မူ အံ့သြဖွယ်ကောင်းလောက်အောင်ပင် ကျွန်မရှေ့မှ လူကို မတွေ့ရတော့ပေ။

ဘုရားရေ ...။

ကျွန်မ အံ့အားသင့်စွာ ရေရွတ်မိရင်း ပတ်ဝန်းကျင်ကို ဝေ့ဝဲ ရှာကြည့်မိသည်။ ရှင်းလင်းနေသော ယာခင်းကျယ်ကြီးထဲတွင် ထိုလူ၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ပါ။ လျှပ်တစ်ပြက်အတွင်း ထိုလူ ဘယ်ရောက်သွားတာလဲ။

ယာခင်းထဲတွင် ပုန်းစရာခိုစရာ သစ်ပင်တို့ဘာတို့ လုံးဝ မရှိပါ။ မျက်စိတဆုံးကွင်းပြင်ကျယ်ကြီးသာ မြင်နေရသည်။ ရွာနှင့်လည်း သိပ်မနီးသေး

www.burmeseclassic.com

သဖြင့် ရွာထဲဝင်သွားတာလည်း လုံးဝ မဖြစ်နိုင်၊ တစ်စက္ကန့်လောက်အချိန်လေးမှာ ထိုလူဘယ်လို ပျောက်ဆုံးသွားတာလဲ ...။

တွေးရင်းမှ ကြောက်စိတ်က ရင်ထဲ စိမ့်ဝင်လာသည်၊ ဘုရား - ဘုရား ထိုသူဟာ လူစစ်စစ်မှ ဟုတ်ပါရဲ့လား ...။

— ❑ —

ကျွန်မ ကြောက်စိတ်ကြောင့် ရင်တွေ တဒိန်းဒိန်း ခုန်လာသည်၊ စောစောက အေးအေးဆေးဆေး ဖြစ်နေခဲ့သောစိတ်က ချက်ချင်း ပြောင်းလဲသွားပြီး ဤနေရာတွင် ရပ်နေရသည်ကိုပင် စိတ်မလုံချင်တော့၊

ကျွန်မ ထိုနေရာတွင် ဆက်မနေရဲတော့ဘဲ ရွာဘက်သို့ မပြေးရုံတမည် ခြေလှမ်းများဖြင့် လျှောက်လာခဲ့မိသည်၊ ထို့သို့ လျှောက်လာရင်းမှ နောက်ကျော မလုံသလို ခံစားရသဖြင့် နောက်ပြန်လှည့်ကြည့်ရတာလည်း အမော ရွာထဲဝင်လာပြီး လူရိပ်လူခြေတွေ့ရတော့မှ အကြောက်ပြေသွားကာ သက်ပြင်းချမိတော့သည်၊

"ဟယ် ... ရှင်ဝါနှင်း - ရောက်လာတယ်တော့"

ကျွန်မ အဒေါ်ဒေါ်လေးစန်းရီ၏အိမ်သို့ရောက်တော့ ညီမဝမ်းကွဲများ ဖြစ်သော မမစီ၊ မအိနှင့် မိုးမိုးတို့က ဝမ်းသာအားရကြိုဆိုကြသည်၊

ကျွန်မတို့စည်ပင်လှ ရွာသူရွာသားများသည် ယောကျ်ားလေးတွေကို နာမည်ရှေ့မှ မောင်တပ်ခေါ်ပြီး မိန်းကလေးများကို နာမည်ရှေ့မှ ရှင် တပ်ခေါ်ကြသည်၊ ရှင်မအိ ၊ ရှင်မိုးမိုးစသည်ဖြင့် ခေါ်ကြသည်မှာ တစ်မျိုးတော့ နားထောင်ကောင်းသည်၊ ကျွန်မနာမည်က ဝါဝါနှင်း မဟုတ်သော်လည်း မေမေ့နာမည်ပါအောင်ဟုဆိုကာ ရွာကအမျိုးတွေက နှင်းထည့်ကာ ရှေ့မှ ရှင်တပ်ခေါ်ကြသည်၊

"ဝါတို့လည်း ယာထဲသွားဖို့ ပြင်နေကြတာ နှင်တစ်ယောက်တည်း လား"

မိုးမိုးမေးခွန်းကို ကျွန်မက မရှိုပြုံးပြုံးရင်း -



"အင်း ... တစ်ယောက်တည်းပေါ့ - အငယ်တွေက ကျောင်းတက်နေကြတယ်လေ"

ထို့နောက်မှာတော့မတွေ့ရတာကြာသောညီအစ်မတစ်တွေစကားတွေ ိုင်ပြောမိကြသည်၊ သို့တိုင်အောင် သိပ်ကြာကြာ မပြောနိုင်ဘဲ မိုးမိုးတို့ ညီအစ်မတွေက ယာထဲသွားကြရသည်၊ ကျွန်မနှင့်ဒေါ်လေးစန်းရီသာအိမ်မှာ ကျန်ခဲ့လေသည်၊

မနက်စာစားပြီးသည်နှင့် ရွာဦးကျောင်းသို့သွားကာ ရန်ကုန်မှ ခေတ္တ ကြွလာသော ကျွန်မ၏အစ်ကိုဝမ်းကွဲဦးဇင်းကုမာရနှင့်သွားတွေ့ပြီး ရွာဦး စေတီကိုပါ ဖူးခဲ့သည်၊ ရွာဦးစေတီ၏ဘွဲ့အမည်တော်မှာ (ရန်မျိုးအောင်) စေတီတော်ဖြစ်ပြီး အလွန်တန်ခိုးကြီးသည်ဟု ရွာကလူတွေက ယုံကြည် ကိုးကွယ်ကြသည်။

ထို့နောက်မှာတော့ ဆွေမျိုးများထဲမှ လူကြီးများကို ဝယ်လာသော ားများဖြင့် သွားရောက်ကန်တော့ပြီး အမျိုးတွေအိမ်သို့ လှည့်ပတ် နှုတ်ဆက်သည်၊ မိုးမိုးတို့လည်း နေ့လယ်ခင်းခဏပြန်နားပြီးညနေပိုင်းယာထဲ ထွက်ကြရသည်၊ ညရောက်၍အားလုံးစားသောက်ပြီးကြမှသာ မောင်နှမ တွေနှင့် သူငယ်ချင်းများ အိမ်ရှေ့မြေကွက်လပ်မှ ကွပ်ပျစ်ကြီးပေါ်တွင် ဖြစ်ကြသည်၊

စကားတွေ ပြောရင်းမှ ကျွန်မက မနက်ကအကြောင်းကို သတိရပြီး သူတို့ကို ပြောပြမိသည်၊ ထိုအခါ သူတို့အားလုံးအံ့သြ သွားကြလေသည်၊

"နှင်တွေ့တဲ့ လူက အဖြူဝမ်းဆက် ဝတ်ထားပြီး ခေါင်းပေါင်းအဖြူ ပေါင်းထားတယ်ပေါ့ ဟုတ်လား"

ကျွန်မတို့အုပ်စုထဲမှ အသက်အကြီးဆုံး အစပ်စုတတ်ဆုံး မနီလှိုင်က သည်၊

"အင်း ... ထင်တာပဲ မိုးမလင်းသေးတော့ သိပ်တော့ မမြင်ရဘူး"

"နှင် ... သူ့ကိုတွေ့တာ ဟိုသရက်ပင်အကြီးကြီးနားမှာ မဟုတ်လား" ဖြစ်ရမှာလည်း ငါထင်တာတော့ နှင်နဲ့တွေ့တာ ဖိုးသူတော်ပဲဖြစ်မယ်ဟဲ့ ဟိုသရက်ပင်ကြီးမှာ ဖိုးသူတော်ရှိတယ်လို့ ကြားဖူးတယ်၊ တချို့လူတွေ



www.burmeseclassic.com

www.burmeseclassic.com

တောင်အဲဒီသရက်ပင်နားမှာ အဖြူဝမ်းဆက်ဝတ်ထားတဲ့ ဖိုးသူတော်ကြီးတဲ့ တစ်ခါတလေ တွေ့ကြတယ်တဲ့၊ နင်တွေ့တဲ့ပုံစံအတိုင်းပဲတဲ့"

ကျွန်မတို့နယ်မှာ သစ်ပင်စောင့်နတ်ရက္ခစိုးကို ဖိုးသူတော်ဟု ခေါ်ဝေါ်ကြသည်။ မနီလှိုင်စကားကြောင့် မေမေပြောပြခဲ့ဖူးတာလေးကို ကျွန်မသတိရသွားသည်။

—❑—

ကျွန်မတို့နယ်က ရွာလေးတစ်ရွာတွင် အမှန်တကယ် ဖြစ်ခဲ့ဖူးသော ဖြစ်ရပ်လေးဖြစ်သည်။ ထိုရွာက လူနှစ်ယောက်သည် အမှန်တကယ် ဖြစ်ခဲ့ဖူးတာလေးကို ကျွန်မ သတိရသွားသည်။

ထိုရွာက လူနှစ်ယောက်သည် ယာထဲတွင် စကားများရန်ဖြစ်ကြရင်း တစ်ယောက်ကို ကျန်တစ်ယောက်က ဓားဖြင့် ခုတ်လိုက်သည်။

ထိုလူသေလုမျောပါး ဖြစ်နေစဉ် ဓားဖြင့်ခုတ်သူကသေပြီဟုထင်ကာ ဆူးခက်ဆူးကိုင်းများဖြင့် အုပ်ခဲ့သည်။ ထို့နောက် ထိုလူက ရွာသို့ ပြန်သွားလေသည်။ အချိန်တန်၍ ဓားခုတ်ခံရသူပြန်မလာသောအခါ ရွာကလူများက မီးတုတ်များဖြင့်လိုက်ရှာကြသည်။ ဓားခုတ်ခံရသူမှာ သတိလစ်မသွားဘဲ ရွာသားများ၏ သူ့နာမည်ကို အော်ဟစ်ခေါ်သံများကို ကြားနေရသည်။ သူက ပြန်ထူးချင်သော်လည်း ခံစားနေရသောဝေဒနာကြောင့် မထူးနိုင်ပေ။ ထို အချိန်တွင် အထက်အောက် အဖြူရောင် ဝတ်ထားသော အဘိုးအို တစ် ယောက်ကသူ့အနီးသို့လာကာ နူးညံ့ချိုသာစွာဖြင့် ...

"လူလေး ... ထူးလိုက်လေ - လူလေးကိုခေါ်နေကြတယ် ထူးလိုက်လေ" ဟုပြောနေသည်။ ထိုလူကြီး၏အဆက်မပြတ်ပြောနေသောစကားသံကြောင့် သူ သတိလွတ်မသွားဘဲ လိုက်ရှာသူများကို အသံပေးနိုင်ခဲ့သည်။ သူ့အသံ ကြောင့် လိုက်ရှာသူများ ရောက်လာသောအခါ သူ့အနားတွင် ဘယ်သူ့ကိုမှ မတွေ့ရဟုပြောကြသည်။ ထိုအကြောင်းကိုထိုလူကျန်းမာရေးပြန်ကောင်းလာ လာသည့်အခါ ပြန်လည်ပြောပြခြင်းဖြစ်သည်။ ထိုလူကတော့ သူ့အသက်ကို ဖိုးသူတော်ကြီးက ကယ်တင်ခဲ့သည်ဟု ယုံကြည်နေလေသည်။



ရက္ခစိုးနတ်မင်းများနှင့်ပတ်သက်၍ ကျွန်မဦးလေးများပြောတာတွေကိုလည်း ကြားဖူးသည်။ ဦးလေးတစ်ယောက်ဆိုလျှင် တောမှာနေ၍ တောင်ယာလုပ်သူတစ်ဦးဖြစ်ပြီး ယာခင်းအလုပ်အားချိန်ဆိုလျှင် အိမ်မှနွားများကိုလွှတ်ကာ တောထဲသို့နွားကျောင်းထွက်ရသည်။ ထိုအခါမျိုးတွင် သူက နွားများကို စားကျက်တွင် လွှတ်ထားပြီး သစ်ပင်အရိပ်ကောင်းကောင်းတွင် အိပ်နေတတ်သည်။ သူအိပ်နေစဉ် နွားများ တခြားသို့ထွက်သွားလျှင် ဝတ်ဖြူစင်ကြယ်နှင့်အဘိုးအိုတစ်ယောက်က သူ့ကိုလာနှိုးတတ်သည်။

လူလေး ... ထ - ထ နွားတွေ သွားကုန်ပြီ ... ဟု ပြောပြီးနှိုးသဖြင့် သူ့အချိန်မီ နိုးလာရတတ်သည်။ သို့သော် နိုးလာသောအခါ ဘယ်သူ့ကိုမှ မတွေ့ရတော့ဘဲ စောစောကအဖြစ်က အိပ်မက်လိုလိုဖြစ်နေတတ်သည်တဲ့။ ဦးလေးက သူကိုယ်တိုင် ကြုံခဲ့ရသောအဖြစ်ကို ပြောပြခဲ့ခြင်းဖြစ်သည်။



ထဘီရှည်လျားနဲ့
ဆံပင်ရှည်လျားချထားတဲ့
မိန်းမကြီးတစ်ယောက်
သစ်ပင်ပေါ်က
ဇောက်ထိုးကြီး
ဆင်းလာတတ်တယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com

ရက္ခစိုးနတ်ဆိုသည်မှာ လူတွေကို ကူညီစောင့်ရှောက်ပေးတ သည်ဟု လူကြီးသူမတွေက ပြောကြသည်။ ကြီးမားသော သစ်ပင်ကြီးမျ သက်တမ်းရင့်သော သစ်ပင်ကြီးများတွင် ရက္ခစိုးရှိသည်တဲ့။ ထို့ကြောင့် သို့သစ်ပင်ကြီးများအောက်တွင် အပေါ့အလေးမစွန့်ရ၊ ရုန့်ရင်းကြမ်းတမ်း ဆဲဆိုခြင်း မပြုရဟု လူကြီးများက တားမြစ်ခဲ့ကြသည်၊ ကျွန်မတို့ လူငယ်မျ ကတော့ ရက္ခစိုးရှိသည်ဆိုတာ ကြားသာကြားဖူးပြီး ဘယ်သူမှ လက်တွေ မကြုံဘူးကြသဖြင့် ယုံတာလည်းမဟုတ်၊ မယုံတာလည်းမဟုတ်ဘဲ ဒဏ္ဍာ ပုံပြင်တစ်ခုလိုသာ သဘောထားခဲ့ကြသူတွေဖြစ်သည်။

ယခုတော့ လက်တွေ့ကြုံလာရသော ဖြစ်ရပ်က စဉ်းစားစရာ ဖြစ်လ ခဲ့ပြီ။ မနက်ဝေလီဝေလင်းအချိန်မှာ ကျွန်မရှေ့က လမ်းပြပေးခဲ့သူဟာ လူကြ တွေပြောကြတဲ့ ရက္ခစိုးနတ်မင်းလား။ ကျွန်မတစ်ယောက်တည်း မသွားရဲမှ သိသဖြင့် ရှေ့မှ ကိုယ်ယောင်ပြပေးခဲ့ခြင်းလား။ မမြင်နိုင်သော ပရလော သားများ မခြောက်လှန့် မနှောင့်ယှက်နိုင်အောင် ကာကွယ်စောင့်ရှောက်ပေ ခဲ့ခြင်းလား ...။

ကျွန်မ သေချာ မသိတော့ပါ။ သေချာသိတာတစ်ခုကတော့ ထိုသူ ကူညီစောင့်ရှောက်မှုကြောင့် ကျွန်မသည် စိတ်အေးချမ်းသာစွာဖြင့် ရွာ ဖြောင့်ဖြောင့် တန်းတန်းရောက်လာခဲ့သည်၊ မကောင်းသော ပယောဂ ကြောင့် စိတ်ညှိုးနွမ်း ချောက်ချားမှုများ ဖြစ်ရခြင်းမှ ကင်းဝေးခဲ့သည်၊ ကျေးဇူးတို့ကြောင့် ထိုဝတ်ဖြူစင်ကြယ်နှင့် သူတော်ကောင်းကြီးကို ကျွ ဘယ်တော့မှ မမေ့နိုင်တော့ပါ။

သဘာဝလွန်သော ဂမ္ဘီရဝတ္ထုဇာတ်လမ်းများကို ရေးသားနေသေ ကျွန်မသည် ကိုယ်တိုင်ကြုံတွေ့လိုက်ရသော ထိုထူးဆန်းအံ့ဩဖွယ် ဖြစ် ကလေးကို တစ်သက်တာလုံး သတိရနေမိပါတော့သည်။

>> နတ်မိမယ်

# အကျဉ်းစံချစ်ဝိညာဉ်

ထားဥသုံ



www.burmeseclassic.com

www.burmeseclassic.com

# အကျဉ်းစံချစ်ဝိညာဉ်

ထားဥသုံ

ည သည် ပကာတိဆိတ်ငြိမ်နေ၏။ စိုးစဉ်းမျှ မည်သည့်အသံမျှမကြားရ။ ယုတ်စွအဆုံး ညင်းသွဲ့သော လေနုအေး၏ အထိအတွေ့ကို အမှန် ခံစားနေရသည့်တိုင် လေ၏ကျီစယ်မှု သင်္ကေတ အဖြစ် သစ်ရွက်ကလေးများ၌ပင်လျှင် အလှုပ်အရှား အယမ်းအခါကို မမြင်ရ။ အသံမဲ့၊ အရိပ်မဲ့၊ ခံစား ရမှု အာရုံတစ်ခုတည်းသာလျှင် သက်ရောက်စေ လျက် ကျန်အရာအားလုံးသည် ချောက်ချားဖွယ် ကောင်းလောက်အောင် ငြိမ်သက်တိတ်ဆိတ်နေ ကြသည်။

ကသစ်က ရောက်ရှိရာ နေရာတွင်ပင် တုံ့ဆိုင်း ဆိုင်း ရပ်လိုက်မိသည်။

သူမနှင့် မလှမ်းမကမ်းတွင် ဆေးရုံအဆောက် အအုံမည်းမည်းကြီးကို လှမ်းမြင်နေရ၏။



ကြေမီးများ ထွန်းထားသည်မှအပ အဆောက်အအုံတစ်ခုလုံးသည် သက်ရှိဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိသည့်နှယ် ထီးတည်းအေးစက် စွာ ဝပ်စင်းနေလေသည်။

ဟင် ... လူတွေ ... ဘယ်ရောက်ကုန်ကြတာလဲ။ ဘာလို့ တစ်ယောက်မှ မမြင်ရတာလဲ။ ညနက်လို့ အိပ်ပျော်နေကြတာလား။

ကသစ်တအံ့တဩတွေးလိုက်မိ၏။ ပတ်ဝန်းကျင်၏ ထူးထူးကဲကဲ ငြိမ် သက်နေမှုက ကသစ်၏ စိတ်ကို ပို၍ချောက်ချားအောင် လှုံ့ဆော်နေ သယောင် ရှိတော့၏။

"ဟင်း ..."

အသံထွက်အောင်ပင် ကသစ်အကြောက်သက်ပြင်းကြီးတစ်ချက်ချ လိုက်မိ၏။ သူမက လက်ထဲတွင် ကိုင်ထားသော ကတ်စက္ကူအိတ်ကလေး ကို အမှတ်မဲ့ကြည့်သည်။ အမျိုးသားဝတ် အဝတ်အစားများ ထည့်ထားရာ အိမ်အပေါ်ဆုံးတွင် ကွမ်းရိုးစင်းရှပ်အင်္ကျီအစိမ်းနုလေးက သေသပ်ပြန့်စန့် စွာ အကျော့သား နေရာယူထားသည်။

ကသစ် ရုတ်ခြည်းမျက်ရည်ဝဲရှင်လာ၏။

ဤအင်္ကျီလေးသည် ကိုကို့ကို သူမ စတင်တွေ့ဆုံချိန်က ကိုကိုဝတ်ဆင် ထားခဲ့သော ကိုကိုနှင့် သူမအတွက် တစ်သက်တာ အမှတ်တရဖြစ်စေခဲ့ သော အင်္ကျီလေးဖြစ်ပါသည်။ ခုတော့ ...။

ကသစ်က မျက်လုံးအိမ်မှ ရုတ်တရက်ပြို့ဆင်းလာသော မျက်ရည် အတာကို ကျိုးပေါက်မသွားအောင် မျက်လုံးအစုံအား တင်းတင်းမှိတ်၍ ပိတ်ထားလိုက်ရသည်။ ခေါင်းကိုမော့ကာ တစ်ချက်ခါယမ်းလိုက်ရင်း စိတ် ကို တင်းသည်။ နောက် ... လူသူမှအစ လှုပ်ရှားမှုကင်းမဲ့ကာ ထီးတည်းရှိနေ သော ဆေးရုံအဆောက်အအုံဆီသို့ သူမ ခပ်သွက်သွက် ဆက်လျှောက် သွားလိုက်၏။ ဝန်းကျင်၏မတော်မတရားတိတ်ဆိတ်နေမှုက သူမကို အလို လိုပို၍ သွေးလန့်နေစေသလို ရှိနေလေသည်။

သူမကကော်ရစ်ဒါ ထောင့်ချိုးကွေ့အထိ ကြောက်ကြောက်နှင့် လေပြေး တစ်မည်လျှောက်သွားကာ ချိုးကွေ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အား ... ကဲ ... ကဲကွာ ... အ ... အား"

"ရှင် ... ခွမ်း ... ဒေါက် ... ချွင် ... ဘုန်း ... ဝုန်း ..."

"ကဲ ... ကဲ ... အား ..."

ပိတ်ထားသော အခန်းတံခါး၏ အတွင်းဘက်ဆီမှ အော်ဟစ်ညည်းညူသံများနှင့်အတူ အရာဝတ္ထုတို့ ပြိုလဲကျသံ၊ ကွဲရှသံ အသံပေါင်းစုံက ရုတ်တရက် စီခနဲ ထွက်ပေါ်လာ၏။

"ဟင်"

ကသစ်... အထိတ်တလန့်ရပ်လိုက်မိပြီးမှ တံခါးဆီ ပြေးသွားကာ အလျင်စလို ဆွဲဖွင့်လိုက်၏။

"အို ... အမလေး"

အံ့အားတသင့် စိုးထိတ်စွာ ရေရွတ်လိုက်မိရင်း ကသစ်လက်ထဲမှ အဝတ်အိတ်ကို အသိမဲ့လွှတ်ချလိုက်မိသည်။ အသံကုန်ဟစ်အော်မိမလို ပြင်လိုက်မိသော သူမ၏နှုတ်ခမ်းများကိုလည်း လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ မနိုင်ရင်ကာ ပိတ်ဆို့မိ၏။ မြင်နေရသောမြင်ကွင်းကို ပြူးကျယ်သော မျက်ဝန်းအစုံဖြင့် စိုးရွံ့တကြီး စိုက်ကြည့်နေမိလျက်လည်း ဖြစ်နေတော့သည်။

"ကို ... ကိုကို ... ကို ... ကို ... ဘုရား ... ဘုရား ..."

ဆေးရုံကုတင်ထက်တွင် ရှုပ်ထွေးသော ပိုက်ပေါင်းမြောက်မြားစွာနှင့် ဆက်သွယ်၍ လူသေနှင့်မခြား ထာဝရငြိမ်သက်စွာ ရှိနေခဲ့သော ကိုကို ...။

ကိုကိုသည် ကုတင်ဘေးတွင် မားမားကြီး ရပ်နေ၏။

သူသည် သူ၏ ဦးခေါင်း၊ နှာခေါင်း၊ ပါးစပ်၊ လည်ပင်း ... စသည်တို့တွင် တန်းလန်းချိတ်ဆက်ထားသော ပိုက်မျိုးစုံကို ဒေါသတကြီးဆွဲဖြုတ်ပစ်နေသည်။ ကိုကို၏ ရင်ဘတ်၊ လက်ဖျံ၊ လက်မောင်းတစ်ပိုက်တွင် ဆွဲခွာထား၍ ပြုတ်ကျနေသော ပိုက်ကြိုးအချို့က တို့လို့တန်းလန်း စင်းစင်းကျသည့်ကျလျက်၊ ချိတ်သည့်တို့ ချိတ်လျက်။

ထိုပိုက်ကြိုးတို့၏ ချိတ်ဆက်ရာ ကုတင်ပတ်လည်ရှိ စက်မျိုးစုံသည် ခလုတ်မပိတ်ဘဲဖြစ်သလို ဆွဲခွာချလိုက်ခြင်းကြောင့် ကျိုးကျိုးကျည်ကျည် တတီတီ တစီစီ အသံပေါင်းစုံမြည်ကာ ဆူညံညံအသံထွက်နေကြလေသည်။



ကသစ်အံ့အားသင့်စွာ ကြည့်နေရင်းပင် ကိုကို့ပေါ်တွင် တပ်ဆင်ထားသော ပိုက်များစွာသည် ကိုကိုက မည်သို့ပင် ဆွဲခွာနေပါသော်လည်း ခွဲစဉ်ခကာသာ ပြုတ်ထွက်လျက် ချက်ချင်းလိုလို ကိုယ်သို့ ပြန်ကပ်သွားနေကြ၏။

ကိုကိုက ဒေါသတကြီး ကမူးရှူးထိုး ဆွဲခွာလိုက်၊ ပိုက်များက သူ့အလိုလို ပြန်တွယ်ကပ်လိုက်၊ ကိုကိုက ထပ်ဆွဲဖြုတ်လိုက်နှင့် ကိုကိုသည် ပိုက်ကြိုးများအလယ် ပရမ်းပတာ ချာချာလည်နေလေသည်။

"အား ... ကို ... ကိုကို ... မ ... မလုပ် ... ပါ ... နဲ့"

ကသစ် ထိတ်ထိတ်ပျာပျာအော်လိုက်မိသည်ထင်၏။ ပိုက်ကြိုးများ ဘယမ်းယမ်းနှင့် ချာလပတ်ယမ်းနေသော ကိုကိုသည် ဖြုန်းခနဲရပ်သွားကာ ကသစ်ဘက်သို့ လှည့်ကြည့်လာသည်။ ကိုကို့မျက်နှာသည် ဒေါသရောင်ဖြင့် ရဲတွတ်ကာ ချွေးသီးလုံးများ စီနေ၏။ ပိုက်များက ဆွဲခွာ၍ မရဘဲ သူ့ကို အသေပြန်ကပ်နေကြခြင်းကြောင့် ဒေါသတကြီးဖြစ်နေဟန်ကို ကသစ် အတိုင်းသားမြင်နေရသည်။

"ကို ... ကို ... မ ... မလုပ်ပါနဲ့ ... ကို ... တိုရယ်"

ကသစ်ယောင်ကန်းကန်းနှင့်ထပ်၍တီးတိုးပြောမိသည်။ ကသစ်သည် သူမ၏ လက်နှစ်ဖက်ကို နှုတ်ခမ်းပေါ်တွင် အုပ်လျက်သား ကပ်ထားရင်း ကြောက်စိတ်ဖြင့် တစ်ကိုယ်လုံး တုန်ယင်လှုပ်ခါနေ၏။ ဒေါသဖြင့် နီမြန်းနေသော ကိုကို၏ မျက်နှာသည် ကသစ်ကို လှည့်ကြည့်နေရာက သနားစဖွယ် အဖြည်းဖြည်းညှိုးကျသွား၏။

ဒေါမာန်ကြီးစွာ သူဆွဲခွာနေသော ပိုက်များကိုလည်း ဆက်မဖြုတ်တော့ဘဲ ကိုကို့လက်နှစ်ဖက်က ဘေးသို့ အင်အားမဲ့စွာ တန်းလန်းကျသွားခဲ့သည်။ ကိုကို့မျက်ဝန်းများသည် မျက်ရည်များအိုင်ထွန်းရစ်ဝဲလာလျက် မျက်နှာသွင်ပြင်မှာလည်း မြင်ရသူရင်နင့်စဖွယ် နွမ်းနယ်ညှိုးလျှလာနေလေသည်။ ကိုကိုသည် ကသစ်နှင့် မျက်နှာချင်းဆိုင်မိသည်ထိ သူ့ကိုယ်ကို ကသစ်ဘက်သို့ ဖြည်းညင်းစွာ လှည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကသစ် ... ကိုကို ... ကိုကို ... သွားပါရစေ၊ သွားပါရစေတော့ ...။ ကိုကို့ကို ... ကိုကို့ကို ... လွှတ် ... လွှတ်ပေးပါ ... ကိုကို့ကို ... ကယ် ... ကယ်ပါ — ကသစ်ရယ်၊ ကိုကိုသွားချင်ပြီ ...သွားချင်ပြီကသစ်"

"ဝုန်း"

ပြောပြောဆိုဆိုပင် ကိုကိုသည် နေရာတွင် ဝုန်းခနဲ ပြိုလဲကျသွားသည်။

"အား ... ကို ... ကို ... ကယ် ... ကယ်ကြပါ ... အား ..."

ကသစ်၏ သည်းထိတ်ရင်ဖို အော်ဟစ်လိုက်သံက ဆွံ့အညာ၏ တိတ်ဆိတ်မှုကို ကြမ်းရှစွာ ဖြိုခွဲလိုက်တော့သည်။

== ၂ ==

"ဘယ် ... ဘယ်လို ... ဆရာ ... ဒီ ... ဒီဟာမ ... ထပ် ... ထပ် ပြောပြန်ပြီလား ... ဘယ်မလဲ ... သူ ... ဘယ်မလဲ"

ဝုန်းခနဲ ထရပ်ကာ ဒေါသတကြီးဖြစ်သွားသော ဒေါ်တင်တင်မာကို ခင်ပွန်းဖြစ်သူ ဦးမိုးဟန်က ဆွဲထိန်းလိုက်ရင်း ...

"ဟာ ... တင်တင်ရယ် ... နေစမ်းပါကွာ ... ဆရာ့ကို ... ဆရာ့ကို ...အားနာစရာ၊ စိတ်လျှော့စမ်းပါဦး"

"ဟီး ... ဟင့် ... ဟင့် ... ကျွန်မမှာ ဒီသားလေးတစ်ယောက်တည်းရှိ — ရှိတာရှင့်၊ ကျွန်မသားကို ကျွန်မ ... ရအောင် ကု ... ကုမယ်၊ ကုမှာပဲ ...။ ဘာတဲ့ — သားလေးကို အသက်ဆက်ထားတဲ့ ဒီပိုက်ကြီးတွေ ဖြုတ်ပေးပါတဲ့လား — ဟုတ်လား ...။ ဆရာ့ကို သူ ဒီလို ထပ်ပြောသေးသတဲ့လား။

ဒီပိုက်ကြီးတွေ ဖြုတ်ပစ်မှတော့ သားလေး သေသွားမှာပေါ့။ သူ့မို့ — ပြောထွက်ပါရဲ့၊ ဒီဟာမက ကျွန်မသားကို မြန်မြန်သေစေချင်နေတာ၊ အင်းလေ ... ဒါမှ သူက လင့်အမွေရမှာကိုး၊ ဟင့် ... ဟင့် ... သားရေ ... ဟီး ... ဟင့် ... ဟင့် ... မင်းချစ်လှပါတယ်ဆိုတဲ့ မင်းမိန်းမက ... မင်းကို ... မသေနိုင်လို့စိတ်မရှည်ဖြစ်နေပြီလေ ... သားရဲ့ မင်းကို သေခိုင်းနေပါပကောလားကွဲ့ ... ဟီး — အစ် ... အစ်"



အထူးခန်းထဲမှ စူးထွက်လာသော ငိုသံကို နားထောင်ရင်း ကသစ်မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာသည်။

မဟုတ် ... မဟုတ်ရပါဘူးမေမေရယ်၊ ကသစ်လေ .. ကိုကို့ကို သိပ်ချစ်တာပါ၊ ကသစ်... ကသစ်... ကိုကို့ကို သနားလွန်းလို့ပါ၊ ကိုကို့ကို ကသစ်တို့ လွှတ်...လွှတ်ပေးကြရအောင်ပါနော်၊ ကိုကိုက ထပ်ခါတလဲလဲ တောင်းဆိုနေလွန်းလို့ပါ မေမေရယ်၊ ကိုကို ကိုယ်တိုင်က တောင်းဆိုလွန်း လို့ပါ။

ကသစ်က အခန်းအကွယ်တောင့်မှ အတွင်းဘက်သို့ မျက်ရည်များ ရစ်ဝိုင်းအုံ့ဖွဲ့နေသော မျက်လုံးအစုံဖြင့် အသာခေါင်းပြူကြည့်သည်၊ ကိုကို့မေမေသည် ဆေးရုံကုတင်ပေါ်တွင် ပကတိလဲလျောင်းငြိမ်သက်နေသည့် သူ့သား၏ ပိုက်ကြီးများ တပ်လျက် ရှိနေသော လက်ကို ဆုပ်ကိုင်ကာ နင့်နင့်နဲနဲငိုရင်း ရှိုက်ရင်း ပြောဆိုနေလေသည်၊ သူမကို ဆရာဝန်ကြီးနှင့်တကွ ဘသစ်၏ယောက္ခထီးက ချော့မော့ ဖျောင်းဖျနေကြသည်။

ကသစ်...အခန်းနံရံကိုမျက်နှာအပ်ကာရှိုက်ကြီးတငင်ငိုမိတော့သည်၊ သူ့ကိုယ်ပေါ်တွင် နှောင်ဖွဲ့နေသော ပိုက်ကြီးများအား မွန်းကြပ်စွာ ဆွဲဖြုတ်နေဟန် ကိုကို့အသွင်ကို ကသစ်၏အတွေးမျက်ဝန်းထဲ မြင်ယောင်လာမိ၏။

ကိုကိုသည် သူ့အား လွှတ်ပေးပါမည့်အကြောင်း ကသစ်ကို အကူအညီတောင်းခံခဲ့သည်မှာ ကြိမ်ဖန်များစွာ ရှိခဲ့ပြီ၊ မနေ့ညကကဲ့သို့ပင် လူနာစောင့်ရင်း မေးခနဲ အိပ်ပျော်သွားမိချိန်တိုင်း ကိုကိုတစ်ယောက် ပိုက်ကြီးများထံမှ ရုန်းထွက်နေပုံမျိုးကို ကသစ်မှာ ထပ်တလဲလဲ အိပ်မက်မက်နေခဲ့ရသည်၊ မြင်မက်သည့် အကြိမ်တိုင်းလည်း ကိုကို၏ မွန်းကြပ်မှုများ ပေါက်ကွဲမှုများကို သနားစဖွယ်၊ ရင်နင့်စဖွယ် သူမ တွေ့နေရ၏။

"ကိုကို... ထောင်သားတစ်ယောက်လို ခံစားနေရတယ် ကသစ်ရယ်၊ ကိုကို... ကိုကို့ခန္ဓာကိုယ်ထဲမှာ ပိတ်မိနေတယ်၊ အသက်ကယ်စက်တွေ၊ ခာတ်ရောင်ခြည်တွေ၊ စက်ကိရိယာတွေနဲ့ ချိတ်ဆက်ပြီး ကိုကို့ကို အတင်းဆွဲမထားပါနဲ့၊ ကိုကို... သွားပါရစေ၊ ကသစ်... ကိုကို့ကို ကယ်ပါ၊ ကယ်ပါဦး ကသစ်"



www.burmeseclassic.com

www.burmeseclassic.com

ကိုကို၏ သနားစဖွယ် တောင်းပန်တိုးလျှိုးပြောနေသံလေးများကို ကသစ်၏ စိတ်နားတွင် အစဉ်ကြားနေရ၏။ ကိုကို့ကို သနားလွန်းသဖြင့် ကိုကိုဆန္ဒရှိသည့်အတိုင်း လွတ်မြောက်သွားစေလိုသော ကရုဏာစိတ်ကြောင့် ကိုကို့ကို ကုသနေသော တာဝန်ခံဆရာဝန်ကြီးကို ကသစ်အရဲစွန့်ကာ "သည်ကြိုးတွေ ဖြုတ်ပေးလို့ မဖြစ်ဘူးလား" ဟု ထပ်မံတောင်းဆိုမိခဲ့ခြင်း ဖြစ်လေသည်။

ဆရာဝန်ကြီးကမူ မျက်ရည်လည်ရွဲနှင့် တောင်းပန်နေသော ကသစ်ကို အဓိပ္ပာယ်ပြည့်လျက် ကသစ်၏ ခံစားချက်အပေါ် နားလည်ဟန် ပြုရှာပါသည်။

ကသစ်ကို သည်ကြိုးများ ဖြုတ်ပေးပါရန် ကိုကိုစတင်၍ အိပ်မက်မေးစဉ်ကတည်းက ကိုကို့မိဘများအား ကသစ်ကြေကွဲရှိုက်ငင်စွာ ပြောပြခဲ့မိသည်။ အထူးသဖြင့် ကိုကို၏မိဘများ ယောက္ခမဒေါ်တင်တင်မာက ကသစ်ကို ကြောက်မက်ဖွယ်ရန်သူတစ်ယောက်နယ် စူးစူးဝါးဝါးကြည့်ကာ သူ့သားကို သတ်မယ့် မိန်းမယုတ်... ဟုပင် နင့်နင့်သီးသီးပြောဆိုငိုရှိုက်ခြင်း မေ့လဲကျသွားခဲ့ဖူးသည်။ ကသစ်က အိပ်မက်လိုလို တကယ်လိုလို ထင်ရသည့်တိုင် မြင်မက်သည့်အတိုင်း အမှန်အတိုင်း ပြောပြခဲ့ခြင်း ဖြစ်သော်လည်း သူမကို မည်သူကမျှ မယုံကြ။ သည်ထဲကပင်...။

သူနာပြုဆရာမလေးမှတစ်ဆင့် ကသစ်၏ ထိုထပ်မံတောင်းဆိုမှုကို ဒေါ်တင်တင်မာသိသွားခဲ့သည့်အတွက် သူမ၏ ယောက္ခမ ယခုလို ပေါက်ကွဲနေခြင်းဖြစ်ပါသည်။ ကသစ်အပြစ်မတင်ရက်ပါ။ မိခင်တစ်ယောက်၏ ခံစားမှုကို ကသစ်ကိုယ်ချင်းစာနာမိပါ၏။

ကိုကို သည်သို့ "ကိုမာ" ဝင်ပြီး ဦးနှောက်အလုပ်မလုပ်တော့ဘဲ ဆေးရုံ အထူးခန်းတွင် စက်များ၏ အကူအညီဖြင့်သာ အသက်ဆက်နေခဲ့ရသည်မှာ "လ" နှင့် ချီနေခဲ့ပြီ။

(ကိုမာ - အသက်ရှင်နေသေးသော်လည်း ဦးနှောက်က အလုပ်ကောင်းစွာ မလုပ်တော့သည့် အတွက် လူသေနီးပါး သတိလွတ်မေ့မြောနေသော ဝေဒနာ)



ကိုကို့မိဘများသည် ကျိုကျိုတက်ချမ်းသာကြွယ်ဝကြသဖြင့် တစ်ဦးတည်းသောသား၏အသက်ကိုလက်မလွှတ်နိုင်ကြရှာဘဲပြန်လည်ကောင်းမွန်လာလေမည်လား ... ဟူသော မျှော်လင့်ချက်ဖြင့် ဖြစ်နိုင်သမျှ နည်းလမ်းသုံးကာ ကုသစေလျက်ရှိ၏။ သို့သော် -

ကိုကို့ခံစားချက်ကို ကသစ်သိပင်သိနေရသော်လည်း "အိပ်မက်ထဲမှာ ကိုကိုက ကသစ်ကို အသည်းအသန် အကူအညီတောင်းနေတာ၊ ပြောပြနေတာပါ" ဟူသော ကသစ်၏ စကားအတွက် ခိုင်မာသော သက်သေပြစရာမရှိ။ ကိုကိုပေးသမျှ အိပ်မက်များကို ဖြစ်နိုင်လျှင် ဗီဒီယိုခွေရိုက်သလို ရိုက်ထားပြီး ပြန်ပြ၍ ရလျှင် အကောင်းသား။ ခုတော့ "အိပ်မက်ထဲမှာ" ဆိုသည့် တ ယုံတမ်းစကားလေး။



သူမနောက်မှ ခြေသံကြောင့်
ကသစ် ချာခနဲ လှည့်ကြည့်မိသည်။
မရှိ။ ဘာမျှမရှိ။
သို့သော် ကိုကိုသုံးနေကျ
Gucci ရေမွှေးနံ့ကို
ရှူးခနဲရလိုက်သည်။
အံ့အားတသင့်ဖြင့် သေချာရှုစ်ပြီး
အနံ့ခံတော့ မရတော့ပြန်။
ကသစ်စိတ်တွေ
တစ်မျိုးကြီး ဖြစ်လာသည်။
ဒီနေ့မှ ကိုကို့ကို ဘာလို့ ဒီလောက
သတိရနေမိတာပါလိမ့်။

www.burmeseclassic.com

"သူက လီဆယ်ပြီး ညာက်နီညာက်နက်နဲ့ ပြောနေတာ။ အိပ်မက် မက်တယ်ဆိုတာတော့ လူတိုင်းကြုံကြိုက်သလို ပြောလို့ ရတာပဲ။ ငါ့သား အိပ်မက် ပေးရိုးမှန်ရင် ငါ့ကိုလည်း ပေးမှာပေါ့။ ငါလည်း အမေပဲ။ အလကား ... ငါ့သားကို သေအောင် သတ်ချင်နေတဲ့မိန်းမ၊ စကတည်းက ငွေမက်လို့ ဖြားယောင်းယူခဲ့တာဥစ္စာ။ ငါ့သား အမွေတွေကို သူလိုချင်လို့"

ယောက္ခမကြီး၏ စွပ်စွဲစကားများကို ကသစ်မည်သို့ ရှင်းနိုင်ပါအံ့နည်း။ မည်သို့ သက်သေတင်ပြနိုင်ပါအံ့နည်း။

ကိုကိုက ကိုကို့အမေကိုလည်း အိပ်မက်ပေးရင်ကောင်းမှာ။ ဘာလို့ — ကသစ်ကိုပဲ ပေးနေရတာလဲ ကိုကိုရယ်။ ကသစ်မြင်မက်သလို မေမေ့ကိုလည်း ကိုကိုအိပ်မက်ပေးနိုင်ရင် မေမေယုံချင်ယုံမှာ။

သနားစဖွယ် ကိုကို့အသွင်ကို မြင်ယောင်ရင်း ရင်နင့်ကြေကွဲစွာ ငိုရမည့် တစ်ပါး ကသစ်က မျက်လုံးအစုံကို မှိတ်၍ မျက်ရည်များကို ပိတ်လိုက်၏။ မဝေးလှသော အတိတ်တို့သည် အရိပ်ပမာ။

— ❀ —

"ကသစ်စံ ... ရေ ... ။ ပန်းကန်တွေ ဆေးပြီးရင် ရှေ့မှာ နေရာသွားစီပေးစမ်းပါဦး။ မောင်စိုးတစ်ယောက်ထဲ မနိုင်တော့ဘူး"

"ဟုတ် ... ဟုတ် ... ဒေါ်လေး"

ဒေါ်လေးမေကို ပြောရင်း ဆေးပြီးသော ပန်းကန်များကို စားပွဲတွင် တင်ပေးခဲ့ကာ ဆိုင်ရှေ့သို့ ကသစ်ပြေးရသည်။ သည်အချိန်က ထမင်းစားချိန်မို့ ဆိုင်တွင် လူကျသည်။ ဒါတောင် ကသစ်တို့ဆိုင်က ထောင့်ဆုံးဆိုင်သေးလေးမျှသာဖြစ်၏။ အဝေးပြေးဂိတ်အတွင်း ဆိုင်ခန်းကြီးများအနားမသိနိုင် လက်ဖက်ရည်ဆိုင်ကြီး တစ်ဆိုင်၏ ထောင့်နေရာလေးကို ငှားပြီးစားပွဲကြီး တစ်လုံး၌ ထမင်းဟင်းစတီးအိုးများ တန်းစီတင်ကာ ရောင်းရခြင်းဖြစ်၏။

ဆိုင်က သေး၍ ထောင့်ကျသော်လည်း ဒေါ်လေးနှင့်ကသစ်က ဟင်းချက်လက်ရာကောင်းသဖြင့် အထိုက်အလျောက် ရောင်းရပါသည်။ ရောင်းကျသော ဆိုင်လေးမို့ တော်ရုံလူမဝင်သည့်တိုင် ဆိုင်ကြီးများမှာ လူပြည့်ကျပ်နေလျှင် ကသစ်တို့ဆိုင်ဘက် လှဲ့ပြီး ရောက်လာတတ်သည်။



သို့သော် ကသစ်တို့ ဆိုင်တွင် ဝင်စားဖူးပြီးပြီဆိုလျှင်တော့ လက်ရာနှင့် စေတနာကို အသိအမှတ်ပြုသွားရသည်ချည်း။ နောင်ကြုံသည့်အခါတိုင်း ကသစ်တို့ ဆိုင်လေးသို့ တကူးတက လာရောက်စားသောက်လေ့ရှိကြလေသည်။

တစ်နိုင်တစ်ပိုင် ဖွင့်ရသည့်ဆိုင်လေးမို့ လူငှားလည်း မခေါ်နိုင်ပါ။ ဒေါ်လေး၊ ကသစ်နှင့် ဒေါ်လေးယောကျ်ားဘက်မှ ဆယ့်သုံးနှစ်အရွယ်တူဝမ်းကွဲ မောင်စိုးသာ ရှိလေသည်။

ဒေါ်လေးသည် ကသစ်မေမေ၏အစ်မရင်းဖြစ်သည်။ ညီအစ်မနှစ်ယောက်သာရှိ၏။ ကိုယ့်အိမ်ထောင်နှင့်ကိုယ်နေထိုင်ကြရင်းကသစ်၏မိဘများက ကသစ်အပျိုဖော်ဝင်စတွင် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြသည်။ မေမေက သားအိမ်ကင်ဆာဖြင့် ဆုံးပါးသွားခဲ့ပြီး နှစ်မကြာမီပင် အဖေက ကားအက်ဆီးဒင့်နှင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

ထို့ကြောင့် တစ်ဦးတည်း သမီး၊ နိုကိုးရာမဲ့ ကသစ်စံကို အဒေါ်ဖြစ်သူက ခေါ်ယူစောင့်ရှောက်ခဲ့သည်။ အဒေါ်တို့ လင်မယားမှာ သားသမီးမထွန်းကားကြသူများဖြစ်၍ ကသစ်ကို သမီးရင်းကဲ့သို့ ချစ်ခင်စွာ စောင့်ရှောက်ခဲ့ကြပါသည်။ အဒေါ်တို့က ဝါးမနီအရောင်းအဝယ်လုပ်သူများဖြစ်ပြီး မိသားစုနည်းခြင်းကြောင့် မချမ်းသာသော်လည်း မချို့မငဲ့ နေနိုင်ကြပါ၏။

သို့စဉ်ပြီးခဲ့သော နှစ်နှစ်လောက်က ဦးလေးစောနီ ကျောက်ကပ်ရောဂါဖြင့် ဆုံးသွားခဲ့ရာ ယောကျ်ားသားမရှိတော့သဖြင့် ဒေါ်လေးမေမှာ ဝါးမနီလုပ်ငန်းကို ဆက်မလုပ်နိုင်တော့။ ဦးလေးဘက်မှ ဆွေမျိုးများ အကူအညီဖြင့် ရန်ကုန်အောင်မင်္ဂလာအဝေးပြေးဂိတ်အတွင်း ဤထမင်းဆိုင်လေးကို ဖွင့်ကာ တူဝရီးနှစ်ယောက် စားဝတ်နေရေးကို ဖြေရှင်းခဲ့ရလေသည်။ ဆိုင်လေးက အထိုက်အလျောက်ရောင်းချခဲ့ရရာ ယောကျ်ားဘက်မှ ဝမ်းကွဲလေးတစ်ယောက်ကို ဒေါ်လေးက အတူခေါ်ထားခြင်းဖြစ်၏။

ဦးလေးဆုံးသည့်နှစ်က ကသစ်စံမှာ ဆယ်တန်းဖြစ်သည်။ ထိုနှစ်က ကသစ်ဆယ်တန်းကျ၏။ ဒေါ်လေးက ကျောင်းဆက်တက်ရန် ထားပေးပါ



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း စားဝတ်နေရေးအခြေအနေအရ ကသစ်ကျောင်းထွက်လိုက်သည်။ ဒေါ်လေး၏ ထမင်းဆိုင်ကို ကူညီလုပ်ကိုင်ပေးကာ ဝမ်းရေးကိုအဓိကထားရန်ကြိုးစား၏၊ အရှောင်းအဝယ်တွင် အသားကျလာတော့ မူလက စာမေးပွဲပြန်ဖြေရန် ရည်ရွယ်ချက်ကို ကသစ်စိတ်မပါတော့၍ မဖြေဖြစ်တော့ပါ။

"ရော့ ... ရော့ ... မောင်စိုး၊ အမဲသားဟင်းနဲ့ တစ်ပွဲချလို့ရပြီ၊ ကသစ် — ဟိုစားပွဲကလူ ပုစွန်ဟင်းမှာထားတာ သွားချလိုက်ပါဦးဟယ်၊ ကြာနေပြီ"

"ဟုတ် ... ဘယ်စားပွဲလည်း ဒေါ်လေး"

"ရှေ့ဆုံးက စားပွဲ၊ ရှပ်အင်္ကျီအစိမ်းနုရောင်နဲ့ ကောင်လေး၊ ရော့ — ဒီဝက်သားက ဟိုဘက်စားပွဲကို ချပေးနော်"

ကသစ်က ဟင်းပန်းကန်များကို ရှေ့ဆုံးစားပွဲများဆီ သယ်လာသည်၊ အဲ... ဘယ်မှာချရပါ့၊ ရှေ့ဘက်စားပွဲနှစ်လုံးတွင် အစိမ်းနုရောင် ရှပ်အင်္ကျီနှင့်လူက နှစ်ယောက်ဖြစ်နေသည်၊ တစ်ယောက်စားပွဲတစ်လုံးစီတွင် ထိုင်နေကြ၏၊ တစ်ယောက်က အစိမ်းနုရောင်ကွမ်းရိုးစင်းရှပ်၊ နောက်တစ်ဦးက အစိမ်းနုရောင်ပြောင်ရှပ်၊ ဘယ်အစိမ်းနုက ပုစွန်လဲ၊

"ပုစွန်မှာထားတာ ဘယ်သူလဲရှင်"

ကသစ်မေးသည်၊ ကွမ်းရိုးစင်းရှပ်နှင့် လူငယ်က သူ့အဖော်များနှင့် စကားပြောနေ၍ မကြား၊ တစ်ဖက်စားပွဲမှ ပြောင်ရှပ်အစိမ်းနုနှင့် လူငယ်ကလည်း ဖုန်းပြောနေ၏၊ ကသစ်မေးသည်ကို မဖြေအား၊ လက်သာထောင်ပြ၏၊ ထို့ကြောင့် ကသစ်က ထိုလူငယ်မှာသည်ထင်ပြီး ထိုလူငယ်ထံ ပုစွန်ပန်းကန်ကို ချပေးလိုက်သည်၊ သည်ဘက်စားပွဲသို့ ဝက်သားပန်းကန်တင်ပေးကာ နောက်ဘက်မှ ဒေါ်လေးခေါ်ရာဆီ အပြေးသွားမည်အပြု ...၊

"ဟာ ... ကျွန်တော်မှာတာ ... ဝက်သားဗျ"

"ဒီမှာ ... ပုစွန်ဟင်းမှာတာလေ"

အစိမ်းနုရှပ်နှစ်ယောက်၏ ပြောသံများ ပြိုင်တူလို ထွက်လာသည်၊

"အို ... ဆောရီးပါရှင်၊ ကွမ်းရိုးစင်းအစ်ကိုက ပုစွန်မှာတာလား၊ ရှေ့ — အစ်ကို"

ကသစ်က တောင်းပန်ရင်း ပန်းကန်ချင်း ပြန်လဲပေးလိုက်၏၊



"ဟာ ... ဘာလဲဗျ၊ ကွမ်းရိုးစင်း"

"ဘာ ... ပြောင်အစ်ကိုလဲဗျ"

လူငယ်နှစ်ယောက်၏ တအံ့တသြမေးသံထွက်လာသည်၊ ထိုအခါမှ ကိုယ့်အမှတ်နှင့် ကိုယ် အလျင်စလို သုံးလိုက်မိပုံကို သတိရပြီး ကသစ်ရုက်ကာ ရှိန်းခနဲ ဖြစ်သွား၏၊

"အဲ ... ဟို ... ဟို ... ရှပ် ... ရှပ်အင်္ကျီအရောင် ... တူ ... အဲ ..."

ရှက်ရှက်နှင့် ကသစ်စကားမဆုံးဘဲ နောက်သို့ ပြန်ပြေးမိတော့၏၊ နောက်ရောက်မှ ကသစ်အသာလှည့်ကြည့်တော့ လူငယ်နှစ်ယောက်ရယ်နေကြသည်ကို တွေ့ရလေသည်၊

ကသစ် ... နှစ်ခြိုက်စွာ ပြုံးလိုက်မိ၏၊ ကသစ်နှင့် ကိုကိုသည် ထိုမှစ၍ ခင်မင်သွားခဲ့ရသည်၊ ကသစ်နှစ်ဦး စတင်တွေ့ဆုံခဲ့ရပုံလည်း ဖြစ်ပါ၏၊ ပြောရလျှင် ကသစ်က ထိုစဉ်ကတည်းက လူချောကိုကိုအပေါ် ရင်ခုန်မိသလို ကိုကို့အကြည့်များကလည်း ကသစ်အပေါ် ထူးဆန်းခဲ့သည်ပင်၊

ကိုကိုသည် ထိုနေ့က နယ်ပြန်မည့်သူငယ်ချင်းတစ်ယောက်ကို ကားဂိတ်လိုက်ပို့ရင်း ဆိုင်ကြီးများ လူပြည့်နေခြင်းကြောင့် လူရှင်းသည့် ကသစ်တို့ဆိုင်တွင် ဝင်စားခြင်းဖြစ်သည်၊ ရှပ်အင်္ကျီအစိမ်းနုအရောင်တူကိစ္စဖြင့် ကသစ်နှင့် ကိုကိုမျက်မှန်းတန်းမိသွားကာ နောက်ပိုင်း ကိုကိုက ဆိုင်သို့ မကြာခဏ လာစားတတ်လေသည်၊ ထိုသို့ မကြာခဏ ရောက်လာတတ်သဖြင့်လည်း ကြာတော့ ကသစ်တို့နှင့် အတော်ရင်းနှီးခင်မင်နေခဲ့ကြပြီ၊

ကိုကို့နာမည်က "မင်းခန့်ကို" ဟု သိရပြီး သူငယ်ချင်းအားလုံးက ကိုကိုဟု ခေါ်ကြသည်၊ သို့နှင့် ကသစ်ကလည်း "ကိုကို" ဖြစ်သွားခဲ့ရပါ၏၊ ခရီးသွားရန် မရှိဘဲ အဝေးပြေးဝင်းအတွင်း ထမင်းဆိုင်သို့ တကူးတက ကိုကိုလာစားခြင်းအကြောင်း ကသစ်မေးဖူးသည်၊ ကိုကိုက နယ်သို့ စာ၊ ပစ္စည်းစသည်ကိုအဝေးပြေးကားနှင့်ထည့်ပေးခြင်း၊ လာယူခြင်းချောပို့အလုပ်လုပ်သည်ဟု ပြောသည်၊

ကိုကို့ကို တစ်ခါတစ်ခါ အဝတ်အစား ဖရိုဖရဲနှင့် နွမ်းနွမ်းနယ်နယ် ပုံမျိုး တွေ့ရတတ်သည်၊ တစ်ခါတစ်ခါ ထမင်းနပ်မှန်အောင် မစားရသူတစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်ကဲ့သို့ ဆာဆာလောင်လောင် ရောက်လာတတ်ပြီး ကသစ်တို့ဆိုင်တွင် အားပါးတရစားနေသည်မျိုးလည်း တွေ့ရ၏။

ကိုကိုအလုပ်အဆင်မပြေဘဲ သည်သို့ ဝေ့တစ်လှည့်၊ ပြတ်တစ်လှည့်ပုံစံမျိုး တွေ့ရခြင်းအတွက် ကသစ်စိတ်မကောင်းပါ။ ကိုကို့ပုံစံက အပျင်းထူ၍ လက်ကြောမတင်းသော ပုံမျိုးမဟုတ်ဘဲ ကျန်းမာရေးချူချာသဖြင့် အလုပ်ပျက်ရပုံမျိုးဖြစ်သဖြင့် ကသစ်နှင့်ဒေါ်လေးက သနားမိကြသည်။ ထို့ကြောင့် တစ်နေ့ ကိုကိုဆိုင်တွင် ထမင်းလာစားပြီး ပြန်ခါနီး၌ ကသစ်က ခြစ်ခြစ်ကုတ်ကုတ်စုထားသော ငွေဝါးသောင်းကို ကိုကို့လက်ထဲ ထိုးထည့်ပေးရင်း ...

"ကိုကို ... ဒါ ... ကသစ်စုထားတဲ့ငွေပါ။ ကိုကို လိုတာသုံးပါ။ ကိုကို့ကြည့်ရတာတစ်ခါတစ်ခါနေမကောင်းသလိုပဲ၊ ကိုကိုကအစာကိုပုံမှန်မှမစားတာ ဒါကြောင့် နေမကောင်းဖြစ်တာနေမှာ"

ထမင်းကို ဂရုစိုက်ပြီး စားပါကိုကိုရယ်၊ ငွေမရှိရင်လည်း ဒီတိုင်း ကသစ်တို့ ဆိုင်ကို လာစားပါ၊ ဒေါ်လေးကလည်း ကိုကို့ကို တူရင်းတစ်ယောက်လို ခင်နေပြီပဲ၊ ကိုကို့တစ်ယောက်စာတော့ ကသစ်တို့ကျွေးနိုင်ပါတယ်၊ အစာမစားဘဲတော့ မနေပါနှင့်။ လာစရာလမ်းစရိတ်မရှိရင် ကားသာ ငှားလာခဲ့၊ ဒီရောက်တော့ ကသစ်ကားခရှင်းပေးမယ်နော် ကိုကို"

ကိုကိုက ကသစ်ကို အံ့အားတသင့်ဟန်နှင့် ငေးကြည့်နေသည်။ ကိုကို့မျက်ဝန်းထဲတွင် အရိပ်အယောင်မျိုးစုံ တလှဲ့လှဲ့ ယှက်သန်းနေကြ၏။ ကြည်နူးခြင်းလား ... ဝမ်းသာခြင်းလား ...၊ ထူးဆန်းစွာ ဝမ်းနည်းရိပ်လည်း ပါသည် ထင်မိ၏။ ကိုကိုက ကိုကို့မှာ ငွေရှိပါတယ်ဟု ဆိုကာ ကသစ်၏ ငွေကို အတင်းပြန်ပေးသည်။ ကသစ်က ကိုကိုမယူ၍ ဝမ်းပန်းတနည်း ငိုမိမလိုဖြစ်လာတော့မှ ကိုကိုမငြင်းတော့။

ကိုကိုက ကျန်းမာရေး ချူချာသည်။ မကြာခဏ နေမကောင်းဖြစ်တတ်၍ အင်အားချည့်နဲ့စွာ ရောက်လာတတ်သော ကိုကို့ကို ကသစ်ကပင် ဆိုင်တွင် နားခိုင်းကာ ဆေးခန်းပြပေး ပြုစုပေးရ၏။ နေမကောင်းရသည့်အထဲ ငွေမရှိက စိတ်ဓာတ်ကျမည်စိုး၍ ငွေမပြတ်အောင် ကသစ်က မကြာခဏ တတ်နိုင်သမျှငွေကို ဖွတ်ပေးသည်။ ကံကောင်းသည်က ဆိုင်နားဝန်းကျင်မှ ကလေးများကို အားလပ်ချိန်တွင် စာပြပေးရင်း ကျူရှင်ဆရာမဖြစ်မှန်းမသိ ဖြစ်လာကာ ဟိုကအပ် သည်ကအပ်နှင့် ကသစ်တွင် လစဉ်ဝင်ငွေလေးပုံမှန် ရလာခဲ့သည်။ ထိုငွေကို ကိုကို့အား ကသစ်ပေးနိုင်ခဲ့ခြင်းဖြစ်ပါ၏။

သို့နှင့် စတွေ့စဉ်ကပင် ရင်ခုန်ခြင်းနှင့်စခဲ့သော ကိုကိုနှင့်ကသစ်သည် ကြာလေလေ သံယောဇဉ်တွယ်မိလေနှင့် တစ်ယောက်ကို တစ်ယောက် နှင့်နှင့်နဲနဲချစ်မိကြလေတော့သည်။ ကသစ်နှင့် ကိုကို့ကို ဒေါ်လေးကလည်း သဘောတူပါသည်။ ကိုကို့ကို ဒေါ်လေးကလည်း သဘောတူပါသည်၊ ကိုကို့ကို ဒေါ်လေးက သံယောဇဉ်ဖြစ်နေ၏။ ကိုကိုက အလုပ်အကိုင် ဝင်ငွေ ကောင်းသော်လည်း လူကောင်းလူအေးမို့ သည်လိုပဲ နှစ်ယောက်ဒိုးတူ ခေါင်ဖက် လုပ်ကိုင်စားကြပေါ့ဟု ဆိုကာ လက်ထပ်ရန်လည်း ခွင့်ပြုထားပါသည်။

ခက်သည်က ကိုကိုဖြစ်သည်။ ကိုကို ကသစ်ကို သိပ်ချစ်မှန်း ကသစ်သိပါသည်။ သို့သော် လက်ထပ်ရန် ကိစ္စ ကိုကိုက မစ၊ ရှေ့ရေးအကြောင်းအားရောက်သွားသည်နှင့် ကိုကို့မျက်နှာသွင်ပြင်က မှုန်မှိုင်းလာကာ ဝမ်းနည်းပန်းနည်းပုံစံဖြစ်သွားခဲ့သည်ချည်းမို့ ကသစ်စကားမဆက်ဖြစ်တော့။ ကိုကိုသည် သူ့ဝင်ငွေနှင့် ကသစ်ကို လူတန်းစေ့မထားနိုင်မှာ စိုးရိမ်နေသည်ဟု ကသစ်နှင့် ဒေါ်လေးက တွေးမိကြသည်။

ကသစ်အတွက်တော့ ကိုကိုဝင်ငွေကောင်းသည်၊ မကောင်းသည်မှာ ပြဿနာမဟုတ်ပါ။ လိုလည်း မလိုအပ်ပါ။ ကိုကိုသည်လို ခဏခဏ နေမကောင်းဖြစ်တတ်ပုံမျိုးကြောင့် ကိုကို့ကို အချိန်ပြည့်ပြုစုစောင့်ရှောက်နိုင်ရန် ကသစ်ကလက်ထပ်လိုပါသော်လည်း ကိုကိုစိတ်မထိခိုက်စေလို၍ အချိန်ပေးကာ စောင့်နေရတော့သည်။

သို့သော် ကသစ်၏ အထင်နှင့်အမြင်တို့ ပါစင်အောင် လွဲသွားကြောင်း ကြာမီပင် ကသစ်သိရပါတော့သည်။

— ❀ —





www.burmeseclassic.com

www.burmeseclassic.com

"ဟင် ... ကိုကို ... နေ ... နေမကောင်းဘူးလား ... ဟင်"

ကိုကိုဆိုင်သို့ ရောက်မလာသည်မှာ တစ်ပတ်ကျော်လောက်ရှိနေပြီး တစ်နေ့အငှားကား တစ်စီးနှင့် ဖြုန်းစားကြီးရောက်လာသည်။ မျက်နှာက လည်း ဖြူဖပ်ဖြူရော်နှင့် ချုံးကျနေ၍ ကသစ်ထိတ်ထိတ်ပျာပျာဖြစ်သွား သည်။ ယိုင်တိယိုင်ထိုး ဝင်လာသော ကိုကို့ကို ကသစ်နှင့် ဒေါ်လေးတွဲ့က နားနေနိုင်ရန် ပြင်ဆင်ပေးနေဆဲ ကိုကိုခေါင်းငိုက်စိုက်ကျကာ သတိလစ် သွားခဲ့သည်။ ကသစ်တို့ တူဝရီး ဆေးခန်းသို့ ပြေးကြရ၍၊ ဆရာဝန်က အရေးပေါ် ဆေးရုံတင်ခိုင်းပြီး ဆေးရုံရောက်မှ ကသစ်ကိုကို့အခြေအနေမှန် ကို သိလိုက်ရခြင်းဖြစ်သည်။

ကိုကို့တွင် အေအယ်လ်အက်စ်(လိုဂရစ်ရောဂါ) ရှိနေခဲ့သည်။

ရောဂါက တဖြည်းဖြည်းရင့်လာပြီမို့ သက်တမ်းစေ့နေနိုင်မည် မဟုတ် ... တဲ့။

ကိုကိုကြားထဲတွင် မလာနိုင်သည်မှာလည်း နေမကောင်းဖြစ်က ဆေးရုံတက်နေရ၍ဟု ကိုကိုသတိရလာတော့ပြောပြသည်။ ကသစ်ကိုတွေ့ ချင်လွန်းသဖြင့် ဆေးရုံမှ ထွက်လာရာက ကသစ်ထံအရောက်တွင် သတိ လစ်သွားခဲ့ခြင်းဖြစ်လေသည်။

"ဒီလောက် ရောဂါကြီးနဲ့ နေမကောင်းဖြစ်နေတာကို ကသစ်ကို ဘာ လို့ မပြောတာလဲ ကိုကိုရယ်"

"ကိုကိုပြောရင် ကသစ်စိတ်ဆင်းရဲရရုံပဲရှိမှာ၊ ကိုကို့ရောဂါက ပြန် ကောင်းလာမှာ မဟုတ်တော့ဘူးလေ"

ကသစ်မျက်ရည်ပိုးပိုးပေါက်ပေါက်ကျရသည်။

"ကိုကိုရယ် ... ဘာပဲဖြစ်ဖြစ် ကသစ်ကို ပြောရမှာပေါ့၊ ကိုကို့မှာ ဘယ် သူရှိလို့လဲ၊ ဆရာဝန်က ရောဂါရင့်နေပြီလို့ ဘယ်လိုပဲ ပြောပြော ကံဆိုတာ ရှိပါသေးတယ်ကိုကို၊ ကုမရတော့ဘူးဆိုပြီး ဆရာဝန်လက်လွှတ်လိုက်တဲ့ ကင်ဆာလို ရောဂါမျိုးတောင် ကံအကြောင်းသင့်ပြီး တိုင်းရင်းဆေး ကောင်းနဲ့ ပျောက်ကင်းချမ်းသာရာ ရတာမျိုးလည်း ရှိဖူးတာပဲ၊

ကိုကို့ရောဂါကို ကသစ်ကုမယ်ကိုကို၊ နယ်ဘယ်မှာ ရှေးတိုင်းရင်း သမားတော် ရွက်ပုန်းသီးဆရာအကျော်အမော်တွေ ရှိတတ်ပါတယ် ကသစ်ဆရာရှာမယ်၊ ကိုကို့ကို ကုပေးမယ်၊ ဘာမှ စိတ်ဓာတ်မကျနဲ့နော်၊ ကိုကို စိတ်ဓာတ်ခိုင်မာဖို့ပဲ လိုတာ"

ကိုကိုက မျက်ရည်လည်ရွဲ ငိုလျက်က စိတ်အားထက်သန်စွာ ပြောနေ သော ကသစ်ကို ဝမ်းနည်းဝမ်းသာဟန်နှင့် စိုက်ကြည့်ရင်း ...

"ကသစ် ခုတော့ ကိုကို့ရောဂါအခြေအနေမှန်ကိုလည်း ကသစ်သိသွား ခဲ့ပြီမို့ ကိုကိုပြောပြမယ်နော်၊ ကသစ်ကို ကိုကိုသိပ်ချစ်ပါတယ်၊ ကိုကိုလေ ကသစ်နဲ့ လက်ထပ်ပြီး မခွဲမခွာနေချင်တယ်၊ ဒါပေမဲ့ - ကိုကို့ရောဂါက ကျွမ်း နေပြီ၊ ကိုကိုက သေမှာ ကသစ်၊ လူ့လောကမှာ ဘယ်လောက်နေခွင့်ကျန် တော့လဲဆိုတာ ကိုကိုမပြောနိုင်ဘူး၊ အလွန်ဆုံးနေရလှ တစ်နှစ်နှစ်နှစ်ပေါ့၊ ဒီထက်လည်း ပိုမြန်နိုင်တယ်လေ"

"အို ... ဟင့် ... ဟင့်အင်း ... ကိုကို၊ မပြောနဲ့ ကိုကိုမသေရဘူး၊ ကိုကို့ကို ဆရာကောင်းတွေရှာပြီး ကသစ်ကုမယ်၊ ကသစ်ရအောင် ကုမယ်"

ကိုကိုက သက်ပြင်းမောကြီး ရှိုက်လိုက်ရင်း ရှိုက်ငင်ငိုကြွေးနေသော ကသစ်၏မျက်နှာကို ငြင်သာစွာ ဆွဲမော့လိုက်သည်။

"ကသစ်... ကိုကိုပြောတာကို ဆုံးအောင် နားထောင်နော်၊ ကသစ် ကိုကို့ကို လက်ထပ်ဖို့ ကိစ္စပြောလာတိုင်း ကိုကိုဟိုရှောင်သည်ရှောင်လုပ်ခဲ့ တာဟာ ဒါကြောင့်ပါကသစ်ရယ်၊ ကိုကိုလည်း ကသစ်နဲ့အတူ သိပ်နေချင် တာပေါ့၊ ဒါပေမဲ့ ကိုကိုက သေလူလေ၊ ကိုကိုအတ္တကြီးပြီး ကသစ်ကို လက် ထပ်လိုက်ရင် ကိုကိုသေသွားတဲ့အချိန်မှာ ကသစ်က ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမ ဖြစ်ကျန်ခဲ့မှာ၊

ကိုကို အဲဒီလို ကသစ်ကို မလုပ်ရက်ဘူး၊ မထားခဲ့ရက်ဘူး၊ ကသစ်က ငယ်သေးတယ်၊ ကသစ်မှာ အနာဂတ်ရှိတယ်၊ မကြာခင်သေတော့မယ့်လူ နဲ့ လက်ထပ်ပြီး မုဆိုးမ အဖြစ်နဲ့ ကသစ်ရဲ့ရှေ့ရေးကို ကိုကိုဘယ်လို ပိတ်ပင် ရက်မှာလဲ၊ ဒါကြောင့် ကိုကို ... ကသစ်ကို ... လက် ... လက်မထပ်နိုင်တာပါ၊ ကိုကို့စေတနာကို နားလည်ပါနော်"

ကိုကို့အသံက ဆို့နင့်တိမ်ဝင်သွား၏။

"ဟင့်အင်း ကိုကို၊ ဟင့်အင်း ... ၊ ကသစ် ... ကိုကို့ကို လက်ထပ်မယ်၊ ကသစ်လက်ထပ်ရဲတယ်၊ အေးအတူ ပူအမျှပေါ့ကိုကိုရယ်၊ ကိုကို့ ... လက်



www.burmeseclassic.com

www.burmeseclassic.com

ထပ်မှ ကိုကိုနဲ့ အတူရှိနေမှ ကသစ်ကိုကို့ကို စိတ်တိုင်းကျ ပြုစုစောင့်ရှောက်ခွင့်ရမှာ၊ ကသစ်ပြောခဲ့သလို ဆရာကောင်းတွေ ကသစ်လိုက်ရှာမယ်။ ကိုကို့ကို ကုမယ် ... သိလား

ဟို ... ဖွဟဲ့ ... လွဲပါစေ ... ဖယ်ပါစေ ...။ ကိုကို့ကို ရောဂါက နိုင်သွားရင်တောင် ကသစ်က အကောင်းဆုံးပြုစုခွင့်ရခဲ့တဲ့အပေါ် ကသစ်ကျေနပ်နေမှာပါကိုကို၊ နို့မို့ရင် တစ်သက်လုံး ဖြေနိုင်မှာမဟုတ်ဘူး။ ကိုကိုအသက်ရှင်ခွင့်ရတဲ့အချိန်ဟာ တစ်ရက်လေးပဲ ဖြစ်ပါစေ ... အဲဒီတစ်ရက်ကို ကသစ်က ကိုကို့ဘေးမှာအတူရှိနေချင်တယ်။ အဲဒီတစ်ရက်ပဲဖြစ်ဖြစ် ကိုကို့ကို ပျော်ရွှင်စေချင်တယ်၊ စိတ်ချမ်းသာစေချင်တယ်၊ ဒီအတွက် ဖြစ်လာသမျှ ကသစ် ရင်ဆိုင်ဝံ့ပါတယ်။ ကိုကိုပြောသလို မုဆိုးမ ဖြစ်လည်း ကသစ်ဂရုမစိုက်ဘူး။ ကသစ် ... ကိုကို့ကို လက်ထပ်မယ်ကိုကို"

ကိုကို၏ မျက်ရည်ဖုံးသော မျက်လုံးများထဲက ပီတိရိပ်၊ ချစ်မြတ်နိုးမှုကို ကသစ်ထင်ထင်ရှားရှားမြင်ရသည်၊ ကိုကိုလည်း ကသစ်၏ စစ်မှန်သော အချစ်မျက်ဝန်းကို ကောင်းစွာ ဖတ်နိုင်လိမ့်မည်ထင်ပါသည်။

တိုတိုဆိုရလျှင် ကိုကိုနှင့် ကသစ်ရုံးတက်လက်မှတ်ထိုးကာ အကျဉ်းချုံး လက်ထပ်ခဲ့ကြပါသည်။ အလျင်စလို စီစဉ်ရသဖြင့် ပြည်နယ်တစ်ခုရှိ ရွာလေးတွင် နေသော ကိုကို့မိဘများ လာရန် မလွယ်ကူဟု ဆိုသည်ကိုလည်း ကသစ်က ယုံကြည်ကာ နားလည်ပေးခဲ့ပါသည်။

လက်ထပ်ပြီးနောက် ကိုကို့ကျန်းမာရေးကိစ္စမှအပ ကိုကိုနှင့် ကသစ် နှစ်ယောက်တစ်ကမ္ဘာပျော်ရွှင်ခဲ့သည်၊ ကိုကို့ကို ကသစ်ချစ်ကြင်စွာ ပြုစုသည်၊ စိတ်ချမ်းသာအောင် ထားခဲ့သည်။ ထိုစဉ်က ကိုကိုသည် စီးပွားရေးလုပ်ငန်းကြီးမြောက်မြားစွာ၏ ဦးဆောင်သူ၊ ဆွေစဉ်မျိုးဆက် ကျိုကျိုတက်ချမ်းသာသော မိုးကုတ်ကျောက်တွင်း သူဌေးမိဘများ၏ တစ်ဦးတည်းသော သားဟု ကသစ်အမှန်တကယ်မသိခဲ့ပါ။

ကိုကို့ကို သည်လိုမှန်းမသိ၍ ကသစ်က ကသစ်၏ ချွေးနဲ့စာရေး ကြေးကအစ ကျွေးခဲ့မိသူမဟုတ်လား။ ကသစ်စိတ်ရှင်းသည်၊ လိပ်ပြာသန့်သည်၊ ကိုကိုသည် သူဌေးသားမှန်း၊ လုပ်ငန်းရှင်မှန်း ကသစ် တကယ်မသိဆိုသည်ကိုလည်း ကိုကိုသိပါ၏၊ ကျန်းမာရေး အခြေအနေအရ လူ့လောက



တွင် နေရက် မကျန်လှတော့သော၊ မရှေရာတော့သော ကိုကို့ကို ကိုကို အသက်ရှင်သ၍၊ နေရသ၍ စိတ်ချမ်းသာပျော်ရွှင်စေလိုသော ချစ်ခြင်း မေတ္တာမှန်ဖြင့် ကသစ်လက်ထပ်ခဲ့ခြင်းဖြစ်ပါ၏။ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမ ဖြစ်ရမည်ကိုပင် ဂရုမစိုက်ခဲ့သူဖြစ်ပါ၏။ လက်ထပ်ပြီး တစ်လကျော်ခန့်တွင် ကသစ်တို့ထံ ကိုကို့မိဘများက စုံစမ်းပြီး ဖြုန်းစားကြီးရောက်လာခါမှသာ ကိုကို့အခြေအနေမှန်ကို ကသစ်သိရခြင်းဖြစ်သည်။

ကိုကို့ မေမေကမူ ကသစ်အား ရုပ်ချောတာလေး ဖန်းပြပြီး သူ့သားကို ဖြားယောင်းသွေးဆောင်လက်ထပ်ခဲ့သည်ဟု ဒေါသတကြီးစွပ်စွဲပြောဆိုခဲ့သည်၊ လုပ်ငန်းပေါင်းများစွာကို ဦးဆောင်ဦးရွက်ပြုနေသည့် အရည်အချင်းပြည့်ဝသော တစ်ဦးတည်းသောသား၊ မြောက်မြားစွာသော အမွေများကို ဆက်ခံပိုင်ဆိုင်ရမည့် ကိုကို့လို သူဌေးသားကို ထမင်းဆိုင်သေးသေးလေးက ထမင်းရောင်းသူ၊ ဆယ်တန်းပင် မအောင်သော ကသစ်လို မိန်းမသည်၏ လက်တွင်း သူ့သားအမိခံလိုက်ရလေခြင်းဟု ရင်ထုမနာဟန်နှင့် တက်ပက်စက်စက်ပြောသည်၊

ရှက်စိတ်၊ ဝမ်းနည်းစိတ်ဖြင့် တနင့်တနဲ ငိုကြွေးခဲ့မိသော်လည်း ကသစ် ကိုယ့်ကိုယ်ကိုယ် လိပ်ပြာလုံသည်၊ ကသစ်သည်သို့ မဟုတ်ကြောင်း တစ်လောကလုံးမှ လူတွေ မသိသည့်တိုင် ကိုကိုသိသည်၊ ကသစ်ချစ်ရလွန်းသော ကိုကိုသိသည်၊ ဒါဆိုလျှင် လုံလောက်ပါပြီ၊

ကိုကိုက မကြာခဏ ဆေးရုံတက်ရပြီး ရောဂါကြောင့် အအိပ်ပျက်၊ အစားပျက်ဖြစ်ရာမှ ကသစ်တို့ဆိုင်ရောက်လာပုံ (ထိုစဉ်က ကသစ်တို့သည် ငွေကြေးအဆင်မပြေ၍ ကိုကို အစာကောင်းစွာ မစားရခြင်းဟု ထင်မြင်ခဲ့ကြသည်၊) ဝေဒနာကြောင့် တစ်ခါတစ်ခါ စိတ်မာတ်ကျဆင်းပြီးဖြစ်သလို နေခဲ့မိပုံများကို နောက်ပိုင်းတွင် ပြန်ပြောပြသည်။ ကိုကို့တွင် ငွေမရှိဟု ထင်၍ ကသစ်က စေတနာအပြည့်ဖြင့် ခြစ်ခြစ်ကုတ်ကုတ်စုထားသော ငွေလေးများ ပေးစဉ်က ကိုကိုနှင့်နင့်နဲနဲခံစားခဲ့ရကြောင်း ပြောပြသည်၊

ကိုကို့ဘဝမှန်ကို ကသစ်အား ပြောပြရန် ကြံရွယ်သေးသော်လည်း ထိုအချိန်တွင် ကသစ်ကို လက်မထပ်ဘဲ ထားခဲ့ရသည့်အခါ သူဌေးသားမှ ဘမန်မိန်းကလေးကသစ်ကို ထားခဲ့သည်ဟု ထင်မြင်မှာစိုး၍လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်ပကာသနကို အစွန်းရောက် အလေးထားတတ်သည့် ကိုကို့မိဘများ၊ အထူးသဖြင့် တစ်ဖွတ်ထိုး မိခင်ကလည်း ဘယ်နည်းနှင့်မျှ ကသစ် နှင့် သဘောတူမည်မဟုတ်သည့်အတွက် ကသစ်စိတ်ထိခိုက်ရမည်ပင် ဖြစ်၍ဖွင့်မပြောခဲ့ခြင်းဖြစ်ကြောင်း ရှင်းပြခဲ့သည်။

ကိုကိုသည် ရောဂါအခြေအနေအရ နောက်ဆုံးအချိန်များနှင့် နီးကပ်လာသည့်အခါ ကသစ်ကို လက်လွှတ်ရန် ရည်ရွယ်ခဲ့ကြောင်းနှင့် ကိုကိုသေဆုံးသည့်အခါ ကိုကို့ကိုယ်ပိုင်ငွေ သိန်းပေါင်းများစွာကို ကသစ်အတွက် လွှဲပေးရန် မှုလကပင် ရှေ့နေနှင့် စီစဉ်ခဲ့ပြီး ဖြစ်ကြောင်းလည်း ပြောပြသည်။

ကသစ်မလိုချင်ပါ။ ကိုကို့အပေါ် မည်သည့်မျှော်လင့်ချက်မျှ မရှိဘဲ မိုးသားသန့်စင်စွာ စိတ်ရင်းနှင့် ချစ်ခဲ့ခြင်းဖြစ်၍ ထိုငွေကြေးများကို ကသစ် မမက်မောပါ။

သို့သော် မနဂုဏ်မောက် အစွန်းရောက် အထင်များ လွဲမှားပြည့်နှက်နေသော ကိုကို့မိဘများနှင့် အသိုင်းအဝိုင်းကိုမူ ကသစ်မည်သို့ ရှင်းပြနိုင်ပါအံ့နည်း။ မည်သို့ ယုံနိုင်ကြပါမည်နည်း။

ထိုစဉ်က ကိုကိုသည် ကသစ်ကို တရားဝင်လက်ထပ်ပြီးဖြစ်၍ ကသစ်နှင့် ခွဲ၍မနေနိုင်ပါ။ အကယ်၍ဖွတ်ခွဲလာခဲ့လျှင် ဆေးကုသမှုများအား လက်မခံတော့ပါဟု ပြတ်သားစွာ ရင်ဆိုင်ခဲ့သည်။ ကသစ်ကို မလွှဲမရှောင်သာ လက်ခံခဲ့ရသော ကိုကို့မိဘများ၏ သံသယအမုန်းတောင်ကြီးကို ကသစ် မည်သို့ ထွင်းဖောက်နိုင်ပါအံ့နည်း။

"အမုန်တရားသည် ခရီးထွက်ရန် ဖိနပ်စီးနေခိုက်မှသာ ဝါဒမှာ ကမ္ဘာကို တစ်ပတ်ပတ်ခဲ့ပြီးဖြစ်သည်" ဟူသော စကားအတိုင်း ကသစ်၏ စိတ်ရင်း အမုန်တရားက ဖိနပ်စီးရန် ပြင်နေဆဲ၊ မဟုတ်မမှန်သော အတင်းအဖျင်း စကားတို့က ဝန်းကျင်အနှံ့ ကြေညာမောင်းခတ်ခဲ့လေပြီမို့-

ကိုကို့မိဘအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်၏ စကားတင်းဆိုမှုများကြား ကသစ်မှာ မလှုးသာ မလွန့်သာ မိနေခဲ့ရပါတော့သည်။

━ ⦿ ═



"ဂီး ... ဝုတ် ... ဝုတ် ... ဂီ ..."

"ဝုတ် ... ဝုတ် ... အိုင် ... အိုင် ..."

ကသစ်ဖျတ်ခနဲ နိုးလာသည်။ သူမ မွေးထားသော ခွေးလေး ချော်ကို (Choco) ၏ ထူးဆန်းသော မာန်ဖီသံ၊ ဟောင်သံ၊ ညည်းသံတို့ကြောင့် ဖြစ်၏။ ကသစ်ခါတိုင်းလို အိမ်အလုပ်များပင် မလုပ်ဖြစ်ဘဲ ဆေးရုံမှ ပြန်ရောက်သည်နှင့် ထိုးအိပ်ခဲ့မိသည်။ ချော်ကို ဘာဖြစ်လို့လဲ ...။ တွေးရင်း ကသစ်က အိပ်ရာမှ ထလိုက်ပြီး အိပ်ခန်းတံခါးကို ဆွဲဖွင့်လိုက်၏။

"ဟဲ့ ... ဟဲ့ ... ဘယ်လိုဖြစ် ..."

သူမ၏ ခွေးညိုလေး ချော်ကိုသည် တံခါးပွင့်သည်နှင့် သူမကို အတင်းတိုးတိုက်ကာ အိပ်ခန်းထဲသို့ ဝင်ပြေးလာ၏။ ကုတင်ခြေရင်းတွင် ပြေးကပ်လျက် အခန်းဝသို့ လှမ်းကြည့်ကာ တဂီးဂီး ခပ်တိုးတိုးမာန်ဖီနေလေသည်။ ခွေးလေးတစ်ကိုယ်လုံးကလည်း တုန်ယင်နေကာ ကြောက်ကြောက်ရွံ့ရွံ့ ပုံစံဖြစ်နေ၏။

"ချော်ကိုလေး ... ဘာဖြစ်တာလဲ"

ကသစ်က ချော်ကို့ဆီ ပြန်လျှောက်သွားလျက် ချော်ကို့ဘေးတွင် ဆောင့်ကြောင့် ထိုင်ချလိုက်ရင်း မေးလိုက်သည်။ ခွေးကလေးက ကသစ်ဆီသို့ ကြောက်ရွံ့တကြီးတိုးကပ်လျက်ရှိသော်လည်း ခွေးလေးမျက်လုံးများက အခန်းဝကို လှမ်းကြည့်ကာ ထူးထူးဆန်းဆန်း အသံတစ်မျိုးဖြင့် ခပ်တိုးတိုး ညည်းတွားမာန်ဖီနေလေသည်။ ခွေးလေးကြည့်ရာ အခန်းဝကို ကသစ်တလည်း လှမ်းကြည့်မိ၏။

"ဟင်"

အခန်းအပြင်ဘက် တံခါးဝအနီးတွင် ကိုကို့ကို ရိပ်ခနဲမြင်လိုက်ရသလို ရှိ၍ ကသစ်အံ့အားသင့်သွားသည်။ ကသစ်က တံခါးဆီသို့ အပြေးတစ်ပိုင်း ထသွားကာ အခန်းပြင်ကို ထွက်ကြည့်မိ၏။ အပြင်တွင် မည်သူမျှ မတွေ့။ သူမ ... ဇဝေဇဝါဖြစ်သွားသည်။ ကိုကိုမှ ကိုကိုပါ၊ မနေ့က ငါလဲဝတ်ပေးခဲ့သည့် ရှပ်အင်္ကျီအနီကွက်နှင့်။



www.burmeseclassic.com

www.burmeseclassic.com

ညည့်ခန်းဆီထိ မတင်မကျဖြင့်ပင် သူမ ဆက်ထွက်လာကာ ဟိုသည်ကြည့်မိသည်။ အင်းလေ... ကိုကိုက ထမှ မထနိုင်တဲ့ဟာ၊ ဘယ်လိုလုပ် ဒီကိုရောက်လာမှာလဲ၊ ငါ အမြင်မှားတာပဲနေမှာ၊ ငါလည်း ရူးနေပြီလား မသိတော့ဘူး။

ကာသစ်က သက်ပြင်းတစ်ချက်ချလိုက်ရင်း ထမင်းစားခန်းဆီ လျှောက်သွားသည်။ ရေခဲသေတ္တာတွင်းမှ ရေတစ်ဘူးကို ဆွဲထုတ်လျက် တစ်ဖန်ခွက်ငှဲ့ထည့်လိုက်ပြီး မော့သောက်လိုက်၏။ အေးစက်သော ရေသည် သူမ၏လည်ချောင်းအတွင်း အဲအေးမြောင်းတစ်ခုနှယ်ဆင်းသွားသည်။

မနက်ရှစ်နာရီခန့်က ဆေးရုံမှ ပြန်ရောက်ပြီး ကာသစ်ထိုးအိပ်သွားခဲ့သည်။ စိတ်ပန်းကိုယ်ပန်းနှင့် အထီးကျန်ဆွေ့ညပေါင်းများစွာကို ကာသစ်တစ်ယောက်တည်း ချည့်နဲ့နဲ့ ဖြတ်သန်းနေရသည်မှာ လပေါင်းအတန်ကြာခဲ့ပြီ။

ကိုကို "ကိုမာ" ဝင်ပြီးဆေးရုံတင်ရသည့်နောက်ပိုင်း ဤကွန်ဒိုသို့ ကာသစ်ပြောင်းနေခဲ့သည်။ သူမတို့ထံ ကိုကို့မိဘများ ရောက်လာပြီးနောက် ကိုကို့အိမ်သို့ ကာသစ်လိုက်လာခဲ့ရ၏။ ကိုကို့မိဘများက ကာသစ်ကို မကြည်ဖြူဟန်ပြသည့်တိုင် ရောဂါသည်ကိုကို့ကိုငဲ့၍လားမသိ၊ ကာသစ်အားလက်ခံခဲ့ပါသည်။ သို့သော် လိုအပ်မှသာ မဖြစ်မနေမှသာ ကာသစ်ကို စကားပြောသည်၊ ကိုကို့မိဘများက ဥပက္ခာပြုသော်လည်း ကိုကိုတံတိုင်းကြီးရှိနေ၍ ကာသစ်သည်းခံနိုင်၊ နေနိုင်ခဲ့ပါသည်။

ကိုကို့ကိုကုလက်စ အင်္ဂလိပ်ဆေးများအပြင် ကိုကိုနှင့်တိုင်ပင်၍နယ်မှနာမည်ကျော် မြန်မာသမားတော် တိုင်းရင်းဆေးဆရာကြီးနှင့်လည်း ကုစေသည်၊ မိဘများက ဆရာဝန်နှင့် ကုသစေခြင်းကိုလည်း ဆရာကြီးအားပြောပြသည်။ ကံကောင်းသည်က ထိုမြန်မာတိုင်းရင်းဆေးဆရာကြီးဦးမြတ်ကျော်နှင့် ကိုကို့ကို လက်ရှိကုသနေသော ဆရာဝန်ကြီး ဒေါက်တာအေးသောင်သည် နှုတ်ကပင် သိကျွမ်းရင်းနှီးခင်မင်နေခဲ့ပြီး ဝေဒနာရှင်များ၏ဆန္ဒအရ မကြာခဏပင် အတူညှိနှိုင်း၍ ပူးတွဲကုသလေ့ရှိခြင်းပင်ဖြစ်သည်။



ထို့ကြောင့် ကာယကံရှင် ကိုကို့ဆန္ဒအတိုင်း ဆရာကြီးနှင့် ကုသခြင်းကို ဆရာဝန်ကြီးက လက်ခံခဲ့ပါ၏။ ကိုကို့မိခင်၏ သားချစ်စိတ်ဖြင့် တစ်ဖက်စွန်းရောက်တတ်မှုကိုလည်း သိရှိထားသောကြောင့် ထိုသို့ မြန်မာတိုင်းရင်းဆေးနှင့် ကုသနေခြင်းကို မိဘများအား လျှို့ဝှက်ထားပေးပါရန် ကိုစိုက တောင်းဆိုတော့လည်း ဆရာဝန်ကြီးက လက်ခံခဲ့ပါသည်။

အင်္ဂလိပ်ဆေးကိုမထိခိုက်စေဘဲ တိုင်းရင်းဆေးနှင့်ပါ ကိုယ်ခံအားပြည့်အောင် တိုင်ပင်ကုသနိုင်ခဲ့သဖြင့် ကိုကို့ရောဂါကလက်ရှိတွင် မပျောက်ကင်းနိုင်သည့်တိုင် အရင်ကထက် ရောဂါဒဏ်ခံရချိန်များ အနည်းငယ်ခြားလာသည်။ ရောဂါကြောင့် မကြာခဏ နေမကောင်းဖြစ်လေ့ရှိသော ကိုကိုသည် ထိုသို့ ကုသနေပြီး နောက်ပိုင်း နေမကောင်းဖြစ်ကြိမ် အတန်ခြားခဲ့ပါ၏။ ကာသစ်နှင့်ကိုကိုမှာ တစ်ချိန်တွင် ရောဂါရှင်းရှင်းပျောက်သွားနိုင်လေမည်လားဟု မျှော်လင့်မိခဲ့ကြကာ ဝမ်းသာခဲ့ကြရသည်။

သို့သော် ထိုဝမ်းသာမှုလေးက ကြာရှည်မခံလိုက်ပါ။ တစ်နေ့ ကာသစ်က မြန်မာတိုင်းရင်းဆေးဆရာကြီးထံ ဆေးသွားယူပြီး ပြန်အလာ အိမ်အရောက်တွင် သတင်းဆိုးကို ကြားလိုက်ရပါတော့သည်။ ကိုကိုသည် ရုတ်အရက် တက်ပြီး သတိမေ့သွားရာမှ ဆေးရုံသို့ အရေးပေါ်တင်လိုက်ရသည်ဆိုသော သတင်းဖြစ်ပါ၏။

အတော်ကြီးကျန်းမာလာခါမှ ရုတ်တရက်တက်သည်ဆို၍ ကာသစ်အံ့အားသင့်ရသည်။ ကိုကိုရှိရာဆေးရုံသို့ ကာသစ်အပြေးအလွှား ရောက်သွားချိန်တွင်ကား ပြဿနာကြီးထွားနှင့်လေပြီ။ ကိုကို့အား မြန်မာတိုင်းရင်းဆေးဆရာကြီးနှင့် ကာသစ်တို့ ကြိတ်ကုသနေခြင်းကို ကိုကို့မိဘများ သိရှိသွားခဲ့သည်။ ယခုလို ကိုကိုရုတ်တရက် သတိမေ့တက်ခြင်းမှာ ယခင်ကလည်း အကြိမ်ကြိမ်ဖြစ်ခဲ့ဖူးသော်ငြား ခုတစ်ခေါက်မှု ကာသစ်က ဖြားယောင်းပြီး တိုင်းရင်းဆေးနှင့် ကုစေခြင်းကြောင့် အင်္ဂလိပ်ဆေး၊ တိုင်းရင်းဆေး ဆေးစုံ၍ ဖြစ်ရသည်ဟု ကိုကို့မိဘများက စွပ်စွဲတော့သည်။

အကြောင်းစုံသိသော ဆရာဝန်ကြီးက ကိုကိုကိုယ်တိုင် ဆရာဝန်ကြီးအား တိုင်ပင်ပြီးမှ ကိုကို့ဆန္ဒအရ ထိုတိုင်းရင်းဆေးဆရာနှင့် ကုသခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ပါကြောင်း၊ တိုင်းရင်းဆေးဆရာကြီးမှာလည်း အမှန်တကယ် တတ်ကျွမ်းနားလည်သော သမားကောင်းဖြစ်ပြီး ဆရာဝန်ကြီးနှင့် ယခုလိုပင် လူနာကို ပူးတွဲတိုင်ပင်ကုသပေးကြရာမှ လူနာအများ ပျောက်ကင်းချမ်းသာရကြကြောင်း ရှင်းလင်းပြောပြသဖြင့် ကသစ်သက်သာရာ ရခဲ့ဖြစ်ပါ၏။

သို့သော် ကံဆိုးစွာဖြင့် ကိုကိုသည် ထိုမှစ၍ သတိလုံးဝပြန်လည်မလာတော့ဘဲ "ကိုမာ" ဝင်သွားခဲ့ရပါတော့သည်။ ကိုကို့ဆန္ဒအရဟု ဆရာဝန်ကြီးကိုယ်တိုင်ပြောပြခဲ့သဖြင့် ကိုကို့မိဘများက ကသစ်ကို အပြစ်မဆိုသာတော့သော်လည်း နဂိုမကြည်လင်စိတ်ဖြင့် ကိုကို "ကိုမာ" ဝင်သွားခဲ့သည်မှာ ကသစ်ကြောင့်ဟု ဖွတ်မြင်ကာ ကသစ်ကို ပြောင်ပြောင်တင်းတင်းပင် ပို၍မုန်းတီးခဲ့ပါတော့သည်။

ကသစ်မျက်နှာကို မမြင်လို မကြည့်လိုပါဆိုသဖြင့် မြန်မာဆရာနှင့် ဆေးကုရန် ကိုကိုနှင့် ကသစ်အေးအေးဆေးဆေး နားနေနိုင်ရန် ကိုကို တိတ်တဆိတ်ဝယ်ထားခဲ့သော ဤကွန်ဒိုသို့ ကသစ်ပြောင်းလာနေခဲ့ရခြင်း ဖြစ်ပါသည်။ ကိုကို့မိဘများနှင့်လည်း မဆုံရအောင် ကသစ်မှာ ညတွင်သာ ကိုကို့ထံသွားခွင့်ရခဲ့ပါ၏။

═ ⊛ ━

ကသစ် စိတ်ထွေထွေနှင့် ဟိုသည် အတွေးပွားနေမိရာမှ သက်ပြင်းမောကြီး ရှိုက်လိုက်ရင်း ရေဘူးကို ရေခဲသေတ္တာနှင့် ပြန်ထည့်ကာ ထမင်းစားခန်းမှ အိပ်ခန်းဆီသို့ ပြန်လျှောက်လာသည်။

"ရှပ် ... ရှပ် ... ရှပ် ..."

"ဟင် ..."

သူမနောက်မှ ခြေသံကြောင့် ကသစ်ချာခနဲ လှည့်ကြည့်မိသည်။ ဘာမျှမရှိ။ သို့သော် ကိုကိုသုံးနေကျ Gucci ရေမွှေးနံ့ကို စူးခနဲရလိုက်သည်။ အံ့အားတသင့်ဖြင့် သေချာရပ်ပြီး အနံ့ခံတော့ မရတော့ပြန်။ ကသစ် စိတ်တွေ တစ်မျိုးကြီး ဖြစ်လာသည်။ ဒီနေ့မှ ကိုကို့ကို ဘာလို့ ခဏခဏ သတိရနေမိတာပါလိမ့်။



ကသစ်က အိပ်ခန်းဆီဆက်လျှောက်လာ၏။ အခန်းတံခါးကို ဆွဲဖွင့်ကာ အတွင်းသို့ ဝင်လိုက်သည်နှင့် ကုတင်ခေါင်းတွင် ကပ်၍ ကုပ်နေသော ခွေးလေးချော့ကိုကာဂီး...ခနဲ ချက်ချင်းမာန်ဖီကာ ခေါင်းထောင်ထလာသည်။ ကသစ် ယခုမှ တွေးမိ၏။ ခါတိုင်း ကသစ်ဘယ်သွားသွား ကသစ်သွားသည့်နေရာတိုင်း နောက်မှ တကောက်ကောက်လိုက်လေ့ရှိသော ချော့ကို၊ ယခု ကသစ်နောက်လိုက်မလာဘဲ အခန်းထဲတွင်သာ ကျန်နေရစ်ခဲ့ပါကလား။

"ကလစ်"

နောက်ဘက်တံခါးလော့ခ် (Door Lock) မှ ချက်မြည်သံကြောင့် ကုတင်ဆီလျှောက်လာသော ကသစ် တအံ့တဩ လှည့်ကြည့်မိပြန်သည်။ တံခါးလက်ကိုင်ဘုတ ကစ်ယောက်ယောက်ဆွဲကိုင်လှည့် ပိတ်လိုက်သလိုသည်ပြီး ပိတ်သွားသည်ကို ရိပ်ခနဲမြင်လိုက်ရ၏။ ဟာ ... မဖြစ်နိုင်တာ။ ငါ ... ဘာတွေဖြစ်နေတာလဲ။ ငါအမြင်မှားတာလား။

အို ... တစ်ခန်းလုံး ကိုကို့ရနံ့တွေရနေပါလား။ ကိုကိုရေချိုးခန်းမှ ထွက်လာလျှင် ရသော Shower Cream (ရေချိုးဆပ်ပြာ) နံ့၊ ခေါင်းလျှော်ရည်နံ့ နောက် ... ကိုကိုသုံးနေကျ Hair Coat ခေါင်းလိမ်းဆီနံ့၊ ရေမွှေးနံ့။ အို ... အို ... အခန်းထဲမှာ ကိုကိုရှိနေတဲ့ အတိုင်းပါပဲလား။

ထိုစဉ် ကိုကို၏ အသုံးအဆောင်ပစ္စည်းများတင်ထားသော သုံးထပ်ဆင့်ဗီရိုစင်သေးအပေါ်ဆုံးမှ ကိုယ်လိမ်းပေါင်ဒါဘူးလေးက ရုတ်တရက် လဲကျကာ အောက်သို့ လိမ့်ကျလိမ့်ဆင်းသွားသည်။

"ဒေါက် ... ကလောက် ... ကလောက် ... ကလောက်"

ပေါင်ဒါဘူးက အောက်ကျလျက် အဖုံးမပွင့် မဖိတ်ပါဘဲ ပေါင်ဒါနံ့တို့ဖြင့် တစ်ခန်းလုံး မွှေးကြိုင်သွားပြန်၏။

"ကသစ် ... တကယ်လို့ ကိုကိုသေသွားရင်လေ ...ကသစ်ကို ကိုကိုက အမွှေးနံ့တွေပဲ ပေးမယ်နော်"

"ဟာ... ကိုကိုကလည်း... ဘာတွေ လျှောက်ပြောနေတာလဲ၊ နမိတ်မရှိ ... နမာမရှိ"



www.burmeseclassic.com

www.burmeseclassic.com

"ဟား... ဟား...ဟား... တကယ်ပြောတာ၊ ကသစ်သိသာအောင် ပေါဒီပေါင်ဒါဘူးလေးကိုလည်း အောက်ပစ်ချပြီး တစ်ခန်းလုံးမွှေအောင်"

ကသစ်တစ်ကိုယ်လုံး တုန်သွားသည်၊ ကိုကိုအိမ်တွင် ရှိစဉ်က ရေချိုးပြီး ပေါင်ဒါလိမ်းရင်း ကသစ်အား ကိုကိုရယ်မောနောက်ပြောင်ခဲ့ဖူးသည့် အဖြစ်ကို ကသစ်ပြန်နေ သတိရမိလိုက်၍ဖြစ်သည်၊

"အို ... ဘုရား ... ဘုရား ... ကို ... ကိုကို ... ကိုကို ..."

ကသစ်သတိလက်လွှတ်ပင် ကိုကို့ကို ကျုံးအော်တလိုက်မိလေသည်။

— ☸ —

"လုပ် ... လုပ်ပါဦးဆရာ ... သား ... သားလေး ... ဘာ ... ဖြစ် ... ဘာဖြစ်တာလဲ ... ဟင် ..."

"တီ"

နှလုံးခုန်စက်ဆီမှ "တီ" သံရှည်ဆွဲသံထွက်လာ၏၊ "တီ" သံရှည်နှင့်အတူ သွေးခုန်နှုန်းအလိုက် ဖြစ်ပေါ်နေသော လှိုင်းတွန့်လိုင်းများ ပျောက်သွားလျက် မျဉ်းဖြောင့်တန်းရှည်ကိုသာ တွေ့နေရသည်၊

ဆရာဝန်ကြီးသည် လူနာ၏ နှလုံးနေရာကို လက်နစ်ဖက်ယှက်ကာ ဖိ၍ ဖိ၍ နှလုံးခုန်အောင် အရေးတကြီးကြိုးပမ်းနေသည်၊ အစိမ်းဝတ်စုံဝတ် အနီ အပြာဝတ် သူနာပြုဆရာမလေးများက အနားတွင် ထိတ်ထိတ်ပျာပျာ စိုင်းလျက်၊ ဆရာဝန်ညွှန်ကြားသည့်အတိုင်း အရေးပေါ်ဆေးထိုးရန် ပြင်ဆင်နှင့် ရှုပ်ယှက်ခတ်နေကြတော့သည်၊

"ဝုန်း"

တစ်စုံတစ်ယောက်က အခန်းတံခါးကို ဝုန်းခနဲဖွင့်ကာ အပြေးတစ်ပိုင်း ဝင်လာသည်၊ ဆရာမအချို့နှင့် ဦးမိုးဟန်၊ ဒေါ်တင်တင်မာတို့က အလန့်တကြားလှည့်ကြည့်ကြ၏၊ ကျန်ဆရာမအချို့နှင့်ဆရာဝန်ကြီးကမူတစ်ချက်သာ လှမ်းကြည့်ပြီး လူနာနှင့် ဆက်၍ အလုပ်ရှုပ်နေသည်၊ ဒေါ်တင်တင်မာ၏ မျက်နှာက ရုတ်ခြည်းပင် တင်းမာသွားသည်၊



"ညည်းက...ဘာလို့...ရောက်လာရတာလဲ၊ ငါ့သား...အရေးပေါ်အခြေအနေဖြစ်နေတာ ညည်း ... ဘယ်လိုသိပြီး ...၊ ဘာလဲ .. သားသေပြီထင်လို့လား"

ငိုရှိုက်နေရင်းမှခပ်ရွဲ့ရွဲ့ပြောလိုက်သောယောက္ခမ၏လေသံတင်းတင်းမာ စူးထွက်လာသည်၊ ကသစ်သည် ယောက္ခမဖြစ်သူ ဒေါ်တင်တင်မာ၏ ဆေးသံရင့်ရင့်ကိုမဖြေနိုင်၊ အပြည့်အစုံလည်းမကြား၊ ကုတင်ပေါ်မှကိုကိုနှင့် ဘေးတို့ဘေးတွင် ဝိုင်းကာ ဆရာဝန်၊ ဆရာမများက အရေးပေါ်ပြုစုနေသည်များကိုသာ စိုးရိမ်တကြီး မျက်ဝန်းများနှင့် အထိတ်တလန့်ကြည့်နေမိလေသည်၊ ယောက္ခမများ ပြန်ရှိန် ညရှစ်နာရီဝန်းကျင်လောက်ကျမှ ကိုကို့ထံ သွားခွင့်ရသောကသစ်တစ်ယောက်ယခုလိုနေ့လယ်တစ်နာရီခန့်တွင်ဆေးရုံသို့ပြန်းစားကြီးရောက်လာသဖြင့် ယောက္ခမက မကျေမလည် ပြောလိုက်ခြင်းဖြစ်ပါ၏၊

သူမရောက်လာခြင်းက ကိုကိုခေါ်၍ဖြစ်ပါသည်၊

"ကသစ်...ကိုကို့ဆီ...အခုလာပါ၊ ကိုကိုသွားတော့မယ် ကသစ်၊ ကိုကိုသွားခင် ကသစ်လာမှ ဖြစ်မယ်"

ကိုကို၏ အငွေ့အသက်များနှင့် ကိုကိုပြောခဲ့၊ နောက်ပြောင်ခဲ့ဖူးသော အခြေအနေများအတိုင်း တွေ့နေရခြင်းကြောင့် ကသစ်စိတ်များ ရှုပ်ထွေးလာသည်၊ ကိုကို့ကိုလည်း စိတ်ပူပန်သွားမိခဲ့၏၊ ထိုစဉ်မှာပင် ကသစ် ယခုချင်း လာရန် ခေါ်နေသော ကိုကို့အသံကို ကသစ်ကြားလိုက်ရသည်၊ ကိုကို့အသံက တကယ်ပဲ ထွက်နေသည်လား၊ ကသစ်စိတ်ထင်လားတော့ မသိ၊ ကသစ်နားထဲ ကိုကို့ခေါ်သံကိုသာ ထပ်တလဲလဲ ကြားယောင်နေမိလေသည်၊ ထို့ကြောင့်ဘာကိုမျှမစဉ်းစားနိုင်တော့ဘဲဆေးရုံသို့ကသစ်ချက်ချင်းပြေးလာမိခဲ့ခြင်းဖြစ်ပါ၏၊

"ဟင်း ..."

ဆရာဝန်ကြီးထံမှ သက်ပြင်းသံကျယ်ကြီးကြောင့် ကသစ်ကို လှည့်လှည့်ပြောနေသော ယောက္ခမများမှာ ဆရာဝန်ကြီးထံ အာရုံရောက်သွားကြသည်၊

"ဒေါက် ... ဒေါက်တာ ... သား ... သား"



www.burmeseclassic.com

www.burmeseclassic.com

လှူနာ၏ ရင်ဘတ်ကို ဖိကာ ဖိကာဖြင့် နလုံးနှန်အောင် ကြိုးပမ်းနေသော ဆရာဝန်ကြီးက လှူနာအနီးမှခွာကာ မတ်မတ်ပြန်ရပ်လိုက်သဖြင့် ဒေါ်တင်တင်မာက မှုပန်တကြီး မေးလိုက်ခြင်း ဖြစ်သည်။

ဆရာဝန်ကြီးသည် လှူနာရှင်များ၏ မျက်နှာကို စိတ်မသက်မသာဟန်နှင့် ဝေ့ကြည့်လိုက်၏။ စောစောက လှူနာဘေးတွင် ဝိုင်းနေသော သူနာပြု ဆရာမများသည်လည်း ထိုနည်းအတိုင်း ဝေ့ဝိုင်းကြည့်လိုက်ကြပြီး စကားတစ်စုံတစ်ရာ မဆိုဘဲ အခန်းထဲမှ အလျှိုလျှိုထွက်သွားကြလေသည်။

ကာသစ်အပါအဝင် ကိုကို့မိဘများသည် အခြေအနေကို မြင်နေရသည့်တိုင် ကျောက်ရုပ်လို အကြောင်သား ရပ်လျက် ဟိုကြည့်သည်ကြည့် ဖြစ်နေမိကြ၏။

“ဒေါက် ... တာ ... သား”

“သား ... သား ... ဟို ...”

“ကိုကို ... ဘုရား ... ဘုရား ... ကိုကို”

ယောက္ခမများနှင့် ကာသစ်၏ နှုတ်မှ မဆုံးသော ဝါကျဖြင့် တုန်တုန်လှုပ်လှုပ် မေးသံကိုယ်စီခပ်တိုးတိုးထွက်လာသည်။ ဆရာဝန်ကြီးက ခေါင်းကို ညင်သာစွာ ယမ်းရင်း စိတ်ထိခိုက်သော မျက်နှာဖြင့် –

“စိတ်မကောင်းပါဘူးဗျာ ... မောင်မင်းခန့်ကို ... ဆုံး ... သွားခဲ့ရှာ”

“အမလေး ... သားရဲ့”

“သား ... သား”

“အင် ... ဟင့် ...”

သုံးယောက်လုံး၏ ငိုရှိုက်သံများ စီခနဲထွက်လာ၏။ နောက် ... လှူနာကုတင်ဆီသို့ အပြေးတစ်ပိုင်း ချဉ်းကပ်မိကြသည်။

“ဝှန်း...”

“ဟင် ...”

“ဟဲ့ ... ဟဲ့ ...”

ကာသစ်တို့က ကိုကို့ကုတင်ဆီတိုးကပ်အလာ ခုတင်ဘေးတွင် ရပ်ကာ ကိုကို့နှင့် ဆက်သွယ်ထားသော စက်ကိရိယာကြီးများ၊ ခရစ်ပိုက်များ



စသည်ကို ဖြုတ်သိမ်းနေသော စပယ်ရှယ်နပ်စ်မလေးသည် ရုတ်တရက် ဝုန်းခနဲ လဲပြိုကျသွား၏။ အနီးဆုံးတွင် ရောက်နေသော ဒေါ်တင်တင်မာက လဲကျသွားသော နပ်စ်မလေးကို အလန့်လန့်အဖျပ်ဖျပ်နှင့် အမှတ်မဲ့ ဆွဲထူပေးရန် ဟန်ပြင်လိုက်စဉ် ဆရာမလေးသည် သူ့ဘာသာပင် ဆတ်ခနဲ ထထိုင်လိုက်သည်။ နောက် ... ကာသစ်တို့ လူစုဘက်သို့လည်း ချာခနဲ လှည့်လာလေသည်။

ဆရာမ၏ ထူးထူးဆန်းဆန်းအပြုအမူကြောင့် ဆရာဝန်ကြီးနှင့် ကာသစ်တို့အားလုံး အံ့အားသင့်ကာ ဆရာမလေးကို ဝိုင်းကြည့်မိကြ၏။

အို ... ဆရာမလေးရဲ့ ... မျက် ... မျက်လုံး ...။ ဆရာမ၏ မျက်လုံးအစုံသည် ပွင့်လျက်သားရှိနေသော်လည်း အရှေ့အလျားမရှိ၊ ထူးခြားစွာကြောင်ကြောင်ကြီး ဖြစ်နေ၏။

“မေမေ ... ဖေဖေ”

“အို ...”

“ဟာ ...”

“ဟင် ...”

ဆရာမ၏ နှုတ်မှ ထွက်လာသော အသံသည် ဆရာမ၏ အသံ၊ မိန်းမသံမဟုတ်ဘဲ ယောကျ်ားသံဖြစ်နေသည်။ ယောကျ်ားသံမှ ကိုကို့အသံ၊

ကာသစ်မှာ ဆရာမလေးကို အံ့ဩမှင်တက်မိစွာ စူးစူးကြီး စိုက်ကြည့်နေမိတော့သည်။ အားလုံးမှာလည်း ထိတ်လန့်အံ့အားသင့်လျက် ...။

“မေမေ ... သား ခုလိုဖြစ်ရတာ ... ကာသစ်ကြောင့် မဟုတ်ပါဘူး။ သား ဆေးမှားသောက်ခဲ့လို့ ဖြစ်တာပါ”

ဆရာမလေးနှုတ်မှ ကိုကို့အသံဖြင့် ထူးဆန်းစွာ ပြောဆိုနေပုံကို အံ့ဩတကြီး ဖြစ်ကာ အားလုံးငေးကြည့်နေခိုက် ထပ်မံပြောလိုက်သော စကားကြောင့် ပို၍ အံ့အားသင့်သွားကြရသည်။

“ဘယ် ... ဘယ်လို ... ဆေးမှားသောက်တယ် ... ဟုတ်လား”

ဒေါ်တင်တင်မာက အံ့ဩတကြီး ပြောလိုက်ရင်း မသက်သာသော မျက်လုံးအကြည့်က ကာသစ်ထံ ဝဲခနဲရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို ... သား ... သားကို ... ဘယ် ... ဘယ်သူ ... တိုက်တာလဲ"

ကိုကို့ဖခင် ဦးမိုးဟန်က ထပ်မေးလိုက်၏။ သူတို့အားလုံးသည် တွေ့ကြုံနေရသော အကြောင်းအရာ အဖြစ်အပျက်အပေါ် စိတ်ဝင်စားလွန်း၍ ခေါင်းကြီးငုံ့ကာ ကိုကို့အသံဖြင့် ပြောနေသူ ဆရာမလေး၏ အဖြစ်ကိုပင် သတိမရကြတော့။

"ဟီး... ဟင့် ... ဟင့် ... မင်း ... မင်းမိန်းမ ... မင်း ... မိန်း ... မ တိုက်တာလား ... ဟင်၊ ဟင် ... သူ ... လုပ်တာမို့လား ... ဟီး ... ဟင့် ... သူက .... ငါ့သားကို သေအောင် ... ခု ... ခုလို ဖြစ်အောင် ... ဟင့် ... ဟင့် ... ဟီး"

ဒေါ်တင်တင်မာက ဟီးခနဲငိုချလိုက်ရင်း ရှိုက်ငင်လျက် ပြောလိုက်သည်။

"မဟုတ်ပါဘူး မေမေ၊ သားသတိပြန်လည်မလာတော့တာ - သား တက်နေတုန်းက သောက်တဲ့ ဆေးကြောင့်ပါ"

ဒေါ်တင်တင်မာ မျက်လုံးဝိုင်းသွားသည်။ သား ... တက်နေတုန်းက တဲ့လား။ သား ရုတ်တရက် ဝက်ရူးပြန်သကဲ့သို့ တက်သွားစဉ် အိမ်တွင် သားဖခင်ဦးမိုးဟန်လည်းမရှိ၊ ချွေးမ ကသစ်စံကလည်း အပြင်သွားနေသည်။ သူမနှင့် အိမ်ဖော်များသာရှိ၏။ ထမင်းစားခန်းထဲက ဒုန်းခနဲ အသံကြား၍ ဒေါ်တင်တင်မာပြေးဝင်သွားတော့ သားသည် ထမင်းစားပွဲအနီးတွင် လဲကျလျက် တက်နေသည်ကို တွေ့ရသည်။ သားသည် ရောဂါကြောင့် အရင်က လည်း သည်သို့ မကြာမကြာတက်တတ်သည်။ ယခုနောက်ပိုင်းတော့ အတက်ကျဲသွား၏။

ထိုသို့ ရုတ်တရက်တက်လျှင် အတက်ကျအောင် ပြုလုပ်ရန် ရှေးဦးသူနာပြုစုနည်းကို ဆရာဝန်ကြီးက သင်ကြားပေးထားသဖြင့် ဒေါ်တင်တင်မာက ထိုနည်းအတိုင်း ပြုစုပေးခဲ့သည်။ ပြီးနောက် အတက်ကျသွားသည်နှင့် တိုက်ရမည့်ဆေးကို သူမတိုက်ခဲ့၏။

သား ... တက်နေတုန်းကဆိုတော့ ... ဟင် ... ဘုရား ... ဘုရား ...။ ငါ ... ငါ တိုက်ခဲ့တဲ့ ဆေးကြောင့်များလား...။ ဟင့်အင်း မဖြစ်နိုင်ပါဘူး။ အဲဒီဆေးက



သားတက်တဲ့အခါတိုင်း တိုက်ရတဲ့ တိုက်နေကျဆေးပဲဟာ။ ဆရာဝန်ကြီးပဲ တိုက်ခိုင်းထားတဲ့ဥစ္စာ ...။

ဒေါ်တင်တင်မာ မျက်မှောင်ကြုတ်ကာ တအံ့တဩစဉ်းစားနေမိဆဲ ...

"ဟင် ... ဒါ ... ဒါဆို ... ကိုကို ... ဟိုအရင် ... ကိုကိုအတက်ကျတော့ တိုက်ရတဲ့ ဆေးအဝါလုံးလေးတွေ ... မေမေ ... တိုက် ... တိုက်လိုက် ...တာလား ... ဟင်"

ကသစ် ထိတ်ထိတ်ပျာပျာ ဝင်မေးလိုက်မိ၏။ ဒေါ်တင်တင်မာက ကသစ်ကို ဖဝေဖဝါလှည့်ကြည့်ရင်း။

"ဟုတ်တယ်လေ ... ထမင်းစားခန်း Kitchen Cabinet အပေါ်ဆင့် ဗီရိုထဲက ဆေးလေ၊ အရင်ကလည်း တက်ရင် တိုက်နေကျဆေး"

"အို ... ဘုရား ... ဘုရား ..."

ကသစ် ယိုင်သွား၏။

"အော် ... ဖြစ်ရလေဗျာ ... ဒါကြောင့်ကိုး ..."

ဆရာဝန်ကြီးထံမှလည်း အာမေဋိတ်စကားသံထွက်လာသည်။ ဦးမိုးဟန်က ဇနီးနှင့် ကသစ်ကို တစ်လှည့်စီ နားမလည်သလို ကြည့်နေသည်။ ကသစ်မှာ ရင်ထဲဆို့နေပြီး စကားမပြောနိုင်တော့ဘဲ မျက်ရည်များသာ ပိုးပိုးပေါက်ပေါက် ကျလာသည်။ ဆရာဝန်ကြီးက သက်ပြင်းတစ်ချက် ချလိုက်ပြီး -

"အဲဒီဆေးက အရင် မောင်မင်းခန့်ကို တက်ရင် တိုက်ရတဲ့ဆေး မှန်ပါတယ်။ ဒါပေမဲ့ အခု ... ကျွန်တော်တို့က စောစောက ပြောခဲ့သလို မောင်မင်းခန့် ဆန္ဒအတိုင်း၊ တိုင်းရင်းဆေးနဲ့ပါ တွဲကုနေတော့ ကျွန်တော်လည်း ဆေးညွှန်းပြောင်းကုခဲ့တယ်။ ဒါကြောင့် အရင်က တိုက်ရတဲ့ အဲဒီဆေးက နောက် တုတ်တုံးဆေးတွေရဲ့ အာနိသင်ရဲ့ မတည့်တာကြောင့် အဲဒီဆေးကို ဆက်မတိုက်ဘဲ ရပ်လိုက်ဖို့ ကသစ်ကို ညွှန်ကြားခဲ့ပါတယ်။

ဘာလို့လဲ ဆိုတော့ ဆေးတွေချင်း ဓာတ်မတည့်လို့ အခန့်မသင့်ရင် အခုလို "ကိုမာ" ဝင်သွားနိုင်တာကြောင့်ပါ"

ဆရာဝန်ကြီးက ရှင်းပြနေရင်း ကသစ်ဘက်သို့ လှည့်ကာ -



www.burmeseclassic.com

www.burmeseclassic.com

"နေပါဦး ... သမီးကသစ်ကို အဲဒီဆေးတွေ ဖယ်ပစ်လိုက်ဖို့ ဆရာပြော ခဲ့တယ်မို့လား ... မသိရင် ယူသောက်မိမှာစိုးလို့လေ"

"ဟင့် ... ဟင့် ... ဟုတ် ... ဟုတ် ... ကဲ့ ... ဆရာ ... ကသစ် ... ဆေးဗီရိုထဲ က အဲဒီဆေးကို ဖယ်ပြီး လွှင့်ပစ်ခဲ့ပါတယ်၊ ဘယ်လို ... က ဘယ်လို ... ကို– ကတ်ဘီနက်ထဲမှာအဲဒီဆေးရှိနေတာ...ကသစ်...မသိ...မသိလို့...မဖယ်မိ– ဟင့် ... ဟင့် ..."

ဒေါ်တင်တင်မာ မိုက်ခနဲဖြစ်သွား၏။ သူမတို့သည် သားသောက်ရမည့် ဆေးမှန်သမျှ ဆေးဗီရိုထဲတွင်သာ အစုံထည့်ထားလေ့ရှိသည်၊ ကတ်ဘီ နက်ဗီရိုထဲတွင် ထိုဆေးထည့်ထားမိသူမှာ သူမကိုယ်တိုင်ဖြစ်ပါ၏။ ဆေးဗီရို က အပေါ်ထပ် အိပ်ခန်းများအပြင် နံရံကပ်ဗီရိုတွင် ရှိရာ အရေးကြုံလျှင် အပေါ်တက်ယူမနေရဘဲ လွယ်လင့်တကူ သောက်နိုင်ရန်အတွက် အောက် ထပ် ထမင်းစားခန်း ကတ်ဘီနက် ဗီရိုထဲတွင် သူမက လိုလိုမည်မည် ဝယ် ထည့်ထားခဲ့သည်၊ ယင်းကို သူမ၏ ခွေးမလည်း သိမည်မဟုတ်ပါ။ သူမက ဆေးပုလင်းထည့်ထားကြောင်း မည်သူ့အားမျှလည်း မပြောလိုက်မိပါ။

သားက သည်သို့မြန်မာတိုင်းရင်းဆေးနှင့်ပါတွဲ၍ကုသနေခြင်းကိုမသိ သဖြင့် ဆရာဝန်ကြီးဆေးညွှန်းပြောင်းကုနေခြင်းကိုလည်း သူမတို့ မသိခဲ့။ ထိုသို့ ပူးတွဲကုသမှုကြောင့်မှန်း သူမတို့ မသိခဲ့သော်လည်း ကသစ်နှင့် လက်ထက်ပြီးနောက်ပိုင်း သားရောဂါအတော်သက်သာလာခဲ့သည်ကို တော့ သတိထားမိသည်၊ အတက်လည်း ကျဲသွားခဲ့ပါ၏။ ဖြစ်ချင်တော့ ထိုနေ့ကမှ –

ထို့ကြောင့် ဖြစ်သည့်နေ့က မတက်သည်မှာ ကြာနေပြီဖြစ်သော သား ဖြစ်သူ ရုတ်တရက်တက်သောအခါ သူမကိုယ်တိုင် ထိုဆေးကို ခါတိုင်းလို တိုက်လိုက်မိခြင်းဖြစ်လေသည်၊

"ဟင့် ... ဟင့် ... ကသစ် ... ကသစ်ကလည်း အဲဒီဆေးနဲ့ မတည့်တာ မေမေ့ကို မပြော ... မိဘူး... ဟင့် ...ဟီး"

ကသစ်အသံက ဆို့နင့်သွားသည်၊



ကိုကို "ကိုမာ" မဖြစ်ခင် အိမ်တွင် ရှိစဉ်က ဆရာဝန်ကြီးနှင့် တိုင်ပင်ကာ တိုင်းရင်းဆေးနှင့်ပါ ကုသနေခြင်းကို ကိုကိုက မိဘများအား မသိစေခြင်း ကြောင့် ကသစ်ကလည်း ကုထုံးသစ်နှင့် ထိုဆေးခတ်မတည့်၍ မတိုက် ကျွေးရန် ယောက္ခမများကို မပြောဖြစ်ခဲ့၊ နောက်ပြီး ကိုကို့ကို ဆေးတိုက်ရန် တိစွအားလုံး ကသစ်ကသာ နေ့စဉ်ဆောင်ရွက်နေကျဖြစ်၍ ပြောရန် မလို ခြင်းကြောင့်လည်း ပါပါသည်၊ ခုတော့ ...၊ ကသစ်မှာ ထိုစဉ်ကတည်းက စ၍ သတိပြန်လည် မလာတော့သော ခင်ပွန်းသည် ကိုကို့ကို နောက်ဆုံးအနေ နှင့်ပင် (သတိရှိလျက် အနေအထားဖြင့်) စကားပြောခွင့်၊ မြင်ခွင့် မရခဲ့ပါ လေတော့၊

"ဟီး ... ဟင့် ... ဒါ ... ဒါဆို ... ကျွန်မ... ကျွန်မ... ကြောင့် ... သား ... သား လေး"

ဒေါ်တင်တင်မာမှာ ယူကျုံးမရဟန်နှင့် ပြောဆိုငိုရှိုက်ရင်း စိတ်ထိခိုက် လွန်းစွာ ဖင်ထိုင်လျက် ကျသွားတော့သည်၊

"အို ... မေမေ"

"တင်တင် ... တင်တင်"

ကသစ်က ဒေါ်တင်တင်မာကို ပြေးပွေ့သလို ဦးမိုးဟန်ကလည်း ပြေး ထိန်းလိုက်သည်၊ ထိုစဉ် ဆရာမလေးထံမှ ကိုကို့အသံ ထွက်လာ၏။

"မေမေ... မေမေ့ကြောင့် မဟုတ်ပါဘူး၊ သား ... ကုသိုလ်ကံကြောင့် မမျှော်လင့်ဘဲ ခုလို ဖြစ်သွားရတာပါ၊ မေမေ ဒီအတွက် စိတ်မကောင်းဖြစ် မနေပါနဲ့၊ သား ...ဖြစ်ချိန်တန်လို့ဖြစ်ခဲ့ရတာပါ"

"သား ... သွားချင်နေတာ ကြာပါပြီ၊ မေမေတို့ကလည်း သားတောင်း တာနဲ့ စက်တွေနဲ့ ဆက်ပြီး ဆွဲထားကြလို့ သား မွန်းကြပ်ပြီး ကသစ်ကို အိပ်မက်အကြိမ်ကြိမ်ပေးခဲ့ပါတယ်၊ မေမေနဲ့ ဖေဖေကတော့ ဆရာတော် ကြီးပေးတဲ့ ခတ်လုံးကို လက်စွပ်ကွင်းဝတ်ထားကြလို့ မေမေတို့ကို သား ... အိပ်မက်ပေးလို့ မရဘူး၊ ကသစ်ကိုပဲ ပေးခဲ့ရတယ်"

ဟင် ... ဒါဆို ... ၊ ဒေါ်တင်တင်မာက ရှိုက်ငင်ငိုကြွေးရင်းမှ ကသစ်ကို လှည့်ကြည့်သည်၊ သူမ၏ ခွေးမ အမှန်ပြောခဲ့တာပါလား၊

www.burmeseclassic.com

“ဖေဖေနဲ့ မေမေ … သားကိုယ်စား … သားချစ်တဲ့ သားမိန်းမကို ချစ်ခင်စောင့်ရှောက်ပေးပါမေမေ၊ ကသစ် … ကသစ်ကို ကိုကိုပြဖူးတဲ့ ကိုကို့ဒိုင်ယာရီကို မေမေတို့ကို ပေးဖတ်လိုက်ပါ၊ ကိုကိုသိမ်းထားခဲ့တဲ့ ကသစ်ကိုကို့ကို ပေးခဲ့တဲ့ ငွေတွေလည်း ပြလိုက်ပါ”

ကသစ်က ငိုရင်းရှိုက်ရင်း ခေါင်းညိတ်လိုက်မိ၏၊ ယောကျ္ာမများ လာခေါ်အပြီး ကိုကို့ဘဝမှန်ကို ကသစ်သိခဲ့ရပြီးနောက် ကိုကိုက ကသစ်ကို ထိုဒိုင်ယာရီအား ပြခဲ့ဖူးပါသည်၊ ဒိုင်ယာရီထဲတွင် ကသစ်နှင့် စတွေ့စဉ်မှ စ၍ စိတ်ရင်းနှင့် ကသစ်ကူညီစောင့်ရှောက်ခဲ့သည်များ၊ ကသစ်၏ ဖြူစင်သောစိတ်သဘောထားများ၊ ချွေးနည်းစာစုငွေလေးများကို ကိုကို့အား အကြိမ်ကြိမ်ပေးခဲ့သည့်အကြောင်းများပါသည်၊

ဆရာမလေးထံမှ ကိုကို့အသံ ဆက်၍ ထွက်လာပြန်သည်၊

“သား … ကသစ်ကို စိတ်မချလို့ … မသွားနိုင်သေးဘဲ ဖြစ်နေတယ် မေမေ၊ ဒါကြောင့် ခုလို …သားဆန္ဒကို ပြောပြတာပါ၊ ဖေဖေနဲ့ မေမေတို့ ကသစ်ကို ချစ်ခင်ပေးပါ၊ သားကိုယ်စား သမီးရင်းလို စောင့်ရှောက်ပေးပါ၊ ကသစ်ကလည်း ကိုကို့ကိုယ်စား ကိုကို့မိဘတွေကို မိဘရင်းလို စောင့်ရှောက်ပေးမယ်လို့ ကိုကိုယုံပါတယ်၊ သားအတွက်လည်း အလှူအတန်းပြုပြီး အမျှဝေပေးပါ မေမေနဲ့ ဖေဖေ၊ သားစောင့်နေပါမယ်”

စကားဆုံးသည်နှင့် ဆရာမလေးသည် ခေါက်ခနဲခွေကျသွားတော့သည်၊ သို့သော် ချက်ချင်းလိုပင် ခေါင်းထောင်ထထိုင်လိုက်ပြီး သူမပတ်ဝန်းကျင်မှ ငိုရှိုက်နေကြသော တအံ့တဩဖြစ်နေကြသော လူများကို နားမလည်သလို ဟိုကြည့်သည်ကြည့် လုပ်နေသည်၊

“ကျွန်မ … ကျွန်မ … ဘာ … ဖြစ်တာ … လဲ … ဟင်”

ဆရာမလေး၏ပင်ကိုအသံဖြင့် အံ့အားသင့်စွာမေးသံထွက်လာသည်၊ ဆရာဝန်ကြီးအပါအဝင် ကသစ်တို့အားလုံးမှာ ထူးဆန်းလွန်းလှသောအဖြစ်ကြောင့် မည်သူမျှ ပြန်စကားမဆိုနိုင်ကြသေးပါ၊ ဆရာဝန်ကြီး ကိုယ်တိုင်လည်း မယုံနိုင်ဟန် ခေါင်းတယမ်းယမ်းနှင့် ရှိနေသည်၊

ကသစ်က မျက်ရည်များ ဝိုးဝိုးဝါးဝါးကျရင်း ယောကျ္ာမများကို ကြေကွဲသော မျက်လုံးများဖြင့် ကြည့်လိုက်မိ၏၊

သူမ၏ ယောကျ္ာမများသည်လည်း ကသစ်ကို ပြန်လည်စိုက်ကြည့်နေကြပါသည်၊ သို့သော် ထိုမျက်လုံးများထဲတွင် ယခင်ကလို ကသစ်အပေါ် မကျေမလည် မုန်းတီးသော အရိပ်အယောင်များ လားလားမျှ မတွေ့ရတော့၊

သူတို့၏ မျက်ဝန်းတွင် ကိုကို့အတွက် ဝမ်းနည်းပူဆွေးနေသော သောကများ ဖုံးလွှမ်းနေသည်မှအပ အကြည့်များတွင် နားလည်မှု၊ ယုကျုံ မရဖြစ်မှုနှင့် နူးညံ့သောကရုဏာရိပ်များကို ထင်ထင်ရှားရှားကြီး တွေ့မြင်နေရသည်၊

ကသစ်ယုံကြည်ပါသည်၊ ကိုကို၏ ဒိုင်ယာရီကို ဖတ်ရပြီးလျှင်ကား ယောကျ္ာမများသည် ခုထက်ပို၍ …၊

ဩော် … စစ်မှန်သော ချစ်ခြင်းမေတ္တာ၏ တန်ခိုးစွမ်းအားကြောင့် ကမ္ဘာ တတ်နေခဲ့သော မုသာဝါဒကို ကျော်လွှန်၍ အမှန်တရားကသာ ရှေ့ကပန်းဝင်ခဲ့လေပြီတကား၊

>> ထားဦးသံ့



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မော်ဆရာနှင့် သူ၏သိုက်စာ

မင်းသုန်းသိမ်သူ

ထိုနေ့က ကောင်းကင်တစ်ခုလုံး မှေးဆေးပေးပြီးခဲ လူနာတစ်ယောက်လို တဖြည်းဖြည်း ထုံထိုင်းဝေးမှိုင်စ ပြုလာနေပြီဖြစ်သည်။ တောင်ကြီး တစ်လုံးစာမျှရှိသော မည်းညစ်ညစ်တိမ်တိုက်ကြီးတစ်ခုက မြို့ကလေး၏ ဦးခေါင်းအထက်မှနေ၍ ကန့်လန့်ဖြတ် ကျော်လွှားရန် ကြိုးစားနေခဲ့သည်။

နေရောင်ခြည်သည် တဖြည်းဖြည်း အိပ်ပျော်တော့ကျကာ မြို့ကလေးကို နှစ်မြှုပ်ရန် ကြိုးစားနေဆဲဖြစ်သည်။ မြို့ကလေး၏ မြောက်ဘက်ဆီမှ မြစ်ပြင်သည် လေတဟူးဟူးတိုက်ခတ်လျက် ရှိသည်။ အမှုသမားတစ်ယောက်ပမာ လေပြည်သည် ဒယီးဒယိုင်ဖြင့် ကုက္ကိုပင်အောက်မှ လက်ဖက်ရည်ဆိုင်ငယ်ကလေးထဲသို့ ရဲတင်းစွာ ဝင်ရောက်နေပြီဖြစ်သည်။ နောက်တော့ အခန်းထဲတွင် ဟိုသည် လျှောက်သွားနေခဲ့သည်။



တိတ်ဆိတ်နေသော လမ်းမပေါ်ရှိ ကုက္ကိုပင်အောက်ဆီမှ နွားတစ်ကောင် စမြုံ့ပြန်နေသည်။ ခွေးပိန်ကလေးတစ်ကောင်ကတော့ နွားဘေးမှ ညင်သာစွာ ဖြတ်ကာ လက်ဖက်ရည်ဆိုင်အိုရှိရာသို့ မျှော်လင့်ချက်တစ်ခုဖြင့် မဝံ့မရဲ ချဉ်းကပ်ရန် ကြိုးစားလျက်ရှိသည်။ သူ၏ စားကြွင်းစားကျန်အချို့ကို ဤဆိုင်ကလေးဆီမှ ရံဖန်ရံခါ ရတတ်သည်မဟုတ်ပါလား။ နံပြားအနားပဲ့၊ ပေါင်မုန့်အကြွင်းအကျန် စသည်ဖြင့်ပေါ့။

ခွေးပိန်ကလေးသည် လက်ဖက်ရည်ဆိုင်ထဲတွင် စားသုံးသူ တစ်ယောက်တလေ ဒါမှမဟုတ် ဆိုင်ရှင်က စွန့်ပစ်မည့် ရက်လွန်မုန့်အချို့ကို ရလိုရငြား စူးစမ်းသောမျက်ဝန်းသေတစ်စုံဖြင့် ဝေ့ဝဲကြည့်ရှုရင်း ဆိုင်ဝတွင် ရပ်တန့်ငေးမောနေလေသည်။ ဤလက်ဖက်ရည်ဆိုင်ကလေးမှ ကိတ်မုန့်တစ်ချပ်(ထိုကိတ်မုန့်သည် စားသုံးရမည့်ရက်ထက် ဆယ်ရက်ခန့်မက ကျော်လွန်နေပြီဖြစ်သည်။) အီကြာကွေးတစ်ချောင်း (အဆိုပါ အီကြာကွေးသည်လည်း ရက်ပေါင်းများစွာ ကြာမြင့်နေကာ အမဲရိုးတစ်ချောင်းလို မာကြောနေပြီ) ရခဲ့ဖူးသည်။ ထိုမုန့်နှစ်မျိုးသည် သူ့ဘဝတစ်လျှောက်တွင် ဆိုင်ကလေးဆီမှ အထူးမြတ်ဆုံးရရှိသည့် အစားအစာဖြစ်ကြောင်း၊ အမြဲထာဝရ အမှတ်ရနေမည့်နေရာဖြစ်ကြောင်း အထူးဖော်ပြရန် မလိုပါ။ အူနှောင်းမီးပွင့်မတတ်မြည်ကာ ဆာလောင်ငတ်မွတ်သောနေ့ရက်များတွင် ကိတ်မုန့်တစ်ချပ်နှင့် အီကြာကွေးမာမာကို အမြဲသတိရနေမိသည်။

ခွေးပိန်ကလေးသည် ဆိုင်ရှေ့တွင် ခြေသုံးထိုင်ထိုင်ကာ ဆိုင်ထဲသို့ ရီရီဝေဝေအသနားခံသောမျက်ဝန်းသေများဖြင့်လှမ်းကြည့်နေမိသည်။ သိပ်ပြီးအတင့်ရဲ၍တော့ မဖြစ်။ ဆိုင်ရှင်သည် မျက်နှာတင်းမာကာ လက်သံပြောင်လှသည်။ သူ့ကို တုတ်နှင့်ပစ်ဖူးသည်။ ခွေးဝဲစားဟု ဆဲရေးခြင်းခံရဖူးသည်။ သူ့လို ခွေးလေခွေးလွင့်တစ်ကောင်ကို လိုလားပုံမရ။ မီးဖိုထဲမှ ထင်းစနှင့် ပစ်လိုက်ပါက ဂိန်ခနဲပင် အော်နိုင်မည်မဟုတ်။ ထိုအခါမျိုးတွင်ရှိစဉ်ဒိုခနဲအင့်ခနဲဟုအသံထွက်မည်လားမဆိုနိုင်။ ခွေးဝဲစားဟာ ခွေးဝဲစားပဲပေါ့ဟု ဆိုပြောမှလား။

www.burmeseclassic.com

ဆိုင်၏အတွင်းကျကျနေရာတွင် မှောင်မဲလျက်ရှိသည်၊ ရဲတင်းလှသော နေရောင်ခြည်သည် ဆိုင်၏အတွင်းခန်းသို့ပင် ဝင်ရောက်ရန် ကြိုးစားလျက်ပင် ရှိသေးသည်။ ဆိုင်ထဲတွင် အမှန်တကယ် လူရှင်းလျက်ရှိပြီး ယိုင်နဲ့နဲ့ စားပွဲငါးလုံးခန့်ချထားကာ ကောင်တာတွင် လူတစ်ယောက် ငြိမ်သက်ငိုက်မြည်းနေပုံမှာ လပေါင်းများစွာ အိပ်ရေးပျက်နေသော ဆောင်းနိုလင်းဆွဲနှင့် တူသည်၊ လက်ဖက်ရည်အဖျော်ဆရာသည် မီးသွေးဖိုထဲမှ မီးသွေးစကို ညှပ်ဖြင့် ညှပ်ယူနေရာ နီရဲသော မီးခဲများ တဖွားဖွား လွင့်ပျံ့နေသည်၊ စားပွဲထိုး ဘယ်ရောက်နေပြီလဲ...။ ကောင်တာမှ လူပင် စားပွဲထိုးလော... အဖျော်ဆရာပင် စားပွဲထိုးလော... ဒါလည်း အရေးမကြီးလှပါ။

ခွေးပိန်ကလေးသည် မျှော်လင့်ချက်မဲ့စွာ လာလမ်းအတိုင်း ခေါင်းငိုက်စိုက်ချကာ နေးကွေးသောခြေလှမ်းဖြင့် ပြန်ထွက်သွားသည်၊ လက်ဖက်ရည်ဆိုင်ထဲ အခန်းထောင့် မှောင်ကုတ်ကုတ်အောက်တွင် လူတစ်ယောက် ထိုင်နေသည်ကိုတော့ သေသေချာချာကြည့်ပါက မြင်တွေ့နိုင်ပေသည်။ မှန်ပါသည်၊ သူသည် လူတစ်ယောက်ပါ၊ သူသည် မြို့ကလေးနှင့် ရင်းနှီးကျွမ်းဝင်ပြီးသူတစ်ယောက် ဖြစ်သည်။ မြို့ကလေးနှင့် ညှိနှုက်သန်းခေါင်ထိ စကားပြောင်းခုန်ခဲ့ဖူးသည်၊ တစ်နစ်တစ်ကြိမ်သော ကျင်းပတတ်သော မြို့ဘုရားပွဲရှိ ဇလာအငြိမ့်ပွဲတွေနှင့် ရင်းနှီးနေသည်၊

သူသည် တစ်ခါတစ်ရံ မြွေဆိုးများ ဖမ်းယူကာ မျက်လှည့်ဝိုင်းတွင် လူ အထင်ကြီးအောင် ပြကွက်ဆန်းများပြသခြင်း၊ လူရိုး၊ ဦးခေါင်းရိုးတစ်ခုကို အသုံးပြုကာအစိမ်းတိုက်သလိုလို၊နတ်တိုက်သလိုလိုပြကွက်ဆန်းများဖြင့် ပြသတတ်သည်။ ကြိုးစကိုမြွေဆိုးအဖြစ်သို့လည်းကောင်း၊ ကြက်ဥထဲမှ ကြက်ကလေး အတောင်ပေါက်ထွက်လာပုံ ပြကွက်ဆန်းများသည်လည်းကောင်း၊ သူအသုံးပြုနေကျ နည်းနာနိဿယများဖြစ်သည်။ ဤသို့ဖြင့် သူသည် မြို့ကလေးရှိ ရိုးသားသောလူထုကို အထင်ကြီးအောင် ဖမ်းစားညှို့ယူနိုင်ခြင်းဖြင့် လူသိများခဲ့သူဖြစ်သည်၊ ထို့နောက် ပြကွက်ဆန်းများကို အကြောင်းပြုပြီး သူ့နာမည်အရင်းကို မည်သူမျှ သိအောင်မကြိုးစား



မခေါ်ဝေါ်ကြတဲ့ မြို့ကလေးက "မှော်ဆရာ"ဟု နားလည်ထားကြသည်။ မှော်ဆရာဟုပဲခေါ်ကြသည်။

ထူးဆန်းသည်မှာ မှော်ဆရာသည် မြို့ကလေး၏ လမ်းမြောင် လမ်းသွယ်များပေါ်တွင် လပေါင်းများစွာ ဥဒဟိုတွေ့နေရတတ်ပြီး တစ်ခါတစ်ရံ မြို့ကလေးမှ လပေါင်းများစွာ ပျောက်ကွယ်နေတတ်ခြင်းပင်။ သူသည် ထိုကဲ့သို့ပင် ပင်လယ်ဖုံ့တစ်ကောင်လို ရေအောက်ငုပ်လျှိုးပျောက်ကွယ်နေတတ်ပြီး တစ်ခါတစ်ရံ ရေမြွေတစ်ကောင်လို ရေပေါ် ပေါ်နေတတ်ပေရာ မြို့ကလေးက မှော်ဆရာကို အထူးအဆန်းမသတ်မှတ်တော့၊ ဂရုမစိုက်ကြတော့၊ ဤသို့ဖြင့်ပင် မှော်ဆရာရယ်...၊ မြို့ကလေးရယ်...၊ ခွေးပိန်ကလေးရယ်...။

— ☯ —

မှန်ကုပ်ကုပ်အခန်းထောင့်စားပွဲတွင် ထိုင်နေသော လူတစ်ယောက်၏ရှေ့တွင် အကြမ်းပန်းကန်တစ်လုံး၊ ရေနွေးအိုးတစ်လုံးက မတုန်မလှုပ် ငြိမ်သက်နေသည်၊စားပွဲညစ်ညစ်တွင်မေးတင်လက်တစ်ဖက်ထောက်ကာ ငြိမ်သက်လွန်းမက ငြိမ်သက်စွာ ထိုင်နေသော မှော်ဆရာသည် သက်ရှိလူသားတစ်ယောက်ဖြစ်သည်ဟု အာမခံဖြင့် ပြောနိုင်ပါသည်။ မှန်ပါသည်။ လူတစ်ယောက် ကေန်စစ်စစ်ပါ။ အသားညစ်ပုပ်ပုပ်၊ မျက်နှာရှည်မျောမျော၊ ပေမှေးသောမျက်ဝန်း၊ ဆံပင်ညှဉ်းသိုးသိုး၊ မုတ်ဆိတ်မွေးထိုးထိုးထောင်ထောင်နှင့် လူသည် ရေခဲခေတ်အကြွင်းအကျန် မနုဿလူသားတစ်ဦး လက်ဖက်ရည်ဆိုင်ထဲမှာ ရောက်နေသည်ဟုပြောလျှင် သတ္တဗေဒ သိပ္ပံပညာရှင်အားလုံး ရေခဲခေတ် လူသားစင်စစ်ဖြစ်ကြောင်း ထောက်ခံအတည်ပြုမည့် ရုပ်ရည်မျိုးဖြစ်သည်၊ ထိုသတင်းသည် ကမ္ဘာကျော် တုန်လှုပ်အံ့သြဖွယ်သတင်းတစ်ပုဒ် ဖြစ်လာနိုင်ပြီး သူ၏သတင်းကို ပထမဦးဆုံး ဖော်ပြသော သတင်းစာသည် စောင်ရေဘီလီယံထိ ထုတ်ဝေရမယ်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် သူ၏မျက်နှာတွင် အလိုမကျခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း အောင့်အည်းသည်းခံနိုင်မှု နည်းပါးခြင်းတို့ကြောင့် မေးရိုးချွန်ချွန်ကြီးသည် ထန်းလိုးမားလောက်ပမာရှေ့သို့ငေါထွက်ကာတရွရွလှုပ်နေသောဟာစိဟာစီ နှုတ်ခမ်းထူထူပြာပြာကြီးကလည်း အစာရေစာ ဖြတ်လပ်သည့် လင်းတ အိုကြီးတစ်ကောင်နှင့် တူနေပြန်သေးသည်၊ လင်းတအိုကြီးသည် သူ၏ ကုတ်အင်္ကျီမည်းမည်းကြီးထဲမှ ညိုဝါရောင်သမ်းနေသော ဖရောမရှည်မျော မျော ခပ်တုတ်တုတ်အရာဝတ္ထုကြီးကို လေးလံနှေးကွေးစွာ ဆွဲထုတ်လိုက်လေသည်။ ထိုအရာကြီးသည် ဒုံးပစ်လောင်ချာမဟုတ်ပါ၊ တစ်ထွာ ကျော်ကျော်ရှိ ပြောင်းဖူး ဖက်ဆေးလိပ်ကြီးသာ ဖြစ်ပါသည်။

သူသည် ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ပြာနှမ်းနှမ်း ထူတွဲတွဲ နှုတ်ခမ်းကြီးမှာ စွပ်လိုက်သည်၊ စားပွဲပေါ်ရှိ ကြေးဝါရောင်မီးခြစ်ကိုဆွဲယူကာ တရှီးရှီးမြည်အောင် ခြစ်လေသည်၊ ထို့နောက် မီးညှိသည်၊ မီးစွဲလျှင် တစ်ရှိုက်နှစ်ရှိုက်ဖွာသည်။ အလိုမကျခြင်း၊ စိတ်လှုပ်ရှားနေခြင်းတို့ကြောင့် ရှုစိရှုစိလှုပ်နေသောနှုတ်ခမ်းတွင် ပြောင်းဖူးဖက်ဆေးလိပ်ကြီးတပ်ဆင်ထားပုံမှာ ခွေးဖင် တုတ်တတ်ထားသည်နှင့် သဏ္ဍာန်တူလေသည်။

သူသည် မှန်ကုပ်ကုပ်နောက်ဖေးခန်းတွင် တစ်ယောက်တည်း အလုပ်ရှုပ်နေသော အဖျော်ဆရာထံသို့ မျက်စိကို ရွှေ့လိုက်သည်။ ထို့နောက် ရုတ်တရက် ဆေးလိပ်မီးခိုးသီးကာ ချောင်းတစ်ချက်ဆိုးသည်။ ချောင်းဆိုးသံသည် ဒယီးဒယိုင်ဖြင့် စားပွဲပေါ်သို့ ထွက်၍သွားသည်၊ "အား"

"ဟေ့ – ငါဒီနေ့ တပေါင်းလဆန်းရှစ်ရက်မှာလက်ဖက်ရည်သောက်မှာ နော်၊ဒီနေ့သောက်မှာ – ဒီနေ့သောက်ရမှဖြစ်မှာ – နောက်ဘုရားပွင့်တဲ့အထိ မစောင့်နိုင်ဘူးဟေ့"

အဖျော်ဆရာသည် ကြောက်မက်ဖွယ် ကမ္ဘာပျက်မှုခင်းသတင်းကြီး တစ်ပုဒ်ကို ကြားလိုက်ရသည့်အလား ရုတ်တရက် လန့်ဖျပ်ကာ အသံလာ ရာသို့ ထိတ်ထိတ်ပျာပျာ လှမ်းကြည့်သည်။

"ဟုတ်...ဟုတ်... ရေနွေးအိုးဆူပါတော့မယ်ခင်ဗျာ...၊ နို့ဆီမရှိလို့ စားပွဲ ထိုးလေးသွားဝယ်တုန်းပါခင်ဗျ။မကြာခင်...အဲ...ဆရာကြီးရှေ့တော်မှောက်



ကို လက်ဖက်ရည်တစ်ခွက် ဆိုက်ဆိုက်မြိုက်မြိုက် ရပ်နားရောက်ရှိလာဖို့ ကျွန်တော် တာဝန်ယူပါတယ်ခင်ဗျ၊ တကယ်ပြောတာပါခင်ဗျ"

အဖျော်ဆရာသည် ငေါ့၍ ပြောလိုက်သည်လား၊ ဒါမှမဟုတ် အမှန် တကယ်ကို လေးလေးစားစားဖြင့် ပြောလိုက်သည်လားမသိ၊ လင်းတအို ကြီးသည် မေးစေ့ကြီး တဖြည်းဖြည်း ရှေ့သို့ ငေါထွက်လာပြီးသကာလ တဆတ်ဆတ်တုန်ရင်ကာ –

"မင်းတို့နဲ့ ငါနဲ့တော့လကွယ် ဟင်း...ဟင်း...ဟင်း... ထဘီစုတ်တောင် အဖြစ်ရှိအောင် ၂–ထည်မရှိတဲ့ မုဆိုးမအိမ်ပေါ်ကို တက်လာတဲ့သူခိုးလို ဖြစ်နေပြီ။ ကဲ...ကဲ ရေနွေးမြန်မြန်ဆူအောင်လုပ်တော့။ လက်ဖက်ရည်ဖျော် ဖို့ သကြားကောရှိရဲ့လား၊ ပန်းကန်လုံးကော ရှိရဲ့လားဟဲ့"

"သကြားတော့ ရှိ...ရှိ"

လင်းတအိုကြီးသည် နောက်ထပ်ဆေးလိပ်တစ်ဖွာရှိုက်ရန် အားယူ လိုက်စဉ်မှာပင် ဆိုင်တွင်းသို့ ခပ်သုတ်သုတ်ဝင်လာသော ခြေသံတွေကို ကြားလိုက်ရလေသည်၊ ထိုအခါ သူသည် လက်ထဲမှဆေးလိပ်ကိုကယောင် တတမ်း ပြန်ချလိုက်၏၊ ဆေးလိပ်သည် စားပွဲစွန်းဆီသို့ တရွေ့ရွေ့လိမ့်သွား ၏၊

သူ၏မျက်လုံးများသည် ဆိုင်အပြင်ဘက်သို့ ချိန်ရွယ်လိုက်သည်။

"ဆရာ...ဆ...ဆရာကြီး"

အမောတကော ပြေးဝင်လာသောလူနှစ်ယောက်...

"ကဲ... အဆင်ပြေရဲ့လား..."

"ဟုတ်...ဟုတ်ကဲ့...အဆင်ပြေပါတယ်... လွယ်လွယ်ကူကူ မရခဲ့ပါဘူး ဆရာကြီး..."

ပြေးဝင်လာသောလူနှစ်ယောက်သည် မော်ဆရာလင်းတအိုကြီးကို "ဆရာကြီး..." ဟု တရိုတသေခေါ်ကာ ခုံအလွတ်များတွင် အသီးသီး ကုပ် ချောင်းချောင်း ဝင်ထိုင်ကြကုန်သည်၊

မော်ဆရာ၏မျက်နှာတွင် ထူးဆန်းသောအပြုံးတစ်ချက် ပေါ်လာ သည်၊ ထိုအပြုံးကို သေချာစွာ ခွဲစိတ်ဓာတ်ခွဲလိုက်မည်ဆိုပါက ရွှေသား



www.burmeseclassic.com

www.burmeseclassic.com

အပြည့် တင်ဆောင်လာသော ကုန်တင်သဘော်တစ်စီးကို အောင်မြင်စွာ စီးနင်းသိမ်းပိုက်လိုက်သည့် မျက်စိတစ်ဖက်လပ် ပင်လယ်ဓားပြဗိုလ်၏ ပမာမခန့်အပြုံးမျိုး ဖြစ်ပေလိမ့်မည်။ ပင်လယ်ဓားပြကြီးသည် ဦးခေါင်းကို တဆတ်ဆတ် လှုပ်နေပုံမှာ ဂူသချိုင်းပေါ်မှ အစာမျှော်နေသော သွေးစုပ် ဖုတ်ကောင်ကြီးနှင့် သဏ္ဍာန်တူနေလိမ့်မည်။ ထူထဲသောနှုတ်ခမ်းမွေး ကျိုးတိုးကျဲတဲမုတ်ဆိတ်မွေးတို့သည် လှုပ်လှုပ်ရွရွဖြစ်လာကြသည်။ သွားကြဲကြီးများ ပေါ်လာသည်။

"ဒီတပည့်တွေ တော်ကြပေသကိုး... ဟေး...ဟေး... တပည့်ကောင်း ပီသကြပါပေရဲ့... ဒီလိုမှပေါ့... နောက်လိုက်ကောင်း ပီသပါပေရဲ့လကွယ်"

တပည့်နှစ်ယောက်သည် တစ်ယောက်မျက်နှာတစ်ယောက် စိုက်ကြည့်လိုက်ကြသည်။ တစ်ယောက်မျက်နှာကဂေါ်ပြားနှင့်တူသည်။ မျက်နှာပြားပြား၊ ဆံပင်ကို အလယ်ခွဲထားပြီး ရုတ်တရက်ကြည့်လိုက်လျှင် သန်မာသောဆံပင်များက စာအုပ်ထူထူတစ်အုပ်ကို အလယ်မှ ဖြန့်ခင်းကာ ခေါင်းပေါ်တင်ထားသည်နှင့်တူသည်။ နောက်တစ်ယောက်ကတော့ မျက်နှာ စုတ်ချွန်းချွန်း၊ ခေါင်းလုံးလုံး၊ ထိပ်ပြောင်နေပြီး စူးရှသော အကြည့်ဖြင့် အကြည့်ရိုင်းရိုင်းဖြင့် လူတစ်ယောက်ကို ကြည့်တတ်သူဖြစ်သည်။ စုတ်ချွန်းချွန်းသူ့မျက်နှာက လူတစ်ယောက်နှင့်မတူဘဲ ပေါက်ချွန်းတစ်လက်နှင့် တူပေသည်။

ထိုအချိန်တွင် အဖျော်ဆရာသည် လက်ဖက်ရည်တစ်ခွက်ဖျော်ကာ စားပွဲပေါ်သို့ လာချသည်။

"နောက်ထပ် နှစ်ခွက်ထပ်ဖျော်လာခဲ့ဟေ့...၊ ကမ္ဘာပျက်အောင်ထိ မစောင့်ရစေနဲ့"


— ☯ —

နေရောင်ခြည်သည် ဆိုင်ကလေးတောင့်ရှိ စဥ့်အိုးထဲသို့ ကျရောက်သွားလေပြီ။ ဆိုင်ထဲတွင် လက်ဖက်ရည်သောက်သူ သုံးယောက်သာ ရှိ



သည်။ လမ်းထိပ်ရှိ ရှည်မျောမျော ဝေါထွက်နေသည့် မမေမာတ်မီးတိုင်များသည် နေရောင်အောက်တွင် တောင့်တောင့်ကြီးတွေ ရပ်တန့်နေမော လို့၊ ဓာတ်တိုင်ထိပ်များတွင် ချိုးလည်ပြောက်နှစ်ကောင်သည်လည်း ဦးခေါင်း တညိတ်ညိတ် လှုပ်နေကြသည်။ တစ်စတစ်စလင်းဖြာလာသော မြို့ကလေး လမ်းသွယ်ကလေးများသည် နေရောင်ခြည်အောက်မှာ အတုံးအရုံး ကစဥ့်ကလျား...။

"ပြစမ်း... ပေါက်ချွန်း... မင်းရလာတဲ့ပစ္စည်း"



'သိမ်း...ထိမ်...ထိမ်း...
ကောင်းလကွာ... သိမ်ကောင်း...
ဒီမှာငယ့်ကောင်တွေ...ဒီသိုက်က
ကျွားနဲ့မတည့်ဘူးဆိုတာ ထင်ရှားနေပြီ။
ဘာမှ သိမ်ပြီး စဉ်းစားမနေနဲ့တော့။
ကျွားနဲ့ဝထ်သတ်လို့ ဆင်ခြင်စရာမဲ့တွ...။
သိုက်စောင့်တွေက ကျွားမကြိုက်ဘူးဆိုတာ
သေချာနေပြီကွေး



www.burmeseclassic.com

www.burmeseclassic.com

ပေါက်ချွန်းသည် မျက်နှာသုတ်ပုဝါ ခပ်နွမ်းနွမ်းဖြင့် အထပ်ထပ် ရစ်ပတ်ထားသော အရာတစ်ခုကို စားပွဲပေါ်သို့ ညင်သာစွာ ပစ်တင်လိုက်သည်။ မြို့ကျိုးကန်းတွေလို ဂနာမငြိမ် ရှုးရဲလွန်းတဲ့သူတို့ရဲ့ မျက်လုံးတွေဟာ စားပွဲပေါ်က အရာဝတ္ထုပေါ်ကို စုန်ချလိုက်ကြသည်၊ သည်အချိန်မှာ ဂေါ်ပြားဟာ စားပွဲပေါ်က ပစ္စည်းဆီကို လက်လှမ်းလိုက်တယ်ဆိုရင်ပဲ ပေါက်ချွန်းဟာ ဆတ်ဆတ်ထိမခံတဲ့ မြွေပွေးတစ်ကောင်လို ကိုဂေါ်ပြားရဲ့လက်ကို ဆတ်ခနဲ ပေါက်ချလိုက်ပါသည်။

"အသာနေစမ်း - ငါယူလာတဲ့ပစ္စည်းကို ငါကိုယ်တိုင် ဆရာကြီးကို ရှင်းပြမယ်လေ၊ ဘာမှမသိရင် မင်းဘာသာ ဘေးကနေကြည့်နေ..."

အမှန်တော့... ပေါက်ချွန်းဟာ မှော်ဆရာကို သူ့ထက်ငါ အလုအယက် မျက်နှာလုပ်ချင်တာနဲ့ ဂေါ်ပြားရဲ့လက်ကို ပုတ်ထုတ်လိုက်ခြင်းဖြစ်သည်။ မှော်ဆရာသည်သိုက်စာအညွှန်းရလာပြီဆိုလိုက်သံကြားလိုက်ရကတည်း ကပင် မီးချောင်းကန့်ထဲ ရောက်နေသည့် မျောက်တစ်ကောင်လို ဂနာမငြိမ် ဖြစ်သွားလေသည်၊ ဝမ်းသာလွန်းသဖြင့် တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာသည်။

ပေါက်ချွန်းသည် ဆိုင်ကလေးထဲသို့ မသိမသာဟန် မျက်ဝန်းများဖြင့် တစ်ချက်မျှ ဝေ့ဝဲအကဲခတ်ကြည့်လိုက်သည်၊ ဆိုင်ကလေးထဲသို့ ယခု ထက်တိုင်အောင် လက်ဖက်ရည်သောက်သုံးသူ ရောက်မလာသေး။ ပေါက်ချွန်းသည် ထုပ်ပိုးထားသော မျက်နှာသုတ်ပုဝါအဟောင်းကို ဆွဲဖြေလိုက်ချိန်တွင် ရတနာသိုက်တံခါးကို ဆွဲဖွင့်လိုက်သကဲ့သို့ သူတို့အားလုံး တထိတ်ထိတ် ရင်ခုန်နေကြသည်၊ အားလုံး၏ မျက်ဝန်းများက စားပွဲပေါ်ရှိ အရာဝတ္ထုဆီသို့ စူးရှတောက်ပြောင်သော မျက်ဝန်းများဖြင့် တည့်မတ်စွာ ချိန်ရွယ်ထားကြလေပြီ...။

"ဆရာကြီး... ဒါမှုရင်းပေရွက်ပဲ..."

အလျားတစ်ပေ၊ အနံလက်လေးလုံးသာသာခန့်ရှိ ပေရွက်ကလေးသည် ပဝါကြားမှ ထွက်ပေါ်လာလေသည်၊ မှော်ဆရာသည် ဝါညစ်ညစ် ပေရွက်ကလေးကို ဆွဲယူလိုက်လေသည်၊ သူ ကောက်ယူပုံမှာ မြန်ဆန်လွန်းရကား တိုက်ကြွက်ဖတစ်ကောင် ဆန်စေ့ကို နှုတ်သီးဖြင့် ကောက်ယူလိုက်သလို မြန်ဆန်မှုမျိုးဖြစ်သည်၊ ထို့နောက် နီကျင်ကျင်သွားကြီးများကို ဖြီထုတ်လိုက်ပြန်သည်။

ပေရွက်ကလေးသည် နှစ်ထပ်ဖြစ်သည်။ ကညစ်တံဖြင့် ရေးသားထားသည့် ညီညာလှပသည့် လက်ရေးစာလုံးများပေါ်တွင် မှော်ဆရာ၏မျက်ဝန်းများက လောဘတကြီး ရှန်းရင်းဆန်ခတ် လျင်မြန်စွာ ပြေးလွှားနေသည်၊ မျက်ဝန်းများသည် အရောင်တောက်လာကြသည်။

ငါးရံ့ချောင်းတောင်

ခွေးတစ်ဟောင်၊

ညောင်ပင်ခြေရင်း

ရွှေဆယ်တင်း။

အကျိုးပြီးလိုက

ကျားမတိုးရ၊

မှော်ဆရာ၏ ဦးခေါင်းသည် မျောက်အိုကြီး အစာနင်နေသကဲ့သို့ ကဆတ်ဆတ်တုန်ခါနေပေသည်။ ထို့နောက် တိုးသဲ့သောလေသံဖြင့် -

"ကဲ... အားလုံးနားထောင်ကြ၊ ငါဖတ်ပြမယ်၊ ငါးရံ့ချောင်းတောင်၊ ခွေးတစ်ဟောင်တဲ့၊ အင်း... ညောင်ပင်ခြေရင်း ရွှေဆယ်တင်း... အကျိုးပြီးလိုက ကျားမထိုးရတဲ့ကွ..."

ဂေါ်ပြားနှင့် ပေါက်ချွန်းတို့သည် ပုတ်သင်ညို ယိမ်းကနေသည့်ပမာ သူတို့၏ ဦးခေါင်းများကို တညီတညွတ်တည်း တဆတ်ဆတ်ညိတ်ကာ ထောက်ခံပြနေကြလေသည်၊

မှော်ဆရာသည် သူ၏ မေးချွန်ချွန်ကို တစ်ချက်ပွတ်သပ်ပြီး ဦးခေါင်းကြီးကို တဆတ်ဆတ် ညိတ်နေပြန်ပါသည်၊ ထို့နောက် နောက်ဆုံး လက်ကျန်လက်ဖက်ရည်ကို တစ်ကျိုက်တည်း မော့သောက်လိုက်ပြီး ဆေးလိပ်တို ကောက်ကိုင်လိုက်သည်၊





www.burmeseclassic.com

www.burmeseclassic.com

"ဂေါ်ပြားနဲ့ ပေါက်ချွန်း..."

"ခင်ဗျာ..."

"ဗျာ..."

"ငါက ဒီမြို့ဇာတိ မဟုတ်ပေမဲ့ ဒီမြို့မှာ စီးပွားရှာလာတာ နှစ်တွေ တော်တော်ကြာနေပြီကွ၊ ရှင်းရှင်းပြောရရင်ပေါ့...၊ ဒီမြို့ ဒီပတ်ဝန်းကျင်မှာ ငါမရောက်ဘူးတဲ့ ကျေးရွာ မရှိဘူးပေါ့၊ ဒီလိုကွာ... ငါမျက်လုည့်ပြစားတဲ့ နေရာ၊ ဆေးရောင်းတဲ့နေရာတွေဆိုတာ ရွာစဉ်တစ်လျှောက်ပဲကွ...၊ တချို့ တာ၊ ကျုံ့ဖဲရွာ...ရှမ်းကွင်းရွာက သူကြီးတွေ၊ နှစ်လုံးပြူးသေနတ်နဲ့ ရွှေစလွယ် ရ သူကြီးဦးပေစီဆိုရင် ငါ့ကို တော်တော်လေးစားနေပြီ...၊ အဲပေါ့... ဒီလိုကွာ ငါးရံ့ချောင်းဆိုတာ ကျုံ့တာနဲ့ အနီးကလေးမှတ်လား... ဟကောင်တွေရ လူတိုင်းသိတဲ့ ရွာကပဲလကွ..."

ပေါက်ချွန်းက ဗျာဗျာသလဲ ဝင်ပြောသည်။

"ဟုတ်...ဟုတ်ကဲ့ ဆရာကြီး...၊ ကျုံ့တာမှာရော... ငါးရံ့ချောင်းမှာပါ ကျွန်တော်တို့အမျိုးတွေရှိ... ရှိပါတယ်... ချောင်းရဲ့တောင်ဘက် ချွေးတပ် ပေါင်မှာ ညောင်ပင်ရှိတယ်ဆိုတာလည်း မှန်ပါတယ်ဆရာကြီး..."

မော်ဆရာသည် ရှေ့သွားတွေ အကုန်ထုတ်ပြပြန်သည်။

"ဟီး...ဟီး..... အေးလကွာ... ငါနဲ့ ငါးရံ့ချောင်းဘုန်းကြီးဆိုတာ ချွေးမျိုး လိုတောင် ရင်းနှီးခဲ့တာကလားဟ...၊ ပြီးတော့ ဒီငါးရံ့ချောင်းက ရာဇဝင်နဲ့တာ သိုက်ရှိတယ်ဆိုတာ ကလေးကအစ သိပြီးသား... သတင်းကြီးနေတာ မှတ် လား...၊ တချို့ ဥစ္စာစောင့်နဲ့ တွေ့သလိုလို၊ ရွှေတွေပေးသလိုလို၊ သတင်း တွေကလည်း အများကြီးလကွာ...၊ အေး...ဟုတ်ပြီ... ဒီတော့ သိုက်ရှိတယ် ဆိုတာ သေချာတယ်၊ ဒါပေသိ - ဘယ်နေရာမှာ မြှုပ်ထားတယ်... ဘာရယ် ဆိုတာ အရေးအကြီးဆုံးပဲမှတ်လားလဟ... ဂေါ်ပြားရ...၊ ပေါက်ချွန်းရေ ခုတော့ ငါတို့လိုချင်တဲ့ သိုက်စာရပြီပေါ့၊ အရေးကြီးဆုံးက ဒါပဲ၊ ဘုန်းကြီး ဒီသိုက်စာကို သိနေတယ်၊ ငါလည်း ပေစာရှိနေတယ်ဆိုတာ သိပြီးသား ကပ္ပိယကြီးသံခဲ ပြောကတည်းက ငါလိုချင်နေတာ ကြာပြီလကွာ... နေဦး ပေါက်ချွန်း - မင်း...ဘယ်လိုရလာတာတုံးဟ... ပြောစမ်းပါဦး... မိန့်စမ်းပါဦး တဲ့... ဟား... ဟား..."

ပေါက်ချွန်း၏ နှုတ်ခမ်းသည် တစ်ချက်မျှ တွန့်ကွေးလိုက်ရင်း အကြမ်း ပန်းကန်လုံးမှ ရေနွေးကြမ်းကို ရှုတ်ခနဲမြည်အောင် တစ်ချက်တည်း သောက်လိုက်လေသည်။

"ဟကောင်ရ... အာခေါင်တွေ ပူကုန်ပါဦးမယ်... ငတ်ကြီးကျရဲ့..."

ဂေါ်ပြားက ဝင်ပြောလေသည်။

"ကပ္ပိယကြီးသံခဲက သော့ကိုင်လေ၊ သူ့ကို အပူကပ်ပြီး ပြောရတာပေါ့ ဆရာကြီး၊ တကယ်ပါ သိုက်တူးလို့ ရွှေတွေရရင် ခင်ဗျားကိုလည်း ဝေစုထဲ က အချိုးကျပေးပါ့မယ်လို့ ကတိပေးပြီး တော်တော်စည်းရုံးမှ ရခဲ့တာပါ ဆရာကြီး"

ပေါက်ချွန်း၏စကားဆုံးသည်နှင့် မော်ဆရာ၏ မျက်ဝန်းများသည် ရုတ် တရက် မျက်အိမ် အပြင်သို့ ကျွံကျသွားမတတ် ပြူးကျယ်သွားကာ...

"ဟ...ဟ... မင်း...မင်း... ကပ္ပိယကြီးကို ဘယ်လိုကတိတွေ ပေးခဲ့သတုံး ပြော..."

"ဟာဗျာ...ဆရာကြီးကလည်း အရေးကြီးတဲ့ပစ္စည်း ရဖို့ပဲမဟုတ်လား၊ သူ့ကိုနည်းနည်းပါးပါးပေးရမှာပေါ့၊ ရွှေဆယ်တင်းတောင်းကြီးလက်ခံတ် လွဲ ရနေပြီပဲ ဆရာကြီးရယ်၊ တစ်ပြည်လောက်တော့ပေးလိုက်ရင် ဖြစ် တာပါပဲဗျာ"

မော်ဆရာသည် မျက်မှောက်တစ်ချက်ကြုတ်လိုက်သည်၊ စောစောက မျက်အိမ်အပြင် ထွက်လုမတတ် ပြူးကျယ်နေသော မျက်လုံးသည်လည်း နေသားတကျ ပြန်ဖြစ်သွားပြီ၊ သို့သော် သူ၏ မျက်ဝန်းများသည် မြေတွင်း ထဲမှ မြေကြွက်တစ်ကောင်၏မျက်လုံးများကို သေးကျုံ့သွားဆဲရှိပြီး စူးရဲ တောက်ပြောင်နေသေးသည်။

"အေးလကွာ... ရွှေတစ်ပြည်လောက်ဆိုတာ သူ့အဖို့ရာ မနည်းလှ ဘူး... သူ့အဖို့တန်ပါတယ်"




www.burmeseclassic.com

www.burmeseclassic.com

ဂေါ်ပြားက ဝင်ရောက်ကာ...

"တစ်ပြည်လောက်တော့ ပေးသင့်ပါတယ်ဆရာကြီးခင်ဗျာ...။ ဘာဖြစ်လို့လဲဆိုတော့ သူ့သိုက်စာအညွှန်းရမှ ကျွန်တော်တို့က ဆက်ပြီး လှုပ်ရှားရမှာမှတ်လား...။ ဒီကိစ္စကို မြန်မြန်အကောင်အထည်ဖော်ပါဆရာကြီး"

ပေါက်ချွန်းကလည်း အားတက်သရော ဆက်၍ -

"ဟုတ်တယ်ဆရာကြီး... ကျွန်တော် သူဌေးဖြစ်ချင်လှပြီ... သူဌေးဖြစ်မှ သဘောကြီးတွေ့၊ လေယာဉ်ကြီးတွေဝယ်မယ်၊ မိန်းမလည်း ယူမယ်"

"ဟုတ်တယ် - ပေါက်ချွန်းပြောတာ မှန်ပါတယ်ဆရာကြီးခင်ဗျား။ ကျွန်တော်လည်း မိန်းမလိုချင်လှပြီ၊ လူပျိုကြီးဘဝနဲ့ မသေပါရစေနဲ့၊ သေရင်ရွာမှာကျွန်တော့်အခေါင်းထဲ ငှက်ပျောတုံး ထည့်ပေးမှာ ကြောက်လို့ပါ"

မှော်ဆရာ၏နှုတ်ခမ်းတွင် အပြုံးတစ်ခုပေါ်လာသည်။

"ဘယ့်လိုလဲ...ပေါက်ချွန်း...၊ သိုက်တောင် မအောင်သေးဘူး၊ မိန်းမတာ ဘယ်လို လိုချင်ရပြန်သတုံး"

ဂေါ်ပြားသည် ဝါကျင်ကျင် သွားတွေပေါ်အောင်ဖြဲလျက် -

"ကျုံဖဲရွာက သူကြီးဦးလှဖေရဲ့သမီးကို ကျွန်တော်ယူမယ်ဆရာကြီး... မ...မ... မရ... ရ...အောင်ကိုယူမယ်လို့ အဓိဋ္ဌာန်ပြုထားတယ်။ ကျွန်တော် မိန်းမရမယ်ဆိုရင် သေမှာလည်း မကြောက်ပါဘူးဆရာကြီး ဗိုး - ဗိုး - ဗိုး"

မှော်ဆရာ၏မျက်နှာတွင် အံ့ဩရိပ် ပေါ်လာလေသည်။ ကျုံဖဲရွာ သူကြီးသမီးသည် ငါးရံ့ချောင်းရွာသာမက အခြားရွာများထိပင် သူမ၏ အလှကို ယှဉ်နိုင်သူ မရှိ။ သူတပည့်ပေါက်ချွန်းသည် ထိပ်ပြောင် ဆံပင်ကြဲ၊ မျက်နှာအရိုးအစားက စမူဆာမျက်နှာ... သွားကခေါလိုက်သေးသည်။ သည်လိုလူမျိုးက ရွာဆယ်ရွာ ပြိုင်ဘက်မရှိ အချောအလှ ကွမ်းတောင်ကိုင်သူကြီးသမီးကို မရရအောင် ယူဦးမတဲ့။ အဟတ်... ဟတ်၊ မှော်ဆရာသည် ဇဝေဇဝါဖြစ်နေ ဟန်တူသည်။ ဘယ်လိုပါလိမ့်၊ ထူးဆန်းလှပါဘိတကား။ ဒီကောင်မယားတရှူးပါလား...၊ မှော်ဆရာသည် ကြောင်စီစီဖြင့် ရယ်ရမလို ငိုရမလို ဖြစ်နေသည်။



"ဘာလဲ... မင်းနဲ့သူကြီးသမီးက ရည်းစားဖြစ်နေပြီလား"

"ဟီး...ဟီး...ဟီး... ဖြစ်တော့မဖြစ်သေးဘူး...ဆရာကြီး... ဟို...ဟို... သိုက်အောင်လို့ ရွှေရရင် ရွှေတွေ ပြည်တောင်းနဲ့ခြင်တွယ်ပြီး တင်တောင်းမှာပေါ့ဗျ...၊ ရွှေတွေမြင်ရင် သူကြီး ဘာခံနိုင်မှာလဲဗျ။ သူကြီးက လူပါဗျ။ နတ် မဟုတ်ပါဘူး...။ လူဆိုတဲ့ သတ္တဝါဟာ ဥစ္စာမြင်ရင်၊ ရာထူးရာခံမြင်ရင် ဘယ်သူမှ မခံနိုင်ပါဘူး...၊ ဆ... ဆရာကြီးရဲ့ အဟတ်...ဟတ်...ဟတ်... ဟား...ဟား"

မှော်ဆရာသည် ဘာမှမပြောနိုင်တော့ဘဲ ငြိမ်သက်သွားတော့သည်။ ဂေါ်ပြားသည်ပေါက်ချွန်းကိုမနှစ်မြို့ဟန်ကြည့်ကာနှုတ်ခမ်းကိုမဲ့ရွဲ့နေသည်။ ခဏကြာလျှင် မှော်ဆရာက -

"အေးလကွာ...ကြည့်ကျက်လုပ်ကြဦးဟ...တော်ကြာ သူကြီးသမီး မရဘဲနဲ့ သူကြီးရဲ့နှစ်လုံးပြူးကြီးနဲ့ မင်းနဖူးပြောင်ပြောင်ကြီး တွေ့နေဦးမယ်... ဘတ်ခနဲ...ဟားဟ...ဟားဟ..."

"ဟီ...ဟီ...ရ...ရပါတယ်။ ဒီလောက်တော့ သည်းခံရမှာပေါ့။ နှစ်လုံးပြူး မကလို့ လေးလုံးပြူးပစေတော့ ဆရာကြီး - မိန်းမသာ ရပါစေ"

ထိုစဉ် ဆိုင်ကလေးထဲသို့ နောက်ထပ်လူတစ်ယောက်စ နှစ်ယောက်စ ဝင်လာကြသည်။ လူသံတွေ စည်စည်ဝေဝေဖြစ်လာသည်။ မှော်ဆရာသည် ဆေးလိပ်ကို မီးခိုးထွက်အောင် ရှိုက်ဖွာနေသည်မှာ ကိုင်းတောကို မီးရှို့နေသလားပင် ထင်မှတ်မှားလောက်လေသည်။

အပြင်ဘက်တွင် မြို့ဂလေးကို စီးမျိုထားသော နေရောင်ခြည်အောက်တွင် ဒုတိယမ္ပိ ပြန်လည်ဝင်ရောက်လာသော ခွေးပိန်ကလေးသည် ဆိုင်အတွင်းသို့ မျှော်လင့်ချက်ဖြင့် ငေးမျှော်နေဆဲပင်။ မှော်ဆရာသည် သိုက်ညွှန်းပေရွက်အား ရတနာဝှကို မှချမသွေ ဖွင့်နိုင်တော့မည့် သော့တံကို ရရှိသကဲ့သို့ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလေသည်။

— ☯ —



www.burmeseclassic.com

www.burmeseclassic.com

သစ်ရွက်တွေကြားမှ ထိုးဖြတ်လာသောလေသည် တရှိုးရှိုးမြည်ကာ ဟိုသည်ပြေးလွှားနေလေသည်၊ မြောက်ဘက်တွင် ကျယ်ပြန့်သော တမျှော်တခေါ်လယ်ကွင်းပြင်၊

"ငါးရံ့ချောင်းဆိုတာ ဒါပဲဆရာကြီး...၊ မြစ်မကြီးကတော့ ဂုံညင်းတန်းမြစ်လို့ခေါ်ပါတယ်၊

မြစ်ကြီးထဲကို ချောင်းသွယ်ချောင်းမြွာကလေးတွေ အများကြီး စီးဝင်ကြတယ်၊ ဒီမြစ်ကြောအတွင်း အောက်ဘက်ကို စုန်ဆင်းမယ်ဆိုရင် ဘိုကလေးကို ရောက်မယ်၊ မိန်းမလှကျွန်း... မော်ကျွန်း... ကဒုံကနီထိ ရောက်မယ်ဆရာကြီး..."

မော်ဆရာသည် ကွမ်းတစ်ယာကို ဖာလာစေ့များများထည့်ကာ တမြုံ့မြုံ့ဝါးလျက်ရှိသည်၊ သူတို့သည် လယ်ကန်သင်းရိုးပြတ်များကို ကျော်ကာတောစပ်တွင် ရပ်တန့်လိုက်ကြလေသည်၊ ဟိုးဝေးဝေးအနောက်ဘက်တွင် ရွာသချိုင်း... သံချေးတက်နေသော ခေါင်မိုးစွန်းများနှင့် ဇရပ်ကို သစ်ပင်တွေကြားတွင် မြင်နေရသည်၊ သချိုင်းသည် တောစိုးသစ်ပင်ကြီးများဖြင့် ထူထပ်အုပ်ဆိုင်းနေသည်၊

"ဒါကတော့ ငါးရံ့ချောင်းရဲ့တောင်ဘက်ပါဆရာကြီး...၊ ညောင်ပင်ကတော့ ဆရာကြီးမြင်တဲ့အတိုင်းပဲ ယောက်ျားကြီးလေးဖက်မကတော့ဘူး၊ ကွင်းထဲမှာ အကြီးဆုံး... ညောင်ပင်ကြီးကတော့ ရွာတည်ကတည်းက ရှိနေတာလို့ သူကြီးက ပြောဖူးတယ်ဆရာကြီး..."

မော်ဆရာသည် တစ်ချက်တွေဝေသွားသည်၊

"သိုက်စာညွှန်းအတိုင်းဆိုရင် ညောင်ပင်တို့... ငါးရံ့ချောင်းတောင်ဘက်တို့ဆိုတာ သေချာနေပြီ၊ ဂေါ်ပြားနဲ့ပေါက်ချွန်းရေ...၊ ခွေးတစ်ဟောင်အကွာအဝေးဆိုတာလည်း မှန်နေပြီ - ဟကောင်တွေရ"

"ဟုတ်ပါတယ်ဆရာကြီး"

မော်ဆရာသည် သစ်ပင်စိမ်းညို့ညို့နှင့် သုသာန်ရှိရာသို့ လှမ်းငေးနေလေသည်၊ ဟိုးဝေးဝေးတွင် လယ်စောင့်တဲတစ်တဲရှိသည်၊ နေရောင်



အောက်တွင် သူ့မျက်နှာသည် အလိုလောဘတစ်ခုဖြင့် မှုန်မှိုင်းအောစော်လျက်ရှိသည်၊

"ငါးရံ့ချောင်းတောင်ဘက်ဆိုတာလည်း ရှင်းတယ်လေကွာ... ခွေးတစ်ဟောင်လောက်မှာ ညောင်ပင်ကြီးရှိတယ်ဆိုတာကလည်း မင်းတို့မျက်မြင်ပဲကွာ၊ အေး - တစ်ခုတော့ရှိတယ်..."

ဂေါ်ပြားနှင့် ပေါက်ချွန်းတို့၏ မျက်နှာများသည် မော်ဆရာဘက်ဆီသို့ လှည့်နေကြသည်၊ မော်ဆရာ မည်သည့်ဩဝါဒကထာများ မြွက်ကြားပါမည်လဲဟု စိတ်အားထက်သန်စွာ ငံ့လင့်နေကြခြင်းဖြစ်သည်၊

"တစ်ခုဆိုတာ ဘာကိုဆိုလိုပါသလဲဆရာကြီးခင်ဗျား"

"ဒီလိုလေလကွာ... အကျိုးပြီးလိုက ကျားမတိုးရဆိုတာပဲ"



စောစောက
ထိမိသာယာမှာ အော်မြည်နေသော
ငှက်အော်သံများသည်
ရုတ်ခြည်း ရပ်တန့်သွားလေသည်။
ထိုစဉ် အုန်းဖွဲပေါ်မှ
ထွန်းညှိထားသော
ရောင်ကျော်ဝယောင်းတိုင်ကြီးသည်
လေဝေတိုက်အဲဝါအဲလျက်
ဟုပ်ခနဲငြိမ်းသွားရာမှ
ရုတ်တရက် ပြန်လင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ပေါက်ချွန်းသည် ဟဲခနဲ တစ်ချက်ရယ်လိုက်ကာ -

"ဆရာကြီးရယ်… သိုက်စည်းကမ်းဖြစ်မှာပေါ့၊ ကျားမတိုးရဆိုလည်း ကျားမတိုးအောင် မောင်းထုတ်ရုံပေါ့ခင်ဗျ။ ဓားတွေလှံတွေနဲ့ ကာကွယ်ရုံရှိတာပေါ့ခင်ဗျာ… ဟုတ်ဖူးလား။ ကြိုက်တဲ့တောကောင် လာပါစေ၊ ကျားပဲလာလာ၊ ဆင်ပဲရောက်ရောက် ဂေါ်ဇီလာပဲဝင်ဝင်… စည်းဝိုင်းထဲ မဝင်စေရဘူးဆရာကြီး"

မော်ဆရာသည် အရုပ်ဆိုးလောက်အောင် နှုတ်ခမ်းကို မဲ့ရွဲ့လိုက်လေသည်။

"မင်းပြောမှပဲ ရှင်းတော့တယ်။ ကျားမတိုးရဆိုတော့မှ ကျားမတိုးရုံပဲပေါ့။ ဒါပေမဲ့ ဒီသိုက်စာကို သေသေချာချာ ဖတ်ကြည့်တော့မှ ဒီအချက်က အဓိကအချက် ဖြစ်နေတယ်လကွာ…။ ဒီမှာ… ဒီမှာ… ဟောကောင်တွေ… မင်းတို့နှစ်ယောက်… တိရစ္ဆာန်တွေ၊ ကျားတွေနဲ့ ပတ်သက်လို့ ဆင်ခြင်ကြဖို့လိုပြီဟေ့… ပြောကြစမ်း - လက်နက်တွေကိုင်ပြီး ကျားရန်ကို ကာကွယ်ကြရမယ်မဟုတ်လား။ ဒီမှာ ကျားရှိတယ်လို့ မကြားပေမဲ့ သတိတော့ထားရမယ်ကွ"

ဂေါ်ပြားနှင့် ပေါက်ချွန်းတို့သည် လယ်ကန်သင်းရိုးပေါ် မတ်တတ်ရပ်ရင်း တစ်ယောက်မျက်နှာ တစ်ယောက် အူကြောင်ကြောင် ကြည့်ကြကုန်သည်။ "မင်းတို့ ကျားရန်ကို ကာကွယ်ကြမယ်မဟုတ်လား" ဟူသော မော်ဆရာ၏မေးခွန်းသည် တော်ရုံသတ္တိဖြင့် ရင်ဆိုင်ဖို့မလွယ်ကူပေ။ သည်ဖျာပုံတောရွာ၏တောထဲမှာ ကျားရှိပါ့မလား…။ ကျားရှိသည်ဟု မကြားစဖူးပေ။ မော်ဆရာအပါအဝင် ဂေါ်ပြား… ပေါက်ချွန်း… အားလုံး ကျားဆိုသည်နှင့် နားကြောစိမ့်သွားကြသည်။

"ကျားရန်ကို သတ္တိရှိရှိ ကာကွယ်ပါ့မယ်ဆရာကြီး"

မော်ဆရာသည် လက်ထဲမှာကိုင်ထားသော ဆေးလိပ်တိုကို ရိုးပြတ်ငုတ်တောထဲသို့ ယောင်ယမ်းကာ ပစ်ချလိုက်သည်။ ထို့နောက် မဟာကယ်ပညာရှိလေသံဖြင့် ခေါင်းတစ်ချက် ဆတ်လိုက်လေသည်။



"အိမ်း…ဟိမ်…ဟိမ်း… ကောင်းလကွာ… သိပ်ကောင်း… ဒီမှာတော့ကောင်တွေ… ဒီသိုက်က ကျားနဲ့မတည့်ဘူးဆိုတာ ထင်ရှားနေပြီ။ အာရုံသိပ်ပြီး စဉ်းစားမနေနဲ့တော့၊ ကျားနဲ့ပတ်သက်လို့ ဆင်ခြင်စရာပဲကွ…။ သိုက်စောင့်တွေက ကျားမကြိုက်ဘူးဆိုတာ သေချာနေပြီဟေ့။ ဒါတို့အားလုံး သိုက်တူးမယ့်နေရာမှာ ကျားနဲ့ပတ်သက်လို့ ဆင်ခြင်ရတော့မယ်။ ကျားမဝင်အောင်၊ လှံတွေဓားတွေ အသင့်ရှိအောင် စီစဉ်ကြရမယ်ဟေ့။ သိုက်တူးနေချိန်မှာ ကျားမဝင်စေနဲ့ဟေ့၊ အဲဒါ အရေးကြီးဆုံးပဲ၊ ချက်ရေပြုတ်ရေးကိစ္စ…၊ ဆေးလိပ်သောက်မယ့်ကိစ္စ၊ ညမှောင်ရင် မီးထွန်းရမယ့်ကိစ္စ… အားလုံးတာဝန်ယူပြီး ကျားရန်ကို ကာကွယ်ဆင်ခြင် သတိချပ်ကြမယ်ကွ…။ အိုကွာ… သိုက်ထဲမှာ အဲဒီနေ့ မင်းတို့ ဓားနဲ့လှံ အဆင်သင့်လုပ်ထားကြ၊ ကျားရန်ကို ပြတ်ပြတ်သားသား ကာကွယ်ရမယ်။ ကျားသဲဖြစ်ဖြစ်၊ နွားပဲဖြစ်ဖြစ် စည်းဝိုင်းထဲမဝင်စေနဲ့၊ ရှူးသာရှူး ဆော်သာဆော်၊ ကျားမတိုးဖို့လိုတယ်။ ပြတ်ပြတ်သားသား ဆင်ခြင်ဖို့ လိုတယ်ဟေ့- ကာကွယ်ကြရမယ်ဟေ့"

"ဟုတ်ကဲ့ပါ…ဆရာကြီး၊ ကျွန်တော်တို့ အဲဒီအချိန်ကျရင် လှံတွေ ဓားတွေကိုင်ပြီးမဝင်နိုင်အောင် မောင်းထုတ်ပါ့မယ်၊ ဒါဆိုရင် သိုက်စာထဲက "ကျားမတိုးရ" ဆိုတဲ့ကိစ္စကို ကျွန်တော်တို့ ဆင်ခြင်ပြီးသား ဖြစ်သွားပါပြီ ဆရာကြီး…၊ ကျွန်တော်တို့ သဘာပေါက်ပါပြီ၊ စိတ်ချပါဆရာကြီး…၊ ဒါဆို ရွှေဆယ်တင်းရပြီပေါ့ဆရာကြီး…"

"ဝေး…ဟေး…ဟေး…"

"ဟား…ဟား…ဟား… အောင်ပြီ - တပည့်တို့ အောင်ပြီ…။ အဓိကအချက်ဖြစ်တဲ့ ကျားနဲ့ပတ်သက်လို့ ကာကွယ်စောင့်ရှောက်ကြဟေ့- ပေါက်ကရတွေလည်း မပြောကြနဲ့ကွ ဟား…ဟား…"

"ဟုတ်ကဲ့ပါဆရာကြီး"

"လိုက်နာပါ့မယ်ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com

မှော်ဆရာသည် သူတို့တူးဖော်ကြမည့် ညောင်ပင်ကြီးဆီသို့ မျက်စိတစ်ချက် ဝေ့ဝဲကြည့်လိုက်ပြီး -

"ကဲ… ဒီနေ့… နက္ခတ်တာရာ အချိန်အခါကောင်းတယ်၊ ရက်ရာဇာကျတယ်။ ငါတို့ညဆယ်နာရီတိတိမှာ သိုက်တူးကြမယ်…။ ရွှေဆယ်တင်းရအောင်… ဆယ်မကြမယ်ဟေ့…"

ပေါက်ရှုန်းသည် လယ်ကန်သင်းရိုးပေါ်တွင် ဆွေ့ဆွေ့ခုန်နေလေသည်။

"ဝေး…ဟေး…ဟေး…သူဌေးဖြစ်ပြီကွ…မြန်မာပြည်မှာငါတို့အချမ်းသာဆုံး ဖြစ်ပြီ…၊ ချမ်းသာရင် လုပ်ချင်တာ အကုန်လုပ်လို့ရပြီ… ဘယ်သူ့ကိုမှ ဂရုစိုက်စရာမလိုတော့ဘူး… ချမ်းသာဖို့ အရေးကြီးတယ်…။ လောကမှာ ငွေ… ငွေ…"

မှော်ဆရာသည် ပေရွက်ကို တစ်ချက်နမ်းရှုပ်လိုက်ပြီး အိတ်ထဲသို့ လျှင်မြန်စွာ ထည့်လိုက်သည်။

— ☯ —

အပြာရင့်ရင့်ည…။

တိမ်တစ်ဆုပ်သည် အဝေးသို့ ညင်သာစွာ ရွေ့မျောနေသည်။ ငါးရံ့ချောင်း ရေပြင်ဆီမှ တိုးသဲ့သောရေစီးသံ…။ ပိုးပုရစ်တွေ တစီစီအော်မြည်သံ…။ အချိန်ကာလက အေးခဲနေသည်။ လေက လတ်ဆတ်လွန်းသည်။ ခပ်ဝေးဝေး တောအုပ်သချိုင်းထဲမှ တောခွေးအူသံ… အစာလုသံနှင့်အတူ ကောင်းကင်ပြာရင့်ရင့်ကြီးဆီမှ ညဥ့်ငှက်အော်သံ…၊ တောအုပ်၏ အချိုးအဆစ် မညီညာသော အနားသတ်မျဉ်းတွေက စုန်းမအိုကြီးတစ်ယောက်၏ မွဲခြောက်ခြောက်ကျောကုန်းနှင့်သဏ္ဍာန်တူသည်။ သုသာန်ထဲမှာ သက်ရင့်သစ်ပင်ကြီးများသည် အမှောင်ထုအောက်တွင် တစ္ဆေကြီးတွေလို ငြိမ်သက်နေကြသည်။ အချို့သစ်ပင်ကြီးတွေ၏ ကိုင်းလက်တံတွေက ကောင်းကင်ပေါ်သို့ ဝိညာဉ်တွေကို ဖိတ်ခေါ်နေဟန် ဆန့်တန်းနေကြသည်။



ညောင်ပင်၏ခြေရင်း ကြိုးနီတားထားသည့် စည်းဝိုင်းတွင်းမှာ တန်တော့ပွဲတစ်ပွဲရှိသည်။ ရောမကျောက်ဖယောင်းတိုင်ကြီးငါးတိုင် ထွန်းညှိထားကာ ညောင်ပင်အောက်ခြေပတ်လည်တွင် ထိန်ထိန်လင်းနေလေသည်။ မှော်ဆရာနှင့် သူ၏တပည့်နှစ်ဦးသည် သူဌေးဖြစ်အိပ်မက်တို့ မက်ရင်း အလုပ်ရှုပ်နေကြလေသည်။

မှော်ဆရာသည် ဆိုင်ရာပိုင်ရာတို့ကို ပူဇော်ပသတောင်းပန်ပြီးနောက် မောဟိုက်ပင်ပန်း နွမ်းနယ်ဟန်ဖြင့် ကန်တော့ပွဲရှေ့တွင် ဆောင့်ကြောင့်ထိုင်နေလေသည်။ ရွတ်ဖတ်သရဇ္ဈာယ်ရလွန်းသဖြင့် ခံတွင်းချဉ်လာသည်။ ဆေးလိပ်သောက်ချင်လာသည်၊ ဒါပေမဲ့ - ဆေးလိပ်မသောက်ရဲသေး၊ ကျားတိုးဝင်လာမည့် အဓိကအန္တရာယ်က ရှိသေးသည်၊ ကာကွယ်ရမည့်တာဝန်ရှိသေးသည်။ ကျားဝင်လာလျှင် တိုက်ခိုက်တားဆီးဖို့ လက်နက်တွေ အဆင့်သင့်ပြင်ထားပြီးပြီ။ မောင်းထုတ်ဖို့မီးဖိုတွေ သစ်ကိုင်းခြောက်တွေဝင် အရန်သင့် ပြင်ထားပြီးပြီ။ ဓား၊ တုတ်၊ လှံတွေ သွေးထားပြီးပြီ။ ကျားမဲလာလာ၊ ဆင်ပဲဝင်ဝင်၊ ကျားမလာဖို့အရေးကြီးသည်။ ကျားဝင်မတိုးဖို့လိုသည်။ စည်းဝိုင်းအနီးတွင် ကျားဆို၍မရစ်သီစေရ။ သည်နေရာမှာ တောအုပ်ထူထပ်တော့ ကျားမရှိဘူးဟု ကံသေကမ္ပ မပြောနိုင်၊

ညောင်ရွက်ခတ်သံ တရှဲရှဲမြည်လာသည်။ မှော်ဆရာသည် တံတွေးကို ဂလုခနဲ မြည်အောင် မျိုချလိုက်သည်။

"ကဲ - ဂေါ်ပြားနဲ့ပေါက်ရှုန်း… ဟောသည်နေရာကနေစပြီး တူးကြပေတော့လကွယ်…၊ စည်းတားထားတာကိုကျော်ပြီး မတူးမိစေနဲ့ကွယ်… အဆင်ပြေသလိုတူး…၊ ငါက ရွတ်ဖတ်သရဇ္ဈာယ်တဲ့အလုပ်ရယ်၊ အမှောင့်ပယောဂစောင့်တဲ့အလုပ်ကို တာဝန်ယူရမယ်…၊ ကဲ - ဟုတ်ပြီ… တူးကြပေတော့…"

ဂေါ်ပြားနှင့် ပေါက်ရှုန်းသည် ခါးတောင်းကို မြှောင်အောင်ကျိုက်ကာ ပေါက်တူးကိုယ်စီဖြင့် စတင်တူးဆွကြလေသည်၊ သိုက်တူးသောနေရာသည် ချောင်းနှင့်ကပ်လျက်ရှိသော မြေသားဖြစ်သဖြင့် ပျော့သည်၊ တူးရတာ အဆင်ပြေသည်။ ညဖြစ်သဖြင့် မမောမပန်းနိုင်ကြပေ၊



www.burmeseclassic.com

www.burmeseclassic.com

မှော်ဆရာသည် လရောင်မှိန်မှိန်အောက်တွင် အားကြိုးမာန်တက် တူးဆွနေကြသည့် တပည့်ကျော်နှစ်ဦးကို စောင့်ကြည့်ရင်း နှုတ်မှ ဂါထာမန္တန်တစ်ပုဒ်ကို သံနေသံထားဖြင့် ကျယ်ကျယ်လောင်လောင် ရွတ်ဆိုလျက်ရှိပေသည်။ အုန်းပွဲဆီမှ လေအသွေးတွင် ဖယောင်းတိုင်မီး၏ တဟုပ်ဟုပ် ယိမ်းထိုးလှုပ်ရှားသံ၊ မြေကြီးနှင့် ပေါက်တူး ထိခတ်သံ…၊ ခြောက်ရွက်လေတိုးသံ…၊ ညဥ့်ငှက်အော်မြည်သံ…၊ တပည့်များ၏ မှော်လင့်ချက်ရင်ခုန်သံ၊ သွေးကြောတွေ ရုန်းကြွဆူပွက်သံ…၊ သချိုင်းအထက် ကောင်းကင်ယံမှ တိမ်မည်းကြီးများ ရွေ့လျားနေသံ…၊ ငါးရံ့ချောင်းဆီမှ ငါးပွက်ထသံ…၊ ပြီးတော့ ခြောက်ရွက်များ၏ ညည်းညူသံ…၊ ချွေးစက်များ၏ အလန့်တကြားခုန်ချသံ…၊ မြေကမ္ဘာ၏ အသက်ရှူသံ…၊

ထိုအသံများသည် ညယံထဲတွင် ကစဥ့်ကလျား နှစ်ဝင်စီးမျောလျက်ရှိသည်။

— ☯ —

တိတ်ဆိတ်နေသည့် ညဥ့်လယ်ယံတွင် လေပြည်က အေးစိမ့်လှသည်။ ညဥ့်နက်လေပိုးပုရစ်သံများ၊ ညဥ့်ငှက်အော်သံများက တစ်စထက်တစ်စ ပို၍ ကျယ်လောင်ချောက်ချားလာသည်။ မြေကြီးနှင့် ပေါက်တူးထိခတ်သံသည်သာ စည်းချက်မှန်မှန် ထွက်ပေါ်နေသည်။ လောဘဦးစီးနေပြီဖြစ်သောကြောင့် ဂေါ်ပြားနှင့် ပေါက်ချွန်းတို့သည် ရွှေဆယ်တင်းဟူသောစိတ်ဖြင့် မောပန်းရမှန်းမသိတော့။ တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေသော်လည်း ဂရုမစိုက်နိုင်။ အာရုံစိုက်၍သာ ဆက်လက်တူးဆွနေကြလေသည်။

မှော်ဆရာသည် စည်းဝိုင်းထောင့်တွင် ဆောင့်ကြောင့်ထိုင်ရင်း ပေါက်ချွန်းနှင့် ဂေါ်ပြားတို့၏ လှုပ်ရှားမှုကို စောင့်ကြည့်အကဲခတ်နေလေသည်။ သူသည် မျှော်လင့်ချက်စောင့်စားထားရသည့် ရွှေဆယ်တင်းထည့်ထားသည့် ရာဝင်အိုးကြီးများ ဘယ်နေရာက ဘွားခနဲ ထွက်ပေါ်လာလိမ့်မလဲဟူသောအတွေးဖြင့် ရင်တထိတ်ထိတ်စောင့်ကြည့်နေခြင်းဖြစ်သည်။ ပါးစပ်



ကလည်း ဘာတွေရွတ်နေမှန်းမသိ၊ ဉ်ဖွတွေကော…ခြောင်းတွေကော… မှိုင်းဆရာမှိုင်းတွေကော စုံလင်လှသည်။

ဂေါ်ပြားနှင့် ပေါက်ချွန်းသည် အစာတော်ပြတ်နေသော တောဝက်နှစ်ကောင်လို မြေကြီးတွေကို လောဘတကြီး တူးဆွနေကြလေသည်။ ပေါက်တူးနှင့်မြေကြီး ထိခတ်သံ၊ မြေကြီးယက်ထုတ်သံများ မှန်မှန်ကြီး ပေါ်ထွက်နေလေသည်။ ခြောင်းပင်ပတ်လည်တွင် တွင်းချိုင့်ကြီးသဏ္ဍာန် တဖြည်းဖြည်း ပေါ်ပေါက် လာပြီဖြစ်လေသည်။ မိနစ်ပေါင်းစွာ အကြာတွင်…

"တူးထားကွ…ပေါက်ချွန်း…ဂေါ်ပြား…"

"ဟုတ်ကဲ့ဆရာကြီး… တူးပေ့…ဂေါ်ပြား"

"တောင့်ထားကွ… ယောကျ်ားဘသား – ပေါက်ချွန်း"

"ငါ့လက်တွေ ပေါက်ပြဲကုန်ပြီကွ… ဂေါ်ပြားရ…"

"ငါလည်း ဒီမှာ မြေမကို ထိထားတယ်"

ထိုသို့ လောဘတကြီး တူးဆွနေကြစဉ်…

"ဝူး…အူး…အူး…ဝူး…"

တောစပ်ဆီမှ တောခွေးရိုင်းတစ်ကောင်၏ အသည်းထိတ်ဖွယ် ဝမ်းခေါင်းသံကြီးဖြင့် အူလိုက်သံနှင့် ငှက်ဆိုးတစ်ကောင် "ဂီး"ခနဲ အလန့်တကြား အော်လိုက်သံ ထွက်ပေါ်လာလေသည်။

နောက်ထပ်ငှက်ဆိုးတစ်ကောင်၏ ဂီးခနဲအော်သံ…၊ ပတ်ဝန်းကျင်သည် နက်ရှိုင်းထူပိန်းသော အမှောင်ထုအောက်မှာ နစ်မြုပ်နေဆဲ၊ ဂေါ်ပြားသည် ကြောက်လန့်တကြားဖြင့် လက်ထဲမှ ပေါက်တူးကို ယောင်ယမ်းကာ လွှတ်ချလိုက်သည်။ တစ်ဆက်တည်းမှာပင် ခြောင်းပင်ပေါ်မှ အိပ်တန်းတက်နေသော ငှက်အချို့၏ လူးလွန့်လှုပ်ရှား တောင်ပံခတ်သံများ…

"အူး…ဝူး…ဝူး…"

"အူး…ဝူး…"

"ဂီး…ဂီး…ဂီး…"

"ဖလပ်…ဖလပ်…"

www.burmeseclassic.com

တောတိရစ္ဆာန်များ၏ ကြောက်မက်ဖွယ်အော်သံတွေ…။ မော်ဆရာသည် စားသောက်ခန်းတွင်းက သားသတ်သမားရှေ့မှ ဘဲတစ်ကောင်လို တုန်လှုပ်သွားသည်။ စောစောက တစီစီသာယာစွာ အော်မြည်နေသော ပုရစ်အော်သံများသည် ရုတ်ခြည်း ရပ်တန့်သွားလေသည်။ ထိုစဉ် အုန်းရွဲပေါ်မှ ထွန်းညှိထားသော ရောမကျောက်ဖယောင်းတိုင်ကြီးသည် လေမတိုက်ဘဲပါဘဲလျက် ဟုပ်ခနဲငြိမ်းသွားရာမှ ရုတ်တရက် ပြန်လင်းသွားသည်။

"အား…ဘုရား…ဘုရား…"

မော်ဆရာသည် မျက်လုံးပြူးကာ ဟိုက်ခနဲ ဘုရားတပြီး သတိလစ်မတတ် ကြောက်လန့်သွားလေသည်။ တစ်သက်လုံး ဘုရားမတစဖူးတလိုက်ဟန်ရှိသည်။ ကြည့်စမ်း…ဖယောင်းတိုင် ငြိမ်းပြီး ရုတ်တရက်မီးပြန်တောက်လာတာ ဘယ်လိုဖြစ်တာလဲ… ဘယ်လိုဖြစ်…ဖြစ်ပတ်ဝန်းကျင်တွင် သူတို့သုံးယောက်အပြင် အခြားလူတွေပါ စုဝေးရောက်ရှိလာသလို ခံစားနေရသည်။ လေတိုက်သံတွေလား…။ ဒါမှမဟုတ်အသက်ရှူသံတွေလား…။

တပည့်နှစ်ယောက်သာမက မော်ဆရာ၏မျက်လုံးအစုံသည်ပြူးထွက်လာကာ မြွေတစ်ကောင်၏ ချောင်ပိတ်အစားခံရတော့မည့် ကြွက်တစ်ကောင်လို တစ်ကိုယ်လုံး တုန်ရီကာ အသက်ရှူရပ်မလို ဖြစ်သွားလေသည်။ ဂေါ်ပြားနှင့် ပေါက်ချွန်းသည် လက်ထဲမှာကိုင်ထားသော ပေါက်တူးများကို အလန့်တကြားပစ်ချလိုက်ကြပြီဖြစ်သည်။ သူတို့သည် မော်ဆရာအနားသို့ အားကိုးတကြီး ပြေးကပ်လိုက်ကြသည်။

ထိုစဉ် မြေပြင်တစ်ခုလုံး တဒီးဒီး မြည်ဟည်းကာ မြေပြင်သည် ရေမျက်နှာပြင်ကဲ့သို့ လှိုင်းတွန့်တွေလို လှုးလွန့်ရွေ့လျားလာလေသည်။ ပေါက်ချွန်းသည် ဓိမော်ဆရာ၏ခါးကို ပြေးဖက်လေသည်။ ဂေါ်ပြားသည် ဟိုဟိုသည်သည် လျှောက်ကြည့်ကာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာသည်။



"အား…အမလေး…ဆ…ဆရာ…ကြီး…လုပ်…လုပ်ပါဦး"

"ကယ်ပါဦး…ဘာကြီးလဲ…မြေကြီးထဲကထွက်လာပြီ…ကြွတက်လာပြီ"

"အမေရေ…ကယ်ပါဦးဗျို့…"

မြေကြီးသည် ဖျိုးဖျိုးဖျစ်ဖျစ်မြည်သံကြီး ထွက်ပေါ်လာပြီး ရောမအရာဝတ္ထုကြီးတစ်ခုက မြေကြီးထဲမှ တိုးထွက်ထွက်ပေါ်လာလေသည်။ မြေသားတွေ တဖွားဖွား လွင့်စဉ်ကွဲအက်လာသည့်ကြားမှ အသံတွေ ထွက်ပေါ်လာခြင်းဖြစ်သည်။

"အား…"

"ကယ်ပါဦး…"

— ☯ —

ဂေါ်ပြားနှင့် ပေါက်ချွန်းတို့သည် မိမိတို့ပစ္စည်းများကိုပင် မသယ်နိုင်တော့ဘဲ တွင်းနှုတ်ခမ်းပေါ်သို့ သူထက်ငါ အလုအယက် အုးယားဖားယား ပြေးတက်လာကြလေသည်။

မှုန်ပျပျကြယ်ရောင်၊ ပွဲထိုးထားသောဖယောင်းတိုင်မီးအလင်းရောင်အောက်တွင် ထင်ထင်ရှားရှားမြင်နေရသည့် မြေစိုင်မြေခဲတွေ တဖွားဖွား လွင့်စဉ်နေသည့်ကြားမှ တရွေ့ရွေ့တလှုပ်လှုပ်ဖြင့် မြေပေါ်သို့ ကြွတက်လာသောအရာကြီးတစ်ခု၊ သက်ရှိသတ္တဝါကြီးပမာ ရွေ့လျားကြွတက်လာသောအရာကြီးတစ်ခုသာ ဖြစ်လေသည်။ ထိုအရာဝတ္ထုကြီးသည်…။

"ဟာ…"

"ဟင်…"

"အို…"

ဂေါ်ပြားနှင့် ပေါက်ချွန်းတို့သည် အသားများ တဆတ်ဆတ်တုန်လှုပ်သော မော်ဆရာ၏ခါးကို မလွှတ်တမ်း ဖက်ထားကြလေသည်။ မော်ဆရာသည် မြေကြီးထဲမှ ရုတ်တရက် ပေါ်ပေါက်လာသည့် ထူးဆန်းသည့်



www.burmeseclassic.com

www.burmeseclassic.com

အရာကြီးကိုကြည့်ကာ လောက်စာလုံးမှန်ထားသည့် တိုက်ကြက်ဖကြီးလို လည်ပင်းလိမ်ကာ မတ်တတ်မေ့နေလေသည်။

"ဆရာ...ဆရာကြီး...ကယ်...ကယ်..ပါ"

"ဘာကြီးလဲမသိဘူး... မြေကြီးထဲက ထွက်လာတာ"

မြေကြီးထဲမှ တဖြည်းဖြည်း ကြွတက်ကာ မြေပေါ်တက်လာသော အရာကြီးသည် ဖျိုးဖျိုးဖျစ်ဖျစ်မြည်ကာ တလှုပ်လှုပ် ဖြစ်နေလေသည်။

"ဟိုက်...ဟော့ကောင်တွေ..."

"ဆ...ဆ...ဆရာကြီး..."

"သေသေချာချာကြည့်စမ်းဟေ့...လှေကြီးဟ... နစ်ပင်တိုင်ရှက်လှေကြီးပါကွ"

မှန်ပေသည်။ ရှေးဟောင်းလှေကြီးတစ်စင်းသည် သံစုံမြည်ဟည်းကာ တဖြည်းဖြည်း အရှိန်ယူကာ မြေအောက်မှ မြေပေါ်သို့ ကြွကာတက်လာပေပြီ။ လှေပေါ်တွင် မည်းမည်းလှုပ်လှုပ် လူလိုလို၊ မျောက်လိုလို အရိုးသဏ္ဍာန်ကြီးများသည် ဟိုသည်ရွေ့လျားကာ မြေသို့ ခုန်ချသူက ခုန်ချ—ရှက်တိုင်ပေါ် တက်သူကတက်၊ လှေကြီးပေါ် လျင်မြန်စွာ ရွေ့လျားသူတရွေ့လျားနှင့် ကစဥ့်ကလျား ဖြစ်နေကြလေသည်။ ထိုစဉ် လှေ၏အပြင်ဘက် မြေပေါ်တွင် ဆောင့်ကြောင့်ထိုင်နေသော ကျားရုပ်ကြီးတစ်ကောင် ပေါ်လာသည်။ ကျားရုပ်ကြီးသည် အသက်ဝင်လှသည်။ မာန်ဖီနေပုံဖြစ်သည်။

"ဟော့ကောင်တွေ... ဖယောင်းတိုင်ပေးစမ်း....ဖယောင်းတိုင်..."

ဓပါက်ချွန်းသည် အုန်းပွဲအနီးမှ ဖယောင်းတိုင်ကြီးနှစ်တိုင်ကို လျင်မြန်စွာ မြေးယူကာ မှော်ဆရာလက်ထဲသို့ ထည့်လေသည်။

"စည်းဝိုင်းထဲကနေ အပြင်ကို မထွက်ကြနဲ့ဟေ့...သတိထားကြ—မကြောက်ကြနဲ့...၊ ကျားကိုသတိထား...၊ ကျားကိုသတိထား။ ကျားတိုးလိမ့်မယ်"

"ဟုတ်ကဲ့...မထွက်ပါဘူးဆရာကြီး..."



"မ...မ...မကြောက်ပါဘူး..."

"ထွက်ပြေးရင် ငါတို့ရှုံးပြီ...သေပြီပဲ..."

"ဟီး...ဟီး...ဟီး... သတ္တိရှိပါတယ်ဗျ...ဟ...ဟ...ကျားကို မကြောက်ပါဘူး"

ဝေါ်ပြားနှင့် ပေါက်ချွန်းသည် ဒူးချင်းတထပ်ထပ်ရိုက်နေကြလေပြီ၊ အပေါ်သွားနှင့်အောက်သွားတဂတ်ဂတ်ရိုက်နေလေပြီ...။စည်းဝိုင်းအတွင်းတွင် ဖယောင်းတိုင်မီးများဖြင့် လင်းထိန်သွားလေရာ ဘွားခနဲပေါ်လာသော လှေကြီးကို ထင်ထင်ရှားရှား မြင်လိုက်ရလေသည်၊ လေတဟူးဟူး တိုက်လာပြန်သည်။ တောခွေးတွေက အုပ်စုလိုက် အူနေကြပြန်သည်၊ ငှက်တွေ တရုန်းရုန်း လန့်ဖျပ်ပျံနေကြသည်။

ထိုစဉ် မီးအလင်းမှိန်မှိန်အောက်တွင် မြေကြီးထဲမှ တိုးထွက်လာသော ရှေးဟောင်းလှေကြီးသည်တရွေ့ရွေ့ယိမ်းယိုင်လှုပ်ရှားလာပြန်သည်၊သူတို့သည် အံ့ဩတကြီးဖြင့် ခန္ဓာကိုယ်တစ်ခုလုံးဆီမှ ခွန်အားများ၊ သွေးသားများ ယိုစိမ့်ထွက်သလို ခံစားလိုက်ကြရသည်။ မှော်ဆရာသည် တပည့်များရှေ့တွင်ပင် ဟန်မဆောင်နိုင်တော့ဘဲ ဒူးနှစ်ဖက် အလိုလို ညွတ်ဆင်းသွားကာ ဘာဆက်လုပ်ရမည်မသိတော့ဘဲ ကြောင်တောင်တောင် ဖြစ်နေလေသည်၊ နှုတ်မှလည်း ဂါထာမန္တန်တွေကို ဖင်တစ်ပြန်ခေါင်းတစ်ပြန် ရွတ်ကာ ကယောင်ကတမ်း အော်မြည်လျက်ရှိသည်။

မှော်ဆရာ၏လက်ထဲမှ မီးခြစ်သည် ပြုတ်ကျသွားသည်၊ သူသည် မီးခြစ်ကျသွားသည်ကို ဂရုမစိုက်နိုင်တော့၊ ဖယောင်းတိုင်တွေက မီးလင်းနေသေးသည်။

"ကြည့်ကြစမ်း...ကြည့်ကြစမ်း... လှေကြီးပေါ်မှာ အိုးတွေ...အိုးတွေ..."

"ဟုတ်တယ်...ဟုတ်...ဆရာကြီး"

"အိုးထဲမှာ ပြောင်ပြောင်လက်လက်တွေ အဝါရောင်တွေဟေ့...ဟား...ဟာဟ..."

"ဟုတ်တယ်ဆရာကြီး...အိုးတွေက ဆယ်လုံးတောင်ဗျ...ဆယ်လုံးတောင်"



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် သူတို့၏ အသိအာရုံထဲသို့ မမြင်နိုင်သောစွမ်းအားတစ်မျိုးက ရုတ်ခြည်းဝင်ရောက်လာသည်၊ လောဘနှင့်ယှဉ်သောအသိမျိုး ဖြစ်လိမ့်မည်ထင်သည်၊

မော်ဆရာ၏ရင်ထဲသို့ လောဘစိတ်နှင့်ယှဉ်သော သတိလက်လွတ်ဖြစ်မှုသည် ရင်ထဲတွင် ဇလာကျင်းသကဲ့သို့ ဖြစ်သွားကာ အပူလှိုင်းအဖြစ်သို့ ပြောင်းလဲသွားပြီးလျှင် မျက်နှာအနေအထားပင် တစ်မျိုးဖြစ်သွားသည်၊ သူသည်အစာနင်နေသောလောဘကြီးမီချောင်းတစ်ကောင်လိုတံတွေးကို ဂလုခနဲ မျိုချလေသည်၊

"အိုးတွေ...အိုးတွေ... ရွှေအိုးတွေဟေ့..."

ရာဝင်အိုးကြီးများသည် ယောက်ျားကြီးများ နစ်ဖက်စာမျှ ကြီးမားလိမ့်မည်ထင်သည်၊ ထိုအိုးကြီးများ နှုတ်ခမ်းထိပင် မောက်လျှံနေသောအရာများသည် မီးရောင်အောက်တွင် ဖိတ်ဖိတ်တောက်ပနေကြလေသည်၊ ရွှေထည်ပစ္စည်းများသာတည်း၊ လက်စွပ်၊ လက်ကောက်၊ ခြေကျင်း၊ ဆွဲကြိုး ရွှေခွက် စသည်ဖြင့် ပုံစံမျိုးစုံဖြင့် ပြုလုပ်ထားသော ရွှေထည်ပစ္စည်းမျိုးစုံသည် နီကျင်ကျင် ဖယောင်းတိုင် မီးအလင်းအောက်တွင် ဖိတ်ဖိတ်လက်နေသည်၊ ပြိုးပြိုးပြက်ပြက် တောက်ပနေကြပြီကော၊

မော်ဆရာနှင့် သူ၏တပည့်များသည် ထိုအခါမှ အိပ်မက်မှ လန့်ဖျပ်နိုးထလာသူများပမာ အသိစိတ်ဝင်လာပါသည်၊ ထို့နောက် တစ်ယောက်ကို တစ်ယောက် ပြူးကြောင်ကြောင် ကြည့်ကြသည်၊ သူတို့သည် တစ်ယောက်ကိုတစ်ယောက် ပြေးဖက်ကြလေသည်၊ ဆွေ့ဆွေ့ခုန်ကြလေသည်၊ ကွေးနေအောင်ကကြလေသည်၊ ကျွမ်းထိုးကြကုန်သည်၊ မြေကြီးမှာ လိမ့်ကြကုန်သည်၊

"ဝေး...ဟေး....ဟေး....ဟား...ဟား..."

"ဝူး....ဟူး...ဟူး..."

"ရွှေတွေကွ... ရွှေတွေ... သိုက်တံခါးပွင့်သွားပြီ...သိုက်အောင်ပြီ"

"သူဌေးဖြစ်ပြီဟေ့...သူဌေးဖြစ်ပြီကွ..."



"ပင်ပန်းရကျိုးနပ်ပြီဟေ့...ဟာဟ...ဟာဟ"

ဝေါ်ပြားသည် ကျွမ်းထိုးလေသည်၊ ပေါက်ချွန်းက တွေးနေအောင် တသည်၊ မကာတတ်သဖြင့် မျောက်ခုန်ခုန်သလိုဖြစ်နေသည်၊ မော်ဆရာသည် ဘာဆက်လုပ်ရမည်မသိအောင် အပျော်လွန်ကာ မေ့လဲမတတ် ဖြစ်သွားသည်၊ သူတို့ အပျော်လွန်ကာ သတိလက်လွတ်ဖြစ်နေဆဲမှာပင် လှေကြီးပေါ်မှ မည်းမည်းအရိပ်သဏ္ဌာန်များသည် ဟိုသည်ပြေးလွှားနေခြင်း ဖြစ်သည်၊

ထိုစဉ် လှေကြီး၏ ဝမ်းဗိုက်အလယ်ပိုင်း ရွက်တိုင်ဘေးတွင် လင်ပန်းတစ်ချပ်စာမျှ ကျပ်လုံးခန့် ကြိုးခွေကြီးတစ်ခွေ ရုတ်တရက် ပေါ်လာလေသည်၊ ရောမကြိုးခွေကြီးသည် မီးရောင်အောက်ဘက်တွင် ခန့်ညားထည်ဝါစွာ ပေါ် ထွက်လာခြင်းဖြစ်သည်၊ လှေကြီးတွင် အသုံးပြုသော ကြိုးခွေကြီးဖြစ်သည်၊ မော်ဆရာသည် ကြိုးခွေကြီးကိုမြင်သည်နှင့် အကြံတစ်ခု ရသွားသည်၊ ကျားမဝင်အောင် ကြိုးဖြင့် တားရမည်၊ ကျားရုပ်က အသက်ဝင်လာလျှင် မခက်လော၊

မော်ဆရာသည် ရွက်လှေကြီးပေါ်သို့ မျောက်တစ်ကောင်ကဲ့သို့ လျင်မြန်စွာ ခုန်တက်လိုက်သည်၊ ထို့နောက် ရွက်တိုင်ဘေးတွင် ရစ်ထားသော ကြိုးခွေကြီးကို ဆတ်ခနဲပွေ့ယူသည်၊ သူသည် အပျော်လွန် သတိလက်လွတ်ဖြစ်ကာ ကြိုးခွေကြီးကိုဖြေကာ မည်သည့် လူတိရစ္ဆာန်၊ ကျားမျှ ဓလုထဲမဝင်နိုင်အောင် တားဆီးရန် လှေကို ရစ်ပတ်လေသည်၊

"ဝေး...ဟေး...ဟေး..."

"ဝါး...ဟား...ဟား..."

"ကျားမဝင်နိုင်အောင် ကြိုးနဲ့ ဆီးပိတ်ကာရမယ်ကွ၊ ကျားရုပ်က အသက်ဝင်မလာဘူးလို့ မပြောနိုင်ဘူး"

မော်ဆရာသည် ကြိုးတစ်ခွေလုံးကုန်သည်အထိ လှေပေါ် ကျားမတိုးနိုင်အောင် ရစ်ပတ်လေသည်၊

"ဟား...ဟား...ဟား..."



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် မောသွားဟန်ဖြင့် ရပ်လိုက်သည်။ လှေကို ရစ်ပတ်သည့် ကြိုးခွေတစ်ခွေလုံး ကုန်သွားသည်နှင့်တစ်ပြိုင်နက် မြေပြင်တစ်ခုလုံး တဖျစ်ဖျစ်မြည်ပြီး လှိုင်းထန်သကဲ့သို့ မြေလျော် လှုပ်လေသည်။ တောထဲမှ တောခွေးများကလည်း တညီတညွတ်တည်း သံပြိုင်အူကြပြန်လေသည်။ ငှက်ဆိုးတွေ၊ ငှက်စုန်းတွေကလည်း တဂီးဂီး တဂစ်ဂစ် အော်မြည်ကာ ဥဒဟိုပျံသန်းနေကြသည်။ တွင်းအောင်းနေကြသော မြွေဆိုး မြွေကောင်းများသည် တွင်းပြင်သို့ လျင်မြန်စွာ ထွက်လာကြကာ တရှုံ့ရှုံ့ မြည်တွန်ကြပြန်လေသည်။ ညောင်ပင်ကြီးတစ်ပင်လုံးပင် လေငြိမ်နေပါလျက်နှင့် တဟဲဟဲ တဟူးဟူး အော်မြည်ကာ အမြစ်မှ ကျွတ်ထွက်မတတ် ယိမ်းထိုးလှုပ်ရှားနေသည်မှာ ရောမပြိတ္တာဘီလူးကြီး ကခုန်နေသည်နှင့် တူလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး ကမ္ဘာပျက်သကဲ့သို့ ပေါက်ကွဲရူညံမြည်ဟည်းနေခြင်းဖြစ်ပေသည်တကား။

ဆရာနှင့်သူ၏တပည့်များသည် ကြောက်လန့်တကြား ပြေးဖက်ကြပြန်လေသည်။

"တေပါဝီဆရာကြီး...စည်း...စည်း....စည်းပေါက်သွားပြီ"

"အောင်မလေး...ဗျန်"

"ကယ်ကြပါဦး....ရွှက်လှေကြီးလှုပ်လာပြီ...စည်းပေါက်ပါပြီကွာ..."

သူတို့သုံးဦး၏ မြင်ကွင်းထဲမှာပင် ရွှက်လှေကြီးသည် တဒီးဒီး အော်မြည်ကာ ပြင်းထန်စွာ ရွေ့လျားလာပြီး မြေပြင်ကို ရေပြင်အလား ငါးရံ့ချောင်းတောင်ဘက်ချောင်းထဲဆီသို့လှမပါဘဲအရှိန်ပြင်းစွာခုတ်မောင်းထွက်သွားလေသည်၊ မှန်ပေသည်၊ သိုက်စာအညွှန်းအရ စည်းပေါက်သွားပေပြီ၊

မော်ဆရာသည် မတ်တတ်မှ မေ့လဲမတတ် ဖြစ်သွားသည်။ ပြူးကျယ်သောမျက်ဝန်းအစုံသည် မျက်တောင်ခတ်ရန် မေ့လျော့နေပြီး ပါးစပ်အဟောင်းသားနှင့် အသံပင် မထွက်နိုင်တော့ပေ၊ တစ်စုံတစ်ခု အော်ဖြေလိုက်သော်လည်း အသံသည် နှုတ်ခမ်းပြင်ပသို့ မထွက်နိုင်ဘဲ လည်ချောင်းထဲမှာ တစ်ဆို့ကာ နင်နေလေသည်၊ ဂေါ်ပြားနှင့် ပေါက်ရွှန်းသည် လေဖြတ်



သကဲ့သို့ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်သင်ပြီး နောက်ဆုံး ငြိမ်သက်သွားကြသည်။

ရွှက်လှေကြီးသည် တဒီးဒီးအော်မြည်ကာ ငါးရံ့ချောင်းအတွင်းသို့ လျင်မြန်စွာ ခုတ်မောင်းသွားတော့သည်။ လှေပေါ်တွင် အရိပ်မည်းကြီးများသည် ရွေ့လျားလိုက်ပါသွားကြသည်။ ထိုစဉ် သူတို့သုံးယောက် ပတ်လည်တွင် ရေတွေ တဖြည်းဖြည်း ပြည့်လျှံလာလေသည်။ လှိုင်းတွေပင် ဘောင်ဘင်ခတ်လာသည်။ တစ်စုံတစ်ခု မှားယွင်းမှုကြောင့် စည်းပေါက်သွားပေပြီကော။

"ဟိုက်...လုပ်ကြပါဦး...ရေတွေ...ရေတွေဟေ့...စည်းပေါက်သွားပြီဟ"

"အား...ရေတွေက...တက်လာပြီ"

"ကူးကြဟေ့...ကူးကြ"

သူတို့အားလုံး သတိလစ်မေ့မျောနေသလိုဖြစ်ရာမှ အသိပြန်ဝင်လာသည်။ ထို့နောက် ဆူညံစွာ ကြောက်လန့်တကြား အော်ဟစ်ကာ ကူးခတ်ကြလေသည်၊ ရွှက်လှေကြီးသည်ငါးရံ့ချောင်းရေပြင်ပေါ်တွင်တဖြည်းဖြည်းဝေး၍ဝေး၍သွားလေ၏၊ ထို့နောက် စောစောက ဆူညံလှုပ်ရှားနေသောအရာများသည် ပကတိပြန်လည်ငြိမ်သက်သွားတော့သည်။

—☯—

နံနက်မိုးသောက်အရုဏ်ဦးအချိန်....ရောင်နီပျိုးခါစ...၊

လေသည် ခပ်သာသာတိုက်နေသည်။ သစ်ရွက်တွေက ငြိမ်သက်လို့... ကျေးလက်တောင်သူတို့ ယာခင်းဆီသို့ အသွားငါးရံ့ချောင်း၏တောင်ဘက်စွန်းစွန်း အထက်ကရညောင်ပင်ကြီးအောက်တွင် ဝမ်းလျားထိုးမှောက်ကာ ခြေကုန်လက်ပမ်းကျနေသော လူသုံးယောက်... သူတို့သည် ညောင်ပင်ခြေရင်း မြေပြင်တွင် ရေပြင်အလား ကူးခတ်နေကြခြင်းပင်တည်း...၊ သူတို့ရင်ဘတ်များ...လက်များ... ဒူးတံတောင်ဆစ်တို့သည် သွေးများ ခြစ်ခြင်းနီ

www.burmeseclassic.com

ကာ အကျီအဝတ်အစားများလည်း စုတ်ပြတ်လျက် ရွှံ့နွံများဖြင့် ပေပွနေကြသည်။

လယ်သမား ယာသမားကြီးများသည် သူတို့၏ဖြစ်အင်ကို တွေ့မြင်ကြသည်နှင့် ရပ်တန့်ငေးမော အံ့သြတကြီးဖြစ်ကြကာ...

"ဟေ့လူတွေ...ဘာတွေလုပ်နေကြတာလဲ...၊ မကြီးမငယ်တွေ ဆော့နေကြတာလား..."

လက်သူမကြီးတစ်ဦးက ခွက်ထိုးခွက်လှန်ရယ်မောလေသည်။ ကျန်သူတွေကပါ လိုက်ရယ်သည်။

"ဟီး...ဟီး...ဟား...ဟား...ဟား...ဟုတ်ပါရဲ့တော်ရေ...ကလေးကလားတော်...မြေကြီးပေါ်မှာ ရေကူးနေကြသတဲ့...ခစ်...ခစ်...ခစ်"

"ဟီး...ဟီး...ဟင်း...ဟင်း..."

တစ်ယောက်တစ်ပေါက် ဝိုင်းရယ်ကြလေတော့သည်။ ထိုအခါမှ မော်ဆရာနှင့် တပည့်နှစ်ဦးသည် မှုလဇာတိစိတ် ဝင်လာကာ ရေကူးခြင်းကို ရပ်တန့်လိုက်သည်။ ထို့နောက် သူတို့ရှေ့မှောက်မှပင် ရွှေဆယ်တင်းအပြည့်တင်ထားသော ရှက်သဘောကြီး အရှိန်ပြင်းစွာဖြင့် ငါးရံ့ချောင်းတွင်းမှ ဂုညင်းတန်းမြစ်ထဲသို့ စုတ်မောင်းသွားသည်ကို အမှတ်ရလိုက်ကြတော့သည်။ ယာသမားကြီးများလည်း သူတို့၏လုပ်ငန်းခွင်ဆီသို့ ဆက်၍သွားကြသည်။ ရယ်ကာမောကာ ပြောဆိုသွားကြသည်။ ဖြစ်ရပ်မှန်ကို သိကြမည်မဟုတ်။

မော်ဆရာသည် တစ်ကိုယ်လုံး ရွှံ့တွေ ပေလူး... သွေးသံရဲရဲဖြင့် အကျီအဝတ်အစားများ စုတ်ပြတ်ကာ တပည့်နှစ်ဦးနှင့်အတူ ညောင်ပင်ခြေရင်းတွင် ခွေခေါက်လဲကျနေသည်။ နှုတ်မှလည်း ကယောင်ကတမ်းအော်မြည်လျက်၊ ထိုအချိန်တွင် မော်ဆရာသည် သူလုံးဝ မစဉ်းစားမိ၊ ဂရုပြုမိသော အသိတရားကြီးတစ်ခု၊ ဆင်ခြင်တုံတရားတစ်ခုက ဦးနှောက်ထဲသို့ ရုတ်တရက် ဝင်ရောက်လာလေသည်။



"ငါမှားသွားပြီ...ငါ လုံးဝမှားသွားပြီကွာ... ငေါ်ပြားနဲ့ ပေါက်ရွှန်းရဲ့ ဗုဒ္ဓ သတိရတယ်ကွာ။ ဒါပေမဲ့ မရတော့ဘူး...ဟီး...ဟီး...ဟီး... သေပါတော့လကွာ...။ သိုက်စာအဆုံးမှာ...အကျိုးပြီးလိုက ကျားမတိုးရဆိုတာ... အင့်ဟင့်...ဟင့်–ကျားမတိုးရဆိုတာ ကြိုးမတားရပေါ့ကွာ...၊ ကြိုးမတားရပေါ့ကွာ...။ ဒီအရပ်မှာ ကျားမှမရှိပဲကွာ၊ ဟုတ်တယ်ဟေ့၊ ကျားမတိုးရဆိုတာ ကြိုးမတားရပေါ့ကွာ၊ အောင်မလေးဗျာ...၊ သေပါပြီ...ရှုံးပါပြီ...ရွှေဆယ်တင်းနဲ့ ဝေးရပါပြီ...။ ငါ...ငါ... လက်ဆော့ပြီး ကြိုးနဲ့လျှောက်တားမိလို့ စည်းပေါက်သွားပြီး ရှက်လှေကြီး ထွက်သွားတာပေါ့ကွာ... သေပါတော့လကွာ... ဟီး...ဟီး...ဟီး... ဝေး...ဟေး...ဟေး... တူနယ်တယ်နဲ့ချောင်...တူနယ်တယ်နဲ့ချောင်...ဗေဗေဂျို"

မော်ဆရာသည် သတိလက်လွတ်ဖြစ်ကာ ရုတ်တရက် မတ်တတ်ရပ်လိုက်သည်။ ပြီးနောက် ကွေးနေအောင် ကရင်းမှ ရှက်လှေကြီးထွက်သွားရာ ငါးရံ့ချောင်းဘက်ဆီသို့ သွေးရှူးသွေးတန်း ခုန်ပေါက်ပြေးလိုက်သွားလေသည်တကား။

>> မင်းဘုန်းသိခ်သူ

www.burmeseclassic.com